www.burmeseclassic.com

# MARY HIGGINS CLARK

# ERE ARE THE CHILDREN



www.burmeseclassic.com





www.burmeseclassic.com

ကဏ္ဍသိုလ်

# ငွေဝင်း မင်းအောင်မှူး

ပူးပေါင်းပြန်ဆိုဝတ္ထုသည်

နှစ်ပေါ်ဟာမွန်နှင့်
ကြားရသူသတ်သမား




ငွေဝင်း

၂၇၇ ... သိမ်ဆီကြီးလမ်း ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# အမှာ

ဤဝတ္ထုအိုင်၏ မူရင်းဝတ္ထုရေးသူ စာရေးဆရာမ 'မေရီ ဟီးဂင်း ကလပ်' (Mary Higgins Clark) သည် မြန်မာ ဘာသာပြန် စာဖတ်ပရိသတ် အနေဖြင့် စိမ်းနေမည်ဖြစ်၍ အနည်းငယ် မိတ်ဆက် ပေးရန်လိုမည် ထင်ပါသည်။

ကာလလောင်းအမည် အားဖြင့် 'မေရီ ဟီးဂင်း ကလပ်' သည် ကမ္ဘာကျော် ထိပ်တန်း စာရေးဆရာကြီးများ စာရင်းဝင် မဟုတ်သော်လည်း ဤဝတ္ထုတပုဒ်တည်းဖြင့် သူမသည် ကမ္ဘာကျော်ကြားအောင် နာမည်ရခဲ့ပါသည်။

အထူးသဖြင့် လျှို့ဝှက်သည်းဖို့စွန့်စားခန်းများထောက်

www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုများကို ဝါသနာပါနှစ်ခြိုက်သူ စာဖတ်ပရိသတ်များအဖို့ ဤစာအုပ်သည် စ, ဖတ်မိလျှင် မဆုံးမချင်း လက်က မချချင်လောက်အောင် စွဲဆောင်မှု အပြည့်ရှိသည့် ဝတ္ထုတပုဒ်ဖြစ်ပါသည်။

ထူးခြားချက်ကား ဤဝတ္ထုသည် အများ သူငါ ဖတ်ဖူးနေကျ စုံထောက်ဝတ္ထုမျိုးနှင့် လုံးဝမတူပဲ တမူ ကွဲပြားနေခြင်းပင် ဖြစ်၏။ ဇာတ်အိမ်တည်ဆောက်ပုံ၊ ဇာတ်ကောင်များ ဖန်တီးပုံ၊ ဇာတ်လမ်းဖွဲ့ပုံ အားလုံးတို့သည် သမားရိုးကျ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုများကဲ့သို့မဟုတ်၊ အလွန်ဆန်းနေပေသည်။

ဝတ္ထုဇာတ်လမ်း၏အဓိကသရုပ်ဆောင်ဇာတ်ကောင်ကား အသက် ၃၂ အရွယ် 'နန်စီဟာမွန်' အမည်ရှိ အမျိုးသမီးတဦး ဖြစ်သည်။ ဇာတ်လမ်း တခုလုံးသည် သူမ၏ဘဝဖြစ်စဉ်ကို သရုပ်ဖော်ထားခြင်းပင် ဖြစ်သည်။ သို့သော် နန်စီဟာမွန်၏ဘဝသည် သာမန်အမျိုးသမီးများ၏ဘဝနှင့်မတူအံ့ခန်းသောက်အောင် ဆန်းကျယ်လှပေသည်။ စိတ်ဝင်စားစရာကောင်းသလောက် သည်းယား ရင်ဖိုဖွယ်ရာလည်းကောင်းနေသည်။ သူမ၏ နှလုံးသားထဲမှ ခံစားချက်များက စာဖတ်သူအား ရင်နှင့်ဖွယ်ဖြစ်စေသလို ဖတ်သွားယင်းနှင့် ရှေ့ဆက် ဘာဖြစ်ဦးမည် ဟူ၍ သိချင်နေအောင် ဆွဲဆောင်ဖမ်းစားနိုင်စွမ်း ရှိပေသည်။ အထူးသဖြင့် ဝတ္ထု၏ ဇာတ်အိမ်တည်ဆောက်ထားပုံနှင့် ဇာတ်လမ်းကို သယ်ဆောင်သွားပုံမှာ ကမ္ဘာကျော်စာရေးဆရာကြီးများ၊ စာပေဝေဖန်ရေး ဆရာများကပင်လျှင် ချီး ကျူး ရ လောက် အောင် ကောင်းမွန်လှပါသည်။

ဤစာအုပ်ကို ရေးသားခဲ့သည်မှာ ၁၉၇၅ ခုနှစ်က ဖြစ်သည်။ အမေရိကန်နိုင်ငံ၌ စတင်ထုတ်ဝေသည့်နှစ်မှာ ၁၉၇၆ ခုနှစ် ဖြစ်သည်။ သို့ရာတွင် ထွက်ထွက်ချင်း ထူးထူးခြားခြား နာမည်ကြီးလာပြီး ရောင်း မလောက် အောင် တွင်ကျယ်လှသဖြင့် နောက်ထပ် ရိုက်နှိပ်ခဲ့ရာ ဒုတိယအကြိမ်၊ တတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေရာတွင်လည်း ချက်ချင်း ကုန်သွားပြန်သဖြင့် စုစုပေါင်း ဆယ့်သုံး ကြိမ်တိတိ ပုံနှိပ်ထုတ်ဝေခဲ့ရလောက်အောင် လူကြိုက်များသည့် စာအုပ်ကောင်းတအုပ် ဖြစ်ပါသည်။

ကမ္ဘာ့စာဖတ်ပရိသတ် နှစ်သက် သဘောကျခဲ့သော စာအုပ်များထဲမှ ကောင်းနိုးရာရာကို ဘာသာပြန်ဝတ္ထုကြိုက်သူ မြန်မာစာဖတ်ပရိသတ်ရှေ့မှောက်သို့ တင်ပြရန် စေတနာရှေ့ထားသူ ကျွန်တော်တို့အနေဖြင့် ဤစာအုပ်သည်လည်း ဖတ်ရှုသင့်သည်ဟု ယူဆမိပါသောကြောင့် ယခု မြန်မာပြန် တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

မူရင်းဝတ္ထု၏ အင်္ဂလိပ်နာမည်မှာ ( WHERE ARE THE CHILDREN ) 'ကလေးတွေ ဘယ်မှာလဲ' ဟူ၍ အဓိပ္ပာယ် ရပါသည်။ ရုပ်ရှင်

www.burmeseclassic.com

ကြည့်လိုက်လျှင် လျို့ဝှက်သည်းဖို စုံထောက် ဝတ္ထု နာမည်မျိုးမဟုတ်။ အလွန်ရိုးသောနာမည်မျိုး ဖြစ်နေပါသည်။ သို့သော် နာမည်ရိုးသလောက် ဝတ္ထုဇာတ်လမ်းက အံ့ဩဖွယ်ကောင်းလောက်အောင် ဆန်းနေပေရာ ဤသည်ပင်လျှင် ဤဝတ္ထု၏ ထူးခြားချက် ဖြစ်နေတော့သည်။ ထို့ကြောင့် ကမ္ဘာ့စာပေဈေးကွက်တွင် ဆယ့်သုံးကြိမ်တိတိပြန်လည်ရိုက်နှိပ် ထုတ်ဝေခဲ့ရလောက်အောင် တွင်ကျယ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုရပါမည်။

'ကလေးတွေ ဘယ်မှာလဲ' ဟူသော မူရင်း အင်္ဂလိပ်နာမည်အရ ဤဝတ္ထုဇာတ်လမ်းသည် ကလေးငယ်များနှင့် ပတ်သက်နေကြောင်းကိုကား ကြိုတင် ရိပ်စားမိနိုင်ပါသည်။ သို့ရာတွင် မည်သို့မည်ပုံ ပတ်သက်နေလေသနည်း၊ ကလေးငယ်များအကြောင်းနှင့် ဆက်စပ်၍ မည်သို့လျှင် လျို့ဝှက်သည်းဖိုဇာတ်လမ်းတခု ဖြစ်နိုင်ပါမည်နည်း။

ဤမေးခွန်းများ၏အဖြေကို ကြိုတင်၍ပေးလိုက်လျှင် စာဖတ်ပရိသတ်အဖို့ ခံစားမှုအရသာ ပျက်သွားမည် ဖြစ်သဖြင့် ဝတ္ထု၏ ရသမြောက်မှုကို အပြည့်အဝ ခံစားနိုင်ရန် ဆက်၍သာ ဖတ်ရှု ခံစားကြပါတော့ဟု ဖိတ်မန္တကပြုလိုက်ရပါသည်။

တက္ကသိုလ်နေဝင်း

## ဇာတ်လမ်းအဖွင့်

ပြတင်းပေါက်ဘောင်အက်ကြောင်းမှ စူးဝင်လာသော လေအေးလေးကို သူ ခံစားလိုက်ရသည်။ ပြတင်းပေါက် နားသို့ ဒယီးဒယိုင်လျှောက်သွားပြီး သူ အဆင်သင့်ထားရှိသည့် မျက်နှာသုတ်ပဝါအလုံးကြီးနှင့် ပြတင်းပေါက်ဘောင်အက်ကြောင်းကြားထဲသို့ ဆို့ပိတ်လိုက်သည်။

ကြမ်းကြားမှ စူးဝင်လာသော လေဘိုးသံလေးကို ကြားရသောအခါ သူ ကြည်နူးမိသည်။ နှင်းများပိတ်ဖုံးနေသော မိုးကောင်းကင်နှင့် ရေပြင်ထဲမှ လှိုင်းခေါင်းဖြူများကို သူ လှမ်း၍ ကြည့်မိသည်။ 'ကိတ်ဘ်ကော့' ပင်လယ်ကော့မှနေ၍ တဘက်ကမ်း ရှိ နယ်စပ်မြို့လေးကိုလည်း လှမ်းကြည့်လျှင် မြင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည် ကိတ်ကောဲ့ကို သူ မနှစ်သက်ချေ။ နိုဝင်ဘာလို ရာသီမျိုးကိုသည်း မနှစ်သက်။ မီးခိုးရောင်ထနေသော ရေပြင်ကိုလည်း သဘောမကျ။ ဤအရပ်ဒေသမှ လူများကလည်း စကား များများ မပြောကြပဲ လူဘဘက်သားကို စူးစမ်းသည့် မျက်စိဖြင့် ကြည့်တတ်ကြသည်ကိုလည်း ဘဝင်မကျ။

ထို့ပြင် ပယ်လယ်ကမ်းခြေတွင် နယ်လှည့် ခရီးသည်များ တုံးလုံးပက်လက်နှင့်နေကြသည်ကိုလည်း သူ မနှစ်မြို့။ ဤ အိမ်တောင်ကုန်းကို တွယ်တက်ပြီး မှန်ပြတင်းမှနေ၍ အိမ်တွင်းသို့ ချောင်းမြောင်းကြည့်ရှုသည်ကိုလည်း သူ မကြိုက်ချေ။

'ရေးအဲဒရက်'က အိမ်ရှေ့နှင့် အိမ်နောက်ဖေးတက်များမှာ 'ရောင်းရန်' ဟူသည့် ဆိုင်းဘုတ်ကြီးများ ချိတ်ဆွဲထားသည်ကိုလည်း သူ သဘောမကျပေ။

'ရေး'နှင့် အတူအလုပ်လုပ်သူ မိန်းမကြီးတို့က အိမ်ကြည့်မည့် လူများကို မကြာမကြာ ခေါ်လာတတ်ကြသည်။

ပြီးခဲ့သောလကဆိုလျှင် ကံကောင်းထောက်မ၍ အိမ်ကြည့်မည့်သူများခေါ်မလာခင်မှာ မှန်ပြောင်းကြီးကို အပေါ်ဆုံးထပ်တွင် ဝှက်ထားခဲ့ရသေးသည်။

အချိန်ကတော့ သိပ်မရှိတော့ပါ။

ဒီအိမ်ကြီးကို တယောက်ယောက်ကဝယ်သွားပေတော့မည်။ သည်သို့ဆိုလျှင် သူ ဆက်လက်၍ ငှားနေနိုင်တော့မည် မဟုတ်။ ယင်းကြောင့်လည်း သူ ရေးထားသည့် ဆောင်းပါးရှည်ကြီးကို သတင်းစာတိုက်သို့ ပို့ခဲ့ခြင်းဖြစ်သည်။



သူမအနေဖြင့် စိတ်ချလောက်ပြီထင်နေသောအချိန်မှာ သည် ပတ်ဝန်းကျင်ရှိ လူများ၏ ရှေ့မှောက်၌ သူမ အရှက်တကွဲ အကျိုးနည်းဖြစ်သွားရသည်ကို စောင့်ကြည့်ချင်သေးသည်။

သူ့တွင် လုပ်စရာအလုပ်ကလေးများ ရှိသေးသည်။ ဒါပေမယ့် အခွင့်အရေးမပေါ်ခဲ့။ သူမသည် ကလေးများကိုမျက်ခြည်မပြတ် စောင့်ကြည့်နေ၏။ သူ့အနေနှင့် ထပ်မံစောင့်စားနေ၍ မဖြစ်တော့ပြီ။

မနက်ဖြန်ခါ......။

သူသည်အခန်းထဲမှာ ဂနာမငြိမ်လျှောက်ရှားနေသည်။ အပေါ်ဆုံးထပ် သူ့အိပ်ခန်းကတော့ အကျယ်ကြီး။ အိမ်ကြီးတခုလုံးကလည်း သိပ်ကို ကျယ်လွန်းသည်။ သဘော်သာ မာလိမ်မှူး တယောက်၏ စိတ်ကူးယဉ်ဆောက်ထားသည့် အိမ်ကြီး။ ၁၇ ရာစုနှစ်က ဒီကျောက်တောင်ထိပ်မှာ စဆောက်ခဲ့သည်။ ပင်လယ်ကွေ့မြင်ကွင်းတခုလုံးကို ခေါင်မိုးမှ ကြည့်လျှင် မြင်နိုင်သည်။ လူတယောက် အမြဲဘမ်း အစောင့်ထားသည်နှင့်လည်း တူနေသည်။

ဘဝဆိုသည်မှ ဤသို့ မဟုတ်၊ အပိုင်းအစလေးများသာ၊ အသေးအမွှားများသာဟု သူ သိသည်။ ရေမှာမျောသည့်ရေခဲတုံးလေးများကဲ့သို့ အပေါ်ယံမျှကို မြင်ရသည့်သဖွယ်ဖြစ်၏။

သူ့မျက်နှာကို လက်ဝါးနှင့် ပွတ်သပ်လိုက်သောအခါ အခန်းမှာ ဖုန်းထွေးပေမယ့် သူ့တမျိုးကြီး အိမ်သာခံစား

www.burmeseclassic.com



နေရသည်။ ၆ နှစ်လုံးလုံး ဒီအိမ်ကြီးကို သူ နေ့နှင့် ဆောင်းဦးပေါက်မှာ ငှားခဲ့သည်။ သူ စငှားစဉ်ကလိုပင် အခုသည်းသည်အတိုင်းပင် ရှိနေသေးသည်။ ဘာမျှ မထူးခြား။

ထူးခြားသည်ကတော့ အဝေးကြည့် မှန်ပြောင်းကြီးတလက်ရယ်၊ သီးခြားအခြေအနေမှာ သူ ဝတ်ဖို့အဝတ်အစားများရယ်၊ မျက်နှာပေါ်ဆွဲအုပ်နိုင်သော လျှာပါသည့် ဦးထုပ်ရယ်၊ ဒါပဲ ထူးခြားသည်။

ဒီအပြင်တော့ အခန်းက မထူးခြားလှ။ ဆိုဖာရယ်၊ စားပွဲရယ်၊ ကော်ဇောရယ်၊ အိပ်ခန်း ရှိခုတင်ရယ်။ ဒီအိမ်နှင့်အခန်းက သူ့ အလုပ်အတွက် အကောင်းဆုံးဖြစ်သည်။ ဒါပေမယ့် 'ရေး' က သူ့ကိုစားသောက်ဆိုင်ဖွင့်ဖို့ သည်အိမ်ကို ရောင်းရန် ကြိုးစားနေသည်၊ အိမ်ကြည့်မည့် လူများအား ခေါ်လာမည်ဆိုလျှင်ကြို ငင်အကြောင်းကြားမည်ဟု ကတိတလုံးကိုမူ ရခဲ့သည်။

ရေးအဲဒရက်........။

သည်နာမည်ကို စဉ်းစားရုံမျှနှင့် သူ ပြုံးမိသည်။ နက်ဖြန်ခါ သတင်းစာဖတ်ပြီးလျှင် 'ရေး' ဘယ်လိုထင်မည်နည်း။

နန်စီကနေကာ သူမ ဘယ်သူဖြစ်ကြောင်း 'ရေး' ကိုပြောထားခဲ့ပြီသား။ ပြောချင်မှလည်း ပြောပေမည်။ မိန်းမဆိုသည်မှာ ပါးနပ်လှသည်။

အကယ်၍ 'ရေး' မသိဘူးဆိုလျှင် ပို၍ကောင်းမည်။ သတင်းစာကို လှန်ဖတ်လိုက်စဉ် 'ရေး' ၏ မျက်နှာအားကို စောင့်ကြည့်



ရလျှင် ဘယ်သောက်ကောင်းလိုက်မလဲ။ သတင်းစာက မနက် ၁၀ နာရီမှာ 'ရေး' အိမ်ကို ရောက်လိမ့်မည်။ 'ရေး' က အလုပ်တိုက်ကို ရောက်နေသတော့ ကြည့်ဖြစ်ချင်မှ ကြည့်ဖြစ်မည်။

သူ စိတ်မရှည်တော့ပဲ ပြတင်းပေါက်မှ ပြန်လှည့်လာခဲ့သည်။ သူ၏ ခြေထောက်များ သေးကျပြီး တောင့်နေပြီ။ သူ့ကိုယ်အနေလေးချိန် နည်းနည်းလျော့လိုက်လျှင် ကောင်းလိမ့်မည်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုအစာငတ်ပြီးတော့ သူ မလုပ်နိုင်ပါ။ သို့သော် လိုအပ်သောအခါမှာ သူ လုပ်ခဲ့ဖူးပြီးပြီ။

သူသည် စိတ်မရှည်တော့ပဲ ယားကျိကျိဖြစ်လာသော ခေါင်းကို ကုတ်နေမိသည်။ သူ့ ဆံပင်ကို နဂိုအတိုင်း ပြန်ထားချင်သည်။ နားထင်နားက ဆံပင်လေးတွေကတော့ ရွှေကလိ ထူထူလေး ဖြစ်နေမှာပဲ၊ ဒါပေမယ့် မီးခိုးရောင်လေးတွေ ဖြစ်နေလေရော့မည်။

သူ့ ပေါင်ကို လက်နှင့် ဖြည်းဖြည်းချင်း ပွတ်သပ်ယင်းနှင့် စိတ်မရှည်စွာ အိပ်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီး နောက်ဆုံး မှန်ပြောင်းကြီးရှိရာ ဧည့်ခန်းမှာ ရပ်လိုက်သည်။

မှန်ပြောင်းကြီးသည် အင်မတန် အားကောင်းလှသည်။ အကျိမ့် အသုံးပြုရန် အလွယ်တကူရောင်းချသော ပစ္စည်းမျိုး မဟုတ်။ ရဲဌာနများမှာတောင်မှ ဒါမျိုး မရှိပေ။ ဒါပေမယ့် သိုချင်လျှင် ရနိုင်သည့် နည်းလမ်းများ ရှိသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူ မှန်ပြောင်းအတွင်းသို့ ခေါင်းကုန်းပြီး မျက်စေ့တဘက် မှိတ်ကာ ကြည့်လိုက်သည်။ ယနေ့မှာ အလင်းရောင်နည်းသဖြင့် မီးပိုခန်းမီးဖွင့်ထားရသည်။ ထို့ကြောင့် နန်းစီကိုလည်း ရှင်း ရှင်းလင်းလင်း မြင်နိုင်စေသည်။

နန်းစီသည် လက်ဆေးကန်ရှိသော မီးပိုခန်း ပြတင်းပေါက် တည့်တည့်မှာ ရပ်နေသည်။ ဟင်းချက်ရန် ပြင်ဆင်နေခြင်း ဖြစ်မည်ဟု တွေးမိသည်။ ဒါပေမယ့် သူမ အနွေးထည်ဝတ်ထား သဖြင့် အပြင်ထွက်မည်ဟု ထင်ရသည်။

သူမသည် တည်ငြိမ်စွာရပ်ပြီး ရေရှိရာဘက်ကို စိုက်ကြည့် နေသည်။ သူမ ဘာများစဉ်းစားနေသလဲ၊ မည်သူ့ အကြောင်း များ စဉ်းစားနေသလဲ။ ကလေးတွေများလား၊...ပီတာ......၊ လီစာ....၊ အို....သူ သိချင်လိုက်ပါဘိ။

သူ အာများခြောက်လာသည်။ စိတ်မကြည်စွာဖြင့် နှုတ်ခမ်း များကို လျှာနှင့် လျက်လိုက်သည်။

သူမကို ကြည့်ရတာ သည်နေ့ သိပ်နုနေသည်။ ဆံပင်ကိုလည်း နောက်လှန် ဖီးထားသည်။ ဧည့်ရင့်ရင့်အရောင်သို့ ပြောင်းလဲ ထားသည်။ မူလနဂိုရှိရင်းစွဲ နီရွှေရောင်ထားလျှင် သူမကို လူများ မှတ်မိကြမည် ဖြစ်သည်။ နဂိုဖြန်ဆိုလျှင် သူမ ၃၂ နှစ် ပြည့်ပြီ ဒါပေမယ့် သည်အသက်ရှိလိမ့်မည်ဟု မထင်ရပေ။ သူမ အသား လန်းဆန်းနေသည်၊ သို့မွေးများနှယ် နူးညံ့နေသည်။

သူ တုန်လှုပ်ချောက်ချားစွာဖြင့် တံတွေး မျိုချလိုက်သည်။ သူ့ပေါင်းစပ်တဲမှာ အဖျားတက်ပြီး ခြောက်သွေ့သည့် အရသာ မျိုးကို ခံစားလိုက်ရသည်။ သူ့၏လက်နှင့် ချိုင်းကြားမှာ



ချွေးများစို့နေပြီ။ နောက်တကြိမ် တံတွေး မျိုမိလိုက်ပြန်သည်။ သူ့ကိုယ်ခန္ဓာ လှုပ်ယိမ်းသွားသဖြင့် မှန်ပြောင်းကြီး နေရာရွေ့ သွားသည်။ နန်းစီ၏ ပုံရိပ်သည်လည်း ဝါးသွားသည်။ သူ မှန်ပြောင်း အနေအထားကို ပြန်၍ချိန်ရန် မလိုအပ်တော့ပေ။ သည်နေ့အတွက် နန်းစီကို စိတ်ဝင်တစားစောင့်ကြည့်စရာ မလို တော့။

မနက်ဖြန်....၊ မနက်ဖြန်ကျမှ နန်းစီ၏ မျက်နှာလေးကို သူ စောင့်ကြည့်တော့မည်။ သူမ ဘယ်သူလဲဆိုတာ တကမ္ဘာလုံးတွေ သိအောင် ဖွင့်ပြရတော့မည်။ လွန်ခဲ့သော ၇ နှစ်တာ ရဲများက သူမကို ထပ်ကာထပ်ကာ မေးသော မေးခွန်းများကို ဖြေရဦး သေးကတော့၊ ကြောက်စိတ်တွေဖြင့် သူမ ထိုမိုင်းကြောင်အနေ ပေမည်။

"နန်းစီ....၊ ငါတို့ကို မှန်တာပြောနော်၊ မင်း ပြေးမလွတ် ဘူးဆိုတာ မင်း သိပါတယ်သေ....၊ ကဲ....နန်းစီ ပြောစမ်း၊ ကလေးတွေ ဘယ်မှာလဲ...."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

လှေကားထိပ်မှ 'ရေး' ဆင်းလာသောအချိန်မှာ နန်းစီက မင်းစီကို ပေါင်ပေါ်တင်ပြီး စားပွဲမှာထိုင်နေသည်။ မိုက်ကယ်က နံနက်စာကို ဂုမြွရရစားနေသည်။

မိုက်ကယ်၏ဆံပင်များကို 'ရေး'က ပွတ်သပ်ပြီး မင်းစီကို ငုံ့၍ နမ်းလိုက်သည်။ နန်းစီက သူ့ကိုမော့ပြီးပြုံးကြည့်လိုက်သည်။ သူမကား လှပနေဆဲပင်။ သူမ၏မျက်လုံးပြာထောင့်အစွန်းကလေးမှာ အရိပ်ကလေးများရှိသော်လည်း အသက် ၃၂ နှစ်ရှိနေပြီဟု ဘယ်သူမျှမထင်ကြ။ 'ရေး'က သူမထက် အသက်အနည်းငယ်သာ ကြီးသည်။ ဒါပေမယ့် အမြဲတမ်းလိုလို သူမထက် အများကြီး အသက်ကြီးသည်ဟု ထင်ရသည်။



သူမ၏ ဆံပင်အရင်းများ၌ အနီရောင်အစကလေးများရှိနေသည်ကိုတော့ သူ အမြဲလိုလိုသတိထားမိသည်။ မနှစ်က 'ဆံပင်အရှည်ထားလိုက်ပါလား' ဟူ၍ သူ အကြိမ်တော်တော်များများ ပြောချင်ပေမယ့် မပြောဝံ့ခဲ့ပါ။ မပြောရက်ခဲ့ပါ။

'ပျော်စရာမွေးနေ့ပဲဟေ့'

ဟု သူက အေးအေးဆေးဆေး ပြောလိုက်သည်။

သူမ၏ မျက်နှာတွင် သွေးဆုတ်သွားသည်ကို သူ မြင်လိုက်ရသည်။

မိုက်ကယ်က အံ့သြစွာဖြင့်....

“ဒီနေ့က မေမေ့မွေးနေ့လား၊ ကျွန်တော်တို့ကိုလဲ မပြောပါလား”

“မေမ့မွေးနေ့ဟေ့”

မင်းစီက ခပ်ပျော်ပျော်လေး ဝင်ပြောလိုက်၏။

'ရေး'က သူတို့ကိုပြောလိုက်သည်။

“အေး....ဟုတ်တယ်....”

နန်းစီက စားပွဲခုံကြီးကို စူးစူးစိုက်စိုက်နှင့် ကြောင်ပြီးကြည့်နေသည်။

“ကနေ့ည ကိုယ်တို့မွေးနေ့ပျော်ပွဲ ကျင်းပမယ်၊ မွေးနေ့ကိတ်မုန့်နဲ့လက်ဆောင်တွေ ကိုယ် ယူလာခဲ့မယ်၊ အန်တီဂေါ်ရစ်သီကိုလဲ ညစာထမင်းဖိတ်ကျွေးမယ်၊ ဟုတ်လား အဘိုးကြီး”

www.burmeseclassic.com

www.burmeseclassic.com



နန့်စီက တောင်းပန်သောလေသံဖြင့်....

"ရေး ရယ်....မလုပ်ပါနဲ့"

"မင်းပဲ မနှစ်ကတုန်းက ကိုယ့်ကို ကတိပေးထားတာ၊ ဒီနှစ်တော့...."

တနေ့နေ့တချိန်ချိန်တွင် သူမ၏မွေးနေ့များကို ပုံစံပြောင်းရမည်ဟူ၍တော့ သူ အချိန်တော်တော်ကြာကြာကတည်းက သတိပြုမိသည်။

အစပထမပိုင်းကဆိုလျှင် သူမသည် သူတို့ထံမှ ဖဲ့ခွာသွားပြီး အိမ်၏ပတ်လည်မှာ၊ ပင်လယ်သဲသောင်ပြင်မှာ တယောက်ထီးတည်း တိတ်ဆိတ်စွာဖြင့် လမ်းလျှောက်နေခဲ့သည်။

မနှစ်ကစပြီး သူမ၏ အခြားကလေးနှစ်ယောက်အကြောင်းကို သူမက စ ပြောလာသည်။ ယခုသောက်ဆို သူတို့အသက် ၁၀ နှစ်ခန့် ရှိသောက်ပြီ။ သူတို့လေးတွေ ဘယ်လိုပုံစံရှိမည်ကို တွေးကြည့်၍လည်း ပုံမှန်းပေါ်မလာ။ အားလုံးမှာ မွေးမှိန်မှုန်ဝါးပြီး အိပ်မက်ဆိုးထဲမှာ မြင်နေရသည်သို့ရှိချေသည်။

"ဒီသို့ပဲဖြစ်မှာပဲကွယ်၊ ဒါတွေကိုမေ့ပစ်လိုက်တော့ အချစ်ရယ်၊ မဖြစ်ခဲ့ဘူးလို့ပဲ စိတ်ထဲမှာတွေးထင်လိုက်စမ်းပါ"

'ရေး'က သူမကို ပြောလိုက်သည်။

ဒါတွေကို သူ ပြန်တွေးမိတော့ ယနေ့ မွေးနေ့ပွဲကျင်းပရမည်ဆိုသော သူ့ဆုံးဖြတ်ချက်က ပို၍ပြင်းထန်လာခဲ့သည်။ နန့်စီက သူ့ကို အယူခံဝင်လိုဟန် မော့ကြည့်ပြီး ဇဝေဇဝါဖြင့်......

"ကျွန်မ မထင်ဘူး...."



"မေမေ....အသက်ဘယ်လောက်... စိတ်မကောင်းဖြစ်နေတာလဲ" မိုက်ကယ်က ဖြတ်၍ဝင်မေးလိုက်သ... မေးသည်။

နန့်စီက ပြုံးလိုက်သည်။

"ဒါ မင်းအလုပ်မဟုတ်ပါဘူးကွာ" ...သည်။ တချိန်တုန်းက

ဟု ပြောလိုက်ရာ တင်းမာနေသော အ...ကြိမ် လည်း...

လျော့ပါးသွားသည်။

'ရေး'က ကော်ဖီကို အလျှင်အမြန်သောက်ပြီး........

"မိုက်ကယ်၊ ညနေကျယင် မင်းကို ငါ ကျောင်းမှာလာကြိုမယ်၊ မင်းမေမေအတွက် လက်ဆောင်သွားဝယ်ရအောင်၊ ကဲ ...ရှုံးသွားတော့မယ်၊ ဒီနေ့ 'ဟန့်' အိမ်ကြီးကိုဝယ်မယ့်လူ လာမှာမယ်"

"ဒီအိမ်ကြီးကို ငှားထားတာမဟုတ်ဘူးလား"

နန့်စီက မေးလိုက်သည်။

"ဟုတ်တယ်၊ ဟို ပွဲရစ် ဆိုတဲ့လူ ငှားထားတယ်၊ ဒီလူကလဲ ...ယ်တို့ အိမ်ဝယ်သူကို အချိန်မရွေး ခေါ်ပြနိုင်တယ်ဆိုတာ အဲဒီ ...ကလဲ သိပါတယ်၊ ဒီအိမ်ကြီးဟာ စားသောက်ဆိုင်ဖွင့်ဖို့ ...ကောင်းတယ်၊ များများစားစားလဲ ပြင်စရာမလိုဘူး၊ ဒီအိမ် ...ရောင်းဖြစ်ယင်တော့ ကိုယ်တို့ ပွဲခတော်တော်လေးရမှာပဲ"

နန့်စီက မစ်စီကိုအောက်ချပြီး သူနှင့်အတူ တံခါးဝအထိ ...လျှောက်လိုက်သွားသည်။ သူက နန့်စီကိုနုတ်ဆက်ပြီး နမ်းလိုက်ရာ ...နုတ်ခမ်းများတုန်နေသည်ဟု ထင်လိုက်မိသည်။ သူ့မွေးနေ့... အကြောင်း ငါပြောမိလို့ သူမ စိတ်မကောင်းဖြစ်သွားဘာများ ...သလား။

www.burmeseclassic.com

www.burmeseclassic.com



နန်းစီက တောင်းပန်သောနေ့... ခုပဲ ကလေးတွေကို ခေါ်ပြီး

"ရေး ရယ်....မလုပ်ပါနဲ့" ...လည်သွားယင် ကောင်းမှာပဲ" ဟူ၍

"မင်းပဲ မနှစ်ကတုန်း... ...င် ပေါ်လာသေးသည်။

တော့...." ...ားဆီထွက်သွားပြီး ကားကို မြေလမ်းလေးမှ

...နေတချို့... သစ်တောအုပ်ကလေးကိုပတ်ပြီး လမ်းမကြီးနှင့် သွားဆုံသည့်ကွေ့အထိ လက်ကိုဝှေ့ယမ်းလျက် သူ့ရုံးခန်းရှိရာသို့ မောင်းထွက်သွားလေသည်။

'ရေး' ထင်သည့်အတိုင်း မှန်ပါသည်။

နန်းစီသည် စားပွဲသို့ ဖြည်းလေးစွာ ပြန်လျှောက်လာယင်း စဉ်းစားကြည့်သည်။

ဟိုနှစ်ချားကလိုပုံစံအတိုင်း ဆက်နေလို့တော့ မဖြစ်တော့ပါ။ အတိတ်ကိုသတိရခြင်းကို ရပ်ပြီး အနာဂတ်ကို မျှော်ကြည့်တဲ့ အလုပ်ကို လုပ်ရပေတော့မည်။ သူမဘဝ၏ အချို့အစိတ်အပိုင်းများသည် တခန်းရပ်ခဲ့ပြီ၊ နာကျည်းဖွယ်သော အတိတ်ကာလအကြောင်းများကို ပြည်ဖုံးကားချခဲ့ပြီဟုသိမှတ်ထား၏။ သို့သော်လည်း သည်မျှသာတော့မဟုတ်ပါ။

ကာလ်နှင့်နေခဲ့ရသည့် ဘဝတခုလုံးသည် မှုန်ဝါးဝါးရှိနေသည်။ တက္ကသိုလ်မှာ သူတို့နေခဲ့သေးအိမ်၊ ကာလ်ရဲ့ကည်ကြည်သောအသံ....၊ ပီတာနှင့်လီဇာ....၊ သူတို့အားလုံးကို ပြန်စဉ်းစားကြည့်၍မလွယ်ကူပါ။ သူတို့ ဘယ်ပုံရှိသည်လဲ။ ဆံပင်က အနက်ရောင်....။ ကာလ်လိုပဲ....။ ကလေးတွေက သိပ်အေးသည်။ သိပ်ငြိမ်သည်။ နောက်ပြီး....နှစ်ယောက်စလုံး ဆုံးပါးသွားသည်။



"မေမေ....မေမေ ဘာဖြစ်လို့ စိတ်မကောင်းဖြစ်နေတာလဲ"

မိုက်ကယ်က သူ့အဖေဟန်မျိုးနှင့်မေးသည်။

နန်းစီက '၇ နှစ်'ဟူ၍ စဉ်းစားမိသည်။ တချိန်တုန်းက ကာလ်က ပြောဖူးသည်။ ဘဝဆိုတာ ၇ နှစ်တကြိမ် လည်ပတ်သည်တဲ့။ ယခုဆို သူမအနေနှင့် မေ့ဖို့ကောင်းပြီ။ ရှေ့ကိုမျှော်ကြည့်ဖို့ကောင်းပြီ။

သူမသည် မီးဖိုခန်းထဲရှိ မီးဖို၊ စားပွဲ၊ ခန်းဆီးတွေကို လှည့်ကြည့်ပြီးနောက် မိုက်ကယ်နှင့် မစ်စီကိုလည်း ကြည့်ကာ....

"မေမေ ဝမ်းမနည်းပါဘူးကွာ"

ဟု ပြောပြီး မစ်စီကို ငုံ့၍ချီပွေ့လိုက်သည်။

"မေမေ့အတွက်လက်ဆောင် သမီး စဉ်းစားနေတယ်"

ဟု မစ်စီက ပြောသည်။ သူမ၏ စတော်ဗယ်ရီရောင်ရှိသော ဆံပင်ကွေးကွေးလေးများသည် နဖူး၊ နားရွက်နားမှာ ရစ်ခွေနေသည်။ သည်မိသားစုမှာ ဆံပင်အနီမျိုး ဘယ်ကများပါလာသလဲဟု တချို့လူများက ထင်ကောင်းထင်မိကြလိမ့်မည်။

"ကောင်းတာပေါ့"

နန်းစီက မစ်စီကို ပြန်ပြောလိုက်သည်။

"ဒီနေ့ မိုးရွာမယ်၊ ရာသီဥတုလဲ အေးမယ်လို့ဆိုတယ်၊ မင်းတို့ မိုးမရွာခင် အပြင်သွားဆော့ကြနော်"

ကလေးများကို အနွေးထည်များ ဝတ်ပေးပြီးနောက် မိုက်ကယ်က သူ့အင်္ကျီရင်ဘတ်အိတ်ထဲမှ ပိုက်ဆံနှိုက်ကြည့်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဒီပိုက်ဆံနဲ့ မေမေ့ကို ကျွန်တော် လက်ဆောင်ဝယ်ပေးမှာ...."

"ကျွန်မမှာလဲ ပိုက်ဆံရှိပါတယ်"

မစ်စီက သူ့တွင်ရှိသော အကြွေစေ့လေးများကို ထုတ်ပြသည်။

"ကလေးတွေ ပိုက်ဆံကိုင်ဖို့မကောင်းဘူး၊ မင်းတို့ ပျောက်မှာပဲ၊ မေမေ့ကို ပေးထား"

မိုက်ကယ်က ခေါင်းခါပြီး....

"ဖေဖေနဲ့ ဈေးသွားဝယ်ယင် ကျွန်တော် ပိုက်ဆံမေ့နေလိမ့်မယ်၊ မေမေ့ကိုပေးထားလို့ မဖြစ်သေးပါဘူး"

"မင်းတို့ မမေ့စေရပါဘူးကွယ်...."

"ကျွန်တော့်အိတ်မှာ ဇစ်ပါပါတယ်၊ မေမေကြည့်ပါလား၊ ညီမလေးပိုက်ဆံလဲ ကျွန်တော်ထည့်ထားမယ်"

"ဒါဆိုလဲ ကောင်းပြီလေ"

နန်စီက လက်လျှော့လိုက်ရသည်။

မိုက်ကယ်သည် သည်ပိုက်ဆံကို မပျောက်ပစ်ဘူးဟု သူမ ကောင်းကောင်းကြီး ယုံကြည်သည်။ မိုက်ကယ်သည် သူ့အဖေလိုပဲ စည်းကမ်းရှိသည်။

"ကဲ....ညီမလေးကို ကောင်းကောင်းကြည့်ထားနော်"

"ဟုတ်ကဲ့မေမေ၊ လာ ညီမလေး သွားစို့၊ ငါ နင့်ကို ဒန်းပေါ်တင်လွှဲပေးမယ်"



ကလေးတွေကစားဖို့ ဒန်းတခုကို 'ရေး'က သူတို့၏အိမ်နောက်ဖေးသစ်တောစပ်ရှိ ဝက်သစ်ချပင်ကြီးမှာ ဆင်ပေးထားသည်။

နန်စီက မစ်စီကို သိုးမွေးလက်အိတ်စွပ်ပေးလိုက်သည်။ လက်အိတ်ကလေးတွေသည် အနီရဲရဲ၊ လက်ဖမိုးမှာ ပြုံးနေတဲ့အရုပ်ကလေးတွေပါသည်။

"ဝတ်ထားနော်၊ မကျွတ်စေနဲ့၊ သမီးလက်ကလေးတွေ အေးကုန်လိမ့်မယ်၊ အခုတောင် တော်တော်အေးနေပြီ၊ သမီးတို့ အပြင်သွားဆော့ဖို့ မကောင်းဘူး"

"မေမေကလဲ"

မစ်စီ၏နှုတ်ခမ်းလေးများ မဲ့လာသည်။

"ကောင်းပါပြီ ကောင်းပါပြီ မဲ့မပြနေပါနဲ့၊ နာရီဝက်ထက် ပိုမကြာစေနဲ့နော်"

နောက်ဖေးတံခါးကိုဖွင့်ပြီး ကလေးများကို လွှတ်လိုက်ချိန်တွင် အပြင်မှ လေအေးတချက်တိုက်လိုက်ရာ သူမ ကြက်သီးထသွားသည်။ တံခါးကို ခပ်မြန်မြန် ပြန်ပိတ်လိုက်ပြီး အိမ်ပေါ်ထပ်ကို သွက်သွက်ကလေးတက်သွားသည်။

အိမ်က ရှေးအိမ်မို့ အပေါ်ထပ်တက်သော လှေကားမှာ အတော်ကလေး မတ်သည်။ သည်အိမ်ဆောက်သော လူသည် တောင်တက်သမားများ ဖြစ်နေမည်လားဟု 'ရေး'က ပြောဖူးသည်။ ဒါပေမယ့် နန်စီကတော့ သည်အိမ်၏ အ[illegible]တိုင်းကို နှစ်သက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ၆ နှစ်က သည်အိမ်ကို ပထမဦးဆုံး သူမ ရောက်ခဲ့စဉ်က အေးချမ်းစွာ ငြိမ်းချမ်းမှု၏ အရသာကို ခံစားလိုက်ရကြောင်း သူမ သတိရမိသည်။ သူမ၏အယူခံမှာ အနိုင်ရသွားပြီး ကတည်းက သည် ကိတ် မြို့ကို ပြောင်းလာခဲ့သည်။ အစိုးရရှေ့နေက သူမ၏အမှုကို အစကပြန်စစ်ဖို့ မကြိုးစားခဲ့တော့။ အခ်ကသက်သေဖြစ်သူ ရော့လက်ဂလာကို ရှာမရသောကြောင့်ဖြစ်သည်။

သည်အရပ်သို့ သူမထွက်ပြေးလာခြင်းမှာ ကာလီဖိုးနီးယားပြည်နယ်မှ ဝေးနိုင်သမျှဝေးကွာစေရန်ဖြစ်သည်။ သူမ သိကျွမ်းခဲ့သောလူများ၊ နေထိုင်ခဲ့သောနေရာ၊ ကောလိပ်ကျောင်း၊ ကောလိပ်ပတ်ဝန်းကျင်တို့မှ ဝေးနိုင် သမျှဝေးအောင် သူမ ပြေးလာခဲ့ခြင်းဖြစ်သည်။ ထိုသူတို့ကို ဘယ်တော့မှ သူမ ပြန်မတွေ့ချင်ပေ။ ကားလ်သူ့ ကိုယ်သူ အဆုံးစီရင်သွားသည်မှာသူမကြောင့်ဖြစ်သည်ဟု အပြစ်တင်ခဲ့သည့် သူ့စိမ်းပြင်ပြင်ဖြစ်သွားသော မိတ်ဆွေများကိုလည်း လုံးလုံးမတွေ့လိုတော့ပေ။

သူမ ကိတ်မြို့သို့ လာခဲ့ခြင်းမှာသည်း ကိတ်မြို့မှလူများသည် အခုနေထိုင်နဲ့ ပတ်သက်ပြီး ကိုယ့်စည်းကိုယ့်ကမ်းနဲ့ ဘာသိဘာသာနေတတ်ကြသည်၊ တခြားသူများအကြောင်းကိုလည်း မစပ်စုတတ်ဟုဆိုသဖြင့် သူမ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ သူမ ပုန်းခိုနားရန် နေရာတခုလိုသည်၊ သူမဘဝကို အသစ်တဖန် ပြန်လည်ထူထောင်ဖို့၊ ဖြစ်ခဲ့ရသည့် အကြောင်းများကိုလည်း ပြန်လည်ဆန်းစစ်ဖို့ နေရာတခုလိုသည်။



လူမရဲ့ဆံပင်ကိုဖြတ်ပြီး အညိုရောင်ဆိုးလိုက်ခြင်းဖြင့် သူမမှာ စစ်ကာလအတွင်းက တနိုင်ငံလုံးရှိ သတင်းစာများ၏ မျက်နှာဖုံးများမှာပါခဲ့သူ သူမ၏ခေတ်ပုံနှင့်တော့ တော်တော်လေးကွဲပြားသွားခဲ့သည်။

'ရေး'၏ အိမ်မြေအရောင်းအဝယ်ရုံးခန်းကို သူမ ရွေးရသည်ကလည်း ကံကောင်းထောက်မခဲ့သည်ဟု ထင်သည်။ အမှန်တော့ အိမ်ငှားဖို့စုံစမ်းရာမှာ အခြားတယောက်နဲ့ချိန်းထားပြီးမှ 'ရေး'၏ ရုံးခန်းက လက်ရေးဆိုင်းဘုတ်နှင့် ပြတင်းပေါက်မှ ပန်းအိုးလေးတွေကိုမြင်ပြီး သဘောကျသဖြင့် ဝင်မိခဲ့သည်။

ထိုနေ့က 'ရေး' အိမ်ရှင်တယောက်နှင့်စကားပြောနေတာကို စောင့်ယင်း 'ရေး'က အိမ်ငှားတယောက်ရှာပေးမည့်အကြောင်း၊ ငှားသူရလျှင် သူ့ အိမ်ကြီး ထိန်းသိမ်းရမည့်စရိတ် သက်သာမည့်အကြောင်း ပြောဆိုနေပုံကို နားထောင်ပြီး သူမ နှစ်သက်မိခဲ့သည်။

အိမ်ရှင်ကြီးပြန်သွားပြီးသည့်နောက်....

"ကျွန်မရောက်လာတာ အချိန်ကောင်းပဲထင်တယ်၊ ကျွန်မ အိမ်တလုံး ငှားချင်ပါတယ်ရှင်"

ဟု ဝင်ပြောခဲ့မိသည်။ သို့ပေမယ့် 'ရေး'က သူမအား 'ဟန့်' အိမ်ကြီးကို လိုက်မပြခဲ့ပါ။

"မျော်စင်ကြီးက ကြီးလွန်းအားကြီးတယ်။ ခင်ဗျားနဲ့မသင့်တော်ဘူး။ ဒါပေမယ့် ကျွန်တော့်မှာ ငှားဖို့အိမ်တလုံးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေလဲ သိပ်ကောင်းတယ်၊ တကယ်လို့ ခင်ဗျားကြိုက်မယ် ဆိုယင် တနေ့နေ့မှာ ဝယ်လို့လဲ ရနိုင်ပါတယ်။ ခင်ဗျား ဘယ်လောက်ကျယ်ကျယ် လိုချင်ပါသလဲခင်ဗျာ”

“ကျွန်မနာမည် မစ္စနန်စီကာနန်လို့ ခေါ်ပါတယ်”

အမှန်မှာတော့ ‘ကာနန်’ ဆိုသည့် နာမည်မှာ သူမအမေ၏ အပျိုဘဝနာမည်ကို သုံးလိုက်ခြင်းဖြစ်သည်။

“သိပ်ကျယ်ကျယ်မလိုလှပါဘူးရှင်၊ ကျွန်မမှာအဖော်လဲ မရှိပါဘူး၊ ဧည့်သည်လဲ သိပ်လာမှာမဟုတ်ပါဘူး”

သည်အကြောင်းနှင့်ပတ်သက်ပြီး ‘ရေး’က ဆက်မမေးတာကိုပဲ သူမ သဘောကျသွားခဲ့သည်။

“ဒီအရပ်ဟာ ကိုယ့်ဟာကိုယ် တယောက်တည်း ဘာသိဘာသာနေဖို့ကောင်းတဲ့ အရပ် ဖြစ်ပါတယ်။ သောင်ပြင်မှာ လမ်းလျှောက်ရတာ၊ နေဝင်ချိန်လေးကိုစောင့်ငေးကြည့်ရတာ၊ မနက်စောစော ပြတင်းပေါက်ကနေမျှော်ကြည့်ရတာတွေဟာ ပျင်းဖို့မကောင်းပါဘူး”

သည်နောက် ‘ရေး’က သူမကို သည်အိမ် ရောက်အောင်ခေါ်လာခဲ့သည်။ ချက်ချင်းဆိုသလိုပင် သည်အိမ်မှာ နေဖြစ်မည်ဟု သူမကိုယ်သူမ သိလိုက်ပါသည်။

ထမင်းစားခန်းနှင့်မီးဖိုခန်းတွဲထားတာကိုက နှစ်သက်စရာ ဖြစ်နေသည်။ မီးလင်းဖိုရှေ့မှာထားသော ဆောက်ကုလားထိုင်ကိုလည်း သူမ နှစ်သက်မိသည်။ အထူးသဖြင့် ထမင်းစား



နေယင်း ပင်လယ်ကွေ့နှင့်ဆိပ်ကမ်းကို ထမင်းစားပွဲခုံထိုင်လျက် ကြည့်မြင်နိုင်တာကိုလည်း သဘောကျမိသည်ပင်။

ထိုနေ့မှာပင် သူမ သည်အိမ်သို့ ပြောင်းလာခဲ့သည်။ သူမမှာ သေတ္တာ ၂ လုံးသာပါခဲ့သည်ကို ‘ရေး’က အံ့ဩသည့် အမူအရာ မပြပါချေ။ သူမက သူ့မီခင် ဆုံးပါးသွားပြီး သူတို့အိမ်ကို ရောင်းချကာ ဒီကိုပြောင်းလာခြင်းဖြစ်သည်ဟု တိုတိုပဲပြောပြခဲ့၏။ ကြားကာလ ၆ နှစ် ရှိခဲ့ကြောင်းကိုတော့ ထည့်မပြောခဲ့ပါ။

ထိုနေ့ညသည် လပေါင်းမြောက်မြားစွာအနက် ပထမဦးဆုံး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ခဲ့သောည ဖြစ်ခဲ့၏။

ပီတာနှင့်လီဇာတို့ ခေါ်သံလည်း သူမ မကြားရတော့ပါ။ တရားရုံးထဲ၌ ကာသ်က သူမအား ကြိမ်းမောင်းသံကိုလည်း မကြားရတော့ပါ။

ထိုပထမဆုံးနေ့နံနက် ကော်ဖီဖျော်ပြီး ပြတင်းပေါက်မှာ ထိုင်ကာ ငေးနေခဲ့သည်။ ထိုနေ့က ကောင်းကင်သည် ကြည်လင်နေ၏၊ ပင်လယ်ကွေ့မှာလည်း တည်ငြိမ်နေ၏။ ပတ်ဝန်းကျင်တခုလုံး ဆိတ်ငြိမ်နေ၏။ တံငါလှေများဘေးတွင် ပျံဝဲနေသော စင်ရော်လေးများသာ လှုပ်ရှား၍နေကြသည်။

ပူနွေးနေသော ကော်ဖီပန်းကန်ကို လက်ဖြင့် ဆုပ်ကိုင်ပြီး ဖြည်းဖြည်းတစိမ့်စိမ့်နှင့်သောက်ခဲ့၏၊ ကော်ဖီ၏အနွေးဓာတ်မှာ သူမ တကိုယ်လုံးသို့ ပျံ့နှံ့နွေးထွေးသွားခဲ့သည်။ နေရောင်ကလေးကလည်း သူမမျက်နှာကို နွေးသွားစေခဲ့သည်။ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ဆိတ်ငြိမ်မှုသည် သူမအား ငြိမ်းချမ်းမှုကို စတင်၍ ပေးခဲ့သည်။

"ငြိမ်းချမ်းမှု....၊ ကျွန်မကို ငြိမ်းချမ်းမှုပေးပါ...."

အမှုစစ်ဆေးနေခဲ့သောကာလအတွင်းက သူမ သည်အတိုင်း ဆုတောင်းခဲ့သည်။ ထောင်ထဲမှာနေစဉ်ကလည်း သည်အတိုင်းပဲ ဆုတောင်းခဲ့သည်။ လွန်ခဲ့သော ၇ နှစ်က....။

နန်စီသည် သက်ပြင်းတချက်ချလိုက်၏။ သူမသည် လှေကားခြေရင်းတွင် ရပ်လျက်သား ငေးမောတွေဝေနေရာမှ သတိ ပြန်ရလာသည်။ စိတ်ကူးထဲ နှစ်ချို့သွားဖို့မှာ အလွယ်ကလေးပါလား။ ဒါကြောင့် သူမ နေ့စဉ်နှင့်အမျှ နောက်ကြောင်းကိုလည်း မစဉ်းစား၊ အနာဂတ်ကိုလည်း မတွေးပဲ ကြိုးစားပြီးနေခဲ့သည်။

သူမသည် အပေါ်ထပ်သို့ နှေးကွေးစွာတက်ခဲ့သည်။ ရော့လက်ဂလာ တနေ့နေ့မှာပြန်ပေါ်လာပြီး သူတို့ မိမိကို လူသတ်မှုနှင့် ပြန်တရားဆွဲနိုင်သည်၊ မိမိဆီမှ 'ရှေး'ရယ်၊ မစ်စီရယ်၊ မိုက်ကယ်ရယ်ကို အတင်းဆွဲခေါ်သွားနိုင်သည်ဟူ၍ သိနေမှတော့ သူမမှာ ဘယ်လိုငြိမ်းချမ်းမှုမျိုးရနိုင်ပါတော့မလဲ။

ရုတ်တရက် သူမ၏ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး "မစဉ်းစားနဲ့၊ ဒါ မဖြစ်နိုင်ဘူး" ဟု သူ့ကိုယ်သူ ပြန်ဆုံးမနေခဲ့သည်။

လှေကားထိပ်ရောက်သောအခါ သူမသည် ခေါင်းကို ခပ်နာနာခါလိုက်ပြီး အိပ်ခန်းထဲသို့ ဝင်သွားသည်။ ပြတင်းပေါက်



များကို သူမ ဖွင့်လိုက်သောအခါမှာ အပြင်က လေအေးတိုက်လိုက်သဖြင့် ကြက်သီးထသွားသည်။

ကောင်းကင်မှာ မိုးသားများဘက်လာပြီ။ ပင်လယ်ကွေ့မှ ရေများပေါ်မှာ လှိုင်းခေါင်းဖြူလေးတွေသည်း ထလာကြပြီ။ အပူချိန်က ကျသွားပြီ။ ဒီလိုရာသီမျိုးမှာ မကြာခင် မုန်တိုင်းလာတော့မည်ဆိုတာ ကိတ်မှာအနေကြာခဲ့ပြီဖြစ်သော သူမ အနေနှင့် သိလိုက်သည်။

ဒါပေမယ့် ကလေးတွေ အပြင်မှာဆော့ဖို့အချိန်တော့ ကျန်ပါသေးသည်။ ကလေးတွေကို နံနက်ခင်း သေကောင်းလေသန့်များချွေး ရစေချင်သည်။ နေ့လယ်စာစားပြီးလျှင် မစ်စီကို အနားတခမှ အိပ်စေပြီး၊ မိုက်ကယ်က မူကြိုကျောင်းသွားမည်။

သူမသည် အိပ်ရာခင်းပြင်ခင်းဖို့ ကြိုးစားလိုက်သည်။ မစ်စီအနားက နားခစားနေသည်။ မစ်စီကို လည်ပင်းကာဇစ်မလျှော့ချနဲ့ဟု သွားပြောရလျှင် ကောင်းမည်လား။ မစ်စီသည် အင်္ကျီကျပ်သည်ဆိုတာ လည်ပင်းကာဇစ်ကို အမြဲဘမ်းလျှော့ချလေ့ရှိသည်။

သူမ အနည်းငယ်စဉ်းစားပြီး ခုဘင်ပေါ်က အိပ်ရာခင်းကို ဆွဲယူလိုက်သည်။

"မစ်စီဟာ လည်ကျပ်ရှည်အင်္ကျီဝတ်ထားတာပဲ၊ တကယ်လို့ အပေါ်အင်္ကျီကြယ်သီး ပြုတ်သောင်မှ သူ့လည်ပင်း အေးသွားကွယ်တော့ ရနိုင်ပါသေးဘယ်၊ အိပ်ရာခင်းလဲတာကမှ ၁၀ မိနစ်မကြာပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နန်းစီက သူ့ကိုယ်သူ သတိပေးမိသည်။ ၁၀ မိနစ် အများဆုံးပါ။ သူ့စိတ်ထဲမှာ ကလေးတွေဆီ ခုချက်ချင်းသွားပါတော့ဟု စေစားလာသောသိစိတ်ကို အသာလေးငြိမ်အောင် ဖိထားလိုက်သည်။

* * *

## အခန်း ( ၂ )

တခါျ့သောနံနက်မှာ ဂျိနုသန်နိုးလ်သည် ကုန်စုံဆိုင်သို့ မနက်ပိုင်းသတင်းစာကို ခြေကျင်သွားယူတတ်သည်။ အခြားနေ့များမှာ စက်ဘီးနှင့်သွားလေ့ရှိသည်။ သူသွားလျှင် အမြဲတမ်း အဘိုးကြီးနစ်ကာဆန်၏အိမ်၊ ယခု ရေးအဲဒရက်က ထိုအိမ်ကို ငှားနေသော မိန်းမချောလေးကို လက်ထပ်ပြီး ဝယ်ယူလိုက်သည့်အိမ်ကို ဖြတ်သွားရသည်။

၎င်းအိမ်သည် အဘိုးကြီးဆန်ကာနစ်ဆန် ရှိစဉ်က အဟောင်းလေးယိုယွင်းနေသည်။ ယခုတော့ အိမ်ကလေးသည် သပ်ရပ်ပြီး ခိုင်ခန့်တောင့်တင်းပုံပေါ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရေး'က ခေါင်မိုးကို လဲ၍ ဆေးအသစ်ပြန်သုတ်ထားသည်။ သူ့ဇနီးကလည်း ပန်းပင်စိုက်ဝါသနာပါလေတော့ ပြတင်းပေါက်မှာတင်ထားသည့် ပန်းအိုးလေးတွေက အဝါရောင်၊ လိမ္မော်ရောင် ပန်းကလေးများ ရှိနေတတ်သဖြင့် အဆိုးဆုံး ရာသီမှာပင် လှပ၍ဘင့်တယ်နေတတ်သည်။

ရာသီဥတုကောင်းမွန်သောနေ့များမှာ နန်စီ့ကို နံနက်တိုင်း ပန်းခြံထဲမှာအလုပ်လုပ်နေသည်ကို တွေ့ရတတ်သည်။ ဂျီနုသန် ဖြတ်သွားလျှင် သူ့ကို သာသာယာယာ နှုတ်ဆက်တတ်သည်။ ဂျီနုသန်အနေနှင့် ဒီလိုဝါသနာရှိသောမိန်းမမျိုးကို သဘောကျ သည်။ 'ရေး'၏ ဆွေမျိုးသားချင်းများကို ဟိုယခင် ဒီအရပ် အလည်လာတတ်စဉ်ကတည်းက သူ သိခဲ့သည်။ ကိတ်မြို့ကို ထူထောင်စဉ်က 'ရေး'တို့ မိသားစုများသည်လည်း အခြေခံ မိသားစုများ ဖြစ်ခဲ့သည်။ 'ရေး'၏အဖေရှိစဉ်ကတည်းက သူတို့ရဲ့ မျိုးရိုးဇာတိအစဉ်အလာနှင့် သည်အရပ်ရောက်လာပုံကို ဂျီနုသန် အား ပြောပြခဲ့ဖူးသည်။

'ရေး'အနေနှင့် ဒီအရပ်ဒေသမှာ အခြေချပြီး စီးပွားရေး လုပ်တော့မည်ဟု ဆုံးဖြတ်သည်ကို ဂျီနုသန်အမြင်အနေနှင့်မူ စံထားလောက်သည်ဟု ထင်ခဲ့သည်။

သည်ကိတ်မှာ ပင်လယ်ကျွေ့၊ ပင်လယ်၊ ရေကန်ကြီး၊ ရေကန် ငယ်တွေရှိသည်။ လမ်းလျှောက်ဖို့သစ်တောလည်းရှိသည်။ လူနေ ရပ်ကွက်ဖြန့်ထားပုံသည်း မြေပါများသည်။ ငယ်ရွယ်သော အိမ်ထောင်ရှင်များ၊ သားသမီးများကို ပြုစုဖို့ကောင်းသည့်နေရာ



လည်းဖြစ်သည်။ ပင်စင်ယူပြီး တသက်လုံးနေဖို့ကောင်းသည့် အရပ်လည်း ဖြစ်သည်။

ဂျီနုသန်နှင့် အဲမလီတို့ ရက်ရှည်အနားယူသောအခါ ဒီအရပ် မှာ အမြဲလာနေလေ့ရှိသည်။ တနေ့ကျလျှင် တနှစ်ပတ်လုံး နေရာမှာနေနိုင်ဖို့ သူတို့ မျှော်မှန်းထားခဲ့ကြသည်။ အဲမလီ ကြောင့် မျှော်မှန်းချက်များ မအောင်မြင်ခဲ့။

ဂျီနုသန်သည် သက်ပြင်းလေးလေးချမိသည်။ သူသည် အရပ် အမောင်းထွားသည်။ ဆံပင်ဖြူတော့များပြီး သူ့မျက်နှာကျယ် ကျယ်သည်လည်း ပါးရေအနည်းငယ်တွန့်၍ တွဲလာသည်။

သူသည် အငြိမ်းစားယူထားသော ရှေ့နေဟောင်းဖြစ်၏။ လှုပ်ရှားမှုမရှိခြင်းသည် သူ့အတွက် ပျင်းစရာကောင်းနေသည်။ ဆောင်းတွင်းမှာ ငါးများလိုလည်းသိပ်ဖြစ်။ ရှေးဟောင်း ပစ္စည်းဆိုင်များမှာ မွေ့ရတာ၊ အိမ်ပရိဘောဂများကို အသစ် ပြန်ပြင်ဆင်ရတာကလည်း အဲမလီရှိစဉ်ကလို ပျော်စရာမကောင်း တော့။

သို့သော် ကိတ်မြို့မှာ အခြေချပြီး၍ ယခု ဒုတိယနှစ်မှာ တော့ သူ စာအုပ်တအုပ် စ ရေးခဲ့သည်။

အစတုန်းကတော့ အပျော်လိုသဘောထားခဲ့သည်။ တဖြည်း ဖြည်းနှင့် နေ့စဉ်စိတ်ပါဝင်စားစွာလုပ်သော အလုပ်တခု ဖြစ် လာခဲ့သည်။

တနေ့သော် စာအုပ်ထုတ်ဝေသူ သူ့မိတ်ဆွေတယောက်က ရေးပြီးသားစာမူ အခန်းအနည်းငယ်ကိုဖတ်ပြီး ချက်ချင်းပင် ထုတ်ဝေဖို့ စာချုပ်ချုပ်ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စာအုပ်သည် နာမည်ကြီးလူသတ်မှုများကို အထူးစိတ် လေ့လာသော စာအုပ်တအုပ်ဖြစ်သည်။ နေ့စဉ် နံနက် ၆ နာရီခွဲမှ စပြီး တနေ့ငါးနာရီ၊ တပတ် ၇ ရက်နှုန်းဖြင့် သူ အလုပ်လုပ်ခဲ့ သည်။

လေသည် သူ့ကို စူးစူးရှရှတိုက်နေသည်။ သူသည် မာဖလာကို ထုတ်ယူပြီး ပင်လယ်ကွေ့ဘက်သို့ မျက်နှာမူလိုက်သောအခါ သူ့ မျက်နှာကိုထိုးလိုက်သော နေရောင်ကြောင့် နွေးသွားသည်ကို ကျေးဇူးတင်နေမိသည်။

သစ်ပင်များ အရွက်တွေကြွေပြီဖြစ်သဖြင့် ပင်လယ်ကွေ့မှ ဟိုရေပြင်အထိ မြင်နေရသည်။ မြစ်ကမ်းတောင်စွန်းအမြင့်ပေါ် မှာဆောက်ထားသည့် ဟန်နီအိမ်ကြီးက သူ့ရှုခင်းကို အနှောင့် အယှက်တခုလိုဖြစ်စေသည်။ ဒီအိမ်ကြီးကို ဒီအရပ်ကတောင်ကုန်း မြင့်ကြီးမှာ ဆောက်ထား၍ 'မျှော်စင်ကြီး' ဟူ၍လည်း ခေါ် ကြသည်။

ဂျိုနသန်သည် ဒီနေရာကိုရောက်တိုင်းရောက်တိုင်း ပင်လယ် ကွေ့ဘက်သို့ လှမ်းကြည့်လေ့ရှိသည်။ ဒီနေ့မနက်လည်း သူ ခေါင်းကိုလှည့်လိုက်သည့်အခါ သူ မျက်စိကိုမှိတ်ပစ်လိုက်ရသည်။ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

ပင်လယ်ကွေ့ လှိုင်းခေါင်းဖြူလေးများ လှုပ်ရှားနေခြင်းကို ရိပ်ကနဲကြည့်လိုက်ပြီး လမ်းဘက်ကို မျက်နှာပြန်မူလိုက်သည်။ အိမ်ကြီးကိုငှားနေတဲ့နန်စီဟာ ပြတင်းပေါက်တခုနားမှာ တောက် တောက်ပြောင်ပြောင် ပစ္စည်းတခုထားထားသည်ဟု သူ ထင် သည်။



တော်တော်ကိုအနှောင့်အယှက်ပေးတဲ့ကောင်ပဲ။ ဒီပြဿနာ ကို 'ရေး'ကို ပြောပြဖို့ သူ စိတ်ကူးမိခဲ့သည်။ ဒီစိတ်ကူးကို သူ့ဘာသာ သူ ချက်ချင်းဖျက်ပစ်လိုက်သည်။ အိမ်ငှားနေသူက သနကို ပင်လယ်ကွေ့ကိုကြည့်ချင်လျှင် တခြားနေရာက ကြည့်ပါလား ဟူ၍များ ပြန်ပြောလိုက်လျှင်.......။

သူ မသိမသာ ပခုံးကိုတွန့်လိုက်သည်။ သူသည် 'ရေး' အိမ် ဆီဘက်သို့ ရောက်နေပြီ။

နန်စီသည် ပြတင်းပေါက်အောက ထမင်းစား စားပွဲမှာထိုင် ပြီး တောင်မလေးကို စကားပြောနေသည်။ ကလေးမက သူမ ပေါင်ပေါ်မှာ။ ဂျိုနသန်သည် ချက်ချင်းမျက်နှာပြန်လွှဲလိုက် သည်။ နန်စီ သူ့ကိုမြင်သွားလျှင် တပါးသူ၏ လွတ်လပ်ခွင့်ကို အနှောင့်အယှက်ပြုသူဟု သူ အထင်မခံနိုင်။

ကဲပါလေ....သတင်းစာယူပြီး ကိုယ်တယောက်တည်း စားရ မယ့်မနက်စာ ကိုယ့်ဘာသာကိုယ် ပြင်စားပြီး အလုပ်လုပ်တာ ပေါ့။

ယနေ့ 'ဟာမွန်လူသတ်မှု'ကို သူ စရေးတော့မည်။ ဒီအခန်း သည် သူ့စာအုပ်၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးအခန်းဖြစ် သည်မှာ သေချာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

'ရေး' သည် သူ၏အလုပ်ခန်းတံခါးကို ဖွင့်၍ ဝင်လာသည်။ သူသည် နေရာရှာမရနိုင်ပဲ တစိမ့်စိမ့်ထိုး၍ထိုး၍ ကိုက်နေသော သွားကိုက်ဝေဒနာသဖွယ် စိတ်ထဲ၌ မအီမသာ ဖြစ်နေခြင်းကို ဖယ်ရှား၍မရနိုင်။ ဘာအတွက်ကြောင့်များပါလိမ့်။ အမှန်က နန်းစီအား မွေးနေ့ကိုအသိအမှတ်ပြုဖို့၊ မွေးနေ့ကြောင့် ဖြစ်လာမည့် နောက်ကြောင်းကို ပြန်သတိရစေရန် ဆွပေးသလိုများဖြစ်နေသလား။ အမှန်တော့ သူမ ဂရုမြှေ သိပ်မပျက်လှခဲ့ပါဘူး။ သူမ၏ အခြားဘဝမှာဖြစ်ခဲ့သည့်စိတ်တင်းမာမှုတွေသည် ဘယ်သောအချိန်မှာ ဖြစ်ပေါ်လာလိမ့်မည်ဆိုသည်ကို သူ သိပြီးသား ဖြစ်သည်။



သူမ၏ အခြား ကလေးများဖြစ်သည့် သားသမီး ဇွန်နှင့် ကလေးများကိုမြင်လိုက်မိလျှင် သူ့မဟုတ် နေ့စ်က လူသတ်ခံရသည့် ကလေးမလေးအကြောင်း ပြောမိလျှင် သူမ စိတ်ချောက်ချားခြင်းမျိုး ဖြစ်ပေါ်တတ်သည်။ ဒီညနေ့ မနက်မှာတော့ နန်စီသည် ကြူးဖြရနေသည်။ ဒါပေမယ့်လို့ တခုခုတော့ တခုခုပဲ။

"အို....ဒါက ဘာဖြစ်လာတာလဲ"

'ရေး' လန့်ပြီးမော့ကြည့်လိုက်သည်။ ဒေါ်ရော်သီသည် သူမ အားပွဲ၌ဖြစ်၏။ ညိုသည့်ထက်မီးခိုးရောင်ပိုများသောဆံပင်ကိုရှုံ့ဝဲ ခွဲထားသည့်ဆံပင်၊ ချိုရှင်သောမျက်နှာ ထားနှင့် ဖြစ်၏။ အသား ရောင်ဆွယ်တာနှင့်အညိုရောင်ဂါဝန်မှာဝတ်ဆင်ထားသူ သူမ၏ စိတ်ခံစားကို ဖော်ပြနေသည့်ပမာ။

ဒေါ်ရော်သီမှာ 'ရေး' အလုပ်ခန်း စ ဖွင့်ဖွင့်ချင်း သူ၏ ထမဦးဆုံးအားထားခဲ့ရသူ ဖြစ်ခဲ့သည်။ သူ ငှားထားသော စာရေးမလေးမပေါ်လာ၍ ဒေါ်ရော်သီက သူ့ကို ရက်အနည်းငယ်မျှ ကူညီ လုပ်အားပေးခဲ့ရာမှ၍ သူ့စာရေးမ ဖြစ်လာခဲ့မှာ ယနေ့တိုင်ဖြစ်သည်။

"မင်း ခေါင်းယမ်းယမ်းလက်ယမ်းယမ်းနဲ့မျက်မှောင်ကြုတ်လာတာ ဘာဖြစ်လာတာလဲ"

ဟု သူမက မေးလိုက်သည်။

'ရေး' က မချိပြုံးပြုံးပြီး....

"ဘာမှမဖြစ်ပါဘူး၊ ကဲ...အလုပ်အကြောင်းပြောစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဒေါ်ရော်သီက အလုပ်စကားဘက် လှည့်လိုက်သည်။

"အင်း....မျော်စင်ကြီးနဲ့ပတ်သက်တဲ့ စာရွက် စာတမ်းတွေ ငါ အကုန်ရှာထားတယ်။ ဒီအိမ်ကြီးကိုကြည့်ချင်တဲ့ ညော့်သည် ဘယ်အချိန်လာမှာလဲ"

"၂ ချက်ထိုးလောက် လာမယ်၊ ခင်ဗျား ဒီအိမ်ပုံစံတွေ ဘယ်ကများ ရှာတွေ့လာတာလဲ"

'ရေး' က ပြန်မေးသည်။

"စာကြည့်တိုက်က ဗိုင်ထဲမှာ အကုန်လုံးရှိတယ်၊ ဒီအိမ်ဟာ ၁၆၃၀ ပတ်ဝန်းကျင်လောက်က စ ဆောက်တာ၊ မင်းမေ့နေလို့ဖြစ်မှာပါ၊ စားသောက်ဆိုင်ဖွင့်ဖို့တော့ သိပ်ကောင်းမှာပဲ၊ ပိုက်ဆံနည်းနည်းအကုန်ခံပြီး မွမ်းမံလိုက်ယင် သိပ်ကိုလှသွားမှာ၊ ပင်လယ်ဘက်ကို မျက်နှာမူထားတဲ့ နေရာမျိုးဆိုတာ ရှာမှရှားပဲကွယ့်...."

'ရေး' က ပြန်ပြောသည်။

"မစ္စတာခရာကိုပေါ်လော့စ်နဲ့ သူ့ဇနီးဟာ စားသောက်ဆိုင်တွေဆောင်ပြီး ပြန်ရောင်းပစ်တတ်တယ်လို့ ကျွန်တော် သိထားပါတယ်။ ဒါကြောင့်မို့ လို့ သူတို့ဟာ ပိုက်ဆံကုန်သင့်တဲ့ နေရာမှာ အကုန်အကျခံမယ့် လူစားမျိုးတွေပါ"

ဒေါ်ရော်သီက ဗိုင်ကိုပြန်ပိတ်ပြီး....

"စားသောက်ဆိုင် မလုပ်တတ်တဲ့ ဂရိလူမျိုးတွေကို ငါ တခါလောက်မှမတွေ့ဖူးသေးဘူး"



'ရေး' က ပြန်ပြောသည်။

"အင်္ဂလိပ်လူမျိုးတွေက ချေးထူတယ်၊ ဂျာမန် လူမျိုးများကျတော့ ကိန်းခန်းကြီးလွန်းတယ်။ ပေါ်တိုရီကန်တွေက မွဲတယ်လေ—"

'ရေး' က သူ့ ကုတ်အင်္ကျီရင်ဘတ်အိတ်ထဲမှ ဆေးတံကို ထုတ်လိုက်ပြီး သူ့ရဲ့သီးသန့်ရုံးခန်းထဲကို ဝင်သွားသည်။

သူပြောလိုက်သောစကားများသည် ဒေါ်ရော်သီကို မလိုအပ်ပဲ စိတ်ထိခိုက်အောင်လုပ်မိသည်ဟု သူ ထင်မိသည်။ ငါ ဒီနေ့ ဘာဖြစ်နေပါလိမ့်။

သူသိသလောက် ဒေါ်ရော်သီသည် မျှတမှုရှိသည်။ ဘက်မလိုက်တတ်၊ အနေအထိုင်သပ်ရပ်သည်။ သူ့ကို ငါ ဘာကြောင့်များ ဒီလိုပြောမိပါလိမ့်။ သက်ပြင်းတချက်ချယင်းစားပွဲပေါ်မှ ဆေးတံဗူးကိုဆွဲယူပြီး ဆေးတံအိုးမှာ ဆေ ဖြည့်လိုက်သည်။ ၁၅ မိနစ်ခန့် စိတ်ကူးတယဉ်ယဉ်နှင့် ဆေးတံဖွာပြီး ဒေါ်ရော်သီကို ဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။

"ဟုတ်ကဲ့"

ဒေါ်ရော်သီအသံသည် ဖုန်းထဲမှာပင် နည်းနည်းတင်းမာနေသည်ဟုထင်ရသည်။

"စာရေးမလေးတွေ ရောက်ပြီလား"

"ဟုတ်ကဲ့...."

"ကော်ဖီရော ဖျော်ပြီးပြီလား...."

"ဟုတ်ကဲ့...."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရော်သီက သူ့ကို ကော်ဖီသောက်တော့မလား ဟု ပြန်မမေး။

“ခင်ဗျား ကော်ဖီပန်းကန်ပါယူပြီး ကျွန်တော့် အခန်းထဲကို လာခဲ့ပါလား။ ခင်ဗျား အလုပ်တွေကို ၁၅ မိနစ်လောက် ကောင်မလေးတွေနဲ့ လွှဲခဲ့ပါလား”

“ကောင်းပါပြီရှင်....”

‘ရေး’ စားပွဲမှထပြီး တံခါးဖွင့်လိုက်ပါသည်။ အငွေ့တခြောင်းခြောင်းထနေသည့် ကော်ဖီပန်းကန်တွေနှင့် သူမ ဝင်လာသည်။ သူသည် တံခါးကို အသာလေးပြန်ပိတ်လိုက်သည်။

“ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ....”

“ငါယုံပါတယ်၊ ကိစ္စမရှိပါဘူး၊ ဒါပေမယ့် ဘာဖြစ်နေတာလဲ” ဟု ဒေါ်ရော်သီက ပြန်မေးလိုက်သည်။

“ထိုင်ပါဦးဗျာ”

‘ရေး’က သူ့စားပွဲဘေးမှာ ရှိနေသော သားမွေးဖုံးကုလားထိုင်ကို ညွှန်ပြပြီး ပြောလိုက်သည်။ သူကမူ ကော်ဖီပန်းကန်ကို ယူကာ ပြတင်းပေါက်နားကို လျှောက်သွားပြီး အပြင်က ညို့မှိုင်းမှိုင်းရှုခင်းကို တွေဝေငေးမောကြည့်နေသည်။

“ကနေ့ညနေ ကျွန်တော်တို့ အိမ်မှာ ညစာလာစားပါလား၊ ကျွန်တော်တို့ နန်စီရဲ့ မွေးနေ့ပွဲ ကျင်းပမလို့....”

သူ့ထံမှ သက်ပြင်းရှိုက်သံ ကြားရသဖြင့် လှည့်လိုက်ပြီး....

“မလုပ်သင့်ဘူးလို့ ခင်ဗျား ထင်သလား”



ဒေါ်ရော်သီသည် ကိတ်တမြို့လုံးမှာ နန်စီ အကြောင်း သိသည့် တဦးတည်းသောသူ ဖြစ်သည်။ ‘ရေး’ကို လက်ထပ်ဖို့ သဘောမတူခင် နန်စီကိုယ်တိုင် သူမ သူ့အကြောင်း ပြောပြီး အကြံဉာဏ်တောင်းခဲ့ဖူးသည် မဟုတ်ပါလား။

“ငါတော့ မပြောတတ်တော့ဘူး၊ မင်း ဘာစိတ်ကူးနဲ့ မွေးနေ့ပွဲ ကျင်းပချင်ရတာလဲ....”

“နန်စီဟာ မွေးနေ့မရှိဘူးလို့ အမြဲတမ်း ဟန်ဆောင်နေလို့တော့ မဖြစ်ဘူးလေဗျာ၊ ဒီထက်ပိုအရေးကြီးတာက နန်စီဟာ အတိတ်ကို ပိုင်းဖြတ်ထားဖို့ အချိန်တန်ပြီလေ၊ ပုန်းအောင်းနေဖို့ထဲ မသိုတော့ပါဘူး”

“အတိတ်ကို သူပိုင်းဖြတ်နိုင်ပါ့မလား။ သူ့ကို လူသတ်မှုနဲ့ နောက်တကြိမ် ပြန်စာရင်းစွဲနိုင်တာ၊ အချိန်မရွေး ပြန်ပေါ်လာနိုင်တာ တွေ့ သိလျက်သား နဲ့ ရှောင်ပုန်းလို့ကော ရနိုင်ပါ့မလား”

“အဲဒါပဲ၊ သူ့ကို ဆန့်ကျင်ဘက် သက်သေထွက်တဲ့ ငနဲကို မတွေ့ရ မမြင်ရတာ ၆ နှစ်ကျော်ပြီဆိုတာ ခင်ဗျား သတိထားမိရဲ့လား။ အခု သူ သေသလား ရှင်သလားဆိုတာ ဘုရားမှပဲ သိတော့မှာပဲ၊ ကျွန်တော်တို့ သိသလောက် ပြောရရင် သူ ဒီနိုင်ငံကို တခြားနာမည်နဲ့ ခိုးဝင်ပြီး နန်စီလိုပဲ ဒီပြဿနာ မပေါ်ရအောင် ရှောင်နေမယ့် လူပဲ။ သူဟာ စစ်[illegible] အယောက်ဆိုတာ ခင်ဗျား မမေ့နဲ့ဦး။ သူ အမိခံလိုက်ရင် ထောင်ဒဏ်က မနည်းဘူးဗျ”

“ဒါကတော့ ဟုတ်ချင်ဟုတ်မှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒါအမှန်ပဲ၊ နောက်တဆင့်တက်ရယင် ဒီမြို့ပေါ်မှာ ရှိတဲ့ လူတွေက နန်စီကို ဘယ်လို ထင်ကြမလဲ။ အထူးသဖြင့် ကျွန်တော့်ရုံးခန်းက စာရေးမကလေးတွေကတော့ ဘယ်လိုထင်ကြမလဲ......"

ဒေါ်ရော်သီက ခပ်ဆိုင်းဆိုင်းဖြင့်....

"သူတို့က နန်စီကို လှတယ်လို့ထင်တယ်။ နန်စီအဝတ်အစားဝတ်ပုံကို သဘောကျတယ်။ သူဟာ အမြဲတမ်း နှစ်လိုဖွယ်ကောင်းတယ်။ နောက်ပြီး နန်စီဟာ အမျိုးတကာနဲ့ အပေါင်းအသင်းမလုပ်ပဲ ဘာသိဘာသာနေတတ်တယ်လို့ ထင်ထား ကြတယ်လေ...."

"ဒီလောက်နဲ့ဆိုယင်တော့ ကောင်းတာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော့် မိန်းမကို ဒီအရပ်ကလူတွေနဲ့ မတူခတန်မို့ မပေါင်းသင်းတာလားလို့ ပြောသံကြားဖူးတယ်၊ ကလပ်မှာလဲ ကျွန်တော်ဟာ အသင်းဝင်တယောက်ဖြစ်ပြီး၊ ကျွန်တော့်ဇနီးချောကို ဘာဖြစ်လို့ ခေါ်မလာတာလဲလို့ ခဏခဏ အမေးခံရတယ်။ ပြီးခဲ့တဲ့ အပတ်က မိုက်ကယ်ရဲ့ ကျောင်းက နန်စီကို ကျောင်းကော်မတီတခုခုမှာ ပါဝင်ဖို့ မေးလာသေးတယ်။ သူ ငြင်းလိုက်တယ်ဆိုတာ ပြောဖို့တောင်လိုမယ်မထင်ဘူး၊ ပြီးခဲ့တဲ့လက ကျွန်တော်တို့အိမ် မြေပွဲစားအသင်း ညစာ စားပွဲကို ကျွန်တော် သူ့ကို မရမက ခေါ်သွားခဲ့သေးတယ်။ အုပ်စုလိုက်ဓာတ်ပုံရိုက်တော့ သူက အမျိုးသမီးရေအိမ်ထဲ ရှောက်နေပါရော"



"သူ့ကို လူတွေမှတ်မိမှာ စိုးရိမ်လို့ ဖြစ်မှာပေါ့...."

"ဒါကိုလဲ ကျွန်တော် နားလည်ပါတယ်။ ဒါပေမယ့် ဒီလို ဖြစ်နိုင်တဲ့ အခြေအနေ နည်းသွားတယ်ဆိုတာကိုတော့ ခင်ဗျားလဲ သတိပြုမိမှာပေါ့။ တကယ်လို့ တယောက်ယောက်ကများ သူ့ကို ကာလီဖိုးနီးယားပြည်နယ်က တရားစွဲခံရတဲ့ ဟိုမိန်းမနဲ့ သိပ်တူတာပဲလို့ ပြောလိုက်ယင်....၊ ကျွန်တော်ဆိုလိုတာခင်ဗျား နားလည်ပါတယ်နော်။ တခြားလူများဆိုယင် ဒီနေရာမှာတင် ပြီးသွားမှာ၊ လူတူမရှားပါဘူးလို့ ပြောလိုက်ရုံပဲပေါ့။ ဟို အရက်ကြောင်ကြောမှာပါတဲ့လူကို ခင်ဗျားကြည့်မိယင် သမ္မတ လင်ဒန်ဂျွန်ဆင်နဲ့ တပုံတည်းမဟုတ်လား။ သူ့တူနဲ့ကျွန်တော် စစ်တပ်ထဲမှာ အတူတူ နေခဲ့ဖူးတယ်။ လူတူများ ရှိတတ်ပါတယ်။ တကယ်လို့များ နောက်တခါ အမှုပြန်စစ်လို့ရှိယင် ကျွန်တော့်အနေနဲ့ နန်စီကို ဒီအရပ်က လူတွေနဲ့ဘသားတည်းဖြစ်နေအောင် ကြိုတင် စီစဉ်ထားချင်တယ်။ သူတို့က နန်စီဟာ ငါတို့ အရပ်သူ တယောက်ပါလားလို့ စေတနာ ရှိလာစေချင်တယ်။ ဘာကြောင့်လဲဆိုယင် သူ့အမှုက လွတ်လာယင် ဒီအရပ်ကို ပြန်လာပြီး သူ့ဘဝကို ဒီက အစပြန်ကောက်ရဦးမှာ မဟုတ်လား"

"အမှုတခါပြန်စစ်ပြီး သူ မလွတ်ခဲ့ယင်ကော...."

"ကျွန်တော် ဒါကို လုံးဝ ထည့်မစဉ်းစားဘူး"

'ရေး' က ခပ်ပြတ်ပြတ်ပဲ ပြန်ပြောလိုက်သည်။

"ကဲ ဘယ်လိုလဲ ည ထမင်းစား လာမှာလား...."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ လာချင်တာပေါ့၊ သိပ်ကိုလာချင်တာပေါ့၊ နောက်ပြီး မင်းပြောတာတွေကို ငါ တော်တော်များများ သဘောတူပါတယ်...."

"တော်တော်များများ...."

"ဟုတ်တယ်...."

သူမသည် သူ့ကို ရှုတည်တည်ကြည့်ပြီး....

"ငါထင်တယ်၊ မင်း အခုလို ပုံမှန်ဖြစ်အောင်လုပ်တာ နန်စီ အတွက် လုပ်တာပဲလား၊ တခြားအကြောင်းကြောင့်များ လုပ်တာလားလို့ မင်း ပြန်စဉ်းစားဖို့တော့ ကောင်းတယ်နော်"

"ခင်ဗျားဆိုလိုတာက........"

"မက်ဆာချူးဆက်ပြည်နယ် အတွင်းဝန် တို့မြို့လာတုန်းက မင်းတို့လို အရည်အချင်းရှိတဲ့လူတွေ ပြည်နယ်ကိုယ်စား ပြုသင့်တယ်လို့ တိုက်တွန်းသွားတာ ငါကြားခဲ့တယ်။ တကယ်လို့ မင်း ပြည်နယ်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲဝင်ယင် သူ တတ်နိုင်သလောက် ထောက်ခံမှာပဲလို့ပြောသွားတာလဲ ငါကြား လိုက်ရတယ်။ ဒါကို လက်မခံပဲ ငြင်းပယ်ဖို့တော့ မလွယ်လှဘူး။ ဒါပေမယ့်လို့ အခုလက်ရှိ မင်း အခြေအနေအရဆိုယင် မင်း မလုပ်နိုင်ဘူး မဟုတ်လား။ ဒါကို မင်းလဲသိပါတယ်လေ...."

ဒေါ်ရော်သီသည် 'ရေး'ကို ပြန်ဖြေခွင့်မပေးပဲ အခန်းထဲမှ ပြန်ထွက်သွား၏။ 'ရေး'သည် သူ့စားပွဲမှာပြန်ထိုင်ပြီး ကော်ဖီကို ပြီးအောင်သောက်လိုက်သည်၊ သူ့မှာဖြစ်နေသည့် ဒေါသ၊



ခံစားမှုမှိန်မှိန်မှု၊ စိတ်အင်းမားမှုတွေအကုန်လုံး လျော့ကျသွားသည်၊ သူ စိတ်ခေတ်ကျပြီး ရှက်လာမိသည်။

အမှန်တော့ သူမပြောတာ အမှန်တွေချည်းပဲဖြစ်သည်။ သူ့အနေနှင့် သည်ခြိမ်းခြောက်မှုကြီးမရှိဘူးဟူ၍ ဟန်ဆောင်ပြီး နေချင်သည်။ အားလုံးကောင်းပါသည်ဟု ဖြစ်စေချင်သည်။ နန်စီကို လက်ထပ်စဉ်က သူ့ဘာတွေ့ရမည်ဆိုသည်ကိုလည်း သိသွားဖြစ်သည်၊ သူမသိခဲ့လျှင်လည်း နန်စီကပြောပြမှာအမှန်။ သူ့ကို သူမက အတော်နိုင်ဆုံးသတိပေးပြီးသားလည်း ဖြစ်သည်။

'ရေး'သည် စားပွဲပေါ်က ချောစာများကို သတိပြုခြင်းကင်းသော မျက်စိနှင့် စူးစိုက်ကြည့်နေယင်း လွန်ခဲ့တဲ့သအနည်းငယ်ကတော့ ဒေါ်ရော်သီ အပေါ် စိတ်ဆိုးခဲ့သလို နန်စီအပေါ် မဆင်ခြင် စိတ်ဆိုးမိခဲ့သည်ကို ပြန်၍သတိရမိသည်။

နန်စီက သူရေးဆွဲထားသည့် ရေဆေးပန်းချီကားတကားကို မြင်တော့ သူ သည်လိုပဲ ပေါက်ကွဲခဲ့ဖူးသည်။

သူမသည် အနုပညာကို လေ့လာဖို့ကောင်းသည်။ ယခု လောက်ဆိုလျှင် သူမ့ပန်းချီကားများကို သည်အရပ်မှာ ပြပွဲ ဖို့အခြေအနေမျိုးရှိနေပြီ၊ သူက...

"ကောင်းတယ်၊ ဒီပန်းချီကားလေး ကောင်းတယ်။ ဒါပေမယ့် ဘယ်ဗီရိုထဲ သိမ်းထားဦးမှာလဲ"

နန်စီသည် လွန်စွာဝမ်းနည်းပြီး မျက်နှာလေးငယ်သွားသည်၊ သူ သည် ပို၍ပြောမိ၍ သူ့လျှာကို ကိုက်ဖြတ်ချင်သောက်အောင် စိတ်မကောင်းသွားဖြစ်မိသည်၊ အဲသည်တော့ သူက...

www.burmeseclassic.com

www.burmeseclassic.com



"တကယ့်ကိုပါ၊ ကိုယ်တောင်းပန်ပါတယ်။ မင်း အတွက် ကိုယ်အများကြီးလဲ ဂုဏ်ယူမိပါတယ်။ မင်းကိုလဲ လူရှေ့သူရှေ့ မှာ ထုတ်ကြွားချင်လို့ပါကွယ်"

သူတို့၏ နွေစဉ်ကျဉ်းကျပ်လှသည့်ဘဝကို ပျင်းရိငြီးငွေ့လာ သည့်အတွက် ယခုလို ပေါက်ကွဲမှုမျိုး ဖြစ်ခဲ့ရသည်က များလှပြီ သူသည် သက်ပြင်းချပြီး ချောစာများကိုတစောင်ချင်း စပြီ ဖတ်တော့သည်။

၁၀ နာရီ ၁၅ မိနစ်တွင် ဒေါ်ရော်သီသည် သူ့ ရုံးခန်း တံခါးကို ရုတ်တရက် ဖွင့်ပြီး ဝင်လာ၏။ သူမ၏ ပန်းနုရောင် သာမန်မျက်နှာလေးမှာ ဖြူဖပ်ဖြူရော်ဖြစ်နေလေသည်။

'ရေး'သည် စားပွဲမှရုတ်တရက်ထပြီး သူမထံပြေးသွားသည် သူမက ခေါင်းအသာခါပြပြီး သူမနောက်ဘက်၌ တံခါးကိုပိတ် ကာ ချိုင်းကြားမှာ ဝှက်ယူလာသောသတင်းစာကို သူ့ အား လှမ်းပေးလိုက်သည်။

ၚင်းသတင်းစာသည် 'ကိတ်နွေစဉ် သတင်းစာ' ဖြစ်သည် ဒေါ်ရော်သီသည် သတင်းစာတနေရာကို လှန်လိုက်ပြီး သူ့ စားပွဲ ပေါ်မှာ ချလိုက်သည်။

နန့်စီမဟုတ်ဘူးလို့ ဘယ်သူမျှ မငြင်းနိုင်သော ဓာတ်ပုံကြီး တပုံကို နှစ်ဦးသား စူးစူးစိုက်စိုက်ကြည့်မိကြသည်။

ဤပုံကို သူ တခါမျှမမြင်ဖူးပါ။ ဆံပင်ရောင်ရင့်ရင့် ဆိုးထား ပြီး နောက်လှန်ဖြီးထားသည့်ပုံဖြစ်သည်။

သတင်းခေါင်းစဉ်က....

"ကနေ့ဟာ နန့်စီရဲ့သားယောက်တဲ့မွေးနေ့ ဖြစ်ပါ့မလား"



နောက်ဓာတ်ပုံတပုံမှာ အမှုစစ်စဉ်က တရားရုံးထဲမှနန့်စီထွက် လာသည့်ပုံ ဖြစ်သည်။ သူမ၏မျက်နှာထားသည် ရုပ်သေလုံဖြစ် နေပြီး လှုပ်ရှားမှုလည်း ကင်းနေချေသည်။ သူမ၏ဆံပင်ရှည်များ သည်လည်း ပခုံးပေါ်မှာ ဝဲကျနေသည်။

တတိယပုံကတော့ ကလေးလေးနှစ်ယောက်ကို ဖက်ထား သည့် နန့်စီ၏ပုံ ဖြစ်သည်။

သတင်း၏ ပထမဦးဆုံးစာကြောင်းက 'နန့်စီဟာမွန်သည် ကနေ့ တနေရာရာမှာ သူမ၏ ၃၂ နှစ်မြောက်မွေးနေ့ကို ဆင်ယင် ကျင်းပနေပါပြီ။ သူမသတ်၍ သေသွားသော ကလေးများ၏ ၇ နှစ်မြောက် သေဆုံးသည့်နေ့လည်း ဖြစ်ပေသည်'ဟု ဖော်ပြ ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

အရေးကြီးဆုံးက အချိန်ကိုက် တိကျခြင်းပင် ဖြစ်သည်။ စကြဝဠာကြီးတခုလုံး တည်မြဲနေရခြင်းကလည်း အချိန်ကိုက် တိကျနေသောကြောင့်ပင်ဖြစ်သည်။ ယခုဆိုလျှင် သည်အချိန် ကိုက်မှုသည် ပို၍တိကျရမည်။

သူသည် ခပ်သွက်သွက် လက်လက်နှင့် ကားကိုဒေါင်ထဲမှ စတေရှင်ဝက်ဂွန်ကားကို နောက်ပြန်ဆုတ်၍ ထွက်လိုက်သည်။

ယနေ့သည် မိုးသားများ အုံ့မှိုင်းနေသဖြင့် မှန်ပြောင်းမှ များများစားစားမမြင်ရ။ သို့ပေမယ့် ကလေးများကို သူမ အပေါ် အင်္ကျီ ဝတ်ပေးနေသည်ကိုတော့ သူ ပြောပြနိုင်သည်။



သူ့အင်္ကျီအိတ်ထဲရှိ ဆေးထိုးအပ်များကို အသာ စမ်းကြည့် ...တ်သည်။ ဆေးဖြည့်ပြီးပြီ။ အဆင်သင့်သုံးလို့ရပြီ။ ချက်ချင်း ...တိလစ်အောင်လုပ်နိုင်သည်။ အိပ်မက်ကင်းပြီး တကယ် အိပ် ...းကို ဖြစ်စေနိုင်သည်။

သူ့ချိုင်းနှင့် ပေါင်ခြံမှချွေးစေးများ စ ထွက်လာသည်ကို ...တိထားမိလိုက်သည်။ နဖူးပေါ်မှချွေးပေါက်ကြီးများ သီး ...ထွက်လာပြီး ပါးပြင်ပေါ်ကို စီးကျလာသည်။ ဤသည်မှာ ကောင်း။ ယနေ့သည် အေးသောနေ့ဖြစ်သည်။ စိတ်လှုပ်ရှား ...င်းကို လူမမြင်သင့်ပါ။

ကား၏ရှေ့ထိုင်ခုံပေါ်မှာ အဆင်သင့်ထားသော ထဘက် ...ဘောင်းကိုယူ၍ အဖိုးတန်စက္ကူနံ့အနည်းငယ်ကို အချိန်ဖြုန်းပြီး ...ိုးမှချွေးများကိုသုတ်လိုက်သည်။ သူ့ နောက်ကျောဘက်ကို ...ည်း လှည့်ကြည့်လိုက်သည်။

ပတ္တူမိုးကာအင်္ကျီသည် ဤအရပ်ဒေသမှလူများ ကားထဲမှာ ...အဆင်သင့်ထားတတ်သော ပစ္စည်းမျိုးဖြစ်သည်။ အထူးသဖြင့် ...ငါးများရာသီမှ ပို၍ ထားလေ့ရှိတတ်ကြသည်။ ကား နောက် ...ဘောင်းပေါက်မှထိုးထွက်နေသော ငါးမျှားတံ တချောင်း နှစ် ချောင်းကိုလည်း မြင်သာနိုင်သည်။

ဤမိုးကာအင်္ကျီသည် ကလေး ၂ ယောက်ကို ဖုံးအုပ်ထား... ...သောက်သည်။ သူ စိတ်လှုပ်ရှားစွာဖြင့် တချက်မျှ အသံပွက် ...အောင်ရယ်လိုက်ပြီး ကားကို ၆ အေ လမ်းမဘက်သို့ ကူရှုကွေ့ ...ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝစ်ဂင်ဈေးဆိုင်ကြီးသည် ဤလမ်းနှင့် ၆ အေ လမ်းမကြီး ထောင့်ဆုံရာမှာရှိသည်။ ကိတ်ကို ရောက်တိုင်း သူ သည်ဆိုင်မှာ ဈေးဝယ်မလေ့ ရှိသည်။ သို့သော်လည်း များသောအားဖြင့် ကိတ်တွင်နေထိုင်စဉ် လိုအပ်မည့် အစားအစာများကို မူသ ကတည်းက ယူလာပြီးဖြစ်သည်။

အပြင်သို့ များများထွက်ခြင်းသည် စိတ်ချရ၊ နန်စီနှင့် ဆုံမိနိုင်သည့် အခွင့်အရေးများ ရှိတတ်သည်။ ရုပ်ဖျက်ထားသည့် သူ၏ပုံသဏ္ဌာန်ကို နန်စီမမှတ်မိနိုင်ဟု မပြောနိုင်ပါ။ လွန်ခဲ့သော ၄ နှစ်ခန့်လောက်က တကြိမ် ဖြစ်ဖူးခဲ့သည်။

ဟိုင်ယာနစ်ပို့ ဈေးဆိုင်ကြီးမှာ ဈေးဝယ်နေဆဲ သူ့နောက်မှ သူမအသံကိုကြားလိုက်ရသည်။ စင်တစင်ပေါ်မှ ကော်ဖီမှုန့်ဗူး သူ လှမ်းအယူမှာ သူမကလည်း သူ့လက်အောက်မှ ကော်ဖီမှုန့် ဗူးကို လှမ်းယူလိုက်သည်။

သူမက……

"မိုက်၊ ခဏလေးစောင့်ဦးနော် သား မေမေ ဒီနားမှာ ပစ္စည်းတခုယူစရာရှိသေးတယ်"

ဟု ပြောပြီး ကြက်သေသေနေသော သူ့ကို ပွတ်တိုက် မိလိုက်သည်။ သူမကချင်လျှင်……

"မတော်လို့ပါရှင်…."

ဟုလည်း ပြောသွားသေးသည်။

သူ ပြန်မဖြေခဲ့ပါ။ သည်အတိုင်းပဲ မလှုပ်မယှက် မတ်တတ် ရပ်နေလိုက်ရသည်။ သူမက သူ့ကို မော့မကြည့်လိုက်ဘူး



…သည်ကို သူ အတိအကျသိလိုက်ရသည်။ အဲဒီကြိမ်ကစပြီး …အောင်အခါမှာမဆုံမိစေဖို့ သူ ကြိုးစားခဲ့သည်။

အဒမ်ပိုတ်သို့ သူ နေ့စဉ်သွားလာတတ်သည်ကို လူအများ …အောင်လုပ်ထားဖို့လိုသည်။ ယင်းမှာ နောင်တချိန်၌ သူသည် …ပ်ကွက်အတွက် သူစိမ်းတယောက်မဖြစ်စေရန်အတွက်ဖြစ်၏။ …ကြောင့် သူသည် ဝစ်ဂင်ဈေးဆိုင်မှာ နေ့စဉ် နံနက် ၁၀ …ရီအချိန်ခန့် နွားနို့၊ ပေါင်မုန့်နှင့် အသားများကို ဝယ်လေ့ …သည်။

နန်စီသည် ဘယ်သောအခါမျှ ၁၁ နာရီထက် စောပြီး …မှ ထွက်လေ့မရှိ။ ဈေးဝယ်လျှင်လည်း သည်လမ်းထက် …ောက်ထပ် မိုင်ဝက်လောက်မှာရှိသော လိုဝါရီ ဈေးဆိုင်မှာ …ျေးဝယ်လေ့ရှိသည်။

ယခုဆိုလျှင် ဝစ်ဂင်စတိုးဆိုင်ကလည်း သူ့ကို ဖောက်သည် …ောင်းကြီးတယောက်အဖြစ် နှုတ်ဆက်လေ့ရှိနေပြီ။

သည်တော့ နောက်မိနစ်အနည်းငယ်အတွင်းမှာ အချိန်ကိုက် …ားသည့်အတိုင်း အဲဒီနေရာကို သူ ရောက်ရမည်။

လမ်းလျှောက်သည့်သူများ တယောက်မျှမရှိပါ။ လေအတိုက် …ြမ်းနေ၍ အိမ်အပြင်ထွက်ဖို့ တားဆီးပိတ်ပင်သလို ဖြစ်နေ …သည်။ ၆ အေလမ်းမကြီးနား သူ ရောက်လာသည့်အခါ ကား …ို အရှိန်သတ်ပြီးရပ်လိုက်သည်။

ကံကောင်းလိုက်တာ၊ ဝဲယာက ကားတစီးဘာလေမျှမ… …ါ။ ကားကို ရှတ်ဘရက် အရှိန်မြှင့်လိုက်သည်။ စတေ…ဝက်

www.burmeseclassic.com

www.burmeseclassic.com



ရှုံကြီးသည် လမ်းမကြီးကို အရှိန်ပြင်းစွာနှင့် ဖြတ်ကျော်ပြီ၊ အဲ့ဒီချက်ခြင်းအနောက်ဘက် လမ်းပေါ်ကို တရှိန်ထိုးရောက်သွား သည်၊

အဒေရးကြီးသည်က မင်သေသေနှင့် ရဲဝံ့ဖို့ပဲလိုသည်။ မည် သူပဲဖြစ်ဖြစ် အစီအစဉ်တခုဆွဲပြီး အစီအစဉ်အတိုင်း လုပ်ကိုင်နို သည်။ သို့ရာတွင် မယုံကြည်နိုင်လောက်အောင်လွယ်ကူပြီး စက္က စိတ်ကလေးအထိ အချိန်ကိုက်တိကျဖို့ကတော့ တကယ့်ကို ပညာ သားပါလှသည်။

ကြိုးတန်းလျှောက်သူလို ကြိုးတန်းဆုံးသည်နှင့် တပြိုင်နက် သူ့ကို ဘယ်သူကမျှ လှည့်ကြည့်တော့မည် မဟုတ်ပါ၊ အဲဒီလို ပါပဲ။ လုပ်ငန်းအောင်မြင်သွားလျှင် မည်သူမျှ သတိထားလိ မည် မဟုတ်ပါ။

၁၀ နာရီထိုးဖို့ ၁၀ မိနစ်။

ကလေးတွေအပြင်ရောက်နေသည်မှာ ၁ မိနစ်ခန့်ရှိပြီ။ ဘာ ဖြစ်နိုင်သည်ဆိုသည်ကို သူ သိသည်။ တယောက်က ရေတော်လ အိမ်ထဲဝင်ပြီး ရေသွားသောက်ချင် သောက်မှာ၊ တလလုံးလုံး နေ့စဉ်နှင့်အမျှ သူ စောင့်ကြည့်ခဲ့ပြီးပြီ။ မိုးတကယ်ရွာသည့်နေ့မှ အပ ကလေးများ အပြင်ထွက်ကစားတတ်ကြသည်။ သူမသည် ၁၀ မိနစ် ၁၅ မိနစ်မျှတော့ ကလေးများကို လာမကြည့်တတ် သလို၊ ကလေးတွေကလည်း ၁၀ မိနစ်လောက်နှင့် အိမ်ထဲပြန် မဝင်တတ်ပေ။



၁၀ နာရီထိုးဖို့ ၉ မိနစ်။

သူ့ကားကို မြေလမ်းပေါ်သို့ကွေ့မောင်းလာသည်။ နောက် မိနစ်အနည်းငယ်ကြာလျှင် သတင်းစာလည်း သူတို့အိမ်ရောက် တော့မည်။ သူရေးပို့ခဲ့သည့်သတင်းကြီးလည်း ယနေ့ ပါလာ မည်။

နန့်စီကို ပေါက်ကွဲစေနိုင်သောအရာပေပဲ၊ သူမ၏အကြောင်း များကို ဖော်ထုတ်ဖွင့်ချထားသည်။ ဤမြို့မှ လူတွေအားလုံးက တုန်လှုပ်ချောက်ချားစွာဖြင့် သူမအကြောင်းကို ပြောကြလိမ့် မည်။ သည်အိမ်ရှေ့မှဖြတ်သွားပြီး စူးစူးစိုက်စိုက်ကြည့်ကြလိမ့် မည်။

သူသည် ကားကိုသစ်ခအာအလယ်မှာရပ်လိုက်သည်။ လမ်း ပေါ်မှ ကြည့်လျှင်မမြင်နိုင်။ အိမ်ထဲကသူမကလည်း မမြင်နိုင်။ သူ ကားပေါ်ကသွက်သွက်လေး ဆင်းလိုက်ပြီး၊ သစ်ပင်များ၏ အကာအကွယ်ကိုယူကာ ကလေးများရှိရာသို့ သုတ်သီးသုတ်ပျာ သွားခဲ့သည်။ သစ်ပင်များမှာ အရွက်များကြွေကုန်ကြပြီဖြစ်သော် လည်း အမြဲတမ်းစိမ်းစိုနေသော အချို့သစ်ပင်များကျန်နေသဖြင့် သူ့ကို အကာအကွယ်ပေးထားသလိုဖြစ်နေသည်။

ကလေးများကို သူမမြင်ရချင်၊ သူတို့လေးတွေ၏အသံများ ကို ကြားနေရသည်။ ယောကျာ်းလေးအသံဟာ ကလေးမလေး ကို ဒန်းလွှဲပေးနေသဖြင့် မောသံပါနေပြီ....။

"မေမေ့အတွက် ဘာလက်ဆောင် ဝယ်ရမလဲ[illegible]ဒါတွေ ဖေဖေ့ကိုမေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကလေးမလေးသည် ရယ်လိုက်ပြီး....

"ကောင်းတယ် မိုက်၊ ခပ်မြင့်မြင့်လေးလွှဲပေးပါဦး"

သူ ကောင်လေး၏နောက်နား အသာလေး ကပ်သွားသည်။ ကောင်လေးက သူ လာသံကို ကြားလိုက်သည်။

ကောင်လေးက ကြောက်ရွံ့သည့်မျက်လုံးနှင့် အော်မည့်ဟန်ပြုသည့် ပါးစပ်ကလေးကို မြင်လိုက်သောအခါ သူက လက်တဘက်ဖြင့် မျက်လုံးနှင့်ပါးစပ်ကိုပိတ်ပြီး ကျန်လက်တဘက်က ကောင်လေး၏ သိုးမွေးလက်အိတ်အပေါ်သို့ အဆင်သင့်ပါလာသည့်အပ်နှင့် ထိုးလိုက်သည်၊ ကောင်လေးသည် တချက်ရုန်းဖို့ကြိုးစားပြီး အသံမထွက်ပဲ မြေကြီးပေါ်ပုံကျသွားသည်။

ဒန်းက တခေါက်ပြန်လာပြီ။ ကလေးမလေးက....

"မရပ်နဲ့ မရပ်နဲ့၊ လွှဲပါဦး"

ဟု ဆက်အော်သည်။ သူက ဒန်း၏ညာဘက်ကကြိုးကို ဖမ်းဆွဲပြီး ဒန်းအရပ်မှာ အမှုမဲ့အမှတ်မဲ့နေသော ကလေးကိုနောက်ကနေပတ်၍ ပွေ့လိုက်သည်။ အသံမထွက်စေရန် ပါးစပ်ကို အသာပိတ်ပြီးပြုံးနေသည့်အရုပ်နှင့် လက်အိတ်ကလေး အပေါ်မှ အပ်ကိုထိုးထည့်လိုက်သည်။ ကလေးမလေးသည် ချက်ချင်းပင် ညည်းသံလေးနှင့်အတူ သူ့ရင်ခွင်ထဲ ခွေကျသွားသည်။

သူသည် ကလေးများကို ပွေ့ပိုက်ပြီး ကားဆီပြေးအသွားမှာ ကလေးမလေး၏ လက်ဘဲဘက်က လက်အိတ်ကလေးတခုသည် ခြင်းမှာငြိပြီး ကျွတ်ကျန်ရစ်ခဲ့သည်ကို သူ သတိမထားလိုက်မိ။



၁၀ နာရီထိုးဖို့ ငါးမိနစ်အလိုမှာ ကလေးများသည် ပတ္တူကာအကြီးအောက်မှာ ခွေလျက်သားဖြစ်နေကြပြီ။

ကားကို မြေလမ်းလေးမှ နောက်ဆုတ်ပြီး ကျောက်လမ်းပေါ်သို့အရောက် သူ မောင်းခဲ့သည်။ လမ်းမအထွက်၌ ဒေါ့ချ်ကားငယ်လေးတစီး သူ့ဘက်မောင်းလာသည်ကို မြင်လိုက်ရ၍ ကျိန်ဆဲမိသေးသည်။

အဲဒီကားလေးသည်သူ့ကိုလမ်းမကြီးပေါ်အရောက် မောင်းပေးရန် အရှိန်သတ်ထားသည်ကို သူမြင်လိုက်ရသည်။ ဒီတော့သူသည် တခြားဘက်ကို မျက်နှာလွှဲလိုက်သည်။

သည်လိုဖြတ်အသွားမှာ တဘက်ကားက ကားမောင်းသူကို အသာမျက်စောင်း ထိုးကြည့်လိုက်သည်။ ပုပ်နှံးမကျသော ဦးထုပ်အောက်မှာ နှာခေါင်းချွန်ချွန်၊ မေးချွန်ချွန် အရိပ်တခုကို မြင်လိုက်ရသည်။ ထိုကားမောင်းသူက သူ့ဘက်ကို လှည့်ကြည့်ပုံ မရပါ။

သည်မျက်နှာကို မြင်ဖူးသလို ပိုတော့ရှိသည်။ ကိတ်မြို့မှ ယောက်ယောက် ဖြစ်ချင်ဖြစ်နေမှာ။ နောက်ပြီး သူ အရှိန်မြှင့်ပြီး လမ်းပေါ်ကို မောင်းတင်ခွင့်ပြုလိုက်သော စတေရှင်ဝက္ဂန်သည် အဲဒရက်ခြံနောက်ဘက်မြေလမ်းပေါ်မှ မောင်းထွက်လာသည်ကို မှတ်မိချင်မှမှတ်မိမှာ။ လူတော်တော်များများသည် ဖြင့် အမှတ်တမဲ့နေတတ်ကြသည်၊ နောက် မိနစ်နည်းနည်းအတွင်းမှာကားတစင်း သည်နားမှာတွေ့သွားသည်ကို သတိရကြတော့မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်ထဲမှနေပြီး ဒေါ်ချိုကားလေး ပျောက်ကွယ်သည်အထိ သူ စောင့်ကြည့်ခဲ့သည်။ ကျေနပ်စွာဖြင့် နောက်ကြည့်မှန်ကလေးကို ကားနောက်ပိုင်းမှ မိုကာအင်္ကျီကြီးကိုမြင်အောင် ပြန်ရွှေ့လိုက်သည်။ မိုကာအင်္ကျီကြီးသည် ငါးမျှားကိရိယာများအပေါ် ဖြစ်ကတတ်ဆန်း ပစ်ထားသလိုနှင့် တူလှသည်။ သည်တော့မှ သူ စိတ်ကျေနပ်သွားပြီး မှန်ကလေးကိုပုံမှန်အတိုင်း နေရာပြန်ရွှေ့လိုက်သည်။

မှန်ထဲကိုတော့ သူ ပြန်၍မကြည့်မိတော့ပါ။ အကယ်၍များ သူ ကြည့်မိလျှင် စောင့်ကြည့်ခဲ့သည့် ဒေါ်ချိုကားလေးသည် အရှိန်သတ်ပြီး နောက်ပြန်ဆုတ်လာသည်ကို သူ မြင်ရလိမ့်မည် ဖြစ်သည်။

၁၀ နာရီထိုးဖို့ ၄ မိနစ်အလိုမှာ သူ ဝစ်ဂင်ဈေးဆိုင်ထဲသို့ ဝင်လာပြီး ဆိုင်ရှင်ကို ကူခြွေမပျက် နှုတ်ဆက်လိုက်ကာ အအေးခန်းကောင်တာမှ နွားနို့တပုလင်း ဝယ်သွားသည်။

* * *

အခန်း ( ၅ )

နန်စီသည် အိပ်ရာခင်းနှင့် အဝတ်ဟောင်းများ တပွေ့ကြီး ပြီး မတ်စောက်သည့် လှေကားမှ ထိန်း၍ဆင်းလာသည်။ သည်နေ့တော့ လေမကျခင် အဝတ်များကိုလျှော်ပြီး အပြင်မှာ မ်းလိုက်မည်ဟု ရုတ်တရက် ဆုံးဖြတ်လိုက်သည်။ ဆောင်းက င်နေပြီ။ သစ်ပင်တချို့မှ ရွက်ဝါများကိုလည်း လေက ခြွေချ ပြီ။ သစ်ရွက်များသည် မြေသမ်းပေါ်မှာ ပြန့်ကြဲနေရာမှ ကန့် ရိုတမျှမာနေပြီ။

ပင်လယ်ကွေ့၏ အရောင်သည်လည်း မီးခိုးရောင် မြာနှမ်း မ်းသို့ ပြောင်းလဲလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ လေကျူးတော့မည့် အရိပ်အရောင်များ ပြနေပြ ဒါပေမယ့် နေရောင်လေး နည်းနည်းရှိနေသေး၏။ ဒါကို အသေ ကောင်းယူဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အဝတ်များမှ ရောင်ကြောင့် ခြောက်သွေ့သွေ့သည့် အနံ့လေးများကို သူ နှစ်သက်သည်။ အိပ်ရာခင်းလေးများဆိုလျှင် ရေနံ့ကလေးနှ ပင်လယ်ဆားနံ့ကလေးများ ရနေရာမှ အိပ်ပျော်သွားခြင်း သူမ နှစ်သက်သည်။ ထောင်ထဲမှာနေရစဉ်က ထောင်ကပေးသည အဝတ်အစားများ၏ အနံ့နှင့်တော့ မတူဘူးပေါ့။ သည်စိတ် များကို သူမဦးနှောက်ထဲမှ ဖယ်ရှားပစ်လိုက်သည်။

လှေကားခြေရင်းရောက်သောအခါ နောက်ဖေးထွက်ပေါ တံခါးဘက်သို့ သူမ ခြေဦးလှည့်လိုက်သည်။ ဒါပေမယ့် ပြန်ရ လိုက်သည်။ မိုက်မဲလိုက်ပါဘိ။ 'ကလေးများအတွက်အခြေအ ကောင်းနေသားပဲ။ သူတို့ အပြင်ထွက်ကစားဘာသည်း ၁ မိနစ်ပဲရှိသေးတယ်' ဤသို့ အမြဲတမ်းလိုလို သတိပေးပြီး စိုး ကြောင့်ကြမှုများကို ဖယ်ရှားဖို့ကြိုးစားရမည်။

ယခုတောင်မှ မစ်စီသည် သူ့အမေက အရာရာတိုင်းမှာ သ ပေးပို့လွှန်းနေသည်ကို သိနေပြီဟု သူမ ထင်မိသည်။

သူမသည် အဝတ်လျှော်စက်ကို ဖွင့်လိုက်သည်။ အဝတ်မျ လျှော်ပြီးလျှင် ကလေးတွေကို ပြန်ခေါ်မည်။ ၁၀ နာရီခွဲမှ ရုပ်မြင်သံကြား အစီအစဉ်အား သူ့တို့ကိုကြည့်နေစေမည်။ ဝ မျှားရာသီကုန်၍ ခရီးသည်များ အလာနည်းသွားလျှင် ဈေ ဟောင်းပစ္စည်း ဆိုင်မှာ ဈေးပေါပေါနှင့် ပစ္စည်းများ ဝယ် နိုင်မည်။



ညှော်ခန်းအတွက် ရှေးဟောင်းနောက်မီ မြင့်မြင့်နှင့် ဆက်တီ ထစုံ သူမ လိုချင်နေသည်။

မီးဖိုရှဲ့ တဘက်ခန်းရှိ အဝတ်လျှော်ခန်းထဲမှာ အဝတ်များ ရွေးပြီး အဝတ်လျှော်စက်ထဲသို့ ထည့်နေသည်။ ဆပ်ပြာမှုန့်နှင့် ရေများထည့်ပြီး စက်ကို ဖွင့်လိုက်သည်။

ယခုလောက်ဆိုလျှင် ကလေးတွေခေါ်ဖို့သင့်ပြီ။ အိမ်ရှေ့ခန်း တံခါးပေါက်နားမှ သူမ ပြန်ကွေ့အလာမှာ သတင်းစာပို့သွာ သည်ကို သူမ မြင်လိုက်ရသည်။ သတင်းစာပို့သည့် သူငယ်ကလေး သည် အိမ်ရှေ့လမ်းကွေ့က ကွေ့သွားသည်ကို လှမ်းမြင်လိုက် ရသည်။

သတင်းစာကောက်ယူလိုက်ချိန်မှာ လေတိုက်သဖြင့် ချမ်းတု ပြီး ခပ်သွက်သွက်လေး ပြန်လှည့်လာခဲ့သည်။ နွေးနေသော ကော်ဖီအိုးအောက်မှ ဓာတ်ငွေ့မီးကို မီးမြှင့်တင်လိုက်သည် သတင်းစာထဲမှ ကြော်ငြာများအား အလျင်ကြည့်ချင်လိုသဖြ နောက်ဘက်ပိုင်းကို ခပ်သွက်သွက်လေးလှန်လိုက်သည်။

သတင်းစာထဲမှာ ထင်းထင်းကြီးပေါ်လာသော ခေါင်းကြီ နှင့် သူမနှင့်ကာလ်တို့၏ဓာတ်ပုံ၊ ရော့ရက်ဂလာ၏ဓာတ်ပုံများ သူမ စူးစူးစိုက်စိုက်ကြည့်မိလိုက်သည်။ သူမကို ယုံကြည်စိတ်ချစ တွယ်ကပ်နေသည့် ပိဘာနှင့်လီဇာတို့၏ပုံကိုလည်း သူမ မြင်နေ သည်။ သူမနားထဲမှာ ဤဓာတ်ပုံရိုက်စဉ်ကအသံများကို ကြား ယောင်လာမိသည်။ ဤဓာတ်ပုံကို ကာလ်ကိုယ်တိုင်ရိုက်ခြင်း ဖြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာလ်က "ငါ့ကိုဂရုမစိုက်နဲ့နော်၊ ငါမရှိဘူးလို့ သဘောထားလိုက်" ဟု ပြောသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး"

သူမ အော်ဟစ်လျက် သာတင်းစာကို မီးလင်းဖိုအတွင်းသို့ လုံးထွေးထိုးထည့်လိုက်၏။

ထိုစဉ် သူမ၏လက်တဘက်က ကော်ဖီအိုးအား တိုက်မိပြီး တိမ်းမှောက်သွားလေသည်။

ကလေးများ....။

ကလေးများအေးနေရော့မည်။

နောက်ဖေးထွက်ပေါက်တံခါးကို အလျှင်စလိုဆွဲဖွင့်လိုက်၏။

သူမ သုတ်သုတ်လေးပြေးထွက်သွားသည်။ အအေးဓာတ်ကို သူမ ဂရုမစိုက်အားပါ။

ဒန်း....။

သူတို့ ဒန်းပေါ်ကဆင်းသွားပြီး ဖြစ်မှာပါ။ တောလေးထဲမှာများ သွားဆော့နေကြသလား။

"မိုက်ကယ်....မင်စီ....၊ မိုက်ကယ်....မစ်စီ....၊ ပုန်းမနေကြနဲ့၊ လာခဲ့ကြ၊ လာခဲ့...."

သူတို့ ဘယ်ရောက်နေသလဲ၊ သူတို့ ဘယ်မှာလဲ။

ဒန်းသည် ယခုထိလှုပ်ယမ်းနေဆဲ။ ဒန်းကိုလေကလှုပ်ပေးနေသည်။ လက်အိတ်ကလေးကို သူမ မြင်လိုက်သည်။ မစ်စီ၏ လက်အိတ်လေး။ ဒန်းတဘက်ရှိသံကြိုးမှာ ငြိကျန်ရစ်ခဲ့သည်။



ခပ်လှမ်းလှမ်းမှအသံတခု သူမ ကြားလိုက်ရသည်။ ဘာသံ ...ပါလိမ့်၊

ကလေးတွေ.......။

သူတို့ ရေကန်နားမှာရှိမှာပဲ။ သူတို့ကို ရေကန်နားကိုမသွား ...ဟု ပြောထားသည်။ ဒါပေမယ့် သူတို့ သွားချင်သွားနေ ...။ သူတို့ကို တွေ့မှာပါ။ အလျှင်ကလေးတွေလိုပဲ ရေထဲ ...များ....။

သူတို့မျက်နှာလေးတွေ ရေစိုပြီး ယောင်ကိုင်းနေတယ်လေ၊ ...ဆက်နေကြတယ်။

အမြှုံးရုပ်ပုံလေးပါသည့် မစ်စီ၏လက်အိတ်ကလေးကို ဆွဲယူ... ရေကန်ဘက်ကို သူမ ဒယီးဒယိုင်ဖြင့် လိုက်သွားသည်။ ...သားများ၏နာမည်ကိုလည်း ထပ်ကာတလဲလဲ ခေါ်နေသည်။ ...ကြားမှ အဘင်းတိုးထွက်၍ သောင်ခုံအထိ သူမ ရောက်သွား...သည်။

ရေအောက်ကပြောင်မြောင်လက်လက်ဘာခုခုကိုမြင်လိုက်ရ၏။ ...ဆိုင်လေး....၊ တခုခုများလား။ လက်အိတ်လေး၊ နောက် ...ဘက်လား။ မစ်စီ၏သက်ဘကလေးလား။ သူမသည် အေးစက်... ...ရေထဲကို ပခုံးထိအောင်လှမ်းနှိုက်လိုက်သည်။ ဒါပေမယ့် ...မတွေ့ရ။ အခုလာတကြိမ် နှင့်ပင် သူမသည် ရေအောက်မှ ...ဆက် ရှည်ယက် ယက်ကြည့်သည်။ ရေခဲတမျှအေးစက်သည့် ...လွှဲ၍ ဘာမျှမတွေ့ရ။ ရေအောက်တွင် ...ရလေမည်

www.burmeseclassic.com

www.burmeseclassic.com



လားဟု သူမ ကုန်းပြီးငုံ့ကြည့်လိုက်ရာ အရှိန်လွန်ပြီး ရေထဲ
လိမ့်ကျသွားသည်။ ရေများသည် သူမ ပါးစပ်ထဲ၊ နှာခေါ
ထဲကို အရှိန်နှင့်တိုးဝင်သွားသည်။

သူမသည် တနည်းနည်းနှင့်ကြိုးစားပြီး ကုန်းပေါ်တက်
ခဲ့ရာ သူမအင်္ကျီအိတ်စိုများက ရေထဲသို့ တဖန်ပြန်ပြီးဆွဲချလို
သည်။ သူမသည် အေးစက်နေသောသဲခုံးပေါ်မှာ မှောက်လျ
သား လဲကျသွားသည်။

သူမနားထဲတွင် ဝူးဝူးဝါးဝါးအသံတွေဖြင့် အူနေသ
မျက်စိရှေ့တွင် မြူနှင်းများ တဖြည်းဖြည်းဖုံးကွယ်သွာ
ဝေဝါးသွားသည်၊ နှင်းမြူများကြားမှ သစ်တောထဲသို့
လှမ်းကြည့်လိုက်ရာ 'သူ့'ကို မြင်လိုက်သည်။ သူ့မျက်နှာ
ဘယ်သူ့မျက်နှာလဲ။

သူမမျက်စိများကို နှင်းများက လုံးဝဖုံးကွယ်သွားပြီ။ အ
များသည် တဖြည်းဖြည်းပျောက်ကွယ်သွားသည်။

စင်ရော်ငှက်၏ ကြေကွဲဖွယ်အော်မြည်သံကလေးများ။

လှိုင်းပုတ်သံများ....။

အားလုံး လုံးဝတိတ်ဆိတ်သွားသည်။

'ရေး'နှင့် ဒေါ်ရော်သီက သူမကို သည်နေရာမှာတွေ့ကြ
သည်။ သောင်ခုံပေါ်မှာလဲနေပြီး ထိန်းသိမ်းလို့မရနိုင်လော
အောင် ချမ်းတုန်နေသည်။ ဆံပင်နှင့် အင်္ကျီအဝတ်အစားမျ
သည်လည်း သူမခေါင်းနှင့်ကိုယ်မှာ ရေစိုပြီး ကပ်နေကြသည်



သူမမျက်လုံးများသည် ကြောင်တောင်တောင် ဖြစ်၍နေသည်။
လက်အိတ်နီကလေးကို ဆုတ်ထားသည့် သူမ၏လက်နှင့် သူမ၏
ပါးပြင်များမှာ ပွန်းပဲ့နေသည်ကိုလည်း တွေ့လိုက်ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

ဂျိနသန့်သည် နံနက်စာ စားပြီးသောပန်းကန်များကို စိတ်ရှည်ရှည်နှင့် သန့်သန့်ရှင်းရှင်းဆေးပြီး ကြက်ဥကြော်ထားသည့် ဒယ်အိုးကိုလည်း တိုက်ချွတ်ဆေးကြောလိုက်သည်။ မီးဖိုခန်းကိုလည်း တံမြက်စည်းလှဲလိုက်သည်။

အဲမလီသည် သပ်ရပ်သန့်ရှင်းစွာ နေတတ်သောသူ ဖြစ်၍ အဲမလီနှင့်နှစ်ရှည်လများ အတူနေလာခဲ့သဖြင့် သန့်ရှင်းမှု၊ သေသပ်မှုအရသာကို သူ လိုလားနှစ်သက်ခဲ့သည်။ အဝတ်အစားများကိုလည်း အမြဲဘမ်း ဗီရိုထဲမှာ ချိတ်ထားလေ့ရှိသည်။ အဝတ်ဟောင်းများကို လျှော်ဖို့ခြင်းထဲမှာထည့်ပြီး တဦးတည်း



ထမင်းစားပြီးသော်လည်း စားပွဲကိုအမြဲတမ်း ရှင်းလင်းတတ်သည်။

သူ့အနေနှင့် အိမ်သန့်ရှင်းရေးအမျိုးသမီး ပြန်သွားသည့်အခါ မေ့ကျန်ရစ်ခဲ့သော၊ မလုပ်မိသည့် အသေးစိတ်ကလေးများကို ဖြည့်စွက်လုပ်ကိုင်ပေးတတ်သည်။ ဥပမာအားဖြင့် ဗူးခွက်များကို ဖုန်သုတ်ခြင်း၊ စားပွဲကို ပေါလစ်သုတ်ရန် လက်ကျန်အဆောင်ခလေးများကို ရှင်းလင်းခြင်း အစရှိသည်များကို လုပ်လေ့ရှိသည်။

နယူးယောက်မြို့မှာနေစဉ်က ၅၅ လမ်းထောင့်မှာနေခဲ့သည်။ သူတို့နေသောတိုက်ခန်းကြီးသည် အရှေ့မြစ်အထိ ရှည်လျားသည်။ တခါတလေ သူတို့နေသည့် ၁၇ ထပ်ရှိ ဝရန်တာမှနေ၍ မြစ်ကို ဖြတ်ကူးထားသော တံတားမှ မီးရောင်ကလေးများကို ငေးမောကြည့်ရှုယင်း တနေ့သောတချိန်၌ အလုပ်မှ အနားယူပြီး ကိတ်မြို့သို့ပြောင်းလာပြီး မောရှော့ရေကန်ကို ငေးမောကြည့်ရှုခည့်အကြောင်းကို ထိုစဉ်က မျှော်မှန်းပြောဆိုခဲ့သည်။

အဲမလီကို သူက "နေ့စဉ်အိမ်အလုပ်တွေကို ကူညီလုပ်ကိုင်ပေးဖို့ 'ဘာသာ' က လိုက်လာနိုင်မှာမဟုတ်ဘူး" ဟု စမိသည်။

"ကျွန်မတို့အဲဒီရောက်တဲ့အခါမှာ ဘာသာ်ဟာလဲ အနားယူပြီးသားဖြစ်နေမှာပေါ့။ ကျွန်မရဲ့လက်ထောက်အဖြစ် ရှင့်ကိုပဲ ခန့်တန်းပေးရမှာပဲ။ ကျွန်မတို့လိုတာက တပတ်တခါ အိမ်သန့်ရှင်းလင်းရေး အမျိုးသမီးတယောက်ပဲ လိုတယ်မဟုတ်လား။ အဲဒီလိုနှယ်ရှိစ၊ ရှင့်အနေနဲ့ကဇတာ ရှုံးသွားဖို့ စားနဲ့ပဲမကြိုပ်ပါးနဲ့ရမှာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ဂျိနသန်က ဤသို့ဆိုလျှင် စက်ဘီးဝယ်မည်ဟု ပြန်ပြောခဲ့သည်။

"အခုတော့ ကိုယ် စက်ဘီးဝယ်စီးမလို့ စိတ်ကူးတာ။ ဒါပေမယ့် အမှုသည် တချို့ကြားသွားယင် ကိုယ့်ကို စက်ဘီးနဲ့ ရှုံးတက်ရပါ့မလားဆိုပြီး၊ စိတ်မကောင်းဖြစ်ကြမှာစိုးလို့"

"ရှင် စာရေးဖို့ ကြိုးစားသင့်တယ်လို့ ကျွန်မ ထင်တယ်။ လွန်ခဲ့တဲ့ နှစ်ကာတည်းက ရှင် ဒီအလုပ်ကို စကြည့်ခဲ့ဖို့ကောင်းတယ် နော်...."

"မလုပ်နိုင်ဘူးပါဗျာ၊ ၅ လမ်းမကြီးပေါ်မှာရှိတဲ့ ဈေးဆိုင်တွေ အမြဲဘ်အစွန်းများများရဖို့ ကျုပ်မိန်းမ ဈေးဝယ်နိုင်အောင် ကျုပ်က ငွေရှာနေရတာကိုး...."

"ဒါ....ရှင့်အမှားပဲ၊ ဟိုတုန်းက ရှင်ပဲ ရှင်ရှာတဲ့ပိုက်ဆံတွေ ကျွန်မကို သုံးခိုင်းတယ်မဟုတ်လား"

"ဟုတ်ပါတယ်ကွာ၊ မင်းအပေါ်မှာ ငါမတွန့်တိုခဲ့ပါဘူး၊ ငါ့ကံကလဲ သိပ်မဆိုးလှပါဘူး"

သည့်အရပ်မှာ သူတို့နှစ်ဦးသား အတူတူနေရမည်ဆိုလျှင်....။

ဂျိနသန်သည် သက်ပြင်းတချက်ချပြီး ပန်းထန်သုတ်သည့် အဝတ်ကို ချိတ်မှာချိတ်လိုက်သည်။

—နံနက်က နန်စီနှင့် သူ့ကလေးတွေကို ပြတင်းပေါက်က လှမ်းမြင်လိုက်ရသည်ကို သူ့စိတ်ထဲမှာ မခုရမရှုနှင့် တမျိုးကြီးခံစားလိုက်ရသည်။



ဆောင်းဝင်လာ၍ ရာသီဥတုခကောင်းသည့်အတွက် နေမထိ ဆောဖြစ်ဘာပဲနေမှာပါ၊ သူ့စိတ်ကိုတစုံတခုတော့ အနှောင့် ဖြစ်ခနေသည်ဟုလည်း သူ ထင်မိသည်။ အမှုတွဲတခုကို ပြင် မှာ တချို့သော အချက်အလက်များကို သူ့နေရာနှင့်သူ ဘင်ကျမဖြစ်သည့်အခါမှာ သူ့စိတ်ထဲက ယားကျိကျိခံစား ည်ဖြစ်မျိုးနှင့် တူနေသည်။

ပါလေ၊ ဘာပဲဖြစ်ဖြစ် စအလုပ်လုပ်ဖို့ သူ စာရေးစားပွဲမှာ သိုက်သည်။ ရေးရမည်က 'ဟာမွန်' ၏ အခန်း။

သူ သည့်ဘက်အချိန်စောပြီး အနားယူဖို့ကောင်းသည်ဟု ကူးမိသည်။ အခုတော့ မမျှော်သင့်ပဲ သည်လိုပဲ အနား ယိုက်ရသည်။

အဲမလီကို ဆုံးရှုံးပြီးသည့်နောက် နယူးယောက်ရှိ တိုက်ခန်း ဆောင်းပစ်ခဲ့ပြီး အလုပ်မှ နုတ်ထွက်စာတင်၍ ဘာသာကို င်ပေးကာ သူတို့သင်မယားနှစ်ယောက် အတူတကွ ရွေးချယ် ားသည့် ယာအိမ်ကို ပြောင်းလာခဲ့သည်၊ အစဦးပိုင်းတုန်းက ်ခကောင်းခဲ့၊ ငမ်းနည်းသလိုဖြစ်ခဲ့ရသော်လည်း များမကြာမီ ျနုပ်ဆောင့်ရဲမှု အနည်းငယ်ကို ရရှိခဲ့သေသည်။

စာအုပ်ရေးရသည့်အလုပ်သည် စိတ်ဝင်စားဖို့လည်း ကောင်း ည်။ အချိန်ကိုလည်း ဖြန့်ဖိုးရှိရှိ အသုံးချနိုင်သည်။ သူစာရေးဖို့ ်ကူးရစဉ်က သူ့မိတ်ဆွေ 'ကီဗင်ပါကြ်' ကို သူ့ထံ အလည် ာဖို့ ခေါ်လိုက်ပြီး သူစာရေးမည့် အစီအစဉ်များကို တိုင်ပင် သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုနသန်က ပြဿနာပေါ်ခဲ့သော နာမည်ကြီး လူသတ်[illegible]
၁၀ မှုကို ရွေးချယ်ကာ ထိုအမှုများနှင့်ပတ်သက်၍ ရုံးမှတ်တ[illegible]
များ၊ သက်သေထွက်ချက်များ၊ သတင်းစာပါ အကြောင်းအ[illegible]
များ၊ ဓာတ်ပုံများ၊ အရပ်ထဲက သူပြောငါပြောစကားများ[illegible]
စုဆောင်းပေးဖို့ ကီဗင်ကို တာဝန်ပေးခဲ့သည်။

ရရှိသော အမှုတွဲ တခုချင်းကို အသေးစိတ် လေ့လာပြီး[illegible]
မည်သို့မည်ပုံ ရေးရမည်ဆိုသည်ကို နောက်မှဆုံးဖြတ်မည်။ တ[illegible]
ရုံးက ချမှတ်သည့် အမိန့်များကို ထောက်ခံသင့်မှုထောက်[illegible]
မထောက်ခံသင့်က ဆန့်ကျင်ရန် အကြောင်းပြချက်များနှင့်အ[illegible]
ရေးသားဖို့ သူ စီစဉ်ထားသည်။

သူ၏ စာအုပ်နာမည်ကို 'သံသယ ဆုံးဖြတ်ချက်' ဟု အမ[illegible]
ပေးဖို့လည်း သူ စဉ်းစားထားခဲ့သည်။

အခန်း ၃ ခန်း သူရေးပြီးပြီ။ ပထမအခန်းသည် 'အမ်ရှက်ပ[illegible]
အမှု' ဖြစ်သည်။ သူ့သဘောထားကတော့ အပြစ်မရှိ၊ သ[illegible]
သေခံချက်မခိုင်လုံဘူး။ အခြားခဝဖန်သူတယောက်ဖြစ်သူ ဒေ[illegible]
ရော်သီကိဂါလင်ဇမူ ဆမ်သည် မယားခိုးမှုကို ကျူးလွန်[illegible]
ရောက်ပြီး လူသတ်မှုမှာ ကျူးလွန်ရာမရောက်ဘူးဟု ယူဆသည်[illegible]

ဒုတိယအခန်းကတော့ 'ကက်ပိုလီနိုအမှု' ဖြစ်သည်။ မတ်ဖ[illegible]
ဂါ ဟူသည့် အမျိုးသမီးသည် သူ့ ချစ်သူဟောင်းနှင့် အ[illegible]
ထောင်ဒဏ်ထိုက်သင့်သည်ဟု သူ ဆုံးဖြတ်ထားသည်။

လောလောဆယ်ပြီးသွားသည့် အက်ဂါစမစ် အမှုကတော့[illegible]
အက်ဂါစမစ်သည် အပြစ်ရှိသည်မှန်သော်လည်း လွတ်လပ်ခွင့်နှင့်[illegible]



ထိုက်တန်သည်ဟု ယူဆခဲ့သည်။ ၁၄ နှစ်ဆိုသော အပြစ်ဒဏ်သည်
အနေအခါမှာ ထောင်တသက်တကျွန်းဟု ခေါ်ထိုက်သည်။
ဒီးကာလအတွင်း ကြိုးတိုက်ထဲမှာနေယင်း သူ့ကိုယ်သူ ပညာ
ပေးပြုပြင်ပြီး လူကောင်းတယောက် ပြန်ဖြစ်နေလောက်ပြီ။

သူ စာရေးစားပွဲမှာထိုင်လိုက်ပြီး မနေ့ကမှရောက်လာသော
ဖိုင်တွဲကို ကောက်ကိုင်လိုက်သည်။ အခေါ်မှာတော့ 'ဟာမွန်
အမှုတွဲ' ဟု ရေးထားသည်။ ပထမအိတ်မှာ ကီဗင်က မှတ်စုတို
လေးတခု တွဲပေးထားသည်။

"ဂျွန်...ဒီအမှုတွဲကို ခင်ဗျား သိပ်စိတ်ဝင်စားမယ်လို့
ကျွန်တော်ထင်တယ်၊ တရားခံဟာ အစိုးရရှေ့နေရဲ့ ပစ်
ကွင်းမှာ ရုပ်သေလို ပေခံခဲ့တယ်။ သူ့ ယောကျ်ားကိုယ်
တိုင် သက်သေခံစဉ်က ဂျူရီလူကြီးများရှေ့မှာ သူမကိုပဲ
စွပ်စွဲခဲ့တယ်။ ပျောက်ဆုံးသွားတဲ့ တရားလိုသက်သေကို
သူတို့ ပြန်ရှာလို့တွေ့မယ်ဆိုယင် သူမကို နောက်တခါ
တရားစွဲဦးမှာပဲ။ ဒီတခါကျယင် ပြီးခဲ့တဲ့ အကြိမ်ကထက်
ပိုလျှို့ကောင်းတဲ့၊ ပိုလုံခြုံမာတဲ့ ခုခံချက်တွေ ပေးနိုင်ရ
မယ်။ အစိုးရရှေ့နေရုံးကတော့ သူဘယ်ရောက်နေတယ်
ဆိုတာသိတယ်။ ဒါပေမယ့် ကျွန်းတော် စုံစမ်းလို့မရဘူး၊
အရှေ့ဘက် တနေရာရာမှာ ရှိတယ်ဆိုတာလောက်ပဲ
ကျွန်တော် ပြောပြနိုင်ပါတယ်...."

ဂျိုနသန်သည် စိတ်ဝင်စားဖွယ်ရာကောင်းသည့် အမှုသစ်
တခုကို စ ကိုင်သောအခါ မှာ စိတ်လှုပ်ရှားမှုမျိုးဖြင့် ဖိုင်တွဲကြီးကို
ဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ကို သေချာခေ စဉ်းစား သေ လာမပြီးခင် ကြိုတင်ပြီး ဘယ်လိုဆုံးဖြတ်ရမည်ဆိုသည်ကို သူ ဘယ်တော့မှခွင့်မပြုခဲ့ပါ။ ဒါပေမယ့် လွန်ခဲ့သည့် ၆ နှစ်က အမှုစစ်ခဲ့သောအကြောင်းအရာများကို ပြန်သတိရမိလေတော့ သူ့ဟာသူ စူးစမ်းချင်စိတ်များ ပေါ်လာသည်။

အဲဒီအချိန်က အမှုစစ်သောအကြောင်းအရာများကို ဖတ်ရှုမှုဖြင့် သူ့စိတ်ထဲမှာ မကောင်းမကျန်းမခွန်းများ ပေါ်ပေါက်လာခဲ့ဖူးသည့်အကြောင်းကို ပြန်သတိရလာခဲ့သည်။

ဒီမေးခွန်းများနှင့်ပတ်သက်ပြီး သူ ယခု ပို၍အာရုံစူးစိုက်ရမည်။ ဒီအမှုနှင့်ပတ်သက်ပြီး သူ၏ ယေဘုယျထင်မြင်ချက်မှာ ထိုစဉ်က နန်စီဟာမွန်သည် သူမ၏ကလေးများပျောက်ဆုံးသွားသောကိစ္စနှင့်ပတ်သက်ပြီး သူမ သိသလောက် အကုန်မပြောခဲ့ဟု၍ သူ ယူဆခဲ့သည်။

ဖိုင်ထဲမှ မှတ်သားထားသည့်စာရွက်များကို သူ့စားပွဲကြီးပေါ်၌ အမျိုးအစားအလိုက် ဖြန့်ပြီး တပုံစီခွဲလိုက်သည်။

အမှုစစ်နေစဉ်ကာလသာရိုက်ထားသည့် နန်စီဟာမွန်၏ဓာတ်ပုံများလည်း ပါသည်။ ခါးအထိရှည်ကျနေသော သူမဆံပင်နှင့် သူမသည် တော်တော်လေးချောလှနေသည်ကိုလည်း တွေ့လိုက်ရသည်။

သတင်းစာအဆိုအရ လူသတ်မှုများ ကျူးလွန်စဉ်က သူမသည် အသက် ၂၅ နှစ်သာရှိသေးသည်။ ဓာတ်ပုံထဲမှာ သူမသည် ထိုအသက်ထက်နုပျိုနေသည်။ ဆယ်ကျော်သက်သာသာလောက်ပဲ



ထင်ရသည်။ သူမဝတ်သောအဝတ်အစားကလည်း လူငယ် ကလေးဆန်သည်။ ဒါဟာ သူ့ရှေ့နေက တမင်သက်သက် မှာ အသက်ငယ်အောင်ပြဖို့ပြောထား၍ ဖြစ်ဟန်တူသည်။

ဒါပေမယ့် ထူးခြားတာက ဒီစာအုပ်ကို စ ရေးဖို့ အစီအစဉ် သည်းက ဒီမိန်းကလေးကို တနေရာရာမှာ မြင်ဖူးသည်ဟု ထင်သည်။. သူ့ရှေ့ရှိဓာတ်ပုံကို သေသေချာချာ စူးစူးစိုက် ကြည့်မိသည်။ ရေးအဲဒရက်၏ မိန်းမအငယ်စားလေးနှင့် သည်။ သူတို့အချင်းချင်းများ တနည်းနည်းနှင့် ဆွေမျိုး တော်နေမလားဟု ထင်စရာ။ ထိုသို့ဖြစ်လျှင် ဤလောက သည် အင်မတန်ကျဉ်းလှပါကလားဟု သူ တွေးလိုက်မိမ မည်။

နောက်စာရွက်တရွက်က နန်စီဟာမွန်၏ ဘဝဖြစ်စဉ်အတို ကလေးကို လက်နှိပ်စက်နှင့် ရိုက်ထားတာ တွေ့လိုက် သည်။

သူမကို ကာလီဖိုနီးယားပြည်နယ်မှာမွေးပြီး အိုဟိုင်ယိုပြည် မှာ ကြီးပြင်းသည်။

ဒါဆိုလျှင် နန်စီ အဲဒရက်နှင့် ဆွေမျိုးတော်စရာ ဘယ်လိုမျှ နိုင်တော့။ 'ရေး'မိန်းမ၏မိသားစုများကား ဗာဂျီးနီးယား ယ်မှာ၊ ဒေါ်ရော်သီပရင်းတစ်နှင့်လည်း အိမ်နီးချင်း ဖြစ် ည်။

ဒေါ်ရော်သီပရင်းတစ်....၊ 'ရေး'အလုပ်ခန်းမှာ အလုပ်လုပ် မိန်းမချောကြီးကို သွား၍သတိရလိုက်တော့ သူ့စိတ်ထဲ နှပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျိနသန်သည် ညနေသတင်းစာများ သွားယူသည့်အခါတိုင်း ညနေ ၅ နာရီခန့်တွင် 'ရေး'၏ရုံးခန်းကိုဝင်လေ့ရှိသည်။ 'ရေး' က သူ့ကို မြေအရောင်းအဝယ်လုပ်ငန်းတချို့မှာ အရင်းအနှီးမြှုပ်နှံဖို့ အကြံပေးခဲ့သည်။ သူ့အတွက်သည်း အကျိုးရှိခဲ့သည်။ ဂျိနသန်ကိုလည်း သူက ရပ်ရေးရွာရေးကိစ္စများမှာ ပါဝင်လုပ်ရှားဖို့ဆွယ်ခဲ့ရာက သူတို့အချင်းချင်း မိတ်ဆွေကောင်းများဖြစ်သွားခဲ့ကြသည်။

ဂျိနသန်သည် 'ရေး'၏ရုံးခန်းသို့ လိုသည်ထက်ပိုပြီး ဝင်ထွက်သွားလာမိနေသည်ဟု သူ့ကိုယ်သူ ထင်မိသည်။ ရုံဖန်ရံခါ သူရောက်သည့်အချိန်မှာ 'ရေး'က........

"အတော်ပဲဗျို၊ ရုံးခန်းပိတ်ချိန်ကလေး........ ကျွန်တော်တို့ အရက်နည်းနည်းသောက်ကြရအောင်ဗျာ"

ဒေါ်ရော်သီကိုပါ သူတို့နှင့်အတူ အရက်သောက်ဖို့ လှမ်းခေါ်လိုက်သည်။ ဒေါ်ရော်သီသည် သူကြိုက်တတ်သည့်ပုံစံမျိုး အရက်စပ်ပေးလေ့ရှိသည်။ နာရီဝက်ခန့် သူတို့ စကားတပြောပြောနှင့် အချိန်ဖြုန်းတတ်ကြသည်။

ဒေါ်ရော်သီသည် ဟာသဉာဏ်ရွှင်သည်။ သူတို့မိသားစုများသည် ဇာတ်လောကနှင့် ရင်းနှီးသူများ ဖြစ်ကြသည်။ သူမှာ ဇာတ်သမားများ၏ ခရီးသွားအတွေ့အကြုံများစွာကို ပြန်ပြောပြနိုင်သည်။

သူမအနေနှင့်လည်း ဇာတ်လောကမှာ အသက်မွေးဝမ်းကျောင်းပြုရန် ရည်ရွယ်ထားသော်လည်း နာမည်ကြီးဇာတ်ထဲ



အရေးမပါသည့် အခန်းကလေး ၃ ခန်းလောက် က,ပြီးသည့်နောက် အိမ်ထောင်ကျသွားပြီး ဗားဂျီးနီးယားပြည်နယ်မှာ အခြေချနေထိုင်ခဲ့သည်။

သူမခင်ပွန်း သေဆုံးသွားပြီးသည့်နောက် အိမ်ခန်းမွမ်းမံပြင်ဆင်ရေးအလုပ်တိုက် တခု ဖွင့်ဖို့ ကိတ်မြို့သို့ပြောင်းလာခဲ့၏။ 'ရေး'နှင့်တွေ့ပြီး 'ရေး'၏စာရေးမအဖြစ် ယနေ့တိုင် ဆက်ပြီး အလုပ်လုပ်နေခဲ့သည်။

ဒေါ်ရော်သီသည် မြေအရောင်းအဝယ်ကိစ္စမှာ အရောင်းတော်သည့် မိန်းမတယောက်သည်ဖြစ်သည်။ ဝယ်ယူရမည့် မြေအဆောက်အအုံက ဘယ်လိုပင်ပုံပန်းမကျစေကာမူ ဒေါ်ရော်သီက ဝယ်သူ၏စိတ်ထဲမှာလှပသွားအောင် အကောင်းအဆည်ဖော်ပေးနိုင်စွမ်းရှိသည်။

ဂျိနသန်သည် ဒေါ်ရော်သီကို ယခုရက်ပိုင်းမှာ ညစာထမင်းဖိတ်ကျွေး၍ ကောင်းမည်လားဆိုသည့် စိတ်ကူးကို ခဏခဏတွေးစားမိသည်။ တနင်္ဂနွေရက်များသည် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှ၏။ သူသည် တယ်လီဖုန်းကောက်ကိုင်ပြီး ဒေါ်ရော်သီ၏ ဖုန်းနံပါတ်ကိုလှည့်ဖို့ မကြာမကြာကြိုးစားမိသည်။ ဒါပေမဲ့ မဆက်ဖြစ်ခဲ့ပါ။

သူ့အနေနှင့် နိစ္စဓူဝတွေ့ကြုံနေရသည့် လူတယောက်အနေဖြင့် အရက်ကြီး ပတ်သက်ရာပတ်သက်ကြောင်း ဖြစ်သွားစေဖို့ ဘာအတင်း မလုပ်သင့်ပါ။ နောက်ပြီး သူ့ဟာသူလည်း သိပ်

www.burmeseclassic.com

www.burmeseclassic.com



မသေချာလှပါ။ သူမသည် သူ့အတွက် နည်းနည်းကလေးများ စိတ်ဓာတ်ပို၍ပြင်းနေမလား။

အဲမလီ၏ တကာယ့်မိန်းမဆန်သည့် အပြုအမူလှုပ်ရှားမှုကြား မှာ နှစ်ပေါင်းများစွာနေလာရသည့်ပို ကိုယ့်ဝမ်းကိုယ်ကျောင်း ပြီး လွတ်လပ်သည့်စိတ်ဓာတ်ရှိသော အမျိုးသမီးတယောက်ကို ကော့တေ့ဆိုင်ဆိုင် ရင်ဆိုင်ရဖို့တော့ သူ့မှာ ပြင်ဆင်မှုမရှိခဲ့ ပါချေ။

သူ သည်နေ့ ဘာဖြစ်နေပါလိမ့်။ သည်နေ့မနက် သူသည် တခြားမဆိုင်ရာတဲ့အရာများဘက်သို့ လွယ်လွယ်ကူကူပင် စိတ်ကူး ရောက်သွားတတ်နေသည်။ ဘာကြောင့်များ 'ဟာမွန်အမှု' မှ နေ၍ တခြားကိုဖဉ်ထွက်သွားရပါလိမ့်။

ဆေးတံကို ကောက်ကိုင်လိုက်ပြီး ဖို တွဲကိုလည်းကိုင်ကာ စာ ဖတ်တော့မည်ဟု ဆုံးဖြတ်ပြီး ကုလားထိုင် နောက်မှီကို မှီလိုက် သည်။ ပထမဦးဆုံးအပုံထဲမှ စာရွက်များကို သူ ကောက်ဖတ် လေတော့သည်။

တနာရီနှင့် ၁၅ မိနစ် အချိန်ကုန်သွားသည်။ နာရီစက်သံမှ လွဲ၍ တိတ်ဆိတ်ခြင်းကို ဘယ်အရာကမှ မဖြိုခွင်းနိုင်။

ပြတင်းပေါက်အပြင်ဘက်မှာမူ တဖြည်းဖြည်း ပြင်းထန်လာ သည့်လေသည် သစ်တောလေးမှ ဖြတ်တိုက်လာသည်။ ရံဖန် ရံခါ ဂျိုနသန်၏ မှုတ်ချက်ချသံလေးမှလွဲ၍ အခြားအသံများ မရှိပါ။ နောက်ဆုံးကျတော့ အားရုံစူးစိုက်လွန်း၍တွန့်ထားသော



နဖူးကိုဖြည်းမချပဲ စာရွက်များကို စားပွဲပေါ်ပြန်ချခါ ကော်ဖီ ဖျော်ရန် မီးဖိုထဲသို့ ထသွားလေသည်။

ဒီ 'ဟာမွန်အမှု' တခုလုံးသည် တခုခု လိုနေသလိုပဲ။ သူ ဖတ် ပြီးသလောက်ကြည့်မည်ဆိုလျှင် ဒီအမှုသည် အခြားမပေါ်လွင် သည့် အချက်များ....။ အချက်အလက်များမှာ တခုနှင့်တခု သဘောသဘာဝနှင့်ဆက်စပ်၍ မရအောင် အခြားမမြင်နိုင်ခဲ့သည့် အကြောင်းရာများ ရှိနေသေးသည်ဟု ထင်စရာရှိနေသည်။

အလွန်သန့်ရှင်းနေသည့် မီးဖိုထဲသို့ သူ ဝင်သွားပြီး ရေနွေး ကရားကို ရေတဝက်ခန့်ကိုစိတ်ကူးယဉ်ယဉ်နှင့် ထည့်လိုက်သည်။ ရေ နွေးအူရန်စောင့်ယင်း အိမ်ရှေ့တံခါးပေါက်ဆီသို့ သူ ထွက် သွားခဲ့သည်။ 'ကိတ်နွေစဉ်သတင်းစာ' သည် ဆင်ဝင်အောက်မှာ ရောက်နှင့်နေပြီ။

သတင်းစာကို ချိုင်းမှာညှပ်ပြီး မီးဖိုထဲသို့ ပြန်ဝင်လာကာ ကော်ဖီပန်းကန်ထဲသို့ ကော်ဖီမှုန့်တဇွန်းထည့်လိုက်သည်။ ရေနွေး ကိုထည့်၊ ကော်ဖီကိုမွှေပြီးနောက် လက်တဘက်က သတင်းစာကို ဟိုလှန်ဒီလှန်ကြည့်ယင်းနှင့် ကော်ဖီကိုတကြိုက်ချင်း သောက်နေ လေသည်။

ကော်ဖီကုန်ခါနီးလောက်မှာ သတင်းစာကလည်း နောက် မျက်နှာသို့လှန်မိလျက်သားဖြစ်သွားသည်။ ကော်ဖီပန်းကန်ကိုင် ထားသော သူ့လက်သည် ရုတ်တရက်ရပ်တန့်သွားပြီး သတင်း စာထဲမှ 'ရေး' ၏ မိန်းမဓာတ်ပုံကို သူ စူးစူးစိုက်စိုက်ကြည့်ယင်း ကြက်သေသေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို မြင်လိုက်ခြင်းဖြင့် ဂျိုနသန်အနေနှင့် မငြင်းနိုင်သော အချက် ၂ ချက်ကို ဝမ်းနည်းစွာဖြင့်ပင် လက်ခံလိုက်ရတော့သည်။

ဒေါ်ရော်သီပရင်းတစ်သည် နန်စီကို ကလေးဘဝ အရွယ်ကတည်းက ဗာဂျီးနီးယားပြည်နယ်မှာ သိခဲ့သည်ဟု သူ့ကို တမင်သက်သက်လိမ်ပြောထားခဲ့ပါလား။

ရှေ့နေတစ်ယောက်အနေနှင့် ဒီအချက်ကို ဒေါ်ရော်သီ၏ ပြောပုံကိုကြည့်ပြီး အလွယ်တကူမယုံကြည်မိဖို့ကောင်းသည်။

နောက်တချက်က နန်စီဟာမှန်နှင့် နန်စီအဲဒရက်တို့သည် လူတစ်ယောက်တည်းဖြစ်သည်ဟူ၍ သူ အမြဲတမ်း သံသယရှိနေခဲ့သည်ဆိုသည့် အချက်ပင်ဖြစ်တော့သည်။

* * *

အခန်း ( ၃ )

…းသိုက်ဘာ။ ငါ့ပါးစပ်ထဲမှာလည်း သဲတွေ ဝါးနေရ
… ငါ ဘယ်ရောက်နေသလဲ။
…'က သူမအပေါ်မှမိုးပြီးခေါ်နေသည့်အသံကို ကြားနေ
… သူမကို ပွေ့ပိုက်ထား၏။
…စီ ဘာဖြစ်တာလဲ၊ ကလေးတွေဘာ…"
…'၏ စိုးရိမ်ပူပန်နေသောအသံကို သူမ ကြားနေရသည်။
… မြောက်ဖို့ကြိုးစားကြည့်သည်၊ ဒါပေမယ့် သူမ၏သ…
…သ် အားမရှိဲ ဘေးသို့ ကျသွားသည်။ စကားပြောဖို့
…အားကြည့်သေးသည်။ သူမ၏နှုတ်မှ စကားသံများ ထွက်

www.burmeseclassic.com

www.burmeseclassic.com



မလာပါ။ 'ရေး'က အနားလေးမှာပဲရှိနေ၏။ ဒါပေမယ့် သူ့
လှမ်းကြည့်လို့သည်း မမြင်ရပါကလား။

"သူ့ကို ပွေ့ချီလိုက် ရေး....၊ အိမ်ထဲခေါ်သွားရအော
ကလေးတွေရှာဖို့ တို့ အကူအညီတွေတောင်းရဦးမယ်"

ဒေါ်ရော်သီ၏ပြောသံတွေကို သူမ ကြားနေရသည်။

ကလေးတွေ....၊ သူတို့၏ကလေးတွေ။ တွေ့အောင် ရှာ
မည်။

နန်စီက 'ရေး'အား ကလေးတွေကိုရှာပေးပါဟု ပြောလို
ချင်သည်။

"အောင်မယ်လေး ဘုရားရေ...."

ဟု 'ရေး'၏ပေါက်ကွဲသည့်အသံကို သူမ ကြားလိုက်ရသ

"ကျွန်မကို ဂရုမစိုက်ကြပါနဲ့၊ ကျွန်မကို ဂရုစိုက်ကြ
နဲ့။ ကလေးတွေကိုသာ ရှာကြပါ"

ဟု သူမ ပြောလိုက်ချင်သည်။ ဒါပေမယ့် သူမ မပြောနိုင်
ပါ။ သူမအား 'ရေး'က ပွေ့ချီလိုက်သည်ကိုသာ သတိထာ
လိုက်သည်။

"ဒေါ်ရော်သီ၊ သူ ဘာဖြစ်တာလဲ"

ဟု 'ရေး'၏မေးသံကို ကြားနေရ၏။

"ရေး....၊ ငါတို့ ရဲကိုခေါ်မှဖြစ်တော့မယ်"

"ရဲကို...."

'ရေး'၏ပြောသံမှာ မယုံကြည်သံ၊ ဆန့်ကျင်သည့်လေသံမျ
ပါနေသည်ကို သူမ သတိပြုမိလိုက်၏။



"ဟုတ်တယ်လေ၊ ကလေးတွေရှာဖို့ တို့မှာ အကူအညီလိုနေ
ပြီ၊ အချိန်တိုင်းဟာ သိပ်ကိုတန်ဖိုးရှိနေပြီ၊ အရေးကြီးနေပြီ၊
သုတ်သုတ်လုပ်ဖို့ခဲ့တာပြီ၊ ခုအချိန်မှာ နန်စီကို အကာအကွယ်
ပေးနေလို့ မဖြစ်တော့ဘူးဆိုတာ မင်း သိဖို့ကောင်းနေပြီ။ သတင်း
စာဓာတ်ပုံတွေကိုကြည့်ပြီး လူတိုင်း သူ့အကြောင်းသိနေကြ
ပြီ"

"ဓာတ်ပုံ....၊ ဓာတ်ပုံ...."

နန်စီသည် သူမကို ပွေ့ချီထားကြောင်း သိနေသည်။ သူမ
လွန်း၍ တုန်နေသည်ကိုသည်း သိနေသည်။ ဒါပေမယ့် ဒါ
ကို သူမ စဉ်းစားနေသည် မဟုတ်ပါ။

အဆက်တရားရုံးမှာ သူမ၏အပြစ်ဒဏ်ကို ပယ်ဖျက်လိုက်သည့်
နောက် သူမ ဝယ်ထားသော အပေါ်အင်္ကျီကို ဝတ်ထားသည့်
ဓာတ်ပုံကို စဉ်းစားကြည့်နေသည်။

သူမကို အချုပ်ထဲမှ တရားရုံးသို့ ထုတ်လာသည်။ အစိုးရ
နှင့် သူမကို နောက်ဘမှပြန်စွဲခြင်းမဟုတ်ပါ။ ကာလ်လည်း
သေဆုံးသွားခဲ့ပြီ၊ သူမကို ဆန့်ကျင်ဘက်သက်သေထွက်ဆိုသူ
ကျောင်းသားလေးလည်း ပျောက်ဆုံးသွားခဲ့ပြီ၊ ယင်းကြောင့်
တို့က သူမအား လွှတ်လိုက်ခြင်းပင်ဖြစ်သည်။

အစိုးရရှေ့နေကြီးက သူမကို ပြောလိုက်သေးသည်။

"ဒါကို ပြီးသွားပြီလို့ မထင်လိုက်နဲ့နော်။ ငါ အသက်ရှင်
နေသမျှ ကာလပတ်လုံး မပျက်ပြယ်နိုင်တဲ့ အဆုံးအဖြတ်မျိုး
ရအောင် ငါ နည်းလမ်းရှာဦးမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သည်စကားသံများကို ကြားယောင်ယင်း သူမ တရားရုံးမှ ထွက်ခွာလာခဲ့သည်။

သည်နောက် အခြားပြည်နယ်သို့ထွက်ခွာသွားနိုင်ခွင့်ရသည့် အခါတွင် သူမ ဆံပင်ကိုဖြတ်ပြီး အရောင် ဆိုးလိုက်၏။ ဈေး အဝယ်လည်း ထွက်ခဲ့သည်။ ကာလ်နှစ်သက်သည့် အဝတ်အစား ပုံစံမျိုးကို သူမ အမြဲတမ်းမုန်းတီးခဲ့သည်။ ယင်းကြောင့် အပေါ် အင်္ကျီ ဂါဝန်တစုံနှင့် လည်စေ့စွယ်တာ အညိုရောင်တထည်ကို ဝယ်ပစ်လိုက်သည်။ ယင်း အပေါ်အင်္ကျီနှင့် ဘောင်းဘီကို ယခု အထိလည်း ဝတ်နေသည်။ ပြီးခဲ့သည့်အပတ် ဈေးသွားစဉ်က လည်း ဝတ်ခဲ့သေး၏။ ဒါကြောင့်လည်း သည်ဓာတ်ပုံသည် သူမကိုမှတ်မိဖို့ အခြားအကြောင်းအရာတခု ဖြစ်လာခဲ့ရသည်။

သည်ဓာတ်ပုံသည် သူမ ဘတ်စ်ကားဂိတ်မှာ ရောက်နေခိုက် ရိုက်လိုက်သောပုံ ဖြစ်ပေမည်။

အဲဒီတုန်းက သူမကို မည်သူ ဓာတ်ပုံရိုက်လိုက်မှန်း သူမ မသိ ခဲ့ပါ။ ဘော့စတွန်သို့ထွက်မည့် နောက်ဆုံးညနေဘတ်စ်ကားဖြင့် လိုက်လာခဲ့သည်။ ကားဂိတ်မှာ လူရှင်းသည်။ သူမကိုလည်း မည်သူမျှ သတိမထားကြပါ။ သူမအနေနှင့် တိတ်တိတ်ကလေး လစ်ထွက်လာခဲ့သည်။ တဝသစ်တခု ထူထောင်နိုင်တော့မည်ဟု တကယ့်ကိုလည်း ယုံကြည်မိသည်။

ဒါပေမယ့် တစုံတယောက်သည် ဒီဓာတ်လမ်းကြီးကို အစမှ နေ၍ ပြန် ကျဖို့ စေ င့်ဆိုင်းချောင်းမြောင်းနေပါကလား။

"ငါသေလိုက်ချင်တယ်၊ သေသာသေလိုက်ပါတော့"



'ရေး'က သွက်သွက်ကလေး လျှောက်လာသည်။ သူ၏အင်္ကျီ နှင့် သူမကို အကာအကွယ်ပေးဖို့ ကြိုးစားသည်။ ရေစိုအဝတ် အစားများကို ထိုးဖောက်ပြီး လေသည် အတွင်းသို့ စူးနစ် ဝင် သည်။ သူသည် သူမကို အကာအကွယ် မပေးနိုင်ပါ။

နောက်ကျသွားပါပြီ။

အမြဲတမ်းပင် နောက်ကျနေသည်ဟု ထင်သည်။

ပီဘာနှင့် လီဇာ....။ မိုက်ကယ်နှင့် မစ်စီ....။

သူတို့ အကုန်လုံး သွားကြပြီ။

သူတို့အားလုံးအတွက် နောက်ကျသွားပြီ။

မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး....။

မိုက်ကယ်နှင့်မစ်စီ....၊ သူတို့ ခုနကလေးကပဲ ဒီနေရာမှာ ရှိ နေကြသည်။ သူတို့ ကစားနေကြသည်။ ဒန်းစီးနေကြသည်။ လက်အိတ်ကလေးလည်း ဒီနားမှာ ကျန်ရစ်ခဲ့သည်။ မိုက်ကယ်က မစ်စီကို ပစ်သွားမည်တော့ မဟုတ်။ သူသည် မစ်စီကို သိပ် ဂရု စိုက်သည်။

ပြီးခဲ့သည့်တကြိမ်က ပီဘာနှင့်လီဇာကို ပြန်တွေ့ရသလို သည် အတိုင်း ပြန်တွေ့ရမှာပဲ။

ရေမှော်တွေနှင့် ပလတ်စတစ်စလေးတွေ သူတို့မျက်နှာမှာ အုပ်ပြီး သူတို့ရဲ့ ခန္ဓာကိုယ်တွေကလည်း ယောင်ကိုင်းနေကြ သည်။

အို.... သူတို့ အိမ်ထဲမှာ ရှိမှာပါလေ။

ဒေါ်ရော်သီက တံခါးကို ဖွင့်ပြီး......

www.burmeseclassic.com

www.burmeseclassic.com



"ရေးရေး ငါ ရဲတွေခေါ်လိုက်မယ်"

ဟု ပြောလိုက်သည်။

အမှောင်ထုသည် သူမဆီသို့ တဖြည်းဖြည်း လာနေသည်ဟု နှင့်စီ ခံစားသိနေရ၏။ တဖြည်းဖြည်းနှင့် သူမ သတိသစ်စ ပြု လာပြီ။

"မဖြစ်နိုင်ဘူး....၊ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"

* * *

## အခန်း ( ၈ )

[illegible]၏ အိမ်နှင့်ပန်းခြံထဲမှာ လူများသည် ပူရှက်ဆိုတ်အုံကို [illegible]ထိုးလိုက်သလို ရှုတ်ရှက်သဲသဲဖြစ်နေကြသည်။

[illegible]သည် စိတ်လှုပ်ရှားစွာဖြင့် နှုတ်ခမ်းကို လျှာနှင့်လျက်လိုက် [illegible] သူ့တကိုယ်လုံး လက်၊ ခြေထောက်၊ ချိုင်း၊ ပေါင်ခြံ [illegible] ချွေးများ စိုရွှဲနေသော်လည်း နှုတ်ခမ်းကတော့ လွန်လွန် [illegible] ခြောက်သွေ့နေသည်။ ကုပ်နှင့်ကျောတို့မှလည်း ချွေး [illegible]ကျနေသည်။

[illegible]ကြီးသို့ ရောက်ရောက်ချင်း ကလေးများကို မှန်ပြောင်း [illegible]အခန်းသို့ တောက်လျှောက်သယ်ယူသွားသည်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



နိုးလာလျှင် သူတို့ကို စောင့်ကြည့်နိုင်သည်။ သူတို့နှင့် စကား
ပြောနိုင်သည်။ သူတို့ကိုလည်း ကိုင်တွယ်နိုင်သည်။

ကလေးမလေးကို ရေချိုးပေးချင် ပေးမည်။ နူးညံ့သ
တဘက်နှင့် အသာအယာ ရေသုတ်ပေးမည်။ ကလေးသုံး ကို
လိမ်းပေါင်ဒါနှင့်ပွတ်ပြီး သူမကို နမ်းမည်။ ကလေးမျာ
တနေကုန် အချိန်ဖြုန်းနိုင်ခွင့်လည်းရသည်။ အဘယ်ကြော
ဆိုသော် ဒီရေသည် ည ၇ နာရီထိုးမှ တက်မည်။

အဲသည်အချိန်ဆိုလျှင် မှောင်နေပြီ။ အနီးအနားမှာ ကြ
နိုင်တဲ့သူ၊ မြင်နိုင်တဲ့သူ ရှိတော့မည်မဟုတ်။ နောက် ရက်ပေ
တော်တော်ကြာမှ သူတို့ကို လှိုင်းက ကမ်းပေါ်သို့ ပြန်ပုတ်
ပေးပေလိမ့်မည်။ ဟိုတကြိမ်ကလိုပဲပေါ့....။

သူတို့၏မိခင်ကို ယခုအချိန်မှာ ရဲများက စစ်ဆေးမေးမြ
နေသည်ကို သိနေရမှတော့ သူတို့ကို ကိုင်ရ တွယ်ရထိရတာ ပေ
စရာကြီးပဲပေါ့။ သူတို့က သူမကို 'ကလေးတွေကို မင်း ဘာလု
ပစ်လိုက်သလဲ' ဟု မေးနေကြမှာပဲ။

သူမ၏ နောက်ဖေးဘက်ခြံထဲသို့ နောက်ထပ် ရဲကားမျာ
ရောက်လာသည်ကို သူ တွေ့လိုက်ရသည်။ တချို့ကားများ
အိမ်ကိုဖြတ်ကျော်သွားကြသည်။အဘယ်ကြောင့် ရေကန်တက်
သွားနေကြတာပါလိမ့်။ ကလေးတွေကို သူမက အဲဒီဘက်
ခေါ်သွားသည်ဟု ရဲများကထင်လို့ဖြစ်မှာပဲ။

သူသည် အကျေနပ်ကြီး ကျေနပ်မိသည်။ သည်နေရာကနေ
အန္တရာယ်မရှိပဲ စိတ်ချလုံခြုံစွာနှင့် ဘာတွေဖြစ်နေသည်ဆိုခြင်း
အကုန်လုံးမြင်နိုင်သည်။



အခုအချိန်မှာ နန်းစီ ငိုများနေသလား။ အမှုစစ်နေသည့်
ကာလတလျှောက်လုံး နန်းစီ မငိုခဲ့။ နောက်ဆုံး တရားသူကြီးက
သူမကို သေစားသေစေအမိန့် ချလိုက်တော့မှ သူမ၏မျက်နှာကို
လက်ဝါးနှင့်အုပ်ပြီး အသံမထွက်ပဲ ရှိုက်ကြီးတငင် ငိုခဲ့သည်။
ရှေ့နေအစောင့်က သူမလက်ကို လက်ထိပ်ခတ်လိုက်သည်။ သူမ၏
ဆံပင်ရှည်များကလည်း ရှေ့ကို ဖွာကျလာပြီး မျက်ရည်လည်ရွဲ
နေသော မျက်နှာကို ဖုံးလွှမ်းပစ်လိုက်သည်။ ဆံပင်တွေကြားမှ
သူမအပေါ် မလိုလားသည့် ပတ်ဝန်းကျင်၏ မျက်နှာထားကို
သူမ လှမ်းကြည့်နေတာ မြင်လိုက်ရသည်။

တက္ကသိုလ်နယ်မြေတို့ ဖြတ်လျှောက်သွားသည့် သူမကို သူ
ပထမဦးဆုံး မြင်လိုက်သောအချိန်ကိုမှတ်မိသတိရနေသေးသည်။

စတော်ဗယ်ရီးရောင်ဆံပင်များ သူမပခုံးပေါ်မှာလေတိုက်၍
လွှစ်ဝဲနေသည့်ပုံ၊ သပ်သပ်ရပ်ရပ်ရှိလှသည့် သူမမျက်နှာ၊ ညီညာ
သေးကွေးပြီး ဖြူဖွေးသည့် သွားကလေးတွေ၊ မျက်ခုံးထူထူ
အောက်ရှိ မျက်တောင်ရှည်ရှည်ကြားထဲမှ ဂရုဓိုက်ရကြည့်လိုက်
သည့် သူမ၏ ဆွဲဆောင်မှုရှိသော မျက်လုံးပြာလေးများကို မြင်
ပြီး သူမကို သူ တခါတည်းစွဲသွားသည်။

ရှိုက်သံလေးတချက် ကြားလိုက်ရသည်။ နန်းစီလား။ မဟုတ်
နိုင်ပါ။ သည်အသံက ကလေးမလေးဆီကလာတာပဲ ဖြစ်မည်
နန်းစီ့ရဲ့ကလေးပဲ။

သူမှန်ပြောင်းမှ လှည့်ပြီး စိတ်ဆိုးစွာဖြင့် စိုက်ကြည့်လိုက်
သည်။ သူ့အမူအရာသည် ကလေးမလေးကို လှေ့လာကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရာမှ တဖြည်းဖြည်း ပြုံးလာသည်။ သူမ၏နဖူးပေါ်မှ ဆံစစိုစို လေးတွေ၊ ဖြောင့်တန်းသေးကွေးသော နှာတံ၊ ဖြူဖွေးသော အသားအရည်၊ နန်စီနှင့် တဆယ့်ကိုးတူတာပဲ။ သူမသည် နှိုးနှိုး ချင်း အော်ငိုလိုက်သည်။ သည်အချိန်ဆိုလျှင် ဆေးမှာ ပြယ် လောက်ပြီ။ သူတို့သတိလစ်နေသည်မှာ တစ်နာရီခန့်ရှိခဲ့ပြီ။

သူသည် စိတ်ပျက်စွာ မှန်ပြောင်းဆီမှ ထွက်ခွာလာခဲ့သည်။ ကလေးတွေကို သားရေထိုင်ခုံရှည်ကြီးတဘက်ရှိ အခန်းမှာ သိပ် ထားခဲ့သည်။ ကလေးမလေးကတော့ ယခုအချိန်မှာ ‘မေမေရေ.... မေမေရေ’ဟု အော်ယင်း သည်းသည်းထန်ထန် ငိုနေသည်။ သူမ၏ မျက်စိတွေကို တအားဖိသားသည်၊ ပါးစပ်က ဟ လျက် သား။ လျှာလေးက ပန်းရောင်ရဲရဲလေး။ မျက်ရည်များက သူမ၏ ပါးပြင်ပေါ်သို့ စီးကျနေသည်။

သူသည် ကလေးမကို အထိုင်ခိုင်းပြီး သူမ၏အင်္ကျီဇစ်ကို ဖြုတ်ချလိုက်သည်။ ကလေးမလေးသည် သူ့ဆီက ရုန်းထွက်ပြီး ခပ်လှမ်းလှမ်းတွင် ရပ်နေသည်။ သူက ချော့မော့ပြီး....

“ငါဘာမှ မလုပ်ပါဘူးကွယ့်”

ဟု ပြောလိုက်သည်။

ကောင်လေလည်း လူးလွန့်ပြီး နိုးလာသည်။ သူ၏ မျက်လုံး များကသည်း ခြုံထဲမှာ သူနှင့် တွေ့လိုက်ရစဉ်က မြင်လိုက်ရသလို ထိတ်လန့်နေသော မျက်လုံးနှင့်ဖြစ်သည်။ ကောင်လေးက ဖြည်း လေးစွာထလိုက်ပြီး....



“ခင်ဗျား ဘယ်သူလဲ....”

ဟု မေးလိုက်သည်။ မျက်စိကိုပွတ်ပြီး ခေါင်းကိုခါကာ ဟိုဟို ည်သည် လှည့်ကြည့်ယင်း....

“ကျွန်တော်တို့ ဘယ်ရောက်နေတာလဲ...”

“တယ်....စကားတတ်တဲ့ ကလေးပဲ....”

သူ့အသံလေးက ကြည်လင်သည်။ တည်လဲတည်ငြိမ်သည်။ ဆိုလျှင် ကောင်းလှပေစွ။ မိဘအသွန်အသင် ကောင်းသော လေးများကို ထိန်းသိမ်းရသည်မှာ လွယ်ကူလှသည်။ မဟုတ် တ်သိပ်မလုပ်တတ်ကြ။ လူကြီးများကိုရိုသေရမည်ဟူ၍ သင် ထားတတ်ကြသဖြင့် ပြောရဆိုရ လွယ်ကူသည်။ အလျှင်တ လေးများနှင့်လည်းတူသည်။

အဲဒီနေ့က အလျှင်ကလေးတွေ....။ သူနှင့်တိတ်ဆိတ်ငြိမ်သက် လိုက်လာကြသည်။ သူတို့အမေနှင့်တူတူပုန်းတမ်း ကစား ည်ဟု သူ ပြောလိုက်သောအခါ ဘာမျှမမေးတော့ပဲ ကား၏ နောက်ဘက်အဖုံးထဲမှာဝပ်ပြီး လိုက်လာကြသည်။

သူက ကောင်လေးကို....

“ဒါ ကစားတာကွ၊ ငါက မင်းအမေရဲ့မိတ်ဆွေဟောင်း ပဲ၊ မင်းမေမေက မွေးနေ့ကစားပွဲလုပ်ချင်တယ်လို့ ပြော ယ်၊ ဒီနေ့ သူ့မွေးနေ့ဆိုတာ မင်းသိသလား”

ဤသို့စကားပြောနေစဉ် သူသည် ကလေးမလေးကို ပါးနဲ့ အသာပွတ်သပ်ပေးနေသည်။ ကလေးမလေး၏ သား ရေသည် သိပ်ကြိုနူးညံ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးမိုက်ကယ်သည် သူ့ကို မယုံသင်္ကာဖြင့် ကြည့်လိုက်သည်။

"ဒီကစားနည်းကို ကျွန်တော် မကြိုက်ဘူး"

ဟုခပ်တင်းတင်းပြန်ပြောလိုက်သည်။ ဒယ်ဒယ်ဒိုင်နှင့်မတ်တတ်ထရပ်လိုက်ပြီးမစ်စီဘိုကိုင်တွယ်နေသောလက်များအားတွန်းဖယ်လိုက်ပြီး ကလေးမလေးကို လှမ်းခေါ်လိုက်သည်။ သူမက မိုက်ကယ်ကိုတွယ်ဖက်ထားသည်။ မိုက်ကယ်က ချော့ရှာသည်။

"တိတ် တိတ်....မငိုပါနဲ့၊ ဒါ အလကား ကစားတာ၊ တို့အခု အိမ်ပြန်ရတော့မှာ"

ဟု မိုက်ကယ်ကပြောသည်။

မိုက်ကယ်ကို လွယ်လွယ်ကူကူလိမ်၍ မရဘူးဆိုသည်မှာ ထင်ရှားနေပြီ။ သူ့မှာ 'ရေး'၏ ဘွင်းဘွင်းပြောတတ်သော အမူအရာမျိုးကို တွေ့ရသည်။

"ခင်ဗျား ကစားနည်းထဲမှာ ကျွန်တော်တို့ မပါချင်ဘူး၊ ကျွန်တော်တို့ အိမ်ပြန်ချင်တယ်"

ဟုမိုက်ကယ်က ပြောလိုက်သည်။

ကောင်လေး လိုက်လျောလာအောင် သူ့မှာ အင်မတန်ကောင်းသည့်နည်းလမ်းတခုရှိသည်။ သူက....

"မင်းညီမလေးကို မင်းလွှတ်လိုက်၊ သူ့ကိုငါ့ပေး...."

ဟု ဒီမိန့်ပေးယင်း ကလေးမလေးကို ကောင်လေးလက်ထဲမှ ဆွဲလုလိုက်သည်။ ကျန်လက်တဘက်ဖြင့် မိုက်ကယ်၏လက်တဘက်ကို ဆွဲပြီး ပြတင်းပေါက်နားကို ဆွဲခေါ်သွားသည်။



"မှန်ပြောင်းကို မင်း သိသလား"

မိုက်ကယ်က ဇဝေဇဝါ ခေါင်းညိတ်ပြလိုက်သည်။

"သိတယ်၊ အဖေ့မှာရှိတဲ့ မှန်ပြောင်းမျိုး မဟုတ်လား၊ ကြည့်လိုက်ယင်အရုပ်တွေ ကြီးလာတယ်ဗျ"

"ဟုတ်တယ်၊ မင်းရော တယ်တော်ဘာကိုးကွ၊ ကဲ ဒီမှာ ကြည့်စမ်း"

ကောင်လေးက မှန်ပြောင်းကို သူ့မျက်စိနှင့် အပ်လိုက်သည်။

"မင်း ဘာမြင်တယ်ဆိုတာ ငါ့ပြောပြစမ်း၊ ဟိုဘက်မျက်စိ အောက်ပိတ်ထားဦးကွ"

"ကျွန်တော်တို့အိမ်ကို မြင်ရတယ်"

"မင်း အဲဒီမှာဘာတွေရသေးလဲ"

"ကားတွေ အများကြီးပဲ၊ ရဲကားတွေ၊ ဘာချွားဖြစ်လဲ မသိဘူး"

သူ့အသံများ အံ့သြစွာဖြင့် တုန်ယင်လာသည်။

သောကရောက်သွားသည့် မျက်နှာထားလေးကို သူက အပျော်တပါးဖြင့် ငုံ့ကြည့်လိုက်သည်။ ပြတင်းပေါက်မှ မှန်ပြောင်းကိုခေါက်သံ တိုးတိုးလေးကြားရသည်။ မိုးနှင်းလေကျခါစ နေပြီ။ မိုးနှင်းခဲများကို လေကတိုက်သိုက်သဖြင့် မှန်ပြောင်းများမှာ တခေါက်ခေါက်နှင့်ရိုက်သံများ ထွက်ပေါ်လာသည်။ တွေ့မျှကြာလျှင် မြင်နိုင်ဖို့ သိပ်မလွယ်တော့ပေ။ မှန်ပြောင်းနှင့် အောင်မှ မြင်နိုင်ဖို့ ခဲသဉ်းလာလိမ့်မည်။ ဒါပေမယ့် ကာလမနှင့် သော့ သူသည် တကယ့်ကိုပျော်ပျော်နေဖို့အချိန် ကြာကြီး ရှိသည်။ တညနေလုံးလုံးကြီးပဲ။ နောက်ပြီး ကောင်လေးကို

www.burmeseclassic.com

www.burmeseclassic.com



သူ့စကား နားထောင်လာအောင် ဘယ်လိုလုပ်ရမည်ကို သူ
သိသည်။ သူက....

"မေသတယ်ဆိုတာ ဘယ်လိုဖြစ်တာလဲလို့ မင်း သိသလား"
ဟု မေးလိုက်သည်။

"ဘုရားသခင်ဆီသွားတာလို့ အမိပြောယ်ရတယ်"
ဟု ကောင်လေးက ပြန်ဖြေလိုက်သည်။

သူက ခေါင်းညိတ်ပြလိုက်ပြီး.......

"အေး....မှန်တယ်ကွ၊ ဓာနေ့မနက်ပဲ မင်းအမေ ဘုရားသခ
ဆီသွားပြီ၊ ဒါကြောင့်မို့ ရဲကားတွေရောက်နေတာပေါ့၊ မင်
အဖေက ငါ့ကို မင်းတို့ကိုစောင့်ထိန်းပေးပါလို့ မှာထားတာ
နောက်ပြီး မင်းကိုလဲ မင်းညီမလေးကို ကောင်းကောင်းထိန်
ထားဖို့ ငါ့ကို မှာသွားခဲ့တယ်"

မိုက်ကယ်သည် ငိုတော့မယောင်ယောင်နှင့် မဲ့လာသည်
နှုတ်ခမ်းလေးများလည်း တုန်လာသည်။

"မေမေ ဘုရားသခင်ဆီသွားယင် ကျွန်တော်သဲ လိုက်ချ
တယ်"

ဆက်၍ငိုနေသောမစ်စီကို ပွေ့ပိုက်လှုပ်ယမ်းယင်း ကျန်လက်
တဘက်က မိုက်ကယ်၏ဆံပင်များကို ပွတ်သပ်ပေးနေရာမှ....

"အေး....သွားရမယ်၊ ဒီနေ့ညသွားရမယ်လို့ ငါ ကတိပေး
ပါတယ်ကွာ...."

* * *

အခန်း ( ၉ )

သံကြိုးသတင်းသည် နေ့လယ် ( ၁၂ ) နာရီတိတိအချိန်
တွင် တနိုင်ငံလုံးရှိရေဒီယိုသတင်းဌာနများသို့ သတင်းကြေငြာ
ရန် အချိန်မီထွက်သွားခဲ့သည်။ သတင်းဝေဖန်ရေး သမားများ
သည် ဤသို့ ရှားပါးသောသတင်းမျိုး ကြားရလျှင်ကြားရချင်း
ပင် 'ဟာမွန်လူသတ်မှု' နှင့် ပတ်သက်သည့် မှတ်တမ်းများကို
အဖြေးအလွှားရှာကြသည်။

သတင်းစာထုတ်ဝေသူများလည်း သူတို့၏ ထိပ်တန်းသတင်း
ထောက်များကို လေယာဉ်ပျံစင်းလုံးငှားပြီး ကိတ်ကော်ဘ့သို့ စေ
လွှတ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ဖရန်စစ္စကိုမှာတော့ လက်ထောက်အစိုးရရှေ့နေ ၂ ယောက်သည် သတင်းကြေငြာချက်ကို နားထောင်နေသည်။

"ဒီငနဲ့မဟာ အပြစ်ရှိတယ်လို့ ဝါ အမြဲပြောခဲ့တယ် မဟုတ်လား။ ကလေးတွေကို သူ ကိုယ်တိုင်သတ်ပစ်လိုက်တယ်လို့ ငါ မြင်နေရသလိုပဲ၊ ဒီအမှုမှာ ဒီငနဲ့ကို ကြိုးမပေးနိုင်ယင် ငါ အလုပ်ကခွင့်ယူမယ်။ ပြီးတော့ရက်ဂလာဆိုတဲ့လူကို တကမ္ဘာလုံး ပိုက်စိပ်တိုက်ရှာခေါ်လာပြီး သက်သေခံခိုင်းဦးမယ်ကွ"

ဘော်စတွန်မြို့မှာတော့ ဒေါက်တာ လင်ဒန်မိုင်းစ်သည် နေ့သယ်စာစားဖို့ ပြင်ဆင်လိုက်သည်။ 'မစ္စစ်မာ့ခ်လီ' သူ့ထံမှ ထွက်သွားခဲ့ပြီ။ သူမသည် တနှစ်လောက်ဖိဖိစီးစီး ကုသမှုခံပြီးမှ နောက်ဆုံး စိတ်တည်ငြိမ်မှုရလာခဲ့သည်။ ယခုလေးတင်ပင်လျှင် သူမက မှတ်ချက်တခုချသွားသေးသည်။ သူမ၏ ( ၁၄ ) နှစ် လုံးလုံး ကာလအတွင်းက အတွေ့အကြုံများကို ဆွေးနွေးယင်းနှင့်....

"ဆရာ့ရဲ့ကျေးဇူးကြောင့် ကျွန်မဟာ ကလေးဘဝကနေ တမုဟုတ်ချင်း လူကြီးဘဝရောက်အောင် ပြောင်းလဲသွားနိုင်ခဲ့ပါတယ်ရှင်၊ ဒါဟာ အန်မတန်အံ့သြစရာ ကောင်းလှပါတယ်"

လွန်ခဲ့သော လ အနည်းငယ်လောက်ကဆိုလျှင် သူမ ဒီစကား ပြောနိုင်မည်မဟုတ်ပေ။

လင်ဒန်မိုင်းစ်သည် သူ၏အလုပ်ကိုအလွန်ဝါသနာပါပြီး နှစ်ခြိုက်သဘောကျသည်။ သူ့အတွက်ဆိုလျှင် ဦးနှောက်ဆိုသည်မှာ အင်မတန်ဆန်းညံ့ပြီး ရှုပ်ထွေးသောပြဿနာတရပ် ဖြစ်သည်။



ပြဿနာကိုဖြေရှင်းရာမှာ အင်မတန်သေးကွေးသည့် ဖော်ပြမှု ...သားများမှ တဆင့်ပြီးတဆင့် တဖြည်းဖြည်းချင်း တခုမှတခု ...ပြောင်းသွားကာ ရှင်းရမည်ဆိုသည်ကို သူ နားလည်ထား ...သည်။

သက်ပြင်းရှည်ကြီးတချက် ချလိုက်မိသည်။ ယနေ့ ၁၀ နာရီ ...သမည့် လူနာကတော့ စ,ကုဘာသိပ်မကြာသေးသောလူနာ ...သည်။ ထိန်းသိမ်းလို့မရလောက်အောင်လည်း ရိုင်းစိုင်းနေသေး ...သည်။

သူ့စားပွဲပေါ်မှာ တင်ထားသည့်ရေဒီယိုလေးကို လှမ်းဖွင့် ...လိုက်မှာ အထူးသတင်း၏နောက်ဆုံးပိုင်းလေးကို သူ ကြား ...ရသည်။

သူ့မျက်နှာပေါ်၌ နာကျည်းမှုအဟောင်းကြီးက အရိပ် ...သွားသည်။

နန်စီဟာမွန်....။

ပရစ်စီလာ၏ သမီး....။

ပရစ်စီလာကို ၁၄ နှစ်ကျော်လာသည့်တိုင်အောင် သူ ထင် ...ရှားရှား ကြည့်မြင်နိုင်သေးသည်။ ကိုယ်လုံးကိုယ်ထည် ခပ် ...သွယ်၊ ဏူခန့်ရသည့်အလုံးအဖန်၊ ခေါင်းကိုမော့ထားသည့် ...၊ ပြဒါးသဖွယ်သွက်လက်သော အပြုံး။

သူမ၏ခင်ပွန်းသေဆုံးပြီးသည့်နောက် တနှစ်ခန့်ကစပြီး သူ့ ...ရုံးခန်းမှာ အလုပ်လာလုပ်သည်။ အဲဒီတုန်းက သူမသည် ... နှစ်။ သူက သူမထက် ၂ နှစ်ကြီးသည်။ သူ့ အလုပ်နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျသည့်နေ့များမှာ သူကသူမကိုညစာခေါ်ကျွေးလေ့ရှိသည်
သူ့ဘဝမှာ ပထမဦးဆုံးလက်ထပ်ခြင်းသာ ဖြစ်သင့်သည်၊ လ
လားအပ်သည်ဟု သူ မကြာမီသတိပြုမိလာတော့သည်။

သူ့အနေနှင့် ပရစ်စီလာနှင့် မတွေ့မီကဆိုလျှင် အလုပ်ရယ်
လေ့လာမှုများရယ်၊ သူငယ်ချင်းများနှင့် လွတ်လပ်မှုဆိုတ
လောကသာ လုံလောက်ပြီဟု သူ ယူဆခဲ့သည်။ သူ့လက်ရှိအ
အခြေအနေမှနေ၍ ပြောင်းသွားချင်လောက်အောင်လုပ်နိုင်သ
သူများကို တယောက်မျှ မတွေ့ခဲ့ဖူးပါ။

တဖြည်းဖြည်းနှင့် သူမ၏အကြောင်းကို သူ့ခက ဖွင့်အံသ
ပါတော့သည်။ ကောလိပ်ကျောင်း ပထမနှစ်မှာ လေယာဉ်မှ
တယောက်နှင့်လက်ထပ်ခဲ့သည်။ သမီးလေးတယောက်ရခဲ့သည
သာယာသည့် အိမ်ထောင်ရေးဟုလည်း ယူဆရသည်။ သူ
ခင်ပွန်းက အိန္ဒိယသို့ ခရီးထွက်သွားယင်းအဆုပ်အအေးမိရော
စွဲကပ်ပြီး အိန္ဒိယမှာပင် ၂၄ နာရီအတွင်း သေဆုံးသွားခဲ့သည်

"ဒါကို ကျွန်မအနေနဲ့ လက်ခံဖို့ သိပ်ကို ခဲယဉ်းလှပါတ
ရှင်။ ဒေ့ဗ်ဟာ မိုင်ပေါင်းတသောင်းကျော် ပျံသန်းခဲ့ပြီးပါပြ
မုန်တိုင်းတွေကြားက ၇၀၇ လေယာဉ်ပျံကြီးတွေကို ချောချေ
မောမောဆင်းသက်နိုင်ခဲ့ပါတယ်။ ဒီနောက်တော့ တကယ့်
မးမျှော်သင့်ခဲ့တာဖြစ်လာပါတယ်။ ကျွန်မအနေနဲ့ လူတွေဟ
အဆုပ်အအေးမိရောဂါနဲ့ သေတတ်ပါသလားဆိုတာ ယုံ
မယုံပါဘူး"

ပရစ်စီလာ၏သမီးကို လင်ဒန်မိုင်းစ်မတွေ့ဖူးပါ။ ပရစ်စီသ
သူ့ထံအလုပ်လာလုပ်တော့ ကလေးမလေးက ဆန်ဖရန်စစ္စ



မြို့မှာ ကျောင်းသွားတက်နေပြီ။ ပရစ်စီသာက သူ့သမီးကို
ဤမျှ ဝေးဝေးလံလံ ကျောင်းပို့ထားရခြင်းအကြောင်းကိုလည်း
ပြောပြခဲ့သည်။

"သူဟာ ကျွန်မကို သိပ်ပြီးအားကိုးလာတာ တွေ့ရတယ်၊
သူ့အဖေသေတဲ့ကိစ္စနဲ့ပတ်သက်ပြီး သူ သိပ်ကိုစိတ်ထိခိုက်သွား
တယ်၊ ကျွန်မက သူ့ကိုပျော်စေချင်ပါတယ်၊ စိတ်ချမ်းသာစေ
ချင်ပါတယ်၊ ဝမ်းနည်းကြေကွဲတဲ့ပတ်ဝန်းကျင်ကနေ ဝေးဝေး
သွားနေစေချင်ပါတယ်၊ ဒီဝမ်းနည်းကြေကွဲမှုကြီးကလဲ ကျွန်မ
တို့အပေါ် တဖြည်းဖြည်းဖုံးလွှမ်းလာတယ်လို့ ကျွန်မတို့ထင်မြင်
လာတယ်၊ ကျွန်မ အော်ဘာလီးကောလိပ်မှာ ကျောင်းနေတုန်း
ဒေ့ဗ်နဲ့ စတွေ့ခဲ့တယ်၊ ကျွန်မတို့ပြန်ဆုံတော့လဲ နန်စီလဲ ပါခဲ့
တယ်၊ ဒါကြောင့် ဒီကျောင်းဟာ နန်စီအတွက် သိပ်စိမ်းမနေ
ပါဘူး"

ထိုနှစ် နိုဝင်ဘာလလောက်မှာ ပရစ်စီလာသည် ခွင့်ရက်
အနည်းငယ်ယူပြီး နန်စီကို ကောလိပ်မှာသွားတွေ့ခဲ့သည်။လင်ဒန်
သည် ပရစ်စီသာကို လေယာဉ်ပျံကွင်းအထိ ကားနှင့်မောင်းပို့ခဲ့
သည်။ လေယာဉ်ပျံအလာကို စောင့်နေစဉ် မိနစ်အနည်းငယ်
အတွင်းမှာပဲ....

"ငါ မင်းကို သိပ်သတိရနေမှာပဲ"

ဟု ပြောခဲ့သည်။

သူမသည် အညိုရင့်ရင့် ကုတ်အင်္ကျီကိုဝတ်ထားပြီး သူမ၏
ဆံပင်ဝါလေးတွေကိုလည်း လှမြင်အောင် ဖြန့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲ ဒီအတိုင်းပါပဲရှင်ရယ်"

သူမ၏မျက်လုံးများသည် မှုန်မှိုင်းနေပြီး....

"ကျွန်မ စိုးရိမ်နေပါတယ်၊ ခုတလော နန်းစီခွဲစာတွေဟာ လေသံမကောင်းဘူး၊ ကျွန်မအနေနဲ့ တခုခုများဖြစ်နေသလားလို့ စိုးရိမ်မိတယ်၊ ရှင်ကော အဲဒီလို တခုခုများဖြစ်လေမလားဆိုပြီး စိုးရိမ်စိတ်များ ဖြစ်ဖူးပါသလားရှင်"

တဦးမျက်နှာကို တဦးစူးစိုက်ကြည့်ပြီး နှစ်ယောက်လုံး ရယ်မောပစ်လိုက်ကြသည်။ သူမက........

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မပြောဝံ့တာ ဘာကြောင့်လို့ ရှင်ထင်သလဲ၊ ရှင်က ကျွန်မကို ပေါက်သွားပြီလို့ ပြောမှာလား"

"မဟုတ်တာကွာ၊ သညာအရ လူတွေရဲ့စိတ်ထဲက စိုးရိမ်စိတ်တွေကို တန်ဖိုးထားဖို့ ငါတို့ကိုသင်ထားပေးတာ၊ ငါတို့အနေနဲ့က ဒါကို အတွင်းအသိစိတ်လို့ခေါ်တယ်၊ ဒီအကြောင်းတွေစောစောကတည်းက ငါ့ကို ဘာလို့မပြောတာလဲ၊ အဲဒီလိုဆိုယင် ငါ မင်းနဲ့လိုက်ဖြစ်ယင်လိုက်ဖြစ်မှာပေါ့၊ နန်းစီကိုလဲ ကျောင်းပို့ခင် ငါတွေ့လိုက်ရမှာပဲ"

"ကိစ္စမရှိပါဘူးရှင်၊ ဒါ ကျွန်မတို့မိခင်စိတ်ကြောင့် ဖြစ်မှာပါ၊ ကျွန်မပြန်လာမှပဲ ရှင်နဲ့ဆက်ဆွေးနွေးသေးတာပေါ့"

နှစ်ဦးသားလက်များသည် တနည်းနည်းဖြင့် ချိတ်တွဲမိသွားကြသည်။

"မစိုးရိမ်ပါနဲ့၊ ကလေးတွေဟာ တချိန်ချိန်ကျယင် သူ့ဟာသူ အလိုလို ပြောင်သွားတတ်ပါတယ်၊ တကယ်လို့ ပြဿနာကြီးယင် ကိုယ့်ကို လှမ်းမှာလိုက်ပါ၊ ကိုယ် လိုက်လာခဲ့မယ်"



"ဒုက္ခရှာလို့ရှင်ရယ်"

ဆန်ဖရန်စစ္စကိုသို့လိုက်မည့် ခရီးသည်များ အမှတ် ၅၆၉ ကို ကြပါရန် အသံချဲ့စက်မှခေါ်သံ ပေါ်ထွက်လာသည်။

"ပရစ်စီလာ၊ မင်းကို ငါ ချစ်နေပြီဆိုတာ ဒီအချိန်မှာ သိနေလောက်ပါပြီနော်"

"ကျွန်မ ဝမ်းသာပါတယ်ရှင်၊ ကျွန်မ ထင်ပါတယ်၊ ကျွန်မ ဘယ်၊ ကျွန်မလဲ ရှင့်ကို ချစ်နေမိပါပြီရှင်"

သည်အချိန်လေးသည် သူတို့နှစ်ယောက်အတွက် အတူတူ ၏ နိဂုံးနောက်ဆုံးတက္ကလေးသာ ဖြစ်ခဲ့သည်။ အစလေး ...။ ချစ်ကတိလေးတခု....။

နောက်နေ့ညမှာ သူမက သူ့ထံ ဖုန်းဆက်ခဲ့သည်။ 'သူမ စိုးရိမ်စရာများရှိ၍ သူနှင့် စကားပြောချင်နေသည်၊ ယခု လာဆယ် နန်းစီနှင့် ညစာစားနေသည်၊ ဟိုဘယ်ကို ပြန် ရောက်ချင်း ဖုန်းပြန်ဆက်မည်၊ ရှင် အိမ်မှာရှိမယ်မဟုတ် 'ဟုလည်း သူမက ဆိုခဲ့သေးသည်။

ဖုန်းခေါ်လေမလားဟူ၍ တညလုံး သူ စောင့်ခဲ့သည်။ ဒါပေ ဖုန်းမလာပါ။ သူမ ဟိုဘယ်သို့ ပြန်မရောက်ပါ။ နောက် မှာ ကားမှောက်သည်ဟု သူ သတင်းကြားရလေသည်။ ငှားလာသည့်ကားသည် ဘီးထိန်းကိရိယာ ချွတ်ယွင်းသွား ချိုင့်ကြီးထဲထိုးကျသွားခဲ့သည်ဟု သိရသည်။

သူ နန်းစီထံ သွားဖို့ ကောင်းသည်။ ဒါပေမယ့် နန်းစီ သော ကို တယ်လီဖုန်းလှမ်းဆက်၍ရသောအခါမှာ ပါမောက္ခ

www.burmeseclassic.com

www.burmeseclassic.com



ကာလ်ဟာမွန်နှင့် ကြုံရသည်။ သူက နန်းစီနှင့် သူတို့ လက်ထပ်ဖို့ စီစဉ်ထားသည်။ သူ့အသံနားထောင်ယင်းဖြင့် သူသည် လူတော်လူကောင်းတယောက်၊ အခြေအနေအရပ်ရပ်ကိုလည်း ထိန်းသိမ်းနိုင်သူဖြစ်သည်ကိုလည်း ထင်မှတ်ရသည်။

နန်းစီသည် အိုဟိုင်ယိုသို့ ပြန်လာမည်မဟုတ်တော့။ ထမင်းစားပွဲတွန်းက သူတို့အစီအစဉ်ကို သူ့အမေအား ပြောခဲ့ပြီးပြီ။

မစ္စစ်ပရစ်စီသဘကာနန်က နန်းစီအသက်ငယ်ခြင်းကို စိုးရိမ်ပူပန်ပုံရသည်။ ဒါကတော့ မိခင်တို့၏သဘာဝဖြစ်သည်။

ယခု သူမကို သည်မှာပဲ မြေမြုပ်သင်္ဂြိုဟ်လိုက်တော့မည်။ သူ့ခင်ပွန်းသည်လည်း သည်အရပ်မှာ သင်္ဂြိုဟ်ခဲ့သည်။ ယခ ဆွေမျိုး ၃ ဆက်မျှသည် ကာလီဖိုးနီးယားပြည်နယ်မှာပဲ အခြေချခဲ့ကြသည်။ နန်းစီသည် သူ့အမေသေသည့်ကိစ္စကို စိတ်ထိန်းနိုင်ခဲ့သည်။ ယခုအချိန်မှာ သူမတကိုယ်တည်းနေဖို့ မသင့်တော်ဘူးဟု သူတို့ယူဆသည့်အတွက် ချက်ချင်းပင် လက်ထပ်လိုက်ကြဖို့ စီစဉ်ပြီးကြပြီဟု လင်ဒန်သိခဲ့ရသည်။

သည်အတိုင်းဆိုလျှင် လင်ဒန်အနေနှင့် သာမျှ ဆက်မလုပ်နိုင်တော့ပါ။ နန်းစီ၏ မိခင်နှင့် သူ ချစ်နေကြပြီးပြီဟု ပြောဦးမှာလား။ အကယ်၍ ပြောမိလျှင် သူ့ကို နန်းစီက ပို၍ စိတ်ဆိုးပေမည်။ ပါမောက္ခ ဟာမွန်သည်လည်း လူတော်ဟုထင်ရသည်။ နန်းစီသည် အသက် ၁၈ နှစ်ပြည့်ရုံမျှလေးနှင့် လက်ထပ်ဖို့ဆုံးဖြတ်လိုက်သည်ကို ပရစ်စီသာက ရိုးရိုးပဲ ပူပန်ခြင်းဖြစ်မည်။ ဒါပေမယ့် သည်ဆုံးဖြတ်ချက်ကို လင်ဒန်အနေနှင့် ဘာမျှ မလုပ်နိုင်ခဲ့ပါ။



ျားမကြ မီ လန်ဒန်တက္ကသိုလ်နှံ့နေ၍ စာသင်ဖို့ ကမ်းလှမ်းသည့်အခါ သူကသည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်ခံသည်။ ယင်းကြောင့် သူသည် တခြားနိုင်ငံရောက်နေသည့်အတွက် 'ဟာ:မွန်လူသတ်မှု' စစ်ဆေးစဉ်က မိခင်တိုင်းပြည်၌ ၍ မသိခဲ့ရပေ။ အမှုပြီးမှပဲ သိရတော့သည်။

လန်ဒန်တက္ကသိုလ်မှာ ရှိနေစဉ်ကာလမှာပဲ အယ်လီဆင်ကို သူ ခဲ့ရသည်။ သူမသည် ကျောင်းဆရာမတယောက်ဖြစ်သည်။ ပရစ်စီသာက သူ့ကို ဘဝကြင်ဖော် လိုအပ်သည်ဟု ရှေ့ဆောင်သမ်ပြုမှုသည် သူ့အတွက် လူပျိုကြီး တကိုယ်တည်းဘဝ ပြန်သွား၍ မဖြစ်နိုင်တော့ပါ။ ရံဖန်ရံခါ နန်းစီဟာမွန် သက် ဘယ်များပျောက်ကွယ်သွားသလဲဟု သူ မှန်းဆကြည့်မိသည်။ သူသည် ဘော်စတွန်အရပ်ဒေသတွင် နေလာမှာ ၂ နှစ်ရှိပြီ။ သူမနှင့် တမိုင်ခွဲလောက်ပဲ ကွာဝေးသည်။ ခနနှင့် ပရစ်စီသာကို အကူအညီမပေးလိုက်ရခြင်းအတွက် သမီးကျမှ ပြန်ဖြေလို့ရကောင်းပါရဲ့ဟု စိတ်ကူးမိသည်။

သူ့တယ်လီဖုန်းက အသံမြည်လာသည်။ ခဏအကြာမှာ ရုံးအတွင်း စကားပြောခွက်မှ မီးလင်းလာသည်။ စကားပြောခွက်ကို ကောက်ကိုင်လိုက်တော့ သူ့စာရေးမက...

"ဆရာကတော်က စကားပြောချင်လို့တဲ့"ဟု ပြောသည်။

ပြီးနောက် အယ်လီဆင်၏ စိုးရိမ်စိတ်ဘော့နှင့် ပြည့်နေသော အသံကို ကြားရသည်။

"ဟာမွန်မိန်းကလေးနှင့် ပတ်သက်တဲ့သတင်း ရှင် ကြားမိလိုက်သလား...."

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်သည်။

ပရစ်စီလာနှင့် ပတ်သက်ခဲ့သည့်အကြောင်း အယ်လီဆင်က
သူ ပြောပြထားခဲ့သည်။

"ဒါနဲ့ပတ်သက်ပြီး ရှင် ဘာလုပ်မလဲ...."

သူမ၏မေးခွန်းသည် သူ့စိတ်ထဲက အလိုလိုဆုံးဖြတ်ပြီးသား
ကို အကောင်အထည်ဖော်ဖို့ တွန်းပို့ပေးသလို ဖြစ်သွားသည်။

"ဟိုတုန်းက ကျွန်ုပ်လုပ်သင့်လုပ်ထိုက်တာအတိုင်း လုပ်ရုံ
ဒီကလေးမကို ကိုယ်တတ်နိုင်သလောက် အကူအညီပေးရမယ်"

"ရှင့်ကို ဘုရားသခင် စောင်မပါစေရှင်"

လင်ဒန်သည် သူ့စာရေးမကို ခေါ်ပြီး....

"ဒေါက်တာ မာကပ်စ်ကို ညနေ လူမမာတွေကြည့်ပေး
ပြောလိုက်ပါ။ အရေးကြီးတဲ့ကိစ္စရှိတယ်လို့ ပြောပေးပါ။ ည
၄ နာရီသင်တန်းကို ဖျက်လိုက်ပါ။ ငါ အခုချက်ချင်း ကို
ကောကို ကားနဲ့သွားရမယ်"

* * *

အခန်း ( ၁၀ )

"ကျွန်ုပ်တို့ ရေကန်မှာ ပိုက်ဆွဲနေကြပါပြီ။ ရေဒီယို
နှင့် ရုပ်မြင်သံကြား ဌာနတွေကိုလဲ သတင်းပို့ပြီးပါပြီ။ ရှာဖွေ
ရေးအတွက် လူအင်အားထပ်ဖြည့်ပေးဖို့ စီစဉ်တွေလဲ လုပ်
ပြီးပြီ........"

ဟု အဒမ်ပိုရပ်ကွက် ရဲမှူး ဂျက်ကောဗင်က ကလေးများ
ပျောက်ဆုံးနေလျှင် သာမန် အသုံးပြုရမည့် စိတ်ပါလက်ပါ
ပုံသဏ္ဍာန်မျိုးနှင့် ပြောလိုက်သည်။

သို့သော် 'ရေး'၏ ခံစားနေရသော မျက်လုံးနှင့် ဖြူရော်နေ
သောမျက်နှာထားကို ကြည့်ခြင်းအားဖြင့် သည်လိုပြောလိုက်
ခြင်းက သူ့ကို နှစ်သိမ့်ဖို့မလွယ်လှပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'ရေး'သူ့ကို လိမ်ခဲ့သည်။ သူ့မိန်းမနှင့် မိတ်ဆက်ပေးသည်၊ ဗာဂျီးနီးယားပြည်နယ်မှလာပြီး ဒေါ်ရော်သီနှင့်သိခဲ့ဖူးသည်ဟု။ သူ့မိန်းမ၏ တကယ့်အဖြစ်အပျက်ကို တခါမျှ ပြောမပြခဲ့ဖူးချေ။ ရဲမှူးကလည်း သံသယမရှိခဲ့။ အဲဒါမှာ ယခု တကယ့် ကသိကအောက်ဖြစ်နေရသည်။

ရဲမှူးအနေနှင့် ပြောရလျှင် ယခု ဖြစ်ပျက်သမျှတွေမှာ ရှင်းနေသည်။ သည်မိန်းမသည် သတင်းစာထဲက အကြောင်းအရာကို မြင်ပြီးပြီချင်း လူတိုင်းက သူ့အကြောင်းကို သိကုန်ကြပြီဆိုကာ စိတ်ဖောက်ပြန်သွားခြင်းဖြစ်ရမည်။ သူ၏ အခြားကလေးများကို လုပ်သလို ယခုအလေးများကို သတ်လိုက်ခြင်းဖြစ်မည်။

'ရေး'ကို သေသေချာချာ လေ့လာကြည့်လျှင်ရေးကလည်း သည်အတိုင်း ယူဆမိနေသည်ဟု သူထင်သည်။

မီးလောင်ကျွမ်းနေသော သတင်းစာ အစများ မီးဖိုထဲမှာ ရှိနေသေးသည်။ 'ရေး'ကလည်း သည်အစများကို စူးစိုက်ကြည့်နေသည်ကို ရဲမှူးကြီးက သတိပြုမိသည်။ မီးမလောင်ပဲ ကျန်နေသော အချို့အစသေးများသည် အနားများဖွာနေသည်ကို တွေ့ရ၍ မီးမရှို့ခင် တယောက်ယောက်က စိတ်ဖောက်ပြန်ပြီး တအားဆွဲဆုတ်ထားခြင်းဖြစ်ကြောင်း မြင်နိုင်သည်။

"ဆရာဝန်ရော၊ ဟိုအမျိုးသမီးနဲ့ အပေါ်ထပ်မှာရှိနေတုန်းပဲသား...."

ဟု ရဲမှူးက စိတ်ဆတ်ဆတ်နှင့် မေးလိုက်သည်။ သာမန်အချိန်မှာတော့ နန်စီကို မစ္စက်အဲယ်ဒရက်ဟု ခေါ်နေကျဖြစ်သော်လည်း ယခု ဟိုအမျိုးသမီးဟူ၍ သုံးနှုန်းလိုက်၏။



"ဟုတ်ကဲ့၊ သူ့ကို ဆေးတလုံးထိုးပေးပြီး သက်တောင့်သက်သာဖြစ်အောင် ထားပေးထားတယ်။ သတိလစ်အောင်တော့ ထားတာမဟုတ်ပါဘူး။ ကျွန်တော်တို့ သူနဲ့ စကားပြောဖို့ လိုအပ်ပါလိမ့်မယ်"

'ရေး'က ထမင်းစားစားပွဲတွင် ထိုင်လိုက်ပြီး သူ့မျက်နှာကို လက်ဝါးထဲမှာ မြှုပ်ထားလိုက်သည်။ များမကြာမီ နာရီပိုင်းက မီးဖိုခန်းထဲဝင်လျှင် နန်စီသည် မင်းစီအိုကို ပေါင်ပေါ်တင်ပြီး ထိုင်နေခဲ့သေးသည်။ မိုက်ကယ်ကလည်း 'ကနေ့ဟာ မေမေ့မွေးနေ့ ဆိုတော့ တကယ်ပဲသား'ဟု ပြောခဲ့သေးသည်။

နန်စီမွေးနေ့ပွဲကျင်းပဖို့ ပြောလိုက်မိခြင်းသည် သူ၏စိတ်ထဲမှ အတိတ်ဘခုကို ခလုတ်နှိပ်၍ဖွင့်လိုက်သလိုများဖြစ်သွားလေသလား။ သည့်နောက် သတင်းဆောင်းပါး....။ ဖြစ်များဖြစ်နေသလား....။

မဖြစ်နိုင်ပါဘူး။

'ရေး'က မျက်စိလေး ပေကလပ်ပေကလပ်နှင့် မော့ကြည့်လိုက်သည်။

နောက်ဖေးတံခါးပေါက်၌ရပ်နေသောသားရဲသားကို မတွေ့မမြင်ဖူးသော အမူအရာဖြင့် ကြည့်လိုက်သည်။

"အဲဒါ ဘာလဲဟေ့"

ရဲမှူးက မေးသည်။

"နန်စီဟာ ကလေးတွေကို ထိခိုက်နစ်နာအောင်လုပ်နိုင်တဲ့ အရည်အချင်း မရှိဘူး၊ ဘာပဲဖြစ်ဖြစ် ဒါတော့ မဖြစ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမိန်းမဟာ သူ့ဘာသာသူနေယင်တော့ ကလေးတွေကို နှစ်နာအောင်မလုပ်ဘူး၊ ဒါပေမယ့် တချို့မိန်းမတွေ စိတ်ဖောက်ပြန်သွားပြီး လုပ်ချင်ရာလုပ်တတ်တာကို ကျုပ် တွေ့ဖူးတယ်"

'ရေး'က မတ်တတ်ရပ်လိုက်ပြီး ထမင်းစားစားပွဲစောင်းကို လက်တဘက်ဖြင့် တအားဆုပ်ကိုင်ထား သည်။ ရဲမှူးကို ကျော်၍ အဝေးသို့လှမ်းကြည့်ယင်း....

"ကျွန်တော် အကူအညီလိုတယ်၊ တကယ့်အကူအညီပါ"

ဟု ပြောလိုက်၏။

တခန်းလုံး ရှုပ်ပွနေသည်။ ရဲများသည် အိမ်အတွင်းဘက်ကို ရှာဖွေပြီးမှ အိမ်အပြင်ဘက်ကို ဆက်လက်ရှာဖွေနေကြသည်။

ရဲဓာတ်ပုံဆရာတယောက်ကလည်း မီးဖိုထဲမှာ ဓာတ်ပုံရိုက်ယူနေသည်။

ကော်ဖီအိုးမှောက်နေပုံ၊ ကော်ဖီရည်တွေ မီးဖိုနှင့်ကြမ်းပြင်ပေါ် ဖိတ်နေပုံ။

တယ်လီဖုန်းက ခဏခဏ အသံမြည်နေ၏။ ခေါ်တိုင်းခေါ်တိုင်း မကြာမီ ရဲမှူးက ခင်ဗျားတို့ကို သတင်းပေးမှာပါ ဟူ၍ ပြန်ပြန်ပြောနေရသည်။

တယ်လီဖုန်းကိုင်သည့်ရဲသားသည် ရဲမှူးနားသို့လာပြီး....

"ခုန က ဖုန်းဆက်တာ အေပီသတင်းဌာနကပဲ၊ ကျွန်တော်တို့ဆီကို သတင်းထောက်တွေ မကြာခင်မှာ ပြုံကျလာတော့မယ်"



သတင်းဌာနမှဟု ဆိုလိုက်ကာသည်းက နန်စီ၏မျက်နှာထားပေါ်မှာ အခြိမ်းခြောက်ခံနေရသည့် အမူအရာများ တဖြည်းဖြည်း ပျောက်သွားသည်ကို 'ရေး' သတိထားမိလိုက်သည်။

ကနေ့မနက်သတင်းစာ၌ပါသောပုံကို သူ ပြန်စဉ်းစားကြည့်တော့ သူမ၏လက်များမှာ မြောက်ထားပြီး တွန်းထိုးသာသော အက်သီးများကို ကာကွယ်နေသယောင် မှတ်ယူရ၏။

ရဲမှူးဘေးမှဖြတ်၍ အပေါ်ထပ်ကို သူ ပြေးတက်သွားပြီး အိပ်ခန်းတံခါးကို တွန်းဖွင့်လိုက်သည်။ ဆရာဝန်သည် နန်စီ၏ဘေးတွင်ထိုင်နေပြီး နန်စီ၏လက်ကလေးကိုကိုင်ကာ....

"မင်း ငါပြောတာကြားနိုင်ပါတယ်နော်နန်စီ၊ ငါ ပြောတာ ကြားနိုင်တယ်လို့ မင်း သိတယ်၊ ရေးလဲ ရောက်နေပြီ၊ မင်းအတွက် သူ သိပ်ကိုသောကရောက်နေတယ်၊ သူ့ကိုပြောပြလိုက်ပါလား"

သူမ၏ မျက်လုံးများမှာ မှိတ်ထားသည်။ ဒေါ်ခရော်သီက 'ရေး'ကိုကူညီပြီး နန်စီ၏ရေဒါအဝတ်အစားများကို လဲပေးလိုက်သည်။ အဝါရောင်ခြုံထည်ပွပွကြီးကို ခြုံပေးထား၏။ သူမ၏ လျှပ်မယှက်ပုံသဏ္ဌာန်ကိုကြည့်ရသည်မှာ သူမကိုယ်တိုင် ကလေးလေးတယောက်လိုပဲဟု ထင်ရသည်။

'ရေး'သည် ခုတင်ပေါ်သို့ ဒါးကုန်းပြီး.......

"မင်း ကလေးတွေကိုကူညီဖို့လိုမယ်၊ ကိုယ်တို့ ကလေးတွေကို ရအောင်ရှာရမယ်။ သူတို့ဟာ မင်းကို သိပ်လိုအပ်နေကြတယ်။ ကြိုးစားပါကွာ နန်စီ၊ ကြိုးစားစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက သတိပေးသောအနေဖြင့်....

"ရေး....၊ သူဟာ ကြောက်စရာခံစားမှုဘာခုခံစားနေရတယ်၊ သတင်းစာဖတ်မိလို့ပဲလား၊ တခြားကြောင့်လားတော့ မသိဘူး။ သူ့ဦးနှောက်ဟာ ဒီချောက်ချားမှုကိုရင်ဆိုင်ဖို့ တန်ပြန် တိုက်ခိုက်နေရတယ်"

ဟု သူ့နဖူးကို တွန့်လျက် ပြောလိုက်သည်။

"ဒါပေမယ့် အဲဒါဘာလဲလို့ ကျွန်တော်တို့သိဖို့လိုလိမ့်မယ်"

'ရေး'က စိတ်စောစွာနှင့် ပြန်ပြောသည်။

"နန်စီဟာ ကလေးတွေကို တယောက်ယောက်ကခေါ်သွားတာ မြင်လိုက်တာဖြစ်ချင်ဖြစ်မယ်။ နန်စီကို ငါသိပါတယ်ကွာ။ ငါလဲနားလည်ပါတယ်။ သတင်းစာကိစ္စကိုဘာမှအရေးမထားနဲ့။ ဒါကို ငါတို့နှစ်ယောက်သား အတူတူရင်ဆိုင်ဖို့ပဲ။ ဒါပေမယ့် ကလေးတွေဘယ်မှာလဲ...။ သူတို့ကိုရှာဖွေဖို့ မင်း ကူညီမှ ဖြစ်မှာ။ ကလေးတွေ ရေကန်နားသွားတယ်လို့ မင်း ထင်သလား"

နန်စီသည် ကြက်သီးထပြီး တုန်သွားသည်။ သူမ၏ လည်ချောင်းထဲတွင် လည်ပင်းကို လှည့်ဆွဲ၍ အော်လိုက်သည့် အသံမျိုးထွက်လာသည်။ သူမ၏နှုတ်ခမ်းများသည်....

"သူတို့ကိုရှာပါ၊ သူတို့ကိုရှာပါ"

ဟူသည့် စကားလုံးတွေကို ပြောဖို့ ဟန်ပြင်လာသည်။

"ငါတို့ သူတို့ကိုရှာမှာပါ။ သူတို့ကို ရအောင် ရှာမှာပါ။ ဒါပေမယ့် မင်း ကူညီမှဖြစ်မှာ။ မင်းထိုင်နိုင်အောင် ငါ ထူပေးမယ်နော်၊ ကဲလာ....ထ ထ...."



ရေးက သူမကိုင့်၍ ပွေ့ထူပေးလိုက်ပြီးနောက် ပွေ့ဖက်ထားသည်။ သူမ၏မျက်နှာပေါ်မှာ သောင်ခိုကသဲနှင့် ပွန်းထားသော အရာများတွေ့ရသည်။ သဲအစိုအနည်းငယ်မှာ သူမဆံပင်၌ ကပ်နေသည်ကိုလည်း တွေ့ရသည်။ ဘာဖြစ်လို့လဲ။ မှုဟုတ်မှလွဲရော....။

"ကျွန်တော် ဆေးတလုံးထိုးပေးထားတယ်"

ဟု ဆရာဝန်က ပြောပြသည်။

'သူ စိတ်ငြိမ်သွားရုံလောက်ပါပဲ။ သတိလစ်လောက်အောင်တော့ မဖြစ်ပါဘူး"

သူမသည် လေးလံထိုင်းမှိုင်းပြီး မရေရာသော အသိမျိုးဖြစ်လာသည်ကို ခံစားရသည်။ သည်လို အဖြစ်မျိုးကို ဟိုယခင်ကလည်း ခံစားဖူးသည်။

အမေသသည့်ညက....။ ဒါမှမဟုတ် ဒီအလျှင်က....။

သိပ်ကို ခုခံနိုင်အားမရှိဘူး။ သိပ်ကိုရွေးချယ်နိုင်သည့် အရည်အချင်းလည်းမရှိဘူး။ လှုပ်လည်းမလှုပ်နိုင်ဘူး။ စကားလည်းမပြောနိုင်ဘူး။ ညပေါင်းများစွာမှာ သူမ၏မျက်ခမ်းများသည် ကော်နှင့်ကပ်ထားသလို မဖွင့်နိုင်ပဲ အင်မတန်လေး၍ အင်မတန်ငိုက်ပျဉ်းသည်ကို သူမ သတိရမိသည်။

တာလ်သည် သူ့အပေါ်မှာ အင်မတန်စိတ်ရှည်သည်။ သူမအတွက် အစစအရာရာ အကုန်လုပ်ပေးသည်။ သူမကို ငြိမ်းချမ်းအားရှိလာအောင်လုပ်ရမည်ဟု ပြောခဲ့သည်။ အလိုလို ကြောက်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ ငိုက်မြည်းနေသည်ကို ကျော်လွှားရမည်ဟု ပြောခဲ့သည်။ ဒါပေမယ့် သူမသည် မတတ်နိုင်ခဲ့ပါ။

ဒါတွေသည် ဟိုယခင်တုန်းကဖြစ်ခဲ့ဘာ၊ ဒါတွေကို သူမ မစဉ်းစားတော့။ ကာလ်အကြောင်း၊ ကလေးတွေအကြောင်း၊ သူမကို ရယ်မောအောင်လုပ်သော သူမကို သဘောကျသည်ဟု ထင်ရသော ကျောင်းသားချောလေး ရော့ရက်ဂလာအကြောင်း ဒါတွေကိုလည်း မစဉ်းစားတော့။ ရော့ရက်ဂလာ အိမ်ရောက်လာစဉ်က ကလေးများသည် သိပ်ပျော်သည်။ သိပ်ရွှင်သည်။ သူ့ကာ တကယ့်မိတ်ဆွေဟု ထင်ခဲ့သည်။ ဒါပေမယ့် သူသည် သက်သေထိုင်ခုံကနေပြီး....

"သူမရဲ့ ကလေးချားကို ဖုံးဖိလိုက်မယ်လို့ ကျွန်တော့်ကို သူက ပြောခဲ့ဘယ်။ ဒီစကားချားဟာ သူ ပြောတဲ့အတိုင်းပဲဖြစ်ပါဘယ်။ ကလေးတွေ မပျောက်ဆုံးခင် လေးရက်လောက်က ပြောခဲ့တဲ့စကားတွေဖြစ်ပါတယ်" ဟူ၍ ပြောခဲ့သည်။

"နန်စီ၊ မင်း ရေကန်နားဘာဖြစ်လို့ သွားရဘာလဲ"

သူမ၏နှုတ်မှထွက်သော အသံတိုးတိုးလေးကို သူမ ပြန်ကြားရသည်။

ရေကန်....။

ကလေးတွေဟာ အဲဒီကိုသွားသလား။ သူတို့ကို သူမ သွားရှာရမည်။

'ရေး'သည် သူမကို ပွေ့ထူလိုက်သည်ကို သူမ သိလိုက်ရသည်။ 'ရေး'၏ခြင်ခွင်ထဲသို့ ခွေကျသွားသည်။ ဒါပေမယ့် သူမ



...သူမ အားတင်းပြီး ထိုင်ဖို့ကြိုးစားခဲ့သည်။ အိပ်ပျော်ခြင်း ...ချောဆင်းသွားခြင်းသည် အလွန်လွယ်ကူသည်။ သူမ လုပ် ...အလုပ်ဖြစ်သည်။

"အေး.... ဟုတ်ပြီ၊ ဟုတ်ပြီ"

'ရေး'က ဆရာဝန်ကိုလှမ်းကြည့်ပြီး....

"ကော်ဖီလေး တခွက်ဆိုယင်...."

ဆရာဝန်က ခေါင်းညိတ်ပြီး....

"ဒေါ်ရော်သီကို ဖျော်ခိုင်းလိုက်မယ်"

ကော်ဖီ....။

...အင်းစားအခေါက်ပုံကိုတွေ့စဉ်က သူမသည် ကော်ဖီဖျော်နေ...သည်။ သူမသည် လေသံလေးဖြင့်....

"ရေး....သူတို့ သိကုန်ပြီ၊ လူတိုင်းသိကုန်ပြီ။ ရှင် ဖုံးလို့ ...ဘော့ဘူး။ ဖုံးကွယ်လို့မရတော့ဘူး"

ဒါပေမယ့်နောက်ထပ်တခုခုရှိနေသည်ဟု ထင်ရသည်။ 'ရေး' ...လက်မောင်းကို ဆုတ်ညှစ်လိုက်ပြီး....

"နေး ကလေးတွေကို ရှာပါ။ ကျွန်မ ကလေးတွေကို ရှာပါ"

"နန်စီ၊ ထိန်းထား။ ဒီနေရာမှာ မင်းအကူအညီကိုလိုတာပဲ။ ...တို့ကို မင်း ပြောပြပါ။ ပြေပြဖို့လိုမယ်။ မင်းမြင်တာ၊ ... အသေးစိတ်ပြောပြပါ။ နောက်ထပ် မိနစ်နည်းနည်းလေး ...ကာပဲ ထိန်းထားဖို့လိုမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရှော်သီသည် အငွေ့တငွေ့ခြောင်းခြောင်း ထနေသော
ကော်ဖီပန်းကန်ကိုင်ပြီး ဝင်လာသည်။

"သူ ဘယ့်နှယ်နေသေးလဲ"

"သတိရလာပါပြီ"

ရဲမှူးကော့ဖင်က နန့်စီကို မေးခွန်းမေးဖို့ စိတ်စောနေသည်

"ရေး…"

နန့်စီသည် လန့်ပြီး 'ရေး'၏လက်မောင်းကို လှမ်းဆုပ်လိုက်
သည်။

"နန့်စီ မစိုးရိမ်ပါနဲ့။ အဲဒါဟာ ငါတို့ကလေးတွေကို ပြ
တွေ့အောင်ရှာနိုင်ဖို့ ကူညီနေတာပါ။ ကိစ္စမရှိပါဘူး"

သူမသည် ကော်ဖီပူပူကို တရှိန်ထိုးသောက်ချလိုက်သည်
ပူနွေးသည့် အရသာကို သူမ နှစ်သက် သဘောကျသွားသည်
အကယ်၍များ သူမ၏ဦးနှောက်အား စဉ်းစားတတ်နိုင်လျှင်…
အိပ်ရာက နိုးလာနိုင်မည်ဆိုလျှင်….။ အခု ကြောက်စရာအိပ်မက်
ရှောင်နိုင်မယ်ဆိုလျှင်….။

သူမ၏အသံ….။ သူမ စကားပြောနိုင်ပြီ။ နှုတ်ခမ်းများသည်
ကြက်ပေါင်သားလိုထူပြီး ပွတတဖြစ်နေသည်ဟု ထင်ရသည်
ဒါပေမယ့် သူမ စကားပြောရမည်။ ကလေးတွေကိုရှာဖို့လု
မည်။ အောက်ထပ်ကို သူမ ဆင်းချင်သည်။ အပေါ်ထပ်မှာ
မဖြစ်။ အလျှင်တခါကလို….။ အလျှင်တခါက သူ့ အခန်းထဲက
စောင့်နေခဲ့သည်။ အောက်ထပ်ကို မဆင်းနိုင်ခဲ့။ အောက်ထပ်
လူများကို သွားတွေ့ဖို့….ရဲများ….၊ ကျောင်းဆရာများ၏



များ….၊ ဆွေမျိုးများကောရှိသလား….။ တယောက်ယောက်ကို
ခေါ်ပေးဖို့လိုမလား….။ တယောက်မျှမရှိဘူး… တယောက်မျှ
မရှိဘူး….။ စသည်ဖြင့် နန့်စီ၏ခေါင်းထဲ၌ အတွေးများရှုပ်ထွေး
နေသည်။

'ရေး'၏ လက်မောင်းကိုမှီပြီး သူမသည် ဒယီးဒယိုင်ဖြင့်
တတ်တပ်ဆုပ်လိုက်သည်။ သူ၏လက်မောင်းကို သူမက မှီခိုထား
ရသည်။

သူ့ကလေးတွေ….သူ့ကလေးတွေ….။

"ရေး….၊ ကျွန်မ သူတို့ကို နာကျည်းအောင်မလုပ်ခဲ့ပါဘူး"

"အေးပါ၊ ငါ သိပါတယ်"

သူ၏အသံသည် နှစ်သိမ့်သည့်အသံ ဖြစ်သည်။ ဒါပေမယ့်
ဟန်လုပ်သည့်အသံလည်း ဖြစ်သည်။ အမှန်တော့ သူ တုန့်လှုပ်
ခြင်းပင်ဖြစ်သည်။ သူမသည် ဘာကြောင့်များ ငြင်းနေပါ
လဲဟု သူ တွေးထင်နေသည်။ မည်သည့်မိခင်ကောင်းမှ သူ့
သားသမီးများကို နစ်နာအောင်လုပ်ဖို့ ပြောမည်မဟုတ်ချေ။
သည်လိုဆိုလျှင် သူမက ဘာ့ကြောင့်များ….။

သူမသည် တံခါးဘက်သို့ကြိုးစားပြီးစမ်းလျှောက်လာသည်။
ရေး'၏လက်များက သူမ၏ ခြေလှမ်းတွေ တည်ငြိမ်အောင်
ခါးကိုဖက်ထားပေးသည်။

သူမက ခြေထောက်များကိုရှိသည်ဟု မထင်ပါ။ ခြေထောက်
များ မရှိပါ။ သူမသည်းပဲ မရှိပါ။ ဒါဟာ အိပ်မက်ဆိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



တာခုသာဖြစ်သည်။ နောက်မိနစ်အနည်းငယ်အတွင်းမှာ သူ အိပ်ရာကနိုးလာမှာပါ။

ဟိုညပေါင်းမြောက်မြားစွာကသည်း သည့်လိုဖြစ်ခဲ့သည်။ အိပ်ရာမှအသာထ၍ မစ်စီနှင့် မိုက်ကယ်တို့ကို သွားကြည့်ပြီး စောင်များပြန်ခြုံကာ အိပ်ရာထဲ ပြန်အိပ်သည်။ အသာလေး တိတ်တိတ်ကလေး 'ရေး'မနိုးရအောင် သွားခဲ့သည်။ အိပ်ရာက မထပဲ 'ရေး'က သူမကိုလှမ်းဆွဲပြီး ဖက်ထားလိုက်သည်။ 'ရေး'၏ နွေးထွေးသည့်အနံ့ကလေးက သူမကို စိတ်ဘည်ငြိမ်စေဖို့ သူ ပြန်ပြီးအိပ်ပျော်သွားခဲ့သည်။

သူတို့ လှေကားကို စ ဆင်းလာသည်။

ရဲတွေ အများကြီးပါလား။ လူတွေကဝိုင်းပြီးမော့ကြည့်နေကြသည်။ ရဲမှူးကော့ဖင်သည် ထမင်းစား စားပွဲမှာရှိနေသည်။ သူမ အနေနှင့် ရဲမှူး၏မလိုလားသောစိတ်ကို သိနေသည်။ အလျှော် တခါကနှင့်အတူတူပါပဲ။

"မစ္စက်အဲဒရက်၊ ဘယ့်နှယ်နေသေးလဲ"

ဝတ္တရားကျေ မေးလိုက်သော မေးခွန်း။ အရေးဂရုပြုပြီး မေးသောမေးခွန်းမျိုးမဟုတ်။ 'ရေး'သာမရှိလျှင် သူ ဒီမေးခွန်း ကို ဂရုစိုက်မေးမှာတောင်မဟုတ်။

"ဟုတ်ကဲ့၊ ကျွန်မ ကောင်းပါတယ်"

သည်လူကြီးကို သူမသည် ဘယ်သောအခါကမျှ သဘော မကျခဲ့ပါ။



"ကလေးတွေကို ကျွန်တော်တို့ ရှာနေကြပါတယ်၊ မြန်မြန် တွေ့မယ်လို့လဲ ကျွန်တော်တို့ ယုံကြည်ပါတယ်၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော်တို့ကိုကူညီဖို့လိုပါလိမ့်မယ်၊ ကလေးတွေကို ခင်ဗျား ဘယ်အချိန်မှာ နောက်ဆုံးတွေ့လိုက်သလဲ"

"၁၀ နာရီမထိုးခင်လောက်ကပါ၊ ကျွန်မ သူတို့ကို အပြင်မှာ ကစားဖို့လွှတ်လိုက်ပြီး အိမ်အပေါ်ထပ်ကို အိပ်ရာသိမ်းဖို့ တက် သွားပါတယ်"

"ခင်ဗျား အပေါ်ထပ်မှာ ဘယ်သောက်ကြာသလဲ"

"၁၀ မိနစ် ၁၅ မိနစ်ထက်မပိုပါဘူး"

"ဒီနောက် ခင်ဗျားဘာလုပ်သလဲ"

"ကျွန်မ အောက်ပြန်ဆင်းလာတယ်၊ အဝတ်လျှော်စက်ကို ဖွင့်ပြီးတော့ ကလေးတွေကိုပြန်ခေါ်ဖို့ ကျွန်မ စိတ်ကူးပါတယ်၊ ဒါပေမယ့် အဝတ်လျှော်စက် ဖွင့်ပြီးတော့ ကျွန်မ ကော်ဖီ သွားနွေးပါတယ်၊ ဒီနောက် သတင်းစာပို့တဲ့ ကောင်လေး သတင်းစာပို့သွားတာ မြင်လိုက်တယ်"

"သူနဲ့ စကားပြောလိုက်သေးသလား"

"ဟင့်အင်း၊ ကျွန်မ တိတိကျကျမြင်ရတာ မဟုတ်ပါဘူး၊ ကျွန်မ သတင်းစာသွားယူတော့ သူက လမ်းထိပ်ကကွေ့သွား တာကိုပဲ မြင်လိုက်ရတာပါ"

"ဟုတ်ပြီ၊ နောက်ဘာဖြစ်သေးသလဲ"

"ကျွန်မ မီးဖိုထဲပြန်ဝင်သွားပါတယ်၊ ကော်ဖီအိုးက နွေး နေးပဲရှိသေးတယ်၊ ကျွန်မ မီးဖွင့်လိုက်ပါတယ်၊ ကျွန်မက သတင်းစာကို တဖြည်းဖြည်းလှန်ကြည့်မိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ခင်ဗျား သတင်းစာကဆောင်းပါးကို မြင်တယ် မဟုတ်သား"

နန်စီသည် ရှေ့တည့်တည့်ကို စူးစူးစိုက်စိုက်ကြည့်နေယင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဒီဆောင်းပါးဖတ်မိတော့ ခင်ဗျား ဘယ်လိုဖြစ်သွားသလဲ"

"ကျွန်မ အော်လိုက်တယ်လို့ ထင်တာပါပဲရှင်၊ မမှတ်မိတော့ဘူး"

"ကော်ဖီအိုး ဘာဖြစ်သွားသေးလဲ"

"ကျွန်မတိုက်မိလို့ မှောက်သွားပါတယ်၊ ကော်ဖီတွေ အကုန်ဖိတ်ကုန်တယ်၊ ကျွန်မလက်လဲ အပူလောင်သွားတယ်"

"ဒါကို ဘာကြောင့်လုပ်တာလဲ"

"ကျွန်မ မသိဘူး၊ ကျွန်မ လုပ်ချင်လို့လဲမဟုတ်ဘူး။ ကျွန်မစိတ်ထဲမှာ ပေါက်ကွဲတော့မယ်လို့ ထင်လိုက်မိပါတယ်၊ ကျွန်မကို လူတိုင်းက စေ့စေ့ကြည့်တော့မယ်လို့ ကျွန်မ သိလိုက်ပါတယ်။ သူတို့ဟာ စူးစူးစိုက်စိုက် ကြည့်ပြီး တီးတိုးပြောကြတော့မယ်။ ကလေးတွေကို ကျွန်မသတ်တယ်လို့ပြောကြတော့မယ်။ ဒီသတင်းစာကို မိုက်ကယ်မမြင်စေချင်ဘူး၊ ဒီတော့ သတင်းစာကိုကိုင်ပြီး ကျွန်မ ပြေးသွားပါတယ်။ သတင်းစာကို မီးလင်းဖိုထဲထိုးထည့်ပြီး မီးခြစ်ခြစ်ပြီး မီးရှို့ပစ်လိုက်ပါတယ်။ သတင်းစာဟာ တဖြည်းဖြည်း မီးထလောင်လာပါတယ်၊ မိုက်ကယ်နဲ့ မစ်စီကို သွားခေါ်ရတော့မယ်ဆိုတာ ကျွန်မ သိလာတယ်။ သူတို့ကို ဝှက်ထားဖို့လိုမယ်။ ဒါပေမယ့် အလျှင်တခါကလိုပဲဖြစ်သွားပါတယ်၊



မ မိုက်ကယ်နဲ့မစ်စီကိုခေါ်ဖို့ ပြေးထွက်သွားတယ်၊ ကျွန်မ ာက်နေတယ်"

"အခု အဲဒါ အရေးအကြီးဆုံးပဲ၊ ခင်ဗျား ကလေးတွေကို ိုက်သလား"

"ဟင့်အင်း၊ သူတို့ပျောက်သွားပြီ၊ ကျွန်မ သူတို့ကို အော် တယ်၊ ရေကန်ဆီပြေးသွားတယ်...."

"ဒီမှာ စွက်အဲဒရက်၊ ဒါဟာ သိပ်အရေးကြီးပါတယ်၊ ား ဘာဖြစ်လို့ သွားရပါသလဲ၊ ကလေးတွေဟာ လူကြီး ပြောစကားကို နားမထောင်ပဲ ရေကန်ဆီမသွားဘူးလို့ ခင် ခင်ပွန်းက ကျုပ်တို့ကို ပြောပြထားတယ်။ ခင်ဗျား သူတို့ကို ပေါ်မှာ ဘာဖြစ်လို့မရှာသလဲ၊ မြို့ထဲကို ခင်ဗျားအတွက် နှလက်ဆောင် သွားဝယ်တာဖြစ်မသွားလို့တွေးပြီးဘာဖြစ် ်မကြည့်တာလဲ၊ရေကန်ဆီကို ဘာ့ကြောင့်သွားရတာလဲ"

"ကျွန်မ အစိုးရိမ်ကြီးလို့ ဖြစ်တာပါ။ ပီတာနဲ့လီဒါကလဲ ်သေကြရတာပါ၊ မိုက်ကယ်နဲ့မစ်စီကို တွေ့အောင်ရှာချင် ဖြစ်ပါတယ်၊ မစ်စီရဲ့လက်အိတ်ကလေးကလဲ ဒန်းမှာ ငြိ ရစ်ခဲ့တယ်၊ သမီးဟာ အမြဲတမ်း လက်အိတ်ပျောက်တတ် ယ်၊ ရေကန်ဆီ ကျွန်မပြေးသွားတာဟာ ကလေးတွေကို လိုက်သွားတာပါ၊ ပြီးခဲ့တဲ့အကြိမ်ကလို ဖြစ်မှာပဲ....သူတို့ရဲ့ ှာကလေးတွေ ရေစိုပြီး တိတ်ဆိတ်ငြိမ်သက်နေလို့၊ ကျွန်မ ည်း စကားမပြောနိုင်ကြတော့ဘူး"

မျှးသည် စိတ်ပျက်သက်ပျက်ဖြင့် ခေါင်းကို ဆန့်လိုက်ပြီး းသသံသည် တဏှယ့်လုပ်ငန်းသဘောဆောင်လျှက်....

www.burmeseclassic.com

www.burmeseclassic.com



"ခွေးအဲဒရက်၊ ကျွန်တော်မေးတဲ့မေးခွန်းတွေကို ခင်ဗျား နောက်ထပ်မဖြေခင် ခင်ဗျားမှာ ဥပဒေကျွမ်းကျင်မှုရဲ့အကြံဥာဏ်ကို ယူနိုင်တဲ့အခွင့်အရေးရှိဘယ်လို့ ကျွန်တော် သတိပေးပါတယ်။ ခင်ဗျားပြောဆိုမယ့်စကားတွေကို ခင်ဗျား ဆန့်ကျင်ပြီး တရားရုံးမှာ အသုံးပြုနိုင်တယ်နော်"

သူမ၏အဖြေကိုစောင့်မနေတော့ပဲ ရဲမှူးသည် စားပွဲမှ ထ သွားပြီး နောက်ဖေးတံခါးပေါက်မှ အပြင်သို့ ထွက်သွားသည်။ နောက်ဖေးကားလမ်းပေါ်တွင် ရဲကားတစ်စီးက အဆင်သင့် စောင့်နေသည်။

သူ အိမ်မှ ထွက်ထွက်ချင်းမှာပင် မိုးနှင်းခဲလေးက မျက်နှာနှင့် ခေါင်းပေါ်သို့ ကြဲချလိုက်၏။ သူ ကားထဲသို့ဝင်စဉ်တွင် လေက နောက်မှနေ၍ တံခါးကိုပိတ်အောင် တိုက်လိုက်ရာ သူ့ ဖိနပ်ကို ခလုတ်တိုက်ပြီး တံခါးလည်းပိတ်သွားသည်။ သူ့ ခြေ ကျင်းဝတ် နာသွားသည်ကို မျက်နှာရှုံ့သွားပြီး....

"ရေကန်ကိုမောင်း"

ဟု အမိန့်ပေးလိုက်၏။

ရာသီဥတု သည်ထက်ဆိုးရွားလာလျှင် ရှာဖွေရေးလုပ်ငန်းများ ဆက်လုပ်ရန် မလွယ်တော့ပေ။ နေ့လယ်မွန်းတည့်ချိန်မှာပင် မှောင်အားကြီးနေ၍ ညအချိန်ဟု ထင်နေရ၏။ ရေငုပ်သော လုပ်ငန်းမှာလည်း ယခုလိုရာသီမျိုး၌ မလွယ်လှပေ။

မောရှော့ရေကန်သည် ကိတ်ကော့မြို့တွင် အကြီးဆုံးရေကန်များထဲ၌ တခုအပါအဝင်ဖြစ်သည်။ ထို့ပြင် အနက်ရှိုင်းဆုံးအကြီး



ဆုံးနှင့် အနက်ဆုံးလည်း ဖြစ်၏။ ထို့ကြောင့် ဤရေကန်ထဲမှာ ရေနစ်မှု ခဏခဏ ဖြစ်တတ်၏။

ခါးလောက်ရှိသော ရေအနက်ထဲသို့ ခပ်ဝေးဝေးလျှောက် သွားနိုင်သော်လည်း တလှမ်းလှမ်းရုံမျှနှင့် ပေ ၄၀ နက်သော ရေထဲသို့သည်း ကျသွားနိုင်သည်။

အကယ်၍ ကလေးတွေ ရေနစ်သွားမည်ဆိုပါလျှင် နောက် နေ့ဦးပေါက်ကျမှပဲ အလောင်းတွေ ပေါ်လာပေတော့မည်။ ယခု ပြဒါးချိန်ကျနေပုံကိုကြည့်လျှင် နောက် ရက်အနည်းငယ်အတွင်း ဤရေကန်ထဲတွင် စကိတ်စီး၍ရနိုင်ပေတော့မည်။

ရေကန်ဘေးမှာဆိုလျှင် ယခင်က သည်လိုရာသီမျိုးနှင့်သည် ထိုအချိန်မျိုးမှာ လူများမရှိနိုင်သော်လည်း ယခုမူ ပရိသတ်များ ဝိုင်းအုံနေကြပြီး ကိုယ့်အုပ်စုနှင့်ကိုယ်စုပြီး ရေငုပ်သမားများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေကြသည်။

ရဲမှူးသည် ကားပေါ်မှဆင်းလာပြီး ဘောင်ပြင်သို့ သွက် သွက်ကလေး လျှောက်သွား၏။ သူ၏ လက်ထောက်ရဲမှူးထံ ရောက်သွားရာတွင် လက်ထောက်ရဲမှူး၏ ပခုံးတွန့်ပုံကိုမြင်လိုက် ၏။ သူ မမေးရသေးသောမေးခွန်းကို ဖြေလိုက်ခြင်းပင် ဖြစ် သည်။

ရဲမှူးသည် မိုးနှင်းခဲများ သူ့ဖိနပ်ထဲ ပျော်ဝင်သွားသည် သူ့ခြေထောက်ကို တအားဆောင့်လိုက်၏။

သည်နေရာသည် နန်စီဟာ သူမ၏ကလေးများကို ရေထဲသို့ အတင်းဆွဲချလာသည့်နေရာမှ ဟုတ်ပါမှသား။

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်ကြောင့် လူအများမှာ ကလေးရှာသောအလုပ်ကို သက်စွန့်ဆံဖျား လုပ်နေရပြီ။ သည်ကလေးများကို ဘယ်အချိန် ဘယ်နေရာမှာ ရှာ၍တွေ့မည်ဆိုသည်ကို ဘုရားသခင်မှ သိပေလိမ့်မည်။

ဘာဖြစ်ခဲ့သလဲဆိုတာ သိပါသလား...။

(ဉာဏ်ပျောက်ကလေးတခု...

ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော လူသတ်မှုကျူးလွန်သူ မိန်းမတယောက်ကို ပါးနပ်သည့် ရှေ့နေတယောက်ကစိဘ်ပျော့သည့် တရားသူကြီးတယောက်ကို အမှုစစ်ဆေးခြင်း ပျက်ပြယ်သွားပြီဟု ကြေငြာ ခိုင်းလိုက်ခြင်း ဖြစ်သည်။)

သူ့လက်ထောက် ရဲနူးလေး၏နာမည်ကို ဒေါသအကြီးနှင့် ခေါ်လိုက်သည်၊

သူ့လက်ထောက်က သူ့ဘက်လှည့်ပြီး....

"ခင်ဗျာ......"

"ရုပ်သေမ္မာတွေ၊ နောက်ထပ် ဘယ်လောက်ကြာကြာ ဒုပ်ကြဦးမှာလဲ"

"အခု ၂ ကြိမ်ရှိသွားပြီဆရာ။ ဒီတကြိမ်ပြီးယင် နောက်တကြိမ်ထပ်ဒုပ်ဖို့ ကြိုးစားကြဦးမယ်၊ ဒီနောက် အနစ်ယူပြီး နေရာတခု ပြောင်းကြမှာပါဆရာ"

သူက ရုပ်မြင်သံကြားကိရိယာများကို လက်ညှိုးထိုးပြီး....

"ကနေ့သူ ကျွန်တော်တို့ ခေါင်းကြီးပိုင်းမှာ ပါတော့မယ်ထင်တယ်၊ ခင်ဗျား သတင်းပို့စာရေးလေးတွေ စွဲစွဲစားထားတော့"



သုံးကျဉ်နေသောလက်များဖြင့် ရဲမှူးသည် ကုတ်အင်္ကျီအိတ်ထဲ နှိုက်လိုက်သည်။ စာရွက်စလေးတရွက် ထုတ်လိုက်ပြီး....

"ဒါ နည်းနည်း မှတ်သားပြီးပါပြီ"

ဟု ပြောပြီး သူရေးထားသည်ကို ဆက်ဖတ်ပြသည်။

"ကျွန်တော်တို့ဟာ အဲဒရက်ကလေးများကို လူစုလူဝေးနဲ့ ရှာနေကြပါပြီ၊ သူတို့ရဲ့ အိမ်ပတ်ဝန်းကျင်အနီးရှိ သစ်တောထဲမှာ ပိုက်စိပ်တိုက်တဆင့်ပြီးတဆင့်ရှာနေကြပါပြီ။ ကောင်းကင်မှာ ရဟတ်ယဉ်များနဲ့လဲ ရှာဖွေနေကြပါပြီ။ မော်ရှော့ဆိုတာ သူတို့အိမ်အနားမှာ အနီးဆုံးဖြစ်လို့ ဒီရေကန်ထဲကို ကျွန်တော်တို့ သာမန်သဘောနဲ့ပဲ ဆက်ရှာနေကြပါတယ်"

ဤသတင်းပေးပို့ချက်ကလေးအတိုင်း သတင်းထောက်များ မေးလိုက်သည့်အခါ သတင်းထောက်တယောက်က....

"နန်စီ အဲဒရက်ဟာ စိတ်ဖောက်ပြန်ပြီး ဒီရေကန်နားမှာ လာခိုနေတယ်ဆိုတာ အမှန်ပဲလား"

ဟု မေးလိုက်သည်။

"အဲဒါ အမှန်ပါပဲ"

နောက်သတင်းထောက် တယောက်က....

"သူမရဲ့ အတိတ်အကြောင်းအရဆိုယင် အခု ရေကန်ထဲမှာ ရှာတာဟာ ထူးခြားမှုတခုလို့ ခေါ်နိုင်ပါ့မလား"

ဟု မေးပြန်သည်။

"ကျွန်တော်တို့က ဖြစ်နိုင်တာအားလုံးကို ရှာဖွေနေရမှာဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းများသည် တဖြည်းဖြည်းနှင့် များလာပြီး မြန်
လာသည်။ သတင်းထောက် တယောက်နှင့် တယောက် 
မေးလာကြသည်။

"အတိတ်ရဲ့ စိတ်မကောင်းတဲ့ဖြစ်ရပ်ကို ထောက်ရှုကြည့်
အားဖြင့် အခု ကလေးတွေ ပျောက်ဆုံးတာဟာ သံသယ
စရာလို့ ယူဆနိုင်ပါ့မလား"

"ဒီမေးခွန်းရဲ့ အဖြေဟာ မစ္စက်အဲဒရက်ရဲ့ အခွင့်အရေး
ထိခိုက်တာမို့ ကျွန်တော် မဖြေနိုင်ပါဘူး"

"သူမကို ခင်ဗျား နောက်ထပ် ဘယ်တော့မေးဦးမှာလဲ"

"စောနိုင်သမျှ အစောဆုံးဖြစ်အောင် မေးမှာပါ"

"မစ္စက်အဲဒရက်ဟာ သူမအကြောင်းနဲ့ပတ်သက်ပြီး 
သတင်းစာထဲမှာ ပါတာကို သူမ သိလိုက်ပါသလား"

"သူမသိလိုက်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

"ဒီသတင်းစာနဲ့ ပတ်သက်ပြီး သူမ ဘယ်လို တုံ့ပြန်ပါသ
ခင်ဗျား"

"ကျွန်တော် မပြော နိုင်ပါဘူး"

"ဒီမြို့ပေါ်က အကုန်လုံးမဟုတ်တောင် အများအား
မစ္စက်အဲဒရက်ရဲ့ အတိတ်အကြောင်းကို သတိမမူမိကြဘူးဆို
မှန်ပါသလား"

"ဒါဟာ အမှန်ပါပဲ"

"ခင်ဗျားကော သူမကို နဂိုကသိခဲ့ပါသလား"

"ကျွန်တော်မသိခဲ့ပါဘူး"

ရဲမှူးသည် အံကို ကြိတ်ပြီး....



မေးခွန်းတွေ တော်လောက်ပြီ"
ပြောလိုက်ပါတော့သည်။
ထွက်သွားနိုင်မီ နောက်ထပ် မေးခွန်းတခု ပေါ်လာပါ

ဘီစတွန်ဟာရယ် သတင်းစာ မှ သတင်းထောက်တယောက်
သွားမည့်လမ်းကို ပိတ်ထားပြီး ကျယ်လောင်စွာဖြင့် မေး
သည့်အခါ အခြားသတင်းထောက်များက သူ၏အဖြေကို
စောင့်ဆိုင်းပြီး ငြိမ်သက်သွားကြသည်။

"လွန်ခဲ့တဲ့ ၆ နှစ်လောက်အတွင်းက ကိတ်မြို့နဲ့ အနီးပတ်ဝန်း
မှာ မဖြေရှင်းနိုင်တဲ့ ကလေးတွေ သေကြတဲ့အမှုများ ရှိခဲ့
တာ မှန်ပါသလား"

"အဲဒါ မှန်ပါတယ်"

"ရဲမှူးကြီးခင်ဗျား၊ နန်စီဟာမွန်အဲဒရက်ဟာ ကိတ်မြို့မှာ
နေတာ ဘယ်နှစ်နှစ် ရှိသွားပါပြီလဲ"

"၆ နှစ်ရှိပြီလို့ ကျွန်တော် ထင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ရဲမှူးကြီးခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ဂျိုနသန်နိုးလ်သည် အချိန်ဘယ်လောက် ကုန်သွားသည်ကို သတိမပြုမိပါ။ မေဘရှာ့ရေကန်ထဲမှ လှုပ်ရှားမှုများကိုလည်း သတိမမူမိပါ၊ သို့သော် သူ့အိမ်ရှေ့လမ်းမကြီးပေါ်မှာ ခါတိုင်း ထက် ပိုပြီး ကားအသွားအလာများနေတာကို စိတ်ထဲမှာ အမှတ် မဲ့ သတိထားမိလိုက်သည်။ သူ၏စာဖတ်ခန်းမှာ အိမ်၏ အနောက်ဘက်ပိုင်း၌ရှိနေသဖြင့် လှုပ်ရှားမှုအသံဗလံများသိပ်ပြီး ရောက်မလာပါ။

ဧရးအဲဒရက်ခေါ် မိန်းခသည် နာမည်ကြီးနန်စီဟာမွန် ဖြစ် သည်ဟု ပထမဦးဆုံး တုန်လှုပ်ချောက်ချားစွာ သိရပြီးသည်



အောက်ပိုင်း သူသည် စားပွဲပေါ်တွင် ကောင်းကောင်းထိုင်ချ လိုက်ပြီး သူ၏အစီအစဉ်အတိုင်း 'ဟာမွန်လူသတ်မှု'ကို စိတ်အေး လက်အေး ဆက်လက်ပြီ သေ့လာပါတော့သည်။

အကယ်၍များ နန်စီဘ မွန်ကို လူချင်းရင်းရင်းနှီးနှီးသိရ၍ သူမအကြောင်း စာရေးရမှာ အနှောင့်အယှက် ဖြစ်လာခဲ့လျှင် ဒီအခန်းကိုဖျက်ပစ်လိုက်မည်ဟု သူ ဆုံးဖြတ်လိုက်သည်။

အလုပ်ကိုစတင်သည့်အခါနှင့် ပထမဦးဆုံး သတင်းစာပါ ဆောင်းပါးကို အသေးစိတ်လေ့လာဖို့စဖတ်သည်။ စာဖတ်သူ များကို တုန်လှုပ်ချောက်ချားစေအောင်၊ မမြင်ဝံ့မကြားဝံ့ အောင် အသေးစိတ်ကလေးတွေ တဝကြီးဖော်ပြထားသည်ကို တွေ့ရသည်။

နန်စီကို ကောလိပ်ပါမောက္ခကြီး၏ ဇယားငယ်ငယ်လေး အဖြစ်ကစပြီး ရေးလာသည်၊ ကလေးနှစ်ယောက်၊ တက္ကသိုလ် အဆောက်အအုံထဲက အသင့်နေဖို့အိမ်တအိမ်၊ ပါမောက္ခဟာမွန် သည် ကျောင်းသားလေးတယောက်ကို သူ့အိမ်လွှတ်ပြီး အိမ်ကို အပ်ပေးသည့် မီးသင်းဖိုကို အပြင်ခိုင်းသည့်နေ့အထိတော့ စံပြ အိမ်ထောင်တခု ဖြစ်ခဲ့သည်။ ကျောင်းသားလေးသည် ရုပ်ရည် သားနားသည်။ အစစအရာရာ လုပ်ဘတ်ကိုင်တတ်သည်။ အမျိုး သမီးများနှင့်လည်း အတွေ့အကြုံများခဲ့သည်။ နန်စီသည် အသက် ၂၅ နှစ်ခန့်သာရှိလေတော့ ဒီကောင်လေးနှင့် ခဏလေးငြိသွား ကြသည်။

ဆောင်းပါးထဲမှာ ရုံးအမှုစစ်စဉ်က သက်သေထွက်ချက် ကောက်နုတ်ချက်များကိုလည်း ဂျိုနသန်က ဆက်ဖတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ရွေသက်ဂလာ ဆိုသော ကျောင်းသားလေးသည် နန်းစီနှင့် ဘယ်လိုဘယ်ပုံတွေ့ခဲ့ရသည့်အကြောင်း ပြောပြခဲ့သည်။

"ပါမောက္ခဟာမှန်ဟာ သူ့မိန်းမက အိမ်ကနေပြီး ဓာ... ပေးတဲ့ မီးလင်းဖိုပျက်တယ်လို့ ဖုန်းဆက်ချိန်က ကျွန်တော်... ပါမောက္ခအခန်းထဲမှာပဲ ရှိခဲ့ပါတယ်၊ စက်ပစ္စည်းတွေ... ပတ်သက်ပြီး ကျွန်တော် မပြင်တတ်၊ မကိုင်တတ်ဘဲ မရှိပါဘူး... ဒီတော့ ကျွန်တော်က ကျွန်တော်သွားပြင်ပေးမယ်လို့ ပြောခဲ့... တယ်၊ အစကတော့ ဆရာက ကျွန်တော့်ကိုပြင်မခိုင်းချင်ဘူး... ဒါပေမယ့် ပြင်နေကျစက်ပြင်ဆရာတွေကို ခေါ်လို့လဲ မလွယ်... လောလောဆယ် အိမ်ကိုအပူပေးဖို့ကလဲလိုနေလို့ ကျွန်တော့်... ဆရာက လွှတ်လိုက်ရပါတယ်"

"သူ့မိသားစုနဲ့ပတ်သက်ပြီး တိတိကျကျ ဘာများမှာလိုက်... သေးလဲ"

အစိုးရရှေ့နေက မေးသည်။

"သူ့မိန်းမဟာ နည်းနည်းနေမကောင်းဖြစ်နေလို့ အနှောင့်... အယှက်မပြုဖို့ ကျွန်တော့်ကိုမှာလိုက်ပါတယ်၊ တကယ်လို့ ကျွန်... တော် တခုခုလိုယင်၊ ဒါမှမဟုတ် တခြားပြဿနာတခုခုရှိခဲ့ယင်... သူ့ကိုခေါ်ပါလို့ မှာလိုက်ပါတယ်"

"ဆရာ့ညွှန်ကြားချက်အတိုင်း လိုက်နာခဲ့လား"

"လိုက်နာဖို့ပဲ ခင်ဗျာ၊ သူ့မိန်းမဟာကျွန်တော့်နောက်ကနေ ခွေးကလေးလို တကောက်ကောက်လိုက်နေတော့ ကျွန်တော် ညွှန်ကြားချက်အတိုင်းလိုက်နာဖို့ မဖြစ်တော့ပါဘူး"



"ကန့်ကွက်ပါတယ်....ကန့်ကွက်ပါတယ်"

...ဆုံး၏ရှေ့နေသည် နောက်ကျသွားခဲ့ပါပြီ။ ဆိုလိုချင်... အကြောင်းအရာ ပေါ်သွားခဲ့ပြီ။ ကျောင်းသားလေး... သည့် နောက်ထပ် သက်သေခံချက်များသည်သည်းပဲ... အတွက် သိပ်ကိုနှစ်နာမှုတွေပါလာခဲ့သည်။

"ဆရာကတော်နဲ့ လူချင်းထိတွေ့သေးသလား"

...သူ အမေးခံရသည်။

...၏အဖြေက တဲ့တိုး။

"ဟုတ်ကဲ့"

"ဘယ်လို စ ဖြစ်တာလဲ"

"ကျွန်တော်က မီးဖိုက အရေးပေါ်ခလုတ်နဲ့ ပတ်သက်ပြီး ...ကတော်ကို ပြပေးပါတယ်၊ ဒီမီးဖိုဟာလဲ ပုံစံဟောင်းကြီး ...တော့ ခလုတ်ကပဲ အမြဲပြဿနာပေါ်တတ်ပါတယ်"

"ပါမောက္ခက မင်းကို မေးခွန်းတွေ၊ ရှင်းလင်းချက်တွေနဲ့ ...မိန်းမကို အနှောင့်အယှက်မပြုရဘူးလို့ မှာလိုက်တယ်မဟုတ် ..."

"ဆရာကတော်က သူသိချင်ပါတယ်လို့ပြောနေပြီး သူ့အိမ် ...ဒီအလုပ်ကလေးလောက်တော့ ထိန်းသိမ်းတတ်အောင် သူ ...တာမှဖြစ်မယ်လို့ ပြောပါတယ်၊ ဒါကြောင့် ကျွန်တော်က ...တော်ကို ပြပေးရပါတယ်၊ အဲဒီတော့ ဆရာကတော်က ...တော့်အပေါ်က ငုံ့ပြီး မီးခလုတ်ကိုဖွင့်ပိတ်လုပ်ကြည့်ပါ... ဒီတော့ ကျွန်တော်က သူ့ကို ပွတ်သပ်မိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မစွက်ဟာမွန်က ဘာပြန်လုပ်လဲ"

"သူမက သဘောကျတယ်၊ ဒါကို ကျွန်တော် ပြောနိုင်ပါတယ်...."

"နောက် ဘာဖြစ်သေးလဲဆိုတာ တိတိကျကျပြောပြပါ"

"တကယ်တော့ ဘာမှမဖြစ်ခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘာမှလဲမဖြစ်လို့ပါပဲ။ သူမက ကျွန်တော် ဒီလိုလုပ်လိုက်တာကို သဘောကျရုံလေးပဲ။ ဒီတော့ ကျွန်တော်က သူမကို ဆွဲလှည့်ပြီး ဖက်နမ်းမိပါတယ်။ ခဏလောက်ကြာတော့ သူမက ဖယ်ထွက်သွားပါတယ်။ ဒါပေမယ့် မခွာချင်သလိုပဲ"

"ဒီနောက် ဘာဖြစ်သေးလဲ"

"ကျွန်တော်က၊ ကောင်းတယ်လို့ ပြောမိပါတယ်"

"ဒီတော့ မစွက်ဟာမွန်က ဘာပြန်ပြောလဲ"

"သူမဟာ ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး ကျွန်တော့်ကို ပြောတာမဟုတ်သလိုနဲ့၊ ငါ သွားရတော့မယ်လို့ ပြောသွားတယ်။ ကျွန်တော့်အနေနဲ့ ပြဿနာမဖြစ်ချင်ဘူး။ ကျွန်တော် ဆိုသိုတာက ကျောင်းထုတ်ခံရပြီး၊ စစ်ထဲ ဆွဲအသွင်းခံရပြီး အဆုံးသတ်သွားမှာကို မလိုလားပါဘူး။ ဒါကြောင့်မို့ ကျွန်တော် တက္ကသိုလ်မှာ ကျောင်းလာတက်နေတာပါ။ ဒီတော့ ကျွန်တော်က...."

"ဒီတော့ မစွက်ဟာမွန်....၊ အဲဒီအချိန်မှာ ကျွန်တော်သူမကို နန်စီလို့ခေါ်သင့်ပြီလို့ဆုံးဖြတ်ပြီး ဒီမှာနန်စီ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာမရှိပါဘူး။ ငါတို့နှစ်ယောက် တခြားလူတွေ မသိ



နိုင်တဲ့ နည်းလမ်းတခုကိုရှာကြံပြီး ချိန်းတွေ့နိုင်တာပဲ။ မင်းက ထွက်သွားလို့မဖြစ်ဘူး။ မင်းမှာ ကလေးတွေရှိတယ်"

"မင်း အဆိုပြုချက်နဲ့ပတ်သက်ပြီး၊ မစွက်ဟာမွန်က ဘယ်လိုတုံ့ပြန်သလဲ"

"ထူးတော့ထူးဆန်းသား၊ အဲဒီအချိန်မှာ သူမသားလေး ပီတာဟာ အပေါ်ထပ်ကနေ သူမကိုရှာဖို့ ဆင်းလာပါတယ်၊ ကောင်လေးဟာ တကယ့်ကိုငြိမ်တဲ့ကလေးတယောက်ပဲ၊ သူမဟာ စိတ်တိုသွားတယ်လို့ ထင်ရပြီး ကလေးတွေလို့ ပြောလိုက်ပါတယ်။ ဒီနောက် ရယ်သလိုလိုပြောင်သလိုလိုနဲ့ ကလေးတွေကို ဖုံးဖိဖြစ်လိုက်မယ်လို့ ပြောပါတယ်"

"မစ္စတာလက်ဂလာ၊ အခု ခင်ဗျားပြန်ပြောတဲ့ ဝါကျလေးတွေဟာ သိပ်အရေးကြီးပါတယ်။ ခင်ဗျားဟာ မစွက်ဟာမွန် ပြောပြတဲ့အတိုင်း အတိအကျပြန်ရွတ်ပြတာ သေချာရဲ့လား"

"ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော် သေချာပါတယ်။ အဲဒီစကားကြားရတော့ ကျွန်တော် ကြက်သီးတောင် ထသွားပါတယ်။ ဒါကြောင့်မို့လဲကျွန်တော် တိတိကျကျမှတ်မိနေတာပါ။ ဒါပေမယ့်လို့ လူတယောက်ဟာ သူပြောတဲ့အတိုင်း လိုက်လုပ်ပါတယ်လို့ တော့ယုံကြည်လို့မဖြစ်ပါဘူး"

"နန်စီ အဲဒီစကားပြောတဲ့ရက်စွဲကို မင်း မှတ်မိသလား"

"နိုဝင်ဘာလ ၁၃ ရက်နေ့က ဖြစ်ပါတယ်။ ဘာကြောင့် ကျွန်တော် မှတ်မိသလဲဆိုယင် ကျွန်တော် ကျောင်းပြန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



တော့ ပါခေါက်ကြီးက ကျွန်တော့်ကို ချက်လက်မှတ်တစ်စောင် အသင်းပေးပါတယ်”

“နိုဝင်ဘာလ ၁၃ ရက်ဆိုတော့၊ နောက် ၄ ရက်အကြာမှာ ကလေးတွေ သူတို့အမေရဲ့ မော်တော်ကားထဲမှာနေ ပျောက်ဆုံးသွားပြီး ဆန်ဖရန်စစ္စကိုပင်လယ်ကွေ့ သောင်ကမ်းပေါ်ကို နောက်ဆုံးလှိုင်းပုတ်လို့ ရောက်လာတယ်။ သူတို့ကလေးတွေကိုလဲ ပသတ်စတစ်အိတ်တွေစွပ်လို့ အဖြေကတော့ ဖုံးဖိပစ်လိုက်တာပဲ မဟုတ်လား”

“ဟုတ်ကဲ့ခင်ဗျား”

တရားခံ၏အကျိုးဆောင်က သည်သက်သေထွက်ချက်၏ ရိုက်ခတ်မှုဒဏ်ကို ပေါ့ပါးစေဖို့ ကြိုးစားပါသေးသည်။

“မင်း မစ္စက်ဟာမွန်ကို ဆက်ပြီးဖုန်းထားသေးသလား”

“မဖုန်းထားပါဘူး၊ သူမ ကလေးတွေနဲ့အိမ်ပေါ်တက်သွားပါတယ်”

“ဒါတော့ သူမက မင်းနမ်းတာကိုသဘောကျတယ်လို့ဆိုတာ မင်းတစ်ယောက်တည်းရဲ့ ထွက်ချက်ပဲရှိတယ်မဟုတ်လား”

“ကျွန်တော့်ကို လက်ခံခဲ့တဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ရင် ကျွန်တော် တပ်အပ်သေချာပြောနိုင်ပါတယ်”

နန်စီ၏ ကျမ်းကျိန်အစစ်ခံချက်မှာ ဒီပြဿနာကို အမေးခံရတော့....

“ဟုတ်ကဲ့၊ သူ ကျွန်မကိုနမ်းလိုက်လိမ့်မယ်လို့ ကျွန်မ သိပါတယ်။ ဒါတော့လဲ ကျွန်မကခွင့်ပြုလိုက်ပါတယ်”



“ကလေးတွေကို ဖုံးဖိပစ်လိုက်မယ်လို့ ပြောလိုက်တဲ့စကားကို ခင်း မှတ်မိပါသလား”

“ဟုတ်ကဲ့ ကျွန်မ မှတ်မိပါတယ်”

“အဲဒါ မင်း ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ”

သတင်းစာဆောင်းပါးအလိုရ နန်စီသည် သူမ၏ ရှေ့နေကို ကျော်၍ တရားရုံးထဲမှာရှိသည့် မျက်နှာများကို မမြင်နိုင်သောမျက်စိဖြင့်ကြည့်ပြီး အိပ်မက်မှုံသံမျိုးဖြင့်....

“ကျွန်မ မသိပါ”

ဟုပြောသည်။

ဂျိုနသန်သည် ခေါင်းတခါခါ လည်တခါခါနှင့် စိတ်ထဲမှ ကြိမ်ဆဲလိုက်သည်။ သည်ကောင်မလေးကို သက်သေအဖြစ် အစစ်ခံခွင့်မပြုသင့်ဘူး။ သူမအမှုမှ သူမ ရုန်းမထွက်နိုင်ခဲ့။ ဂျိုနသန်သည် ဆောင်းပါးကိုဆက်ဖတ်ပြီး ရာသနားစရာကလေးများအဖြစ်အပျက်ကို ဖတ်မိတော့ အော့နှလုံးနာမိသည်။

တယောက်နှင့်တယောက် မိုင်ငါးဆယ် အကွာအဝေးမှာ သီတင်း ၂ ပတ်ခြားပြီးမှ လှိုင်းပုတ်သဖြင့် ကမ်းသို့ရောက်လာသည်။ အလောင်းတွေမှာ ပုပ်ပွပြီး ရေမှော်တွေ တွယ်ကပ်နေသည်။ ကလေးမလေး၏ ခန္ဓာကိုယ်သည် စုတ်ပြတ်နေသည်။ ငါးမန်းကိုက်ထားခြင်းဖြစ်သည်။ အနီရဲရဲပေါ်တွင် အဖြူရောင်အချပ်ကလေးတွေပါသော စွယ်ဘာအင်္ကျီလေးတွေက သူတို့ [illegible] တွေရဲ့ ကိုယ်ပေါ်၌ ထူးဆန်းစွာ သစ်လွင်နေခဲ့သည်။

ဆောင်းပါးကို ဖတ်ပြီးသောအချိန်၌ ဂျိုနသန်သည် ကိုင်ပိုလိုက်သော ဖိုင်တွဲအထူကြီးဘက်ဆီသို့အာရုံပြောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုလားဆိုင်နောက် မှီ ၊ မှီပြီး ကလေးတို့၏မိခင် စျေးဝယ်နေတုန်း မော်တော်ကားထဲမှ ကလေးငယ်များ ပျောက်သွားသည့် အကြောင်း ပထမဦးဆုံးသတင်းအဖြစ် ပါလာသောသတင်းကို စဖတ်သည်။

ကလေးများ၏ ဓာတ်ပုံ မှုန်ဝါးဝါးလေးတွေ ပါလာသည်။ သူတို့၏ အရပ်အမောင်း၊ ကိုယ်အလေးချိန်များ တွေ့ခဲ့သည့် သူများ ၌ အထူးဖုန်းနံပါတ်ကိုဆက်ပါ။ အကြောင်းကြားပါ။ စသည်များကို အသေးစိတ် ဖော်ပြထားသည်။

ဂျိုနသန်သည် အလေ့အကျင့်ရပြီးသားဖြစ်သည့် ဦးနှောက်နှင့် မျက်စိကို အသုံးပြုပြီး ခပ်မြန်မြန်ဖတ်သွားသည်။ နောက် တချိန်တွင် ကိုးကားရမည့် အချက်အလက်များကိုလည်း မင်နီ မင်ပြာဖြင့် မှတ်သားနေသည်။

တရားရုံး မှတ်တမ်း မိတ္တူကို ဖတ်ကြည့်သောအခါ နန်စီဟာ မွန်သည် အစိုးရရှေ့နေကြီး၏ ဖစ်ကွင်းမှာ ရှပ်သေသဖွယ် ခါးစည်းခံနေသည်ဟု ကီဗင်ပြောသည်ကို နားလည်လိုက်သည်၊ သူမ အခုနှင့် အဓိပ္ပာယ်ရှိအောင် မပြောနိုင်ခဲ့ပါ။ သူမသက်သေခံပုံ အရဆိုပါလျှင် အစိုးရရှေ့နေကြီး၏ လက်ထဲတွင် ပြုသမျှနုံရ ချေတော့မည်။ ပြန်လှန်ခုခံခြင်းမရှိ၊ အပြစ်မရှိပါဘူးဟု သူမ ပြောပုံကလည်း ဝတ်ကြေတန်းကြေလို စိတ်မပါသလို ဖြစ်နေသည်။

သူမ တာများဖြစ်နေပါသိမ့်၊ ဂျိုနသန်က အံ့သြမိသည်။ သူမသည်သည့်အမှုနှုလွတ်သွားချင်ပုံမရဟုပင် ထင်ရသည်။တနေ ရာ၌ သူမသည် သက်သေခံမှ နေပြီး....



"တာလ်ရယ်၊ ကျွန်မကို ခွင့်လွှတ်နိုင်မှာလား"

ဟုပင် ပြောလိုက်သေးသည်။

နသန်၏ နဖူးပေါ်က အရေးများသည် ပို၍ တွန့်သွား လွန်ခဲ့သည့် နာရီအနည်းငယ်ခန့်က အဲဒရက်တို့အိမ်ရှေ့မှ ာ်သွားစဉ် မိသားစုများနှင့်အတူ ထမင်းစား စားပွဲမှာ နေသော သူမကို မြင်ခဲ့ရသေးသည်။ သူမ၏ မိသားစုဘဝ သူ၏ တကိုယ်ထီးဘဝကို နှိုင်းယှဉ်ပြီး အားကျမိခဲ့ သည်။

အခုတော့ သူတို့ဘဝသည် ကွဲကြေပျက်စီးသွားပြီ။ သူတို့သည် ကောဒ်ပတ်ဝန်းကျင်မှာ သူမသိ ကိုယ်မသိဘဝနှင့် ဆက်သ ရှိနိုင်တော့ပါ။ သွားလေရာအရပ်မှာ လူတိုင်းက သူတို့ကို ထိုးပြီး သူတို့အကြောင်းကို ပြောနေကြမည်ဟု သူတို့ ကြပေမည်။ လူတိုင်းသည် နန်စီကို သတင်းစာဓာတ်ပုံမှ ချက်ချင်းမှတ်မိကြပေမည်။ သူတော် မကြာသေးမီက ထားသည့် ကုတ်အင်္ကျီကို မှတ်မိနေသေးသည်။

ထိုတ်မိသော အဖြစ်အပျက်ကလေးကို သူ ရှာဘာရက်သတိ သည်။ လီဝါရီးစျေးမှာ ဖြစ်သည်။

အဲဒီမှာ စျေးဝယ်သွားယင်းနန်စီနှင့်ဆုံမိပြီး နှုတ်ဆက်စကား ခဲ့မိသည်။ နန်စီဝတ်ထားသည့် ကုတ်အင်္ကျီလေးကို သူ ကျွေကြောင်း ပြောပြခဲ့ပြီး ယခုလို သက္ကလပ်စစ်စစ် သည်များသည် ခေတ်ပေါ်အထည်များနှင့်ယှဉ်လျှင် ပို၍ရှည်ကြာ ခံသည်၊ ပို၍သည်း ကြည့်ကောင်းသည်ဟု ပြောခဲ့သေး သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသည့်တုန်းက နန်းစီသည် တော်တော်ကို ချစ်စရာကောင်း
သည်။ အညိုစည်းအဝါရောင်လေးကို မခို့တရို့စည်းထားသဖြင့်
အညိုရောင်ကုတ်အင်္ကျီလေးမှာ အလွန်ကို ပနံရလှသည်။ သူမက
ပြုံးလိုက်သည်။ သူ့အပြုံးလေးသည်လည်း နွေးထွေးပြီး ချစ်စရာ
ကောင်းသည့် အပြုံးလေး။ သူမနှင့်အတူ ကလေးတွေသည်း ပ
လာသည်။ ကလေးနှစ်ယောက်စလုံးကလည်း ရှည်မွန်ကြသည်။
ယောကျ်ားလေးက.......

"မေမေ၊ ကျွန်တော် အစာဗူးသွားယူလိုက်မယ်နော်"

ဟု ပြောပြီး အစာဗူးအပုံကြီးကို လှမ်းအယူမှာ အစားစာ
များ စီသားသော အပုံကြီးကို ခလုတ်တိုက်မိပြီး ပြိုလဲကျသွား
ခဲ့သည်။

အစာဗူးပုံပြိုကျသွားသည့်အသံကြောင့် လူတွေပြေးလာကြ
သည်။ ဆိုင်ရှင် လိုဝါရီလည်းပါသည်။ လိုဝါရီသည် ပင်ကို
စိတ်တိုပြီး ဆက်ဆံရေးမပြေပြစ်သူတယောက်ဖြစ်သည်။ တခြား
မိန်းမများဆိုလျှင် ယခုလိုဖြစ်ပျက်ခဲ့လျှင် ခြေမကိုင်မိလက်မကိုင်မိ
ဖြစ်ပြီး ကလေးကို တအားဆူပူကြိမ်းမောင်းမိပေမည်။ နန်းစီ
သည်အခြေအနေအား တည်ငြိမ်စွာ ထိန်းသိမ်းလိုက်ပုံကို ဂျိ
ထန်က သဘောကျမိခဲ့သည်။

"မစ္စလိုဝါရီ၊ ကျွန်မ စိတ်မကောင်းပါဘူးရှင်၊ မတော်လို့
ဖြစ်မိတာပါ။ ကျွန်မတို့ ပြန်စီပေးမှာပါ"

သည့်နောက် သူက စိုးရိမ်ပူပန်သော ကလေးကို ပြောလိုက်
သည်။



"မိုက်၊ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ မင်း တမင်လုပ်တာ မှ
မဟုတ်ပဲ၊ လာ ငါတို့ ပြန်စီလိုက်ရအောင်"

ဂျိုနသန်သည် ဒေါသတကြီးနှင့် တခုခုပြောတော့မည်ဟု
ဟန်ပြင်နေသော လိုဝါရီကို တချက် မျက်စောင်းထိုးကြည့်လိုက်
ကာ ဗူးများကိုကူညီပြီးပြန်စီပေးခဲ့သည်။ ထိုနေ့ထိုရက်က ဆိုလျှင်
ယခုလို အလိုက်သိတတ်သော အမျိုးသမီးလေးတယောက်သည်
လွန်ခဲ့သည့် ၇ နှစ်က သူမကိုယ်တိုင် လူ့ဘဝသို့ မွေးထုတ်ပေး
လိုက်သည့် သူ့သားသမီးများကို တမင်သက်သက် သတ်ပစ်သည်
ဆိုသည်မှာ ယုံကြည်ဖို့ အလွန်ခဲယဉ်းလှပါသည်။

သို့သော်(အမျက်ဒေါသဆိုသည်မှာ အင်မတန် ခွန်အားကြီး
မားသော တွန်းအားကြီးတခုဖြစ်သည်။) သူမသည် ယင်းသို့သူ
တယောက်လည်း ဖြစ်ခဲ့သည်။ အမှုစစ်နေစဉ်ကာလအတွင်းက
ထိုဘက်သေး အမှုအရာများလည်း သူမမှာ အပြင်းရှိကြောင်း
လက်ခံဆည်ဟု ထင်မှတ်ရသည်။ သည်မျှ ငက်ဆုတ်ဖွယ်ကောင်း
သည့် ပြစ်မှုကြီးကို ကျူးလွန်ခဲ့သည်ဟု လူသိရှင်ကြား ဝန်မခံရှိ
တမည်ပင်။ သည်သို့ ဖြစ်ခဲ့ခြင်းမျိုးကိုလည်း သူ မြင်တွေ့ခဲ့ဖူး
သည်။

အိမ်ရှေ့တံခါးမှ ခေါင်းလောင်းသံ ပေါ်လာသည်။

ဂျိုနသန်သည် ကုလားထိုင်မှထလိုက်သည်။ ကိတ်ကော့အရှေ့
ဒေသတွင် ဧည့်သည်များသည် ကြိုတင် အကြောင်းမကြားပဲ
အလည်မလာတတ်ပါ။ တအိမ်တက်ဆင်း ဈေးလျှောက်ရောင်း
သည့်အလုပ်ကိုတော့ တားမြစ်ပိတ်ပင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်သို့ ထသွားသည့်အခါကျမှ ဂျိနသန်သည် သူ့ ခါး တောင့်နေသည်ကို သတိပြုမိတော့၏။

လာတွေ့သည့်သည်မှာ ရဲသား တဦးဖြစ်နေ၍ သူ အံ့ဩမိသည်။ သည်ရဲသားကလေးကိုလည်း ရုံဖန်ရံခါ ရဲဘားပေါ်မှာ တွေ့တွေ့နေရ၍ မှတ်မိနေသည်။ သူ့စိတ်ထဲ၌ ချက်ချင်းပင် ထင်လိုက်သည်က အေနက္က လက်မှတ်ဘာခုနသာရောင်းခြင်း ဖြစ်မည်ဟု ထင်လိုက်သည်။ သည်စိတ်ကူးကို ချက်ချင်းပင် ဖယ်ထုတ်ပစ်လိုက်၏။

ရဲသားလေးသည် သူ ဖိတ်ခေါ်လိုက်သဖြင့် အိမ်ထဲ ဝင်လာသည်။ သူ့ အမူအရာသည် တည်ကြည်ပြီး အလုပ်ဝတ္တရားကို ကျေပွန်စွာဆောင်ရွက်မည့်ပုံ ပေါ်နေသည်။

"ဦးခင်ဗျား...၊ ကျွန်တော့်ကို အနှောင့်အယှက်ပေးဘယ်လို့ မထင်လိုက်ပါနဲ့၊ ကျွန်တော်တို့ဟာ အဲဒီရက်ကသားများ ပျောက်သုံးမှုနဲ့ပတ်သက်ပြီး စုံစမ်းနေတာပါ"

ဂျိနသန်က သူ့ကိုစိုက်ကြည့်နေဆဲမှာပင် သူက အိတ်ထဲမှ မှတ်စုစာအုပ်ကလေး ထုတ်လိုက်၏၊ အိမ်ခန်းအတွင်း ပတ်ပတ်လည်ကို စေ့စေ့ကြည့်ရှုသင်း ပထမဦးဆုံးမေးခွန်းကို မေးလိုက်သည်။

"ဦး ဒီအိမ်မှာ တယောက်တည်းနေတာ မဟုတ်လား"

ဂျိနသန်သည် သူ့ကိုမဖြေပဲ သူ့ဘေးမှ ဖြတ်လျှောက်သွားပြီး တံခါးမကြီးကို ဖွင့်လိုက်သည်။



သည်အခါကျမှ တွေ့နေကျမဟုတ်သော မော်တော်ကားရေကန်ဆီသို့ မောင်းသွားနေကြပြီး မိုးရွာထဲတွင် လူတွေသည်သည်သွားလာလှုပ်ရှားနေကြသည်ကို သတိပြုမိတော့၏။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"နန်းစီ ဒါလေးသောက်လိုက်၊ မင်းလက်တွေ သိပ်အေးနေ တယ်၊ မင်းအတွက် အားလိုနေတယ်"

ဒေါ်ရော်သီက သူမကို တိုက်တွန်းနေ၏။ နန်းစီကခေါင်းခါ လိုက်သည်။ ဒေါ်ရော်သီက ပန်းကန်ကို စားပွဲပေါ် ပြန်တ လိုက်၏ ပန်းကန်ထဲမှ ခရမ်းချဉ်သီးဟင်းချိုအနံ့ကလေးများက သူမအား စားချင်သောက်ချင်လာအောင် ဆွဲဆောင်လေမည် လားဟု မျှော်လင့်ခဲ့သည်။

"ဒါ ကျွန်မ မနေ့ကချက်ထားတာ"

နန်းစီက အသံသေးလေးနှင့် ပြောလိုက်သည်။



"ကလေးတွေ နေ့လယ်စာစားဖို့ ချက်ထားတာ၊ အခုအချိန် ဆို ကလေးတွေ ဆာနေကြရောမယ်"

ရေး'က သူမဘေးမှာထိုင်ပြီး သူမ၏ ကုလားထိုင်နောက်မှီ ပေါ်သို့ အကာအကွယ်ပေးသလို သူ့လက်ကို တင်ထားသည်။ စားပွဲပေါ်၌ စီးကရက်တိုများ ပြည့်မောက်နေသော ဆေးလိပ် ပြာခွက်တခုက သူ့ရှေ့မှာ ရှိနေ၏၊

"မင်းကိုယ်မင်း သိပ်မနှိပ်စက်ပါနဲ့ကွာ"

သူက ဖြည်းအေးစွာ နှစ်သိမ့်လိုက်သည်။

အပြင်ဘက်တွင် ပြတင်းပေါက်များကို လေတိုးသံအား ဖုံးလွှမ်းပြီး ရဟတ်ယာဉ်ပျံသွားသည့်အသံများ ကြားနေရသည်၊

နန်းစီ၏မျက်နှာပေါ်၌ ပေါ်လာသော မေးခွန်းကို ရေးက ဖြေလိုက်သည်။

"သူတို့ရဟတ်ယာဉ် ၃ စင်းနဲ့ ဒီဒေသကို ရှာဖွေနေကြတယ်၊ ဒါကယ်လို့ ကလေးတွေ အခြားတနေရာ လျှောက်သွားခဲ့ယင် သူတို့ တွေ့ကြမှာပဲ၊ တခြားမြို့တွေကဝိုင်းရှာပေးကြမယ့်သူတွေလဲ ရောက်လာကြပြီ၊ ပင်လယ်ကွေ့ပေါ်မှာလဲ ရဟတ်ယာဉ် ၂ စင်း နဲ့ ရှာနေကြတယ်၊ လူတိုင်းက ကူညီနေကြတယ်"

"ရေငုပ်သမားတွေလဲ ရေကန်ထဲမှာ ကျွန်မကလေးတွေရဲ့ အလောင်းကို ရှာနေကြတယ်"

သူမက အသံသေးလေးဖြင့် ပြောလိုက်ပြန်သည်။

သတင်းထောက်များကို သတင်းပေးပြီးနောက် ရဲချုပ်ကော့ ဖင်သည် ရဲစခန်းသို့ ပြန်သွားပြီး တယ်လီဖုန်းဆက်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြီး၍ အဲဒရက်အိမ်သို့ ပြန်ရောက်ရောက်ချင်း နန်းစီ၏နော
ဆုံး ပြောလိုက်သည့်စကားကို ကြားလိုက်ရ၏။

ကျင့်သားရလာပြီဖြစ်သော်လည်း တွေဝေနေသည့်မျက်
ငြိမ်သက်သွန်းသော ကိုယ်နှင့်လက်များ၊ မျက်နှာအနေအထ
နှင့် အသံကိုကြည့်လိုက်ရုံဖြင့် သူမသည် သတိသစ်ခါနီး အ
အနေနားရောက်တော့မည်၊ နောက်တခဏမျှကြာလျှင် သူမ
နာမည်ကိုပင် ပြန်၍မှတ်မိနိုင်လျှင် ကံကောင်းလှပြီဟု ယူဆရ
သည်။

သူမကိုကျော်ပြီး အစောင့်ချထားသည့်ရဲသားထံ သူ့မျက
ရောက်သွားသည်။ ရဲသားသည် မီးဖိုတံခါးဝနံဘေး၌ရပ်နေ
တယ်လီဖုန်းလာလျှင် အဆင်သင့် ကောက်ကိုင်နိုင်သော အ
အထားမျိုးဖြင့် စောင့်နေသည်။

ရဲသားလေးသည် ရဲမှူးအား မျက်စိနှင့်ပင် အချက်ပြလို
၏။ရဲမှူးက အခန်းထဲရှိ လူသုံးဦးကို တလှည့်စီကြည့်လိုက်သ

'ရေး'သည် ထိုင်ရာမှထပြီး သူ့မိန်းမထိုင်နေသည့် ကုလ
ထိုင် နောက်သို့သွားရပ်ကာ သူမပခုံးပေါ်သို့ သူ့လက်ကို
လိုက်သည်။

ရဲမှူးက ခပ်ဆတ်ဆတ်ပဲ....

''ရေး....၊ ကျွန်တော် ခင်ဗျားနဲ့ နှစ်ယောက်ချင်း စကာ
ပြောချင်တယ်''

နန်းစီ၏ကိုယ်သည် တဖြည်းဖြည်း စ၍ တုန်လာသည့်အတွ
ရေးက သူမ့ တည်တည်ငြိမ်ငြိမ် ဖြစ်လာစေရန် ပခုံးလေးကို
ဖိထားလိုက်၏။



သူမက....

''ရှင်တို့ ကျွန်မကလေးတွေရှာလို့ တွေ့ပြီလား''

မေးလိုက်သည်။ သူမ၏ အသံသည် လေသံမျှသာ ရှိတော့
သည်။

''ကလေးတွေကိုသူတို့တွေ့ယင် ငါ့တို့ကိုပြောမှာပါ။ အား
တင်းပြီးထိုင်နေနော်၊ ငါ အခုချက်ချင်းပြန်လာခဲ့မယ်''

'ရေး'သည် ရှေ့ကိုငုံ့ပြီး သူ၏ပါးလေးပေါ်သို့ သူ့ပါးနှင့်
အသာလေး အပ်လိုက်သည်။ တုံ့ပြန်မှုကို စောင့်မနေတော့ပဲ
ရဲမှူးကို ညွှန်းဘက်သို့ခေါ်သွားသည်။

ရဲမှူးကော့ဖင်သည် ညွှန်းမီးလင်းဖိုဘေးမှ ဂူဇန်ရှိရာ
သွားရပ်ပြီး သူ့ဘက်လှည့်ကြည့်လိုက်သည့် ထောင်ထောင်
မောင်းမောင်းလူငယ်ကို သူ မနှစ်သက်ပဲမနေနိုင်ပါ။ 'ရေး'မှာ
ယခုလိုအချိန်အထိ သတ္တိကောင်းကောင်းနှင့် ဂူဇန်ဆောင်နိုင်
သော အရည်အချင်းရှိနေသည်။ သူသည် ဗီယက်နမ်စစ်ပွဲတုန်း
က ထူးချွန်သည့်ခေါင်းဆောင်မှုအတွက် စစ်မြေမှာတင် ဗိုလ်ကြီး
အဆင့်အထိ ရာထူးတိုးမြှင့်ခံလိုက်ရသည်ဆိုသည့် အကြောင်းကို
ရဲမှူးကြီးက သတိရမိသည်။

'ရေး'မှာအဆင့်အတန်းရှိသည်ကိုတော့ သံသယဖြစ်စရာမလို
ချေ။ ရေး၏မတ်တတ်ရပ်ပုံ၊ စကားပြောပုံ၊ အဝတ်အစား
ဝတ်ပုံ၊ လှုပ်ရှားပုံများသည် အဆင့်အတန်းရှိသူ လူတမျိုးပျက်
ဟန်မျိုးပဲဖြစ်သည်။ 'ရေး'၏မေးစေ့ပေါ်းစပ်နှင့် လက်ဖျံသကြွာန်
များသည်လည်း တောင့်တင်းသန်မာပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးသည် သူ၏ ရဲ ဆိုသော အသိစိတ်နှင့် အာဏာ ရှိကြောင်း ဂုဏ်ဆည့်ဖို့အချိန်ဆွဲပြီး အခန်းပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေလိုက်သည်။

ကြမ်းပြင်သည် ဧကာ်ဇောအောက်မှနေ၍ ဘောက်ပြောင်နေသည်။ ပြတင်းပေါက်နှစ်ခုကြားမှာ လက်ဆေးကန်တခုရှိသည်။ ဆင်စွယ်ရောင်အုတ်နံရံပေါ်မှာ ပန်းချီကားများချိတ်ဆွဲထားသည်။

သည်ပန်းချီကားများမှရှုခင်းများကို မြင်ဖူးသလိုလိုရှိသည်။

မီးလင်းဖိုပေါ်အပေါ်၌ ချိတ်ထားသည့် ပန်းချီကားသည် နန်စီတို့၏ ပန်းခြံရှုခင်းဖြစ်သည်။

စန္ဒယားအပေါ်မှာ ချိတ်ဆွဲထားသည့်ပန်းချီကားမှာ ကိတ်ဘုရားရှိခိုးကျောင်း ရှုခင်းပုံဖြစ်သည်။

ခုံတန်းလျားရှည်အပေါ်မှာချိတ်ထားသည့် ရှုခင်းမှာ နေဝင်ချိန်ရှက်လှေမျှောပြန်လာသော ဆိပ်ကမ်း ရှုခင်းဖြစ်သည်။

နောက်တပုံက လေတိုက်နေသည့် သစ်အားငယ်ရှုခင်းမှာ ဟာန့် အိမ်အိုကြီး။ မျှော်စင်ကြီးအိမ်အိုကြီးကို နောက်ခံမြင်ကွင်း၌ ရေးခရေးမျှ မြင်နိုင်သည်။

နန်စီအဲဒရက် ပန်းချီကားများ မကြာမကြာ ရေးဆွဲနေတတ်သည်ကို ရဲမှူးကြီးသတိထားမိသည်။ သူသည် ပန်းချီရေးခြယ်ရာ၌ သည့်သောက်ကောင်းလိမ့်မည်ဟု သူမထင်ခဲ့ပါ။

သူသိသလောက်ပြောရလျှင် မိန်းမ တော်တော်များများသည် သည်လိုကိစ္စမျိုးမှာ ဝါသနာ ပါသလောက်သောင်နှင့်



[illegible]သုံးတော့ ကြော်ငြာအချပ်ကားလောက် မလှသည်ကိုပင်[illegible]ဆင်နေတတ်ကြသည်။

[illegible]လင်းဖိုးဘးမှာ စာအုပ်စင်များရှိသည်။ သူ့အဘွား ခေ[illegible]ဘုရားရှိခိုးကျောင်းကို လှူလိုက်သော စားပွဲမျိုးလည်း[illegible]ရှိသည်ကိုတွေ့ရသည်။ စားပွဲတင် မှန်အိမ်ကလေးတလုံး[illegible]ည်း ဖုံးခင်းထားသည့် ကုလားထိုင်လေးတလုံးဘေးမှာ ရှိ[illegible]မီးလင်းဖိုခေါင်းက ဆေ့ကုလားထိုင်မှာတော့ လက်ထိုး[illegible]နှင့် နောက်မှီရှိသည်။

[illegible]သည် သူ့အိမ်က အပြိုင်အဆင်များနှင့် နှိုင်းယှဉ်ကြည့်[illegible]သည်၊ ဒယ်လီသားက ခုံတန်းလျားနှင့် ကုလားထိုင်များ[illegible]သားရေတုအနက်ရောင်ကို ရွေးသည်၊ သံမဏိခြေထောက်[illegible]စားပွဲတလုံး၊ ခန်းလုံးပြည့် အဝါရောင်ကော်ဇောကြီး[illegible]သည်၊ သည်ကော်ဇောပေါ်မှာ သူ မွေးထားသည့်[illegible]ကြီး၏ စွန့်ပစ်ထားသည့် အညစ်အကြေးများ အကွက်[illegible]စွန်းထင်နေသည်။

[illegible]က လေသံခအားဘေး ဆေးတိ အးစက်ပုံစံနှင့်....

[illegible]များ ဘာလိုချင်တာလဲ"

[illegible]သိုက်သည်၊ သည်အသံကို ကြားလိုက်တော့ 'ရေး'သည်[illegible]ယောက်ပေပဲဟု ရဲမှူးက သိလိုက်သည်၊ နန်စီ၏အခွင့်[illegible]များနှင့် ပတ်သက်ပြီး သူ သတိပေးခဲ့သည်ကို 'ရေး'[illegible]ပေါက် နားသည်ခဲ့သည်၊ 'ရေး'သည် သူ့ကို စုံထိုက်နေ[illegible]ဟု သူ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုအဖြစ်မျိုးများ နေရေတွက်နိုင်အောင် ကြုံဖူးသေ ရဲမှူးသည် တာဝန်သား၏အားနည်းချက်ကို ရှာပြီး ထိုအက တာစူလိုက်သည်။

"ခင်ဗျားမိန်းမရွှေနေဟာ ဘယ်သူလဲ"

သူက ခပ်ဆတ်ဆတ်မေးလိုက်သည်။

မရှေရှာ၊ မသေချာကြောင်း၊ ရေး၏ ကိုယ်တွန့်သွားမှ အဖြေပေးသလိုဖြစ်သွားသည်။ 'ရေး'သည် ရဲမှူးထင်သလို အ အဖြတ်ပေးမည့်ခြေလှမ်း မလှမ်းသေးပါ။

သူ့မိန်းမသည် ဆာမန်ကလေးပျောက်သည့် သောကရေ နေသော မိခင်တယောက်ပဲဟု ဟန်ဆောင်ဖို့ ကြိုးစားနေသ ကနေ့ည ရုပ်မြင်သံကြားသတင်းမှာ သူ့မိန်းမကို ပြများပြ ဦးမှာလားမသိဘူး။ မျက်ခွံများမို့ယောင်ပြီး လက်ကိုင်ပ ကထည်ကိုလက်ထဲမှာ လိမ်မွှတ်ယင်း ထောင်းပန်တိုးလျှိုးသံ 'ကျွန်မကလေးတွေ ပြန်ပေးပါ'ဟု ပြောပြနေဦးမှာလား။

'ရေး'အတွက် ရဲမှူးမှာ သတင်းပေးစရာရှိသည်။ သူ့မိ သည် သည်အခန်းမျိုးကို က,ခဲ့ဖူးပြီ။ လွန်ခဲ့သော ၇ နှ ရိုက်ကူးထားသည့်သတင်းကား၏ ကော်ပီကို သူရအောင်ယူ ခဲ့သည်။

ဆန်ဖရန်စစ္စကိုမှ လက်ထောက် အစိုးရရှေ့နေတယောက် ယင်းသတင်းကားကို သူကပေးပါမည်ဟု ခုနက တယ်လီ ပြောစဉ်တွင် ကတိပြုလိုက်သည်။ အစိုးရရှေ့နေက....



"ဒီခန်းမ ဒီလိုနောက်ထပ်မလုပ်နိုင်အောင် ကျုပ် အကုန်လုံး စီစဉ်သင့်လုပ်ထားတယ်"ဟု ပြောသေး၏။

'ရေး'က ခပ်တည်တည်ပဲ ပြန်ပြောလိုက်သည်။ 'ရေး'၏ စကားသံသည် ထင်ထားသည်ထက် ပိုပြီး ထိန်းသိမ်းမှုရှိသည်ကို တွေ့ရသည်။

"ကျွန်တော်တို့ ရှေ့နေတယောက်ယောက်နဲ့ အဆက်အသွယ် မလုပ်ရသေးပါဘူး၊ အခုလိုလူအားလုံးက ဝိုင်းရှာနေကြတော့ ကျွန်တော်မျှော်သင့်ထားပါတယ်"

"ရှာဖွေတဲ့ကိစ္စတွေကို မကြာခင် ရပ်လိုက်တော့မှာပါ"

ရဲမှူးက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဒီရာသီဥတုမျိုးနဲ့ဆိုယင် လူတွေဟာ အမှုမြင်နိုင်တော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားမိန်းမကို စစ်ဆေး မေးမြန်းဖို့ စခန်းခေါ်သွားရလိမ့်မယ်၊ တကယ်လို့ ခင်ဗျား ရှေ့နေငှားဖို့စီစဉ်ရသေးဘူးဆိုယင် သူ့အတွက် တရားရုံးက တယောက် ခန့်ပေးဖို့ ကျွန်တော်စီစဉ်လိုက်မယ်"

'ရေး'က ဒေါသတကြီးနှင့်........

"ခင်ဗျား ဒီလိုလုပ်လို့ဘယ်ဖြစ်မှာလဲ"

ပြောလိုက်ပြီးမှ သူ့ကိုယ်သူ ကြိုးစားပြီး စိတ်ငြိမ်အောင် ထိန်းလိုက်သည်။

"ကျွန်တော်ဆိုလိုတာက သူ့ကို ရဲစခန်းခေါ်သွားယင် ခင်ဗျား သူ့ကိုသတ်သလိုဖြစ်သွားတော့မှာပဲ၊ နှစ်ပေါင်း နှစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး အိပ်မက်ဆိုးတွေပဲ မက်နေခဲ့ပါတယ်၊ အဲဒီအိပ်မက်ကလဲ အမြဲတမ်း ထပ်ခါတလဲလဲ တပုံစံတည်းပဲ၊ ရဲစခန်းမှာ အစစ်ဆေး အမေးမြန်းခံပြီး ရေခဲတိုက်ထဲမှာ သူ့ကလေးတွေကို သွားရှာ ခိုင်းပြီ စင်္ကြံ အရှည်ကြီးအတိုင်းလျှောက်သွားရတယ်လို့ အိပ်မက် မက်တယ်၊ အခုချိန်မှာလဲ သူမ တုန်လှုပ်ချောက်ချားနေတယ်၊ ခင်ဗျားအနေနဲ့ သူမ မြင်တွေ့ခဲ့တာကို ပြန်မပြောနိုင်ဘူးလို့ သေချာအောင် ခင်ဗျားကြိုးစားနေတာလား"

"ရေး....၊ ကျွန်တော့် အလုပ်က ကလေးတွေပြန်ရဖို့ပဲ ဖြစ်တယ်"

"ဟုတ်တယ်လေ၊ ဒီသတင်းစာဆောင်းပါးဆိုးကြီးကို ဖတ်မိလို့ ကျွန်တော့် မိန်းမ ဘာဖြစ်သွားတယ်ဆိုတာ ခင်ဗျားမြင်သားပဲ၊ ဒီဆောင်းပါးရေးတဲ့အနာကောင်ကို ခင်ဗျားတို့မရှာကြဘူးလား၊ ဒီဇာတ်ကြောင်းကိုပြန်ဖော်ပြီး သတင်းစာတိုက်ကို ပို့ရလောက်အောင် ယုတ်မာတဲ့ လူတယောက်ဟာ ကလေးတွေကို ခေါ်သွားနိုင်တဲ့အရည်အချင်းလဲရှိမှာပဲ၊ တတ်နိုင်မှာပဲ"

"ဒါကိုလဲ ကျွန်တော်စုံစမ်းနေပါပြီ၊ ဒီလိုသတင်းမျိုးဆိုတာ ကလဲ အမြဲတမ်း နာမည်တုတွေနဲ့ လက်မှတ်ထိုးထားလေ့ ရှိပါတယ်၊ ဒီလိုဆောင်းပါးမျိုးတွေဟာ အမှန်အတိုင်းပြောရရင် စာရေးသူက စိတ်ကူးတည့်တဲ့အခါ ပို့နိုင်တာပဲ၊ တကယ်လို့ သတင်းစာတိုက်ကလက်ခံလိုက်ရင် ငွေ ၂၅ ဒေါ်လာရမှာပဲ"

"ဒီလိုဆိုရင် စာရေးသူက ဘယ်သူလဲ"

"ကျွန်တော်တို့ ဒါကို တွေ့အောင်ကြိုးစားနေပါတယ်"



ရဲမှူးက ဖြေလိုက်သည်။ ရဲမှူး၏အသံမှာ ဒေါသသံလေးပါနေသည်။

"ဆောင်းပါးပို့တုန်းက ဆောင်းပါးပို့သူရဲ့ ရည်ညွှန်းတဲ့စာမှာ စည်းကမ်းချက်တွေပါပါတယ်၊ တကယ်လို့များ လက်ခံခဲ့ရင် မပြင်ရဘူး၊ ပါတဲ့ဓာတ်ပုံတွေအကုန်လုံး အသုံးပြုရမယ်၊ နိုဝင်ဘာ ၁၇ ရက် ဒီနေ့မှာ ရိုက်နှိပ်ထုတ်ဝေရမယ်လို့ ဆိုထားတယ်၊ ဒီသတင်းဆောင်းပါးဟာ ရေးသားပုံကောင်းတယ်၊ ဆွဲဆောင်နိုင်တယ်လို့လဲ အယ်ဒီတာက ကျွန်တော့်ကိုပြောပြတယ်၊ အမှန်တော့ ၂၅ ဒေါ်လာအတွက် တင်ပြဖို့မထိုက်တန်တဲ့ ဆောင်းပါးမျိုးဖြစ်တယ်၊ ဒါကိုတော့ သူက ထုတ်ဖော်မပြောဘူး၊ ဒီတော့ အယ်ဒီတာက ချက်လက်မှတ်တစောင်နဲ့ပူးတွဲပြီး လက်ခံတဲ့စာတစောင်ရေးလိုက်တယ်"

ရဲမှူးသည် သူ့ဘောင်းဘီနောက်အိတ်ထဲမှ မှတ်စုစာအုပ်ကိုဆွဲထုတ်ပြီး....

"လက်ခံတဲ့စာဟာ အောက်တိုဘာလ ၂၈ ရက် နေ့စွဲနဲ့ ပို့လိုက်တယ်၊ ၂၉ ရက်နေ့မှာ အယ်ဒီတာရဲ့စာရေးမက ဒီသတင်းဆောင်းပါးကို လက်ခံ လက်မခံ တယ်လီဖုန်းနဲ့မေးတာကို လက်ခံရရှိခဲ့တယ်၊ အဲဒီဖုန်းထဲမှာ အဆက်အသွယ်မကောင်းလို့ အသံက မကြည်လင်ဘူး၊ အသံဟာ ယောကျာ်းသံ၊ မိန်းမလားတောင် ခွဲခြားလို့မရဘူး၊ ဒီတော့ သူက ဟိုင်ယန်နစ်စာတိုက်မှတဆင့် ဆိုပြီး ချက်လက်မှတ်ပို့လိုက်ကြောင်း ပြန်ပြောလိုက်တယ်၊ ဒီချက်လက်မှတ်ကို ဂျေ၊ အာ၊ ပင်ရို့စ် ဆိုတဲ့လူနာမည်နဲ့ ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ နောက်တနေ့မှာ ဒီစာကို စာတိုက်မှာ လာထုတ်ယူသွားတယ်”

“ယောကျ်ားလား၊ မိန်းမလား”

‘ရေး’က ခပ်မြန်မြန်လေးမေးလိုက်သည်။

“ဒါတော့ ကျွန်တော်တို့လဲမသိဘူး၊ ဒီရာသီအချိန်မျိုးမှာတောင် ဒီဟိုင်ယာန်နစ်ဆိပ်ကမ်းမြို့လိုနေရာမျိုးမှာ အလည်အပတ်လာတဲ့ဧည့်သည်တွေ တော်တော်များများ ဖြတ်သွားကြတယ်ဆိုတာကိုတော့ ခင်ဗျားလဲသတိပြုမိမှာပဲ၊ စာတိုက်မှာ နာမည်အမှန်ပြောပြီး စာသွားယူတာတောင် စာရေးကပေးလိုက်မှာပဲ၊ နောက် မှတ်မိချင်မှ မှတ်မိတော့မှာ၊ ချက်လက်မှတ်ကိုတော့ ကနေ့ထိ ငွေထုတ်တာမတွေ့ရသေးဘူး၊ အဲဒီတော့ ငွေလာထုတ်တဲ့အခါမှာ ဂျေ၊ အာ၊ ပင်ရို့စ်ဆိုတဲ့လူကို ကျွန်တော်တို့ ဆက်ပြီးမေးမြန်းစုံစမ်းရမှာပဲ၊ ခပ်ရှင်းရှင်းပြောရရင် ဒီစာရေးသူဟာ ကျွန်တော်တို့မြို့ပေါ်က စပ်စုတတ်တဲ့ အလကားအားနေတဲ့ အသွားကြီးသယောက်ယောက် ဖြစ်ချင်ဖြစ်နေမှာပါ၊ သူများအကောင်းအဖျင်းကို ဒီလိုပြန်လှန်ရတာ ပျော်နေမှာပဲ”

‘ရေး’က မီးလင်းဖိုဆီသို့စိုက်ကြည့်ပြီး....

“ဒီအခန်းထဲမှာ အေးတယ်၊ မီးထည့်ရင်ကောင်းမှာပဲ”

ဟု ပြောလိုက်သည်။ မီးလင်းဖိုဘောင်အပေါ်မှာ တင်ထားသည့် ကလေးများအတွက် နန့်စီရေးဆွဲထားသော ကျောက်တွင်းစန်းရှိပုံလေးဆီသို့ မျက်စိရောက်သွားသည်။ ရုတ်တရက်လိုပင် သူ့လည်ချောင်းထဲမှာ တစ်ဆို့ဆို့ကြီးဖြစ်သွားသည်။



မှူးက....

“ဒီအခန်းထဲမှာ တကယ်တော့ မီးထည့်ဖို့လိုမယ်မထင်ပါ ခင်ဗျားကို ကျွန်တော် ဒီအခန်းထဲခေါ်လာတာက နန့်စီကို တ်အစားလဲပြီး ကျွန်တော်တို့နဲ့ စခန်းလိုက်ခဲ့ဖို့ ပြောချင်း ပါ”

“မဖြစ်ဘူး....မဖြစ်ဘူး”

‘ရေး’နှင့် ရဲမှူးသည် အခန်းဝင်ပေါက်ဘက်သို့ ရုတ်တရက် ကြည့်လိုက်ကြသည်။ နန့်စီသည် တံခါးဘောင်ကိုမှီပြီး ဘတ်ရပ်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

သူမ၏ဆံပင်ကလည်း ခြောက်နေပြီ၊ နောက်စေ့တည့်တည့် သိထုံးဖွဲ့ထုံးထားသည်။ လွန်ခဲ့သည့်နာရီပိုင်းက ခံစားမှု သူမ၏မျက်နှာကို ဖြူဖပ်ဖြူရော်ဖြစ်စေခဲ့သဖြင့် ဆံပင် အောင်မှာ ပို၍ပေါ်လွင်နေသည်။ သူမ၏ မျက်လုံးများက း မသက်ဆိုင်၊ မပတ်သက်သည့် အရိပ်အရောင်မျိုး ပေါ် နေသည်။

သူမ၏နောက်မှ ဒေါ်ရော်သီက....

“သူက ဒီထဲ လာချင်တယ်ဆိုလို့....”

တောင်းပန်သည့်အသံမျိုးနှင့် ပြောသည်။

သူမအခုနေနှင့် သူ့ကို အပြစ်တင်သည့် ‘ရေး’၏ မျက်နှာ ကို သတိပြုမိသည်။ ‘ရေး’က သူတို့ဆီ သွက်သွက်လေး ာက်လာသဲ့သို့ပင်....

“ရေး....၊ ငါ သူ့ကိုအပြင်မှာနေဖို့ ထိန်းထားလို့မရဘူး၊ တောင်းပန်ပါတယ်ကွယ်”

www.burmeseclassic.com

www.burmeseclassic.com



'ရေး'က နန်းစီကို သူ့ထံအသာအယာခေါ်သွားပြီး....

"ကိစ္စမရှိပါဘူး ဒေါ်ရော်သီ"

ဟု ခပ်တိုတိုပဲပြောလိုက်သည်။ 'ရေး'၏အသံသည် ပျော့ သွားပြီး.......

"နန်းစီ စိတ်ချလျှော့ထားပါ၊ မင်းကို ဘယ်သူကမှ နှစ်နာ အောင်လုပ်မှာမဟုတ်ဘူး"

'ရေး'၏ လေသံထဲမှာ သူမကို အလိုမရှိတော့ကြောင်း အဓိပ္ပာယ်ဆောင်သည့်လေသံပါသည်ကို ဒေါ်ရော်သီ သတိပြုမိ သည်။

ရဲမှူးနှင့် စကားပြောနေဆဲ နန်းစီကို သူမက ကောင်းကောင်း ထိန်းသိမ်းနိုင်မည်ဟု သူ စိတ်ချယုံကြည်ခဲ့သည်။ ဒါလောက် တသေးသေးကိစ္စလေးမှ သူ မလုပ်နိုင်ခဲ့။

"ရေး...အခုအချိန်မှာ ငါ မင်းကိုအနှောင့်အယှက်မပြုသင့် ဘူးလို့တော့ ထင်ပါတယ်၊ ဒါပေမယ့် အခုလေးပဲ ရုံးခန်းက ဖုန်းလာတယ်၊ မစ္စဘာခရာကိုပေါလော့စ်က နေ့လယ် ၂ ချက် ထိုးမှာ ဟန့်အိမ်ကြီးကိုကြည့်ချင်တယ်လို့ ပြောနေတယ်၊ ငါ တယောက်ယောက်ကိုလွှတ်ပြီး ပြနိုင်းလိုက်ရမလား"

'ရေး'က နန်းစီကို အသာထိန်းထားရာမှ ခပ်ဆတ်ဆတ်နဲ့ပဲ...

"ဒါအရေးမဟုတ်ပါဘူး"

ဟု ပြောလိုက်သည်။ ချက်ချင်းပဲ သူ့အသံဟာ ပြောင်း သွားပြီး....



"ကျွန်တော် တောင်းပန်ပါတယ် ဒေါ်ရော်သီ၊ ခင်ဗျား ကိုယ်တိုင်လိုက်ပြမယ်ဆိုယင်တော့ ကျွန်တော် သဘောတူပါ တယ်၊ ဒီးမျှော်စင်ကြီးကို စိတ်ဝင်စားတဲ့သူနဲ့တွေ့ယင် ရောင်းဖို့ ခဲယဉ်းပါဘူး၊ အဘိုးကြီးမစ္စတာဟန့်ကလဲ ငွေလိုနေတယ် လေ...."

"မစ္စဘာခရာကို ငါတို့ ကနေ့ကြည့်မယ့်သူ ခေါ်လာမယ်လို့ မပြောထားရသေးဘူး"

"သူ့ရဲ့အငှားစာချုပ်ထဲမှာ ဒီအိမ်ကြီးနဲ့ပတ်သက်ပြီး ဝယ်လို သူများကို တယ်လီဖုန်းနဲ့ နှစ်ရက်ကြိုပြီး အကြောင်းကြားရမှာ ရှိနိုင်တယ်ဆိုတဲ့ စည်းကမ်းချက်ပါတယ်၊ ဒါကြောင့်မို့လဲ သူ ဒီလောက်စိုးရိမ်ပူပန်နေတာပေါ့၊ ရုံးခန်းကယင် ကြည့်မယ့် လူလာပြီလို့ ဖုန်းဆက်လိုက်ယင် ပြီးတာပဲမဟုတ်လား"

"ကောင်းပါပြီရှင်...."

ဒေါ်ရော်သီက မသေချာမရေရာနှင့် ထွက်သွားရန်စိတ်မရှိ၍ ရပ်နေသည်။

"ရေး...."

'ရေး'က သူမကိုမော့ကြည့်ပြီး သူမ၏ မပြောရသေးသည့် စကားများကို နားလည်သဘောပေါက်ပြီး....

"ဒီမှာ ခင်ဗျားလုပ်နိုင်စရာ ဘာမှမရှိဘူး ဒေါ်ရော်သီ၊ မျှော်စင်ကြီးကအလုပ်ပြီးယင်သာ ငါ့ပြန်လာခဲ့ပါ"

သည်အခါကျမှ သူမသည် ခေါင်းညိတ်ပြီး ထွက်သွားသော သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထံမှ သူမ ထွက်မသွားချင်ပါ။ သူတို့၏ပူပင်သောက ရောက်မှုကိုလည်း မျှဝခံစားချင်သောဆန္ဒနှင့် ဆက်၍နေနေချင်သည်။ 'ရေး'၏ရုံးခန်းကို သူမ ပထမဦးဆုံးဝင်လိုက်သောနေ့က စပြီး 'ရေး'သည် သူမ၏ဘဝကို အသက်ဆက်ပေးခဲ့သူတယောက် ဖြစ်ခဲ့သည်။

၂၅ နှစ်သုံးလုံး ကင်းနက်ဆီမှာ ကက်နက်နှင့်အတူ သူမ၏ ဘဝအနာဂတ်ကို စီမံခန့်ခွဲခဲ့သည်။ 'ကက်နက်' ဆုံးပါးသွားသော အခါ သူမမှာ မှီခိုစရာအခြေမဲ့ခဲ့သည်။ ဘဝကိုပထမဆုံးအကြိမ် ကြောက်စိတ်ဝင်လာခဲ့မိသည်။ ဒါပေမယ့် 'ရေး'နှင့်အတူ အလုပ် လုပ်ခဲ့ပြီး 'ရေး'၏လုပ်ငန်းကို ကူညီပျိုးထောင်ကာ သူမ တတ် ကျွမ်းထားသည့် အိမ်တွင်းပြင်ဆင်မှုအတတ်ပညာကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကို 'ရေး'၏အကြံပေးချက်အရ အရင်းအနှီး မြုပ်နှံခဲ့ရာ သူမ ဘဝသည် ပြည့်စုံလာခဲ့ရသည်။ 'ရေး'သည် အင်မတန် သဘောကောင်းပြီး တည်ကြည်သော လူတယောက် ဖြစ်သည်။

သူမနှင့်-အမြတ်အစွန်းခွဲဝေသည့်နေရာမှာလည်း ရက်ရော သည်။ 'ရေး'ကို သူမသည် သားအရင်းတမျှ သဘောထားနိုင် သည့် အနေမျိုးဖြစ်လာခဲ့သည်။

နန်စီ ရောက်လာသည့်အခါမှာ နန်စီက သူမကို အစစအရာရာ ယုံကြည်အားထားခဲ့သည်ကို သူမ ဂုဏ်ယူမိသည်။ ဒါပေမယ့် နန်စီက သူမနှင့် တကယ့်အနီးကပ်ရင်းနှီးသည်အထိ ခွင့်မပြုခဲ့ပါ။ အခုတော့ သူမမှာ အသုံးမဝင်သည့် ပွဲကြည့်ပရိသတ်တယောက် လို ဖြစ်နေခဲ့သည်။



သူမသည် ဘာမျှပြန်မပြောတော့ပဲ သူမ၏ ကုတ်အင်္ကျီနှင့် လည်စည်းပဝါကိုယူပြီး နောက်ဖေးပေါက်မှ ထွက်ခဲ့သည်။

သူမ တံခါးဖွင့်လိုက်စဉ်တွင် လေနှင့်မိုးနှင်းခဲတို့က တအား ဆောင့်တိုးလာသည်။ သူမ၏ကားသည် နောက်ဖေးဘက် စက် ...ခြမ်းမြေလမ်း၏ ထက်ဝက်ခန့်မှာရပ်ထားသည်။ အိမ်ရှေ့ ပေါက်က မထွက်ရသည်ကိုပဲ သူမ သဘောကျမိသည်။ အဘယ် ကြောင့်ဆိုသော် ရုပ်မြင်သံကြားကားတစီး အိမ်ရှေ့တည့်တည့် မှာ ရပ်ထားသောကြောင့်ဖြစ်သည်။

သူမ ကားဆီသို့သုတ်သုတ်လေး လျှောက်သွားယင်း မြေ ...က်အခြားတဘက်ရှိ သစ်ပင်ခြံဒန်းလေးကို မြင်လိုက်မိသည်။ ထိုနေရာမှာ ကလေးတွေကစားနေခဲ့ပြီး၊ ထိုနေရာမှာပင် လက် ...တ်ကလေးကို နန်စီ ရခဲ့သည်။ မိမိကိုယ်တိုင် ကလေးများကို ...ည်ဒန်းပေါ်တွင် အကြိမ်များစွာ လွှဲခဲ့သည်မဟုတ်ပါလား။ ...င်ကယ်နှင့်မစ်စီ ...။ ကြောက်ရက်ဖွယ် ဖြစ်နိုင်စရာတခုခုတော့ ကလေးတွေဖြစ်တော့မည်၊ ကလေးတွေ သေများသေနေရော့ သလား။ ဒါကိုစဉ်းစားမိ၍ သူမ ရင်ဆို့သွားသည်။ ဘုရား သခင်၊ သူတို့ကလေးတွေကို သနားတော်မူပါ၊ ဤသို့ မဖြစ်ပါစေ နှင့်။ ဤသို့မဖြစ်ပါစေနှင့်။ တချိန်က သူမသည် ကလေးများ၏ ...ားအေးအစား တယောက်ဖြစ်ခဲ့သည်ဟု နောက်ပြောင်မိသည်။ ...းကို မလိုလားသည့် နန်စီ၏ မျက်နှာထားအား သူမ မြင် လိုက်ရတော့ ကိုယ့်လျှာကို ကိုယ် ကိုက်ဖြတ်ချင်သလောက်အောင် နောင်တရခဲ့သည်။ သည်စကားသည် လုံးဝမပြောသင့်သော စကားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မိုးနှင်းတိုက်နေသည်ကို သတိမမူပြီး ဒန်းကိုစူးစူး စိုက်စိုက်ကြည့်နေမိခဲ့သည်။

ရုံးခန်းသို့ နန်စီလာတိုင်းလာတိုင်း ကလေးများသည် သူမ၏ စားပွဲသို့ တန်းပြီးပြေးလာတတ်သည်။ သူမကလည်း ကလေး တွေအတွက် တခုခုတော့ အမြဲတမ်းလုပ်ထားလေ့ရှိသည်။ မနေ့ ကပဲ နန်စီက မစ်စီနှင့်ဝင်လာတော့ အလျှင်နေ့ညက သူမကိုယ် တိုင်ချုပ်ထားသည့် ကိုတ်မုန့်လေးဖြင့် အလှူလက်ဆောင်အဖြစ် ကျွေးခဲ့သည်။ နန်စီက ကန့်လန့်ကာအစ သွားဝယ်မည်ဆိုသဖြင့် သူမကပဲ မစ်စီကို ထိန်းထားလိုက်မည်၊ မိုက်ကယ်ကိုလည်း ကျောင်းကပြန်ခေါ်ထားလိုက်မည်ဟု ပြောခဲ့မိသေးသည်။

“ကန့်လန့်ကာစရွေးတယ်ဆိုတာ စိတ်အေးလက်အေးနဲ့ လှတာ ချောတာ သပ်သပ်ရွေးရမှာကောင်းတာ၊ နောက်ပြီး ငါလဲ တရားရုံး မှာ မြေစာရင်းစာရွက်သွားယူစရာရှိတယ်။ အဲဒီတော့ မစ်စီကို အဖော်အဖြစ် ခေါ်သွားလို့ရတယ်။ အပြန်ကျတော့ မိုက်ကယ်ကို ကျောင်းကကြိုပြီး ရေခဲမုန့်သွားစားကြတာပေါ့”

ထိုစကားများ ပြောခဲ့သည်မှာ ၂၄ နာရီမျှသာ ကြာသေး သည်။

“ဒေါ်ရော်သီ....”

သူမသည်လန့်ပြီးမော့ကြည့်လိုက်၏။ ဂျိုနသန်သည်သစ်တော ပြီး လျှောက်လာသည်။ သူ့မျက်နှာ သိပ်ကို တင်းမာနေ ဂျိုနသန်သည် အသက် ၆၀ နီးပါးရှိပြီဟု သူမက သိ ယနေ့ဆိုလျှင် သူသည် တကယ့်အဘိုးကြီးတယောက်နှယ် နေသည်။ သူက....



“အဲဒီခက်ကလေးတွေအကြောင်း၊ ငါ အခုလေးပဲ ကြား တယ်။ ငါ ဒေးကိုတွေ့မှဖြစ်မယ်။ သူတို့ကို ငါ ကူညီ လိမ့်မယ်ထင်တယ်”

“အဲဒါ ကောင်းတာပေါ့”

သူမက မတည်ငြိမ်စွာ ပြန်ပြောလိုက်သည်။ သူမ၏အသံထဲ ဝိုးရိမ်ပူပန်ဟန်မျိုးပါနေသည်ကိုက နှစ်ခြိုက်ဖို့မကောင်း။

“သူတို့အိမ်ထဲမှာ....”

“ကလေးတွေရဲ့ အရိပ်အရောင်ကို မတွေ့သေးဘူးလား”

“မတွေ့သေးဘူး”

“ငါ သတင်းစာကဆောင်းပါး တွေ့လိုက်ရတယ်”

ဂျိုနသန်၏ ကရုဏာဒေါလသံသည်သူမအတွက်မဟုတ်ကြောင်း အခုမှပဲ သူမ သတိပြုမိတော့သည်။ သူ့အသံက အေးစက်စက် ပြီး တချိန်တုန်းက နန်စီကို ဗာဂျီးနီးယားပြည်နယ်မှာ သိခဲ့ သည်ဟု သူ့ကိုလိမ်ပြောမိသည့်အတွက် အပြစ်တင်သံ ပေါ်လွင် နေသည်။ သူမက နွမ်းနယ်စွာဖြင့် မော်တော်ကားတံခါးကို ပြီး....

“ကျွန်မ ချိန်းထားတာတခုရှိလို့”

ဟု ရုတ်တရက် ပြန်ပြောလိုက်သည်။

သူ့ထံမှအဖြေကိုမစောင့်တော့ပဲ ကားထဲဝင်ပြီး စက်ကိုနှိုး လိုက်သည်။ သူမ၏မြင်ကွင်းသည် တဖြည်းဖြည်း မှုန်ဝါးလာ သော မျက်လုံးအိမ်ထဲ၌ မျက်ရည်များနှင့် ပြည့်လျှံနေသည်ကို သူမ သတိပြုမိတော့သည်။

* * *

www.burmeseclassic.com

## အခန်း ( ၁၃ )

ရဟတ်ယဉ်များ၏ အသံများက သူ့ကို ကြည်နူးစေသည်...
ဟိုအချိန်က တက္ကသိုလ်နယ်မြေရှိ လူတိုင်းလိုလို ပျော်ဝန်းကျ... ဘော်ဘော် ကျယ်ကျယ် ဝန်းဝန်းကျင်ဖြန့်ပြီး ကလေးများအ... ရှာကြရသည်ကို သတိပေးသကဲ့သို့ ဖြစ်နေသည်။

အိမ်ရှေ့ပြတင်းပေါက်ကနေ၍ ပင်လယ်ကွေ့ဘက်သို့ ... စိုက်ကြည့်နေသည်။ ပေတံဘားအနီးမှ မီးခိုးရောင်ထနေသော... ရေမျ းသည်လည်း ခဲစပြုလာပြီ၊ နှင်းမုန်တိုင်းနှင့် မိုးနှင်းမျ... ကျလိမ့်မည်ဟု ဓာတ်စာပိုင်းက ရေဒီယိုမှ သတိပေးထားသည်... သည်တကြိမ်တော့ မိုးလေဝသခန့်မှန်းချက် မှန်နေသည်။ ...



သည် ပင်လယ်ကွေ့ထဲမှ ရေများကို ဒေါသဖြစ်နေသည့် လှိုင်းခေါင်းဖြူများအဖြစ် သရုပ်ပေါ်စေသည်။ စင်ရော်တအုပ်လေကိုဆန့်၍ပျံသန်းနေသည်ကို သူ စေ့စေ့ကြည့်နေမိသည်။

သူသည် အိမ်တွင်းအိမ်ပြင်အပူချိန်ကို ဂရုတစိုက် စစ်ဆေးကြည့်သည်။ အပြင်မှာ ၂၈ ဒီဂရီရှိသည်။ မနက်ကနှင့်စာလျှင် ၂၀ ဒီဂရီလောက် ကျနေပြီ။

ရဟတ်ယာဉ်နှင့် လေယာဉ်ပျံတို့က လည်း သိပ်ကြာကြာဆက်ပြီးရှာနိုင်တော့မည်မဟုတ်။ ကုန်းပေါ်မှာသည်း နောက်ထပ် လူများများ ရှာနိုင်ကြတော့မည်မဟုတ်။

ည ၇ နာရီမှာ ဒီရေအမြင့်ဆုံးသို့ရောက်မည်။ ယင်းအချိန်ကျလျှင် သူသည် ကလေးများကို ခေါင်မိုးထပ်သို့ခေါ်သွားပြီး မှုဆိုးမမျှော်စင်ဟုခေါ်သည့် ဝရန်တာလေးဆီကို တက်သွားမည်။

အမြင့်ဆုံးဒီရေသည် အောက်မှာရှိနေမည်။ သောင်ခုံအခုလုံးကို ဖုံးလွှမ်းနေမည်။ လှိုင်းများကလည်း အောက်ခြေအုတ်နံရံကို ဒေါသတကြီးနှင့် ရိုက်ခတ်နေပေလိမ့်မည်။ နောက်ပြီး အောက်ခြေဆွဲအားဖြင့် ပင်လယ်ထဲသို့ တအားကုန်ပြန်လှိမ့်ဆင်းသွားပေလိမ့်မည်။

ယင်းအချိန်သည် ကလေးတွေကို ပစ်ချရမယ့်အချိန်၊ အောက်သို့...။

သူတို့ကို နောက်ရက်သတ္တပတ်အတော်ကြာမှ လှိုင်းက ပြန်ပုတ်တင်ပေးလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ရက်အနည်းငယ်အတွင်းမှာ ပြန်တွေ့ခဲ့မည်ဆိုလျှင်လည်း သည်အတွက် သူက ပြင်ဆင်ပြီးသား။

ကလေးတွေကို မုန့်ကျွတ်နှင့် နွားနို့ပဲတိုက်ထားသည်။

ကလေးတွေကို နန်စီကလွဲပြီး လူတယောက်ယောက်က နံနက်စာ အမှန်တကယ် ကျွေးထားသည်ဟု ထင်မြင်ယူဆနိုင်စရာဖြစ်အောင် အစာများကိုတော့ အမှိုက်ခံပြီး ကျွေးမထားပါ။ သူ့ကိုကိုးကွယ်ချင်တောင်မှ ခေါ်ခဲ့ကြည့်ဖို့ မဖြစ်တော့မည့် အခြေအနေ ရောက်နေမှာပဲဟု မျှော်လင့်ရသည်။

သူ ရယ်လိုက်သည်။

သည်ကြားကာလမှာ သူ့တွင် အချိန် ၅ နာရီရှိသည်။ နန်စီ၏ အိမ်နှင့်ရေကန်နားမှာ သောသေးဆယ် ဆင်ထားသည့် မီးမောင်းကြီးများကို အချိန် ၅ နာရီတိတိစောင့်ကြည့်နိုင်သည်။ ကလေးများနှင့် ၅ နာရီတိတိ အတူတူနေနိုင်သည်။

နောက်တခု သတိရလိုက်သည်။ ချာတိတ်ကလေးကလည်းပဲ အဲမတန်ချောသည့် ကလေးလေးပဲ။ အသားအရေနူးညံ့သည်။ ကိုယ်လုံးကိုယ်ထည် ပြေပြစ်သည်။

ဒါပေမယ့် အရေးကြီးသည်က ချာတိတ်မကလေးပဲ ဖြစ်၏။ နန်စီနှင့် တကယ့်ကိုတူသည်။ ပိုးသားလို နူးညံ့သည့်ဆံပင်၊ ပုံပန်းအချိုးကျသည့် နားရွက်ကလေးလည်း ရှိသည်။

သူ ပြတင်းပေါက်မှ ရုတ်တရက် လှည့်လိုက်သောအခါ ကလေးများသည် ခုံတန်းလျားရှည်ပေါ်မှာ လဲလျောင်းနေကြသည်။



နွားနို့ထဲ၌ သူ ထည့်ထားသည့် အိပ်ဆေးသည် ကလေးများကို အိပ်ပျော်စေခဲ့သည်။

ချာတိတ်လေး၏လက်မောင်းသည် သူ့ညီမကိုကာကွယ်သည့်အနေနှင့် ဖက်ထားသည်။ ဒါပေမယ့် ကလေးမလေးကို သူ ကောက်ချီလိုက်တော့ ချာတိတ်လေးသည် လှုပ်တောင်မလှုပ်။ သူ ကလေးမလေးကို အိပ်ခန်းထဲခေါ်သွားပြီး ခုတင်ပေါ်တွင် တင်ကာ အဝတ်အစားများ ချွတ်ပစ်လိုက်သည်။ ခုတင်ပေါ် တင်လိုက်တော့ ကလေးမလေးဆီမှ ဘာသံမျှထွက်မလာပေ။

သူသည် ရေချိုးခန်းထဲ ဝင်သွားပြီး ရေချိုးကန်အပေါ်ရှိ ရေပိုက်ခေါင်းများကို ဖွင့်လိုက်သည်။ ထွက်လာသည့်ရေများကို [illegible]ကိုက်သည့်အပူအအေးဒီဂရီ ရှိ မရှိ လက်နှင့်စမ်းကြည့်၏။ ရေများပြည့်သည့်အခါ ရေ၏အပူချိန်ကို တံတောင်ဆစ်နှင့် တခါ စမ်းကြည့်သည်။ လိုအပ်သည်ထက် နည်းနည်းလေး ပိုပြီးပူနေသည်။ အနေတော်ပါပဲ။ နောက်မိနစ် အနည်းငယ်တွင် နည်းနည်း အေးသွားပေလိမ့်မည်။

လေကို ရှိုက်သွင်းလိုက်သည်။ သူ့ အချိန်မြန်းနေပါကလား။ သူသည် ဆေးသေတ္တာကို လျှင်မြန်စွာဖွင့်ပြီး သည်နေ့နံနက် [illegible]ဈေးဆိုင်ရောက်စဉ်က အလစ်သုတ်သာခဲ့သည့် ကလေးပေါင်ဒါဗူးလေးကို ထုတ်ယူလိုက်သည်။

ဆေးသေတ္တာအဖုံးကို ပိတ်မည်ပြုဆဲ မုတ်ဆိတ်ရိတ်ဆပ်ပြာ ဘူးတောင့်နောက်ဘက်မှ ကြွက်ခေါင်းစေး တချပ်ကလေးတခု ထွက်ကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ မေ့နေလိုက်တာ။ ဒါလေးကို ပြီးခဲ့သည့်အချိန်က အသုံးပြုခဲ့သည်။ အဆင်သင့်လှပေစွ။ ခပ်တိုးတိုးရယ်လိုက်ပြီး ဘဲချပ်ကလေးကို ကောက်ယူလိုက်သည်။

ရေပိုက်ခေါင်းအောက်မှာ ရေဆေးယင်း ကြက်ခေါင်စေး ဘဲချပ်ကလေးသည် ယခင်ကလို ပျော့ပျောင်းမှုမရှိတော့ပဲ အက်ကြောင်းလေးတွေ ပေါ်နေသည်ကို တွေ့လိုက်ရသည်။ သည်နောက် ဘဲချပ်လေးကို ရေကန်ထဲပစ်ထည့်လိုက်၏။ တခါတလေ ကလေးတွေ၏အာရုံကိုတခြားသို့ပြောင်းရသည်ကလည်း စိတ်ကူးကောင်းတခုဖြစ်သည်။

ပေါင်ဒါဗူးလေးကိုယူပြီး အိပ်ခန်းထဲသို့ မြန်မြန်ပြန်လာသည်။ မစ်စီ၏အင်္ကျီလေးကို သွက်လက်စွာ ကြယ်သီးဖြုတ်ပြီး ဆွဲချွတ်ပစ်လိုက်သည်။ လည်ကျပ်အင်္ကျီလေးကိုလည်း အောက်ခံအင်္ကျီနှင့်အတူ ခေါင်းမှ လှန်၍ချွတ်ပစ်လိုက်၏။

သူသည် ညည်းတွားသလိုအသံမျိုးနှင့် သက်ပြင်းရှည်ကြီးတချက်ချလိုက်ပြီး ကလေးမလေးကိုကောက်ယူကာ ပွေ့ပိုက်ထားလိုက်သည်။

၃ နှစ်အရွယ်လေး။ တကယ့်ကိုလှပသည့်အရွယ်။

ကလေးမလေးသည် လူးလွန့်လာပြီး မျက်စိဖွင့်လာသည်။

“မေမေရေ....မေမေရ...”

အသံလေးက သိပ်ကို အားနည်းနေသည်။

ပျင်းတွဲတွဲ ငိုသံကလေး၊ ချစ်စရာ။

သိပ်ကိုတန်ဖိုးရှိသည့် အသံကလေး။

တယ်လီဖုန်းအသံမြည်လာသည်။



သူသည် ကလေးကိုဖက်ထားသည့်လက်အား ဒေါသတကြီးဖြင့် တင်းလိုက်သည်။

သည်တော့ ကလေးမလေး စငိုတော့၏။ မျှော်လင့်ခြင်းကင်းမဲ့ပြီး အိပ်မှုန်စုံမွှားနှင့်ငိုသော ငိုသံမျိုးဖြစ်သည်။

တယ်လီဖုန်းကို သည်အတိုင်းပဲ ပစ်ထားလိုက်ချင်သည်။

သူ့ဆီ ဘယ်သူမျှ တယ်လီဖုန်းမဆက်ပါ။ ယခုမှ ဘာဖြစ်လို့ဆက်ရပါသလဲ။ မျက်လုံးကိုမှေးပြီး စဉ်းစားလိုက်သည်။ ရှာဖွေရေးအဖွဲ့မှာပါဝင်ဖို့ မြို့ထဲကများ သူ့ကို အကူအညီတောင်းတာဖြစ်နိုင်သည်။

သည်တော့ မစ်စီကို ခုတင်ပေါ်မှာပြန်ချကာ အိပ်ခန်းတံခါးကို အသေအချာပိတ်ပြီးမှ ဧည့်ခန်းထဲ၌ရှိသည့် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

“ဟုတ်ကဲ့”

အသံကို ဣန္ဒြေရ၊ အေးစက်စက်ပုံဖြစ်အောင် ပြုလုပ်သည်။

“မစ္စတာပဲရစ်ရှင့်၊ အနှောင့်အယှက်ပေးတယ်လို့ မထင်ပါနဲ့ရှင်၊ ကျွန်မ အဲဒရက် အိမ်ခြံမြေအရောင်းအဝယ် အလုပ်တိုက်က ဒေါရော်သီပရင့်တစ်ပါ၊ အခုလိုအချိန်တိုတိုလေးမှာအကြောင်းကြားရတာကို ဝမ်းနည်းပါတယ်ရှင်၊ နောက် မိနစ် ၂၀ လောက်မှာ ဒီအိမ်ကြီးဝယ်ဖို့စိတ်ဝင်စားတဲ့ လူတယောက်ကို ကျွန်မခေါ်လာရမှာ ဖြစ်ပါတယ်၊ ရှင် အဲဒီမှာရှိနေမှာလား၊ ဒါမှမဟုတ်ယင် ရှင်နေတဲ့အခန်းကိုပြဖို့ ကျွန်မမှာရှိတဲ့ သော့တူကို အသုံးပြုရမှာလားရှင်”

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

လင်ဒန်မိုင်းစ်သည် ၆ အော လမ်းမကြီးမှ ညာဘက် ပက်ဒေါ် ပတ်ခ်သမ်းသွယ်ထဲသို့ ချိုးကွေ့လိုက်သည်။

ဘော်စတွန်မှကတည်းက ရေဒီယိုကို တချိန်လုံး တောက်လျှောက် ဖွင့်ထားခဲ့သည်။ ရေဒီယိုမှသတင်းများကလည်း နန်စီ အဲဒရက်နှင့် သူ့ကလေးများပျောက်ဆုံးသည့်သတင်းသာ ပို၍ များ၏။

နောက်ဆုံးသတင်းအရဆိုလျှင် မောရှော့ရေကန်ကို အဖိုင်း ပိုင်းကန့်ပြီး ရေငုပ်သမားများက နှံ့နှံ့စပ်စပ်ရှာလျှင် သုံးရက်ခန့် ကြာမည်ဟု ဆိုကြသည်။



သည်ရေကန်ကြီးကလည်း ရေအောက်ဘွင် အနိမ့်အမြင့် ချောက်ကြီးများ အများအပြားရှိသည်ဟု အဒမ်ပို့မှ ရဲမှူးက ပြောပြနေသည်။

တနေရာတွင် ရေကန်၏အလယ်ခန့်ထိ ခါးလောက်ရှိရေထဲသို့ လျှောက်သွားနိုင်သော်လည်း တချို့နေရာတွင် ကမ်းမှငါးပေခန့် အကွာ၌ ရေသည် ပေ ၄၀ ခန့် နက်သည်။

ရေအောက်ကချောက်များသည် အရာဝတ္ထုများကိုငြိနေစေ တတ်သဖြင့် အန္တရာယ်ကြီးလှသည့်အတွက်ကြောင့် နှံ့နှံ့စပ်စပ် ရှာနိုင်ကြပါ။

ရဟတ်ယာဉ်၊ လေယာဉ်ပျံနှင့် ရှာဖွေရေးအဖွဲ့များကလည်း ရှာဖွေနေကြသည်ဟု ဆိုသည်။ နှင်းမုန်တိုင်း ကျတော့မည်ဟု မိုးလေဝသ သတင်းဌာနကလည်း ကြေငြာနေပြီ။ သည်တော့ ရှာဖွေရေးလုပ်ငန်းများကို ရပ်ပစ်လိုက်ရပေတော့မည်။

နန်စီအဲဒရက်ကို မေးမြန်းစစ်ဆေးဖို့ ရဲစခန်းသို့ ခေါ်သွား ပြီဟု သတင်းကြားရသောအခါ သူသည် ကားကို အမှတ်တမဲ့ အရှိန်မြှင့်လိုက်သည်၊ သူ့အနေနှင့် နန်စီထံသို့ အရေး ကြီး ရောက်မှဖြစ်မည်ဟု ထင်၏။

သို့သော်လည်း သူ့ကားအရှိန်ကို လျှော့ရတော့မည် ဆိုသည် ကို ချက်ချင်း သိလိုက်ရ၏။

မိုးနှင်းခဲများသည် ကားရှေ့မှန်မှာ လာပြီး ခဲနေသဖြင့် ဝိုက်ပါ ဖျော်ကိရိယာသည် နိုင်နင်းစွာ မဆောင်ရွက်နိုင်တော့။

ပက်ဒေါ်သမ်းသွယ်ကို သူ နောက်ဆုံးချိုးကွေ့လိုက်သည်နှင့် ဂရက်တို့အိမ်ကို အခက်အခဲမရှိပဲ ရှာဖွေတွေ့လိုက်ရသည်။လမ်း

www.burmeseclassic.com



ပေါ်တွင် လူများလှုပ်လှုပ်ရွရွရှိနေသဖြင့် မှားနိုင်စရာအကြောင်းမရှိပါ။ လမ်းဘဝက်ခန့်တွင် ရဲသားနှစ်ယောက် စောင့်နေသော အိမ်ဘအိမ်ရှေ့၌ ရှပ်မြင်သံကြားကားတစ်စီး ရပ်ထားသည်။ ထို ကားနားမှာ ကိုယ်ပိုင်ကားများ တန်းစီရပ်ထားသည်ကိုသည်း တွေ့ရသည်။

ကားအတော်များများသည် သတင်းစာတိုက်အမှတ်အသား ပါရှိကြ၏။

ခြံဝင်ပေါက်လမ်းကို ရဲသားတစ်စီးက ပိတ်၍ ရပ်ထားသည်။ လင်ဒန်သည် ကားကိုရပ်ပြီး သူ့ထံလျှောက်လာသည့်ရဲသားကို စောင့်နေလိုက်၏။ ရဲသားက ခပ်ဆတ်ဆတ် ပြောလိုက်သည်။

“ဘာကိစ္စလဲ၊ ပြောပါ”

လင်ဒန်သည် ဤသို့မေးလာလိမ့်မည်ဟု ကြိုတင်တွက်ထားမိသည့်အတွက် သူ၏ လိပ်စာကတ်ပြားနှင့် စာလေးတစ်စောင်ကို ကမ်းပေးလိုက်ပြီး....

“ဒါလေးကို မစ္စက်အဲဒရက်ဆီ ပို့ပေးစမ်းပါ”

ဟု ပြောလိုက်သည်။

ရဲသားသည် လိပ်စာကတ်ပြားကိုကြည့်ပြီး....

“ဒေါက်တာ ဒီနေရာက ခဏစောင့်ပါခင်ဗျာ၊ ကျွန်တော် သွားမေးလိုက်ပါဦးမယ်”

ရဲသားလေး ချက်ချင်းပြန်ထွက်လာ၏၊ သူ၏အမူအရာသည် ပထမတုန်းကလောက် မရိုင်းတော့ပါ။

“ကျွန်တော် ဒီရဲကားကို နေရာဖယ်ပေးပါ့မယ်။ အိမ်ဝင်လမ်းမအဆုံးမှာရပ်ပြီး အိမ်ထဲကို ကြွခဲ့ပါခင်ဗျား”



...ခါး၏ဘဘက်၌ရှိနေသော သတင်းထောက်များသည် သူ၏ ...မှုကို စောင့်ကြည့်နေကြပြီး ချက်ချင်းပင် လမ်းကို ...အလွှားကူးလာကြသည်၊ သူ ကားထဲမှ ထွက်လျှင်ထွက်ချင်း တစ်ယောက်က စကားပြောခွက်ကို သူ့ရှေ့တိုးလိုက်ပြီး....

“ဒေါက်တာ မိုင်းစ် ခင်ဗျာ၊ ကျွန်တော်တို့ကို မေးခွန်း ...ဦးငယ် မေးခွင့်ပြုပါခင်ဗျား”

...၏အဖြေကိုစောင့်နေတော့ပဲ သတင်းထောက်တစ်ယောက် ...စ်လက်စွာဖြင့်....

“ဒေါက်တာခင်ဗျာ......၊ လူကြီးမင်းဟာ ဟားဘတ်ဆေး ...ကျောင်းက နာမည်ကြီး ခွဲစိတ်ရောဂါကုဆရာဝန်ကြီးတစ်ယောက် ...ယ်၊ အဲဒရက်မိသားစုက လူကြီးမင်းကို ခေါ်ယူတာပါ ...”

...င်ဒန်က လေသံပြတ်ပြတ်ဖြင့်....

“ကျုပ်ကို ဘယ်သူမှ မခေါ်ဘူး”

...ဟု ပြောလိုက်သည်။

“ကျုပ်ဟာ မိတ်ဆွေတစ်ယောက်....၊ မစ္စက်အဲဒရက်အမေရဲ့ ...သူတစ်ယောက်ဖြစ်ခဲ့တယ်၊ ဒီကိုလာရတာဟာ ပုဂ္ဂိုလ်ရေး ...မှုအရ ဆက်သက်နဲ့လာခဲ့တာပဲ”

...ဖြတ်သွားဖို့ ကြိုးစားလိုက်သော်လည်း စကားပြောခွက်ကိုင် ...သည့် သတင်းထောက်က ပိတ်ထားသဖြင့် ရှေ့တိုး၍မရ ...

“မစ္စက်အဲဒရက်အမေရဲ့ မိတ်ဆွေ ဖြစ်တယ်လို့ လူကြီးမင်းက ...ပြောတယ်နော်၊ အဲဒါလေးတစ်ခုတော့ ကျွန်တော်တို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပြပေးပါ၊ နန့်စီဟာမွန်အဲဒရက်ဟာ လူကြီးမင်းရဲ့လူနာ ဖြစ်ခဲ့ပါသလား”

“အယ်တုန်းကမှ မဖြစ်ခဲ့ဘူး”

လင်ဒန်သည် သတင်းထောက်များကို ခပ်ကြမ်းကြမ်းလေး တွန်းသယ်ပြီး ကြက်လျှာအမိုးအောက်သို့ တိုးဝင်လိုက်သည်။ အိမ်ရှေ့ဝင်ပေါက်တံခါးမကြီးကို ရဲသားတယောက်က အဆင်သင့်ဖွင့်ပေးထားသည်။ သူက....

“အထဲ ကြွပါခင်ဗျာ”

ဆိုပြီး ညာဘက်အခန်းကို ညွှန်ပြလိုက်သည်။

နန့်စီအဲဒရက်သည် သူမ၏ခင်ပွန်းဟုယူဆရသည့် အရပ်ရှည်ရှည် ယောကျ်ားတယောက်အနားမှ မီးလင်းဖိုတွင် မတ်တပ်ရပ် နေသည်။

သူမကို လင်ဒန်အနေနှင့် ဘယ်လိုပဲဖြစ်ဖြစ် သိပေလိမ့်မည်။ နာထားပါပေါ၊ မျက်တောင်ကော့များကြားမှ တည့်တည့် မတ်မတ်စူးစိုက်ကြည့်တတ်သည့် နက်ပြာရောင်မျက်လုံးအစုံ၊ နှုတ်ခမ်းမှ ကြက်လျှာစွန်းကလေး၊ ဘေးတိုက်ကြည့်မျက်နှာပုံသဏ္ဍာန် သည် ရေးစီလာနှင့် တူလွန်းလှသောကြောင့်တည်း။

ရဲ့မှူး၏ မနှစ်သက်သောအမူအရာနှင့် ပြတင်းပေါက်နား ရပ် နေသော မျက်နှာထားတင်းတင်း လူတယောက်၏ စူးစမ်းသည့် အကြည့်တို့ကို ဂရုမစိုက်ပဲ နန့်စီထံ တိုက်ရိုက်လျှောက်သွားပြီး—

“ကျုပ် အလျှင်တုန်းကတည်းက လာဖို့သင့်တယ်” ဟု ပြော လိုက်သည်။



နန့်စီ၏မျက်လုံးများသည် ကြောင်တောင်တောင်ဖြင့် စူးစိုက် ကြည့်နေပြပေမယ့် သူ ဘာဆိုလိုသည်ကို နားလည်လိုက်သည်။

“အဲဒီမခသတုန်းက ဦး လာလိမ့်မယ်လို့ ကျွန်မ ထင်ခဲ့ပါ တယ်။ တကယ့်ကိုလာမှာပဲလို့လဲ ယူဆခဲ့ပါတယ်။ ဒါပေမယ့် ဦး မလာခဲ့ဘူး”

ဟု သူမက ပြန်ပြောသည်။

လင်ဒန်သည် နန့်စီ၏ ချောက်ချားမှုအားခြေနေများကို ဆင် ခြင်သုံးသပ်မိသည်။ မျက်စိသူငယ်အိမ်ကျယ်နေပုံ၊ ကိုယ်နှာ တောင့်တင်းနေပုံ၊ အသံတိုးပြီး လေပူလေ သမ်း အနိမ့်အမြင့်မရှိ သည့်အသံ တို့ကို ချိန်ဆသိုက်မိသည်။ သူက ‘ရေးဘက်’ သို့လှည့် ပြီး....

“ကျုပ် အထတ်နိုင်ဆုံးနည်းလမ်းများရှိခဲ့ယင် ကူညီဖို့ ခင်ဗျား ဆင့်ရှိပါတယ်”

‘ရေး’သည် လင်ဒန်ကို စေ့စေ့ငေးစပ် ကြည့်ရှုလေ့လာပြီး စိတ်ထဲမှာ သူ မြင်ရသောအချက်အား သဘောကျသလိုလို ရှိ သည်။

“ဒီလိုဆိုယင် ထရာဝန်တယောက်အနေနဲ့ အခု ဒီဂျမ့်မှူး ကြီးကို နန့်စီကိုရဲစခန်းခေါ်သွားယင် ဒုက္ခကြီးအကျယ်ရောက် သွားလိမ့်မယ်လို့ ပြောပေးပါလား”

နန့်စီသည် လင်ဒန်၏ မျက်နှာကို စေ့စေ့ ကြည့်နေလိုက် သည်။ သူမကိုကြည့်ရသည်မှာ တေ်ဝန်းကျင်နှင့် ဘယ်လိုမှမတော်

www.burmeseclassic.com

www.burmeseclassic.com



သက်သလိုပဲ၊ မိနစ်တိုင်း မိနစ်တိုင်းမှာ သူမသည် တဖြည်းဖြည်း တဖြည်းဖြည်းနှင့် ပင်ကိုအသိစိတ် ပျောက်သွားတော့မယောင် ယောင် ဖြစ်နေ၏။ ဒါပေမယ့် သည်ဆရာဝန်မိုင်းစ်မှာအကြောင်း တစုံတခုရှိနေသည်။

မေမေသည် သူ့ကိုအလွန်နှစ်သက်ခဲ့သည်။ မေမေ၏စာအရ တကယ့်ကိုစိတ်ချမ်းသာနေကြောင်း ပေါ်လွင်နေသည်။ သည်ဆရာဝန်၏နာမည်သည် မေမေ့စာတွေထဲမှာ ခဏခဏ 'ပါ' နေသည်။

မေမေက ကောလိပ်သို့ သူ့ဆီ အလည်လာစဉ်ကလည်း သည်ဒေါက်တာအကြောင်းနှင့် ပတ်သက်၍ သူမက မေးခဲ့သည်။ သည်ဒေါက်တာသည် မေမေ့အတွက် ဘယ်လောက်များအရေး ကြီးနေသလဲ။ အဲဒီတုန်းက ကာလ်လည်း အတူရှိနေသဖြင့် မေမေက ဒေါက်တာ့အကြောင်း သိပ်ပြောချင်ပုံမရ။ မေမေက ပြုံးပြုံးပြီး....

"သိပ်အရေးကြီးတာပေါ့ကွယ်၊ မေမေ နောက်တော့မှပြော ပြမယ်"

ဟု ပြောခဲ့သည်။

ဒါကို သူမ ကောင်းကောင်းကြီးမှတ်မိနေသည်။ သည်ဆရာ ဝန်ကို သိပ်တွေ့ချင်နေသည်။ မေမေကားမှောက်တုန်းက သည် ဆရာဝန်သည် တနည်းမဟုတ်နည်းနည်းဖြင့် သူမထံဖုန်းဆက်လိမ့် မည်ဟု သူမျှော်လင့်ခဲ့သည်။ သူမအနေနှင့် မေမေ့ကိုချစ်သည့် သူအယောက်နှင့် ထိုအချိန်က စကားပြောဖို့ဆန္ဒ တကယ်ပင်ရှိခဲ့ သည်။



"ဦး....မေမေ့ကို ချစ်ခဲ့တယ်မဟုတ်လား"

မေးခွန်းမေးနေသည်က သူမ၏အသံဖြစ်သည်။ သူမအနေနှင့် သည်မေးခွန်းကိုမေးချင်သလားဟုပင် သတိမထားမိလိုက်ပါ။

"ဟုတ်တယ်၊ သူ့ကိုသိပ်ချစ်ခဲ့တယ်။ မင်းကို ဒီအကြောင်း သူ ပြောခဲ့တယ်လို့ ကျုပ် မသိခဲ့ဘူး၊ မင်း ကျုပ်ကိုမကျေမနပ် ဖြစ်နေမှာပဲလို့ ထင်ခဲ့တယ်။ အဲဒီတုန်းက ကျုပ် မင်းကိုကူညီဖို့ ကြိုးစားသင့်ပါတယ်"

"အခု ကျွန်မကိုကူညီပါရှင်"

နန်းစီ၏ အင်မတန်အေးစက်နေသည့် လက်ကလေးများကို သူ အသာအယာ ဆုပ်နယ်လိုက်သည်။

"ကျုပ် ကြိုးစားပါ့မယ် ကလေးရယ်၊ ကျုပ်က ကတိပေးပါ တယ်"

နန်းစီသည် စိတ်တုံးတုံးချလိုက်ပုံရသည်။ သည်တော့'ရေး'က အသာပွေ့ဖက်လိုက်သည်။

လင်ဒန်က 'ရေး'၏မျက်နှာနေမျက်နှာထားကို သဘောကျမိ သည်။ အခုလိုအချိန်မှာ ပူပင်သောကစိတ်တွေနှင့် သူ့မျက်နှာ သည် ဖြူဖပ်ဖြူရော်ဖြစ်နေပေမယ့် ဣန္ဒြေကားမပျက်။ သူ့ ခေါင်းအပေါ်၌အကာအကွယ်ပေးသည့် ဟန်အမူအရာမျိုးရှိသည်။ သူ့စိတ်အခြေအနေကိုလည်း နိုင်နိုင်နင်းနင်း ထိန်းသိမ်းထားနိုင် ပုံရသည်။

လင်ဒန်က ဆိုဖာကုလားထိုင်အေားမှ စားပွဲလေးပေါ်၌ ထောင်ထားသည့် ဓာတ်ပုံလေးကို သတိပြုမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရေး'က ကဖလေးလေး ၂ ယောက်အား ပွေ့ချီထားသည့် ဓာတ်ပုံ။ ပျောက်ဆုံးနေသည့် ကလေး ၂ ယောက်။ သည်မိသားစုသည် အလွန်လှပချောမောသည့် မိသားစုပါကလား။

စီတီဝင်စားဖို့ အကောင်းဆုံးက သည်အခန်းထဲမှာ နန်စီ၏ ဓာတ်ပုံတပုံမှ မတွေ့ရပါ။ နန်စီသည် သူ့ကိုယ်သူ ဘယ်တော့မှ ဓာတ်ပုံအရိုက်မခံဟု ထင်ရသည်။

"နန်စီ၊ မင်း အနားယူဖို့ကောင်းတယ်"

'ရေး'က သူမကို ဆိုဖာပေါ်သို့ အသာလျှောချလိုက်ပြီး သူမ၏ ခြေထောက်ကလေးတွေကို မ တင်ပေးလိုက်သည်။ သူမကလည်း အသာအယာ နောက်သို့မှီလိုက်သည်။

လင်ဒန်က သူမ၏ မျက်လုံးများ 'ရေး'နှင့်ကလေးများ၏ ဓာတ်ပုံဆီ ရောက်သွားပြီး နာကျည်းသည့် အမူအရာနှင့် မှိတ်ပစ်လိုက်သည်ကို သူမြင်လိုက်သည်။ ကြက်သီးများထပြီး သူမ တကိုယ်လုံး တုန်လှုပ်သွားသည်။

"မီးလင်းဖိုထဲကမီးကို နည်းနည်းဆွလိုက်ယင် ကောင်းမှာပဲ"

'ရေး'ကို လင်ဒန်က ပြောလိုက်သည်။ အနီးရှိဘောင်းထဲမှ ခပ်ရှည်ရှည် ထင်းစတစကိုရွေးပြီး မီးငြိမ်းပြုနေသည့် မီးခဲပေါ် ပစ်တင်လိုက်သည်။ မီးတောက်ကလေးတွေ ထတောက်လာသည်။

'ရေး'က နန်စီကို ဂွမ်းကပ်လေးတခု ခြုံပေးလိုက်ပြီး....

"အင်း သိပ်ကို အေးနေတာပဲ"



ဟု ပြောလိုက်သည်။ 'ရေး'သည် နန်စီ၏ ပါးလေးနှစ်ဘက်ကို သူ့လက်နှစ်ဘက်ဖြင့် အသာ ကပ်ထားပေးလိုက်သည်။ မှိတ်ထားသော နန်စီ၏မျက်လုံးထဲမှ မျက်ရည်များ စီးထွက်လာပြီး သူ့လက်များကို စိုသွားစေသည်။

"ရေး....နန်စီအတွက် ရှေ့နေ အဖြစ် ကိုယ့်ကိုခွင့်ပြုပါလား"

ဂျိုနသန်၏အသံသည် မသိမသာ ပြောင်းလဲနေသည်။ သူ၏ အသံသည် ပိုင်နိုင်ပြတ်သားသံမျိုး ပါနေသည်။ အံ့သြစွာနှင့် သူ့ကိုစိုက်ကြည့်လိုက်သည့် အကြည့်ကို တုံ့ပြန်ယင်း....

"ကိုယ်ဟာ၊ ဒီနိုင်ငံမှာအရည်အချင်းပြည့်မီတဲ့ လူတယောက်ပါ"

"ဦးဒေပညာရှင်...."

နန်စီက လေသံခပ်နှင့် ပြောလိုက်သည်၊ သူမ၏မျက်စိထဲမှာ ထိုအချိန်က သွေးရောင်မရှိပဲ စိုးရိမ်ကြောက်လန့်မှုတွေ ပေါ်လွင်နေသည့် သူ့ရှေ့နေ၏ မျက်နှာကို ပြေးမြင်မိသည်။ သူက ထပ်ခါတလဲလဲ ပြောနေသည်။

"မင်း ငါ့ကို အမှန်အတိုင်းပြောရမယ်။ မင်းကို ကူညီနိုင်ဖို့ ငါ့ကိုယုံကြည်ပါ"

သူကသော်မှ သူမကို မယုံကြည်ခဲ့ပေ။

ဒါပေမယ့် ဂျိုနသန်က ဟိုလူနှင့်တော့ မတူပါ။ သူ၏ကိုယ်လုံးကိုယ်ပေါက် ကြီးမားပုံ၊ သူ့ကို စကားပြောသည့်အခါ ကြွေရွှပုံများကို သဘောကျခဲ့သည်။ သူမနှင့် စကားပြောသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါမှာလည်း ဂျိန်သန်သည် ကလေးများကို သိပ်ဂရုစိုက်သည်။ လိုဝါရီဈေးမှာတုန်းက မိုက်ကယ်လေး အစာဗူးတွေလုတ်တိုက်မိသဖြင့် ပြန်စီပေးရသောအခါ သူက ကူညီပြီးဝိုင်းစီပေးခဲ့သည်။ သူသည် သူမကို ခင်မင်သည်ဟု ယုံကြည်မိသည်။ သည်တော့ သူမက မျက်စိဖွင့်ပြီး........

"ခွင့်ပြုလိုက်ပါ......"

ဟု 'ရေး'ဘက်ကိုလှည့်ပြီး ပြောလိုက်သည်။

'ရေး'က ခေါင်းညိတ်ပြီး....

"ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ပါတယ်"

ဂျိန်သန်သည် လင်ဒန်ဘက်လှည့်ပြီး....

"ကဲ ဒေါက်တာ၊ ဒေါက်တာအနေနဲ့ဆေးဘက်ဆိုင်ရာအမြင်နဲ့ ဒီအချိန်မှာ မစ္စက်အဲဒရက်ကို ရဲစခန်းခေါ်ပြီး စစ်ဆေးမေးမြန်းဖို့ သင့် မသင့် ထင်မြင်ချက်ကို ကျွန်တော်သိချင်တယ်"

"ဒါဟာ လုံးဝမဖြစ်နိုင်ဘူး"

လင်ဒန်က ချက်ချင်းပြန်ဖြေလိုက်သည်။

"မေးမြန်းစစ်ဆေးချင်ယင် ဒီမှာပဲလုပ်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်"

"ဒါပေမယ့် ကျွန်မ မမှတ်မိဘူး"

နန်စီ၏အသံသည် နွမ်းနယ်နေပြီး သည်စကားလုံးများကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ပြောနေသည်ဟု ထင်ရသည်။



"ရှင်တို့က ကျွန်မကလေးတွေ ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်မ သိတယ်လို့ ပြောကြတယ်။ ဒါပေမယ့် ကျွန်မအဖို့နဲ့ မနက်က မီးဖိုခန်းထဲမှာ ဟိုသတင်းစာ မြင်လိုက်ပြီးတဲ့နောက်ပိုင်း ရေးက ကျွန်မကိုခေါ်တဲ့အသံ ကြားတဲ့အချိန်ကြားမှာ ဘာဖြစ်ခဲ့တယ် ဆိုတာ ကျွန်မ လုံးဝ မမှတ်မိပါဘူးရှင်"

သူမက လင်ဒန်ကို မော့ကြည့်၏။ သူမ၏ မျက်လုံးများကလည်း ရီဝေစွာ စိုက်ကြည့်နေသည်။

"ကျွန်မမှတ်မိလာအောင် ကူညီပါလားရှင်။ ဖြစ်နိုင်တဲ့နည်းလမ်းတော့ မရှိကြတော့ဘူးလား"

"မင်း ဘာကိုဆိုလိုတာလဲ"

လင်ဒန်က မေးလိုက်သည်။

"ကျွန်မ မသိတာ မမြင်တာတွေကို သိအောင်လုပ်နိုင်တဲ့နည်းလမ်း ရှင်တို့မှာ မရှိကြတော့ဘူးလား။ တကယ်လို့ ကလေးတွေကို နစ်နာအောင်လုပ်ခဲ့မိယင်လဲ အဲဒါကို ကျွန်မ သိချင်တယ်၊ အမှန်တရားဆိုတာ ဖုံးကွယ်လို့မရပါဘူးရှင်။ ရှင်တို့ပြောသလို ကလေးတွေ ဘယ်မှာရှိတယ်ဆိုတာ ကျွန်မသိတယ်လို့ဆိုယင် အဲဒီအားဖြင့် တမျိုးတဖုံ ကြိုးစားဖို့လိုတယ်။ နို့မို့ဆို ကျွန်မတို့ အချိန်ဖြုန်းတီးသလို ဖြစ်နေလိမ့်မယ်"

"နန်စီ၊ ကိုယ် မင်းကိုခွင့်ပြု...."

'ရေး'က နန်စီ၏မျက်နှာပေါ်မှ ကြေကွဲဝမ်းနည်းခြင်းကို မြင်လိုက်ရသဖြင့် စကားကို အဆုံးမသတ်ပဲ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ၊ ကချေမနက်က ဘာဖြစ်ခဲ့တယ်ဆိုတာတွေ နန်းစီသတိရအောင် ကူညီလုပ်ဆောင်ပေးဖို့ ဖြစ်နိုင်ပါမလား"

ဂျိုနသန်က မေးလိုက်သည်။

"ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ သူဟာ ဒီအချိန်မှာ သတိလစ်ပြီး မေ့တတ်တဲ့ရောဂါ ခံစားနေရတယ်။ ကြီးကျယ်တဲ့ပျက်စီးဆုံးရှုံးမှုတွေကို ခံစားနေရတဲ့အချိန်မှာ ဒီလိုဖြစ်တာဟာ မဆန်းလှပါဘူး။ ဆေးပညာအခေါ်အရ ဒါကို အကြောက်လွန်ခြင်းလို့ ခေါ်ပါတယ်။ ဆိုဒီယမ်အမီတယ်ဆေးတလုံး ထိုးပေးလိုက်ရင် စိတ်ငြိမ်သွားပြီး ဘာဖြစ်ခဲ့တယ်ဆိုတာ ကျုပ်တို့ကို ပြောပြနိုင်ကောင်း ပြောပြနိုင်မှာပါ။ သူသိသလောက် အမှန်တွေကို ပြောပြနိုင်မှာပါ"

"စိတ်ငြိမ်ဆေး ထိုးထားတဲ့အချိန်မှာ ရတဲ့ အဖြေတွေဟာ တရားရုံးမှာ သက်သေခံမဝင်နိုင်ဘူး"

ရဲမှူးက ဖြတ်ပြောလိုက်သည်။

"မစ္စတာအဲဒွက်ကို ခုပုံအတိုင်း မေးခွန်း မေးခွင့်မပြုနိုင်ဘူး"

"ကျွန်မ မှတ်ဉာဏ် သိပ်ကောင်းပါတယ်"

နန်းစီက တိုးတိုးလေး ပြောလိုက်သည်။

"ထက္ကသိုလ်မှာတုန်းက ကျွန်မတို့နှုတ်ဉတ်ပြုလုပ်ခဲ့တယ်ဆိုတာတွေကို ပြန်စဉ်းစားပြီး ပြောရတဲ့ ပြိုင်ပွဲတခု လုပ်ခဲ့ဖူးတယ်။ နောက်ကြောင်းပြန်တရက်ကနေတရက်ပြီးတရက် ဆက်ပြောပြီး နောက်ဆုံး မမှတ်မိတော့တဲ့အထိ ပြောရပါတယ်။ ကျွန်မက ဒီပြိုင်ပွဲမှာ အနိုင်ရလိုက်လို့ အဆောင်မှာတောင် ရယ်စရာလုပ်ပြီး ပြောခဲ့ရသေးတယ်။ ဖြစ်ပျက်မှုတွေကလဲ သိပ်ကိုထင်ရှား...."



တယ်လီဖုန်းခေါ်သံက သည်အခန်းထဲမှာ သေနတ်ပစ်သံကို ကြားရသလို အားလုံး လန့်သွားကြသည်။

နန်းစီသည် တွန့်သွားသည်။ 'ရေး'က သူမ၏လက်ကလေးကို အသာလေး ကိုင်ထားလိုက်သည်။

တာဝန်ကျရဲသားက တယ်လီဖုန်း ကောက်ကိုင်လိုက်သည်ကို အားလုံးက ငြိမ်သက်စွာ စောင့်ကြည့်နေကြသည်။

"အဝေးပြောဖုန်းလာနေပါတယ် ဆရာ"

"ဖုန်းဆက်တာ ကျွန်တော်ခေါ်ထားတဲ့သူ ဖြစ်မှာပဲ"

ရဲမှူးက နန်းစီနှင့် 'ရေး'တို့ကို ပြောလိုက်သည်။

"မစ္စတာနိုးလ် ကျွန်တော်နဲ့ဆက်ပြောလိုက်ခဲ့ပါ၊ 'ရေး'လဲလိုက်ခဲ့ပါ"

'ရေး'က နန်းစီကို....

"ကိုယ် အခုချက်ချင်းပြန်လာခဲ့မယ်"

ဟု ပြောပြီး လင်ဒန်၏မျက်နှာကို တချက် လှည့်ကြည့်ကာ နောက်သို့လိုက်သွားသည်။

"တယ်လီဖုန်းခေါ်သံကြားတိုင်း ကျွန်မက သူတို့ ကလေးတွေ့ပြီလို့ အကြောင်းကြားတာပဲထင်မိတယ်"

သူမ တိုးတိုးလေး ပြောလိုက်သည်။

"အလျှော့တခါလိုဖြစ်မှာပဲလို့ ကျွန်မထင်နေတယ်"

လင်ဒန်က....

"အဲဒါသိပ်အရေးကြီးပါတယ်၊ ခေါင်းအေးအေးထားပါ။ ဒါဟာ ဘယ်အချိန်ကစပြီး အကြောင်းအရာတွေကို မှတ်မိဖို့ အနှောင့်အယှက်ဖြစ်တယ်ဆိုတာ ကျုပ်ကို ပြောပြပါအုံး"

www.burmeseclassic.com

www.burmeseclassic.com



"ပီတာနဲ့လီဇာသေတုန်းကပဲ၊ ဒီအယင်ကာစ ဖြစ်ကာ ဖြစ်ချင်လဲဖြစ်မယ်။ ကာလ်နဲ့လက်ထပ်တုန်းကဟာတွေကို မှတ်မိပြီး ခဲ့ယဉ်းလှပါတယ်ရှင်"

"ဒါဟာ မင်းအနေနဲ့ ကလေးတွေနဲ့ ဆက်နွယ်ပြီး သူတို့အကြောင်းကိုစဉ်းစားရာမှာ အင်မတန်နာကျည်းလို့ ဖြစ်ချင်ဖြစ်မှာပါ"

"မေမေသေပြီးနောက် အဲဒီ ၅ နှစ်အတွင်းမှာ ကျွန်မဟာ အလွန်အလွန်မင်ပန်းချိနည်းနေပါတယ်ရှင်၊ အမြဲတမ်းလိုပဲပင်ပန်းနွမ်းနယ်နေပါတယ်။ ကာလ်ကလဲ သိပ်ကိုစိတ်ရှည်တာပဲ၊ ကျွန်မအတွက် သူ အားလုံးလုပ်ကိုင်ပေးပါတယ်။ ကလေးတွေ ငယ်ငယ်ကလေးကတည်းက ကာလ်ဟာ ကလေးတွေနဲ့ ညည အိပ်ရာကထတယ်။ ကျွန်မအနေနဲ့ လုပ်ကိုင်ရာမှာ အရာရာတိုင်းဟာ တပင်တပန်းဖြစ်ခဲ့ရပါတယ်။ ကလေးတွေ ပျောက်သွားပြီးတဲ့နောက် ကျွန်မ မမှတ်မိတော့ပါဘူး။ အခုလိုပဲ ကျွန်မ စဉ်းစားလို့မရတော့ပါဘူးရှင်"

သူမ၏အသံသည် နည်းနည်းပိုကျယ်လာသည်။

'ရေး' အခန်းထဲ ပြန်ဝင်လာသည်။ တခုခုတော့ဖြစ်လာပြီ။ 'ရေး' ၏ပါးစပ် နည်းနည်းတင်းလာပုံကို ထောက်ကြည့်ခြင်းအားဖြင့် လင်ဒန်က မှန်းဆ၍ရသည်။ 'ရေး'၏လက်တွေကလည်း အနည်းငယ်တုန်နေသည်။ သူ၏စိတ်ထဲမှ ဘုရားရေ၊ သတင်းဆိုးမဖြစ်ပါစေနဲ့ ဟု ဆုတောင်းမိသည်။



"ဒေါက်တာ၊ ဂျိုနသန်နဲ့ နည်းနည်း သွားဆွေးနွေးလိုက်ဖို့ ကျွန်တော် တိုက်တွန်းပါတယ်" ဟု 'ရေး'က အသံတည်ငြိမ်အောင် အားပြုထိန်းသိမ်းယင်းပြောလိုက်သည်။

"အေး...ကျုပ်သွားလိုက်မယ်" ဟုပြောပြီး လင်ဒန်သည် အခန်းစားခန်းဘက်သို့ ခပ်သုတ်သုတ်ထွက်သွားလေသည်။ သူ့စိတ်ထဲမှာမူ ဖုန်းခေါ်သံသည် 'ရေး'ကို အနှောင့်အယှက် ဖြစ်စေမှာပဲဟု ထင်လိုက်သည်။

သူ ထမင်းစားခန်းထဲရောက်သည့်အခါ ရဲမှူးသည် တယ်လီဖုန်းနှင့် စကားပြောနေဆဲ၊ စခန်းမှာ တာဝန်ကျ ရဲသားအယောက်ကို အမိန့်ပေးနေသည်။

"စာတိုက်ကိုအမြန်ဆုံးသွား၊ နောက်တိုဘာ ၃၀ ရက်နေ့က တာဝန်ကျစာရေးတွေ အကုန်လုံးကိုခေါ်ထား။ သတင်းစာ ထိုက်ကနေပြီး ဂျေ၊ အာ၊ ပင်ရီ့စ်နာမည်နဲ့ပို့တဲ့စာကို လာအပ်သွားသူကို မမှတ်မိချင်း စစ်ဆေးတာကို မရပ်နဲ့။ လာရှေးတဲ့ ဆုံသန်းသဏ္ဌာန်ကို ငါ အတိအကျသိချင်တယ်၊ အမြန်ဆုံးလိုချင်တယ်"

စကားပြောခွက်ကို ခပ်နာနာလေး ဆောင့်ချလိုက်သည်။

ဂျိုနသန်၏မျက်နှာမှာလည်း တင်းမာမှု၊ အသစ်တွေနှင့် ဖြစ်နေသည်။ ပြီးတော့ ဂျိုနသန်က....

"ဒေါက်တာ၊ နန့်စီရဲ့သတိမေ့ခြင်းကို ကျွန်တော်ဖောက်ထွက်ကြိုးစားဖို့အချိန်ဖြုန်းနေလို့မဖြစ်တော့ဘူး၊ ကျွန်တော်မှာ

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ရေးဖို့ နန်စီအမှုကိုစွန့်ပတ်သက်ပြီး ဖိုင်အပြည့်အစုံ၊ မှတ်တမ်းအပြည့်အစုံရှိပါတယ်။ ကနေ့သတင်းစာမှာပါတဲ့ ဆောင်းပါးနဲ့ ဒီမှတ်တမ်းကြီးကို အချိန် ၃ နာရီအကုန်ခံပြီး ဖတ်ရှုလေ့လာထားပါတယ်။ ဒီအမှုသဲမှာ ကျွန်တော့် အနေနဲ့ သိပ်အရေးကြီးတဲ့ ဖြစ်နိုင်စရာအကြောင်း တခုရှိတယ်လို့ ယူဆမိလို့ ဆန်ဖချန်စစ္စကိုက အစိုးရရှေ့နေဆီ ယူအချက်၊ ထင်မြင်ချက်ကို စပ်ဆေးရအောင် ရဲမှူးကြီးက ဖုန်းဆက်လိုက်တယ်။ ခုနက သူ့ဆီက ဖုန်းပြန်လာတယ်”

ဂျိန်သန်သည် သူ့အိတ်ထဲမှဆေးတံကိုထုတ်ပြီး မီးမညှိပါးစပ်မှာခဲ့ထိုက်ကာ....

“ဒေါက်တာ သိချင်မှာပဲ၊ ဒီလို ကလေးပျောက်ဆုံးမှုတွေမှာ အကယ်၍ မသမာမှုများပါခဲ့လို့ရှိယင် ရဲတွေက သတင်းအနကလေးတခုကို တမင်သက်သက် ထိမ်ချန်ထားတတ်တယ်။ ဘာကြောင့်လဲဆိုယင် ပျောက်ဆုံးမှုကို တိုင်းသိပြည်သိ ကြေငြာပြီးတဲ့အခါမှာ ပြန်လည်ရရှိသာမယ့် အဓိပ္ပာယ်မရှိတဲ့ သဘင်းအနတွေကို စိစစ်နိုင်ဖို့ အကူအညီရတတ်ပါတယ်”

ဂျိန်သန်က စကားကို ခပ်မြန်မြန်လေးဆက်ပြောသည်။

“လွန်ခဲ့တဲ့ ၇ နှစ်က ကလေးတွေ ပျောက်ဆုံးတဲ့သတင်းကို သတင်းစာမှာရေးတုန်းက ကလေးတွေဟာ ဆွယ်တာအင်္ကျီမှာ အဖြူရုပ်ကလေးပါတယ်လို့သာ ရေးခဲ့တာကို ကျွန်တော်သတိထားမိတယ်။ ဒီအရုပ်ကလေးတွေဟာ ဘယ်လိုအရုပ်တွေဖြစ်ကြောင်း ဘယ်သတင်းစာကမှ ဖော်ပြမထားကြဘူး။ ဒီတော့



ကျွန်တော်ယူဆတာက ဒီအရုပ်သတင်းကို တမင်သက်သက်ထိမ်ချန်ထားတယ်လို့ထင်တယ်”

ဂျိန်သန်သည် လင်ဒန်ကို စေ့စေ့ကြည့်ပြီး သူ၏အမူအရာမှာ သူ ပြောလိုသောအကြောင်းအရာများကို တကယ် အရေးကြီးသည့် အချက်ဖြစ်သည်ဟု သဘောပေါက်နားလည်စေချင်သော အမူအရာမျိုးဖြင့် ပြောလိုက်ခြင်းဖြစ်၏။

“ကနေ့မနက်သတင်းစာထဲမှာပါတဲ့ဆောင်းပါးထဲမှာ ဟာကလေးတွေ ပျောက်တုန်းက ဆွယ်တာအင်္ကျီကလေးပေါ်မှာ ရက်လေ့ဒီဇိုင်း အဖြူကလေး ပါတယ်လို့ ဆိုပြီး ကလေးတွေရဲ့ ကျောင်းကုန်းပေါ်လာတဲ့အခါမှာ လဲ ဒီဆွယ်တာလေးတွေ ထိုးလျက်သားလို့ အဆိုရှိတယ်။ ဒီဆွယ်တာလေးတွေကို နန်စီကိုယ်တိုင်ထိုးတာဖြစ်လို့ ဘာဒီဇိုင်းဖြစ်မယ်ဆိုတာနန်စီသာ အမှန်သိမှာပဲ၊ ဆန်ဖရန်စစ္စကိုမြို့က အမှုစုံစမ်းတဲ့လူတွေကလွဲပြီး ဒီဇိုင်းကို သိတဲ့လူဟာ တယောက်တည်းပဲရှိတယ်။ တကယ်လို့ နန်စီကို အပြစ်မရှိဘူးလို့ ကျွန်တော်တို့မယူဆယင် လွန်ခဲ့တဲ့ ၇ နှစ်က ဟာမွန်ကလေးတွေကိုဖြန့်ပေးဆွဲသွားတာ ‘သူ’ ပဲ ဖြစ်မယ်။ လွန်ခဲ့တဲ့ လကာ ကနေ့သတင်းစာမှာပါတဲ့ဆောင်းပါးကိုရေးတဲ့သူဟာ အဲဒီ ‘သူ’ ပဲ ဖြစ်မှာပဲ”

လင်ဒန်က....

“ခင်ဗျားဆိုလိုတာက....”

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဆိုလိုတာက နန့်စီရှဲ့ရှ နေလဲဖြစ်၊ မိတ်ဆွေ
အဖြစ်နဲ့ပြောရယင် တကယ်လို့ ဒေါက်တာဟာ နန့်စီရဲ့သတိ
ရောဂါကို ထိုးဖောက်နိုင်မယ်ဆိုယင် အမြန်ဆုံးဆောင်ရွက်ပ
ေရး ကိုလဲ ဒီကိစ္စနဲ့ပတ်သက်လို့ လုပ်ကိုင်ဆောင်ရွက်ဖို့ ကျွန်တော
ခွင့်တောင်းပြီးပြီ။ တကယ်လို့အပ်တာကတော့ နန့်စီ ဘာမှ
သိလိုက်သလဲဆိုတာပါပဲ၊ ဒါကိုမလုပ်နိုင်ယင်တော့ ကျွန်တော
တို့ဟာ ကလေးတွေကိုအကူအညီပေးဖို့ နောက်ကျသွားပါလိ
မယ်"

BURMESE CLASSIC .com

လင်ဒန်က........

"ကျွန်တော် ဆေးဆိုင်က ဆေးဘာခုခုမှာဖို့ ဖုန်းဆက်ခွင့်ပြု
ပါ"

ဟု ခွင့်တောင်းလိုက်သည်။

"ကျွန်တော် ဖုန်းလှည့်ပေးမယ်၊ ဒေါက်တာ လိုတာမှာပါ
ပစ္စည်းကို ရဲသားတယောက်လွှတ်ပြီး သွားယူခိုင်းလိုက်ပါ့မယ်"

လင်ဒန်သည် သူ အလိုရှိသော ဆေးနှင့်ညွှန်ကြားချက်များကို
ကုန်တိုက်သို့မှာ ပြီး မီးဖိုခန်းထဲမှရေတခွက် သွားခပ်သည်။

သူ့ စိတ်ထဲမှာ 'အလဟဿဖြစ်ကုန်ပြီ၊ အလဟဿဖြစ်ကုန်ပြီ'
ဟု၍ ရေရွတ်လိုက်သည်။

သည်ကြေကွဲစရာဇာတ်သိမ်းကြီးသည် ပရက်စီလာ၏ ကား
မှောက်မှုမှ အစပြုခဲ့၏။

အကြောင်းနှင့်အကျိုး....။

အကယ်၍ ပရက်စီလာသာ မကွယ်လွန်ခဲ့လျှင် နန့်စီ အား
ဆည်မျှော်ယောင်ယောင်ရှယ်ရှယ်ဖြင့် အိမ်ထောင်မပြုဖို့ သူမနားချနိုင်မည်



အနှံ့ပင်။ ဟာမွန်ကလေးတွေကိုသည်း သူ တွေးဖြစ်မည်
ချေ။

သည်အဓိပ္ပာယ်မရှိသော စိတ်ကူးယဉ်မှုမှာ သူ့ကိုယ်သူ ပြန်
လာမိသည်။

မီးဖိုခန်းထဲမှာလည်း လက်ဗွေပုံစံများရှာဖွေထား၍ ပေါင်
များ စာ ပွဲပေါ်မှာ၊ လက်ဆေးကန်ပေါ်မှာ၊ မီးဖိုပေါ်မှာ
နေရသည်။ ဖိတ်ထားသည့်ကော်ဖီတွေကိုလည်း သုတ်မည့်သူ
သေးပါ။

သူ ထမင်းစားခန်းထဲသို့ ပြန်ရောက်သည့်အခါ....

"ဂျိုနသန်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော့်မှာ ရှိရင်းစွဲ
ဘာတွေထက် ပိုးသုံးထားတာ သတိပြုမိပါလိမ့်မယ်။ နန့်စီကို
များတို့ မေးခွန်းမေးတဲ့အခါ ကျွန်တော် အသံဖမ်းစက်တလုံး
ထားမှာချထားမယ်။ တကယ်လို့ သူ စိတ်ငြိမ်ဆေးအာနိသင်ထား
ကာလအတွင်း ဖြောင့်ဆိုချက်တခုခု ဝန်ခံခဲ့ယင် ကျွန်တော့်
နဲ့ ဒီဖြောင့်ဆိုချက်ကို ရုံးတော်မှာ အသုံးပြုခွင့်မရှိပေမယ့်
မန်စစ်ဆေးမေးမြန်းတဲ့အခါမှာတော့ ကျွန်တော် ဘယ်လို
ခွန်းမျိုးမေးရမယ်ဆိုတာ ကြိုတင်သိပြီးသား ဖြစ်နေလိမ့်မယ်
"

"သူ ဘာကိုမှ ဖြောင့်ဆိုမှာ မဟုတ်ဘူး"

ဂျိုနသန်က စိတ်မရှည်သံစွာဖြင့် ပြောလိုက်၏။

"သူ့မှာ အပြစ်မရှိဘူးလို့ ကျွန်တော်တို့ လုံးဝယုံကြည်ခဲ့ပြီ
ဆင် မိုက်ကယ်နဲ့မစ်စီတို့ ပျောက်ဆုံးတဲ့ကိစ္စမှာရော၊ ဟာမွန်
ကလေးတွေအသတ်ခံရတဲ့ကိစ္စမှာပါ ဟာမွန်ကလေးတွေကိုသတိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူသတ်သမားဟာ ဒီခန့် သတင်းစာပါ ဆောင်းပါးကို ... တယ်၊ ဟိုင်ယာနစ်ကစာတိုက်ကို အသုံးပြုတယ်ဆိုတော့ ... တော်တို့အနေနဲ့ ယူဆနိုင်တာကတော့ ဒီလူဟာ ဒီမြို့ကို အ... ဘော်တော်ကြာကြာကတည်းက ရောက်နေရမှာပဲ”

“ဒီတော့ ခင်ဗျားက အခုအဲဒီရက်ကလေးတွေကို ကနေ့မနက် ... သူပဲ ပြန်ပေးဆွဲသွားတယ်လို့ ဆိုချင်တာပဲမဟုတ်လား”

ရဲမှူးက ဂျိုနသန်၏စကားကို အဆုံးသတ်ပေးလိုက်သည်...

ဂျိုနသန်က သူ၏ဆေးတံကိုမီးညှိပြီး တအားဖွာရှိုက်ကာ...

“ဟုတ်တယ်”

ဟု ဖြေလိုက်သည်။

သူ၏အသံသည် ခပ်တင်းတင်း ခပ်မာမာနှင့်ဖြစ်လိုက်သဖြ... သူ့ဆိုလိုချက်ကို လင်ဒန် နားလည်လိုက်သည်။

ဟာမွန်ကလေးတွေကို သတ်သည့် လူသတ်သမားသည် မိုး... ကယ်နှင့် မစ်စီတို့ကို ခေါ်သွားခြင်းမှန်လျှင် ဒီအချိန်၌ ကလေး... တွေ သေကုန်လောက်ပြီဟု ဆိုလိုခြင်းပင် ဖြစ်၏။

ရဲမှူးက....

“အကယ်၍ မစ္စက်အဲဒရက်ကို မသင်္ကာသူတယောက်အဖြ... ကနေဖယ်လိုက်ယင် ဟာမွန်အမှုစစ်တုန်းက လူသတ်မှုကို အနည်း... ငယ်သိပြီး သက်သေအဖြစ် ရုံးမလာတဲ့လူတယောက်ယောက်က ဒီသတင်းစာဆောင်းပါးကိုရေးပြီး အခု အဲဒီရက်ကလေးတွေကို ပြန်ပေးဆွဲသွားတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒုတိယဖြစ်နိုင်တာ... ကတော့ ဒီအမှုနှစ်ခုဟာ ဆက်စပ်မှုမရှိပဲ လူတယောက်ယောက် ဟာ ဒီသတင်းစာဆောင်းပါးကိုဖတ်ပြီး နန့်စီဟာဖြင့် ဒီကလေး...



...နဲ့ မထိုက်တန်ဘူးလို့ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မိခင် ...ယောက်က ခေါ်သွားတာလဲ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒီလို ...နောက်မှန်တဲ့ လူတွေကို အများကြီး ကျွန်တော်တွေ့ဖူး ...တယ်”

ဂျိုနသန်က လေသံဆတ်ဆတ်နှင့်....

“ရဲမှူးကြီး....၊ ကျွန်တော်ဆိုလိုချင်တာက ဒီအမှုနဲ့ တခြား ...ယ်သူတွေပတ်သက်ပတ်သက် သိသာထင်ရှားတဲ့ အချက် ...ရှိ ...ဘာရှိတယ်၊ လွန်ခဲ့တဲ့ ၇ နှစ်တုန်းက ကလေးတွေပျောက်သွား ...ကိစ္စမှာ နန့်စီဟာ သူ့ပြောတာထက်ပိုသိမယ်ဆိုတာ ကျွန်တော် ...ကြည့်တယ်”

လင်ဒန်က မျက်ခုံးကို ပင့်တင်လိုက်သည်။ ရဲမှူးကတော့ မျက်မှောင်ကြုတ်လိုက်သည်။ သည်အမှုအရာများကို မြင်ပြီး ဂျိုနသန်သည် စားပွဲခုံကို လက်ဝါးနှင့်ပုတ်လိုက်သည်။

“ဒီကောင်မလေး အပြစ်ရှိတယ်လို့ ကျွန်တော် မသိဘူး၊ ကျွန်တော်ဆိုလိုတာက သူဟာ သူပြောခဲ့တာထက် ပိုသိတာ ရှိလိမ့်မယ်၊ သူ သိတယ်လို့ သတိမမူမိတာလဲ ရှိချင်ရှိမယ်၊ သက်သေအဖြစ်အစစ်ခံတုန်းက မှတ်ပုံတွေကို ကြည့်ပါလား၊ သူ့ရဲ့မျက်နှာအမူအရာဟာ သေနေတယ်၊ သက်သေထွက်ချက် တွေကို ဖတ်ကြည့်၊ သူ့ရဲ့ရှေ့နေဟာ တခြားကျင့်ထုံးနည်း မညီညွတ်တဲ့အကြောင်းနဲ့ အမှုကလွတ်အောင်လုပ်နိုင်ပေမဲ့လို့ အစိုးရရှေ့နေရဲ့ ပစ်ကွင်းမှာတော့ လည်စင်းခံခဲ့ရတယ်ဆိုတာ တွေ့ရပါလိမ့်မယ်၊ အဲဒီတုန်းက အခြေအနေရုပ်ရုပ်ဟာ.

www.burmeseclassic.com

www.burmeseclassic.com



မကောင်းလှဘူး၊ ဒါကို ခင်ဗျားတို့ ဒီပုံစံအတိုင်း ဒီမှာ လာပြီး ဖန်တီးနေကြတယ်"

ရဲမှူးက အမှန်တကယ် စိတ်မရှည်သည့်အမူအရာဖြင့်....

"ကျွန်တော်က ခင်ဗျားထင်မြင်သလို မဟုတ်တဲ့အကြောင်း တမင်ရှောင်တိမ်းနေတာပေါ့၊ ဒီလိုလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ၊ ကျွန်တော့်တာဝန်ကတော့ ကလေးတွေ အသေသရရ အရှင်ရရ ရှာတွေ့ဖို့ပဲ၊ သူတို့ကိုခေါ်သွားတဲ့သူကို ရှာဖို့ပဲ၊ တချိန်တည်းမှာ ခင်ဗျားက ဒီမိန်းကလေးဟာ စစ်ဆေးခမ်းမြန်းဖို့ ခံနိုင်ရည်မရှိဘူးလို့ဆိုခဲ့တယ်၊ နောက်တခါမှာ သူဟာ သူပြောတာဆက်ပြီ သိတယ်လို့ ခင်ဗျား ပြောခဲ့တယ်၊ ဒီမှာ ဂျိုနသန်၊ သံသယရှိတဲ့ ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်ပြီး ခင်ဗျားက ဝါသနာအလျောက် စာအုပ်တအုပ်ရေးနေတယ်လို့ ခင်ဗျားပြောတယ်၊ ကျွန်တော့်အနေနဲ့ ဒီကိစ္စတွေဟာ ဝါသနာအလျောက်လုပ်ရမယ့်ကိစ္စတွေ မဟုတ်ဘူး၊ ကျွန်တော်ဟာ ခင်ဗျား ဉာဏ်နဲ့ စမ်းသိုးဖို့ အကူအညီပေးနေတာမဟုတ်ဘူး"

"ခဏနေပါဦး...."

ဟု လင်ဒန်က ရဲမှူး၏လက်မောင်းကို အသာဆွဲဆိုင်းထားလိုက်သည်။

"ဂျိုနသန်၊ နန်စီရဲ့ ပထမအိမ်ထောင်ရဲ့ကလေးတွေ သေတဲ့ကိစ္စနဲ့ပတ်သက်ပြီး နန်စီရဲ့အသိဟာ အခု ဒီကလေးတွေ ပြန်ရှာတွေ့မယ်လို့၊ အကူအညီဖြစ်မယ်လို့ ခင်ဗျားယုံကြည်တယ် မဟုတ်လား..."

BURMESE CLASSIC .com



"ဒါ အမှန်ပဲဗျို့၊ ဒါပေမယ့် ပြဿနာက ဒီအသိကို သူ့ရဲ့စိတ်ထဲကထုတ်ယူဖို့ တအားရိုက်နှက်ယူလို့တော့မရဘူး၊ စိတ်ပညာအတတ်ပညာမှာ ဆိုဒီယမ်အမိုဘယ်ဆေးအသုံးပြုနည်းကို ကျွမ်းကျင်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ကနေ့မနက်ဖြစ်ရပ်မှာ နန်စီက သူသိသလောက်ကို ဖော်ထုတ်ပေးနိုင်တဲ့အပြင် အတိတ်က သူကိုယ်တိုင်ထင်တဲ့ အကြောင်းအရာများကို ဖော်ထုတ်နိုင်မယ်လို့ ယုံကြည်တယ်မဟုတ်လား"

"ဒါ ဖြစ်နိုင်တယ်"

"မိုက်ကယ်နဲ့ မစ်စီတို့ ဘယ်မှာရှိကြတယ်ဆိုတာ သူ ထိတိကျကျပြောနိုင်ဘူးဆိုရင် ဒီနည်းကို အသုံးပြုဖို့ ကျွန်တော် အကြံပေးပါတယ်"

နောက်တနာရီခန့်အကြာတွင် ဒေါ်ရော်သီ မီးဖိုခန်းထဲ ပြန်လာရာ၌ မီးဖိုခန်းထဲမှာ တယ်လီဖုန်းတာဝန်ယူသူမှလွဲ၍ ကျန်သူများရှိကြချေ။ သူမကို ရဲသားလေးက သူတို့အားလုံး ဧည့်ခန်းထဲမှာ ထူးထူးဆန်းဆန်းတွေ လုပ်နေကြသည်ဟု သာ ပြောသည်။

ဒေါ်ရော်သီသည် သွက်သွက်လေးပြေးသွားပြီး အခန်းပေါက်တော့ တံခါးကနဲ့ရပ်လိုက်သည်။ သူချင်စိတ်ရှိကာ မြင်ကွင်းကိုကြည့်ပြီး နှုတ်ဆက်မည့်စကားများ ပါးစပ်ဖျားမှာ အင်တွင်းပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းစီသည် တန်းလျားပေါ်မှာ လှဲအိပ်နေသည်။ သူ
ခေါင်းလေးလည်းခြုံပေးထားသည်။ ဆရာဝန်နှင့်တူသည့် လူ
တယောက်က အနားမှာထိုင်ပြီး စကားများ တိုးတိုးလေးပြော
နေသည်။

နန်းစီ၏မျက်လုံးများမှိတ်ထားသည်။ သောကရောက်နေသည့်
မျက်နှာထားဖြင့် 'ရေး'၊ မျက်နှာထားတင်းနေသည့် ဂျိနသ
တို့က အနားမှာ ထိုင်နေကြသည်။ ရဲမှူးကြီးသာလျှင် ခုံတန်း
လျားအနောက်မှာ ထိုင်နေပြီး လက်ထဲတွင် စကားပြောခွက်
တခုကို ကိုင်ထားသည်။

ဒေါ်ရော်သီသည် ဘာလုပ်နေသည်ကိုသတိပြုမိ၍ အခန်း
ကုလားထိုင်တလုံးပေါ်ကို အသာလေးဝင်ထိုင်လိုက်သည်။ ထော
စက်နေသော သူမသက်များကို ကုတ်အင်္ကျီအိတ်ကြီးထဲသို့ ထိုး
လိုက်သည်။ သူမ၏ညာဘက်လက်သည် အိတ်ထဲမှ ပွဲခယော
ယောင်း သိုးမွေးအလုံးလေးကို ကိုင်မိလိုက်သည်။

လင်ဒန်က တည်ငြိမ်သည့်အသံနှင့်.......

"မင်း ဘယ်လိုနေသေးလဲ နန်းစီ၊ မင်းနေရတာ သက်တော
သက်သာရှိရဲ့လား"

"ကျွန်မစိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ"

"ကလေးတွေ....ကလေးတွေ...."

"နန်းစီ၊ ကလေးမနက်အကြောင်း ပြောရအောင်၊ မင်း ညက
ကောင်းကောင်း အိပ်ပျော်ရဲ့လား၊ မင်း အိမ်ရာကနိုးတော့
အိပ်ရေးဝရဲ့လား"



နန်စီ၏အသံသည် စဉ်းစားသလိုလိုနှင့်.......

"ကျွန်မ အိပ်မကောင်းမကောင်းတယ်၊ အများကြီးအိပ်မက်မက်တယ်"

"ဘာအကြောင်းတွေများ အိပ်မက်တာလဲ"

"ပီတာနဲ့ လီဇာ....သူတို့လေးတွေလဲ သိပ်ကြီးနေတော့မှာပဲ၊
...သောဘာ ၇ နှစ်ရှိပြီ"

သူမသည် စပြီး ငိုရှိုက်လာသည်။ ဂျိနသန်သည် 'ရေး'ကို
...တင်းတင်းဆွဲထားလိုက်သည်၊ သူမက ငိုယင်းနှင့်....

"သူတို့ကို ဘယ်လိုလုပ်သတ်ပစ်နိုင်မှာလဲ....သူတို့ဟာ ကျွန်မ
...သေးတွေ...၊ ကျွန်မ ဘယ်လိုလုပ်သတ်နိုင်မှာလဲ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဂျွန်ခရာကိုပေါ့လော့စ်ကို ရုံးခန်းမှာမတွေ့ခင် ဒေါ်ရော်... သည် သူမ၏ နီနေသည့် မျက်လုံးများကို ပေါင်ဒါများနှ... အလှပြင်လိုက်သည်၊ သူမသည် ဟန်အိမ်ကြီးအား လိုက်ပြရမည်... ကိုပဲ စိတ်သက်သာရာသက်သာကြောင်း ထွက်ပေါက်တခုဟု သူ... အားသာသူမ ယုံကြည်မိသည်။ အလုပ်၌ ခဏတဖြုတ် အာရုံ... စိုက်ပြီး လုပ်လိုက်လျှင် ကလေးတွေ ဘယ်မှာရှိသည်ဆိုသည်... သဲလွန်စရှာရသည့်ကိုခဏမေ့ထားရှိရသည်၊ ဘာသဲလွန်စလဲ...

သာမန်အချိန်များမှာဆိုလျှင် အိမ်ကြည့်မည့်သူများကို အိမ်... မြို့မြိ ဗတ်ဝန်းကျင်ကို အလျင်ပြလေ့ရှိသည်။ ဥပမာ သဲသောင်...



...ရေကန်၊ ပင်လယ်ကော့ လမ်းမကြီးပေါ်မှာ ရှိနေသော ခန့်... ...သည့် ရှေးအိမ်ကြီးများ၊ မြို့၏အမှတ်အသားဖြစ်သည့် မော... ...ရေးရကန်၊ မျှော်စင်ကတက်ကြည့်ရသည့် ရှုခင်းများကို အလျင်... ...ပြလေ့ရှိသည်။

ဒါပေမယ့် သည်နေ့မိုးနှင်းတွေက ကားခေါင်မိုးနှင့် ပြတင်းပေါက်ကို တအားရိုက်ခတ်နေပြီး ကောင်းကင်မှာလည်း မိုးသားများနှင့် မြည်လှိမ်းနေကာ ပင်လယ်လေကလည်း ရိုးတွင်းခြင်ဆီအထိ အေးစက်နေလေတော့ သူမသည် အိမ်ကြီးဆီသို့သာ တိုက်ရိုက်သွားလိုက်လေတော့သည်။

သူမသည် အလုပ်ထဲ၌ အာရုံစူးစိုက်ဖို့ အလွန်ခဲယဉ်းနေသည်။ စိတ်ကလွင့်ပြီး တုန်လှုပ်နေသည်ဟု သူမ ခံစားရသည်။ နှစ်ပေါင်းအတော်ကြာကြာ မငိုခဲ့ရသော သူမသည် အံကြိတ်ပြီး မျက်ရည်များကိုထိန်းထားရ၏၊ သူမ၏ခေါင်းပေါ်မှာသူမဘာသာသူမ တာဝန်ယူထမ်းနိုင်မည်မထင်သော ကြောက်ခွဲဝမ်းနည်းမှုနှင့် ကြောက်ရွံ့မှု ဝန်ထုပ်ကြီးက ဖိထားသည်၊

မိုးနှင်းခဲနှင့် ချောနေသည့်လမ်းပေါ်မှာ ကားမောင်းသွားယင်း သူမဘေးမှာ ထိုင်လိုက်လာသော အသားရောင်ရင့်ရင့် အမျိုးသားကြီးကို တခါတခါ စောင်းငဲ့ကြည့်မိသည်။ ဂျွန်ခရာကိုပေါလော့စ်သည် အသက် ၄၀ ကျော်ခန့်ရှိမည်ထင်ရ၏။ ... ကိုယ်လုံးကိုယ်ပေါက်သည် အလေးမသာမာဘယောက် ...မျိုးဖြစ်သည်။ သို့သော် သူ့ဟန်ပန်အမူရာသည် သူ့... ဥာဏ်ကျေးစွာ စကားပြောသည့်ပုံစံနှင့် ဟပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သူတို့ဇနီးမောင်နှံ သည် နယူးယောက်မြို့မှ စားသောက်ဆိုင်ကို ရောင်းပစ်လိုက်ပြီး အမြဲအခြေချနိုင်မည့်နေရာတနေရာမှာ စားသောက်ဆိုင်ဖွင့်ဖို့ သဘောတူခဲ့ကြောင်း ဒေါ်ရော်သီက ပြောပြနေသည်။ သူတို့ မျှော်မှန်းထားသည့်နေရာသည် အငြိမ်းစား အနားယူသူများကို တွေ့နိုင်သည့် နေရာမျိုး၊ နောက်ပြီး နွေအခါမှာ အလည်အပတ်ခရီးသည် လာတတ်သည့် နေရာမျိုးကို လိုချင်သည်။

ဒေါ်ရော်သီက သည်အချက်အလက်များကို ဦးနှောက်ထဲမှာ ပြန်လည်စီစဉ်ပြီး....

"ကျွန်မအနေနဲ့ ဒီကိုဇ်မြို့ရဲ့ အခြားတဘက်မှာ အဲဒီလို စားသောက်ဆိုင်မျိုးဖွင့်ဖို့ မတိုက်တွန်းတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီဘက်မှာ စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေနဲ့ပြည့်ကျပ်နေလို့ နေစရာကောင်းတော့ဘူး။ ဒီဘက်ခြမ်းမှာတော့ သာသာယာယာ ရှုချင်စဖွယ်ရှိနေသေးတယ်။ ဒီမျှော်စင်အိမ်ကြီးဟာ စားသောက်ဆိုင်လုပ်ဖို့ရော၊ တည်းခိုခန်းလုပ်ဖို့ရော ဖြစ်နိုင်စရာ အများကြီးရှိပါတယ်။ ၁၉၃၀ ပတ်ဝန်းကျင်လောက်က ဒီအိမ်ကြီးကို တော်တော်လေး ပြင်ဆင်မွမ်းမံပြီး ဒီအရပ်က ကလပ်အဖြစ် ဖွင့်ခဲ့ဖူးတယ်။ အဲဒီခေတ် အဲဒီအချိန်ကာလတုန်းက ဒီကလပ်တွေကို အသင်းသားအဖြစ် ငွေကုန်ခံကြေးကျခံနိုင်တဲ့လူနည်းသေးတော့ ဒီကလပ်ကြီးဟာ မထွန်းကားခဲ့ပါဘူး။ နောက်ဆုံးတော့ မစ္စတာဟန့်ဟာ ဒီအိမ်ကြီးနဲ့အတူ ၉ ဧကရှိတဲ့ မြေရယ်၊ ပေတဆောင်လောက်ရှည်တဲ့ ကမ်းရိုးတန်းအပါအဝင်



...လိုက်တယ်။ ဒီကိတ်မြို့ပေါ်မှာတော့ ရှခင်းအကောင်း ...ဘနေ ဖြစ်ပါတယ်ရှင်........"

"...ဒီမျှော်စင်ကြီးဟာ မူလက သင်္ဘောမာလိန်မှူးရဲ့ အိမ် ဖြစ် ...တာကလား"

...ဒေရာကိုပေါ်လာစေသည့် သူကိုယ်တိုင်လည်း သည်အိမ် ...ကြောင်းနှင့်ပတ်သက်ပြီး စုံစမ်းထားသည့် လက္ခဏာပဲ။ ဤ ...မှာ တကယ့်ကို စိတ်ဝင်စားခြင်းဟု ဒေါ်ရော်သီ သတိ ...လိုက်မိသည်။

"...ဟုတ်ပါတယ်ရှင်။ ဒီအိမ်ကြီးကို ၁၆၉၀ ပတ်ဝန်းကျင် ...လောက်က ဝေသင်းဖမ်းတဲ့ သင်္ဘောမာလိန်မှူးက သူ့ဇနီး ...ကောင်းကို လက်ဆောင်ပေးဖို့ ဆောက်ခဲ့တဲ့အိမ် ဖြစ်ပါတယ်ရှင်။ ...နောက်ဆုံးပြင်ဆင်တာက လွန်ခဲ့တဲ့ အနှစ် ၄၀ လောက်ကပါ။ ...ပေါ်မှာ အထပ်နှစ်ထပ် ထပ်တင်ပြီး မူလခေါင်မိုးကို ပြန် ...ထားတယ်၊ အဲဒီခေါင်မိုးရဲ့ ခေါင်တိုင်နားမှာ နဂိုကရှိခဲ့တဲ့ ...ဘာလေးကို ပြန်တင်ထားတယ်။ အဲဒီ ဝရန်တာလေးကို ...မုဆိုးမမျှော်စင်လေး' လို့ ခေါ်ကြတယ်။ ဘာကြောင့်လဲဆိုတော့ ...မာလိန်မှူးများရဲ့ ဇနီးမယားတွေဟာ ခင်ပွန်းသည်တွေရဲ့ ...ခရီးကအပြန်ကို လည်ပင်းရှည်အောင်မျှော်ရတဲ့ နေရာ ...မို့ပါပဲ"

"ဒီပင်လယ်ဟာ တခါတလေ အန္တရာယ်ရှိနိုင်တယ်မဟုတ် ...။ ဒါနဲ့ မေးရဦးမယ်။ လှေဆိုက်ဖို့ ဆိပ်ကမ်းကော ရှိရဲ့ ...၊ တကယ်လို့ ကျွန်တော် ဒီနေရာကို ပြောင်းလာမယ် ရွက် ...ဘစင်းဝယ်ဖို့ စိတ်ကူးထားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်းတဲ့ ဆိပ်ကမ်းလေးတခု ရှိပါတယ်"

ဟု သူမက ပြန်ပြောလိုက်သည်။

"အမယ်လေးတော့...."

သူမ လန့်ပြီးအော်လိုက်သည်။ မျှော်စင်ကြီးကိုသွားသည့် လမ်းအကွေ့လေးကိုကွေ့လိုက်တော့ သူမ၏ကားသည် ဘီးချော် သွားသည်။ သူမက ကားဘီးများကို ဖြောင့်သွားအောင် ထိန်း လိုက်ပြီး ဘေးမှခရီးသည်ကို စိုးရိမ်တကြီးနှင့် လှည့်ကြည့်လိုက် သည်။ သူကတော့ ဘာမှမဖြစ်သလိုပဲ။ ဤသို့ ရေခဲဖုံးနေသည့် လမ်းပေါ်မှာ ကားမောင်းစဉ် သည့်သူမကို သတ္တိကောင်းလှ လားဟု ချီးမွမ်းလိုက်သည်။

သည့်စကားလုံးများသည် ခွဲစိတ်ဆရာဝန်တယောက်၏ ... သဖွယ် သူမ၏ခံစားနေရသော ဒုက္ခအတွင်းသို့ ထိုးဖောက်လိုက် သည်ဟု ထင်လိုက်ရသည်။

သည့်နေ့သည် အလွန်ကြောက်စရာကောင်းသည့်နေ့ ဖြစ် သည်၊ သည်လမ်းကျဉ်းကလေးမှာသာ ကားလမ်းချော်မသွား လျှင် ဘုရားမလို့ဖြစ်မှာပဲ။

သူမကိုယ်သူမ သည်အိမ်ကြီးပြန်ရသည့် အကြောင်းသို့ အာ ပြောင်းထားရသည်မှာလည်း ပျောက်ကွယ်သွားသည်။ ,

အကယ်၍ ရာသီဥတုသာ ကောင်းမည်ဆိုလျှင် ဗင်လယ်ကမ်း ... ၊ လမ်းတွေရှယ်၊ သစ်တောများထဲမှာ မင်စီနှင့် မိုက်က ... ရှာကြသည့်လူများဖြင့် ပြည့်နေမှာပဲ။ အခုလိုရာသီမှာ



တော့ သိင်ဇေသန်တဲ့လူများသာ အပြင်ထွက်ကြမှာ။ ခုတော့ သည့်လိုရှာဖွေခြင်းသည် အချည်းနှီးပဲဟု အများတကာက ထင် ကြသည်။

သူမက.......

"ကျွန်မ ကားမောင်းရတာတော့ အရေးမဟုတ်ပါဘူး။ ကျွန်မ စိတ်မကောင်းရတာက ကျွန်မတို့နဲ့အတူ မစ္စတာအဲဒရက် လိုက်မလာနိုင်တာပဲ ဖြစ်ပါတယ်ရှင်။ ဒါဖို့လဲ ရှင် သဘော ပေါက်ပါလိမ့်မယ်"

မစ္စတာခရာကိုပေါ်သောစ်က....

"ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါတယ် ခင်ဗျား၊ ငယ်ရွယ်တဲ့ အားသမီးတွေပျောက်ဆုံးသွားတဲ့မိဘများ ဟာ ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် ကိုယ်ချင်းစာပါ တယ်။ တခနုလိုရက်မျိုးမှာမှ ခင်ဗျားရဲ့အချိန်ကိုယူရတာ စိတ် မကောင်းပါဘူးဗျာ။ မိတ်ဆွေတယောက်အဖြစ် လုပ်ငန်းတူလုပ် သူတယောက်အဖြစ်နဲ့ ခင်ဗျားဟာ ပူပင်သောကရောက်မိမှာပဲ"

ယောက်ျားကြီးတယောက်၏အသံနှင့်အမူအရာထဲတွင်အခုလို ကရုဏာသက်ခြင်းမျိုးကို ပြန်မပြေမိဖို့ စိတ်ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် သူမက....

"ကျွန်မ ရှင့်ကို ဒီအိမ်အကြောင်း နောက်ထပ် ပြောပြပါ့ မယ်"

ဟု စကားလွှဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာစာကပြတင်းပေါက်အားလုံးဟာ ပင်လယ်ဘက်ကို လှည့်ထားပါတယ်။ မျက်နှာစာကတံခါးတွေကလဲ အင်မတန်လှပတဲ့မှန်သည်များပါရှိပါတယ်။ အဲဒါဟာ ဟိုခေတ်က အိမ်ကြီးအိမ်ကောင်းတွေမှာ အမြဲရှိတတ်တဲ့ပစ္စည်းမျိုးပဲ။ အောက်ထပ်အခန်းကြီးတွေမှာ အင်မတန်လှပတဲ့ ကျောက်မီးလင်းဖိုတွေ ရှိကြပါတယ်။ ဒီလိုနေ့တွေမှာဆိုယင် လူတွေဟာ နွေးနွေးထွေးထွေးနဲ့ရှိနေကြပြီး အစားကောင်း၊ အသောက်ကောင်းနဲ့ ညွှန်းတတ်တဲ့ စားသောက်ခန်းမှာသွားပြီး ပင်လယ်ကရိုက်ခတ်လာတဲ့ မိုးနှင်းမုန်တိုင်းကို စောင့်ကြည့်ရတာ သိပ်ကောင်းတာပေါ့ရှင်၊ ဟော....ရောက်လာပြီ"

ကွေ့လေးကိုကွေ့လိုက်လျှင် မျှော်စင်ကြီးသည် မြင်ကွင်းမှာ ထင်းထင်းပေါ်လာသည်။ ဒေါ်ရော်သီအမြင်မှာမူ ကျောက်ဆောင်အထက်၌ မားမားကြီးရပ်နေသည့် သည်အိမ်ကြီးသည် အေးစက်စက်ကြီးဟု ထင်ရသည်။

ရာသီဥတုရိုက်ခတ်သည့်ဒဏ်ကြောင့်ခေါင်မိုးမှ မြားတန်းများ မြုံမြုံရော်ရော်ဖြစ်နေကြသည်။ မိုးနှင်းက ပြတင်းပေါက်နှင့် ဆင်ဝင်ကို ရိုက်ခတ်နေသောကြောင့် လှေကားထစ်များခွက်နေပြီး တချို့နေရာများက ပြတင်းပေါက် တံခါးရွက်လေးတွေ ဆေးကွာနေသည်ကိုမြင်ရသည်။

မစ္စတာပဲရစ်၏ ကားဂိုဒေါင်တံခါးကို ဖွင့်လျှက်သား မြင် လိုက်ရ၍ သူမ အံ့ဩသွားသည်။ ဈေးဆိုင်ကအပြန် ပစ္စည်း များကို အခေါက်ခေါက် အခါခါသယ်ယူပြီး နောက်ဆုံး



အခေါက်သယ်အပြီးမှာ တံခါးပြန်ပိတ်ဖို့ မေ့သွားသည်နှင့် တူသည်။

ယင်းမှာ သူမတို့အတွက် အခွင့်အရေးကောင်းအခု ဖြစ်လာခဲ့သည်။

သူ၏ စခတရှင်ဝက်ဂွန် အေးတနေရာမှာ သူမ၏ကားကို တောက်လျှောက်မောင်းသွင်းခဲ့သည်။ ဘည့်ခနောက်မှ ဂိုဒေါင်၏ အံစိက်မြိတ်ကိုအကာအကွယ်ယူပြီးအိမ်ဘက်သို့ပြေးသွားဖို့ စိတ်ကူးလိုက်သည်။

"ကျွန်မမှာ နောက်ဖေးဘက်တံခါးသော့ ပါလာပါတယ်"

သူတို့တတွေ ကားခေါင်က ဆင်းပြီးနောက် မစ္စတာခရာကို ပေါ်သော့စ်ကို ပြောလိုက်သည်။

"ကျွန်မ ထီးမယူလာမိဘာ တောင်းပန်ပါတယ်ရှင်၊ ရှင် ရေ ဆိမ်မစိုလောက်ပါဘူးနော်"

"ကျွန်တော့်ကို အရေးမလုပ်ပါနဲ့"

သူက ရယ်ရယ်မောမောနှင့် ပြောလိုက်သည်။

"ကျွန်တော်က ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်ဗျာ။ ကျွန်တော့်ကို ကြည့်ပါသား"

သူမက မသိမသာပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီရှင်၊ အိမ်ကြီးဆီပြေးကြစို့"

သူတို့နှစ်ယောက်သည် ကားဂိုဒေါင်မှ ပေငါးဆယ်နှင့် ဝေးသည့် မီးဖိုတံခါးဆီသို့ နှံရံကိုကပ်ပြီး ပြေးသွားကြသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘောင်မှ မိုးနှင်းတွေက သူတို့မျက်နှာကိုရိုက်ခတ်ပြီး လေကလည်း သူတို့ကုတ်အင်္ကျီများကို ဆွဲထားသယောင်ရှိနေသည်။

နောက်ဖေးတံခါးအား သော့နှစ်ထပ် ခတ်ထားသည်ကိုတွေ့၍ ဒေါ်ရော်သီ စိတ်ကသိကအောင့် ဖြစ်သွားခဲ့သည်။

"ဒီ မစ္စဘာ့ပွဲရစ်ဆိုတဲ့လူဟာ တော်တော် သတိကြီးတာပဲ"

သူမသည် လက်မှေ့ အိတ်ထဲမှသော့ကို မွှေနှောက်ရှာဖွေပြီး သူတို့ ရောက်ပြီဆိုသည့်အကြောင်း မစ္စဘာ့ပဲရစ် သိစေအောင် ခေါင်းလောင်း ကြိုးကို သွက်သွက်လေး ဆွဲလိုက်သည်။

သူမက သော့ဖွင့်ပြီး အိမ်ထဲဝင်စဉ်တွင် အပေါ်ထပ်၌ ခေါင်းလောင်းသံကို ကြားလိုက်ရသည်။

အိမ်ဝယ်မည့်ဧည့်သည်အသည် လက်ကိုင်ပဝါဖြင့် အင်္ကျီနှင့် မျက်နှာပေါ်တင်နေသည့် မိုးနှင်းများကို သုတ်ပစ်လိုက်သည်။ သူ၏သမူအရာမှာ အနှောင့်အယှက်မဖြစ်သလို ရှိ၏။ သည်လူသည် စိတ်မတိုတတ်သည့် လူတယောက်ဟု ဒေါ်ရော်သီက ဆုံးဖြတ်လိုက်သည်။

သူမကသည်း အိမ်ကြီးကိုလိုက်ပြသည့်နေရာမှာ သိပ်ပြီးလျှော မရှည်မိဖို့၊ သိပ်ပြီးစိတ်မလှုပ်ရှားမိဖို့ သူမကိုယ်သူမ ဆုံးဖြတ်လိုက်သည်။ သူမ အနေနှင့် ယခုလိုအချိန်မှာ အိမ်ပြသည့်ကိစ္စကို ခပ်မြန်မြန် ခပ်သွန်းတွန်းကလေး လုပ်ချင်သည့်အနေ ဖြစ်ပေါ်နေသည်။

ဒါကြည့်ပါ။ ဒါသည်း ကြည့်ပါ။ ကဲ ပြီးရော....။ 'ရေး' နှင့် နန့်စီဘွိုဆီကို ပြန်သွားတော့မည်။ ဒီအချိန်လောက်ဆိုလျှင် ကလေးတွေရဲ့သတင်းတွေ ရနေမလား မသိဘူး။



သူသည် မီးဖိုခန်းအား စေ့စေ့စပ်စပ်သေချာ ကြည့်ရှုနေသည်ကို သူမ သတိပြုမိသည်၊ သည်အော့ သူကသည်း လက် ... ပဝါလေးကိုထုတ်ပြီး မျက်နှာမှမိုးနှင်းလေးကို တို့သုတ်နေ ... က်သည်။

ဒီတော့မှ သူမသည် ဆောင်းတွင်းဝတ် သက္ကလပ်ကုတ်အင်္ကျီ ... ဝတ်လာမိကြောင်း သတိရမိလာသည်။ သည်ကုတ်အင်္ကျီကို ... သည်နှင့် တွေ့စရာရှိသည်ဆိုပြီး မနက်က လဲထားခြင်းဖြစ် ... သည်။ သည်အင်္ကျီသည် သူမနှင့်အင်မတန်လိုက်ဖက်ပြီး ကြည့် ... ကောင်းသည်ဆိုသည်ကို သူမ သိသည်။

အင်္ကျီ၏အိတ်ထဲသို့ လက်နှိုက်မိလိုက်တော့မှ မိုးကာအင်္ကျီ ... ယူမလာမိသည်ကို သတိရမိတော့သည်။ သည့်လိုရာသီမှာ မိုး ... အင်္ကျီသည် အသင့်လျော်ဆုံးဖြစ်သည်။

နောက်တခုကလည်း ရှိသေးသည်။

ယနေ့ညနေမှာ ဂျိနုသန်ချား ရုံးခန်းကိုဝင်လာလျှင် သူ ... ပြုလေမလားဆိုပြီး တမင်ဝတ်ထားခဲ့သည့် အင်္ကျီဖြစ်သည်။ ... ဘာ့ကြောင့်ဆိုပါမူ ဂျိနုသန်ကဒီနေ့ကိုများညနေထမင်းစား ... လျှင် ဖိတ်လေမလားမသိဟု လွှန်ခဲ့သည့် နာရီအနည်းငယ် ... က်တုန်းက သည်အတွေးလေးကို စိတ်ကူး ယဉ်မိသော ... ကြောင့်ဖြစ်၏။

အခြေအနေများသည် အဘယ့်ကြောင့် ဒီလောက်မြန်မြန် ... ဆန်နှင့် ကြောက်စရာကောင်းလောက်အောင် ပြောင်းလဲ ... သွားသလဲ။

www.burmeseclassic.com

www.burmeseclassic.com



"မခွစ် ပရင်းတစ်"

"ဟုတ်ကဲ့၊ ကျွန်မ တောင်း တောင်းပန်ပါတယ်ရှင်၊ က
ကျွန်မ နည်းနည်း တခြားကိုစိတ်ရောက်နေလို့ပါ"

သူမပြောလိုက်ပုံအား သူကိုယ်တိုင်က ရှက်ကိုးရှက်
ဖြစ်သွားသည်ကို သတိထားမိလိုက်သည်။

"ရှင် မြင်တဲ့အတိုင်းပဲ၊ ဒီမီးဖိုခန်းဟာ ခေတ်မီအောင်ပြု
လိုပါလိမ့်မယ်၊ ဒါပေမယ့် အခန်းကကျယ်ပြီး နေရာ အ
အသိုအ ကောင်းပါတယ်၊ မီးဖိုကြီးက ကြီးနေလို့ လူများ
အတွက် လွယ်လွယ်ချက်ပြုတ်နိုင်ပါတယ်၊ ဒါပေမယ့် ရှင်က
ခေတ်မီလျှပ်စစ်မီးဖိုသုံးမှာပဲလို့ ကျွန်မ ထင်ပါတယ်ရှင်"

အိမ်၏ပတ်ပတ်လည်ကို လေသည် တဝီဝီမြည်အောင်
ခတ်နေသည်။ ယင်းအသံသည် ညည်းသံနှင့် ခပ်ဆင်ဆင်
သည်။

အိမ်အပေါ်ထပ် တနေရာရာမှ တံခါးပိတ်လိုက်သည့်အ
တသံ ကြားလိုက်ရသည်။ စက္ကန့်ပိုင်းမျှ အော်သံလေးလိုလို ကြ
လိုက်ရသည်။

စိတ်ကထင်တာ ဖြစ်မှာပါ။ ဒီနေ့ ဒီအိမ်ကြီးဟာ သူမ
ကယောင်ချောက်ချား ဖြစ်ခဲ့စသည်။ သည်မီးဖိုခန်းကလည်
ရေခဲတိုက်ထမျှ အေးနေသည်။

သူမက အိမ်ရှေ့ခန်းများဘက်သို့ ခပ်သွက်သွက် ဦးဆော
ထွက်သွားသည်။ အိမ်ရှေ့မျက်နှာစာမှ ရှုခင်းများကို မဇွတ
ခရုကိုပေါ်စ်လေ့ဇွစ်အား အရေးတကြီးပြဖို့ စိတ်ဆန္ဒစောနေ
သည်။



ကနေ့ ဆိုးရွားသည့်ရာသီဥတုသည် သူတို့ ကြည့်ရှုနေသည့်
မြင်ကွင်းကို ပို၍မှင်အုံ့ဩသွားစေရာ ဖြစ်နေသည်။ ဒေါသ ဖြစ်
နေသည့် လှိုင်းခေါင်းဖြူများသည် တက်လိုက်၊ ကျလိုက်၊
ကျောက် ဆောင်တွေ ကို ရိုက် လိုက်၊ ပြန် ဆင်း သွား လိုက် နှင့်
အောက်အဆုံး၏ အောက်ခံကျောက်ဆောင်ထုခြေအား ပုတ်
ရိုက်နှက်နေသည်ကို သူတို့စူးစိုက်ကြည့်နေမိကြသည်။

"ဒီရေအမြင့်ဆုံးဘက်တဲ့အခါမှာ ဒီကျောက်ဆောင်တွေ
ရေထဲမြုပ်သွားတယ်"

ဟု သူမက ပြောပြသည်။

"လေ့ဒီပ်ရဲ့ ဗယ်ဘက် မလှမ်းမကမ်းမှာ အင်မတန်လှတဲ့
သောင်ခုံကြီးရှိပါတယ်၊ အဲဒါကလဲ ဒီအဆောက်အအုံရဲ့ ပိုင်
ပါပဲ၊ သတော်ဆိပ်ကတော့ အဲဒီရှေ့နားနည်းနည်း လေး
သွားယင် ရောက်ပါတယ်ရှင်"

သူမက တခန်းဝင်တခန်းထွက်ဖြင့် အင်မတန်လှပသည့် ကြမ်း
ခင်းများ၊ ကြီးမားသည့်မီးလင်းဖိုကြီး၊ ငလုံအောင် ပြုလုပ်
ထားသည့် ပြတင်းပေါက်များ၊ နောက်ပြီး စားသောက်ခန်း
နှင့်ခန်းကောင်းသည့် နေရာထိုင်ခင်း အကျယ်အဝန်း အနေ
အထားများကို လိုက်လံပြသသည်။

သူတို့ ဒုတိယထပ်ကိုဘက်သွားပြီး ညအိပ်ခြင်းသည့်များ
အတွက် နားနိုင်သည့်အခန်းကျယ်ကြီးများကို သေသေချာချာ
လိုက် လံကြည့်ရှုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ပြန်ပြင်တဲ့အချိန်က အိပ်ခန်းအသေးလေးတွေကို အိပ်ခန်းကျယ်ကြီးနဲ့ဆက်ထားတဲ့ ရေချိုးခန်းအဖြစ် ပြောင်းပစ်လိုက်ရတယ်"

ဟု ဒေါ်ရော်သီက ရှင်းပြသည်။

"အဲဒီတော့ အိပ်ခန်းနဲ့ရေချိုးခန်းတွဲထားတဲ့ သီးခြားအခန်းတွေကိုရရှိပါတယ်၊ ဆေးသုတ်လိုက်ယင် တကယ်လှသွားမှာပဲ၊ ဒီအခန်းတွေထဲမှာထားတဲ့ ကြေးခုတင်ကြီးတွေက အင်မတန်တန်ဖိုးရှိပါတယ်၊ တကယ်တော့ ပရိဘောဂတွေက အင်္ဂလိပ်ကောင်းစားတွေချည်းပဲ၊ ဒီမတ်တတ်ရပ်ဗီရိုကြီးကိုကြည့်ပါလား၊ ကျွန်မ အိမ်ခန်းပြင်ဆင်တဲ့လုပ်ငန်းတခု ဖွင့်ခဲ့ဖူးတယ်၊ ဒီလိုအိမ်ကြီးမျိုး ဆိုယင် ကျွန်မတို့အတွက် ပြင်စရာတောင်မလိုတော့ပါဘူး"

သူ စိတ်ဝင်စားသည်။ သူ ဗီရိုတံခါးများဖွင့်ကြည့်ပုံ၊ နံရံတွေကို ထုကြည့်ပုံ၊ ရေပိုက်ခေါင်းများ ဖွင့်ကြည့်ပုံတွေကို ကြည့်ခြင်းအားဖြင့် စိတ်ဝင်စားသည်ဟု သူမ ပြောနိုင်သည်။

"တတိယထပ်မှာ အိပ်ခန်းတွေက ပိုများပါတယ်၊ စတုတ္ထထပ်မှာတော့ မစွတာပဲရစ်နေပါတယ်"

ဟု သူမက ဆက်၍ပြောပြသည်။

"အဲဒီ စတုတ္ထထပ်ကတော့ မူလက ကလပ်မန်နေဂျာနေဖို့ ညည်ရွယ်ပြီး ဆောက်ထားတာဖြစ်ပါတယ်၊ နေရာက အတော်ကျယ်ပြီး မြို့ထဲကိုရော၊ ပင်လယ်ဘက်ကိုရော အင်မတန်ကြည့်ကောင်းတဲ့ ရှုခင်းတွေရှိပါတယ်"



သူက အဖြေမပေးပဲ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီး ကြည့်ရှုနေသည်။

သူမက သူ့ကိုယ်သူ စကားများတယ်၊ နောက် ပြီး ကိစ္စပြီးအောင် တမင်အလေတကြီးလုပ်မိတယ်ဟုထင်ပြီး ပြတင်းပေါက်နားမှာ သွား၍မတ်တတ်ရပ်နေလိုက်သည်။

အမှန်အားဖြင့် သူမအနေနှင့် သူ့ကို အိပ်ခန်းများကို စိတ်အေးလက်အေး ကြည့်ရှုစစ်ဆေးပြီး မေးချင်သည့်မေးခွန်းများကို မေးခွင့်ပြုသင့်သည်။ သူ့စိတ်ထဲကတော့ မြန်မြန်လေး၊ မြန်မြန်လေးဟု တိုက်တွန်းနေမိသည်။

သူမအနေနှင့် သည်နေရာမှထွက်သွားချင်ပြီ။

'ရေး' နှင့် နန့်စီတို့ထံ အမြန်သိုးရောက်သွားချင်သည့်ဆန္ဒ၊ သာတွေမျိုး နောက်ထပ်ဖြစ်နေသလဲဟု သိချင်သည့် ဆန္ဒက လွှမ်းမိုးနေသည်။

အကယ်၍ ကလေးတွေများ တနေရာရာကိုရောက်သွားပြီး အခုလို ရာသီဆိုးနှင့်တွေ့နေလျှင်ရော....သူမအနေနှင့် မော်တော်ကားကို ရှန်ဆန်မောင်းနေပြီ ကလေးတွေကိုရှာသင့်သည်။

သစ်တောထဲမှာ သွားရှာနိုင်သည်။

အကယ်၍ သူမက အော်ဟစ်ခေါ်ယင်လည်း....။

သူမက ခေါင်းယမ်းလိုက်သည်။ မိုက်မဲလှချည်လား။

မနေ့က နန့်စီက သူမ၏ရုံးခန်းမှာ မစ်ဇီကို ထားရစ်ခဲ့စဉ်က....

"ရှင်တို့အပြင်ထွက်ယင် မစ်ဇီကို လက်အိတ်ကလေးမြဲအောင် ဝတ်ထားပေးဖို့ သတိပြုပါ၊ သူ့လက်ကလေးတွေ သိပ်အေးနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်ခမ်းရွဲ့မေ့ယင်းနှင့် ဒေါ်ခရော်သီကို လက်အိတ်အကြောင်း ပြောခဲ့သည်။ သူမကဆက်ပြီး.......

"လက်အိတ်ကလေး နှစ်ခုဟာ တစ်ဘက်နဲ့တစ်ဘက်မတူဘူးနော်။ ဒါကို ကျွန်မက တမင်ဘကာ စတိုင်ထုတ်တာ မဟုတ်ပါဘူး။ ဒီကလေးမလေးဟာ လက်အိတ် ခဏခဏပျောက်တတ်လို့ပါ"

ဟု ပြောပြခဲ့သည်။ လက်အိတ်တစ်ဘက်က အနီရောင်ဖြစ်ပြီး ပြီးနေသည့်အဲရှုပ်ကလေးပါသည်။ တစ်ဘက်ကတော့ အပြာနှင့် အစိမ်းကြားလေး ဖြစ်သည်။

သူတို့နှစ်ယောက်သား ကားမောင်းသွားစဉ်တွင် မစ်စီက ပြုံးနေသောမျက်နှာလေးနှင့်.......

"မေမေက ကျွန်မကို လက်အိတ်မပျောက်စေနဲ့လို့ မှာထားတယ် အန်တီ"

ဟု လက်အိတ်စွပ်ထားသည့် သူ့လက်ကလေးကို ထောင်ပြသည်။ သည့်နောက်မှာ မိုက်ကို ကြိုပြီးရေခဲမုန့်စားသည့်အခါကျတော့.......

"ကျွန်မ ရေခဲမုန့်စားတုန်း လက်အိတ်ချွတ်ထားလို့ ဖြစ်နိုင်ပါ့မလား အန်တီ"

ဟု မေးတာတွေကို သူမ မှတ်မိနေသည်။ ကလေးလေးတွေဟာ လိမ္မာလှချည်လား....။

ဒေါ်ခရော်သီက မျက်လုံးအိမ်ထဲ လျှံတက်လာသည့်မျက်ရည်များကို လက်ကိုင်ပဝါနှင့် တို့သိုက်သည်။



သူမ စိတ်ကိုတအားတင်းပြီး ဟန်လုပ်ကာ မစ္စဘာ ခရာကို ပေါလေ့ဇစ်ဘက်သို့ လှည့်သိုက်သည်။ မစ္စဘာခရာကိုပေါ်လေ့ဇစ်သည် အခန်း အနေ အထား အရွယ်အစားတို့ကို မှတ်သား [illegible]ပြီး....

"ဒီလောက်မြင့်တဲ့ မျက်နှာကျက်မျိုး ရှေးဟောင်းအိမ်ကြီးတွေကလွဲလို့ မတွေ့နိုင်တော့ဘူး"

ဟု ပြောသည်။

သူမသည် ဒီလိုပုံစံမျိုးနှင့် နောက်ထပ် အချိန်ကြာကြာ [illegible]ညည်းမခံနိုင်တော့ပါ။

"အပေါ်ထပ်တက်ကြရအောင်"

သူမက ရုတ်တရက် ဖြတ်ပြောလိုက်သည်။

"အပေါ်ထပ်ကနေကြည့်ရတဲ့ ရှုခင်းကို ရှင် သဘောကျမှာပဲ"

သူမက ရှေ့ကဦးဆောင်ပြီး အပေါ်ထပ်ဘက်သည့်လှေကားဘက်သို့ ထွက်သွားလေသည်။

နှစ်ယောက်သား နှစ်ဆစ်ချိုးလှေကားမှ အပေါ်ထပ်သို့ သွက်သွက်လေးတက်သွားကြသည်။

"တတိယထပ်ဟာ ဒုတိယထပ်နဲ့ ထပ်တူဘဲမျှပဲ"

သူမက ရှင်းပြယင်း ဆက်တက်သွားသည်။

"မစ္စဘာပဲရစ်က အပေါ်ဆုံးထပ်ကို ရဖန်ရခါ ငှားနေတာ ၆ နှစ် ၇ နှစ်လောက်ရှိပါပြီ။ သူ့အခန်းလေးခက မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



စသောက်ပါ။ ဒါပေမယ့်ငွားနေသူရှိနေယင်တော့ သူခိုးသူဝှက် ရန်က ကင်းနိုင်တယ်လို့ မစ္စတာအဲဒရက်ကယူဆထားပါတယ်ရှင်။ ကိုင်း ကျွန်မတို့ရောက်ပြီ"

အပေါ်ဆုံးထပ်တံခါးကိုသူမက ခေါက်လိုက်သည်။ အထဲက မည်သူမျှ မထူးပါ။

"မစ္စတာပဲရစ်....မစ္စတာပဲရစ်"

ဟု သူမက ခေါ်လိုက်သည်။

သူမက လက်ပွေ့အိတ်ကို ဖွင့်လိုက်ပြီး....

"ထူးဆန်းလှန်းတယ်။ ဒီလူဟာ ကားမယူပဲနဲ့ဘယ်များထွက်သွားပါလိမ့်။ ကျွန်မအိတ်ထဲမှာ သော့တချောင်းပါသေးတယ်"

ဟု ပြောပြီး အိတ်ထဲကို မွှေနှောက်ရှာဖွေသည်။ သူမစိတ်ထဲမှာတော့ နည်းနည်းကသိကအောင့်ဖြစ်မိသည်။

ဖုန်းနှင့် စကားပြောခဲ့ကသူက တယောက်ယောက်ကို ခေါ်လာမည်ဆိုတော့ မစ္စတာပဲရစ်ပြောလိုက်သည့် သဘောကျပုံမပေါ်ချေ။ အကယ်၍ သူ အမြင်တွက်မည်ဆိုလျှင်လည်း သူ့ကို ပြောသွားနဲ့ဖို့ကောင်းသည်။ အခန်းမှာ သပ်သပ်ရပ်ရပ်ရှိပါ စေဟု သူမ ဆုတောင်းနေမိသည်။

အရင်းအနှီး ၃ သိန်းခွဲခန့် မြှုပ်နှံနိုင်သူဆိုသည်မှာ သိပ်များများစားစားရှိမည်မဟုတ်။

ဒီဘန္ဒစ်လုံးလုံး ဒီအဆောက်အအုံနှင့်ပတ်သက်ပြီး စိတ်ဝင်စားသူ တယောက်မှမတွေ့သေးချေ။



အခန်းတံခါး၏လက်ကိုင်သည် အတွင်းဘက်မှနေပြီးလှည့်နေသည်ကို ဒေါ်ရော်သီ သတိမထားမိချေ။ တံခါးသည်ရုတ်တရက် အထဲမှဆွဲဖွင့်လိုက်သောအခါ သူမသည် ချွေးထွက်နေသည့် အိမ်ငှားနေသော မစ္စတာကုတ်နေပဲရစ်၏ မျက်လုံး၊ စူးစမ်းသည့် မျက်လုံးအစုံကို ပါးစပ်အဟောင်းသားဖြင့် တအံ့တသြ မျက်လုံးချင်းဆုံမိလိုက်သည်၊

"ဒီလောက်ရာသီဥတုတဲ့ရက်မှ ခင်ဗျားတို့လာရသလား"

ပဲရစ်၏အသံသည် ရိုင်းစိုင်းမှုမပါပါ။

သူက ဓားကို အသာဖယ်ပေးပြီး အတွင်းဝင်စေသည်။ တံခါးရွက်များကိုကိုင်ထားပြီး လမ်းဖယ်ပေးထားခြင်းဖြင့် သူတို့နှင့် လက်ဆွဲနှုတ်ဆက်ရမည်ကို ရှောင်တိမ်းနိုင်သည်ဟု သူထင်သည်။ သူ့လက်များသည် ချွေးစီးများနှင့် စိုရွှဲနေသည်ကို သူ သတိထားခဲ့မိသည်။

သူသည် ဒေါ်ရော်သီတို့ နှစ်ယောက်၏ မျက်နှာများကို တလှည့်စီကြည့်လိုက်သည်၊

ကလေးမလေး၏ အော်သံတချက်ကို သူတို့များ ကြားသွားသလား။ သူ ဒီလောက်ပဲသောကြီးသွားသလား။ ဒီလောက်ပဲ ရိုက်မဲ့ရသလား။

တယ်လီဖုန်းခေါ်ပြီးကတည်းက သူသည် လုပ်စရာရှိသည်တို့ကို အလောသုံးဆယ်ဆက်လုပ်သည်။

ကလေးတွေ၏ အင်္ကျီအဝတ်အစားများကို သူတို့သိုသိပ်ပြီး လိုက်လံသိမ်းဆည်းသည့် အခါမှာ ကလေးမလေး၏

www.burmeseclassic.com

www.burmeseclassic.com



အဘွင်းခံအင်္ကျီလေးတောင် မေ့ကျန်ရစ်ခဲ့မလို ဖြစ်သွားသေး သည်၊ ကလေးကိုယ်လိမ်း ပေါင်ဒါဗူးကလည်း မှောက်သွား သည်၊ ဒါကို သူ သုတ်ပစ်ခဲ့ရသေးသည်။

ကလေးများ၏လက်များ၊ ခြေထောက်များနှင့် ပါးစပ်များ ကို တိပ်များနှင့်ကပ်ပြီး အောက်ထပ်မီးလင်းဖို၏ နောက် လျှို့ဝှက် အခန်းငယ်ကလေးထဲမှာ သူတို့ကို သွားဝှက်ထား သည်။

လွန်ခဲ့သည့် လအနည်းငယ်ကတည်းက သည်အိမ်ကြီးထဲမှာ သွားလာလှုပ်ရှားယင်း သည်လိုအခန်းမျိုးရှိသည်ကို သူ တွေ့ သည်။

ဒီအရပ်ဒေသက ရှေးအိမ်ဟောင်းကြီးများဆိုလျှင် သည်သို့ လျှို့ဝှက်အခန်းများရှိတတ်သည်၊ ရှေးတုန်းက သည်မှာနေခဲ့ သည့် လူများသည် ရက်အင်ဒီးယန်းများ တိုက်ခိုက်သည့်အခါ ဝင်ပုန်းရသောနေရာဖြစ်သည်၊ အကယ်၍များ သည်အခန်းရှိသည့် အကြောင်း ဒီငနဲမကြီးက သိပြီး လိုက်ရှာပြခဲ့လျှင် ဘယ်နှယ် လုပ်ရပါမလဲ။

သည်တော့လည်း သူ ဘာလုပ်ရမှန်းမသိတော့။ ကယောင် ချောက်ချားဖြစ်သွားခဲ့သည်။

ဒေါ်ရော်သီ၏ကားက ကားဂိုဒေါင်ထဲသို့ ဝင်သည့်အချိန် မှာ သူသည် ချောင်းကြည့်နေခဲ့သောပြတင်းပေါက်မှ အောက် ထပ်သို့ အပြေးအလွှားဆင်းပြီး ကလေးတွေကို သွားယူလာ သည်။ ကလေးတွေကို အပေါ်ထပ်သို့ပြန်သယ်လာပြီး သူ့ အိပ်ခန်းထဲမှ ဗီရိုထဲမှာ ဝှက်ထားလိုက်သည်။



ဗီရိုကို သူက ပစ္စည်းထားဖို့အသုံးပြုနေသည်။ သောသော …သည် သော့ပျောက်နေသည်ဟု ပြောနိုင်သည်။ ဗီရိုမှာ သူ့သော့ …အသစ်တခု ပြောင်းတပ်ထားသဖြင့် ငနဲမကြီးမှာ သော့တူ ရှိနိုင်ချေ။

နောက်ပြီး ဒီအခန်းထဲမှာရှိသည့် တခြား ဗီရိုများကလည်း …တူ အရွယ်တူများဖြစ်သည်။ ပြချင်လျှင် တခြားတခုပြလိုက် …ည်း ပြီးတာပဲ။ အဲဒီနေရာမှာ ရှုပ်ထွေးသွားပြီး သူ မှားချင် …ားနိုင်သည်။

သူတို့သည် အောက်ထပ်များမှာ ဟိုကြည့် သည်ကြည့်ဖြင့် အချိန် အတော်ကြာဦးမည်။ သည် အပေါ်ဆုံး ထပ်ကိုတော့ နောက်ဆုံးမှရောက်မည်။

အခန်းထဲမှာ ဘာများကျန်ရစ်မလဲဆိုတာ နောက်တခေါက် …နစ်ကြည့်လိုက်သေးတယ်။ သူမေ့ကျန်ခဲ့တာ မရှိဘူး။

ရေချိုးကန်ကြီးက ပြည့်နေသည်။ ဒါကို ဒီအတိုင်းထားဖို့ …ဖြတ်လိုက်၏။ ဖုန်းဆက်စဉ်က သူ့အသံသည် မကျေနပ်သည့် အသံ ဖြစ်နေသည်ဟု သူ့ကိုယ်သူ သိသည်။ သူ ရေချိုးခါနီးမှာ …နှောင့်အယှက်ပြုလို့ စိတ်ဆိုးတာဖြစ်မှာပဲဆိုပြီး ဒေါ်ရော်သီက …ချက်လျှင်လည်း ထင်ပါစေပါ့၊ ဒါဟာ ထင်စရာလည်းဖြစ် …ိုင်တာပဲ။

ကလေးမလေးနှင့်ကိစ္စကို သူ အမြန်ဆုံးပြန်လုပ်ဖို့ ဆန္ဒပြင်း …နေသည်။ သူက ရင်ထဲမှာ ဆတ်ဆတ်တုန်နေသောဆန္ဒများကို …ထိန်းနေရသည်။ ခုအချိန်မှာ ကလေးနှစ်ယောက် သူ့ လက် တကမ်းအကွာမှာရှိပြီး ဒီတံခါးရဲ့နောက်ကွယ်လေးမှာ ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုး…သူ မစောင့်နိုင်တော့ဘူး။ သတိထား….၊ သတိထား….။

သူ့ကို သတိပေးနေသည့် အသိတရား၏အသံကို သူ နား ထောင်ဖို့ ကြိုးစားနေသည်။

ဗျူး…မလွယ်ပါလား။

"ဂျွန်ခရာကိုပေါ်လော့စ်ပါ"

သည်ငနဲဟာ လက်ဆွဲနှုတ်ဆက်ဖို့ဖွတ်အတင်းလုပ်နေတော့၏။ သည်းတော့ သူကလည်း ကတုန်ကယင်နှင့် သူ့လက်ကို အောင်း ထိမှာစိုးခြောက်အောင် အတင်းသုတ်ပြီးမှ ရှောင်တိမ်းလို့မရတော့ သည့် ဆန့်တန်းပေးထားသော လက်ကို ဆွဲလိုက်ရလေသည်။

"ကုတ်နေပဲရှစ်ပါ"

ဟု သူက ခြောက်ကပ်ကပ်အသံဖြင့် ပြောလိုက်သည်။

သူတို့ လက်ချင်းထိသိုက်သည့်အခါမှာ ရှုံ့ရှာမုန်းတီးသည့် မျက်နှာထားကလေး အခြားသူ့ရဲ့မျက်နှာမှာ ရိပ်ကနဲပေါ်သွား သည်ကို သူ မြင်လိုက်သည်။

ချေးတူသည့်လူပဲ ဖြစ်မှာပါ။ ကိတ်မြို့ရဲ့ သည်တက်မြေမှာ ရှိတဲ့ စားသောက်ဆိုင်များမှာ သည်လိုချေးတူသော လူများက ဖွင့်ထားကြတာ အဖြစ်များသည်။

အခု သူတို့ သည်အိမ်ကြီးကို လိုချင်နေကြပြီ။

ကောင်းပါတယ်။ သည့်နေ့ကုန်ယင် သည်အိမ်ကို သူ မလို နေပ်တော့ဘူးလေ။



အကယ်၍များ သည်အိမ်ကြီးကို ရောင်းဖြစ်ခဲ့လျှင် ကုတ်နေ ငါ့ရစ် အခနေနှင့် သည်အရပ်ကို သူ ပြန်မလာတော့ဘူးဆိုတာ ဘာယ သူမျှ သံသယရှိမည်မဟုတ်ပါ။

သည်တော့ သူ ကိုယ်အလေးချိန်လျှော့မည်။ ဆံပင်ကို အရှည်မြှင့်ထားမည်။ သူ၏ ပုံသဏ္ဌာန်ကို အသစ်ပြောင်းလိုက် မည်။

ဘာကြောင့်လဲဆိုတော့ ကလေးတွေ၏ အလောင်းတွေကို သူတို့ ရှာတွေ့ပြီးသည့်အခါမှာ သူ့ကို စွပ်စွဲပြီး ရုံးဘင်စစ်မှာကို သူ စောင့်ကြည့်ချင်သည်။ ဒါ ပြဿနာမရှိပါဘူး။ ကံကြမ္မာဟာ သူ့လက်ထဲမှာ ရှိနေသည်။ သည်အတိုင်းပဲ ဖြစ်ရမှာပဲ၊

ဒါကိုတွေးမိတော့ စိတ်ဓာတ်တက်ကြွမှု ရှုင်တရက်ပေါ်လာ၍ သူ ကြွက်သီးထမိသည်။

နန့်စီ၏အကြောင်းကို သူ သဘင်းမေးနိုင်သားပဲ။ အိမ်နီး နားချင်း၏ ဝတ္တရားပဲလေ။ ကိုယ့်ကိုယ်ကို ယုံကြည်သောစိတ် ဓာတ်ကို ရုတ်တရက်ခံစားလိုက်ရတော့မှ သူက လူမြူးရရနှင့်….

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာခရာကိုပေါ် လော့စ်။ ဒီမလောက် အုံ့ဩလှပတဲ့အိမ်ကြီးကို ခင်ဗျားလာကြည့် တဲ့အချိန်မှာ ရာသီဥတုက တော်တော့်ကို အနှောင့်အယှက်ပေး နေတယ်"

ဟု သူက ပြောလိုက်သည်။

သူ၏ လက်၊ ချိုင်း၊ ပေါင်ခြံတို့မှ စိုဘိုင်းနေသည်များမှာ အံ့ဩလောက်အောင် ထွက်မြေးပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခန်းထဲမှ တင်းမာမှုများသည် သိသိသာသာ လျော့ပါးသွားသည်။ တင်းမာမှုများသည် ဒေါ်ရော်သီမှစခဲ့သည်ဟု သူ သတိရလိုက်သည်။

မဟုတ်ဘူးလား။

လွန်ခဲ့သည့် နှစ်များတွင် သူမကို အဲဒရက်၏အိမ်မှာ ဝင်ထွက်နေတာ၊ ကလေးများကို ဒန်းလွှဲပေးနေတာ၊ ကလေးတွေကို ကားနှင့်ခေါ်သွားတာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် သူ တွေ့ခဲ့ရသည်။

သူမသည် ကိုယ့်ကိုယ်ကို သူများအတွက် အရေးပါသောလူတယောက်ဖြစ်သည့်နှယ် ဟန်မပန်လုပ်နေသည့် လူလတ်ပိုင်းအရွယ် မုဆိုးမတယောက်ဖြစ်သည်။

ကပ်ပါးတယောက်။

လင်သေထားသည်၊ သားသမီးမရှိ။

ရောဂါသည် မိခင်အိုကြီးမရှိတာကိုက အံ့သြစရာပေပဲ။ များသောအားဖြင့် ရှိတတ်ကြ၏။

မိခင်အိုကြီးကို အလွန်အမင်းပြုစုကြသည်။ သူတို့မိတ်ဆွေများ၏အမြင်မှာ တကယ့်ကို လူစွမ်းကောင်းကြီးဟု ထင်သောက်သည်။ ဘာကြောင့်လဲဆိုတော့ သူတို့သည်တယောက်ယောက်ကို သည်အတိုင်းပြုစုဖို့ လိုအပ်သည်မဟုတ်ပါလား။

သူတို့သည် အရေးပါလှသည်ဟု ဖြစ်အောင် နေပြရမည်။ အကယ်၍ သားသမီးရှိလျှင် သားသမီးအပေါ်မှာ သိပ်အာရုံစိုက်ရမည်။



နန္ဒစီ၏အမေလည်း သည်လိုပဲ။

"ကျွန်တော်လဲ ရေဒီယိုနားထောင်မိတယ်၊ ကျွန်တော် စိတ်ညှို့လှုပ်သွားတယ်။ အဲဒရက်ကလေးတွေ မတွေ့သေးဘူးလား"

သူက ဒေါ်ရော်သီကို မေးလိုက်သည်။

"မတွေ့သေးပါဘူးရှင်"

ဒေါ်ရော်သီ၏စိတ်ထဲမှာ ကတုန်ကယင်ဖြစ်သွားသည်။ ဧည့်ခန်းထဲမှ ရေဒီယိုဖွင့်ထားသံကို ကြားနေရသည်။

'အထူးသတင်း...' ဆိုသောစကားကို ကြားလိုက်မိသောအခါ သူမက 'ခဏ' ဟုဆိုကာ ရေဒီယိုဆီသို့ ခပ်သွက်သွက်လေး ပြေးသွားပြီး အသံကို မြှင့်တင်လိုက်သည်။

"လေတိုက်နှုန်းက များလာပြီ။ လေဟာ တနာရီ မိုင်၅၀မှ ၆၀ထိ တိုက်ခတ်ရန်ရှိသည်။ ကားမောင်းလျှင် အန္တရာယ်ကြီးသည်။ အဲဒရက်ကလေးတွေ ရှာဖွေရေး လုပ်ငန်းများကို အချိန်အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ပြီ။ အဒမ်ပို့ ပတ်ဝန်းကျင် အနီးအနားမှာ အထူးရဲကားများ စောင့်ကြပ်နေသည်။ အဒမ်ပို့ ရဲစခန်းမှ ရဲမှူးက မည်သူမဆို သတင်းပေးနိုင်စရာရှိလျှင် ချက်ချင်းအကြောင်းကြားပါဟု သတိပေး ကြေငြာထားပါသည်။ ပုံမှန်မဟုတ်သော ဖြစ်ရပ်များ တွေ့ရှိလျှင်လည်း အကြောင်းကြားပါ။ အဲဒရက်အိမ်အနီးပတ်ဝန်းကျင်မှာ ထူးဆန်းသည့် ယာဉ်များ၊ မမြင်ဖူး မတွေ့ဖူးသေးသည့်လူများ တွေ့လျှင် အကြောင်းကြားပါ။ ကေအယ်လ် ၅၃၈၀၀ကို ဖုန်းဆက်ပါ။ အကြောင်းကြားသူ၏ အမည် နေရပ်ကို လျှို့ဝှက်ထားပါမည်"

www.burmeseclassic.com

www.burmeseclassic.com


သဘင်းဝေဖန်သူ၏ အသံက ဆက်၍ပေါ်လာသည်။

"ပျောက်ဆုံးသွားတဲ့ ကလေးတွေနဲ့ ပတ်သက်ပြီး အရေးတကြီး အကူအညီတောင်းထားခဲ့မယ့် ကျွန်တော်တို့ နောက်ပိတ်ဆုံးသတင်း ကြားရတာက မစ္စတာနန်စီဘာမှန် အဲဒရက်ကို စစ်ဆေးမေးမြန်းဖို့ ရဲစခန်းကို ခေါ်သွားတော့မယ်လို့ ကြားသိရပါတယ်"

သူမသည် နန်စီနှင့် ဈေးတိုက်ထံ အရောက်သွားဖို့ လိုအပ်နေပြီး သည်တော့ ဒေါ်ရော်သီက မစ္စတာခဲဆာကို ပေါလော့စ်ဘက်သို့ ဆတ်ကနဲ လှည့်ပြီး....

"ရှင်မြင်တဲ့အတိုင်း ဒီအပေါ်ဆုံးထပ်အခန်းဟာ အင်မတန် နေချင့်စဖွယ်ဖြစ်ပါတယ်။ နှစ်ယောက်တည်းအတွက် သိပ်သင့်တော်ပါတယ်။ အိမ်ရှေ့နဲ့ အနောက်ဘက် ပြတင်းပေါက်က မြင်ကွင်းကလဲ တကယ့်ကိုလှပါတယ်"

"ခင်ဗျားက နက္ခတ္တဗေဒပညာ ရှင်လား"

ခရာကိုပေါ့လော့စ်က ကုဘ်နေပဲရစ်ကိုမေးလိုက်သည်။

"မဟုတ်ပါဘူး၊ ခင်ဗျား ဘာဖြစ်လို့ မေးတာလဲ"

"ခင်ဗျားရဲ့ အင်မတန် အားကောင်းတဲ့မှန်ပြောင်းကြီးကြောင့် မေးရတာပါ"

ထိုအခါမှပင် ပဲရစ်သည် သူ၏မှန်ပြောင်းကြီးမှာ အဲဒရက်အိမ်ဘက်သို့ တည့်တည့်ချိန်ထားသည်ကို သတိပြုမိလိုက်၏။ မစ္စတာခရာကိုပေါလော့စ်က မှန်ပြောင်းကို ငုံ့ပြီးကြည့်ရန် ဟန်ပြင်လိုက်စဉ် သူက မှန်ပြောင်းကြီးကို အထက်ဘက်သို့ ဆတ်ကနဲ တွန်းတင်လိုက်သည်။

"ကျွန်တော်က ကြယ်တွေကို လေ့လာရတာ စိတ်ဝင်စားတယ်"

မစ္စတာ ခရာကိုးပေါလော့စ်က မျက်စိဘက်မှိတ်ပြီး မှန်ပြောင်းထဲမှ ကြည့်လိုက်သည်။

"မှန်ပြောင်းကြီးက တကယ့်ကို အားကောင်းတာပဲ"

ဟု ပြောပြီး သူက မှန်ပြောင်းကြီးကို တဖြည်းဖြည်း ဟိုရွှေ့သည်ရွှေ့နှင့် မူလကသတိပြုမိလိုက်သည့် နေရာအတိုင်း ရောက်အောင် ပြန်ရွှေ့လိုက်သည်။ မစ္စတာပဲရစ်၏ မကျေနပ်သော အမူအရာကို သတိပြုမိလိုက်၍ ခါးဆန့်လိုက်ပြီး အိမ်ခန်းဘက်သို့ ပြန်လှည့်လိုက်သည်။

"ဒီအခန်းလေးဟာ အခန်းဖွဲ့ပုံသိပ်ကောင်းတာပဲ"

ဒေါ်ရော်သီဘက်လှည့်၍ မှတ်ချက်ချလိုက်သည်။

"ကျွန်တော် ဒီအခန်းထဲမှာနေရတာ သိပ်ကို သက်တောင့် သက်သာ ရှိတယ်ဗျာ"

ပဲရစ်က ပြောလိုက်သည်။ သူ၏အတွင်းစိတ်ကတော့ သူသည် နောက်ထပ်အကြိမ် သံသယကင်းစွာ အသေသတကြီးလုပ်လိုက်မိ၏။

သည်တော့ သူ့ကိုယ်ထဲမှ ချွေးများ နောက်ထပ် ပြန်စိမ့်ထွက်လာသည်။

ကလေးတွေ သည်နားပတ်ဝန်းကျင်၌ရှိသည်ဆိုသော အမှတ်အသားများ ရှိနေလေရော့သလား။

သူသည် အလေ့သုံးဆွယ်ဖြင့် တခန်းလုံးကို မျက်စိဝေ့ပြီး ကြည့်လိုက်မိသည်၊ ဘာမျှမရှိပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



[illegible]

"[illegible] ချိုးခန်းကို ကျွန်မ လိုက်ပြလို့ ဖြစ်ပါ့မလား"

"[illegible] ပြီးပါတယ်"

[illegible] ခရာခင်းကို ညီညီညာညာဖြန့်ထားပြီးသားဖြစ်၏။

ကလေးသုံး ပေါင်ဒါဗူးကိုလည်း ခုတင်ဘေးက စားပွဲအံဆွဲထဲကို ထည့်ပြီးသားဖြစ်သည်။

"ရေချိုးခန်းဟာ အခုခေတ်ဟိုတယ်တွေမှာရှိတဲ့ ဒုတိယတန်းအိပ်ခန်းလောက် ကျယ်ပါတယ်"

ဒေါ်ရော်သီက မစ္စတာ ခရာကိုပေါလော့စ်အား ရှင်းပြ၏၊ ရေချိုးခန်းထဲမှ ရေပြည့်နေသည့် ရေချိုးကန်ကြီးကိုမြင်တော့....

"အို....ကျွန်မတို့ဖုန်းဆက်တုန်းက ရှင် ရေချိုးမယ့်ဘန်းလန်းကြီးမှ ဆက်မိလို့ ကသိကအောင့် ဖြစ်သွားမှာပဲနော်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ကျွန်တော့်မှာ အချိန်ဇယားတိတိကျကျတော့ မရှိပါဘူး"

သူ သည်လိုပြောလိုက်ပေမယ့် ကသိကအောင့် ဖြစ်အောင် ပြုလုပ်မိကြောင်းထင်အောင် ဟန်တော့လုပ်ပြရပေမည်။

မစ္စတာခရာကိုပေါလော့စ်သည် ရေချိုးခန်းမှ အမြန် ထွက်လိုက်သည်။

သူတို့သာသည်ကို ဒီလူ မနှစ်သက်ကြောင်း သတိပြုမိလိုက်၏။ ဒီအကြောင်းကို သူတို့သိမြင်နိုင်စေရန် ရေချိုးကန်ကြီးအား သည်အတိုင်းထားခြင်းကတော့ တုံးလွန်းပါသည်။ ရေထဲမှ ဘဲရုပ်ကလေးဟာလည်း ကလေးကစားစရာလေးပဲ၊ ဒါလည်း ရှုံ့စရာပဲ။



သူ့လက်က ဗီရိုမှ သစ်သားကွက်လေးများအား လှမ်းကိုင်ကြည့်ချင်သည့်စိတ် ဖြစ်ပေါ်လာ၍ လှမ်းကိုင်ကြည့်လိုက်၏။

အမှန်တော့ သည်အိမ်ကြီးတည်ဆောက်ပုံမှာ အင်မတန်လှပသည်။

ခရာကိုပေါလော့စ်မှာ အလွန်ခေါင်းမာသည့် စီးပွားရေးသမား တယောက်ဖြစ်သည်။ နောက်ပြီး သူသည် မွေးရာပါစိတ်ကိုလည်း အားကိုး၏။ အဲဒီစိတ်က သူ့အား သည်အိမ်ကြီးမှာ ရင်းနှီးမြှုပ်နှံလျှင်ကောင်းမည်ဟု နှိုးဆော်နေ၏။

သူတို့က ၃ သိန်းခွဲ လိုချင်နေကြသည်။ မိမိက နှစ်သိန်းကိုးသောင်း ငါးထောင်မှစပြီး သုံးသိန်းနှစ်သောင်း အထိ ပေးမည်။ အဲဒီဈေးနှင့် သူ ရမည်ဟု ယုံကြသည်။

သည်သို့ ဆုံးဖြတ်ချက် ချပြီးသောအခါ သူသည် အိမ်ကြီးအပေါ် ပိုင်ရှင်တယောက်၏ စိတ်ဝင်စားပုံသို့ ပြောင်းလဲလိုက်သည်။

"ဒီ ဗီရိုလေး ကျွန်တော် ဖွင့်လိုက်ရမလား"

ခရာကိုပေါလော့စ်က မေးလိုက်၏။ သူ မေးပုံကလည်း ခပ်ပေါ့ပေါ့လေး မေးလိုက်ခြင်း ဖြစ်သည်။ သူ့ လက်တဘက်ကတော့ ဗီရိုလက်ကိုင်ဖုကို လှည့်ပြီးသား ဖြစ်နေသည်။

"ဟုတ်ကဲ့၊ အားနာပါတယ်ခင်ဗျာ။ ဒီတခါသာ ကျွန်တော်တို့ အိမ်အသစ် လဲထားပါတယ်။ အဲဒီသော့လေး ဘယ်တုန်းက မှန်း သတိမရဘူး ဖြစ်နေပါတယ်၊ ဟိုဘက်က တခြားဗီရိုကို ကြည့်ယင်လဲ ဖြစ်နိုင်ပါတယ်၊ သူတို့နှစ်ခုလုံးက အတူတူပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရော်သီက ဗီရိုသော့အသစ်နှင့်လက်ကိုင်အသစ်ကို မလို လားသော မျက်လုံးများဖြင့်စိုက်ကြည့်လိုက်သည်။ ပစ္စည်းတွေက လည်း အပေါစားများသာ ဖြစ်သည်။ သူမက....

"ကျွန်မအနေနဲ့ မူလသော့နဲ့လက်ကိုင်ကို ပြန်တပ်စေချင်ပါ တယ်၊ ဒီအိမ်ကြီးမှာရှိတဲ့ သော့တွေ လက်ကိုင်တွေ အားလုံးဟာ အထူးပြုလုပ်ထားတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်ဖြုတ်ထားတာတွေ မြင်ပြီး ပြန်တပ် ပေးပါမယ်"

ဘုရားရေ၊ ဒီမိန်းမကြီး လက်ကိုင်များဆွဲလှည့်လိုက်လေမည် လား။ သော့အိမ် ပြုတ်ထွက်လာမည် လား။

သော့အိမ်အပ်တုန်းက သစ်သားပေါင်းနှင့် အံ့ဝင်ခွင်ကျ သိပ်မဖြစ်ခဲ့။ တံခါးက မှမြဲ ပွင့်များပွင့်လာမည်လား....။

ဒေါ်ရော်သီက လက်ကိုင်ဖုကို ကိုင်ထားသည့် လက်အား အသာလျော့လိုက်သည်။

ရုတ်တရက်တက်လာသည့်ဒေါသသည်လည်း အလိုလိုတဖြည်း ဖြည်း ပြေပျောက်သွားသည်။

တကမ္ဘာလုံးမှာရှိသည့် ဒီကြေးသက်ကိုင်များကို အကုန်လုံး လဲပစ်ထားလျှင်ကော ဘာဖြစ်ရဦးမှာတဲ့လဲ။ ဘယ်သူကဆေ ဂရုစိုက်ရဦးမှာလဲ။

ပဲချစ်သည် သည့်စပ်စုတတ်သောမိန်းမကြီးနှင့် သည်အိမ်ဝယ် မည်ဆိုသော လူတို့ကို အိမ်ပေါ်မှ နှင်မချမိအောင် မနည်း အားတင်းပြီး ပါးစပ်ပိတ်ထားရ၏။



ကလေးများသည် တံခါး၏ ဟိုဘက်နားလေးမှာ ရှိ၏။ ကလေးတွေ၏ပါးစပ်၌ကပ်ထားသောတိပ်က လုံမှလုံရဲ့လား။ သူတို့ကြားနေကျ အသံကိုများ ကြားပြီး အသံဘာနဲ့ပြုမိ အောင် ကြိုးစားနေကြမည်လား။

သည် နှစ်ယောက် မြန်မြန်သွားမှ ဖြစ်မှာပါ။

ဒေါ်ရော်သီကလည်း မြန်မြန်သွားချင်နေသည်။ သူ့အနေ သည်အခန်းထဲမှာ မင်စီကိုသတိရအောင်ဖြစ်စေသည့် အနံ့ ရှူရှိုက်နေမိသည်။ သည်တော့ သူမက ခရာကိုပေါ်သော့စ် လှည့်ပြီး....

"တကယ်လို့ ရှင် အဆင်သင့်ဖြစ်ယင် ကျွန်မတို့...."

"ဟုတ်ကဲ့၊ ကျွန်တော် အဆင်သင့်ဖြစ်ပါပြီ၊ ကျေးဇူးတင် ပါတယ်"

ဟု သူက ခေါင်းညိတ်ပြပြီး ထွက်ရန်ဟန်ပြင်လိုက်၏။ သည် နှမှာတော့ လက်ဆွဲနှက်ဆက်ဖို့ကို ကမန်းရှောင်ခဲ့သည်။

ဒေါ်ရော်သီက သူ့နောက်မှလိုက်သွားပြီး....

"ကျေးဇူးတင်ပါတယ် မစ္စတာပဲရစ်၊ ကျွန်မ နောက်မှ ကြောင်းကြားမယ်"

ဟု လှည့်ပြီး သုတ်သီးသုတ်ပျာဖြင့် ပြောလိုက်သည်။

သူ ရှေ့ကဦးဆောင်ပြီး အောက်ဆုံးထပ်ရောက်သည်အထိ စကားမပြောပဲ ဆင်းသွားခဲ့ကြသည်။

မီးဖိုခန်းမှဖြတ်ပြီး နောက်ဖေးတံခါးကို ဖွင့်လိုက်သည် ခြံထဲသို့ကြေငြာထားသော မိုးလေဝ သသတင်းအတိုင်း မိုး ဖြိုင်ဖြိုင်ထန်ထန် တိုက်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာ နေခဲ့ရသည့် အချိန်နည်းနည်းလေးတင်မှ လေ၏အရှိန်က ပိုပြင်းလာခဲ့သည်။

ဒီရာသီမျိုးတွင် ကလေးတွေ အပြင်မှာရှိနေလျှင်တော့ ကုန်ကြတော့မှာပဲ။

"ကျွန်မတို့ ကားဂိုဒေါင်ဆီကို ပြေးသွားကြရအောင်"

သူမက ပြောလိုက်သည်။ ခရာကိုပေါ်လော့စ်သည် တခု စဉ်းစားနေသလိုဖြင့် ခေါင်းညိတ်ပြပြီး သူမလက်မောင်းကို လိုက်သည်။

သူတို့နှစ်ယောက်သား တံစက်မြိတ်အရိပ်ကိုပင် မခိုတော့ ကားဂိုဒေါင်ဆီသို့ ပြေးသွားကြသည်။

ကားဂိုဒေါင်ထဲ ရောက်တော့ ဒေါ်ရောဇ်သီက စတေ ဝက်ဂွန်နှင့် သူမ၏ကားကြားထဲမှဝင်ပြီး ဒရိုင်ဘာဘက်က တံခါးကို ဖွင့်လိုက်သည်။

ကားထိုင်ခုံထဲသို့ အသာလျှောဝင်လိုက်သည့်အခါ ရောင်ဘောက်ဘောက် ပစ္စည်းလေးတခု ဂိုဒေါင်ကြမ်းပြင်ပေ မှာကျနေသည်ကို သူမ မြင်လိုက်သည်။

ကားထဲမှပြန်ထွက်ပြီး ယင်းပစ္စည်းလေးကို ကုန်းကော လိုက်ကာ ကားထဲသို့တခါပြန်ဝင်ထိုင်ပြီး ပစ္စည်းလေးကို ပါးနှင့် အသာကလေးကပ်လိုက်သည်။

မစ္စတာခရာကိုပေါ်လော့စ်က အလန့်တကြားဖြင့်....

"မစ္စစ် ပရင်းဘစ်၊ ဘာဖြစ်သွားတာလဲ"

"လက်အိတ်ကလေးပါ"

ဟု ဒေါ်ရောဇ်သီက ပြန်ပြောလိုက်သည်။



"ဒါလေးဟာ မစ်စီရဲ့လက်အိတ်ကလေးပဲ၊ မနေ့က ကျွန်မ သူတို့ကို အိုက်စ်ကရင်ကျွေးတုန်းက သူ ဝတ်ထားသေးတယ်၊ ကျွန်မကားထဲမှာ သူ မေ့ကျန်ရစ်ခဲ့တယ်နဲ့တူတယ်၊ စောစောက ကျွန်မ ဒီကားပေါ်ကအဆင်းမှာ ခလုတ်တိုက်မိလို့ ဒီနားမှာ ကျနေတာ ဖြစ်ပါလိမ့်မယ်၊ ဒီကလေးမလေးဟာ အမြဲတမ်းပဲ လက်အိတ်ပျောက်တတ်တာ၊ သူ့မှာအဆင်ချင်းတူတဲ့ အစုံ တစုံမှ ရှိတော့ဘူး၊ ဒါကိုလဲပဲ ကျွန်မတို့က ရယ်စရာလုပ်ပြောကြပါတယ်၊ ကနေ့မနက်မှာလဲ ဒီအစုံရဲ့တဘက်ကို ဒန်းမှာ သူတို့ တွေ့ခဲ့ရပါတယ်"

ဒေါ်ရောဇ်သီသည် ပြောယင်းနှင့် ရှိုက်လာပြီး အသံမထွက်အောင် လက်အိတ်ကိုင်ထားသည့်လက်ဖြင့် သူမပါးစပ်ကိုပိတ်ပြီး ကြိတ်ငိုလိုက်သည်။

မစ္စတာခရာကိုပေါ်လော့စ်က အေးအေးဆေးဆေးပင်.......

"ကျွန်တော့်အနေနဲ့ ခင်ဗျားကို ဘုရားသခင်ဟာ ခင်ဗျားနဲ့အတူ ကလေးရဲ့မိဘများ စိတ်သောက ရောက်နေကြတာကို ကရုဏာနဲ့ကြည့်ရှုစောင်မပါစေလို့ နှစ်သိမ့်ရုံမှတပါး ကျွန်တော် ဘာမှမပြောနိုင်ပါဘူး၊ ဘုရားသခင်ဟာ ခင်ဗျားတို့ရဲ့အလိုကို ဖြည့်ဆည်းပေးပါလိမ့်မယ်. ကျွန်တော့် စိတ်ထဲမှာတော့ ဒါဟာ မလွဲသေဖြစ်မှာပဲလို့ ယုံကြည်မိပါတယ်၊ ကဲ ကားကို ကျွန်တော် မောင်းရမလား"

"ဟုတ်ကဲ့...."

ဒေါ်ရောဇ်သီသည် အသံခပ်အုပ်အုပ်နှင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာနေရာမှ တဘက်ကိုရွှေ့ယင်း လက်အိတ်ကလေးကို သူမ၏ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။

ဒါလေးကို နန့်စီနှင့် 'ရေး'တို့ မမြင်စေချင်။ မြင်မိလျှင် သူတို့ ရင်ကျိုးကြမှာ။

ဪ...မစ်စီ၊ မစ်စီ....။

မနေ့က ရေခဲမုန့်စားတုန်းက သူကလေး ချတ်လိုက်သေးတယ်။ ကာ ထိုင်ခုံပေါ် ချထားခဲ့တာ သူ မြင်ယောင်မိသေးသည်။ သနားဖို့ကောင်းလိုက်တာ။

ကားကို သူ မောင်းရတာကို နှစ်သက်မိသည်။

အိမ်အပေါ်ထပ်မှာ ဒီလူဆိုးကြီးနှင့်အတူ နေရတာကို သူ့မှာ နေမထိထိုင်မသာကြီး ဖြစ်လာခဲ့သည်၊

ဒီလူကြီး မှာ ဒစေးစေးကပ်ကပ်၊ ချဉ်စူးစူး တခုခု ရှိနေသည်၊

ကလေးပေါင်ဒါနံ့ရယ်....၊ ရှေ့ချိုးဇလုံထဲက ကစားစရာလေးရယ်...၊ လူကြီးကာယောက်အဖို့ ဒါတွေက ဘာလုပ်ဖို့လဲ။

အပေါ်ထပ်တွင် ပဲရစ်သည်ပြတင်းပေါက်တခုခားမှကပ်ပြီး မော်တော်ကားသမ်းကွေ့ ရောက်သွားသည် အထိ စောင့်ကြည့်ခဲ့သည်။

သည့်နောက် သူ့အိတ်ထဲကသော့ကို တုန်တုန်ယင်ယင်ဖြင့် နှိုက်ယူလိုက်ပြီး ဗီရိုဘီခါးကိုဖွင့်လိုက်လေသည်။

ချာတိတ်လေးက သတိရနေသည်။

သူ့ဆံပင်ဒေသးဘေး နဖူးပေါ် မြန်ဝဲကျနေသည်။ သူ့ကို မော့ကြည့်လိုက်သော မျက်လုံးပြာလေးကလည်း ကြောက်



ခြင်းများ ဖုံးလွှမ်းနေသည်။ သူ့ဝါးစပ်ကတိပ်သည် လုံခြုံ၏။ ခြေလက်များမှကြိုးတွေကလည်း ခိုင်ခံ့သည်။

သူသည် ချာတိတ်လေးကို တဘက်စွန်းသို့ ခပ်ကြမ်းကြမ်းလေး တွန်းလိုက်ပြီး ကလေးမလေးကို လှမ်းဆွဲလိုက်သည်။

သူမ၏ မလှုပ်မရှားသောကိုယ်လေးကို မ ပြီး ခုတင်ပေါ်သို့ ချလိုက်သည်။ သူမ၏မှိတ်ထားသော မျက်လုံးနှင့် ပြာနေသော မျက်နှာလေးကိုကြည့်ပြီး စိတ်ပျက်ဒေါသဖြစ်စွာ ဖြင့် အော်မိလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

နန်းစီ၏လက်များသည် အိပ်ရာခင်းကို ဆုတ်လိုက် ဆန့်လိုက်နှင့် ဆွဲနေသည်။ လင်ဒန်သည် သူမ၏ လက်များပေါ်သို့ သူ့လက်နှင့် အသာလေးဖိလိုက်သည်။ စိုးရိမ်မှုနှင့် လှုပ်ရှားမှုများကြောင့် သူမ၏အသက်ရှူသံတွေ မြင့်ပြီး မငြိမ်မသက်နေသည်။

"နန်းစီ....မစိုးရိမ်နဲ့၊ မြင်း ကလေးတွေကို ထိခိုက်နစ်နာအောင် မလုပ်ဘူးဆိုတာ လူတိုင်းသိပါတယ်၊ မင်းကလဲ ဒါကိုပဲ ဆိုလိုတာမဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်....၊ လူတွေက ကျွန်မ လုပ်နိုင်တယ်လို့ထင်နေကြတယ်၊ သူတို့ကို ကျွန်မ ဘယ်လိုလုပ်သတ်နိုင်မှာတုံး၊ သူတို့ဟာ ကျွန်မပဲ၊ သူတို့နဲ့အတူ ကျွန်မလဲသေသွားပြီ"



"ငါတို့လဲ ငါတို့ချစ်တဲ့သူတွေ သေသွားလို့ရှိယင် အသေအလဲ သေကြရတာချည်းပဲ၊ ဒီပြဿနာဖြစ်ခင်က အကြောင်းတွေကို ငါနဲ့အတူ ပြန်စဉ်းစားကြရအောင်၊ မင်း အိုဟိုင်ယိုမှာ ကြီးပြင်းလာတဲ့အကြောင်း ငါ့ကို နည်းနည်းပြောပြစမ်းပါ"

"ကြီးပြင်းလာတာ...ဟုတ်လား...."

နန်းစီ၏အသံသည် လေသံတိုးတိုးလေးဖြစ်သွားသည်။ တင်းမာနေသော သူ့ကိုယ်မှာ သက်သာသလိုဖြစ်သွားသည်။

"အေး....ဟုတ်တယ်၊ မင်းအမေအကြောင်း ငါ့ပြောပြစမ်းပါ၊ ငါ သူ့ကိုမသိခဲ့ဘူး"

ရဲမှူးသည် ထိုင်ခုံပေါ်မှာ စိတ်မရှည်စွာဖြင့် ဟိုရွှေ့သည်ရွှေ့ ရွှေ့လိုက်ရာ သူ့ကုသားထိုင်နှင့်ကြမ်းပြင် ပွတ်တိုက်သံအသံထွက်လာသည်။ လင်ဒန်က သူ့ကို သတိပေးသောမျက်နှာထားဖြင့် လှမ်းကြည့်လိုက်ပြီး........

"ကျွန်တော့်မှာ အကြောင်းရှိတယ်၊ သည်းညည်းခံပြီး စောင့်ပါဦး"

ဟု အေးအေးဆေးဆေး လှမ်းပြောလိုက်သည်။

"အမေ့ဖေလား...."

သူ၏အသံလေး နည်းနည်းမြင့်လာသည်။ သူမက တိုးတိုးလေးသည်း ရယ်လိုက်သေးသည်။

"ဖေဖေနဲ့နေရတာ တကယ်ပျော်စရာကောင်းပါတယ်၊ ဖေဖေ ခရီးအခုခုကပြန်လာတိုင်း ကျွန်မနဲ့မေမေဟာ သူ့ကိုလေယာဉ်ပျံ

www.burmeseclassic.com

www.burmeseclassic.com



ကွင်းမှာ အမြဲပဲသွားကြိုလေ့ ရှိကြပါတယ်၊ အဲဒီနှစ်တွေမှာ ဖေဖေဟာ ခရီးကပြန်လာတိုင်း မေမေနဲ့ ကျွန်မတို့ဖို့ တခုခုတော့ အမြဲပါလာတတ်ပါတယ်၊ 'ရက်ရှည်အနားယူတဲ့အခါ ကျွန်မတို့ ဖေဖေနဲ့အတူတူ ကမ္ဘာအနှံ့လျှောက်လည်ကြတယ်၊ ကျွန်မကို အမြဲခေါ်သွားကြပါတယ်၊ တခေါက်မှာတော့ ကျွန်မ မှတ်မိနေပါတယ်"

'ရေး' သည် နန်စီ၏မျက်နှာမှ သူ့မျက်လုံးများကို မခွာနိုင်ခဲ့ပါ။ သည်လိုအသံမျိုးဖြင့် သူမစကားပြောတာ တခါမျှမကြားဖူးခဲ့၊ အသက်ပါသည်။ ပျော်မြူးနေသည်။ သူ့စကားလုံးထဲတွင် ရယ်သံလေးများလဲ ညှပ်၍ပါလာသည်။ နန်စီထံမှာ သူ အရူးအမူးရှာဖွေသော အရာသည် ဒါများ ဖြစ်နေလေလား။ လူသိမှာစိုးရိမ်မှုတွေနှင့် တသက်တာ နေရသည်ကို ငြီးငွေ့သဖြင့်ဖြစ်တာပဲလား။ ဒါပဲဖြစ်ပါစေဟု သူ မျှော်လင့်မိသည်။

ဂျိုနသန်ကတော့လင်ဒန်မိုင်းစ်၏လုပ်ပုံလုပ်နည်းနှင့်ပတ်သက်ပြီး သဘောတူသောအနေဖြင့် နန်စီ၏စကားကို စူးစိုက်နားထောင်နေသည်။

ပထမ ယုံကြည်မှုကိုရယူပြီး သူမ စိတ်ပျော့သွားသည့်အခါကျမှ ဟာမွန်ကလေးများ ပျောက်ဆုံးသောနေ့က အကြောင်း အသေးစိတ်ကို မေးရမည်။

(တိတ်ဆိတ်နေသည့်ကြားက နာရီချိန်သီးသံကို နားထောင်ရသည်မှာ စိတ်တထင့်ထင့် ဖြစ်စေရသည်။ အဘယ်ကြောင့်ဟူမူ အချိန်တွေကုန်နေပြီဟု သတိပေးနေသလို ဖြစ်နေသည်။)



ထိုင်နေသော ဒေါ်ရော်သီကိုလည်း သူ မကြည့်ပဲ မနေနိုင်ချေ။ သူမ ကားပေါ်အတက်တွင် သူမ့ကို သူ စကားပြောလိုက်ပုံမှာ တင်းမာလွန်းသွားသည်ဟု ထင်မိသည်။ သူမ တမင်သက်သက် လိမ်ပြောခဲ့သည်ဟု သိလိုက်ရ၍ စိတ်ပျက်ဒေါသဖြစ်ပြီး ပြောမိခြင်းသာ ဖြစ်သည်။

သူမ ဘာကြောင့်ဒီလိုလုပ်ရတာလဲ။

တချိန်တုန်းက နန်စီကို သူ မြင်ဖူးသလိုလိုပဲဟု ပြောမိလို့များ သူမ ဒီလိုပြောခဲ့တာလား။ ဒါမှမဟုတ် သူ့ကိုအယုံအကြည်မရှိ၍ အမှန်ကိုသိမှာစိုးရိမ်ပြီး တမင်ရိုးရိုးလေး ဖုံးကွယ်ဖို့ လိမ်ပြောလိုက်တာလား။ အမှုစစ်စဉ်က တဘက်ရှေ့နေကို မထီလေးစားသော အမူအရာမျိုးဖြင့် ဒေါ်ရော်သီရှေ့မှာ လုပ်မိသဖြင့် သူမက တမင်သက်သက် လိမ်ပြောလိုက်တာများလား။

ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်ရော်သီကိုတော့ တောင်းပန်ဖို့လိုအပ်လိမ့်မည်။

သူမကိုကြည့်ရသည်မှာလည်း နေကောင်းပုံ မပေါ်ချေ။ စိတ်သောကရောက်မှုသည် သူမ၏ ခန္ဓာကိုယ်မှာပေါ်လွင်နေ၏။

သူမသည် ကုတ်အင်္ကျီအထူကြီးကိုဝတ်ထား ပြီး လက်နှစ်ဘက်ကလည်း အိတ်ထဲကို အတင်းနှိုက်ထားသည်။

အဲသည်တော့ ပထမဆုံး အခွင့်အရေးရသည့်အခါမှာ သူမဆီ သွားပြီး စကားပြောရဦးမည်။ သူမကိုလည်းပဲ နှစ်သိမ့်ဖို့လိုအပ် လိမ့်ဦးမည်။ သည်ကလေးတွေနှင့် ပတ်သက်ပြီး သူမလည်းပဲ တော်တော်ပူပင်ခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှမီးများ မှိတ်တုတ်မှိတ်တုတ်ဖြစ်ပြီး ငြိမ်းသွားသော သည်။

"အဲဒါဆိုယင်...."

ရဲမှူးသည် စကားပြောခွက်ကို စားပွဲပေါ်တင်ပြီး မီးခြစ် လိုက်ရှာသည်။ ချက်ချင်းလိုပင် 'ရေး'သည် မီးလင်းဖိုပေါ်မှာ တင်ထားသည့် မှန်အိမ်ဟောင်း ၂ ခုကို မီးထွန်းလိုက်သည်။

မှန်အိမ်မှ မီးရောင်ဝါဝါလေးများသည် မီးလင်းဖိုမှ မီး တောက်ရဲရဲလေးနှင့် ရောယှက်သွားပြီး တန်းလျားပေါ်မှာ လဲလျောင်းနေသော နန့်စီ့အပေါ် နှင်းဆီရောင်လေး ထိုးကျ သွားသည်။

အခန်း၏ထောင့်များမှာတော့ အရိပ်များနှင့် မှောင်ကျ သွားသည်။

အိမ်ကိုတိုက်ခိုက်နေသည့် မိုးနှင်းပေါက်များနှင့် သစ်တော ကို ဖြတ်တိုက်လာသည့်လေများ ပို၍ ပြင်းထန်လာသည်ဟု 'ရေး' ထင်မိသည်။

ဒီရာသီမျိုးမှာ ကလေးတွေဟာနေရာရာကိုမျှားရောက်နေလျှင် ဖြင့်........။

ညတုန်းက မစ်စီ၏ ချောင်းဆိုးသံကြောင့် သူ အိပ်ရာကသန့် နိုးခဲ့သည်။ သူတို့ အိပ်ခန်းထဲရောက်သွားတော့ မစ်စီသည် သူ့ လက်ဝါးလေးပေါ် ပါးတင်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေ သည်။ သူက စောင်ခြုံပေးလိုက်သောအခါ လှုပ်လားပြီး ဒယ်ဒီ



ဟု ခေါ်လိုက်သည်။ သူက အသာပုတ်ပေးလိုက်၍ ပြန်အိပ် ပျော်သွားခဲ့သည်။

သူနှင့်မိုက်ကယ်.... မနေ့မနက်က ဝစ်ဂင်ဈေးဆိုင်ကိုရောက်ခဲ့ သည်။ သူတို့ရောက်သွားချိန်တွင် မျော်စင်ကြီးမှာ ငှားနေသော မစ္စတာပဲရစ် ဆိုင်ကထွက်သွားသည်ကို မြင်လိုက်ရသည်။ သူတို့ သားအဖကို သူက ခေါင်းညိတ်ပြပြီး နှုတ်ဆက်သွားသေးသည်။

သူ၏ ပို့ဝက်ဂွန်ယောင်းကြီးထဲကို တက်သွားသည့်အခါ မိုက် ကယ်၏မျက်နှာသည် ရှုံ့မှုန်းတီးပုံဖြင့် ရှုံ့မဲ့ပြီး....

"ဒီလူကြီးကို ကျွန်တော် မုန်းလိုက်တာ...."

ဟု ပြောခဲ့သည်။

ဒါကို စဉ်းစားမိတော့ 'ရေး'သည် မြုံးမယောင်ယောင် ဖြစ် သွားသည်။

မိုက်ကယ်သည် လူကယ်ပေမယ့် ရဲရင့်၏။ အရှုပ်ဆိုးခြင်းကို မကြိုက်တတ်သော နန့်စီ၏ဝါသနာ သူ့မှာ ပါလာသည်။ ကုတ်နေပဲရစ်ဆိုသည့် လူကလည်း ဘယ်သို့ပဲပြောပြော အရှုပ် ဆိုးပြီး စိတ်ဝင်စားဖွယ် မကောင်းသည့် လူပဲ။

သူ့ အခြေကြင်းနှင့်ပတ်သက်ပြီး ဝစ်ဂင်တို့ လင်မယားကပင် လျှင် အဘင်းပြောလိုက်သေးသည်။ ဂျက်ဝစ်ဂင်က....

"ဒီလောက် အိလေးဆွဲတဲ့လူသိုမျှား ကျုပ်တသက်မှာ ဒီ တခါပဲတွေ့ဖူးသေးဘယ်။ သူဟာ သူ့မှာ မကုန်မခန်းနိုင်တဲ့ အချိန်တွေ ရှိအယောင်ယောင်နဲ့ ဆိုင်ထဲပတ်ခြေလည် လမ်း သလားနေတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်သည် စဉ်းစားသလိုနှင့်နေပြီးမှ....

"ကျွန်တော့်မှာတော့ ဘယ်တော့မှ လုံလောက်တဲ့အချိန်မရှိဘူး။ အခု ကျွန်တော့်အခန်းထဲမှာသုံးဖို့ စားပွဲလေးပြန်ပြင်နေတယ်။ အဖေ့ကို ကူညီလုပ်ကိုင်ပေးနေတာသေး။ ကျွန်တော် အလုပ်လုပ်မယ်လို့ ပြင်ဆင်လိုက်တိုင်း ကျောင်းသွားဖို့ အချိန်ကျည်း တိုးကိုးနေတာပဲ"

"ခင်ဗျားမှာအင်မတန်အားကိုးရတဲ့လက်ထောက်တယောက်ရှိနေပြီပဲ"

ဟု ဂျက်က ပြောလိုက်သည်။

"သူဟာ တကယ်အလုပ်လုပ်မယ့် လူတယောက်ပုံ ပေါက်ပါတယ်။ အချိန်မရွေး အလုပ်လုပ်ချင်တယ်ဆိုယင် ကျွန်တော်သူ့ကို အလုပ်ခန့်နိုင်မှာပဲ"

မိုက်ကယ်က ဈေးဝယ်ပြီးသား ပစ္စည်းထုပ်ကို ကောက်ယူလိုက်ပြီး....

"ကျွန်တော်က အားလဲရှိတယ်၊ ပစ္စည်းတွေလဲ သယ်နိုင်တယ်၊ ကျွန်တော့်ညီမလေးကိုလဲ ကျွန်တော် အကြာကြီးချီထားနိုင်တယ်"

'ရေး'သည် လက်သီးတဘက်ကို လက်ဝါးတဘက်ပေါ်မှာ ကြိတ်ပြီး ပွတ်မိလိုက်သည်။

ဒါဟာ သဘာဝမကျဘူး၊ မဖြစ်နိုင်ဘူး။

ကလေးတွေက ပျောက်နေသည်။နန်းစီကလည်း ဆေးသောက်ထားသည်။ နန်းစီက ဘာပြောလိုက်သလဲ။



သူမ၏အသံသည် ခုနကအတိုင်း နည်းနည်း မြင့်မြင့်ကလေးပဲ ရှိသေးသည်။

"ဖေဖေဟာ မေမေနဲ့ကျွန်မကို ငါ့အမျိုးသမီးလေးတွေလို့ ခေါ်ခဲ့ရှိတယ်"

သူမ၏အသံ ပြောင်းသွားသည်။

"ဘာဖြစ်တာလဲ နန်စီ မင်း ဖေဖေက မင်းကို သူ့အမျိုးသမီးလေးလို့ခေါ်တာ မင်း မကြိုက်ဘူးလား"

ဟု ဒေါက်တာ မိုင်းစ်က မေးလိုက်သည်။

"မဟုတ်ဘူး...၊ မဟုတ်ဘူး...၊ မဟုတ်ဘူး....။ သူက ကျွန်မတို့ကို သူ့အမျိုးသမီးလေးတွေလို့ ခေါ်တယ်။ တခြားလူတွေခေါ်သလိုမျိုးမဟုတ်ဘူး၊ မတူဘူး၊ အဲဒီလိုမဟုတ်ဘူး"

သူမအသံ ခပ်ကျယ်ကျယ်နှင့် အတင်းငြင်းဆန်လိုက်သည်။ လင်ဒန်က အသာသေးချော့ပြီး......

"အေးပါ၊ ဒါကို မစိုးရိမ်ပါနဲ့၊ ကောလိပ်အကြောင်း ပြောရအောင်။ ကျောင်းကို မသွားချင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ တကယ့်ကို မသွားချင်တာ။ အမေ့အတွက် ကျွန်မစိုးရိမ်တယ်၊ ဒါမှမဟုတ်ယင်..."

"သူ့ကို မင်း ဘာကြောင့် စိတ်ပူရတာလဲ"

"သူမ တယောက်ထဲတည်း ငြိမ်ငြိမ်နေမှာ ကျွန်မ စိုးရိမ်လို့ပါ။ ဘာကြောင့်လဲဆိုတော့ မေမေဟာ ကျွန်မတို့အိမ်ကိုရောင်းပစ်ခဲ့တယ်။ အငှားတိုက်ခန်းတခုကို ပြောင်းခဲ့တယ်။ သူ့အနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘဝတခုလုံး တော်တော်ပြောင်းသွားတယ်။ အလုပ်သစ်တခု ရှိ သူလုပ်တယ်။ သူဟာ အလုပ်လုပ်ရဖို့ပဲ သိပ်ဝါသနာပါတယ်။ ဒီတော့ ကျွန်မကို သွားဖို့….၊ နောက် မမေမေက 'ဒီနေ့' 'ဒီနေ့' လို့ ခဏခဏပြောနေတတ်တယ်''

''ဒီနေ့ဟာ မင်းရဲ့ကျန်တဲ့ဘဝရဲ့ ပထမဆုံးရက်ဖြစ်တယ်''

ဟု လင်ဒန်က သူမ၏စကားကို အဆုံးသတ်ပေးလိုက်သည်။ သည်စကားကို ပရက်စီသာက သူ့ကိုလည်းပြောဖူးသည်။ နန်စီကို ကျောင်းလွှတ်ဖို့ လေယာဉ်ပျံပေါ်တင်ပေးလိုက်သည့်ရက်က ဆေးခန်းကိုဝင်ခဲ့သည်။ လေယာဉ်ပျံ ပြေးလမ်းပေါ် ထွက်သွားသည်အထိ လက်ပြနှုတ်ဆက်ခဲ့ကြောင်း ပြောပြခဲ့ဖူးသည်။ ထိုအချိန်မှာ သူမ၏မျက်လုံးများသည် မျက်ရည်တွေပြည့်လျှံလာပြီး သူ့ကို ကြိုးကြိုးစားစား ရယ်ပြကာ….

''ကျွန်မဟာ လူတွေခုနောက်ပြောင်သလို တကယ့်ကို ကြက်မကြီးနဲ့ တူနေပါတယ်ရှင်''

လင်ဒန်က….

''သားသမီးအပေါ် ဒီလို သဘောထားတာ ကောင်းပါတယ်''

ဟု ပြောပြခဲ့သည်။

''လူ့ယောက်ရဲ့ ဘဝတခုဟာ ရုတ်တရက်ပြောင်းလဲသွားနိုင်တယ်ဆိုတာ စဉ်းစားမိယင် ဒီလိုပဲဖြစ်မှာပါပဲရှင်။ ဖြန်းကနဲ ဖြင်းကနဲ တခုလုံးဖြစ်ဖြစ်၊ အရေးကြီးတဲ့ အစိတ်အပိုင်းပဲ ဖြစ်ဖြစ် ပေါ်သိမ်းသွားတယ်။ ဒါပေမယ့် အခြားတဘက်မှာ သိပ်ကို



အံ့သြဖွယ်ရာ၊ သိပ်ကို ပျော်ရွှင်ရာတွေမယ်ဆိုယင်တော့ အတိတ်ကို ပြန်ကြည့်ပြီး ဝမ်းနည်းနေလိုင်တာမဖြစ်ဘူး။ နန်စီကို ကျွန်မကနေ့ ဒီအတိုင်းပဲ ပြောပြဖို့တယ်။ ကျွန်မကို သူ စိုးရိမ်စေချင်ဘူး။ သူမကို ကျောင်းမှာ အပျော်ဆုံး နေစေချင်တယ်။ အဲဒီတော့…. 'ဒီနေ့ဟာဖြင့် ငါ့ရဲ့ ကျန်တဲ့ဘဝတခုလုံးရဲ့ ပထမဆုံးရက်ပဲ' ဆိုတဲ့ ဆောင်ပုဒ်ကို ငါတို့နှစ်ယောက်သား အမြဲတမ်းမှတ်ထားရမယ်လို့ ပြောခဲ့တယ်''

ထိုနေ့က ထိုအချိန်မှာ ဆေးခန်းထဲသို့ လူမမာတယောက်ရောက်လာသည်။ ယင်းသို့ ရောက်လာခြင်းကိုပဲ သူက စောင်းသောရောက်လာခြင်းဟု သဘောထားလိုက်သည်။ အဘယ်ကြောင့်ဟူမူ ယင်းလူမမာသာ ရောက်မလာခဲ့လျှင် ပရက်စီလာကို သူ ရင်ခွင်ထဲရောက်အောင် ပွေ့ဖက်မိလိုက်မည်ဖြစ်၏။

''အဲဒါ ကောင်းပါတယ်''

နန်စီက စကားဆက်ပြောနေသည်။ သူမအသံသည် တုံ့ဆိုင်းတုံ့ဆိုင်းဖြင့် စကားလုံးရှာမရသလို ဖြစ်နေသည်။

''မေမေရဲ့စာတွေကလဲ ရွှင်ရွှင်လေးရေးတယ်။ သူမ အလုပ်လုပ်ရတာ သဘောကျတယ်၊ ဒေါက်တာမိုင်းစ်လ်အကြောင်းလဲ အများကြီးရေးတယ်။ ကျွန်မ ဝမ်းသာမိတယ်''

''မင်း ကျောင်းတက်ရတာ ပျော်သလား''

လင်ဒန်က မေးလိုက်သည်။

''မင်း သူငယ်ချင်းတွေ အများကြီးရှိသလား''

www.burmeseclassic.com

www.burmeseclassic.com



"ပထမတော့ ကျွန်မ မိန်းကလေးတွေကိုသဘောကျတယ်။ အချိန်းအချက်လဲ အများကြီးလုပ်ပါတယ်"

"မင်း ကျောင်းစာရေး ဘယ်လိုနေလဲ၊ မင်းယူတဲ့ဘာသာကို ကော သဘောကျရဲ့လား"

"ဟုတ်ကဲ့၊ ကောင်းပါတယ်။ ဘာသာရပ်တွေက ကျွန်မ အတွက် လွယ်ပါတယ်၊ ဒါပေမဲ့ အိုကလဲ့ယင်...."

သူမ၏အသံ နည်းနည်းပြောင်းလာသည်။ အနည်းငယ်မကျေ နပ်ပုံလည်း ရနေသည်။

"အဲဒါက နည်းနည်းခက်တယ်။ သိပ္ပံကို ကျွန်မကြိုက်တူး ဒါပေမယ့် ကျောင်းက မယူယင် မဖြစ်ဘူးဆိုလို့ကျွန်မ ယူရတာ"

"ဒီနောက် မင်း ကာလ်ဟာဗမွန်နဲ့တွေ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သူက ဘိုင်အိုနဲ့ပတ်သက်ပြီး အကူအညီပေးမယ်လို့ ပြောပါတယ်။ ကျွန်မကို သူ့ရုံးခန်းထဲခေါ်ပြီး လုပ်ပြီးသား [illegible] သူ့ကျင့်ခန်းတွေကို ကျွန်မနဲ့အတူ ပြန်နွေးပါတယ်။ ကျွန်မကို [illegible] ကျောင်းသားလေးတွေနဲ့ အချိန်းအချက် များလွန်းတယ်လို့ သူက [illegible] ပါတယ်။ ဒါကို ရပ်မပစ်ယင် ကျွန်မ နေမကောင်း [illegible] မှာယ်လို့ ပြောပါတယ်။ သူက ကျွန်မကို သိပ်စိုးရိမ်တာ [illegible] ကျွန်မကို ဗီတာမင်အားဆေးတွေ စ ကျွေးတယ်။ သူ့ပြော [illegible] ပါ၊ ဘာကြောင့်လဲဆိုယင် အဲဒီအချိန်ကစပြီး ကျွန်မ [illegible] နေယ်သာတယ်။ စိတ်ဓာတ်လဲ စ ကျလာတယ်၊ မေမေ့ကို [illegible] ဆက်မေ့တာပဲ"



"ခရစ္စမတ်ကျယင် မင်း အိမ်ပြန်မယ်ဆိုတာ သိတယ်မဟုတ် [illegible]"

"ဟုတ်ကဲ့၊ စဉ်းစားရအခက်သား၊ ပြန်းကနဲ အခြေအနေက [illegible] ဆိုးသွားတယ်။ မေမေ့ကိုစိတ်ထိခိုက်မှာစိုးတယ်။ ဒါကြောင့် [illegible] ကြောင်း ကျွန်မ စာမရေးခဲ့ဘူး၊ ဒါကို မေမေသိတယ်လို့ [illegible] ကျွန်မ ထင်တယ်။ သူက သတင်းပတ်အကုန်တရက်မှာ ရောက် [illegible] တယ်၊ ကျွန်မကို စိုးရိမ်လို့ ဖြစ်မှာ ကျွန်မသိတယ်၊ အပြန် [illegible] ကားမှောက်ပြီး သေသွားခဲ့တယ်၊ ကျွန်မကိုလာကြည့်လို့ သူ [illegible] ရတာ။ အဲဒါ ကျွန်မရဲ့ အပြစ်၊ ကျွန်မရဲ့အမှား"

သူမအသံသည် နာကျင်ခြင်းဖြင့် ပို၍ စူးနစ်သွားသည်။ [illegible] ညှိနောက် တရှုံ့ရှုံ့ ဆက်ရှိုက်တော့သည်။

'ရေး'သည် ကုလားထိုင်ပေါ်က ထ လိုက်သည်။ ဒါပေမယ့် [illegible] နှသန်က သူ့ကို ဆွဲထားလိုက်သည်။

မှန်အိမ်ဇိမ်းရောင်လေးသည် ထဖျပ်ဖျပ်ဖြင့် နန်စီ၏မျက်နှာ [illegible] သားပေါ်သို့ ကျနေသည်။ သူမ၏မျက်နှာကလည်းမဲ့နေသည်။ 'မေမေ'ဟု အော်ဟစ်ခေါ်လိုက်သည်။

"မေမေရယ်.... မသေပါနဲ့လား၊ အသက်ရှင်နေပါဦးနော်၊ [illegible] မေမေ့ကို ကျွန်မ အလိုရှိပါတယ်၊ မေမေရယ် မသေပါနဲ့.... မေမေ...."

ဒေါ်ရော်သီက တဘက်ကိုလှည့်ပြီး မျက်ရည်မကျမိအောင် [illegible] တ်ခမ်းကို တအားကိုက်ထားလိုက်သည်။

မစ်စီနှင့် မိုက်ကယ်တို့၏ အဘွားအစားရသည်ဟု သူမ ပြော [illegible] တာ နန့်စီ စိတ်ဆိုးမည်ဆိုသည့်မှာ အံ့ဩဖွယ်မလိုးတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ သူမ ဘာဖြစ်လို့လာနေရတာပါလိမ့်။ သူ ဒီနေရာမှာရှိနေတာကို ဘယ်သူမျှ အရေးလည်းမလုပ်။ သတိသည် မရ။

အမြင်သွားပြီး ကော်ဖီဖျော်လျှော်ဖြင့် သူမသည် ပိုပြီးအသုံ ကျလိမ့်မည်။ နန်းစီကလည်း သောက်ချင်သောက်မှာ။

ဒီကုတ်အင်္ကျီကြီးချွတ်မှ ဖြစ်မည်။ ရာသီဥတုက သိပ်အေ တော့ မချွတ်နိုင်ပြန်ဘူး။ သူမသည် တကိုယ်ထီးတည်းပါလား။ ကြမ်းပြင်မှာခင်းထားသော ကော်ဇော်ကြီး၏ ပန်းပွင့်များက စူးစိုက်ကြည့်ယင်းက မျက်စိတွေ ဝေလာသည်ဟု သတိပြု လိုက်သည်။

ခေါင်းပြန်မော့လိုက်ရာတွင် သူ့ကို စူးစိုက်ကြည့်နေသည့် ဂျိုနသန်၏မျက်လုံးနှင့် သွားဆုံမိလိုက်သည်။ ဂျိုနသန်သည် သူမကို စောစောကတည်းက စောင့်ကြည့်နေမှာပဲဟု သူ သိလိုက်ရသည်။

"မင်းအမေသေတုန်းက ကာလ်က မင်းကို ကူညီခဲ့တယ် မဟုတ်လား၊ သူဟာ မင်းအပေါ်ကောင်းခဲ့တယ်မဟုတ်လား"

လင်ဒန်မိုင်းစ်သည် ဤဝမ်းနည်းစရာ ဇာတ်လမ်းကို ဘာ ကြောင့်များ ထပ်တလဲလဲဖော်နေရတာလဲ။ နန်းစီကို ဒီအခန်းမှာ ဘာကြောင့် ပြန်ကချိုင်းနေရတာလဲ။ ဒေါ်ရော်သီ ခေါင်း ငိုက်စိုက်ချသိုက်သည်။

နန်းစီက ငြိမ်ငြိမ်လေးပဲ ဖြေလိုက်သည်။



"ဟုတ်ပါတယ်၊ သူက ကျွန်မအပေါ် သိပ်ကောင်းတာ၊ စစအရာရာ အားလုံးတာဝန်ယူပါတယ်"

"ဒီတော့ မင်း သူ့ကိုလက်ထပ်လိုက်ရောလား"

"ဟုတ်ကဲ့၊ သူက ကျွန်မကို သူ တာဝန်ယူမယ်လို့ပြောပါ တယ်၊ ကျွန်မကလဲ သိပ်နွမ်းနယ်နေတယ်၊ ကျွန်မအပေါ် သူက သိပ်ကောင်းတယ်"

"နန်စီ၊ မင်းအမေကြုံရတဲ့ မတော်တဆမှုကို မင်းကိုယ်မင်း အပြစ်လို့ပုံမချနဲ့၊ ဒါ မင်း အမှားကြောင့်မဟုတ်ဘူး"

"မတော်တဆမှုလား"

နန်စီ၏အသံသည် တွေဝေစဉ်းစားနေသည်။

"မတော်တဆ...၊ အဲဒါ မတော်တဆမဟုတ်ဘူး၊ အဲဒါ တော်တဆမဟုတ်ဘူး...."

"ဟုတ်ပါတယ်"

လင်ဒန်က သူ့အသံငြိမ်အောင်တမင်ထိန်းထားလိုက်ရသည်။ သူ့သည်ခင်းကြေးများ တင်းသွားသည်ကိုလည်း သတိထားမိ သည်။

"ကျွန်မ မသိဘူး၊ ကျွန်မ မသိဘူး...."

"ကောင်းပြီ၊ ဒါကို တို့နောက်မှပြောကြစို့၊ ငါ့ကို ကာလ် အကြောင်းပြောပြစမ်းပါ"

"သူ ကျွန်မအပေါ်မှာ သိပ်ကောင်းတယ်"

"မင်း ဒါကို ထပ်ခါတလဲလဲပြောနေတယ် နန်စီ၊ သူ မင်း အပေါ် ဘယ်လိုကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို သူ ပြုစုတယ်၊ ကျွန်မကလဲ နေမကောင်းတူး[illegible] ကျွန်မအတွက် သူ အများကြီးလုပ်ပေးတယ်"

"မင်းအတွက် သူ ဘာတွေလုပ်ပေးလဲ"

"ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်မ မပြောချင်ဘူး"

"ဘာဖြစ်လို့လဲ နန်းစီ"

"ကျွန်မ မပြော........ကျွန်မ မပြော...."

"ကောင်းပြီ၊ ကလေးတွေအကြောင်း ပြောပြစမ်းပါ[illegible] ပီဘာနဲ့ လီဇာလေ...."

"သူတို့က သိပ်ကောင်း...."

"သူတို့ဟာ သိပ်စည်းကမ်းရှိတယ်လို့ မင်း ဆိုလိုတာလား[illegible]"

"သူတို့ဟာ သိပ်ကောင်း၊ အလွန်ကောင်း"

"နန်းစီ မင်းက ကောင်းတယ်လို့ပဲ ထပ်ခါတလဲလဲ ပြော[illegible]တယ်၊ ကာလ်က မင်းအပေါ်မှာကောင်းတယ်၊ ကလေးတွေက[illegible] ကောင်းတယ်၊ ဒီတော့ မင်း သိပ်ပျော်မှာပေါ့"

"ပျော်တယ်....၊ ပျော်တယ်လား....၊ ကျွန်မ သိပ်နွမ်းနေ—"

"မင်းက ဘာဖြစ်လို့ သိပ်နွမ်းနယ်နေရတာလဲ"

"ကာလ်က ကျွန်မ နေမကောင်းဘူးလို့ပြောတယ်၊ ကျွ[illegible] အပေါ်မှာ သူ သိပ်ကောင်းတယ်"

"နန်စီ မင်း ငါတို့ကိုပြောပြစမ်း၊ ကာလ်က မင်းအပေါ်[illegible] ဘယ်လိုကောင်းတာလဲ"

"သူက ကျွန်မ နေကောင်းလာအောင် ဆေးသချာချ[illegible]တယ်၊ ကျွန်မနေကောင်းလာတာကိုလဲ သူ လိုလားတယ်၊ သူ[illegible] ကျွန်မကို ကလေးမကောင်းလေးတယောက်ဖြစ်ဖို့လဲပြောတယ်[illegible]



"နေမကောင်းဘူးဆိုတာ ဘယ်လိုဖြစ်တာလဲ၊ မင်းကို ဘာက ထိခိုက်လို့လဲ"

"သိပ်နွမ်းနယ်တယ်၊ အမြဲနွမ်းနယ်တယ်၊ ကာလ်က ကျွန်မကို ကူညီတယ်"

"မင်းကို ဘယ်လိုကူညီလဲ"

"ဒါနဲ့ပတ်သက်ပြီး ကျွန်မ မပြောချင်ဘူး"

"ဒါပေမယ့် နန်းစီ၊ မင်း ပြောရလိမ့်မယ်၊ ကာလ်က ဘာလုပ်သလဲ"

"ကျွန်မ မောပန်းတယ်၊ အခုလဲ မောပန်းနေပြီ"

"ကောင်းပြီ နန်းစီ မင်း ခဏနားနိုင်တယ်၊ ပြီးမှ ငါတို့ စကားဆက်ပြောကြတာပေါ့၊ ကဲ ခဏနား....ခဏနား...."

လင်ဒန်က မတ်တတ်ရပ်လိုက်သည်။ ရဲမှူးက လင်ဒန်၏ လက်မောင်းကို ချက်ချင်းလှမ်းကိုင်ပြီး မီးဖိုခန်းဘက်သို့ ခေါ်ငင်သွား လိုက်၏။ အခန်းအပြင်ဘက်သို့ ရောက်ရောက်ချင်းပင် ရဲမှူးက....

"ဒီအတိုင်းဆိုယင် ကျွန်တော်တို့ ဘယ်မှရောက်မှာမဟုတ်ဘူး၊ နောက်ထပ် အချိန်တော်တော်ကြာကြာကုန်တောင်မှ ခင်ဗျား ဘာမှရနိုင်မှာ မဟုတ်ဘူး။ သူ့အခမ မတော်တဆဖြစ်တဲ့ကိစ္စကို သူက သူ့အပြစ်လို့ ပုံချနေတယ်၊ သူ့ကိုလားတွလို့ ဒီလိုဖြစ်ရ တာဆိုပြီး အမြဲတင်နေတယ်၊ ဒါပဲ၊ မထူးပါဘူး။ ဟာမွန်[illegible] လူသတ်မှုနဲ့ပတ်သက်ပြီး ခင်ဗျား နောက်ထပ်ရနိုင်စရာရှိမယ်[illegible] ထင်ယင် ခပ်မြန်မြန်ရအောင်ယူပါ။ ဒါမှမဟုတ်ယင် ကျွန်တော်[illegible] သူ့ကို ရဲစခန်းခေါ်သွားပြီး စစ်ဆေးရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အတင်းအကျပ်လုပ်လို့တော့ မဖြစ်ဘူး၊ သူ အခု ...ဘာ၊ စပြောလာပြီး၊ သူ့ရဲ့မသိစိတ်ကတော့ ရင်မဆိုင်ချင်တဲ့ ...အကြောင်းအရာတွေ အများကြီးရှိသေးတယ်"

"ဒီကလေးတွေဟာ အသက်ရှင်နေယင် အခွင့်အရေးတွေ ...မရှိဆိုတာကို ကျွန်တော် ရင်မဆိုင်ချင်ဘူး၊ ဒီနေရာမှာ ...ကာယ့်ဘန်ဖိုးရှိတဲ့ အချိန်တွေ ကျွန်တော် ဖြုန်းမနေချင်ဘူး"

ရဲမှူးက ခပ်ဆတ်ဆတ်ကလေး ပြောလိုက်သည်။

"ကောင်းပြီလေ၊ ကနေ့မနက်အကြောင်းနဲ့ ပတ်သက်ပြီး ...ကျုပ် စမေးမယ်။ ဒါပေမယ့် ဟာမွန်ကလေးတွေပျောက်တဲ့ ...အကြောင်းနဲ့ ပတ်သက်ပြီး အယင်မေးဖို့ ကျုပ်ကို ခွင့်ပြုပါ။ ဒီ ...သနာနှစ်ရပ်ဟာ တခုနဲ့တခု ဆက်သွယ်မှုများရှိယင် သူမက ...ဖော်လိမ့်မယ်"

ရဲမှူးက နာရီကိုကြည့်လိုက်ပြီး....

"လေးနာရီထောင် ထိုးနေပြီ၊ ပတ်ဝန်းကျင်ကို မြင်နိုင်တဲ့ ...လင်းရောင်လဲ နောက်တနာရီဆို ကုန်တော့မယ်၊ ရေဒီယို ...တယ်နားမှာရှိကြသလဲ၊ သတင်းနားထောင်ချင်တယ်"

"မီးဖိုခန်းထဲမှာ ရေဒီယိုတလုံး ရှိပါတယ်"

အစောင့်ရဲသားလေးက ပြောလိုက်သည်။

ရေဒီယိုဖွင့်လိုက်သောအခါ သတင်းကြေညာသူ၏အသံသည် ...ဖိုခန်းတခုလုံး ပြည့်လျှံသွားသည်။

"အဲဒီကလေးတွေ ပျောက်ဆုံးမှုဟာ တမျိုးတဖုံပြောင်း ...သွားတယ်။ ၂၈ လမ်းမကြီးပေါ်မှာ ရှိတဲ့ ဓာတ်ဆီဆိုင်တခုက ...ဘိုလင်းဒန်ဆိုသူ မက္ကင်းနစ်တယောက်က ယနေ့ နံနက်



...နာရီအချိန်လောက်မှာ ဟာမွန်လူသတ်မှုတုန်းကပျောက်သွား ...တဲ့ ရော့ဘက်ဂလာရဲ့ ကားကို သူ ဓာတ်ဆီ ဖြည့်ပေးလိုက် ...ကြောင်း ဖုန်းဆက် သတင်းပေးပါတယ်။ မစ္စတာလင်းဒန်က ...ဘက်ဂလာဟာ စိတ်မအေးငြိမ်ပဲ လှုပ်လှုပ်ရှားရှား ဖြစ်နေပြီး ...သူဟာ အဒမ်ပိုက သူ့ကို မမြင်မတွေ့ချင်သူတယောက်ဆီ သွား ...ည် ဖြစ်ကြောင်း ပြောသွားပါတယ်။ လက်ဂလာသည် ဒေါ့ချို ...ား အနီကလေးကို စီးသွားတယ်...."

ရဲမှူးသည် စိတ်ဆိုးစွာနှင့် ရေရွတ်လိုက်ပြီး....

"ငါ ဒီမှာလာပြီး အလကား အချိန်ဖြုန်းနေမိတယ်"

တယ်လီဖုန်းဆက်ရန် ဖုန်းနားအရောက်တွင် တယ်လီဖုန်းက ...ည်လာသဖြင့် ရဲမှူးက ကောက်ကိုင်လိုက်သည်။ တဘက်မှ ...ပြောစကားကို နားထောင်လိုက်ပြီး သူက....

"အေး......ငါကြားတယ်၊ ဖြည်ဘွင်းနဲ့ဆက်ထားတဲ့ တံတား ...ကို လမ်းတွေပိတ်ထားလိုက်၊ စစ်ဆေးပြီးသတင်းကို စီစစ်ကြည့်၊ ...ဘက်ဂလာ နောက်ဆုံး ဘယ်မှာရှိခဲ့တယ်ဆိုတာ အင်ဖိုဘီ ...ကို မေးကြည့်ထား၊ ဒေါ့ချိုကားအနီတွေ့ယင် ဖမ်းထားဖို့ ...တင်းလွှင့်ထား"

တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်ပြီး လင်ဒန်ဘက်သို့ လှည့် —

"ကျွန်တော် အနေနဲ့ မစ္စတာအဲဒရက်ကို ရိုးရိုးနဲ့တည့်တည့် ...မေးခွန်းတခုပဲ ရှိတယ်၊ အဲဒီ မေးခွန်းကတော့ က... ...က် ရော့ဘက်ဂလာ ဒီကိုလာသလား၊ သူမကိုလဲ ဘာ...ပြော ...သလဲဆိုတာကိုပဲ မေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်ဒန်က ရဲမှူးကို စိုက်ကြည့်ပြီး....

"ခင်ဗျား ဆိုလိုတာက.......”

"ကျွန်တော် ဆိုလိုတာက ရော့လက်ဂလာဟာ နန်စီအဲဒ ကို လူသတ်မှုအခုထဲကို ပြန်တွန်းပို့နိုင်တဲ့ လူတယောက် တယ်။ ဟာမွန်အမှုဟာ တရားဝင်ပိတ်သွားပြီလို့ မဆိုနိုင်သေး ဘူး။ အကယ်လို့ သူဟာ ကနေဒါနိုင်ငံမှာ ၆ နှစ်လောက် သွ ပုန်းနေတယ်လို့ ဆိုကြပါစို့။ သူ ငွေလိုမယ်။ ဟာမွန်အမွေ တုန်းက နန်စီဟာ ငွေအသိန်းခွဲလောက် အမွေရလိုက်တယ် ပေါ်ခဲ့တယ်မဟုတ်လား။ အဲဒီတော့ ရော့လက်ဂလာဟာ ဒီ အကြောင်းကိုသိပြီး နန်စီ ဘယ်မှာရှိတယ်ဆိုတာလဲ သိတယ် ဆိုကြပါစို့။ သန်ဖရန်စစ္စကိုမြို့ ရွှေ့နေရှာကလဲ နန်စီ ဘယ် ရှိတယ်ဆိုတာ သိနေသားပဲ။ ဒီတော့ လက်ဂလာဟာ ကနေ မှာ မနေချင်တော့ပဲ ဒီနိုင်ငံမှာ ပြန်နေချင်မယ်ဆိုယင် နန်စီ ရှာပြီး သူ့ရဲ့သက်သေခံချက်ကို တမျိုးတဖုံပြင်ပြီး ထွက်ဆို မယ်လို့ ကတိပြုလိုက်မယ်ဆိုယင် နန်စီအနေနဲ့ သူ့ကို တသ တာမတ်လုံး စောင့်ရှောက်ကျွေးမွေးရမယ့်သဘောနဲ့ ဖြစ်မသွား ပေဘူးလား။ ဒီတော့ သူ ဒီကိုလာတယ်၊ နန်စီကို တွေ့တယ် သဘောတူညီမှု မရဘူး။ နန်စီက လက်မခံဘူး၊ ဒါ့ပြင်မဟုတ် သူက အစီအစဉ်ပြောင်းလိုက်တယ်။ သူ့ကို အစိုးရက အ မရွေး ဖမ်းမိသွားနိုင်တယ်။ ဒါမှမဟုတ်ယင် သူမကိုယ်တိုင် ရဲ့ဆီအကြောင်းကြားလိုက်ပြီး သူမကိုယ်တိုင်ဘော့ ထရား မယ်။ အဲဒီအချိန်မှာ သူမက သတိရစ်ပြီး မေ့သွားတယ်"



"ဒီနောက် အဲဒရက်ကလေးတွေကို သူက သတ်ပစ်လိုက်တယ် ပေါ့"

လင်ဒန်၏အသံသည် လှောင်ပြောင်သည့် အမူအရာပါနေ သည်။

"ခင်ဗျားအားနန်နဲ့ ဒီကလေး ၂ ယောက်စလုံး ပျောက်သွား တဲ့အချိန်က နန်စီကို ကြိုးစင်ရောက်လုနီးနီး တွန်းပို့ခဲ့တဲ့ ဒီ ကျောင်းသားဟာ ဒီအနီးပတ်ဝန်းကျင်မှာရှိနေတယ်လို့ ခင် ဗျား စဉ်းစားမိသလား။ ကျွန်တော့်ကို အခွင့်အရေးတခု ထပ် ပေးပါ။ ဟာမွန်ကလေးတွေ ပျောက်သွားပုံကို ကျွန်တော် မေး ချင်တယ်။ အဲဒီနေ့အကြောင်းကို ကျွန်တော် ပထမမေးပါရစေ"

"ခင်ဗျား မိနစ် ၃၀ ပဲရမယ်။ ဒီထက် ပိုမပေးနိုင်ဘူး"

ဒေါ်ရော်သီက ကော်ဖီပန်းကန်များထဲသို့ ကော်ဖီငှဲ့ထည့်ပြီး လင်ဗန်းတခုနှင့် ယူလာသည်။ နန်စီကိုယ်တိုင် မနေ့ကဖုတ်ထား သော ကိတ်မုန့်ကို လှီး၍ယူလာခဲ့သည်။

"ကဲ... ကော်ဖီလေးသောက်ကြပါဦး"

'ရေး' သည် နန်စီအိပ်နေသော ခုံတန်းလျားဘေးမှ ကုလား ထိုင်တွင်ထိုင်ပြီး နန်စီ၏လက်ကလေးကို အသာ ဆုပ်နယ်ပေးနေ သည်။ သူမက ငြိမ်နေ၏။ အသက်ရှူသည်းမှန်သည်။

အခန်းထဲသို့ အားလုံးပြန်ဝင်လာသည့်အခါ သူမ အနည်း ငယ် လူးလွန့်လိုက်ပြီး ညည်းလိုက်သည်။

ဂျိုနသန်သည် မီးသင်းဖိုအရှေ့မှာ မတ်တပ်ရပ်နေပြီး ကို စူးစိုက်ကြည့်နေ၏။ ဆေးတံကိုမီးညှိပြီးဖွာနေ၍ အခန်းတခန်း လုံးသည် သူ့ဆေးနံ့ခလေးသင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီနဲ့မုန့် သုံးဆောင်ကြပါဦးရှင်"

ဟု သူမက ဂျိုနသန်ကိုပြောလိုက်သည်။ ဂျိုနသန်က သူမကို စေ့စေ့ကြည့်ပြီး....

"ဟုတ်ကဲ့"

ဟု ပြန်ပြောလိုက်သည်။

သူမက သူကြိုက်တတ်သည့်အတိုင်း သကြားနှင့်မလိုင် ထည့်ဖျော်ပြီး သူ့ကို ကမ်းပေးလိုက်သည်။ ဂျိုနသန်က....

"အင်္ဂလိကြီး ချွတ်အားပါသား"

ဟု ပြောလိုက်သည်။

"ကျွန်မ နည်းနည်း ချမ်းနေသေးလို့ပါ"

ဒေါက်တာမိုင်းစ်နှင့် ရဲမှူးတို့သည် သူ့နောက်မှ ဆက်၍ အခန်းထဲဝင်လာကြသည်။ ကော်ဖီကို ယူသောက်လိုက်ကြသည်။ ဒေါ်ရော်သီက ကော်ဖီတပန်းကန်ယူပြီး 'ရေး' အနားသို့ရောက်လာကာ....

"ရေး၊ ကော်ဖီသောက်လိုက်ပါဦး"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ"

ဟု ပြောပြီး သူက ကော်ဖီပန်းကန်ကို လှမ်းအယူမှာ နန်စီက သူ့ကိုလှည့်ပြီး လေသံတိုးတိုးလေးဖြင့်....

"အခြေအနေ အားလုံးကောင်းသွားမှာပါ ကလေးမရဲ့"

နန်စီသည် အကြီးအကျယ်တုန်လှုပ်သွားသည်။

သူ့ခေါ် မျက်စိကိုဖွင့်လိုက်ပြီး လက်တွေကို ယမ်းလိုက်သည်။ သူ့လက်ထဲက ကော်ဖီပန်းကန်ကိုလည်း ပစ်ချလိုက်သည်။



ကော်ဖီပန်းကန်သည် ကြမ်းပေါ်ကျပြီး ကွဲသွားသည်။ သူမ၏ အင်္ကျီရော စားပွဲပေါ်မှာပါ ကော်ဖီများ ဖိတ်စဉ်ကုန်သည်။ နန်စီနှင့် 'ရေး' တို့ကိုလည်း အနည်းငယ် စဉ်သွားသည်။

တပြိုင်နက်တည်းမှာပင် အခန်းထဲရှိ လူအားလုံးသည် ထောင်ချောက်ထဲမှာအဖမ်းခံနေရသော တိရစ္ဆာန်တကောင်လို အော်လိုက်သည့် နန်စီ၏အသံကိုကြားလိုက်ရ၍ တုန်လှုပ်သွားကြလေသည်။

"ကျွန်မဟာ ရှင့်ရဲ့ကလေးမဟုတ်ဘူး၊ ကျွန်မကို ကလေးမလို့ မခေါ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ကုတ်နေပဲရစ်သည် သက်ပြင်း လေးလေးကြီးချပြီး ခုတင်ပေါ်မှ လှုပ်ရှားမှုမရှိသော ကလေးမလေးဆီမှနေ၍ တခြားဘက်ကိုလှည့်လိုက်သည်။ မင်စီ၏ပါးစပ်အား ပိတ်ထားသော တိပ်ကိုခွာပြီး ခြေထောက်နှင့်လက်ကို ချည်ထားသည့် ကြိုးကိုလည်း ဖြေလိုက်ကာ ခေါင်းပေါ်မှာ ဖရိုဖရဲ ပုံထားလိုက်သည်။

သူမ၏ နူးညံ့သည့်ဆံပင်လေးတွေလည်း ခေါင်းမှာကပ်နေသည်။ သူမကိုချွေချူးပေးသောအခါမှာ ဆံပင်လေးကို ဝက်မှင်ဘီးနှင့်ဖြီးဖို့ သူ စိတ်ကူးထားသည်။ အခု အခိပ္ပာယ်မရှိတော့ပေ။ သူမ၏ တုံ့ပြန်မှုကို သူ လိုချင်သည်။



ယောကျ်ားလေးဖြစ်သူမိုက်ကယ်က ဗီရိုကြမ်းပြင်ပေါ်မှာပဲ နေသေးသည်။ သူ့မျက်လုံးပြာလေးတွေမှာ ကြောက်လန့်နေသည်။ ပဲရစ်က သူ့ကိုပွေ့ချီလိုက်ပြီး ရင်ပတ်ပေါ်မှာ ပွေ့တင်ထားလိုက်သည်။

မိုက်ကယ်ကိုခုတင်ပေါ်တင်ပြီး ခြေနှင့်လက်မှာ ချည်ထားသောကြိုးများကိုဖြေပြီး ပါးစပ်မှာကပ်ထားသည့်တိပ်ကို ခပ်သတ်သတ်ကလေးဆွဲခွာလိုက်သည်။ ချာတိတ်လေး နာသွား၍ အော်လိုက်ပြီး သူ့နှုတ်ခမ်းကိုကိုက်ထားလိုက်သည်။

သူ့ကိုကြည့်ရသည်မှာ တုံ့ပြန်မည့်ပုံပဲ။ ဖင်ပန်းနေ၏။ နှာခေါင်းမှုလည်းရှိ၏။ ဒါပေမယ့် ချောင်ပိတ်မိနေသော တိရစ္ဆာန်၏ သတ္တိမျိုးလည်း နည်းနည်းရှိပုံရတယ်။

"ခင်ဗျား ညီမလေးကို ဘာလုပ်ထားလဲ"

ဤမေးမှုသည့် အသံကို ကြားလိုက်ရတော့ စောစောက အနှောင့်အယှက်ပေးသော ဟိုင်နဲ့မသာခင်က အိပ်ဆေးထည့်ထားသည့်နွားနို့ကို ဒီကောင်လေး အကုန်မသောက်ဘူးဆိုတာ သူ သိလိုက်သေးသည်။

"မင်းညီမ အိပ်နေတယ်ကွ"

"ကျွန်တော်တို့ကို အိမ်ပြန်ပို့ပါ၊ အိမ်ပြန်ချင်တယ်၊ ကျွန်တော်ခင်ဗျားကိုမကြိုက်ဘူး။ ခင်ဗျားကိုမကြိုက်ဘူးလို့လဲ ဖေဖေ့ကို ပြော ခဲ့ဖူးတယ်။ အန်တီ ဒါရော်သီ ဒီကိုးရောက်လာတုန်းက ခင်ဗျား ကျုပ်တို့ကို ဓာတ်ပုံရိုက်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကုတ်နေသည် ညာဘက်လက်ကိုမြှောက်လိုက်ပြီး မိုက်ကယ်၏ ပါးကို ရိုက်ချလိုက်သည်။ မိုက်ကယ်ကနာသွား၍နောက်ဘက်သို့ ဆုတ်ကနဲဆုတ်လိုက်ပြီး သူလှမ်းဆွဲနေသောလက်ထဲမှ လွှတ်သွား လိုက်သည်။

ကုတ်သည် ကောင်လေးကိုလှမ်းအဆွဲ၌ အရှိန်လွန်ပြီး ခုတင် ပေါ်ကို မှောက်လျက်ကျသွားသည်။ သူ၏ပါးစပ်သည်။ မင်ဒီ၏ ခေါင်းမှဆံပင်လေးကိုသွားထိလိုက်၍ သူ၏အားရှိသည်တအော လေးပြောင်းသွားသည်။

သူ့ကိုယ်သူ ပြန်မတ် စာတ်ရပ်ပြီး မိုက်ကယ်ကို ခုန်အုပ် ကုန်းပြီး ချောင်းသည်။ ဒါပေမယ့် မိုက်ကယ်က အိပ်ခန်းတံခါး ဘက်ဆီသို့ တဖြည်းဖြည်းနောက်ဆုတ်သွားသည်။လျှပ်ပြက်သလို အမြန်နှုန်းဖြင့် တံခါးကိုဆွဲဖွင့်ပြီး ဧည့်ခန်းထဲသို့ တချိုးတည်း ထွက်ပြေးတော့သည်။

ကုတ်နေသည် သူ့နောက်ကို တအားဆိုးလိုက်သည်။ အိပ်ခန်း တံခါး သော့မခတ်မိသည်ကိုသတိပြုမိလိုက်သည်။ဒေါ်ရော်သီထံ ဆင်းသွားတုန်းက သော့ခတ်လိုက်သံကို မကြားစေချင်၍ မခတ်ပဲ ထားခဲ့ခြင်းဖြစ်သည်။

မိုက်ကယ်က အခန်းတံခါးကိုဖွင့်ပြီး လှေကားဆီသို့ တအား ကုန် ပြေးလေသည်။ လှေကားက ကော်ဇောခင်းမထားသဖြင့် သူ့ဖိနပ်က တဖပ်ဖပ်အသံမြည်နေသည်။ သူသည် အရိပ်အလေး ပမာ တတိယထပ်ရှိ အမှောင်၏အကာအကွယ်ထဲသို့ တအား ပြေး ဝင်သွားသည်။



ကုတ်နေသည် ကောင်လေးနောက်ကို သုတ်သီးသုတ်ပျာနှင့် ထွက်အလိုက်မှာ အားလွန်ပြီး လိမ့်ကျသွားသည်။ လှေကား ခြောက်ထစ်လောက်လိမ့်ကျပြီးမှ လှေကားလက်ရန်းကို ဆွဲမိ လိုက်ပြီး ရပ်ဘန့်သွားသည်။

ခေါင်းကိုခါပြီး ပြန်ထလိုက်စဉ် ညာဘက်ခြေကျဉ်းဝတ် နာသွားသည်ကို သတိပြုမိလိုက်သည်။ မီးဖိုတံခါးသော့ခတ် ထားဖို့....သေချာအောင်လုပ်ရမည်။

နောက်ထပ် ခြေသံများ မကြားရတော့ပါ။ ကောင်လေး သည် တတိယအထပ်က အိပ်ခန်းတခုခုထဲမှာ ဝင်ပုန်းနေခြင်း ဖြစ် နိုင်၏။ သူ့ကိုရှာဖို့ အချိန်အများကြီး ရှိသေးသည်။

ပထမဦးဆုံး မီးဖိုတံခါး....။

ပြတင်းပေါက်တွေကတော့ ပြဿနာမဟုတ်။ သော့နှစ်ထပ် ခတ်ထားသည်။ နောက်ပြီး သိပ်လည်းလေးလံသည်။

အိမ်ရှေ့ထွက်ပေါက်က သော့နှစ်ထပ်ကတော့ ဒီကလေး အတွက် မြင့်အားကြီး၍ မီနိုင်မည်မဟုတ်။ မီးဖိုတံခါးကို သေချာ အောင်သော့ခတ်ပြီးမှ ကောင်လေးကို တခန်းပြီးတခန်း လိုက် ရှာမည်။

သူ့ကို လိုက်ခေါ်ပြီးသတိပေးရမည်။ ကောင်လေး သိပ် ကြောက်နေသည်။ သူ့မျက်လုံးတွေ ကြောက်ပြီး ပြူးနေသည်။ ဒီလိုဆိုယင် သူဟာ နန်စီနှင့်ပိုဘူသည်။ ဤသည်မှာ မမျှော်လင့် သော အံ့ဩစရာတခု ဖြစ်နေသည်။ သည်တော့ သူသည် အရေး တကြီးရှာဖို့ လိုပြီ။ ကောင်လေး အိမ်ပြင်ရောက်မသွားဖို့က အရေးကြီးဆုံးပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မိုက်ကယ်၊ ငါ့ဆီပြန်လာခဲ့...."

သူက အော်ခေါ်ပြီးပြောလိုက်သည်။

"မင်းကို ငါ တွေ့အောင်ရှာမှာ၊ မင်းကို ငါ မတွေ့ တွေ့အောင်ရှာမှာ၊ မင်းဟာ သိပ်ဆိုးတဲ့ကလေးပဲ၊ မင်းကို ဒဏ်ခတ်ရမယ် ကြားလား...."

သူ၏ညာဘက်မှရှိသည့် အိပ်ခန်းတခန်းထဲမှ အသံလေးတခု ကြားလိုက်ရသလိုထင်၍ သူ အပြေးဝင်သွားသည်။ ဒါပေမယ့် အခန်းလေးက ဘာမျှမရှိပါ။

ကောင်လေးသည် အိမ်ရှေ့လှေကားကမျှား ဆင်းသွားလေသလား။ ဒါကိုစဉ်းစားမိသော သူ စိတ်စောပြီး ကျန်သည့် အောက် ၂ ထပ်ဆီသို့ အမြန်ဆုံး ပြေးဆင်းသွားသည်။ အမြင် ဘက်မှလှိုင်းများ ကျောက်ဆောင်များကို ရိုက်ပုတ်နေသံ ကြားနေရသည်။

သူသည် မီးဖိုခန်းထဲက တံခါးဆီကို တအားကုန်ပြေးသွား၏။ အိမ်ထဲမှအဝင်အထွက်ကို ဒီတံခါးမှ အမြဲဘမ်းပြုလေ့ရှိ၏။ ဒီတံခါးမှာ သော့ ၂ ခုပါရှိပြီး အမြင့်ဘက်မှာသော မင်းတုပ်တခု ရှိသည်။

သူသည် ဒေါသဖြင့်မောပန်းနေသော အသက်ကိုတအား ရှူရှိုက်နေမိသည်။ တုန်ယင်နေသော သူ့လက်များဖြင့် တံခါး မင်းတုပ်ကို ထိုးလိုက်သည်။ နောက် မီးဖိုသုံးကုလားထိုင်ကြီး အရှည်ဆွဲယူပြီး တံခါးသက်ကိုင်မှနေ၍ ထောက်ထားလိုက်၏။ ဒီကုလားထိုင်ကြီးကို ကောင်လေး ရွှေ့နိုင်မှာမဟုတ်ဘူး။ ဒီအိမ် ထဲက အပြင်ထွက်ဖို့ အခြားနည်းလမ်းလည်း မရှိတော့ပေ။



လေမုန်တိုင်းက ချေဖျက်လိုက်သဖြင့် ကျန်နေသည့် မနေ သင်းရောင်လေး ပျောက်သလောက်ဖြစ်သွား၏။

ကုတ်နေက မီးခလုတ်ကိုဖွင့်လိုက်သည်။ မီးလုံးက မှိတ်တုတ် တုတ်ဖြစ်ပြီးနောက် မှိတ်သွားသည်။ လေတိုက်၍ ဓာတ်ကြိုး ပြုတ်ကျကုန်ပြီဟု ထင်သည်။ ဒီသို့ဆိုလျှင် ကောင်လေးကို ဖို့ ပိုခက်သွားပြီ။

အပေါ်ထပ်အိပ်ခန်းအားလုံးကလည်း ခုတင် စားပွဲ အပြည့် ရှိသည်၊ ဗီရိုကြီးတွေလည်းရှိသည်။ ကြောင်အိမ်ကြီးတွေ လည်းရှိသည်။ အဲဒါတွေထဲမှာ သူ ဝင်ပုန်းနေလျှင်လည်း ပုန်း နိုင်သည်။

ကုတ်နေသည် ဒေါသတကြီးဖြင့် သူ့နှုတ်ခမ်းကိုကိုက်ပြီး ပွဲခုံပေါ်မှာတင်ထားသည့် မှန်အိမ်ကိုဆွဲယူ၍ မီးထွန်း သည်။

မှန်အိမ်ပြခင်းက အနီရောင်ဖြစ်နေ၍ မီးဖိုခန်းတခန်းလုံး သီးထသောက်အောင် နီရဲရဲအရောင်ကြီး ဖြစ်သွားသည်။

ကုတ်နေက.......

"မိုက်ကယ်၊ ငါ စိတ်မဆိုးတော့ဘူး၊ ထွက်ခဲ့တော့၊ ငါ ကို မင်းအားမအိမ်ပြန်ပို့ပေးမယ်"

ဟု ခေါ်လိုက်သောအချိန်၌ အပြင်ကလေကသည်း ပြတင်း ကိုကို အသံကျယ်ကျယ်နှင့် ဆောင့်တိုးလိုက်လေသည်။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

နန်းစီဟာမွန်ကို ခြိမ်းခြောက်ပြီး ငွေတောင်းဖို့ အခွင့်အရေး မှာ သူ ၆ နှစ်လုံးလုံး စောင့်ခဲ့သော အခွင့်အရေး ဖြစ်သည်။

ဗီယက်နမ်ကိုသွားဖို့ အမိန့်ကို ဧ စိတ်စိတ်အမြှာမြှာဆုတ်ဖြဲ ပစ်ပြီး ကနေဒါနိုင်ငံသို့ထွက်မည့် လေယာဉ်ပျံပေါ်ထက်မှာ နေ့ကတည်းက စခဲ့သည်။

ဒီနှစ်တွေမှာ ဟဲလီဖက်မြို့အနီးက လယ်တောတခုတွင် လယ် လုပ်သားအဖြစ် အလုပ်လုပ်ခဲ့သည်။ သည်အလုပ်တခုပဲ သူ ရှာ နိုင်ခဲ့သည်။ ဒါကိုလည်း သူ အင်မတန်မှရွံမုန်းသည်။



စစ်ဘက်မှထွက်ပြေးလာသည်ကို သူ ဘယ်တော့မှဝမ်းမနည်း ပါ။ ဘယ်သူကခရာ အဲဒီနိုင်ငံကိုသွားပြီး ပေါ့ခလးတွေ၏ အနုတ်အပစ်ကို ခံချင်ပါ့မလဲ။ သူတော့ မခံနိုင်ဘူး။

ကနေဒါက လယ်တောမှာ သူ အလုပ်လုပ်ရတာကလည်း တခြားလုပ်စရာမရှိ၍ဖြစ်သည်။ဆန်ဖရန်စစ္စကိုမှထွက်လာတုန်းက သူ့ဆီမှာ ဒေါ်လာ ၆၀ ပဲ ပါလာခဲ့သည်။

အကယ်၍ သူ ပြန်သွားလျှင် သူ့ကို ထောင်ထဲပစ်သွင်းလိုက် မည်။ သူ၏ကျန်သောဘဝကို ထောင်ထဲမှာအချိန်ကုန်ဖို့ သူ စိတ်ရှယ်ပါ။ အာဂျင်တီးနားလို နိုင်ငံမျိုးကို စွန့်၍သွားရလျှင် သူ့အတွက်ကောင်းမှာပဲ။

တခြားစစ်ပြေးများလို နောက်ဆုံးတနေ့ ကိုယ့်နိုင်ငံထဲကို ဝင်မည်တုံ၊ မှတ်ပုံတင်တုများဖြင့် အသားသေး လူမသိအောင် ပြန်ဝင်လာနိုင်သည့်လူတွေနှင့် သူက မတူပါ။

သည် ဟာမွန်အမှုကြောင့် သူသည် အမဲကောင်လို အသိုက်ခံ နေရသည့်လူတယောက် ဖြစ်ခဲ့ရသည်။

ဒီအမှုက ဆုံးဖြတ်ချက်ကို ပြန် မလှန်လိုက်လျှင် ဒီအမှုက ပြီးနေပြီ။

ဟိုအစိုးရခရှ ့နေငနဲက နောင် အနှစ် ၂၀ ကြာသည့်တိုင် ဒီကလေးတွေသတ်မှုနှင့် နန်စီဟာ မွန်ကို တရားပြန်စွဲမည်ဟု ပြော နေသည်။

သူက သက်သေ။ လူသတ်မှုတဲ့။ သည်အမှုအကြောင်း သူပဲ ပြောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇာတ်လမ်းကို ပြန်ကပ်ဖို့ 'ရေဗ'က ခွင့်မပြုနိုင်။

ပြီးခဲ့တဲ့ အကြိမ်က အစိုးရရှေ့နေကြီး၏ လျှောက်လဲချက် ထဲမှာ နန့်စီဟာမွန်သည် သူ့အိမ်ထောင်ရေးအခြေအနေတ ထွက်ပေါက်ရချင်၍ ကလေးတွေကို သတ်ပစ်သည်ဟု ယူဆ စရာအကြောင်းရှိကြောင်း ဂျူရီများကိုပြောခဲ့သည့်အကြော ရှိသည်။

အစိုးရရှေ့နေကြီးက……

"သူမဟာ တယောက်ယောက်နဲ့ ချစ်ကြိုက်နေတယ်လို့ ယူ စရာ အကြောင်းရှိတယ်။ ၁၈ နှစ်လောက်ကတည်းက သူ့ ထက်အသက်ကြီးတဲ့ ယောကျ်ားတယောက်နှင့် လက်ထပ်ခဲ့ လှတဲ့ မိန်းကလေး တယောက်ဖြစ်ခဲ့တယ်။ သူ့ရဲ့ဘဝကို တခြ အမျိုးသမီးများက အားကျစကောင်းအားကျကြမယ်။ ပါမော ဟာမွန့်က သူ့ရဲ့မယားလေးကို ပြုစုပုံ၊ ချစ်ပုံဟာလဲ ပတ်ဝန်း ကျင်မှာ နမူနာပြလောက်တယ်။ ဒါပေမယ့် နန့်စီဟာမွန်ဟာ ကျေနပ်ရောင့်ရဲမှုရှိရဲ့လား၊ မရှိပါ။ သူ့ဝင်ပွန်းက စက်ပြ ကျောင်းသားလေး တယောက်ကို သူမအတွက် နာရီအနည် ငယ် ကသိကအောင့်မဖြစ်ရအောင် စက်ပြင်ဖို့လွှတ်လိုက်တဲ့အခ သူမက ဘာလုပ်သလဲ၊ သူမဟာ ကျောင်းသားနောက်က တကောက်ကောက်လိုက်ပြီး ကော်ဖီသောက်ပါဦးလို့ပြောတယ် သူ့လို ငယ်ရွယ်သူတယောက်နဲ့ စကားပြောရတာကောင်းတယ် ဒီကနေ့ ထွက်သွားရမယ်၊ ကောင်လေးရဲ့လှုပ်ရှားမှုကို စိတ်ပ ဝ္နဲ့ တုံ့ပြန်တယ်၊ ကလေးတွေကို ထိန်းသိမ်းရတာ မနှစ်သက်



ဘူးလို့ သူက ပြောတော့ သူမက သူမရဲ့ကလေးများကို သတ်ပစ် ပေးပါမယ်လို့ ခပ်အေးအေးပဲ ကတိပြုပေးခဲ့ပါတယ်။

"ဂျူရီလူကြီးများ ခင်ဗျား။ ရော့လက်ဂလာသိုလူမျိုးကို တော့ ကျွန်တော် ရှုံ့မုန်းပါတယ်။ ဒီမိုက်မဲတဲ့ မိန်းမကို သူ ဆော့ ကစားတယ်။ ကျွန်တော့်အနေနဲ့ သူတို့နှစ်ယောက်ရဲ့မကောင်း မှုဟာ နမ်းရှုံ့လောက်ကလေးနဲ့ အဆုံးသတ်သွားတယ်လို့ နည်း နည်းလေးမှ မယုံပါဘူးခင်ဗျား။ ဒါပေမယ့်လို့ နန့်စီဟာမွန့်ရဲ့ နှုတ်ကပြောလိုက်တဲ့ အရေးကြီးတဲ့ စကားတခွန်းကို သူ ပြန်ရွတ် တာကိုတော့ ယုံပါလိမ့်မယ်…"

သေချင်းဆိုကြီး။ သည်လျှောက်လဲချက်ကို သတိရတိုင်း 'ရေဗ'သည် အူထဲအသည်းထဲသို့ စိမ့်ပြီး ကြောက်စိတ်များဝင် လာသည်။ သည်အစိုးရရှေ့နေသည် သူ့ကို သည်လူသတ်မှုနှင့် ပတ်သက်ပြီး ကြံရာပါအဖြစ်ဆွဲထည့်ချင် ဆွဲထည့်မှာ။

အဘယ်ကြောင့်နည်းဆိုလျှင် ပါမောက္ခဟာမွန့်၏ မိန်းမက အပူခပေးစက်ပျက်သည်ဟု ဖုန်းဆက်ချိန်တွင် သူက ပါမောက္ခ အခန်းထဲမှာရှိနေလို့ပဲ ဖြစ်သည်။

သာမန်အားဖြင့် 'ရေဗ'သည် လူဘကာကို အမြဲကူညီတတ် သည့်သူ မဟုတ်။

ဒါပေမယ့် သူ့အနေနှင့် ဘယ်စက်၊ တယ်အင်ဂျင်ပဲဖြစ်ဖြစ် သူမပြင်တတ်တာ မရှိသည့်အပြင် သည်ပါမောက္ခအိုကြီးသည် မယားချောချောလေး ယူထားသည်ဟု သူများပြောသံကြားမိ တာကြောင့် ယခုလို ကူညီဖို့ပြောမိခြင်း ဖြစ်သည်။

www.burmeseclassic.com



အဲဒါလေးကြောင့် သူက ကူညီမယ်ဟုပြောမိကာ သူရောက်သွားတော့ နန်းစီဟာမွန်အကြောင်း ဟိုင်နဲ့ပြောဆာ မွန်သည် ဆိုးကြောင်း တွေ့ရသည်။

သူမသည် တကယ့်ကိုလှသည်။ သူ့ကိုယ်သူတော့ သိမည် ဆင်။ သူမ နေပုံကလည်း တွန့်ဆုတ်ဆုတ်နှင့်။

သူရောက်သွားသောအချိန်က နေ့လယ်သောက်ရှိပြီ။ ကလေးတွေကို နေ့လယ်စာ ကျွေးနေသည်။ အမှန်တော့ သူ့ကို သူမက သိပ်ဂရုမစိုက်ပါဘူး။ သူ့ကို ကျေးဇူးတင်မယ်ဟုပြောပြီး ကလေးတွေ၏ အလုပ်ကိုပဲ ဆက်လုပ်နေသည်။

သူမ၏ ဂရုစိုက်မှုကို ရချင်လျှင် ကလေးတွေမှ စလုပ်ရမည် ဟု သူသတိပြုမိသည်။ သည်တော့ ကလေးတွေနှင့် စကားစမြည် စပြောသည်။ ကလေးတွေက သူ့ကို ခင်မင်ရင်းနှီးအောင်လုပ်ဖို့ 'ရော့' အနေနှင့် လွယ်ကူသည်။

နောက်ပြီး သူ့ထက်ကြီးသော မိန်းကလေးတွေကိုလည်း သူ အဘောကျသည်၊ သည်မိန်းကလေးက သူ့ထက် အသက်သိပ် ကြီးလှသည်တော့ မဟုတ်။ သူ့အသက် ၁၆ နှစ်လောက် တည်းက ဖိုမဆက်ဆံရေး အတွေ့အကြုံမျိုးတွေ ရခဲ့သည်။ သူ့အနေနှင့် ဣတ္ထိယကျမ်းတစောင် ရေးမည်ဆိုလျှင် ရေးနိုင် လောက်ရဲ့။

အဲအကြာမှာ ကလေးတွေက သူနှင့်ရင်းနှီးလာသလို နန်းစီ သည်း ဝင်ရောက်ရောနှောလာသည်။ မီးဖိုပြင်ဖို့အတွက် ကောင်



လေးကို သူက ပြောသလိုလိုနှင့် သူ့လက်ထောက်လေးဟု ခေါ်သည်။

သည်တော့ သူမျှော်လင့်ထားသည့်အတိုင်း ကလေးတွေက သူတို့လည်း လိုက်ချင်တယ်ဟုဆိုပါလေရော။ သည်တော့ နန်းစီက ကလေးတွေက အနှောင့်အယှက်မဖြစ်အောင် ထိန်းဖို့ဆိုပြီး လိုက်လာရပါလေရော။

မီးဖိုက အပျက်ကြီးပျက်လှသည် မဟုတ်။ ဆီစစ်သည့်နေရာလေး ချေးဆို့နေတာပဲဖြစ်သည်။ ဒါပေမယ့် သူက ပစ္စည်း အစားတခုလဲရမည်။ သောသောဆယ် တောတော့ အသုံးပြုလို့ရအောင် ပြင်ပေးထားခဲ့မယ်ဟု ပြောခဲ့သည်။

ကနေ့တော့ သူ မြန်မြန်ပြန်လာခဲ့သည်။ ပါမောက္ခကြီးကို စိတ်အနှောင့်အယှက်မပြုသင့်ဘူး မဟုတ်လား။ သူ့ရုံးခန်းကို တန်းပြန်သွားသည်။ ပါမောက္ခကြီးသည် သူပြန်ရောက်သွား၍ စိတ်မတည်ငြိမ်သည့် အမူအရာရှိနေသည်ကို တွေ့ရသည်။ သူမြန် မြန်ပြန်ရောက်လာတာမြင်တော့မှပဲ စိတ်အေးသွားပုံရသည်။

"မြန်လှချည့်သားကွ၊ မင်း တော်တော်တော်တဲ့ကောင်ပဲ၊ ဒါမှမဟုတ်ယင် ပြင်လို့မရလို့သား"

'ရော့'က......

"အခုတော့ သုံးလို့ရနေပါပြီ၊ ဒါပေမယ့် ပစ္စည်းသစ်တခု ထပ်ဆည့်ရမယ်၊ အဲဒါလဲ ကျွန်တော်ဝယ်ပေးပါမယ်။ သာမန်

www.burmeseclassic.com

www.burmeseclassic.com



စက်ပြင်ဆရာကိုခေါ်လိုက်ယင် ဒါလေးကို အကျယ်ချဲ့ပြောမှာပါဆရာ၊ သိပ်မခံပေးချင်ဘူး။ ကျွန်တော် သွားဝယ်ပေးပါ့မယ် ဆရာ”

ပါမောက္ခကြီးက ကျွန်တော့်ကို ယုံသွားသည်။ ငွေ သက်သာတာကို သဘောကျလို့လည်း ဖြစ်နိုင်တာပဲ။ သည်တော့ ‘ရှော့’က နောက်တနေ့ပြီး နောက်တနေ့မှာ ပြန်သွားသည်။

ပါမောက္ခက ‘သူ့မိန်းမဟာ စိတ်မငြိမ်ဘူး။ အချိန်အများကြီး အနားယူနေတယ်။ ဒီတော့ သူ့ကို နည်းနည်းရှောင်ပေးကောင်းမယ်’လို့ သတိပေးလိုက်သည်။

ဒါပေမယ့် ‘ရှော့’သည် သူ့မိန်းမ ဘယ်နေရာမှ စိတ်မငြိမ်တာကို မတွေ့ရ။ နည်းနည်းလေး ကြောက်တတ်တာ၊ မငုံ့ဖြစ်တာလောက်တော့ ရှိပါရဲ့။ သူနှင့် စကားပြောချင်အောင်သူ စခဲ့သည်။ သည်တော့ သူမက သူ့မေမေ သေဆုံးပြီးသည့်နောက် သူ့မှာ စိတ်ဓာတ်အကျကြီးကျသွားသည်ဟု ပြောခဲ့သည်။

သူမက….

“အဲဒီတုန်းက ကျွန်မ သိပ်ကိုကျသွားတယ်၊ ဒါပေမယ့်အခုတော့ နည်းနည်းကောင်းလာပါပြီ။ အခု ကျွန်မဆေးမသောက်ပဲ ရပ်ထားတာ၊ ဒါကို ကျွန်မယောကျ်ားမသိဘူး၊ ဒါကို သူသိယင် စိတ်ဆိုးမှာပဲ၊ ကျွန်မအနေနဲ့က ဆေးမသောက်ပဲနေတာ [illegible] နေကောင်းပါတယ်”



‘ရှော့က’ အစမ်းသဘောလေးဖြင့် သူမ သိပ်လှတာပဲဟု ပြောလိုက်သည်။ သူ့အနေနှင့် သည်မိန်းမသည် အသဘောသွားသည့် မိန်းမဖြစ်မှာပဲဟု သံသယဝင်လာခဲ့သည်။

ဒီပါမောက္ခကြီးနှင့် ပေါင်းသင်းနေရတာကို ပျင်းရိငြီးငွေ့နေပြီး နေမထိထိုင်မသာဖြစ်နေတာကတော့ ပေါ်လွင်နေသည်။ ဒီတော့ သူက သူမကို အပြင်အလည်အပတ်များထွက်ဖို့ကောင်းသည်ဟု ပြောခဲ့သည်။ ဒီတော့ သူမက….

“ကျွန်မယောကျ်ားက အပေါင်းအသင်းတွေ မလိုလားပါဘူးရှင်၊ သူက နေ့တနေ့ကုန်သွားယင် တခြားလူတွေကို တွေ့ဖို့ မလိုတော့ဘူးလို့ ယူဆထားတဲ့သူပါ။ အထူးသဖြင့် ကျောင်းသားတွေအများကြီးနဲ့ တနေကုန် တွေ့နေရပြီးမှ မလိုတော့ဘူးလို့ သူ ယုံကြည်ထားတယ်”

အဲဒီအချိန်မှာ သူက ဒီအမျိုးသမီးကို စကြည့်ယင် ကောင်းပြီဆိုတာကို သူသိလိုက်ပြီ။

ဟာမွန်ကလေးတွေ ပျောက်သွားသည့်မနက်က ‘ရှော့’သည် ရေပက်မဝင်နိုင်လောက်အောင် ခိုင်လုံသောဆင်ခြေများ ရှိ၏။ အတန်းထဲမှာ ကျောင်းသားဖိုဟောက်နှင့် သူ အတူရှိနေတည်း။

အစိုးရ ရှေ့နေကြီးကလည်း တကယ်လို့များ သင့်မြင်သည့် အစအနလေးများ တွေ့နိုင်မယ်ဆိုယင် သူဟာ ‘ရှော့’ကို လူသတ်မှု အားပေးကူညီသူတယောက်အဖြစ် စွဲချက်တင်မှာပဲဟု ပြောခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရော့'က ရွှေနေတစ်ယောက် ငှားခဲ့သည်။ ဒီတုန်းက သူ အင်မတန်ဒိုးရိမ်ကြီးခဲ့သည်။ ကူးပါးမြို့မှာ သူ့ကို ကလေးအဖေ အဖြစ် တရားစွဲခံရသည့် အမှုနဲ့ပတ်သက်ပြီး အစိုးရ ရှေ့နေကြီး က ထုတ်ဖော်ပြောမှာကို သူ မလိုလားခဲ့ပါ။

သူ့ရှေ့နေက သူ့ကို ဂုဏ်သရေရှိပါမောက္ခကြီး၏ အလွန်ကျိုးနွံသည့် တပည့်တစ်ယောက်ဖြစ်အောင် ဖန်တီးရမည်။ဆရာ တစ်ယောက်ဆိုလျှင် အကူအညီပေးဖို့ ဖင်ပေါ့ရမည်။ ပါမောက္ခ မယားနှင့်ပတ်သက်ပြီး သူ ဝေးဝေးက နေခဲ့သည်၊ ရှောင်ခဲ့သည်။

သူမက တကောက်ကောက် လိုက်၍သာ ဖြစ်ရတာ။

ကလေးတွေကို သူ ဖိသတ်မယ်လို့ ပြောသည့်စကားကလည်း အလေးအနက်မထားခဲ့ပါ။ အမှန်ပြောရလျှင် သူမသည် စိတ်ချောက်ချားနေသည်၊ ဖျားနေသည်။ ပါမောက္ခကြီး သူ့ကို သတိပေးသည့်အတိုင်းဖြစ်မှာပဲဟု သူ ယူဆခဲ့သည်။

ဒါပေမယ့် သက်သေခံသည့် အခါကျတော့ သည့်အတိုင်း ဖြစ်မလာခဲ့ပါ။ အစိုးရရှေ့နေကြီးက အေးအေးလေးနှင့်....

"မင်း ဒီအမျိုးသမီးကို စိတ်ပါခဲ့သလား"

'ရော့'သည် တရားခံ၏ရှေ့နေနှင့်အတူ ထိုင်နေသော နန်းစီကို ကြည့်ပြီး ကြောင်တောင်တောင်ဖြစ်နေသည့် နန်းစီ၏ မျက်လုံးကို မြင်တော့....

"ကျွန်တော် ဒီလိုအမိပွာယ် မထင်ခဲ့ပါဘူး။ ကျွန်တော့် အနေနဲ့ ကျွန်တော် အင်မတန်ကြည်ညိုတဲ့ ဆရာကတော်ဖြစ် တယ်လို့ ယူဆပါတယ်။ ကျွန်တော့်အနေနှင့် မီးဖိုကိုမြင်ပြီး ကျွန်တော့်အခန်း မြန်မြန်ပြန်ရောက်ဖို့ပဲ။ ကျွန်တော့်မှာလဲ



ကျောင်းစာတွေလုပ်စရာရှိနေတဲ့အပြင် ကလေး ၂ယောက်ရှိပြီး ရောဂါသည် မိန်းမတစ်ယောက်ကိုတော့ ကျွန်တော် စိတ်မပါ ပါဘူး"

အစိုးရရှေ့နေကြီး မေးလိုက်သည့် မေးခွန်းလေးတခုကို အဲသည်လောက် ကျယ်ကျယ်ပြန့်ပြန့် ဖြေဆိုခဲ့ရသည်။ အစိုးရ ရှေ့နေက မေးပြီးသည့်အခါကျမှတော့ 'ရော့'သည် တကိုယ်လုံး ချွေးသီးချွေးပေါက်တွေနှင့် ရှဲနေသေတော့သည်။

ဟုတ်ပါသည်၊ ပါမောက္ခ၏မယားလေးဟာအရုပ်ကလေးလို လှတယ်လို့ သူ ကြားဖူးတယ်။ မဟုတ်ဘူး၊ သူဟာ အမျိုး တကာအလုပ်ကို အချိန်အားရှိတိုင်း လိုက်ကူညီတတ်သူ မဟုတ် ပါဘူး။ ဟုတ်တဲ့၊ ဒီအမျိုးသမီးကို သူ မြင်ချင်တွေ့ချင်တဲ့ စိတ် ဆန္ဒရှိတာ မှန်ပါတယ်။ ဟုတ်ကဲ့၊ ဒီအမျိုးသမီးကို ကျွန်တော် စမိပါတယ်။

"အဲဒီလောက်နဲ့ပဲ ရပ်သွားတယ်"

'ရော့'သည် သက်သေထိုင်ခုံကနေ တအား အော်ပြောလိုက် သည်။

ကျောင်းသူ ၂ထောင်လောက်ရှိတဲ့ တက္ကသိုလ်မှာ ဒီလို ပြဿနာမျိုး ကျွန်တော် မလိုလားဘူး။

သည့်နောက် သူက နန်းစီကို သူမက စ၍ဖြင်တာပါဟု ပြောခဲ့ကြောင်း ဝန်ခံခဲ့သည်။

သည့်နောက် အစိုးရရှေ့နေကြီးက သူ့ကို ရွံရှာမုန်းတီးသည့် မျက်နှာထားနှင့်ကြည့်ပြီး ကူးပါးမြို့ကအမှုတွဲ၏ မှတ်တမ်းထဲမှ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို စိတ်ဆိုးဒေါသပွားနေသော လင်ယောကျ်ားက ရိုက်နှက်ဆို ကြိတ်သည် ဆိုသောအကြောင်း ဖတ်ပြသည်။

အစိုးရရှေ့နေက......

"ဒီမြားပွေတဲ့ငနဲဟာ သူ့ဘဝါးကို ရိုးသားစွာ ကူညီချင်တဲ့ သူတယောက် မဟုတ်ဘူး။ အဲဒီအိမ်ကို သူ သွားတာဟာ မိန်းမချောတယောက်ရှိတယ်လို့ သူ ကြားထားတဲ့အတိုင်း ဟုတ်မဟုတ် တမင် အခွင့်အရေးယူပြီးသွားတာ။ သူမကိုလဲ စပြီး ကစားခဲ့သေးတယ်၊ သူ မျှော်လင့်ထားတာထက် အများကြီး အောင်မြင်ခဲ့တယ်၊ ဂျူရီလူကြီးများခင်ဗျား....။ ဟာမွန်ကလေးတွေ သတ်ဖို့ အစီအစဉ်ထဲမှာတော့ ဒီနေရာလက်ဂသာပါတယ်လို့ ကျွန်တော် မပြောချင်ဘူး။ ဒါပေမယ့် ဘုရားသခင်အလိုအရ ပြောရယင် သူဟာ အပြစ်ရှိပါတယ်။ သူဟာ ဒီသတ္တဝါမဲ့ပြီး စိတ်လှုပ်တဲ့မိန်းမကို တကယ်လို့ သူဟာ လွတ်လွတ်လပ်လပ် ဆိုခဲ့ယင် သူတို့ အချင်းချင်းနေထိုင်ဖို့ ဖြစ်နိုင်မှာပဲလို့ ပြောခဲ့တယ်။ ဒါကြောင့်မို့ သူမဟာ လူသားများရဲ့ ပင်ကိုအသိစိတ်ခေတ်က မနှစ်မြို့တဲ့ လွတ်လပ်ခြင်းပုံစံမျိုးကို သူ ရွေးချယ်ခဲ့တယ်။ ကလေးတွေကိုသတ်ပြီး သူ့လွတ်လပ်မှုကို ရယူခဲ့ပါတယ်"

ဟု လျှောက်လဲချက်ထဲမှာ ထည့်ပြောသွားခဲ့သည်။

နန်စီဟာမွန်ကို သေစားသေစေဟု အမိန့်ချပြီးသည့်နောက် ပါမှာကျွဟာမွန်သည် ကိုယ့်ကိုယ်ကို အဆုံးစီရင် သွားခဲ့သည်။



ကလေးတွေပြန်တွေ့သည့် သောင်ခုံဆီသို့ သူ ကားမောင်း ပြီး ကားကို သောင်ခုံမှာသားပစ်ခဲ့သည်။ မော်တော်အား ကိုင်မှာ စာတစောင်ရေးပြီး ချိတ်ထားခဲ့သည်။

စာထဲမှာ သည်ပြသနာသည် သူ့အမှားကြောင့် ဖြစ်ရတာ၊ မိန်းမသည် ဘယ်သောက်နေမကောင်းဘူးဆိုတာ သူ မသိ ဖြစ်ရတာ၊ ကလေးတွေကို သူမထံမှာ သူထားခဲ့ပြီး သီးခြားမွေး သင့်တယ်။ ဒါကြောင့်မို့ သူမ၏ လုပ်ဆောင်ချက်နဲ့ သူတို့ တွေသေရတာဟာ သူ့မှာတာဝန်ရှိတယ်ဟု ရေးသားခဲ့ သည်။

"ကျွန်တော် ဘုရားသခင်ထံမှာ ဆုတောင်းဖို့ ကြိုးစားခဲ့ ။ ကျွန်တော် သူမကို ချစ်လွန်းအားကြီးလို့ သူ့ကို ကျွန် တော် ဆေးကုနိုင်မယ်လို့ထင်ခဲ့တယ်။ ကလေးတွေ ပြုစုပျိုးထောင် လုပ်ကို သူ့အမေသေလို့ ပူဆွေးသောက ရောက်ရတာက ပြောင်းလာမယ်လို့ ထင်ခဲ့တယ်။ ချစ်ခြင်းနှင့် ပြုစုစောင့် ခြင်းက သူမကိုဆေးကုပေးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင် ခဲ့တယ်။ ဒါပေမယ့် ကျွန်တော် မှားခဲ့တယ်။ ကျွန်တော်ဟာ တဲ့ဝန်ကိုထမ်းခဲ့တယ်။ နန်စီ ငါ့ကို ခွင့်လွှတ်ပါ"

အပြစ်ရှိကြောင်းချမှတ်ထားသည့်အမိန့်ကို ပြောင်းပြန်လှန် ကိစ္စက လက်ခံသူ များများစားစားမရှိခဲ့။

ဖြစ်ပုံမှာ ဂျူရီလူကြီး အဖြစ်ဆောင်ရွက်ရသည့် အမျိုးသမီး ယောက်သည် အမှုစစ်နေစဉ်ကာလအတွင်း စားသောက်ဆိုင် မှာ နန်စီသည်တကယ့်ကိုအပြစ်ရှိသည်ဟု တိုင်ပင်ဆွေးနွေး ချက်ကို အခြားလူများ ကြားမိသိုက်ကြ၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုကိုအစကတဖန် ပြန်စစ်ဖို့ အမိန့်ကျသည့်အခါ ကျ
'ရော့'သည် ကျောင်းကစာမေးပွဲအောင်သွားပြီး စစ်မှုထ
အဆွဲခံရတာ ဗိုလ်ကြက်နမ်ကိုပို့ခဲ့သည်။ ထိုအခါတွင် သူ လင်း
သွားတော့သည်။

သူမရှိတော့သည့်အတွက် အစိုးရရှေ့နေမှာ နန်စီကို တ
ဆွဲဆိုရန်သက်သေမခိုင်လုံသဖြင့် တရားရှင်လွှတ်လိုက်ရလေသ

ဒါးပမယ့်ရှေ့နေကြီးက 'ရော့'ကိုပြန်ရှာ၍ တွေ့သည့်
မှာ သူမကိုတရားပြန်စွဲမည်ဟု အမြဲတမ်း ကြိမ်းမောင်း
သည်။

ကနေဒါမှာ ရှိနေခဲ့သည့်ကာလအတွင်း 'ရော့'သည် ဒီအ
ပတ်သက်ပြီး ခဏခဏသတိရနေခဲ့သည်။ ဒီအမှုဘနုလုံး
အနေကို ပြန်သေ့လာကြည့်သောအခါ သူ့စိတ်ထဲမှာ မ
မကျဖြစ်သည့်အချက်များကို တွေ့ရသည်။

သူသည် ဓားလူအားယောက်အနေနှင့် နန်စီကို လူသတ်သမ
တယောက်ဟု မထင်နိုင်။ သူမသည် တရားရုံးမှာတုန်းက ရှပ်
ဟရှပ်လိုဖြစ်ခဲ့ရသည်။ ပါးမှာကွက်ကြီးကလည်း သူမကို
အညီမပေးခဲ့။

သူမသည် မည်မျှတော်သော မိခင်တယောက် ဖြစ်ခဲ့သည်
သည့်အကြောင်း သက်သေခံနေယင်း ပေါက်ကွဲသွားပြီး သ
သေခံမှု ပျက်ပြားသွားခဲ့ရသည်။

ကနေဒါမှာ 'ရော့'သည် သူလိုစေ်းပြုးသမားအဖွဲ့စည်းထဲ
ဒီအမှုနဲ့ပတ်သက်ပြီး နည်းနည်းအထင်ကြီးခံရသည့်သူတယော
ဖြစ်ခဲ့သည်။



သူတို့က နန်စီအကြောင်းမေးရာ နန်စီသည် ဘယ်မိန်းမစား
မျိုးဖြစ်ကြောင်း သူက ကြွားပြောခဲ့သည်။ သူတို့အခုင်ချင်း
ဖြစ်တာထက်နည်းနည်းပိုးပြောခဲ့သည်။ သတင်းစာ ဖြတ်ပိုင်းဓာ
တွေနှင့် နန်စီ၏ဓာတ်ပုံများကိုလည်း သူတို့ကို ပြခဲ့သည်။

သည်မိန်းမမှာ ပိုက်ဆံရှိမှာပဲ။ အမှုစစ်ဆေးတုန်းက သူမ၏
အမျိုးများက ငွေတသိန်းခွဲလောက်အမွေပေးခဲ့ကြောင်း ပေါ်
လာသည်။ အကယ်၍များ ဒီမိန်းမကိုရှာတွေ့လျှင် သူ့ထံမှ
ငွေကိုခွဲယူပြီး အာဂျင်တီးနားကိုထွက်ပြေးဖို့ သူ စိတ်ကူးခဲ့သည်။

များမကြာမီ သူ အခွင့်အရေးတခုရခဲ့သည်။ သူ့ သူငယ်ချင်း
ဂျင်အဲလစ်သည် ကင်ဆာရောဂါနှင့်ဆေးရုံ၌ နီးဖြစ်ပေ သူ့
အမေကို သွားကြည့်ဖို့ အမေရိကန်ပြည်သို့ ဝင်ခဲ့သည်။ သူ့
အမေသည် ဘော်စတွန်မှာနေသည်။ ဂျင်က ဖမ်းဖို့ စုံထောက်တွေ
ကလည်း ဂျင်အမေ့အိမ်ကို စောင့်ကြည့်နေကြသည်။ သည်တော့
သူ့အမေက ကိတ်ကော့မှာ အိမ်လေးတလုံးငှားနေပြီး အဲဒီမှာ
သူနှင့်ဆုံခဲ့သည်။ ဂျင် ကနေဒါပြန်ရောက်တော့ အရေးဝကြီး
သတင်းများပါလာသည်။ နန်စီဟာမွန် တယ်မှာနေတယ်ဆိုတာ
သီယံ မင်းအတွက် ဘယ်လောက်တန်ဖိုးရှိလဲဟု 'ရော့'ကို
သူက မေးပြောပြောလိုက်သည်။

'ရော့'က စောစောပိုင်းက မယ့်ပေးယ့်နန်စီကို တိတ်တိတ်ခိုး
ရိုက်ထားသော ဓာတ်ပုံပြတော့မှ ယုံခဲ့သည်။ ယုံမှားသံသယ
နိုင်ချေ၊ နောက်ထပ် နည်းနည်းပါးပါး စုံစမ်းခဲ့သေးသည်။
သူမ၏ခင်ပွန်း စီပွားရေး ကောင်းတာ ကိုလည်း သိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ဘော့ သူတို့နှစ်ယောက်သည် စီမံကိန်းတခုရေးဆွဲစီစဉ်လိုက်သည်။

'ရော့'က နန်စီကို သွားတွေ့မည်။ အကယ်၍ သူ့ကို ငွေ ၅ သောင်းပေးလျှင် အာဂျင်တီးနားကိုအပြီးအပိုင်ထွက်သွားတော့မည်။ နောက်ထပ် သူမအပေါ်စွပ်စွဲဖို့ သက်သေမခံတော့ဘူး၊ စိတ်ချလက်ချနေနိုင်တော့မည်။ ဒါကို နန်စီ လက်ခံနိုင်မည်ဟု သူက ဆင်ခြင်မိသည်။

ဘာကြောင့်လဲဆိုလျှင် သူမသည် နောက်အိမ်ထောင်ပြုပြီး နောက်ထပ်ကလေးတွေလည်း ရနေ၍ဖြစ်သည်။ သူမအနေနှင့် နောက်ထပ်အကြိမ် တရားရုံးရောက်အောင် အဆွဲခံရပြီး တရားစွဲမခံရတော့ဘူးဟု သိရသည့်အတွက် ပေးရသည့်တန်ဖိုးသည် မများလှဟု သူ ယူဆမိသည်။

ဂျင်က သူ့အတွက် ၂၀ ရာနှုန်းပေးရမည်ဟု ပြောသည်။ 'ရော့'က နန်စီကိုသွားတွေ့နေချိန်မှာ 'ရော့'အတွက် နိုင်ငံကူးလက်မှတ်အတု၊ မှတ်ပုံတင်အတု၊ အာဂျင်တီးနားသွားဖို့ လေယာဉ်ပျံလက်မှတ် အစရှိသည်တို့ကိုပြင်ဆင်ထားပေးမည်။ ဒါတွေဟာ ငွေပေးလျှင်ရနိုင်သည်။

အစီအစဉ်ကို သူတို့ သေသေချာချာရေးဆွဲကြသည်။ ကနေဒါမှာ ကျောင်းလာနေသော အမေရိကန်လေးတယောက်ထံမှ မော်တော်ကားဘီးကို 'ရော့'က ရအောင်ငှားခဲ့သည်။

သည်ခရီးအတွက် သူ မှတ်ဆိတ်တွေရိတ်ပြီး ဆံပင်တိုတိုညှပ်လိုက်သည်။ ကမ္ဘာလှည့်ခရီးသည် ဆံရှည်ဟစ်ပီပုံစံမျိုးနှင့် ပြည်



[illegible]ပြန် ဝင်သွားလျှင် ပြည်တွင်းရဲများက မလွှတ်တမ်း[illegible]က တကောက်ကောက်လိုက်ချောင်းတတ်သည်ဟု ဂျင်က သတိပေးခဲ့၍ဖြစ်သည်။

ဟယ်လီဖက်မြို့မှ ဇောက်လျှောက် ကားမောင်းဝင်လာဖို့ 'ရော့' ဆုံးဖြတ်လိုက်သည်။ ပြည်တွင်းမှာ အချိန်နည်းနည်းနေရလေလေ သူ အဖမ်းခံရဖို့ အခွင့်အရေးကလည်း နည်းလေလေပဲ။

ကိတ်မြို့ကို နံနက်စောစောရောက်အောင် အချိန်ကိုက်လာခဲ့[illegible]သည်။ နန်စီခင်ပွန်း၏ရုံးခန်းသည် ၉ နာရီခွဲမှာ ဖွင့်သည်ဟု [illegible]က စုံစမ်းခဲ့သည်။ သူ့အိမ်ကို ၁၀ နာရီခန့် အရောက်[illegible]သွားမည်။

ဂျင်က သူမအိမ်သွားဖို့ မြေပုံလေးတခုရေးဆွဲပေးလိုက်သည်။ [illegible]တောထဲကဖြတ်သွားသော လမ်းကလေးကိုလည်း ထည့်ဆွဲ[illegible]ခဲ့သည်။ ဒီလမ်းကလေးမှာ သူ့ကားကို ဝှက်ထားခဲ့လျှင် [illegible]ည်း ရသည်။

ကိတ်မြို့ကိုရောက်တော့ သူ့ကား ဓာတ်ဆီတော်တော်နည်း[illegible]ပြီ။ ယင်းကြောင့် ဟိုင်းဝေးနှစ်မှာ ဓာတ်ဆီဖြည့်ခဲ့သည်။ ရာသီ[illegible]တ်သည့်တိုင် အလည်အပတ်ခရီးသည်များ တော်တော်များ[illegible]း လာကြသေးသည်ဟု ဂျင်က ပြောပြခဲ့သည်။ သည်တော့ [illegible]ကို လူတွေ သိပ်သတိပြုမိမည် မဟုတ်ပေ။

လမ်းတလျှောက်လုံးမှာ သူ့အခနေနှင့် သူ့အစီအစဉ်[illegible]တို့သင်မယားနှစ်ယောက်ရှေ့မှာပြောရလျှင် ကောင်းလား[illegible] ဧ၀၀၉၀ ါစဉ်းစားကာလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ပိုက်ဆံများများရှိသည့်အကြောင်း သူ့ယောက်ျား သိဖို့လည်းလိုအပ်ဦးမည်။ အကယ်၍များ သူ့ယောက်ျားက ရဲတိုင်လိုက်လျှင် ဘယ့်နှယ်လုပ်မလဲ။ သည်တော့ 'ရော့'သည် စစ်မြေပြင်မှုနှင့်ရော ငွေခိုးခြောက်တောင်းမှုနှင့်ပါ ထောင်ကျနိုင်သည်။

နန်စီတယောက်တည်းကို ပြောတာက ပိုကောင်းလိမ့်မည်။ သူမအနေနှင့် တရားခံခုံမှာထိုင်ရတာ သတိရနေဦးမှာပဲ။

ဓာတ်ဆီဆိုင်က အလုပ်သမားလေးသည် ဘော်ဒီတော်ကို အကူအညီရသည်၊ ဆီ၊ ရေ၊ လေ အကုန်လုံးစစ်ဆေးပေးသည်။ ကားရှေ့မှန်ကို တိုက်ချွတ်ပြီး လေလည်းဖြည့်ပေးသည်။ ဒါကြောင့်မို့လည်း 'ရော့'သည် သတိလွတ်သွားသည်။

သူက ငွေရှင်းတော့ အလုပ်သမားလေးက "ခင်ဗျား ငါးများဖို့လာတာလား" ဟု မေးလိုက်သည်။ ဒီနေရာမှာ သူ အားချောင်ခဲ့သည်၊

သူလာသည့်ကိစ္စက အဒမ်ပိုက သူ့ကိုသိပ်တွေ့ချင်ပုံမရသော မိန်းကလေးမိတ်ဆွေဟောင်းတယောက်ကို တွေ့ဖို့ လာခဲ့သည်ဟု ပြောလိုက်မိသည်။ သူ အားချောင်မိသည်ကိုသတိပြီး ချက်ချင်းပဲ ထွက်သွားခဲ့သည်။

အဒမ်ပိုက ကိုးနာရီ ၄၅ မိနစ်မှာ ဝင်လာခဲ့သည်။ ကားကို ဖြည်းဖြည်းမောင်းယင်း ဂျင် ဆွဲပေးလိုက်သည့် မြေပုံလေးကို ကြည့်ကာ နယ်အခြေအနေကို လေ့လာခဲ့သည်။ ဒါတောင်မှ နန်စီတို့၏ အိမ်နောက်ဘက် သစ်တောထဲဝင်သည့် မြေလမ်းကလေးကို မမြင်မိပဲ ကျော်မိတော့မလို ဖြစ်ခဲ့သည်။



အဲဒီလမ်းကလေးထဲမှထွက်လာသည့် ဖို့စက်ဗွန်ကြီးကို ထွက်လာနိုင်ဖို့ သူ့ကားကို အရှိန်သတ်လိုက်မိသည်။ သည်တော့မှ သူ့ကားကိုနောက်ပြန်ဆုတ်ပြီး သည်လမ်းကလေးထဲ ကွေ့ဝင်ခဲ့သည်။ သစ်တောထဲမှာ ကားရပ်ပြီး နန်စီတို့အိမ်အနောက်ဘက်ကို လမ်းလျှောက်ဝင်လာသည်။

အဲဒီအချိန်မှာ သူမသည် အရှူးမကြီးလို ဟိုတုန်းက သေသွားပြီးသည့် ကလေးများ၏နာမည် ပီတာ၊ လီဇာဟု တအားအော်ပြီး ပြေးထွက်လာတာမြင်လိုက်ရသည်။ သူ့နောက်မှ သစ်တောထဲကိုဖြတ်ပြီး ရေကန်အထိ သူ လိုက်လာပြီး သူမ ရေကန်ထဲကျသွားသည်အထိ စောင့်ကြည့်ခဲ့သည်။

သူမနောက်ကိုဆက် သွားရန်ပြင်လိုက်ဆဲ သူမသည် ခေါင်းခိုးပေါ်သို့ တွယ်တက်လိုက်သည်။ သူ့ဘက်ကို သူမ ကြည့်လိုက်သည်ကို သူ မြင်လိုက်သည်။

သူ့ကို သူမ မြင်သလား မမြင်သလားတော့ သူ မသေချာ။ သည်နေရာမှ ချက်ချင်း ထွက်သွားရတော့မည်ဆိုတာကို သူ သိလိုက်ရပြီ၊ ဘာဖြစ်သည်ဆိုတာကိုတော့ သူ မသိ။ ဒါပေမယ့် ဒီအထဲမှာ သူ မပတ်သက်ချင်ပါ။

ကားထဲပြန်ရောက်သည့်အခါ သူ့စိတ်ကို သူ ငြိမ်အောင်ပြန်ထိန်းလိုက်သည်။ သူမသည် အရက်သမား တယောက်များ ဖြစ်နေပြီလား။

အခုလို သေဆုံးပြီးသော ကလေးတွေ၏နာမည်ကိုအော်ကြီး ဟစ်ကျယ်နှင့် အော်ခေါ်ပြီး ငိုနေသေးတယ်ဆိုလျှင် နောက်

www.burmeseclassic.com

www.burmeseclassic.com



တကြိမ် တရားအစွဲမခံရတော့ဘူးဟု မပူပင်ရသည့် အခွင့်အ... မျိုးကိုနမည်ဆိုလျှင် သူမသည် အခမြူးအလွှားယူမှာပဲဟု ... မှန်းဆမိသည်။

သည်တော့ အဒမ်ပို့ တည်းခိုခန်းတခုခုမှာ တည် ပြီး နေ... နေ့မှ သူ့ကိုတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

တည်းခိုခန်းရောက်တော့ 'ရော့'သည် မောပန်းပြီး တ... တည်းအိပ်ရစ်လိုက်သည်။ နေတော်တော် စောင်းမှ အိပ်ရာ... နိုးနိုးချင်း သတင်းနှုတ်စောင်ဖို့ ရုပ်မြင်သံကြားစက်ကိုဖွင့်လို... သည်။

ရုပ်မြင်သံကြားမှ သူ့ဓာတ်ပုံပေါ်လာပြီး ဟာမွန်လူသ... မှာ ပျောက်နေသော သက်သေတယောက်ဖြစ်သည်ဟု အော... အသံတသံကပြောသံကို ကြားလိုက်ရသည်။

သတင်းကြေငြာသူက အဲဒရက်ကလေးတော့ပျောက်ဆုံးသွာ... သည့်အကြောင်း အစအဆုံးပြန်ပြော နေသည်။ သူ့စိတ်ထဲမှာ ငါ့အသက်မှာဖြင့် ဒီတကြိမ် ညွှပ်ပူးညှပ်ပိတ်မိနေပြီဟု ထင်လိုက် လေတော့သည်။

သူ မှတ်ဆိတ်မွေး များရိတ်ပစ်ပြီး ဆံပင်ကိုလည်းတိုထား၍ ဓာတ်ပုံထဲကရုပ်နှင့် တခြားစီတည်းတူနေတော့သည်။

အကယ်၍ နန့်စီအဲဒရက်သည် နောက်အိမ်ထောင်၏ကလေး တွေကို တကယ်သတ်ပစ်သည်ဆိုလျှင် အဲဒီနေ့မှာ သူ မပါဘူး ဟု ဘယ်သူ့ကိုပြောလို့မှ ယုံတော့မည်မဟုတ်။



သူ မရောက်ခင်ကလေးကပဲ အဲဒါဖြစ်မှာပါ။

မြေပုံကလေးကို သူ မကြွေခင်လေးမှာထွက်လာသည့် ဝက်ဂွန်ကြီးကို သူ ပြန်စဉ်းစားလိုက်သည်။ မက်ဆာချူးဆက် ပြည်နယ်လိုင်စင် ပထမနံပါတ်နှစ်လုံးက ၈၆။ မောင်းသူက တုတ်တုတ် ခိုင်ခိုင်။

အကယ်၍ သူ အဖမ်းခံရလျှင်လည်း ဒီအကြောင်း သူ ပြော လို့မဖြစ်။ ကနေ့မနက် အဲဒရက်အိမ်နား ရောက်ခဲ့သည်ဟု ဝန်ခံ၍မဖြစ်။ သူပြောလျှင်လည်း ဘယ်သူက ယုံမှာလဲ။ သူ့ရဲ့ဗီဇပေါ် အသိစိတ်က အန္တရာယ်ကင်းချင်လျှင် ဒီနေရာကအမြန်ဆုံး ထွက်ရ တော့မည်ဟု သိလိုက်၏။ ဒေါ့ခ်ျကား အနီလေးကိုတော့ ရဲက လိုက်ရှာနေ၍ ဒီကားနှင့်သွား၍ မဖြစ်တော့ဘူး သေချာနေပြီ။

သူအထုပ်အပိုးပြင်ဆင်ပြီး တည်းခိုခန်း နောက်ဖေးပေါက်မှ နေ၍ အသာလစ်လာခဲ့သည်။

သူ့ဒေါ့ခ်ျကားဘေးမှာ ဘောက်စ်ဝက်ဂွန် ကားလေးတစီး ရပ်ထားသည်။

သူ သတင်းဖွင့်နားမထောင်ခင်လေးကပဲ အဲဒီကားလေးနှင့် လင်မယား၂ယောက် ဝင်လာတာ တွေ့လိုက်မိသည်။ သူ့အတွက် အချက်မှန်လျှင် ယင်းလင်မယားမှာ တည်းခိုခန်းတွင် အနည်းဆုံး ၂နာရီ၊ ၃နာရီခန့်ကြာ ပျော်ပါးလိမ့်မည်။ အပြင်မှာ နှင်းမုန်တိုင်းနှင့် လေတိုက်နေ၍ လူ ရှင်းနေသည်။

'ရော့'သည် ဘောက်စ်ဝက်ဂွန်ကားစက်ဖုံးကိုဖွင့်ပြီး မိုင်ယာ ကြိုးတချို့နှစ်ချောင်းကိုဆက်၍ ကားကိုမောင်းသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တံဘားဘက်ကို ဘောက်လျှောက်သွားဖို့ ဖြေအလမ်းမကြီးကို သူ ဦးတည်လိုက်သည်။ ကံကောင်းလျှင် နာရီဝက်အတွင်းတွင် ဒီကိုက်တော့မြို့မှ သူ လွတ်သွားမည်။

နောက်ဖြေမိနစ်အကြာမှာ သူသည် လမ်းမီးနီဘခုကို ဖြတ်လိုက်မိသည်၊ စက္ကန့်၃၀ကြာတော့ နောက်ကြည့်မှန်ထဲမှ မီးနီလေး လျှပ်ဘပြက် ထိုးလိုက်ဘာမြင်လိုက်ရသည်၊

သူ့နောက်ကို ရဲတွေလိုက်လာကြပြီ။ ချက်ချင်းလိုပဲ၊ သူသည် လက်လျှော့လိုက်တော့မည်ဟု စိတ်ကူးမိသည်။

ဒါပေမယ့် ဒုက္ခကိုရှောင်တိမ်းဖို့ ဆန္ဒက လွှမ်းမိုးသွားသည်။ လမ်းကွေ့လေးအချိုးမှာ 'ရှော့'သည် တံခါးကိုအသာတွန်းဖွင့်လိုက်ပြီး လီဗာကို သူ့အိတ်နှင့်ဖိ၍ ခုန်ချလိုက်သည်။

ရဲကား သည်နေရာ ရောက်လာသည့်အခါ သူသည် ယင်းနေရာက သစ်တောထဲမှာ ပျောက်ကွယ်သွားလေသည်။

ရဲကားက အရေးပေါ်ဥဩဆွဲပြီး လမ်းလျှောလေးမှာ ဆင်းသွားသည့် ဘေးက်စ်ဝက်ဂွန်ကားနောက်သို့ တအားထိုးလိုက်လေတော့သည်။

* * *

## အခန်း ( ၁၉ )

မိုက်ကယ်သည် လှေကားကို တအား ပြေးဆင်းလိုက်သည့်အခါ သူ့ကို မစ္စဘာပဲရှစ် ပြန်ဖမ်းမိမှာပဲဟု ထင်မိသည်။ ဒါပေမယ့် ဒုန်းဒုန်းဟူသော အသံကြားလိုက်တော့ မစ္စဘာပဲရှစ် လိမ့်ကျခြင်းဖြစ်မည်ဟု တွက်လိုက်၏။ မစ္စဘာပဲရှစ်ထံမှ သူလွတ်အောင် ပြေးချင်လျှင် အသံမထွက်မှ ဖြစ်မည်။

သူတို့အိမ်ကလှေကားမှာ ခင်းထားသည့်ကော်ဇောကို မေမေ ဖြတ်လိုက်တုန်းက အကြောင်းကို သူ ပြန်သတိရမိသည်။

မေမေက....

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဇော်အသစ်မရခင် မင်းတို့ကလေးတွေ ကစားနည်း
အသစ်တမျိုး ကစားရမယ်။ အဲဒါက ဘာလဲဆိုယင် ယဉ်
တွဲလမ်းရောက်ကစားနည်းလို့ ခေါ်တယ်"

"မိုက်ကယ်နှင့် မင်စီသည် လှေကား လက်ရန်းဘေး
ခြေဖျားထောက်ပြီး အသံမမြည်အောင်ဆင်းနည်းကစားခဲ့
သူတို့သည် အသံမမြည်အောင် သိပ်ကျွမ်းကျင်နေ
တယောက်ကိုတယောက် ခြောက်လှန့်ဘမ်း ကစား ချင်
ယင်းကဲ့သို့ ဆင်းခဲ့ကြသည်။

အခုဆိုလျှင်မိုက်ကယ်သည် ပထမဆင့်ကို အသံမမြည်အော
အသာလေး ဆင်းနိုင်ခဲ့သည်။မစ္စတာပဲရစ်က သူ့ကိုလိုက်ခေါ်
ကြားရသည်။

ဒီအိမ်ကြီးအဖြင့်ဘက်ကို ရောက်အောင် ထွက်ရမည်ဆို
ကို သူသိသည်။ လမ်းကွေ့မှပြေးပြီး ဟိုလမ်းထိပ် ဝစ်ဂင်
ဆိုင်အထိ အရောက်ပြေးရမည်။

ဝစ်ဂင်ဆိုင်ကို ဝင်ရကောင်းမလား၊ ဖ အေလမ်းမကြီး
ဖြတ်ပြီး အိမ်ကိုတောက်လျှောက် ပြေးရကောင်းမလားဆို
ကို သူ မဆုံးဖြတ်ရသေး။ ဖေဖေနှင့်အတူ နန်စီကို ပြန်လာခေါ်
ရမည်။

မနေ့က ဝစ်ဂင်ဈေးဆိုင်မှာ မစ္စတာပဲရစ်ကို သူ မနှစ်သ
ကြောင်း ဖေဖေ့ကို ပြောခဲ့သည်။ အခုတော့ သူ့ကို ကြော
နေပြီ။ မှောင်နေသည့်အိမ်ကြီးထဲမှ ဖြတ်ပြေးယင်း မိုက်က
သည် အကြောက်လွန်ပြီး နှင့်ဆို့နေသည်။



မစ္စတာ ပဲရစ်သည် လူဆိုး ကြီး တ ယောက် ဖြစ်သည်။
ဒါကြောင့် သူတို့ကို ကြိုးနှင့်ချည်ပြီး ဗီရိုထဲ ထည့်ဝှက်ထားခြင်း
ဖြစ်သည်။ မင်စီက အကြောက်ကြီးအားကြီး၍ မနိုးခြင်းဖြစ်
သည်။

ဗီရိုထဲမှာတုန်းက မင်စီကို သူချော့ဖို့ ကြိုးစားကြည့်သည်။
သူ့လက်က မလွတ်၍ မချော့ခဲ့ရ။

အန်တီဒေါ်ရော်သီ၏အသံကို ဗီရိုထဲမှ ကြားရသည်။အန်တီ
က သူတို့ကိုမမေး။သူမသည် ဒီနေရာကိုရှောက်ပြီး သူတို့ဒီထဲမှာ
ရှိနေတာကို မတွေ့မိခဲ့။ အန်တီဒေါ်ရော်သီရဲ့ အကူအညီကို
သူတို့ဘာကကယ်လိုနေတဲ့အချိန်မှာ အန်တီ မသိရပါမလားဟု သူ
တွေးဆိုးမိသည်။ ဒါလေဘက်ဘော့ အန်တီ တွေးကြည့်ယင် သိ
နိုင်တာပဲ။

မှောင်လာပြီ။ ကြည့်ဖို့လွယ်ကူတော့။

လှေကားအောက်ရောက်တော့ မိုက်ကယ်သည် ဟိုကြည့်
ဒီကြည့်နှင့် ဘေးပတ်ဝန်းကျင်ကိုကြည့်ပြီး အိမ်၏ အနောက်
ဘက်ကို ပြေးဝင်သွားသည်။

မီးဖိုခန်းထဲသို့ ရောက်သွားသည်။ ထွက်ပေါက်တံခါးကို
မြင်တော့ အဲသည်ဘက်ပြေးသွားပြီး တံခါးကို လှမ်းဆွဲလိုက်
သည်။

တံခါးကို လှည့်မည်ပြုနေဆဲ သူ့နောက်က မစ္စတာပဲရစ်၏
ခြေသံကို ကြားလိုက်ရသည်။

သူ့ဒူးများ တုန်လာသည်။ အကယ်၍ တံခါးကကျပ်နေ
လျှင် မစ္စတာပဲရစ်က သူ့ကို ဖမ်းမိသွားမှာပဲ။ အညီတော့

www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်နှင့် အသံမကြားရအောင် မီးဖိုအခြား တံခါးဘက်မှ တခြားအခန်းလေးတခုထဲသို့ ပြေးဝင်သွားသည်။

နောက်ဖေးတံခါးကို မစ္စတာပဲရစ်က မင်းတုပ်ထိုးလိုက်သံကို သူကြားရသည်။ ကုလားထိုင်တလုံးကို တရွတ်တိုက်ဆွဲသွားသံကို လည်း ကြားလိုက်ရသည်။

မီးဖိုခန်းထဲမှ မီးပွင့်လာသည်။ မိုက်ကယ်သည် တန်းလျား ရှည်ကြီးတခု၏ နောက်ကွယ်ထဲမှာ ပုနေလိုက်သည်။ ကုလား ထိုင်နှင့် အုတ်နံရံကြားထဲမှာ အသာလေး ဝပ်နေလိုက်သည်။ ကုလားထိုင်ကဖုန်များကို ရှူမိ၍ ချောင်းဆိုးချင်သလိုလို ဖြစ် သွားသည်။

မီးလုံးသည် ရုတ်တရက် ပြန်မှိတ်သွားပြီး အိမ်ကြီးတခုလုံး ၏မှောင်ကျသွားသည်။ မစ္စတာပဲရစ် လမ်းလျှောက်သံနှင့် မီးခြစ် ခြစ်သံကိုလည်း ကြားလိုက်ရသည်။

ခဏအကြာမှာ မီးဖိုခန်းတခုလုံး မီးနီရောင်လေး လင်းလာ သည်။ မစ္စတာပဲရစ်က....

“မိုက်ကယ်၊ ငါ စိတ်မဆိုးတော့ပါဘူး၊ ထွက်လာတော့ မိုက်ကယ်၊ မင်းအခမဆီကို ငါ ပို့ပေးပါမယ်”

✲ ✲ ✲

## အခန်း ( ၂၀ )

ဂျွန်ခဲရာကိုပေါလော့စ်သည် ဒေါ်ရော်သီထံမှ ထွက်လာပြီး နယူးယောက်သို့ ကားခတောက်လျှောက်မောင်းပြန်ဖို့ စိတ်ကူး ထားသည်။ ဒါပေမယ့်စိတ်ထဲတွင် မအီမသာ ဖြစ်လာမှုကြောင့် နံ တံ့ပါတည့်တည့်မှ ခေါင်းနည်းနည်းကိုက်နေ၍ ၅ နာရီ ရေးကားမောင်းဖို့ မဖြစ်နိုင်တော့ချေ။

သည်မျှ ရာသီဥတုမကောင်းမှုရယ်၊ ဒေါ်ရော်သီ၏ ခံစားနေ ရသော အခြေအနေတို့သည် တားဆီးမရအောင်ပင် သူ့ကိုလွှမ်း မိုး ရိုက်ခတ်နေသည်။

သူမက အိတ်ထဲ၌ပါလာသောကလေးတွေ၏ဓာတ်ပုံကိုပြပြီး

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုချောမောလှပတဲ့ကလေးတွေဟာ မအော်မဟာရှားအလုပ်ခံရတယ်' ဟု ပြောခဲ့သည်ကိုတွေးမိရာ ရင်ထဲတွင် အင်မတန်နာကျည်းခဲ့သည်။

သူတစိမ့်စိမ့်တွေးကြည့်နေပြီး သူ့စိတ်ကူးများသည် ဖြစ်နိုင်ပါ့မလားဟုထင်မှတ်မိသည်။

ကလေးများသည် ခြေဦးတည့်ရာသို့ ရှိုးရှိုးသွားသွေးသွားချင်လည်း သွားနေကြမှာပဲ။

ကလေးတယောက်ကိုမည်သူကခရာ နှစ်နာအောင်လုပ်မှာတဲ့လဲ။

၂၀ နှစ် အရွယ်ရောက်နေပြီဖြစ်သော သူ၏ အမြွာသားနှစ်ယောက်ကို စဉ်းစားမိ၏။ တယောက်မှာ လေတပ်တွင်လေယာဉ်မောင်းသမား....၊ တယောက်က ဗိသုကာ....။

ဖခင်တဦးအနေနှင့် ဂုဏ်ယူရမည့် သားများဖြစ်ကြသည်။ မိခင်ကွယ်လွန်ပြီးသည့်နောက် သူတို့သည် သူနှင့်အတူအကြာကြီး အသက်ရှင်ကြရဦးမည်။ သူတို့သည် မသေသောမိမိ၏သွေးမျိုးဆက်အစိတ်အပိုင်း တခုပါလား။ သူတို့လေးတွေ ကလေးဘဝအရွယ်တုန်းကများ ဆုံးပါးသွားခဲ့လျှင်....။

သူသည် ကားကို ပြည်မဘက်သို့ ဖြတ်သွားသောလမ်းမကြီးမှ မောင်းလာသည်။ သူ့အရှေ့ညာဘက်၌ လမ်းနှင့်အနီးငယ် ကွာလှမ်းသောနေရာတွင် စားသောက်ဆိုင်လေးတခု လှမ်းမြင်လိုက်သည်။ နေဝင်ရီတရောမှောင်စပျိုးချိန်လေးတွင် မီးထွန်းထားသည့်ဆိုင်းဘုတ်ကလေးက ဖိတ်ခေါ်နေသည်ဟု ထင်မှတ်ရသည်။



ရှုန်သည် စဉ်းစားနေတော့ပဲ ဆိုင်ဘက်သို့ကွေ့ဝင်လိုက်

သူသည် ယခုညနေ ၃ နာရီထိုးသည်အထိ တနေ့လုံးကော်ဖီ ...ကွက်နှင့်ပေါင်မုန့်လေးတချပ်သာ စားရသေးသည်ကို သတိ...တော့သည်။

ရာသီဥတုက သိပ်ဆိုးနေ၍ နယူးယောက်မှလာစဉ်က ကား...င်းရာတွင်လည်း သိပ်ကိုနှေးခဲ့ရဖြင့် နေ့လယ်စာကိုလည်း ...ားဖြစ်ခဲ့။ ခရီးတခုကိုမသွားမီ အစားအသောက်လေး ပြည့်...စုံစုံစားသွားခြင်းမှာ ထုံးစံတခုပင်။

နောက်ပြီး သူ စားသောက်ဆိုင်ဖွင့်ချင်သည့် ပတ်ဝန်းကျင်၌...ခြားဖွင့်ပြီးသား စားသောက်ဆိုင်မှပိုင်ရှင်များနှင့် အလွှာပ...သွားပြောခြင်း မှာလည်း စီးပွားရေးသမားတယောက်၏ လုပ်...လုပ်အပ်သော ကိစ္စတခုပဲ။ သူ့အနေနှင့် ဒီအရပ်ဒေသမှာ ...ွားရေး လာရောက်လုပ်ကိုင်လျှင် အသုံးဝင် တန်ဖိုးရှိမည့် ...ချက်အလက်များလည်း ရချင်ရနိုင်သေးသည် မဟုတ်ပါလား။

စားသောက်ဆိုင်၏အတွင်းဘက် အငြင်အဆစ်လေးကို သူ့...ထဲမှ လက်ခံလိုက်ပြီး အရက်ဘားကောင်တာဘက်သို့ဦးတည်...ာက်သွား၏။ ဆိုင်မှာ စားသောက်သူ တယောက်မျှမရှိပါ။ ...အရပ်ဒေသတွင် ၅ နာရီမထိုးမီ လူရှိခြင်းမှာ မဆန်း။

သူက အရက်မှာပြီး ဆိုင်ရှင်က အရက်ယူလာသောအခါ ...စရာတခုခုရမလားဟု မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က....

"ရပါတယ် ခင်ဗျာ"

ဟု ပြန်ဖြေလိုက်သည်။

ဆိုင်ရှင်သည် အသက် ၄၀ ခန့်ရှိပြီး ဂျွန်က ထိုသူ၏ဖြေပုံနှင့် ကောင်တာစားပွဲများ သပ်ရပ်သန့်ရှင်းအောင် ထားခြင်းကို သဘောကျမိသည်။

"အမှန်ပြောရယင် ဟင်းချက်ခန်းဟာ ၂ နာရီခွဲကနေ နာရီအထိ ပိတ်ထားပါတယ်။ ဒီဘားကောင်တာမှာပဲ စားမယ် ဆိုယင်တော့......"

"ကောင်းသားပဲ"

ဂျွန်က စားစရာကိုမှာလိုက်သည်။ အရက်သည် သူ့ကို နည်းနည်း နွေးသွားစေပြီး သူခံစားလာသည့် စိတ်မအီမသာမှုတော လည်း တဖြည်းဖြည်း ပျောက်သွားသည်။

"ကျွန်တော်လဲ ဒီစီးပွားရေးမျိုးလုပ်တာပဲ။ ကျွန်တော့် အနေနဲ့ ခင်ဗျားတို့ မျှော်စင်လို့ခေါ်တဲ့ အိမ်ကြီးကို ဝယ်ပြီး စားသောက်ဆိုင်ဖွင့်ဖို့ ရည်ရွယ်ထားတယ်။ အဲဒါကို ခင်ဗျား ဘယ်လိုများသဘောရပါသလဲခင်ဗျာ"

ဆိုင်ရှင်သည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

"ဖြစ်နိုင်တာပေါ့၊ တကယ့်အဆင့်အတန်းမီတဲ့ စားသောက် ဆိုင်လုပ်ဖို့သင့်တော်ပါတယ် ခင်ဗျာ။ ကျွန်တော့် နေရာကတော့ အလယ်အလတ်တန်းစားလူတွေကိုပဲ ရပါတယ်။ ကလေးတွေ ရှိတဲ့ အိမ်ထောင်စု၊ ပင်စင်ယူထားတဲ့ အဘွားကြီးတွေ၊ ပင်လယ်



ကမ်းခြေနဲ့ ရှေးဟောင်းပစ္စည်းဆိုင်လာတဲ့ နယ်လှည့် ခရီးသည် တွေကို ရပါတယ်။ ကျွန်တော့် ဆိုင်ကတော့ နေရာကောင်းလေး ရထားပါတယ်။ မျှော်စင်ကြီးဆိုယင်တော့ ပင်လယ်ဘက်က မြင် ကွင်း၊ ပတ်ဝန်းကျင်အခြေအနေကောင်းတယ်၊ အရက်ကောင်း ကောင်း၊ အစားအသောက်ကောင်းကောင်းနဲ့ အဆင့်အတန်း မြင့်မြင့်ထားယင်တော့ ဈေးကောင်းရနိုင်ပါတယ်"

"ကျွန်တော်လဲ အဲဒီလိုထင်ထားတာပါပဲဗျာ"

"ဟုတ်တာပေါ့၊ တကယ်လို့ ကျွန်တော်သာ ခင်ဗျားဆိုယင် ဟိုခေါင်မိုးထပ်မှာလာနေတဲ့နေ့ကို မောင်းထုတ်ပစ်လိုက်မှာပဲ"

"ကျွန်တော်လဲ စဉ်းစားနေတာပဲ၊ ဒီလူ့ကြည့်ရတာကြောင် တောင်တောင်နဲ့ တမျိုးကြီးပဲဗျ"

"ဒီလူဟာ နှစ်စဉ် ဒီရာသီလောက်မှာ ငါးမျှားဖို့ရောက် လာတတ်တယ်တဲ့၊ ရေးအဲဒရက်နဲ့ စကားပေါ်မိလို့ ပြောခဲ့ဖူးတယ်၊ ဒီရေးဆိုတဲ့လူဟာ သဘောကောင်းရှာပါတယ်ဗျာ။ အနှုတ်လေး ပျောက်နေတယ်ဆိုတာသူပဲဗျ"

"ကျွန်တော်လဲ ကြားလိုက်မိပါတယ်"

"အင်မတန် ရှက်ဖို့ကောင်းပါတယ်ဗျာ။ ကလေး လေးတွေ ဟာ ချစ်စရာလေးတွေ။ ရေးတို့သင်မယား ဒီကလေးတွေကို တခါ တခါ ကျွန်တော့်ဆိုင် ခေါ်လာဖူးတယ်။ သူ့မိန်းမကလဲ ချော ချောလေးချောတယ်။ ကျွန်တော်ကတော့ ဒီအရပ်သားမဟုတ် ဘူးခင်ဗျ။ လွန်ခဲ့တဲ့ ၁၀ နှစ်က နယူးယောက်က အရက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပြီး ဒီကိုပြောင်းလာခဲ့တာ။ ငါးများ ဝါသနာပါတယ်ဗျ။ ဒါကြောင့်မို့လဲ ဒီမှာလာပြီး အခြေချမိတာပါ။ လွန်ခဲ့တဲ့ ၂ ပတ်လောက်က အဲဒီငနဲ ကျွန်တော့်ဆိုင်မှာ အရက်လာသောက်တယ်။ ကျွန်တော်က သူ့ကို မြင်လဲမမြင်ဖူးဘယ်၊ မျှော်စင်ကြီးကို ငှားနေတဲ့ အိမ်ငှားဖြစ်မှန်းလဲ သိသေးတော့ စကားစမြည်ပြောကြည့်တယ်။ သူ့ကို စက်ဘင်တာလ ငါးခတ္တပေါ်တွန်းက ဒီကိုရောက်သလားလို့မေးမိတယ်ခင်ဗျ။ သူဘာပြန်ဖြေသလဲသိလား"

ဂျွန်က စောင့်နေသည်။

"ဘာမှမဖြေနိုင်ဘူးဗျ၊ ငီးရိုးပဲ၊ သူ ဘာမှမသိဘူး"

ဆိုင်ရှင်သည် ဟန်ပါပါနှင့် ခါးထောက်ပြီး....

"၇ နှစ်လုံးလုံး ဒီအရပ်ကိုငါးလာမျှားတဲ့လူဟာ ကျွန်တော်ပြောတာကို အစိမွှာယ်မပေါက်တဲ့လူ ဖြစ်နိုင်ပါ့မလားဗျ"

စားစရာများရောက်လာ၍ ဂျွန်သည် အစားများကို စ စားတော့သည်၊ အရသာက ကောင်းမွန်လှသည်၊ စိတ်အေးလက်အေးစားယင်းဖြင့် မျှော်စင်ကြီးအကြောင်းကို တစိမ့်စိမ့် ပြန်စဉ်းစားနေမိသည်။

ဆိုင်ရှင်၏ ပြောစကားအရဆိုလျှင် သည်အိမ်ကြီးကို သူဝယ်သင့်သည်ဟူ၍ ဆုံးဖြတ်ချက်ချမိသည်မှာ မှန်ကြောင်းထောက်ခံနေသလိုပင်။

အိမ်ကြီးထဲသို့ ဖြတ်သန်းသွားသာ လျှပ်ရှားရသည်ကို သူသဘောကျသည်။ အသိကအောင့်ဖြစ်သည်က အပေါ်ဆုံးထပ်ကျမှ ဖြစ်သည်။ အိမ်ငှား မစ္စတာပဲရစ်အခန်းရောက်မှ သည်သို့ဖြစ်ရတာ။



စားသောက်ပြီးသည့်နောက် ပိုက်ဆံရှင်းပြီး သူ့ကုတ်အင်္ကျီအောက်လန်ကို အသာသေချာလိုက်၍ စားသောက်ဆိုင်ထဲမှထွက်ပြီး ဘားဆီသို့ အရောက်သွားလေသည်။

အခုချိန်ဆို ပြည်ဒတက်သွားလျှင် ညာဘက်ကို သွားမလား....။

ချိုတုံချတုံနှင့် ကားထဲမှာ မိနစ်အနည်းငယ် ထိုင်နေခဲ့သည်။

"ငါ ဘာများဖြစ်နေပါသလဲ။ ငါဟာ ရူးချားရူးနေပြီလား။ ဒီအိမ်ကြီးဘက်ကို ပြန်သွားဖို့ ငါ့ကို ဘယ်လို ရူးကြောင်ကြောင်စိတ်ကများ တွန်းပို့နေပါလိမ့်" ဟုသူစဉ်းစားနေမိသည်။

ကုတ်နေပဲရှစ် စိတ်မတည်ငြိမ် ဖြစ်နေတာတော့ အမှန်ပင်။ ဂျွန်သည် လူပေါင်းများစွာနှင့် ဆက်ဆံနေ၍ သည်သို့ စိတ်ငြိမ်ဖြစ်သူများတွေ့လျှင် အလွယ်တကူနှင့်သိသည်။

သည်လူသည် သိပ်ကို စိုးရိမ်တကြီးဖြစ်နေ၏။ သူတို့ကို အိမ်ကြီးမှ အမြန်ဆုံးထွက်ခွာသွားစေချင်နေ၏။ အဲဒါ ဘာ ဖြစ်လို့လဲ။

သူ့ကိုယ်မှ ထိုးမှိုင်းပြီး ချွဲစူးစူးချွေးနံ့များ ထွက်နေသည်။ ဒါဟာ ကြောက်တဲ့အနံ့။ သူ ဘာကိုကြောက်တာလဲ။

ဟို မှန်ပြောင်းကြီး ......။ ကုန်းကြည့်လိုက်တော့ ပဲရစ်က မှန်ပြောင်းကြီးကို နဂို ဦးတည်ထားသောနေရာမှ ပြောင်းသွားအောင်အပြေးအလွှားလာ၍ တွန်းပစ်လိုက်တယ်။

မှူ ပ ဦးတည်ရာနေရာအတိုင်း ပြန်ထားပြီးကြည့်လိုက်တော့ ဒါရက်အိမ်မှ ရဲများအား သူတွေ့လိုက်ရသည်ကို ပြန်သတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩလောက်အောင် အားကောင်းသည့် မှန်ပြောင်းကြီး

အကယ်၍ သည်မှန်ပြောင်းကြီးကို သူများအိမ်က ပြ
ပေါက်ကိုချိန်ပြီး ကြည့်မည်ဆိုလျှင် ဘယ်သူပဲဖြစ်ဖြစ် အချော
သမားဘယောက် ဖြစ်သွားမှာပဲ။

အိမ်နောက်ဖေးမှ ကလေးတွေ ပျောက်သွားချိန်တွင်
ကုတ်နေပဲရစ်သည် မှန်ပြောင်းကြီးနှင့် ကြည့်နေနိုင်တယ်ဆို
ရော့မဖြစ်နိုင်ဘူးလား၊ သူ တခုခုမြင်လိုက်တာရော မဖြစ်နိုင်
လား။ အကယ်၍ သူ မြင်ခဲ့လျှင် သူ ရဲကိုအကြောင်းကြားမှာ

ကားထဲမှာ အတော်ခအေးသည်။ ဂျွန်သည် ကားကိုစက်
ကားစက် အတော်လေး ပူသွားအောင်စောင့်ပြီးမှ အပူပေးလေ
ကို ဖွင့်လိုက်သည်။

သူက ဆေးပြင်းလိပ်တလိပ်ကိုယူပြီး သူ့မိန်းမက
ဆောင်ပေးထားတဲ့ ရွှေသားဖြင့် ပြုလုပ်ထား ဒန်းဟီးလ်မီး
ကလေးကိုခြစ်ကာ မီးညှိလိုက်သည်။ ပစ္စည်းလေးက တန်ဖိုး
ပြီး နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် လက်ဆောင်ပစ္စည်းလေး
သည်။ ဆေးပြင်းလိပ်ကို မီးများရဲလာသည်အထိ ဖွာနေလို
သည်။

သူသည် အင်အတန်မိုက်မဲသူ တယောက်ဖြစ်၍၊ မှ
ကတ်သူ၊ မိုက်မဲသူလည်း ဖြစ်သည်။ သည်လိုဆိုလျှင် ဘာ
ရပါမည်နည်း။

ရဲကို ဖုန်း ဆက်အကြောင်းကြားပြီး 'လူဆယောက်ဟာ
တည်းငြိမ်ဖြစ်နေတယ်၊ အဲဒီလူကို ခင်ဗျားတို့ ငုံစမ်းကြည့်



တယ်လို့' ပြောရမှာလား။ တကယ်လို့ သည်အတိုင်းပြောမိလျှင်
လည်း ကုတ်နေမဲရှစ်က......

"ကျွန်တော် ရေချိုးမလို့လုပ်တုန်း အချိန်ကပ်ပြီး အိမ်ကိုလာ
ပြမယ်လို့ပြောတာ တော့ မကြိုက်ဘူး"

ဟု ပြန်ပြောလိုက်လျှင်....ယင်းမှာသဘာဝကျသည်ပင်ဖြစ်၏။
တကိုယ်ထီးဘည်းနေသူများသည် ကြာလာသောအခါ သူတို့၏
လှုပ်ရှားမှုများကို အချိန်ကိုက်လုပ်တတ်သော အကျင့် ပါလာ
တတ်ကြသည်။

တကိုယ်ထီးဘည်း....။

ဂျွန်ကို စိတ်တိုနှိုးဆွနေတာကလည်း ဤပြဿနာပဲဖြစ်၏။
အပေါ်ဆုံးထပ်မှာ အခြားလူကိုမတွေ့ရတာကိုပဲ သူ အံ့ဩနေ
သည်။ ကုတ်နေပဲရစ်သည် တယောက်တည်းမဟုတ်ဘူးဟူ၍ သူ့
အား တစုံတခုက နှိုးဆွနေသည်ဟု ထင်မိ၏။

ရေချိုးကန်ထဲမှ ကာလးကစားစရာလေးကြောင့် သူ ဒီလို
ထင်မိခြင်းဖြစ်မည်။ နောက်ပြီး ကလေးပေါင်ဒါအနံ့ လေး။

နှုတ်နှင့်ထုတ်ဖော် ပြော၍မဖြစ်နိုင်သော မရေရာသည့်သံသယ
သည် ဂျွန်ခရာကိုပေါ်လာစေ၏ ခေါင်းထဲတွင် တဖြည်းဖြည်း
အစိုင်အခဲဖြစ်လာသည်။

သူ ဘာသုပ်ရမည်ဆိုခြင်းကို သူ သိသွားပြီ၊ သူ့ အိတ်ထဲမှ
ရွှေသားမီးခြစ်ကလေးကို တမင်ထုတ်ယူပြီး မော်တော်ကားရှေ့
ရှိ ပစ္စည်းထည့်သော ခသေတ္တာလေးထဲ ထိုးဝှက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ကြီးသို့ ကိုတင်အကြောင်းမကြားပဲ သူ ကား[illegible] မောင်းသွားမည်။ ကုတ်အနပဲရစ်က တံခါးလေး ဖွင့်လျှင် သူ[illegible] တန်ဖိုးရှိသော မီးခြစ်ကလေး ရှာခွင့်ပြုပါဟု ခွင့်တောင်းမည်[illegible] သူ့အိမ်ကို လျှောက်ကြည့်တုန်းက မီးခြစ်ကလေး ကျကျန်ရစ်[illegible] သည်ဆင်သည်ဟု ခွင့်တောင်းမည်။ သည်တောင်းဆိုချက်က[illegible] က ယုတ္တိလည်းရှိသည်။

သူ့အနေနှင့် အိမ်ပတ်ဝန်းကျင်ကို ပို၍ စေ့စေ့စပ်စပ်ကြည့် နိုင်ဖို့ အခွင့်အရေးရပြီး မရေရာသည့်သံသယဖြစ်မှုပဲလား၊ ဒါ[illegible] မဟုတ် ရဲနှင့်ဆွေးနွေးနိုင်လောက်အောင် အရေးပါသည့်သံသယ ဖြစ်သလားဆိုသည်ကို သိနိုင်ပေမည်။ သည်သို့ဆုံးဖြတ်ပြီး ကျွ[illegible] သည် ကားကို ဗြဲ အောလမ်းမကြီးမှ ဗယ်ဘက်သို့ကွေ့ပြီး အဒမ်[illegible] ဘက်သို့ ပြန်မောင်းလာကာမျှော်စင်ကြီးဘက်သွားသည့်တော[illegible] ကုန်းလမ်းဆီသို့ ကားကိုကွေ့လိုက်သည်။

ကားရှေ့မှန်ကို ဖြည်းဖြည်းမှန်မှန် ရိုက်ခတ်နေသော မိုးနှင်း ခဲများကြား၌ အရောင်မှိန်ပြီး ဆေးကွာနေသော ကြက်ပေါင်[illegible] စေး ဘဲရုပ်လေးပုံသဏ္ဍာန်သည် သူ့မျက်စိရှေ့မှာ တရစ်ဝဲ[illegible] ပေါ်နေသည်။

## အခန်း ( ၂၁ )

ကျွန်မ ပြန်သတိမရချင်ဘူး။ နောက်ကြောင်းမှာ နာကျည်းစရာတွေပဲရှိသည်။

တခါတုန်းက ကလေးအရွယ်မှာ မီးဖိုပေါ်က အိုးတလုံးကို မမိမကမ်းလှမ်းဆွဲလိုက်သဖြင့် ခရမ်းချဉ်သီးနှင့် ချက်ထားသော ဟင်းရည်အနီရဲရဲကြီးများ ကိုယ်ပေါ်ဖိတ်ကျခဲ့ခြင်းကို ကျွန်မ မှတ်မိနေသည်။ ဆေးရုံတွင် ရက်ကြာကြာတက်လိုက်ရပြီး ကျွန်မ ရင်ဘတ်မှာ အမာရွတ်ကျန်ရစ်ခဲ့သေးသည်။

ယင်းအနာရွတ်တွေနှင့်ပတ်သက်ပြီး ကာလ်က မေးဖူးသည်။ အသာလေးပွတ်သပ်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"သနားဖို့ကောင်းလိုက်တဲ့ကလေးရယ်"

ယင်းအကြောင်းကို ကာလ်က ခဏခဏ ပြန်ပြောခိုင်းသည်။

"အဲဒီတုန်းက တော်တော်များများနာသွားသလား"

ဟု ကာလ်က မေးခဲ့သည်။

"မှတ်မိခြင်း" ဆိုသည်မှာ သည်သို့ပင်ဖြစ်၏။

နည်းနည်းလေးနာကျင်သွားသည်။ နောက် သတိမရတော့။ သတိမရနိုင်။ မေ့ပစ်လိုက်... မေ့ပစ်လိုသည်... သတိမရချင်နှင့်...။

ဒါပေမယ့် မေးခွန်းကို မရပ် နားဆက်မေးနေ၏။ မကြားတကြား အဝေးကြီးမှ မေးနေသလိုလို။

ကာလ်အကြောင်းကိုမေးသည်။ အမေ့အကြောင်း၊ လီဇာ...၊ ပီဘာ...။

အသံ...၊ သူမ၏အသံ။

သူမက စကားပြောနေသည်၊ ပြန်ဖြေနေသည်။

"ဒါနဲ့ပတ်သက်ပြီး ကျွန်မ မပြောချင်ဘူး"

"မင်း ဖြေရမယ်၊ ပြောရမယ်၊ ငါတို့ကိုကူညီရမယ်"

မရပ်မနားမေးသောအသံ။

ဘာကြောင့်လဲ...ဘာကြောင့်လဲ...။

"နန်းစီ...မင်း ကာလ်ကို ဘာကြောင့်ကြောက်ရတာလဲ"

သူမ ဖြေရလိမ့်မည်။

မေးနေတာကိုရပ်သွားစေချင်လျှင် မေးခွန်းကို အဖြေပေးရမည်။



သူမ၏အသံကို သူမ ကြားရသည်။ အဝေးကြီးမှပြောရန်ကြိုးစားသလို ကြားနေရ၏။

ပြဇာတ်ထဲမှာ ကိုယ်ဘိုင်က နေရတာကို ကိုယ်တိုင်ပြန်ကြည့်နေရသလိုပဲ။

ပြကွက်များက တဖြည်းဖြည်း အကောင်အထည် ပေါ်လာ၏။

မေမေ...။ ညနေစာထမင်းပွဲ...။

မေမေ့ကိုမြင်လိုက်ရသော ပြီးခဲ့သည့် ဟိုအချိန်က မေမေ့မျက်နှာ...။

မေမေက သူမကိုကြည့်လိုက်၊ ကာလ်ကိုကြည့်လိုက်ဖြင့် စိတ်ချမ်းသာဖြစ်နေပုံရ၏။

"နန်စီ၊ မင်း ဒီအင်္ကျီဘယ်ကရသလဲ"

မေမေဟာ ဒီအင်္ကျီကိုကြိုက်ပုံမရဘူး။

သက္ကလပ်အင်္ကျီ ခါးဖြူ။

"ကာလ်နဲ့ကျွန်မတို့ နှစ်ယောက် သွားဝယ်တာပါ၊ မေမေ သဘောမကျဘူးလား"

"မင်းအတွက် နည်းနည်းလေးများ နုနေသလားလို့"

မေမေက တယ်လီဖုန်းခေါ်ဖို့ထသွား၏။ ဒေါက်တာမိုင်းစ်ကို ခေါ်တာများ သွားမသိ။ နန်စီက ခေါ်ပါစေဟု ဆုတောင်း၏။ မေမေ စိတ်ချမ်းချမ်းသာသာနှင့် နေစေချင်သည်။

မေမေနှင့် အိမ်ပြန်လိုက်သွားဖို့ကောင်း၏။ သူမ နှမ်းနယ်နေဖို့မသင့်။ ကာလ်ကို ဘည်သို့များ သူမ ပြောလိုက်မိလေသလား။

www.burmeseclassic.com

www.burmeseclassic.com



မေမေပြန်မလာမီ ကာလ်က "ဪ" ဆိုပြီး စားပွဲမှထသွား
သည်။

မေမေ ပြန်ရောက်လာသည်။

"နန်းစီ၊ သမီးနဲ့မေမေနှစ်ယောက်တည်းပြောစရာတွေရှိ[illegible]
တို့ချင်းနှစ်ယောက်တည်း နက်ဖြန်ခါပြောကြရအောင်၊ မနက်[illegible]
စားဖို့ မေမေ သမီးကို လာခေါ်မယ်"

ကာလ်က ပြန်လာသည်။

မေမေက သူမပါးကို နမ်းပြီး......

"သမီး မေမေသွားမယ်၊ မနက် ၈ နာရီကျမှ တွေ့ကြ[illegible]
ပေါ့"

မေမေက သူ့အငှားကားပေါ်တက်သွားပြီး လှမ်းလ[illegible]
နှုတ်ဆက်၍ ကားမောင်းထွက်သွား၏။

ကျောင်းကိုပြန်လာတော့ ကာလ်က သူမကို ကားမော[illegible]
ပို့၏။

"မင်းအမေက မင်းနဲ့ငါ လက်ထပ်မှာကို သဘော[illegible]
မရဘူး"

ဖုန်းခေါ်သည်... ။

"ကားမှောက်တယ်၊ လက်ကိုင်ကိရိယာ......"

ကာလ်က......

"ကလေးမလေး၊ ငါ မင်းကိုစောင့်ရှောက်ရှာပါ"

အသုဘအခမ်းအနား....

လက်ထပ်ပွဲ....။



သတို့သမီးက အဖြူဝတ်ရမည်။ သက္ကလပ်အင်္ကျီအဖြူလေး
သူဝတ်မည်။ ရှိုးသွားရှုံလေစကဲဆိုလျှင် သင့်တော်ပါတယ်။

ဒီအင်္ကျီကို သူမ ဝတ်၍မဖြစ်တော့ပေ။ ပခုံးစွန်းမှာ အမဲဆီ
စွန်းနေ၏။

"ကာလ်၊ ဒီအမဲဆီ ဘယ်လိုများပေးလိုက်သလဲ မသိဘူး၊
မေမေနဲ့ထမင်းစားတုန်းက တခါပဲဝတ်ခဲ့သေးတာ"

"ကိုယ် လျှော်ခိုင်းလိုက်မယ်လေ"

သူမရဲ့ပခုံးကို အသာပုတ်လိုက်၏။ သည်သို့ကိုင်လိုက်ပုံလေးကို
မှတ်မိသလိုလိုပဲ။

"မဟုတ်ဘူး....မဟုတ်ဘူး....မဟုတ်ဘူး......"

အသံက မေးသည်။

"နန်းစီ မင်း အဲဒါ ဘာကိုဆိုလိုတာလဲ"

"ကျွန်မ....မသိဘူး။ ကျွန်မ မခံသချင်ဘူး။ ကျွန်မ ကြောက်
တယ်"

"ကာလ်ကို ကြောက်တာလား"

"မဟုတ်ဘူး၊ သူက ကျွန်မအပေါ် သိပ်ကောင်းတာ၊ ကျွန်မ
သိပ်နွမ်းနေတယ်။ အမြဲတမ်းလိုပဲ နုံးနေတယ်။ မင်းဆေးသောက်
လိုက်လေ၊ ဒါ မင်းအတွက်လိုအပ်တယ်၊ ကလေးတွေ... ပီဘာနဲ့
သီဇာ....၊ ခဏတော့ ကောင်းမပါရှဲ၊ ကာလ်က ကောင်းပါတယ်၊
ကာလ် ကျေးဇူးပြုပြီး တံခါး ပိတ်လိုက်စမ်းပါ၊ ကျွန်မ
အဲဒါမကြိုက်ဘူး၊ ကျွန်မကို ဒီလို မကိုင်နဲ့၊ မထိနဲ့... မကြိုက်ဘူး၊
ကျွန်မဘယောက်တည်း နေပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"နန်စီ၊ သူက မင်းကို တယောက်တည်း ဘယ်လိုထားခဲ့လဲ...."

"မဟုတ်ဘူး၊ ဒါနဲ့ပတ်သက်ပြီး ကျွန်မ မပြောချင်ဘူး"

"ကာလ်က ကလေးတွေအပေါ်ရော ကောင်းရဲ့လား"

"ကလေးတွေကို သူ့ပြောစကား နားထောင်အောင် လု[illegible]ထားတယ်၊ ကလေးတွေကို ကောင်းစေချင်တယ်၊ ပီတာကို ကြောက်အောင် သူ လုပ်ထားတယ်။ နောက်ပြီး လီဇာ....။

"ငါ့ကလေးမလေးက၊ ကလေးမလေးပဲ ရှိသေးတာကို"

"ကာလ်က အဲဒီလိုပဲပြောသလား"

"ဟုတ်ကဲ့၊ သူ ကျွန်မကို နောက်ထပ်မထိတော့ဘူး၊ ဒီတော့ ကျွန်မသဘောကျတယ်၊ ဒါပေမယ့် ထမင်းစားပြီးရင် ကျွန်[illegible] ဆေးမသောက်တော့ဘူး။ ကျွန်မ သိပ်နိုးတယ်၊ တခုခုတော့ မှားနေပြီ။ ငါထွက်သွားရမယ်....၊ ကလေးတွေ....၊ ထွက်သွား

"ကာလ်ဆီကလား"

"ကျွန်မ နေမကောင်းတာ မဟုတ်ဘူး။ ကာလ်သာ [illegible] မကောင်းတာ"

"သူက ဘယ်လို နေမကောင်းတာလဲ နန်စီ"

"ကျွန်မ မသိဘူး"

"နန်စီ၊ ပီတာနဲ့လီဇာ ပျောက်သွားတဲ့နေ့က အကြောင်[illegible]တွေကို ပြောပြစမ်းပါ။ အဲဒီနေ့အကြောင်း မင်း ဘာမှတ်မိ[illegible]သလဲ"



"ကာလ် စိတ်ဆိုးတယ်"

"သူ ဘာဖြစ်လို့ စိတ်ဆိုးရတာလဲ"

"ဆေး....ဆေး၊ ညက ကျွန်မသွန်ပစ်တာ သူ မြင်တယ်၊ နောက်ထပ်ယူလာတယ်၊ ကျွန်မကို သောက်ခိုင်းတယ်၊ သိပ်နိုးသွားတယ်၊ သိပ်အိပ်ချင်သွားသည်၊ လီဇာ့ငိုသံ ကြားတယ်။ ကာလ် ကလေးဆီသွားတယ်၊ ကျွန်မ....၊ ကျွန်မ....ထရမယ်၊ ကလေးဆီသွားရမယ်၊ အရမ်း အောင်ငိုနေတယ်၊ ကားက ကလေးကို ရိုက်တယ်၊ အိပ်ရာထဲ သေးပေါက်တယ်လို့ ပြောတယ်၊ ကျွန်မ ကလေးကို တခြားခေါ်သွားရမယ်၊ မနက်ကျမှ ကျွန်မ မွေးနေ့၊ ကျွန်မ ကာလ်ကို ပြောပြတယ်"

"သူ့ကို ဘာပြောတာလဲ"

"သူသိတယ်၊ ဖြည်းဖြည်း သိစ မှုလာပြီ"

"ဘာသိတာလဲ နန်စီ"

"ကျွန်မ ထွက်သွားတော့မယ်၊ ကလေးတွေကို ခေါ်သွားရမယ်၊ သွားကို သွားရတော့မယ်"

"မင်း ကာလ်ကိုမချစ်လို့လား"

"ဒီလိုဖြစ်သင့်တာပေါ့၊ ပျော်ရွှင်စရာ မွေးနေ့ဖြစ်ပါစေလို့ သူက ပြောတယ်၊ လီဇာ သိပ်ငြိမ်နေတယ်၊ ကျွန်မအတွက်မွေးနေ့ ကိတ်လုပ်ရအောင်လို့ လီဇာကို ကျွန်မကပြောတယ်။ ကျွန်မ ရယ်၊ ပီတာရယ်၊ လီဇာလေးရယ် ကျွန်မတို့ မွေးနေ့ကိတ်မုန့် အတွက် ချော့ကလက်တွေ၊ ဖယောင်းတိုင်တွေ အတူတူသွား ဝယ်ကြမယ်။ ရာသီဥတုကမကောင်းဘူး၊ မိုး စရွာနေတယ်၊ လီဇာအအေးမိပြီး ဖျားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ကာလ် ကျောင်းသွားသေးလား"

"ဟုတ်ကဲ့၊ သူ ဖုန်းဆက်တယ်၊ ကျွန်မတို့ ဈေးသွားမယ်လို့ ပြောလိုက်တယ်၊ ဒီနောက် လီဇာကို ဆရာဝန်သွားပြမယ်လို့ ပြောလိုက်တယ်၊ ကျွန်မ စိုးရိမ်တယ်၊ ကလေးတွေ တယ်လီဗီးရှင်းကြည့်အပြီး ၁၁ နာရီမှာ သွားမယ်လို့ပြောလိုက်တယ်"

"လီဇာအတွက်စိုးရိမ်တယ်လို့ မင်း ပြောတော့ ကာလ်က ဘာပြန်ပြောသလဲ"

"သူက ရာသီဥတုမဲကောင်းဘူး၊ လီဇာအားအားမိတယ် ဆိုယင်လဲ အပြင် ခေါ်မသွားစေချင်ဘူး၊ ကလေးတွေကလဲ မုန့်ဝိုင်းလုပ်ပေးချင်ကြတာ။ ဈေးဝယ်နေတုန်း ကျွန်မသူတို့ကိုကားပေါ်မှာ ထားခဲ့မှာပါ။ ကျွန်မ မွေးနေ့အတွက် သူတို့ သိပ်ပျော်နေကြတယ်၊ သူတို့လေးတွေဟာ ပျော်ရွှင်မှုမရှိခဲ့ကြဘူး။ ကာလ်ရဲ့ သည်းကမ်းတင်းကျပ်လွန်းတာကို ကျွန်မ ခွင့်မပြုသင့်ဘူး၊ ဒါ... ကျွန်မရဲ့အပြစ်ပါပဲ။ ကျွန်မ ဆရာဝန်နဲ့တိုင်ပင်ရမယ်၊ ဆရာဝန်ကို မေးကြည့်ရမယ်၊ လီဇာအတွက်ရော၊ ကျွန်မ အတွက်ရော၊ ကျွန်မ ဘာဖြစ်လို့ အမြဲဘမ်းနုံးခွေနေရတာလဲ၊ ကျွန်မ ဘာဖြစ်လို့ ဒီလောက် ဆေးတွေအများကြီး သောက်နေရတာလဲ၊ ရော့ဟာ ကလေးတွေ ရယ်မောအောင်လုပ်ဘတ်တယ်။ ကလေးတွေဟာ သူနဲ့ဆက်ဆံတော့ သိပ်ပြောင်းလဲသွားတယ်။ ကလေးတွေဟာ ရယ်မောသင့်တာပေါ့"

"မင်း ရော့ကို ချစ်နေလို့လား နန်စီ"



"မဟုတ်ဘူး၊ ကျွန်မက လှောင်အိမ်ထဲမှာ ရောက်နေတယ်၊ ထွက်ရမယ်၊ တခြားသူတွေနဲ့ စကားပြောချင်တယ်၊ ရော့က ကျွန်မ သူ့ကိုပြောပြခဲ့သလိုပြောတယ်၊ ဟိုသိုမဟုတ်ဘူး ဟိုသို အမျိုးမဟုတ်ဘူး"

သူမ အသံ တဖြည်းဖြည်းမြင့်လာ၏။

လင်ဒန်၏အသံက နှစ်သိမ့်သလိုနှင့်....

"၁၁ နာရီ ထိုးတော့ ကလေးတွေကို မင်း ဈေးခေါ်သွားတယ် မဟုတ်သား"

"ဟုတ်ကဲ့၊ မိုးရွာနေတယ်၊ ကလေးတွေကို ကားထဲမှာနေခဲ့ဖို့ မှာခဲ့တယ်၊ သူတို့က နေခဲ့မယ်လို့ ပြန်ပြောတယ်၊ သိပ်လိမ္မာတဲ့ ကလေးတွေ၊ သူတို့ကို ကားနောက်ခန်းထဲမှာ ထားခဲ့တယ်၊ နောက်ပြန်လာတော့ မတွေ့တော့ဘူး၊ ဘယ်တော့မှ မတွေ့တော့ဘူး...."

"ကားရပ်တဲ့နေရာမှာ ကားတွေ အများကြီးရှိသလား"

"မရှိဘူး၊ ဆိုင်ထဲမှာ ကျွန်မသိတဲ့လူ တယောက်မှမတွေ့ဘူး၊ သိပ်ဘိုက်နေတယ်၊ အေးတယ်၊ လူတွေမများဘူး"

"ဆိုင်ထဲမှာ မင်း ဘယ်လောက်ကြာကြာ နေခဲ့သလဲ"

"မကြာပါဘူး၊ ဆယ်မိနစ်....၊ မွေးနေ့ဖယောင်းတိုင်တွေ ကားဆီ အမြန်ပြန်လာတယ်၊ ၁၀ မိနစ်ပဲ၊ ကလေးတွေ ပျောက်သွားပြီ"

သူမ၏အသံက မယုံကြည်နိုင်သောလေသံမျိုး ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မင်း ဘာလုပ်တုန်း နန်စီ"

"ဘာလုပ်ရမှန်း ကျွန်မမသိဘူး၊ ကျွန်မအတွက် လက်ဆော သွားဝယ်တာဖြစ်မယ်၊ ပီတာ့မှာ ပိုက်ဆံပါတယ်၊ အဲဒါအတွ ထွက်သွားတာဖြစ်မှာ၊ သူတို့က သိပ်လိမ္မာတာ၊ ဒါကြော သူတို့ထွက်သွားတာဖြစ်မှာ၊ အခြားဆိုင်တွေဆီကိုများ သွ သလား....၊ ကားထဲမှာ ပြန်ရှာတယ်၊ ကလေးတွေကို လိုက်ရှာ တယ်"

"တခြားလူတွေကိုရော ကလေးတွေများတွေ့လိုက်သလား မမေးဘူးလား"

"မမေးမိဘူး၊ ကာလ် သိလို့မဖြစ်ဘူး၊ သူ စိတ်ဆိုးမှာ ကလေးတွေကို အပြစ်ပေးဦးမှာ"

"ဒီတော့ ဈေးအနားပတ်ဝန်းကျင်က ဈေးဆိုင်ကလေးတွေ မှာလဲ အကုန်လိုက်ရှာကြည့်တယ် မဟုတ်လား"

"သူတို့က ကျွန်မကို လိုက်ရှာကြတယ်၊ ပျောက်သွားတယ် ကားရပ်တဲ့နေရာမှာ လျှောက်ရှာတယ်၊ သူတို့ ကားကိုတော မတွေ့ဘူးနဲ့တူပါတယ်၊ သူတို့ကို အော်ဟစ်ပြီးခေါ်တယ်၊ စိုးရိမ် တကြီးဖြစ်လာတယ်၊ တယောက်ယောက်က 'ရဲကို အကြော ကြားလိုက်မယ်၊ မင်းယောကျ်ားကိုလဲ ခေါ်လိမ့်မယ်' လို့ပြော တယ်။ 'ကျွန်မ ယောကျ်ားကို မပြောပါနဲ့' လို့ ပြောလိုက်တယ် အမှုစစ်တုန်းက မိန်းမတယောက်က အဲဒါကို ရုံးမှာပြောပြ တယ်၊ ကာလ် စိတ်ဆိုးမှာ ကျွန်မ မလိုချင်ဘူး"

"ရုံးမှာ အစစ်ခံတုန်းက အဲဒါကို မင်း ဘာကြောင့်မပြော သလဲ"



"မပြောနဲ့လို့ ရှေ့နေက ပြောတယ်၊ ကာလ် စိတ်ဆိုး နေ တယ်၊ မပြောနဲ့၊ ဖုန်းထဲမှာ သူနဲ့စကားများတယ်လို့ မပြောနဲ့၊ လီဇာအိပ်ရာထဲ သေးမပါဘူး၊ အိပ်ရာခင်း သေးမစိုဘူး"

"မင်း ဘာကိုဆိုလိုတာလဲ"

"အိပ်ရာက ခြောက်နေတယ်၊ ကလေးကို ကာလ်က ဘာ ကြောင့်နာအောင် လုပ်ရတာလဲ၊ ဘာဖြစ်လို့တုံး၊ ကိစ္စမရှိပါ ဘူး၊ အကြောင်းမဟုတ်တော့ပါဘူး၊ ကလေးတွေမရှိတော့ဘူး၊ မိုက်ကယ်၊ မစ်စီတို့လဲ မရှိတော့ဘူး၊ သူတို့ကိုရှာကြပါ၊ သူတို့ကို ရှာမှဖြစ်မယ်"

"ကနေ့မနက် မိုက်ကယ်နဲ့ မစ်စီကိုရှာတဲ့အကြောင်း တို့ကို ပြောပြပါ"

"ရေကန်ထဲမှာ သွားကြည့်ရမယ်၊ သူတို့ ရေကန်နားကို သွားသလား၊ ရေထဲများ လိမ့်ကျသွားသလား၊ ပေါ်မြန်မြန်....၊ ခပ်မြန်မြန်....ရေကန်ထဲမှာတခုခု....ရေအောက်မှာ တခုခုရှိတယ်"

"ရေအောက်မှာ ဘာရှိသလဲ နန်စီ"

"အနီရောင်........အနီရောင် တခုခု... နန်စီနဲ့ လက်အိတ် ကလေး များဖြစ်ခဲ့လား....ငါကောက်ယူရမယ်....၊ ရေက သိပ်အေးတယ်၊ မမီဘူး၊ လက်အိတ်ကလေးမဟုတ်ဘူး... သိပ်အေးတယ်....အေး တယ်...."

"ဒီတော့ မင်း ဘာလုပ်သလဲ"

"အဲဒီမှာ ကလေးတွေမရှိဘူး၊ ရေထဲကထက်လာတယ်၊ သိပ် အေးတယ်... သောင်ပြင်.... ကျွန်မသောင်ပြင်ပေါ် လဲကျသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ....အဲဒီမှာ....သစ်တောထဲမှာ....ကျွန်မကို ကြည့်နေ တယ်၊ သူ....အဲဒီမှာ ကျွန်မကို ကြည့်နေတယ်”

ရဲမှူးက မတ်တတ်ရပ်လိုက်သည်။ ‘ရေး’ ကလဲ ရှေ့ကိုဆတ်ကနဲ တိုးလာသည်။ လင်ဒန်က သူတို့ ၂ ယောက်ကို သတိပေးသည့် အနေနှင့် တားလိုက်ပြီး....

“အဲဒါ ဘယ်သူလဲ၊ အဲဒါ ဘယ်သူလဲ၊ ငါတို့ကိုပြောစမ်းပါ”

“လူ ၂ယောက်........ကျွန်မ သူ့ကိုသိတယ်....သူဟာ....သူဟာ ရော့သက်ဂလာ....ရော့သက်ဂလာ၊ အဲဒီမှာ ရှိနေတယ်....သူ ပုန်း နေတယ်....ကျွန်မကို ကြည့်နေတယ်”

သူမ၏အသံသည် နိမ့်လိုက်မြင့်လိုက်၊ မျက်တောင်ကလည်း ခတ်လိုက်ဖွင့်လိုက်နှင့် ဖြစ်လာသည်။ ‘ရေး’၏ မျက်နှာသည်လည်း သွေးဆုတ်သွားသည်။ ဒေါ်ရော်သီက လေကိုခပ်ပြင်းပြင်းရှိုက် သွင်းလိုက်သည်။ သည်အမှု ၂ ခုသည် ဆက်စပ်နေပါသလား။

“ဆိုဒီ သမ် အမိဘယ်ဆေးက ပြယ်ဖို့ အချိန်နီးနေပြီ။ မကြာခင် သူ သတိရတော့မယ်”

လင်ဒန်က ဒူးနှင့်ပေါင်တွေ တောင့်နေသဖြင့် ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြောလိုက်သည်။

ရဲမှူးက....

“ဆရာနဲ့ဂျိုနသန်ကို ခဏနေလာက် စကားပြောချင်တယ်”

လင်ဒန်က....

“ရေး....သူ့အနားမှာ ခဏနေပါ။ ခဏဆိုယင် သူ နိုးလာ တော့မှာ....”



ဟု သတိပေးပြီး ရဲမှူးနောက် လိုက်သွားသည်။

ထမင်းစားခန်းထဲရောက်တော့ ရဲမှူးက....

“ဆရာ၊ နောက်ထပ် ဘယ်လောက်ကြာဦးမှာလဲ”

သူ့မျက်နှာထားကလည်း ခပ်တည်တည်ဖြစ်နေသည်။

“နန်စီကို နောက်ထပ်မေးခွန်းမေးဖို့ ကျုပ်တို့ မကြိုးစားသင့် ဘူးလို့ထင်တယ်”

“အခုလိုလုပ်တာဟာ ကျွန်တော်တို့အနေနဲ့ နန်စီဟာ သူ့ ကျြားဟောင်းကို ကြောက်တာရယ်၊ သူ့ ယောကျြား ငင်းကို မချစ်တာရယ်၊ ကနေ့မနက် ရော့သက်ဂလာနေရာကနေ ရောက်လာတာ ဘာကြောင့်လဲလို့ ဘာမှ မသိရပါဘူး”

လင်ဒန်က ရဲမှူးကိုစေ့စေ့ကြည့်ပြီး....

“ဘုရားရေ၊ နန်စီပြောနေတာ ခင်ဗျား မကြားဘူးလား၊ း ကြားနေတာတွေကို ဘာမှန်းမသိဘူးလား”

“ကျွန်တော်သိတာက အဲဒရက်ကလေးတွေကိုပြန်ရှာဖို့ ကျွန် တာဝန် ကျေဖို့အတွက် ဘာတနေ့မှ မကြာလိုက်ဘူး ပဲ။ သူ့မိခင်သမှုနဲ့ပတ်သက်ပြီး သူ့ကိုယ်သူအပြစ်တင် ဒါဟာလဲ ကျောင်းကို ကလေးတွေသွားတွေ့တုန်း မိဘ းယင် ကလေးမှု ဖြစ်တတ်တဲ့ သဘာဝပဲ။ ခင်ပွန်း င်းရဲ့လှုပ်ရှားမှုကို တုံ့ပြန်ဖို့ကလဲပဲ နည်းနည်း သွေးလေ က်ချွားပုံဖြစ်နေတယ်လို့ ထင်ရတယ်။ ဒီအိမ်ထောင်ထဲ ခွာနိုင်ဖို့အရေး သူ့ယောကျြားကို အပြစ်ဘင်နေပုံရတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ကာလ် ဟာမွန်ကို ခင်ဗျား ဘယ်လိုသဘောရသလဲ"

လင်ဒန်က ခပ်တည်တည်မေးလိုက်သည်။

"မိန်းမငယ်ငယ်လေးကိုယူပြီး အထောင်စီးကနေ အမြဲ... နေချင်တဲ့ လူတယောက်ပဲ။ သူဟာ ဒီကိုတ်မြို့ပေါ်မှာရှိတဲ့ ... ဝက်ကျော်ကျော်သောက်နဲ့ တာမှုမထူးဘူး။ မိန်းမကို ဟောင်... လဲပြီး ပိုက်ဆံတပြားတချပ်မှ ကိုင်ခွင့်မပြုတဲ့ယောကျ်ားတွေ... တခါတုန်းကြီး ခင်ဗျားကိုပြနိုင်တယ်။ မိသားစုပိုင်မော်တော်ကား... မယားကိုမောင်းခွင့်မပြုတဲ့လူကိုလဲ ပြနိုင်တယ်။ ညဘက် မိန်း... တယောက်တည်း အပြင်ထွက်ခွင့်မပြုတဲ့သူကိုလဲ ကျွန်တော်... တယ်။ ဒီလိုဟာမျိုးဟာ ကမ္ဘာအနှံ့ရှိနေတာပဲ။ ဒါကြော... မို့လဲ အမျိုးသမီးလွတ်လပ်ခွင့်အဖွဲ့အစည်းဆိုတာတွေက ပြော... စရာ၊ ဆိုစရာ၊ ဆန္ဒပြစရာထွက်ပေါ်လာတာပေါ့"

"ပီဒိုဖီးလီးယား ( Pedophilia) ဆိုတာ ဘာလဲ... ခင်ဗျားသိသလား ရဲမှူးကြီးခင်ဗျာ"

လင်ဒန်က လေအေးအေးဖြင့် မေးလိုက်သည်။

ဂျိုနသန်က ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်လဲ ဒါကို စဉ်းစားနေမိတယ်"

လင်ဒန်က ရဲမှူးကိုပြန်ဖြေဖို့ အချိန်မပေးတော့ပဲ....

"သာမန်စကားနဲ့ ပြောရရင် လူသား မမြောက်သေး... ကလေးငယ်တို့နဲ့ ပတ်သက်ပြီး လိင်ဆက်ဆံရေး စိတ်ကစား... ရောဂါမျိုးတခုလို့ ခေါ်တယ်"



"ဒီဥစ္စာ ဒီမှာ ဘယ်လိုလာပြီး ပတ်သက်လာတာလဲ"

"အတိအကျတော့ ခွင့်မဝင်ပါဘူး၊ နန်စီ အိမ်ထောင်ကျ တော့ ၁၇ နှစ်ပဲရှိသေးတယ်။ အပြင်ပန်းကြည့်ရင် သူဟာ ... ဒီထက်ငယ်ဘယ်လို ထင်ရတယ်။ ကာလ်ဟာမွန်ရဲ့ နောက် ကြောင်း ရာဇဝင်နဲ့ပတ်သက်ပြီး စစ်ဆေး ထောက်လှမ်းနိုင်ရို တော လွယ်လွယ်ကူကူရနိုင်မလား"

ရဲမှူးကြီးသည် မယုံကြည်နိုင်သည့် မျက်နှာထားနှင့် စူးစိုက် ကြည့်နေပြီး ဒေါသကိုကြိတ်မှိတ်ထိန်းထားပုံမျိုးဖြင့် မှန်ပြတင်း ပေါက်အား တပေါက်ပေါက် ရိုက်ခတ်သော မိုးနှင်းပေါက် တွေကို လက်သီးထိုးတာ ပြန်ပြောလိုက်၏။

"ခင်ဗျား ဒီအသံတွေကြားရဘယ်မဟုတ်လား ဒေါက်တာ၊ အပြင်တနေရာရာမှာ ခြေဦးတည့်ရာ သွားနေတဲ့ ကလေး ၂ ယောက် အအေးမိသင်မိနေမယ်။ ဒါမှမဟုတ် ဘယ်လိုမှပြောသာ မရတဲ့ အရူးတယောက်လက်ထဲ ရောက်ချင်လဲ ရောက်နေမယ်။ ၂ ယောက်လုံး သေချင်လဲသေလိမ့်မယ်၊ ကျွန်တော့် အလုပ်က သူတို့ကိုရှာဖို့၊ အဲဒီရှာဖို့ဆိုတာကလဲ အခုချက်ချင်းလုပ်ဖို့ပဲ၊ အခု ကျွန်တော်ဘို့ရထားတဲ့သဲလွန်စတခုက နန်စီအဲဒရက်ကိုယ်တိုင်နဲ့ ခတ်ဆီဆိုင်ကအလုပ်သမား.... သူတို့ ၂ ယောက်က ရေခဲ့သတ် ... ဆိုတဲ့နေ့ကို ဒီအနီးပတ်ဝန်းကျင်မှာ ရှိဘယ်လို့ သေသေ ချာချာပြောထားပြီးပြီ။ ဒီသတင်းအစအနမျိုးကိုမှ ကျွန်တော်တို့ အလုပ်လုပ်လို့ဖြစ်ဘာမဟုတ်မဟုတ်ထင်မြင်ချက်ကိုသတ်ထား... ထင်ရှားရှားပြရအောင် သေပြီးတဲ့ လူတယောက် အကြောင်း အချိန်ကုန်ခံပြီး ကျွန်တော့်ကိုခင်ဗျားကရှာခိုင်းနေပြီမှာလား"

www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမြည်သံ၏။ အနားၥစောင့်နေသော ရဲသား လေးက ဖြတ်ကနဲ ကောက်ကိုင်လိုက်သည်။ ရဲမှူးနှင့်စကားပြော ချင်သည်ဟု ရဲစခန်းမှူးရဲ့စာရေးက ဖုန်းဆက်ခြင်းဖြစ်သည်။

လင်ဒန်နှင့်ဂျီနသန်တို့သည် တယ်လီဖုန်းနားထောင်နေသော ရဲမှူးကိုစောင့်ကြည့်နေသည်။ ရဲမှူးက....

"ဘယ်လောက်ကြာသွားပြီလဲ၊ ဘယ်မှာလဲ"

ဟု မေးလိုက်သည်။

လင်ဒန်နှင့်ဂျီနသန်တို့သည် တယောက်မျက်နှာ တယောက် ကြည့်ပြီး နောက်လာသည့်သတင်းဟာ မကောင်းသတင်း မဖြစ် ပါစေနှင့်ဟု အသံတိတ် ဆုတောင်းလိုက်ကြသည်။ ရဲမှူးသည် တယ်လီဖုန်းကိုပြန်ချလိုက်ပြီး သူတို့နှစ်ဦးဘက် လှည့်လိုက်က....

"ရော့သက်ဂလာဟာ အဒမ်ပိုတည်းခိုခန်းမှာ ကနေ့မနက် ၁၀ နာရီခွဲလောက်က ဝင်တည်းသွားတယ်၊ သူခိုးလာတယ်လို့ ထင်ရတဲ့ ကားဟာ ၆ အေလမ်းမကြီးပေါ်မှာ တိုက်မိပြီး မှောက်သွားတယ်၊ သူ့ကိုတော့ မမိလိုက်ဘူး၊ သူဟာ ပြည်နယ် ဘက်ကို ဦးတည်ပြီးသွားမယ်လို့ ယူဆရတယ်၊ သူ့ကိုရှာဖို့ သတင်းပို့ပြီးပြီ၊ ရှာဖွေရေးကိုလဲ ကျွန်တော်ကိုယ်တိုင် ကြပ်မ မယ်၊ ကျွန်တော် ဒီရဲသားကိုထားခဲ့မယ်၊ လက်ဂလာဆိုတဲ့ငနဲ အမိဖမ်းရမယ်၊ သူ့ကိုမိယင်တော့ ကလေးတွေ ဘာဖြစ်သွား တယ်ဆိုတဲ့ အဖြေကို ကျွန်တော်တို့သိမှာပဲလို့ ထင်တယ်"

ရဲမှူး ထွက်သွားပြီး တံခါးပြန်ပိတ်သွားသည့်အခါ ဂျီနသန် က လင်ဒန်အား....



"အခုလောက်အထိဆိုယင် ခင်ဗျား ဘယ်လောက် အထိ အဖြေဖော်နိုင်ခဲ့သလဲ"

လင်ဒန်သည် အချိန်တော်တော်ကြာကြာ စဉ်းစားနေပြီးမှ ဖြေလိုက်သည်။

"ကျုပ်အထင်ဟာ တော်တော်နီးစပ်တယ်လို့ တွေးမိတယ်၊ ကျုပ်မျက်စိထဲမှာ ပရစ်စီလာဖုန်းဆက်နေပုံကို မြင်နေတယ်၊ ကာလ်ဟာမွန်ဟာ သူမထသွားပြီးတဲ့နောက်မှ စားပွဲကထသွား တယ်၊ သူ ဘယ်ကိုသွားသလဲ၊ ပရစ်စီလာ ကျုပ်ကိုပြောတဲ့ စကားကို ကြားမျာသွားသလား၊ နန်စီက ဇက်ကျိမှာ အမဲဆီ ပေနေတယ်လို့ပြောတယ်၊ နန်စီအခုနန့် ဟာမွန်ရဲ့လက် သူ့ပခုံး ပေါ်တင်လိုက်တုန်းက အကျီပေသွားလောက်အောင် ဟာမွန်ရဲ့ လက်မှာ အမဲဆီတွေပေနေတယ်လို့ အမိပွယ် ရောက်အောင် ပြောချင်တာများလား၊ ပရစ်စီလာရဲ့စကားကို ဟာမွန်က တခုခု များလုပ်လိုက်တယ်လို့ သူမ ထင်လိုက်တဲ့ အကြောင်း ပြောချင်လို့ လား"

လင်ဒန်သည် မထင်အပ်သော ဇာတ်လမ်းဘခု ဖြစ်တော့မှာပဲ ဟု တွေးထင်လိုက်သည်။ ဒီအသိအရေးသည် ဒချိုင်းသို့ရောက် နေသည့် ကာလ်ဟာမွန်အတွက် ဘယ်လိုများ အကျိုးသက်ရောက် ဦးမှာလဲ။

ဂျီနသန်က......

"ခင်ဗျားရဲ့ စိတ်ကူးဟာ ကျွန်တော့်စိတ်ကူးသွားတဲ့လမ်း ဘက်ကို သွားနေတယ်ဆိုယင် ကျွန်တော်တို့ စိတ်ကူးတွေဟာ အတူတူဖြစ်မှာပဲ၊ ဟာမွန်ကလေးတွေ ပျောက်ဆုံးတဲ့ကိစ္စကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



သွားရုံနဲ့ ကျွန်တော်တို့အတွက် အထောက်အကူဖြစ်မှာမဟုတ်ဘူး၊ ခင်ဗျားလဲပဲ ကလေးတွေရဲ့အရေးကို စဉ်းစားနေတယ် မဟုတ်လား"

"ဟုတ်တယ်"

လင်ဒန်က ပြန်ပြောလိုက်သည်။

"သူက သေပြီဆိုတော့ ကျွန်တော်တို့က ရော့လက်ဂလာဘက်လှည့်ရတော့မယ်၊ ကန့်နက်အကြောင်းနဲ့ ပတ်သက်ပြီး ဆေးဆိုးထားတဲ့ အရှိန်နဲ့ပြောတဲ့ နန်စီရဲ့ စကားတွေဟာ ဘယ်လောက်များ တိကျမှန်ကန်နိုင်ပါ့မလဲ"

လင်ဒန်က ခေါင်းခါပြပြီး......

"ကျုပ်လဲ မမှန်းဆတတ်ဘူး၊ တချို့ ရောဂါသွင်များဟာ ဆေးဆိုးထားလျက်နဲ့တောင် ရှင်မဖွင့်ပဲ ရေငုံနှုတ်ပိတ်လုပ်နိုင်ခဲ့တာ ကျုပ်တွေ့ဖူးတယ်၊ ဒါပေမယ့် ရော့လက်ဂလာကို ရေကန်ဘေးမှာတွေ့လိုက်တယ်ဆိုတာကိုတော့ ကျုပ်ယုံတယ်"

ဂျိုနသန်က......

"ကန့်နက် ၁၀ နာရီခွဲမှာ တည်းခိုခန်းမှာ တယောက်တည်း ဝင်တည်းသွားတယ်"

သူတို့နှစ်ဦးသား စကားဆက်မပြောကြတော့ပဲ ပြတင်းပေါက်နားသွားပြီး ရေကန်ဘက်သို့ မျှော်ကြည့်နေကြလေတော့သည်။

* * *

## အခန်း ( ၂၂ )

ညနေခါးနေခရီ ရုပ်မြင်သံကြားသတင်းတွင် အခြားသတင်းများနှင့်အတူ အဲဒီချက်ကလေးများပျောက်ဆုံးသည့်သတင်းက လွှမ်းမိုးနေသည်၊ ဟာမွန်အမှုတွန်းက ရုပ်ရှင်ဖြတ်ပိုင်းအတိုအစလေးများကိုလည်း ပြသည်၊

ကိတ်ရော့ သတင်းစာမှာပါသည့် ဓာတ်ပုံများလည်း ပြန်ပြသည်၊ နန်စီကို လူသတ်မှုဖြင့် အပြစ်ပေးလိုက်သည့် အမိန့်ချပြီးသည့်နောက် ဆံပင်ဖြန့်စွာကို ဘီးဖြီးမှု ပါခေါ်ကွက်ကလေးမှန်နှင့်အတူ ရော့လက်ဂလာတို့တွေ့ကြသည့်ပုံလည်း ပါသည်။

သတင်းကြေငြာသူ၏အသံသည် အလောတကြီးပုံစံဖြင့်......

www.burmeseclassic.com

www.burmeseclassic.com



"ရှော့လက်ဂလားဟာ ဒီနေ့မနက် အဲဒီရက် အိမ်...
ပတ်ဝန်းကျင်ကိုရောက်လာတယ်လို့ ခိုင်လုံတဲ့သက်သေအထော...
အထားများ တွေ့ထားပါတယ်၊ ဒီလူကိုတွေ့ခဲ့လို့ရှိယင် အ...
ဖုန်းနံပါတ် ကေအယ်လ် ၅၃၇၀၀ ကို ဆက်ပါ၊ အဲ...
ကလေးများရဲ့ အသက်ဘေးအန္တရာယ်ဟာ အရေးကြီး...
တယ်၊ ဒီကလေးပျောက်မှုနဲ့ပတ်သက်ပြီး အထောက်အကူဖြ...
မယ့် သတင်းအစအနများရှိတယ်လို့ထင်ယင် ဒီအထူးဖုန်းနံပါ...
ကိုဆက်ပါ"

ဝစ်ဂင်မှာ လျှပ်စစ်မီးပျက်သွားကတည်းက သိုင်းကိုပိ...
အိမ်ပြန်ရောက်၍ ရုပ်မြင်သံကြားသတင်းကို အချိန်မီကြည့်လို...
ရသည်။

"ဟိုလူကြည့်ရတာ မြင်ဖူး သလိုလိုပဲ"

မစ္စက်ဝစ်ဂင်က ပြောလိုက်သည်။

"မင်း ဒီလိုပဲပြောမှာပဲ"

သူ့ယောကျ်ားက ငေါ့တော့တော့ပြောလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မ တကယ့်ကိုပြောတာပါရှင်၊ တ...
တော့ ဟုတ်ခုခုပဲ၊ သူ ရှေ့ကိုငုံ့ ပိုက်တဲ့ပုံစံက ကြည့်လိုက်မကော...
ဘူး"

ဂျက်ဝစ်ဂင်က သူ့မိန်းမကိုစိုက်ကြည့်ပြီး.......

"အေး၊ ငါကလဲထင်နေတာ၊ ဒီကောင် လို ပုံစံမျိုး...
မိန်းကလေးကလှည့်ကြည့်ရမယ့် အကောင်မျိုးကွ"



"သူလား....၊ ရှင်က ဟိုသူငယ်ကိုပြောနေတာလား၊ ကျွန်မ
ပြောတာက ဟိုတစ်ယောက်ပါ၊ ပါမေကွပါ...."

ဂျက်က သူ့မိန်းမကို လက်လျှော့သည့် အမူအရာဖြင့်
ကြည့်ပြီး....

"မိန်းမတွေဟာ သက်သေကောင်းတယောက်လဲ မဖြစ်ဘူး၊
ဂျူရီလူကြီးကောင်းလဲ မဖြစ်နိုင်ဘူးလို့ ငါ ပြောတာ၊ ပါမေးကွ
ဟာ မှန်အကြောင်း ဘယ်သူမှ မပြောဘူး။ သူက သူ့ကိုယ်သူ
အဆုံး စီရင်သွားပြီးပြီ၊ အများတကာက လက်ဂလားဆိုတဲ့
အကောင်အကြောင်းပဲ ပြောနေတာ"

မစ္စက်ဂစ်ဂင်က နှုတ်ခမ်းကို တချက်ကိုက်ပြီး....

"ဟုတ်ပါတယ်ရှင်၊ ရှင်ပြောတာ မှန်မှာပါ။ ဒါပေမယ့်...၊
အင်း....တော်ပါပြီလေ"

သူ့ခင်ပွန်းသည် လေးပင်စွာ မတ်တတ်ရပ်လိုက်ပြီး....

"ကဲ ညနေစာစားဖို့ အဆင်သင့်ဖြစ်ပလား"

"ပြီးတော့မှာပါ၊ မိုက်ကယ်နဲ့မစ်စီတို့ ကလေးတွေအကြောင်း
စဉ်းစားမိယင် ညစာစားချင်စိတ်တောင် မရှိတော့ဘူး။ သူတို့
ဘယ်ရောက်နေတယ်ဆိုတာ ဘုရားမှသိမှာပဲ။ ဒီကလေးတွေကို
ကူညီဖို့ ရှင်တို့က စဉ်းစားနေကြတယ်၊ နန့်ဇီအကြောင်း ဘာ
ပြောတယ်ဆိုတာတော့ ဂရုမစိုက်ဖူး။ သူက ဆိုင်ကို သိပ်
မလာပါဘူး။ လာတဲ့အခါတော့ သူ့ကလေးတွေစောင့်ရှောက်
ထိန်းသိမ်းပုံကိုကြည့်ရတာ ကျွန်မ သိပ် သဘောကျတာပဲ၊
ကလေးတွေကို ပြောတာဆိုတာ သိပ်သိမ်မွေ့တယ်။ ဘယ်တော့မှ
ဒူးနွှဲပျက်ဘူး။ စိတ်လဲမဆိုးလွယ်ဘူး။ ဒီမှာရှိတဲ့တခြားမအေ

www.burmeseclassic.com



တွေနဲ့ဘော့ ကူ့ာပါရှင်။ ကလေးတွေကြောင့် ကျွန်မတို့ ဈေးဆိုင်ရှင်များရဲ့ စိတ်အနှောင့်အယှက်ဖြစ်မှုဟာ သူ့ရွှေကျတော့ ဘာမှမဟုတ်သလို ဖြစ်သွားတယ်"

"တို့မှာ ဘာစိတ်အနှောင့်အယှက် ရှိနေရတာလဲ"

မစ္စဘာဝင်ဂင်က သက်ာမကောင်းသံဖြင့် ခပ်စူးစူးလေး မေးလိုက်၏။

"အင်း...."

မစ္စက်ဝစ်ဂင်က သူမနှုတ်ခမ်းကို ကိုက်လိုက်သည်။

ဒီနှစ်နွေဘက်မှာ အလစ်သုဘ်သမားများ ကသိကအောင့် လုပ်ဘာကို ဘောခ်တော်များမျ းတွေ့ရသည်။ ဒီအကြောင်းတွေ ပြောလျှင် ဂျက်က စိတ်ဆိုးတတ်သည်။

ဒါကြောင့်လည်း ဒီခနုမနက်က စင်ခပါမှ ကလေးပေါင်ဒါ ဘူးကြီးတလုံး မစ္စဘာမဲရစ် လစ်သွားသည့်အကြောင်း သူမ ယောကျာ်းကို တမင်သက်သက်မပြောပဲ ထားလိုက်လေတော့ သည်။

* * *

## အခန်း ( ၂၃ )

ညနေ(၅)နာ ရီသတင်းသည် စိန့်ဖရန့်စင်ဘုရားရှိခိုးကျောင်း နှင့် မလှမ်းမကမ်းမှ အိမ်လေးတလုံး၏ ထမင်းစားခန်းရှိ တယ်လီ ဗီးရှင်းလေးမှ အသံထွက် နေသည်။ 'ပတ်ထရစ်ကီးနန်' တို့မိသားစု ညစာစားဖို့ မြင်ဆင်နေယင်း တယ်လီဗီးရှင်းကို ဝိုင်းကြည့်နေကြသည်။

အယ်လင်ကီးနန်သည် မိုက်ကယ်နဲ့ မစ်စီတို့၏ပုံများ ပေါ်လာသည့်အခါ ခေါင်းကို ယမ်းခါလိုက်သည်။ သူမ၏ သားသမီးများ ဖြစ်သော နီးလ်၊ ဂျင်မီ၊ ဒိုင်ဒါနှင့် ကင်တို့ကို အမှတ်မထင်ကြည့် လိုက်ပြီး တစ်....နှစ်... သုံး.... လေး....ဟု ရေတွက်ကြည့်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ပင်လယ်ကမ်းခြေသို့ အလည်ခေါ်သွားတိုင်း သည်သို့ အမြဲတမ်းရေတွက်ခဲ့သည်။ ဘုရားရေ....၊ သူတို့ကလေးတွေ ဘာမှ မဖြစ်ကြပါစေနှင့်။ အဲဒါဟာ သူ့အတွက် ဆုတောင်းပဲဖြစ်သည်။

အယ်လင်သည် စိန့်ဘုရားရှိခိုးကျောင်းကို သွားတဲ့သူတယောက် ဖြစ်သည်။ တနင်္ဂနွေနေ့ဆိုလျှင် မစ္စက်ရို့စ်ကနေဒီနှင့်အတူ ဘုရားဝတ်ပြုကြသည်။ သမ္မတနှင့် ဘော်ဘီတို့ လုပ်ကြံခံရစဉ်က မစ္စက်ကနေဒီသည် စိန့်ဘုရားကျောင်းမှာ လာဝတ်ပြုသည်။

ထိုစဉ်က မစ္စက်ကနေဒီ၏ မျက်နှာသည် သောကများဖြင့် လွှမ်းမိုးနေပေမယ့် ဣန္ဒြေမပျက်ခဲ့။ ဘုရားဝတ်ပြုနေသည့်အချိန်မှာတော့ ဂရုတစိုက် စောင့်မကြည့်ခဲ့ပါ။ သူ့ပုဂ္ဂလိက လွတ်လပ်မှုရှိသင့်သည် မဟုတ်ပါလား။ ရံဖန်ရံခါ ဘုရားရှိခိုးကျောင်းမှ အထွက်တွင် ဆုံမိလျှင်တော့ နှုတ်ဆက်ဖူးသည်။

မစ္စက်ရို့ကနေဒီဟာ ဘယ်လိုများ ရပ်တည်နိုင်ပါမလဲ....။

သူမ စဉ်းစားမိသည်။

ယခုလည်း သည်မေးခွန်းအတိုင်း မေးမိ၏။

နန်စီအဲဒရက်ဟာ ဘယ်လိုများ ရပ်တည်နိုင်ပါမလဲ....။

အတူးသဖြင့် ယခင်က ဝကြိမ်ဖြစ်ခဲ့ဖူးသူ တယောက်အဖို့ ဘယ်လိုများ ခံနိုင်ရည်ရှိမှာလဲ။

သတင်းဝေဖန်ရေးသမားက ကိတ်ကေ့သတင်းစာတွင် ပါသည့် ဆောင်းပါးသဘင်းကို ဝေဖန်နေသည်။

ရဲများကလည်း သတင်းရေးသူကို အပူတပြင်း လိုက်ရှာနေသည်။ သတင်းဝေဖန်သူ၏စကားများသည် နန်စီ၏ခေါင်းထဲတွင် သိစ်မစွဲလိုက်ချ။ အယ်လင်သည် ကလေးတွေ့သသည့်ကိစ္စ



မှာ တာဝန်မရှိဘူးဟု စိတ်ထဲမှာတွေးပြီး ဆုံးဖြတ်လိုက်ချိန် ကိုက်ဆိုင်နေသောကြောင့် ဖြစ်သည်။

ဘယ်မိခင်မဆို သူမ၏သွေးသားတွေကို သတ်ပစ်မည်မဟုတ်၊ ကလေး ပြောရလျှင် ဖြစ်ကိုမဖြစ်နိုင်။ သူမ၏ခင်ပွန်းသည် ‘ပက်’ သူမကို စိုက်ကြည့်နေတာမြင်တော့ အသားလေး ဖြူးပြုံးသည်။ အစိုပ္ပယ်ကတော့ ကျွန်မ ကံကောင်းသည်ဟုသည့် သာ။

“သူက သိပ်ဝတာပဲ”

ဟု နီးလ်က ပြောလိုက်သည်။

အယ်လင်က အနတွေးနယ်မှလန့်ပြီး သူ့သားကြီးကို လှမ်းကြည့်လိုက်သည်။ အသက် ၇ နှစ်အရွယ်မှာ လုံပိရဲကိုင်ရဲနှင့် ရဲဆိုရ မလွယ်သည့်ကလေးမို့ ပူရသည်။

သူ့မှာ ပန်းရုံဆံပင် ဝါရင့်ရောင်နှင့်မီးခိုးရောင်မျက်လုံးများ သည်။ သူ့အသက်နှင့်ဆိုလျှင် ကိုယ်လုံးကိုယ်ထည်သေးသည်ဟု သည်။ ဒါကို နီးလ်က စနောင့်စနင်းဖြစ်နေသည်ဟု သူမ ထင်မိသည်။ အဲသည်တော့ သူမက....

“မင်းအနေဖလဲ အရပ်ရှည်တယ်။ မင်းဦးလေး ဂျွန်လဲ အရပ်ပဲ။ မင်းလဲ တနေ့ အရပ်ရှည်မှာပါ”

ဟု နှစ်သိမ့်ခဲ့ရသည်။ ဒါတောင်မှ သူသည်တတန်းလုံးကလေး နှိုင်းစာလျှင် အသက်ပိုငယ်သည်ဟု ထင်ရသည်။

“ဘယ်သူက ဝတာလဲသားရဲ့”

သူမက ရုပ်မြင်သံကြားစက်ဘက်သို့ ပြန်လှည့်ကြည့်ပြီး မေး သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုလူကြီးလေ၊ ဟိုအရှေ့က လူကြီး။ ပြီးခဲ့တဲ့လက
ဘော့်ကို စာတိုက်မှာစာယူခိုင်းလို့ပိုက်ဆံဘာဒေါ်လာပေးသွား
လူကြီးပေါ့။ သူရေးပေးလိုက်တဲ့ စာရွက်ကလေး အ
ကျွန်တော်ပြသားပဲ။ အမေကမှ မယုံဘာ"

အယ်လင်နှင့် ပက်တို့သည် ရုပ်မြင်သံကြားကို စူးစိုက်ကြ
ကြသည်။ သူတို့ကြည့်နေသည့်ပုံက ပါမေးကွ ကာလ်ဟာ
နောက်ဘက်မှ တရားရုံးက ထွက်လာသော ရှော့လက်ဂ
ဖြစ်သည်။

"နီးလ်၊ မင်း မှားနေကာယ်။ အဲဒီလူကြီးက သေတာ
လှပြီ"

နီးလ်က ဝမ်းနည်းသွားသယောင်နှင့်....

"ကြည့်ပါသား၊ အမေတို့က ကျွန်တော့်ကိုမှမယုံတာ၊
ငွေဘာဒေါ်လာ ဘယ်ကရသလဲ မေမေက ထပ်ခါတလဲလဲ
တုန်းက ကျွန်တော်ပြောသားပဲ။ အဲဒီတုန်းကတည်းက မေ
မယုံပဲကိုး။ အခု သူဟာ ဒီပုံထဲကထက် အများကြီးဝနေတ
ဒီဆံပင်တွေလဲ မရှိတော့ဘူး။ စတရှင်ဝက်ဂွန်တံခါးပေါ်
အပြင်ကို ခါးကုန်းလိုက်ပုံဟာ ဒီပုံထဲကလူကြီးသို့ လည်ပ
ခေါင်းကိုဆွဲထားလိုက်တဲ့အတိုင်းပဲ"

သဘင်းကြေငြာသူက ဆက်ပြောနေသည်။

"ဘယ်လောက်ပဲ မသက်ဆိုင်ဘူး မရရှာဘူးလို့ ထ
သတင်းပဲဖြစ်ပါစေ၊ ဒီအမှုနဲ့ပတ်သက်မယ်လို့ထင်ယင်...."



ပက်က စိတ်ဆိုးဆိုးနှင့် မာန်လိုက်သည်။

"မေးဖကာ ဘာလို့ စိတ်ဆိုးရတာလဲ"

၅ နှစ်သား ဒိုင်ဒီက လှမ်းမေးလိုက်သည်။

နီးလ်က....

"ဟိုလူကြီးလိုပေါ့"

ဝင်ပြောလိုက်သည်။ ပက်သည် ဂုဏ်ဆွေဆယ်လိုက်ပြီး၊

"မင်းတို့လို ကလေး လေးကောင်ကို မွေးရတာ မလွယ်ဘူး
လို ငါ တခါတခါ စဉ်းစားမိတယ်"

ကလေးမလေးရဲ့ခေါင်းမှ ဆံပင်လေးကို အသာအယာ ပွတ်
သပ်ပေးနေလိုက်သည်။ သူ့လက်လှမ်းမိရာမှာ သမီးလေးရှိနေ
သည်ကိုပင် ဝမ်းသာရမလို ဖြစ်နေသည်။

"ကဲ........ တယ်လီဗီးရှင်း ပိတ်လိုက်တော့မယ်၊ ငါတို့ညနေ
စာမစားခင် အဲဒရက်ကလေးတွေကို ဘုရားသခင်က သူ့မိဘ
တွေဆီ ဘေးကင်းရန်ကင်းပြန်ပို့ နိုင်ပါစေလို့ ဆုတောင်းလိုက်
ကြစို့"

ဆုတောင်းနေသည့်ကာလအတွင်း အယ်လင်၏ ဦးနှောက်က
အဝေးသို့ရောက်နေသည်။

'ဘယ်လိုပဲမရရှာတဲ့ သဘင်းပဲဖြစ်ဖြစ် စိတ်ထင်ယင်ပေးပါ'
ဟု သူတို့က တောင်းနေကြတယ်။

နီးလ်ဟာ စာတိုက်က ဟိုစာကလေး သွားယူပေးဖို့ ခိုင်း
ခံရလို့ ၁ဒေါ်လာ ရခဲ့၏။ အဲဒီနေ့ကို သူ အသိအကျ မှတ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လွန်ခဲ့တဲ့ ၄ပတ်က ဗုဒ္ဓဟူးနေ့။ အဲဒီနေ့က ဆရာမိဘ အသင်းအစည်းအဝေး ကျောင်းမှာရှိလို့ နီးလ်ကလည်း ထမင်းစားပြန် နောက်ကျသည်ရက်ဟု မှတ်မိလိုက်သည်။

သူမသည် တခုခုကို ရုတ်တရက်မှတ်မိသိုက်သည်။

"ဒါနဲ့...နေပါဦး နီးလ်။ အဲဒီလူကြီးက စာတိုက်မှာပြဖို့ ပေးလိုက်တဲ့ စာကလေး မင်းမှာရှိသေးလား။ မင်း ပိုက်ဆံနဲ့ အတူ စုပုံထဲထည့်လိုက်တာ ငါမြင်မိတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သိမ်းထားတယ် မေမေ"

"ဒီစာရွက်ပေါ်ကနာမည် ငါကြည့်ချင်လို့ သွားယူလိုက်စမ်းပါ......"

မက်သည် သူမကို စေ့စေ့ကြည့်ပြီး လှေ့လာနေသည်။ နီးလ်ထွက်သွားသောအခါ ကလေးတွေ၏ ခေါင်းပေါ်မှကျော်ပြီး မက်က......

"မင်း......တခုခု လုပ်ထားတယ်လို့ ငါ့ကို မပြောနဲ့"

သူမသည် သူမကိုယ်သူမ ကြောင်တိကြောင်တောင် ဖြစ်သွားလေသည်။

"ကဲ..ကလေးတွေ စားကြတော့။ ငါကလဲ တခါတခါ ကယောင်ချောက်ချား ဖြစ်တတ်သား။ ရဲတွေရဲ့အချိန်ကို ဖြုန်းတတ်တာ ငါလိုလူမျိုးပဲဖြစ်မှာ။ ကဲ...အငယ်လေး ပန်းကန်ဒီဘက်တိုးလိုက်စမ်း။ မင်းကြိုက်တဲ့ ပုံစံအတိုင်း အသားသွတ်ပေါင်မုန့်လှီးပေးမယ်"

* * *

အခန်း ( ၂၄ )

တာမျှ ဖြောင့်ဖြောင့်တန်းတန်း ဖြစ်မလာချေ။ သူ မျှော်ထားသလို ကောင်းကောင်း ဖြစ်မလာခဲ့။ ဟိုမိန်းမကြီးက သွားသည်။ ကလေးမလေးကိုသည်း အိပ်ရာကနိုးတဲ့အထိ ...ရဦးမည်။ အိပ်ရာက နိုးခဲ့လျှင်လည်း သူ့လက်ထဲမှာ ...နတ်တွန့်လိမ်တာကို သူ ခံစားရဦးမည်၊ ဟိုကောင်လေးက ...ထဲမှထွက်ဖြေးပြီး ပုန်းနေသည်၊ သူ့ကိုလည်း ရှာရဦးမည်။ အားလုံးသည် သူ့လက်ထဲမှ လျှောထွက်သွားနေပြီဟု ထင်...သည်။ မျှော်သင့်ခြင်းကြီးစွာဖြင့် စိတ်အရသာ ခံလိုမှုသည် ...ပျက်ပြီး ဒေါသဘက်သို့ ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချေ ကမူ မထွက်တော့။ ဒါပေမယ့် ချေးခေးတွေက သူ့အဝတ်အစားများကို အသားနှင့် ကပ်စေးကပ်စေး ဖြစ်သည်။ နန့်စီ၏ မျက်လုံးနှင့် တူလှသည့်ကောင်လေး၏ မျက် ပြာလေးကို ပြန်စဉ်းစားမိတော့ ကြိုတင်အရသာ၍ တော့။

ကောင်လေးက အန္တရာယ်ကောင်လေး။ အကယ်၍ သူ သွားလျှင်....သူ့ကိုဋ္ဌပြီးပြီ။ အဲဒီတော့ သူ ယခင်ကလုပ်ခဲ့ သည်ကလေးတွေကို အလျှင်ရှင်းပစ်မှ တော်တော့မည်။ ခုလိုခြိမ်းခြောက်ခံနေရမှုကို ဖယ်ရှားနိုင်လိမ့်မည်။

ပါးစပ်၊ နှာခေါင်း၊ မျက်လုံးတို့ကို လေမဝင်အောင် လိုက်ရုံလေးပဲ ဖြစ်၏။ ဒီနောက် နာရီအနည်းငယ်အတွင်း အမြင့်ဆုံး တက်လာသည့်အခါ လှိုင်းခေါင်းဖြူတွေ ရိုက်ပုတ်နေသော ရေထဲသို့ ပစ်ချလိုက်ရုံပဲ။ ဘယ်သူမျှ သိ မဟုတ်။

သည်တော့မှ သူဟာ ဘယ်သူ့ရဲ့ခြိမ်းခြောက်မှုမှမရှိပဲ ဒီနေ နေပြီး သူမဒုက္ခရောက်တာကို စိတ်ချလက်ချထိုင်ပြီး ကြည့် နေလိုက်မည်။

နက်ဖြန်ညကျလျှင် ခြိမ်းခြောက်မှုအားလုံး ကင်းရှင်း အခါ ပြည်မကို ကားနှင့်မောင်း၍ ပြန်သွားတော့မည်။ ည မောင်ရီဖျိုးဖျအချိန်မှာ သူပြန်မည်။ အဲဒီအချိန်မှာ တ ထီးဘည်း လမ်းလျှောက်သည့် ကလေးမလေးတယောက်တ တွေ့ချင်တွေ့နိုင်သည်။ သည်တော့ ငါဟာ မင်းရဲ့ဆရာအဝ ပြောလိုက်မည်၊ အဲဒါဟာ အမြဲအလုပ်ဖြစ်သည်။



သည်လို ဆုံးဖြတ်လိုက်မှပဲ သူ စိတ်သာသွားသည်။

ယခု သူ့အရေးတကြီးလုပ်ရမည့် အလုပ်ဟာ ကောင်လေးကို ပစ်ဖို့ပဲ။ ကောင်လေးသည် နန့်စီသို့ ငံ အားတော်သည်၊ ပေးသည်၊ ကျေးဇူးကန်းသည်၊ ထွက်ပြေးချင်သည်။

သူ့ကို တွေ့အောင်ရှာရမည်၊ သူ့ကို ကြိုးနှင့်ချည်ပြီး အခ် တန်ပါးလွှာသည့် ပလတ်စတစ်အိတ်ကို ယူရမည်။ လိုဝါရီဆိုင် နန့်စီဝယ်လေ့ရှိသည့် တံဆိပ်မျိုးကိုမှ ရွေးရမည်။ ဒီနောက် ကောင်လေကို အလျှင်ရှင်းပစ်လိုက်ရမည်၊ သူလေးဟာ ဒုက္ခပေး သားကိုး။

သည့်နောက် ကလေးမလေး....။ သူမကို ဆက်ထိန်းသိမ်း ထားလျှင် သိပ်အန္တရာယ်ကြီးမယ်။

ပြီးခဲ့သည့် ဟိုအကြိမ်ကလိုပဲ တက္ကသိုလ်ကနေလစ်ထွက်သွား ပြီး ဈေးဆိုင်နားရောက်သွားသည့်တိုင်အောင် သူ့ကိုယ်သူ ဘာ လုပ်ရမည်မှန်းမသိခဲ့၊ နန့်စီက လီဇာကို ဆရာဝန်ဆီခေါ်မသွားဖို့ တခုတည်းပဲ သတိရခဲ့သည်။ ဈေးဆိုင်နားကို နန့်စီရောက်ခင် တတည်းက သူက အလျှင်ရောက်နှင့်နေပြီး စောင့်နေခဲ့သည်။

သူမသည် ကားမောင်းဝင်လာပြီး ကလေးတွေကိုမှာကြား၍ ဆိုင်ထဲဝင်သွားသည်။ အနားတွင် တခြားကားမရှိ။ တခြားလူ သည်းမရှိ၊ ဒီတော့မှ သူ ဘာလုပ်ရမည်ဆိုတာကို ချက်ချင်း သိလိုက်သည်။

ကလေးတွေက သူ့ကား နားထောင်သည်။ သူက ကား တံခါးကိုဆွဲဖွင့်လိုက်သည့်အခါ ကလေးတွေက လန့်သွားသည်။ သည်တော့ သူက.......

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာ၊ မေမေ့ မွေးနေ့မှာ မေမေ့ကို နှောင်
အောင်"

သူတို့လေးတွေ သူ့ ကားနောက်မြီးအုံဖုံးထဲသို့ ရောက်သည်
တပြုံနက် ကီစ္စကပြီးသွားပြီ။

သူတို့ခေါင်းပေါ်မှာ ပလတ်စတစ်အိတ်တွေစွပ်ပြီး တင်း
အောင် လိမ်ထားလိုက်သည်။ ရှန်းကန်မှုရပ်တာနှင့်တပြိုင်
အုံဖုံးပိတ်ပြီး ကျောင်းသို့ပြန်သွားခဲ့သည်။

အားလုံးပေါင်းမှ ၈ မိနစ်ခဲ့ဘာင်မကုန်လိုက်။

ကျောင်းသားများသည် ခေတ်ခွဲခန်းနှင့် စမ်းသပ်မှ
စိတ်စောနေကြသည်၊ သူ ပျောက်သွားတာကို သတိမပြုမိ
ကြချေ။

အကယ်၍လို ဇင်လျှင် သူ့ ဘက်ကသက်သေလိုက်မည့်သူ
တသမ်းကြီးရှိသည်၊

အဲဒီနေ့ည က သူ့ကားကို မြစ်ဆိပ်ကမ်းနား အထိ မော
သွားသည်။ အလောင်းများကို ပင်လယ်ထဲသို့ ပစ်ချခဲ့သည်
အခွင့်အရေးကိုအသုံးချခဲ့သလို အန္တရာယ်ကိုလည်း ရှောင်တိမ်း
ခဲ့ရသည်။

ဟို ၇ နှစ်က လုပ်ခဲ့သည့်အတိုင်း အခုလည်း အန္တရာယ်
ရှောင်ရတိမ်းရပေဦးမည်။

'မိုက်ကယ်....ထွက်လာခဲ့၊ မိုက်ကယ်....မင်းအမေဆီ ငါ ပြ
ပို့ပေးမယ်"

သူသည် မှန်အိမ်ကိုကိုင်ပြီး ပတ်ခြာလည်လျှောက်ရှာနေ၏။



သည့်အခန်းထဲမှာ ပုန်းဖို့နေရာက သိပ်ရှိ။ ကြောင်အိမ်တွေ
ကသည်း မြင့်သည်။ ကျောက်ဂူကြီးလိုမှောင်နေသော ဒီအိမ်ထဲ
မှာ ကောင်လေးကို မှန်အိမ်လေးဖြင့် လိုက်ရှာဖို့ဆိုသည်မှာ
မလွယ်လှ။ အချိန် တော်တော်ကြာမည်ဖြစ်၏။ ဘယ်က စ ရှာ
မလဲ။

"မိုက်ကယ်၊ မင်းအမေဆီ မင်း ပြန်ချင်ဘူးလား"

နောက်တကြိမ် ထပ်ခေါ်လိုက်သည်။

"မင်းအမေ ဘုရားသခင်ဆီသွားတာမဟုတ်ဘူး၊ အခု သူ
နေကောင်းလာပြီ၊ မင်းကို သူက တွေ့ချင်နေတယ်"

ဧတိယထပ်က အိပ်ခန်းတွေထဲမှာ အလျင်သွားရှာရလျှင်
ကောင်းလေမည်လားဟု သူ စဉ်းစားကြည့်သည်။

ကောင်လေးသည် ပါးနပ်သည်။ သည်တံခါးကို သူ့ရောက်
အောင် ပထမကြိုးစားမှာပဲ။ သူ အပေါ်ထပ်မှာနေမှာတော့
မဟုတ်။ အိမ်ရှေ့ခန်းတံခါးဆီကို အလျင်များသွားနေမလား။
အဲဒီကို အလျင်သွားကြည့်ရမည်။

အိမ်ရှေ့ခန်းကိုသွားဖို့ထွက်အလာမှာ မီးဖိုခန်းဘေးကအခန်း
လေးကို သူ သတိရလိုက်မိသည်။

အကယ်၍ ကောင်လေးသည် မီးဖိုခန်းတံခါးကို ကြိုးစားပြီး
ဖွင့်နေစဉ် သူလာသံကြားလိုက်ပါက ဒီအခန်း လေး သည် သာ
ပုန်းခိုစရာအကောင်းဆုံးနေရာလည်း ဖြစ်သည်။

သူက အခန်းလေး၏ တံခါးဝဆီသို့ လျှောက်သွားသည်။

သူ အခု ကြားနေရသည်မှာ အသက်ရှူသံလား။ ဒါမှမဟုတ်
လေတိုက်သံများလား။

www.burmeseclassic.com

www.burmeseclassic.com



ဟု သူက တအားအော်ပြောလိုက်သည်။

ပဲရစ်သက်ထဲမှ မှုန်အိမ်ကိုလည်း ခေါင်းပေါ်ကျလာသည် လက်နှိပ်မီးရိုက်ချက်မခရောက်မီ ခြေထောက်နှင့် ကန်ပစ်လိုက်နိုင်ခဲ့သေးသည်။

* * *

## အခန်း ( ၂၆ )

မော်တော်ကားကိုစွန့်ပစ်မိသည်မှာ အမှားတရပ်ပင်ဖြစ်သည်။ ဤအပြုအမူသည် အင်မတန်မှမိုက်မဲပြီး ညံ့ဖျင်းသည်ဟုသာ ပြောရပေမည်။ ရော့သည် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခြင်းကို ဆုံကြည့်သည်။

ဒီနေ့တနေ့လုံး သူလုပ်ခဲ့တာအကုန် အမှားချည်းပဲ ဖြစ်၏။

နန်စီကို ရေကန်နားမှာ တွေ့ခဲ့စဉ်ကတည်းက ကိုတ်ကော့မှာ နေ၍ တချိုးတည်းလစ်ဖို့ ကောင်းသည်။ ဤသို့ ပြုလုပ်မည့် အစား နန်စီသည် ခေတ်တပြုတ် ဇိုင်ပေါက်တခုပဲဖြစ်မှာ၊ ထင့်ကို

www.burmeseclassic.com

www.burmeseclassic.com



သူ အခန်းထဲကို နှစ်လှမ်း၊ သုံးလှမ်း ဆက်ဝင်သွားပြီး မှန်အိမ်ကို သူ့ခေါင်းအထက်သို့မြှောက်ပြီး ကြည့်လိုက်သည်။

သူ့မျက်လုံးက တခန်းလုံးရှိ အရာဝတ္ထုများကို တခုပြီးတခု ဝေးဝေးစိုက်စိုက်နှင့် ရွေးကြည့်နေတည်။

ပြန်လှည့်ထွက်မည်ဟု ဟန်ပြင်ပြီး မှန်အိမ်ကို ညာဘက်လှည့်လိုက်သည့်အခါ....။

ကုလားထိုင်တန်းလျားနောက်မှာ ပုံကွေးနေသည့်ပုံသဏ္ဌာန် တခုနှင့်အရိပ်ဘနားဟာ ကြမ်းပြင်ပေါ်သို့ ယုန်ကလေးတကောင် ငပ်နေပုံအတိုင်း မြင်လိုက်ရသည်။

သူမြင်လိုက်ရသော အရာဝတ္ထုကိုကြည့်ပြီး အသံသေးသေး ရွှေးရွှေးဖြင့်.......

"မင်းကိုငါတွေ့ပြီ မိုက်ကယ်...."

ဟု သူက အော်ပြီး တခစ်ခစ်ရယ်မောလိုက်သည်။

"ဒီတခါတော့ မင်း ပြေးလို့မလွတ်တော့ဘူးဟေ့"

* * *

## အခန်း ( ၂၅ )

ဂျွန်ခရာကိုပေါ်ခဲ့သော်စ်သည် ကားကို ဖ အေသမ်းမကြီး ပေါ်မှ မျှော်စင်ကြီးဘက်သွားသည့်လမ်းကို ကွေ့လိုက်သော အခါ မီးများပျက်သွားသဖြင့် သူက မော်တော်ကားရှေ့ မီးခလုတ်ကို အသာနှင်း၍ဖွင့်လိုက်သည်။ မြင်ကွင်းက သိပ်ပြီး ကြည့်မကောင်းသေး။

ကားကိုဂရုစိုက်၍ မောင်းနေရသည်။ ကားဘီးအောက်မှ လမ်းမှာ ချောနေပြီး အချိန်မရွေး ဘီးချော်သွားနိုင်ကြောင်း သူ သတိထားမိသည်။

ထည်သောက်မှောင်သည့် သည်လိုအိမ်ကြီးထဲမှာ သူ့မီးခြစ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး လာရှာတာပါဟု ယုံအောင် ဘယ်သို့ပြောရပါ မစ္စတာပဲရစ်အနေနှင့် "မနက်မှတခေါက်ပြန်လာရှာပါ၊ မဟုတ် သူ ရှာထားပါ့မယ်၊ တွေ့ယင် ဒေါ်ရော်သီကို ထားပါ့မယ်"ဟု ပြောလျှင်လည်း ဖြစ်နိုင်သားပဲ။

အိမ်တံခါးဝအထိ လက်နှိပ်မီးဖြင့်သွားမည်ဟု သူ ဆုံး လိုက်သည်။

မွန်ပြောင်းကြီးနှင့် ကြည့်စဉ်က တခုခုကျသွားသံကို ကြားလိုက်သည်ဟု ပြောရမည်။ အဲဒီတော့ "သူ့အိတ် တခုခုများကျသွားသလားလို့ လာကြည့်တာပါ"ဟု ပြော သဘာဝအကျသား။

သူကြည့်ချင်သည့် နေရာက အပေါ်ဆုံး တော့ အခန်းပဲ ဖြစ်သည်၊

မျှော်စင်ကြီးသို့တက်သွားသည့်လမ်းကို ကားမောင်းရသည် မှာ အန္တရာယ်ကြီးသည်။ လမ်း၏နောက်ဆုံးတကွေ့မှာ ကား ရှေ့ပိုင်းသည် အန္တရာယ်ဖြစ်လောက်အောင် ယမ်းသွားသည်

ဂျွန်သည် လက်ကိုင်ကို တအားဆုပ်ကိုင်လိုက်ပြီး ကား သည် လမ်းကိုအမိအရကုတ်သိုက်မိသည်ဟု သူ သတိပြုမိသည် လမ်းကွေ့နံဘေးအကာလေးနှင့် ၆ လက်မခန့်အကွာအထိ ကား လျှောပါသွားသည်။ အကယ်၍ ဘီးက လမ်းကိုမကုတ် လျှင် ၆ ပေခန့်အကွာရှိ ဝက်သစ်ချပင်ကို တက်၍တိုက်မိ အမှန်ပင်ဖြစ်၏။

နောက်မိနစ်အနည်းငယ်အတွင်း၌ အိမ်ကြီး၏အနောက်ဘက် ကားဝင်လမ်းမဥပါသို့ သူ ရောက်ခဲ့သည်။



ကားကို ဒေါ်ရော်သီထားသလို ဂိုဒေါင်ထဲတော့ မထား တော့ပါ။ သူ့အနေနှင့် အမှတ်တမဲ့ တမင်လာခြင်းမဟုတ် သယောင်ပြချင်သည်။

သည့်ထက် ပိုပြီးဟန်ပြရမည်ဆိုလျှင် သူ စိတ်နည်းနည်းတိုနေ ပြီး တဘက်သားကို ကသိကအောင့် လုပ်ရမှာမမှုသောပုံမျိုး ဆောင်ရမည်။

သည်တော့ သူက ညနေစာစားနေတုန်း သူ့မီးခြစ် ပျောက် တာသိလိုက်ရ၍ မိုးမြင်သည်းမရောက်သေးသဖြင့် ဖုန်းဆက်တာ ထက် ကိုယ်တိုင်လာမည်ဟု ဆုံးဖြတ်ခဲ့ကြောင်း သူက ပြောမည်။

သူ ကားမှပေါ်မှဆင်းလိုက်သည့်အခါ အိမ်ကြီး၏ မည်း မှောင်သည့် အသွင်သဏ္ဌာန်က သူ့ကို ဆီး၍တွန်းလိုက်သလို ခံစားလိုက်ရသည်။ ဟိုခေါင်မိုးသပ်တောင်မှ မှောင်မိုက်နေ သည်။

ဒီလူ့မှာ မှန်အိမ်တော့ရှိမှာပဲ။ ဒီလိုလေပြင်းထန်တဲ့ အချိန် မှာ မီးပျက်တာတော့ မဆန်းပါ။

ပဲရစ်ကအိပ်ပျော်သွားပြီး မီးပျက်တာမသိလိုက်လျှင်ကော။

အကယ်၍များ လူမြင်မခံချင်သော မိန်းမတယောက် သူ့ဆီ များ လာနေလျှင်ကော........။

ဒီထင်မြင်ချက်ကို ဂျွန်၏ခေါင်းထဲမှာ အခုအချိန်မှ ပထမ ဦးဆုံးဝင်လာသည်။

သူ့ကိုယ်သူ မိုက်ရန်ကောဟု စဉ်းစားမိပြီး ကားထဲပြန် သွားရကောင်းမလားဟု တွေးမိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းခဲတွေက သူ့မျက်နှာကိုရိုက်ခတ်နေသည်။ လေသည် နှင်းခဲများကို သူ၏အကျီကော်လန်သက်များထဲသို့ မှုတ်သွင်းနေသည်။ ညနေစာစားတုန်းက နွေးထွေးမှုလေးကလည်း ပျောက်သွားသည်။ သို့ဖြင့် သူသည် ချမ်းတုန်ပြီး မင်ပန်းနွမ်းနယ်ခြင်းကို သတိပြုမိလိုက်သည်။

သူ့မှာ ကြမ်းတမ်းသည့်ခရီးရှည်ကြီးကို ကားမောင်းရမှာကလည်း ရှိနေသေးသည်။

သူဆင်ထားသည့်ဇာတ်လမ်းအရဆိုလျှင် သူ့ကို တော်တော်တုံးသည့်သူပဲဟု ထင်ကြပေမည်။ ပဲရစ်ဆိတ်တွင် လူအမြင်မခံချင်သော ညှို့သည့်တယောက်များ ရှိနေမည်လားဆိုသည့် အတွေးမျိုး စောစောက ဘာကြောင့်များ မပေါ်ခဲ့ရပါလိမ့်။

ဒီတော့ သူ့ကိုယ်သူ 'ငါတုံးပဲ' ဟု ဆုံးဖြတ်လိုက်သည်။ သူများ ကိစ္စကို အလကားနေယင်း မသက်ဆိုင်သော ငမိုက်သားပဲဖြစ်သည်။

သူနှင့် ဒေါ်ရော်သီသည် အချိန်အချက်ကလေး တခုကို အနှောင့်အယှက် ပြုခဲ့မိတာလောက်ပဲ ဖြစ်သည်။ တခြားလူတယောက်ဆို ဒီထက်ပိုပြီးအနှောင့်အယှက်မပြုလိုက်ခင် ဒီနားက ထွက်ခွာသွားဖို့ ကောင်းနေပြီဖြစ်၏။

မော်တော်ကားထဲသို့ဝင်မည်ဟုဟန်ပြင်နေဆဲမှာပဲ ဗယ်ဘက်ခပ်ဝေးဝေး မီးပိုပြတင်းပေါက်တခုဆဲမှ အလင်းရောင်လေးကို ဖြတ်ကနဲ မြင်လိုက်ရသည်။



မီးရောင်လေးသည် မြန်မြန်လေးလှုပ်ရှားသွားပြီး တံခါး၏ ညာဘက်ပြတင်းပေါက်မှာ အရိပ်ထိုးလိုက်သည်ကို မြင်လိုက်ရသည်။

မီးဖိုခန်းထဲမှာ လူတယောက်သည် မှန်အိမ်တလုံးနှင့် လမ်းလျှောက်သွားနေပုံရသည်။

ဂျွန်သည် ကားတံခါးပိတ်သံမကြားရအောင် သတိကြီးစွာဖြင့် အသာလေးပိတ်လိုက်သည်။

လက်နှိပ်ဓာတ်မီးကိုယူပြီး မီးဖိုပြတင်းပေါက်နားသို့ အသာတိုး၍ ချောင်းကြည့်လိုက်သည်။

မီးရောင်မှာ ခန်းမကြီးဆဲမှလာနေသည်ကို မြင်ရသည်။

သူ့စိတ်ထဲ၌ အိမ်ဖွဲ့စည်းပုံကို ပြန်စဉ်းစားလိုက်သည်။

နောက်ဘက်လှေကားကို ခန်းမကြီးမှတက်ရသည်။ အခန်းလေးဘက်က တက်လျှင်လည်းရသည်ဟု သိခဲ့ရသည်။ ခပ်သွက်သွက်ပင် တံစက်မြိတ်အကာအကွယ်ကိုယူပြီး မီးဖိုနောက်ဘေးတံခါးကိုကျော်သွားကာ အခန်းငယ်လေးရှိသောပြတင်းပေါက်နားသို့ ရောက်သွားသည်။

မီးအိမ်မှမီးရောင်လေးကလည်း သည်နေရာမှာ မှုန်ဝါးဝါးဖြစ်နေသည်။ သူစောင့်ကြည့်နေဆဲမှာပင် မီးရောင်က ဖြည်းဖြည်း ပိုလင်းလာသည်။ မှန်အိမ်ကို ခေါင်းပေါ်၌မြှောက်ပြီး လက်ဆန့်ထားသည်ကိုမြင်လိုက်၍ သူ ပြတင်းပေါက်နောက်ဆုတ်ရှောင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုတ်အနုပဲရစ်ကို သူ တွေ့ရသည်။ သူ တခုခုကို ရှာနေသည်။ အာကိုလဲ တအယာက်ယောက်ကိုခေါ်နေသည်။ ဂျွန်က တအား အာရုံစူးစိုက်ပြီးနားထောင်လိုက်သည်။ လေတိုက်သံကလည်း သူ ခေါ်သံကို လွှမ်းထားသည်။ ဒါပေမယ့် သူ့နားထဲမှာ ပဲရစ်က 'မိုက်ကယ်၊ မိုက်ကယ်' ဟု ခေါ်နေခြင်းကို ကြားလိုက်ရသည်။

သူသည် ရှေကြောက်စိတ်များဖြင့် ကျောချမ်းသွားခဲ့သည်။

သူ ထင်ထားသည့်အတိုင်း မှန်နေသည်။ ဒီလူဟာ စိတ္တဇ အရူးတယောက်၊ ကလေးတွေဟာလည်း ဒီအိမ်ထဲက တနေရာရာမှာရှိနေမှာပဲ။ သူကိုင်ထားတဲ့ မီးအိမ်ကလည်း ပဲရစ်၏ ကိုယ်လုံးကိုယ်ထည်ကြီးတခုလုံးကို မီးမောင်းထိုးပြထားသလိုဖြစ်နေသည်။

သူသည် ဖြစ်နိုင်ဖြစ်ပါ့မလား၊ ခွန်အားမှမျှပါ့မလား၊ ဒီလူကြီးနှင့် ခွန်အားခြင်း မယှဉ်နိုင်ဘူးဆိုခြင်းတို့ကို သူ့စိတ်ထဲမှာ တွေးနေမိသည်။

သူ့မှာ လက်နက်ဟူ၍ ခါတ်မီးတလက်ပါသည်။

သူ အကူအညီသွားခေါ်ရမလား၊ မိုက်ကယ်လွတ်သွားသည်ဆိုသည်မှာဖြစ်နိုင်ပါ့မလား။ အကယ်၍ ပဲရစ်က ရှာတွေ့သွားလျှင် မိနစ်အနည်းငယ်အတွင်း အခြေအနေ တမျိုးတဖုံပြောင်းသွားနိုင်သည်။

သူ၏ တုန်လှုပ်ချောက်ချားနေသော မျက်စိအောက်မှာပင် ပဲရစ်သည် မှန်အိမ်ကိုညာဘက်သို့လှည့်ပြီး ခုံတန်းလျားနောက် မှ



ကြားထဲမှ ရှုန်းကန်နေသော ကလေးလေးအား ဆွဲထုတ်လိုက်သည်ကို မြင်လိုက်ရ၏။

ပဲရစ်သည်မှန်အိမ်ကိုအောက်သို့ချလိုက်ပြီး ကလေးလေး၏ သည်ပင်းကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လိုက်သည်ကိုလည်း မြင်လိုက်ရသေးသည်။

ဒုတိယကမ္ဘာစစ် ကာလအတွင်းက ရထားသည့်အတွေ့အကြုံ သူ သူသည် ဘာမျှ ခေါင်းစားတော့ပဲ ပြတင်းပေါက်ကိုလက်နှိပ် ဓာတ်မီးဖြင့် တအားရိုက်ခွဲလိုက်သည်။

ကုတ်နေပဲရစ် လှည့်ကြည့်မိခိုက်မှာပင် သူ သည် မှန်ကွဲမှလက် ၊ပြီး အတွင်းမှသော့ကို တွန်းဖွင့်လိုက်သည်။ ပြတင်းပေါက် ချပ်ကိုတအားတွန်းတင်လိုက်ပြီး အိပ်ခန်းထဲသို့ ပြတင်းပေါက် ဘောင်မှ ခုန်ကျော်ဝင်လိုက်၏။

သူ၏ ခြေထောက်များ ကြမ်းပြင်ကိုထိလိုက်ချိန်တွင်လက်ထဲမှ က်နှိပ်ဓာတ်မီးလွတ်ကျသွားသည်။ ပဲရစ်က မီးအိမ်ကို လက် ဘက်မှကိုင်ယမ်း ကျသွားသည့် လက်နှိပ်ဓာတ်မီးကို ကောက် ကာ လက်နက်သဖွယ် သူ့ခေါင်းအပေါ်သို့ မြှောက်လိုက် သည်။

ရိုက်ချလိုက်မည့် ရိုက်ချက်အား မည်သို့မျှ မရှောင်နိုင်တော့ ကြောင်း သူ သိလိုက်သည်။ သူက နံရံဘက်ကို အတတ်နိုင်ဆုံး ပ်ပေးလိုက်ပြီး....

"မိုက်ကယ်....ပြေး....ပြေး....၊ အကူအညီ သွားခေါ်ချေ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ခိုနေကာ သူတို့လင်မယားထံသွားတွေ့ပြီး ပိုက်ဆံတောင်းမည်ဟု သူတွက်ခဲ့သည်။

ယခုတော့...သူသည် ကလေးတွေ ပျောက်သွားသည့် အိမ်အနီးအနားမှာ သူရှိနေသလို ပြုလုပ်မိလျက်သား ဖြစ်သွားသည်၊

ဟိုဘုန်းကို ကလေးတွေပျောက်သွားတဲ့ အကြောင်းနှင့်ပတ်သက်ပြီး နန်စီနှင့် ပတ်သက်သည်ဟုဘာကယ်ပင် ယုံကြည်မိသည်။ ယခုမူ သူမလုပ်ဘူးဟု မည်သူက ပြောနိုင်မှာလဲ။ သူမသည် သူ့အား ပါမောက္ခကြီး ခဏခဏပြောဖူးသလို စိတ်ဖောက်ပြန်နေခြင်းပဲ ဖြစ်မှာပဲ။

ခေါ်ဘော်ကားကို စွန့်ပစ်ပြီးနောက် ကိတ်မြို့ထဲကိုဖြတ်သွားသော အမြန်လမ်းမကြီးသို့သွားမည့် ဘောင်ဘက်သို့ လာခဲ့သည်။

ရဲကားတစီး သူ့ဘေးမှဖြတ်၍ အမြန်မောင်းသွားတော့ သူ နောက်ပြန်ချိုးကွေ့လိုက်ရသည်။

သူသည် ကားကြုံတားပြီး လိုက်လျှင်ဖြစ်နိုင်သည်။ သို့ပေမယ့် ယခုအချိန်မှာ ထံဘားထိပ်မှလမ်းပိတ်၍ စစ်ဆေးနေမည်မှာ သေချာသည်။ အကောင်းဆုံးက ပင်လယ်ကွေ့ဘက်ကို ပြန်သွားလျှင် ကောင်းလိမ့်မည်။

ယင်းအခက်တွင် နွေဘက်တွင်သာ လူနေလှရှိသော သော့ခတ်ထားသည့် တဲလေးတွေရှိနိုင်သည်။ တဲတခုထဲ ခဏဘဖြုတ်ဝင်အောင်းနေလျှင် ဖြစ်နိုင်သည်။ တချို့တဲလေးတွေမှာ စားစရာတွေ ကျန်တတ်သည်။



နောက် ၂ရက် ၃ရက်ခန့်ကြာပြီး အရှာအဖွေ နည်းသည့်အချိန်မှာ ကုန်ကားတစင်းထဲ အလစ်ဝင်ပုန်းပြီး ဒီကျွန်းမှ အမြန်ဆုံးလစ်ထွက်ဖို့သာ စိတ်ကူးနေသည်။

သူသည် ချမ်းချမ်းစီးစီးနှင့်မို့ လမ်းကျဉ်းကလေးမှ ပင်လယ်ကွေ့ဘက်သို့ ခပ်သုတ်သုတ် ဆင်းလာသည်။ တခုကောင်းသည်မှာ ဒီလိုရာသီဆိုးမှာ လမ်းလျှောက်ထွက်မည့်သူနှင့် မတွေ့နိုင်ခြင်းဖြစ်၏၊ လမ်းပေါ်မှာ ကားလည်းမရှိဘူး။

ဒါပေမယ့် လမ်းကွေ့လေးတခုမှ ရုတ်တရက် ကွေ့အထွက်မှာ ရှေ့မီးထိုးလာသည့် ကားတစီး၏မီးရောင် မထိုးမိအောင် နောက်ကချုံထဲကို ပြန်ခုန်ပြီးဝင်လိုက်ရသည်။

အသက်ကို တအားရှူရှိုက်ယင်း ရင်းကား ဖြတ်သွားသည်ကို စောင့်နေခဲ့ရသည်၊ နောက်ထပ် ရဲကားတစီး ပါကလား။ ဒီနေရာမှာ ရဲကားတွေခြေရှုပ်နေ၏။ ဒီတော့ သူ လမ်းပေါ်က သွား၍တော့ မဖြစ်တော့ပေ။ ပင်လယ်ကွေ့ဘက် ဆင်းဖို့အတွက် နောက်ထပ် သိပ်မဝေးလှတော့။

ခြံစည်းရိုးချုံများဘေးမှကပ်ပြီး သစ်တောလေးဘက်သို့ သူတအားပြေးသွားသည်။ အဆိုပါ ခြံစည်းရိုးမှာ အနီးတဝိုက်ရှိ အိမ်ဝိုင်းများ၏ အနောက်ဘက်ခြံစည်းရိုးများသာဖြစ်သည်။ ၎င်းအနောက်ဘက်ခြံစည်းရိုးများကို ပတ်သွားလျှင် တော်တော်ဝေးဝေးသွားရပေမယ့် သူ့ကိုလူများ အလွယ်တကူမမြင်နိုင်တော့ပေ။

နန်စီသည် သူ့ကို ရေကန်မှာ တွေ့ပိုက်သလား။ နန်စီသူ့ဘက်ကို ကြောင်ကြည့်လိုက်သည်တော့အမှန်။ မြင်ချင်မှလည်း

www.burmeseclassic.com

www.burmeseclassic.com



မြင်မည်။ ယင်းနေရာသို့ သူ မရောက်ဖူးကြောင်း ငွတ်ငြင်းရမှာပဲ။ သူမကိုကြည့်ရသည်မှာလည်း သူ့ကို မြင်လိုက်တယ်လို့ ပြောနိုင်လောက်သော အခြေအနေရှိပုံ မပေါ်ပေ။

သူ့ကို ဘယ်သူမှမမြင်ဟု၍ သူက သေချာနေသည်။ ဟိုစတေရှင်ဝက်ဂွန်မောင်းသူကလွဲလျှင်ပေါ့။သည်လူကလည်းသည်အချပ်သားဖြစ်ချင်မှ ဖြစ်မှာပေါ့။ မက်ဆာချူးဆက် ပြည်နယ်နံပါတ် ဂ၆၄၂။

ဒီနံပါတ်ကို သူ ဘာလို့များ မှတ်မိနေပါလိမ့်။ ပြောင်းပြန်ကြည့်လျှင်.... ၂၄၆ဂ။

ဒါကြောင့် သူသတိထားမိလိုက်တာပဲ။ သူ အဖမ်းများ ခံရလျှင် ဒီစတေရှင် ဝက်ဂွန်အကြောင်းကို သူ ပြောပြနိုင်သည်။ အဲဒီကား အဲဒရက်ခြံနောက်ဘက်သို့ ဝင်သောလမ်းမှ ထွက်လာတာ သူမြင်ခဲ့ရသည်။ အချိန်ကလည်း ကလေးတွေပျောက်သွားသည့်အချိန်ဝန်းကျင်လောက်က....။

ဒါပေမယ့် တခါထပ်ပြီးတွက်ကြည့်လျှင် ယင်းစတေရှင်ဝက်ဂွန်သည် ခါတိုင်းပစ္စည်းလာပို့သည့် ကားဖြစ်ပြီး သည်ကားအကြောင်း သူတို့လည်း သိပြီးပြီဆိုလျှင်ရော....

ကားမောင်းသူကို 'မနေ့'က မမြင်လိုက်ပါ။ သတိသည်း မပြုမိလိုက်ပါ။ ဟကယ်တော့ သူသိလိုက်သည်က ခပ်ဝဝကိုယ်လုံးကြီးကြီး လူတစ်ယောက်၊ ဒါပဲ။ တကယ်လို့များ သူအဖမ်းခံရပြီး ဒီစတေရှင်ဝက်ဂွန်အကြောင်း ပြောလိုက်လျှင်ဖြင့် အဲဒရက်အိမ်နားမှာ မိမိရှိကြောင်း ကိုယ့်ဘာသာကိုယ် သက်သေထူလိုက်သလို ဖြစ်သွားပေမည်။



မဖြစ်ဘူး....မဖြစ်ဘူး။ သူ့ကို မိသွားယင်တော့ သူဘာမှ ဝန်မခံဘူး။ နန်စီ ကိုလာတွေ့ဖို့ အကြံရှိဘယ်လို့ပဲ ပြောရမည်။ သတင်းစာထဲက သူ့ဓာတ်ပုံကို မြင်လိုက်ပြီး ဒီနေရာမှ ထွက်ခွာသွားဖို့ ဆုံးဖြတ်လိုက်သည်ဟု ပြောမည်။

ဒီလို ဆုံးဖြတ်လိုက်တော့မှ နေသာထိုင်သာ ရှိသွားတော့သည်။ ခု....အရေးကြီးတာက မြစ်ဆိပ်က တဲလေးတွေဆီ ရောက်ဖို့....။

သူသည် သစ်ပင်အရိပ်ထဲမှခိုပြီး မြစ်ဆိပ်ဘက်ကို သွက်သွက်ပြေးသွားသည်။ ခလုတ်တိုက်လဲသဖြင့် ဒေါသနှင့်ဆဲပြီး ပြန်ထပြေးသည်။ မိုးနှင်းသည် လျှောစီးသည့် ရေခဲပြင်လို နေရာတခုလုံး ချောနေအောင် ပြုလုပ်ထားသည်။

သူ့အနေနှင့် နောက်ထပ်ဝေးဝေးသွားစရာ နေရာမရှိတော့။ အမိုးအကာအောက်ထဲ တနည်းနည်းနှင့် ရောက်ဖို့လိုပြီ။ နို့မဟုတ်လျှင် သူ့ကို တယောက်ယောက်က မြင်သွားပေလိမ့်မည်။

နှင်းများဖုံးနေသော သစ်ပင်တပင်မှာ သူ့ကိုယ်သူငြိမ်အောင် ထိန်းပြီး မြန်မြန်လစ်ဖို့ ကြိုးစားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

သာစတန်ဂစ်ဗင်သည် သူ့အိမ်နောက်ဘက် မှန်ကာထား
သော ဆင်ဝင်ကလေးထဲမှနေ၍ မှောင်လုလုအချိန်မှာ ကျနေ
သော နှင်းမှုန်တိုင်းကို ကြည့်နေခဲ့သည်။ အရှေ့မြောက်က
တိုက်ပြီဆိုလျှင် သူ အင်မတန်နှစ်သက် သဘောကျသည်။
မျိုးကိုလည်း နောက်ထပ် နှစ်တော်တော်ကြာလျှင် မြင်နိုင်
တော့မှာမဟုတ်ဟုလည်း သူ သိသည်။ သူသည် ယခု အသက်
ဂ၀ ကျော်နေပြီ။

ရေဒီယိုကို တိုးတိုးလေး ဖွင့်ထားသည်။ အဲဒီရက်ကလေး
များ၏ နောက်ဆုံးသတင်းကိုလည်း ကြားလိုက်ရသည်။ သူ



လေးတွေရဲ့ သတင်းကို အစအနတောင် မရသေး။

သူသည် နောက်ဘက်ကို ငေးမောကြည့်နေယင်းနှင့် ဒီကလေး
ငယ်ငယ်လေးတွေကိုမှ ဒီလိုဒုက္ခမျိုး ဘာကြောင့် တွေ့ရပါသလဲ။
သူ့ တဦးတည်းသော ကလေးသည် ၁၉၁၇ ခုနှစ်က တုပ်ကွေး
ရောဂါကပ်ဆိုက်၍ ၅ နှစ်သားအရွယ်မှာ သေဆုံးသွားခဲ့သည်။

သူသည် အနားယူထားသော အိမ်ခြံမြေပွဲစားတယောက် ဖြစ်
သည်။ ရေးအဲဒရက်နှင့်လည်း ရင်းနှီးသည်။ အဲဒရက်၏ အဖေ၊
အဘိုးနှင့်ရော မိတ်ဆွေသူငယ်ချင်း ဖြစ်ခဲ့သည်။

'ရေး' သည် လူတော်တယောက်။ ကိုတ်လိုအချိန်မှာ သူလိုလူ
စားမျိုး ရှိဖို့လိုသည်။ သူသည် ပြောသလို လုပ်တတ်၏။ အိမ်
မြေပွဲစားတယောက်လည်း ဖြစ်၏၊ ပိုက်ဆံရလျှင် ပြီးရော၊ ဘယ်
သူသေသေဆိုသည့် လူစားမျိုး မဟုတ်ပေ။

သူလိုလူ၏ သားသမီးများ တခုခုဖြစ်သွားလျှင် ဒီအရပ်
သည် တော်တော်ရှက်ဖို့ကောင်း၏။

နန်စီဆိုသည့် မိန်းကလေးကလည်း သာစတန်၏ မျက်စိထဲမှာ
တခြားလူကိုသတ်မည့် မိန်းမစားမျိုး မဟုတ်။

ဒီကိစ္စမှာ ဒီထက်ပိုယုတ္တိဘန်သောအဖြေတခုခု ရှိမှာပဲ။

သူသည် ဘောင်မတောင် ရေမကျ လျှောက်တွေးနေယင်း
အနောက်ဘက် သစ်တောထဲမှ လှုပ်ရှားမှုတခုကို အာရုံပြုမိလိုက်
သည်။ သူသည် ရှေ့ကိုကုန်းပြီး မျက်လုံးမှေးကာ စူးစူးစိုက်စိုက်
ကြည့်လိုက်သည်။

လူတယောက်သည် လှုပ်ရှားသွားလာနေပြီး တခြားသူများ
သူ့ကို မမြင်အောင် ပုန်းလျှိုးကွယ်ဝှက်လုပ်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုရာသီချိန်နှင့် သည်သစ်တောထဲ ရောက်နေသော လူဘယောက်ဟာ လူကောင်းတယောက်တော့ မဟုတ်တန်ရာ။ သည်မြို့ထဲမှာ လုယက်မှုတွေလည်း ဘော်တော်များများဖြစ်ပွားခဲ့သည်။ အထူးသဖြင့် ဒိပ့တ်ဝန်းကျင်က ပိုအဖြစ်များသည်။

သာစဘန်သည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ရဲစခန်းကို ဆက်သိုက်သည်။ ရဲမှူးကောဖင်သည် မိတ်ဆွေဟောင်းတဦးဖြစ်သည်။ သည်အချိန် ရဲစခန်းမှာ ရှိချင်မှရှိမည်။ အဲဒရက်အိမ်ရောက်ချင်ရောက်နေမှာ။

တယ်လီဖုန်းတဘက်မှ 'အဒမ်ပို့ ရဲစခန်းကပါ ခင်ဗျာ' ဟု ပြန်ဖြေသည်။

သာစဘန်က စိတ်မရှည်စွာနှင့် ဖြတ်ပြီး....

"ကျုပ် သာစဘန်ဂစ်ဗင် စကားပြောနေတယ်။ ကျုပ်အိမ်နောက်ဖေး သစ်တောထဲမှာ လူတယောက် သွားလာလှုပ်ရှားနေပြီး မြစ်ဆိပ်ဘက်ကိုသွားနေတာ ကျုပ် တွေ့လိုက်ရတဲ့အကြောင်း ခင်ဗျားတို့ကို အသိပေးတာ...."

အခန်း ( ၂၈ )

နန်စီသည် တန်းလျားပေါ်မှာ မတ်မတ်ထိုင်ပြီး ရှေ့တည့်တည့်ကို စူးစိုက်ငေးမောကြည့်နေသည်။

မီးလင်းဖိုထဲမှာ မီးသည့်ထား၍ ထင်းစကြီးကြီးနှင့် သစ်ကိုင်းသေးသေးလေးများ မီးစွဲနေသည်၊

မနေ့ကပဲ မဟုတ်သား၊ သူမနှင့် မိုက်ကယ် အိမ်ရှေ့မြက်ခင်းကို တွန်းခြစ်ဖြင့် ဆွဲသူရှင်းလင်းခဲ့ကြသည်။

'ဒီအဆောင်းတွင်းမှာ ဒီအလုပ်မျိုးလုပ်ရတာ ဒီတကြိမ်ဟာနောက်ဆုံးပဲ' ဟု သူက ပြောခဲ့သေးသည်။

"သစ်ရွက်တွေလဲ ကြွေတာ ကုန်သလောက်ရှာပေါ့...."

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်လိုက်ပြီးသူမကိုမပြောပဲ သစ်ကိုင်းခြောက် အကြီးဆုံးတချောင်းနှင့် နောက်သစ်ကိုင်းခြောက် တပွေ့ လောက်ကို ကောက်ယူလိုက်ပြီး........

"ဒါ့တွေ မီးလင်းဖိုထဲထည့်ဖို့ ကောင်းတယ်"

ဟုပြောခဲ့သည်။ သူက ထွန်ခြစ်ကို ပစ်ချလိုက်ရာ ထွန်ခြစ် သည် အသွားများထောင်ပြီး ပက်လက်ကျသွားသည်။ မင်းစီ သူတို့နားကို ပြေးလာသဖြင့် ထွန်ခြစ်ကို ကမန်းကတန်းကောက် ပြီး မှောက်လိုက်သည်။ တောင်းပန်သောအလေသံဖြင့် သူက....

"ဖေဖေက ထွန်ခြစ်ကို ဒီလိုပက်လက်လှန်ချထားယင် အ မတန် အန္တရာယ်ကြီးတယ်လို့ ပြောဖူးတယ်"

သူသည် မင်းစီကို အမြဲတမ်း အကာအကွယ်ပေးတတ်သည် 'နေး' နှင့် သိပ်တူတာပဲ။

ရံဖန်ရံခါ နန်စီသည် မင်းစီကို မိုက်နှင့်အတူရှိမှန်း သိတဲ့အခါ မှာ မယုံကြည်နိုင်လောက်အောင် စိတ်ချယုံကြည်ခဲ့သည်။ အ လုပ်ရလုပ်ရ သူဟာ မင်းစီကို အမြဲတမ်း ဂရုစိုက်ပြုစုခဲ့သည်။

နောက်ပြီး သူကလည်း အင်မတန် စိတ်ကူးကောင်းသည့် ကောင်လေးတယောက် ဖြစ်သည်။ တကယ်လို့ အိမ်အပြင်တ ရာရာကို ရောက်နေလျှင်လည်း မင်းစီအကျီက ဇစ်များကို ဆွဲ ပေးသည်။ အကာအကွယ်ပေးတတ်သည်။ နောက်ပြီး သူက...

"အို....ဘုရား....ဘုရား...."

သူမသည် အသံထွက်ပြီး ပြောသည်ကို 'နေး'က မော့ကြည့် လိုက်မှ သတိရမိသည်။ သူသည် သူ့ကုလားထိုင်ကြီးထဲမှာ ထိုင်



နေသည်။ သူ့မျက်နှာကလည်း ပင်ပန်းပြီး တင်းခံနေပုံရသည်။ ယခုအချိန်တွင် သူမကို အထိမခံချင်ဘူးဟု စိတ်ထဲမှာ ဖြစ်ပေါ် နေတာကို သူ သိနေပုံရသည်။

သူမသည် ဖြစ်ရပ်များကို စုစည်းပြီး အခြေအနေကို ပြန်လည် သုံးသပ်ဖို့လိုသိမ့်ဦးမည်။ ကလေးတွေသေဆုံးပြီဟု ယုံကြည်နေ၍ မဖြစ်။ သူတို့မသေနိုင်သေးပါဘူး။ တခုခုမဖြစ်ခင် သူတို့ကလေး တွေကို တွေ့အောင်ပြန်ရှာရမည်။

ဒေါ်ရော်သီသည် သူမကို စောင့်ကြည့်နေခဲ့သည်။ ဒေါ် ရော်သီသည် ရုတ်တရက်ကြီး ပိုလို့ အိုစာသွားပြီး ဆောက်တည် ရာမရ ဖြစ်သွားခဲ့သည်။ ဒေါ်ရော်သီ၏ ချစ်ခင်မှုနှင့် မေတ္တာရှိမှု ကို တုံ့ပြန်မှုမပြုပဲ သူမ လက်ခံခဲ့သည်။

ဒေါ်ရော်သီကို သူမက လက်တကမ်းမှာထားပြီး သူမ မိသားစုပတ်ဝန်းကျင်ထဲသို့ ဝင်ရောက်နှောင့်ယှက်ခြင်းမပြုနှင့် ဟူ၍ခပ်ကင်းကင်းထားသည်။

သူမအခြေအနေနှင့် ကလေးတွေကို ဘွားဖေအာစားတယောက် မရစေချင်ဘူး။ မေမွေ့နေရာကို ဘယ်သူမျှ ဝင်ယူတာကို မကြိုက် နိုင်ပါဘူး။

ငါဟာ တကိုယ်ကောင်းဆန်ခဲ့သည်ဟု နန်စီ စဉ်းစားမိ သည်။

သူမရဲ့ လိုအင်ဆန္ဒကို ငါမမြင်ခဲ့ပါလား...။ အခု ဘာ ကြောင့် ပြက်ပြက်ထင်ထင် ပေါ်လာရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ ဒီမှာလာထိုင်နေပြီး ဘာလုပ်ရမှန်း မသိ၊ လုပ်စ… အားလဲ မရှိဘူးဟု အခုမှ တွေးမိခြင်းသည် ဘယ်ခလာက်မျာ… ထူးဆန်းလိုက်ပါသလဲ။

ဒီလိုဆိုယင် မည်သည့်အရာတခုခုက သူ့ကို စိတ်ငြိမ်အော… လုပ်ပေးနေလို့လဲ။

သူမစိတ်ထဲမှာ မျှော်လင့်ချက် အသေးအမွှားကလေး ရှိနေ… ဘာပဲလို့ ဘာကြောင့် ထင်နေရတာလဲ။

အဲဒီသက်သာမှုလေးက ဘယ်ကလာခဲ့တာလဲ။

သူမက....

"ရော့လက်ဂလာ....။ ကနေ့မနက်ရော့လက်ဂလာကို ရေကန်နားမှာ မြင်ခဲ့တယ်လို့ ရှင့်ကို ကျွန်မပြောခဲ့တယ်"

ဟု ပြောလိုက်သည်။

"ဟုတ်တယ်...."

'ရေး'က ပြန်ပြောလိုက်သည်။

"ကျွန်မ အိပ်မက်မက်နေတာများလား....၊ သူ့ကို ကျွန်မ မြင်ခဲ့တယ်လို့ပြောတာ ဆရာဝန်ကယုံသလား၊ ကျွန်မ အမှန်ကို ပြောနေတယ်ဆိုတာကိုရော ယုံကြည်ရဲ့လား"

'ရေး'က ခေတ္တမျှ စဉ်းစားပြီး ရိုးရိုးနှင့်မှန်မှန်ပဲ ဖြေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ နန်စီ၏လေသံထဲမှာ ခိုင်ခိုင် မတ်မတ်နှင့် ခွန်အားလည်း ရှိပုံရလာသည်။ လှိုးလှဲ့တိမ်းရှောင်ခြင်းကို လက်ခံမည့်ပုံလည်း မရ။



"မင်းဟာဖြစ်ရပ်မှန်တွေကို တော်တော်လေး တိတိကျကျ …န်ပြောနိုင်တယ်လို့ ဆရာဝန်က ယူဆတယ်။ နောက်ပြီး မင်း …ဖို့ရာက ရော့လက်ဂလာဟာ ဒီနားပတ်ဝန်းကျင်မှာ ကနေ့ …က်ရော၊ မနေ့ညကရော ရှိတယ်ဆိုတာ သေချာတယ်နန်စီ"

"ရော့လက်ဂလာဟာ ကလေးတွေကို နှစ်နာအောင်လုပ်မှာ …ဟုတ်ပါဘူး"

နန်စီ၏အသံသည် မှန်မှန်အေးအေးပြောလိုက်ခြင်းဖြစ်သည်။ …င်းသည်သာ သူ၏ စိတ်သက်သာရာမှု တခုဖြစ်သည်။

"ကလေးတွေကိုခေါ်သွားယင် သူ့မှာ တာဝန်ရှိတယ်။ …ဟာ ကလေးတွေကို ထိခိုက်အောင်တော့ မလုပ်ပါဘူး။ ဒါကို …န်မ သိပါတယ်"

လင်ဒန်သည် အခန်းထဲသို့ပြန်ဝင်လာ၏။ ဂျိုနသန်က သူ့ …ောက်မှ ထက်ကြပ်မကွာ လိုက်လာသည်။ ဂျိုနသန်သည် ဒေါ် …ာ်သီကို ပထမဆုံးကြည့်လိုက်မိသည်ကို သူ့ကိုယ်သူ သတိ …မိလိုက်သည်။

သူမလက်များမှာ အိတ်ထောင်ထဲမှာနှိုက်ပြီး လက်သီးများ …ပ်ထားသည်ဟု သူ သံသယရှိမိသည်။ ဒေါ်ရော်သီသည် ကိုယ့် …ယ်ကို လုံခြုံအောင်နေတတ်သူ တယောက်ဖြစ်သည်ဟု သူ့စိတ် …မှာ ထင်မိသည်။ ဒီအရည်အချင်းများသည် အမျိုးသမီး …ယောက်မှာ ဆိုးမြွာမ်းမရှိနိုင်။ သူက လေးစားသွားမိသည်။

ဂျိုနသန်သည် သူ့ကိုယ်သူ ပွင့်ပွင့်လင်းလင်းနှင့် မှန်မှန် …န်ကန်ပြန်ကြည့်လျှင်တော့ သူနှင့် အဲမလီဆက်ဆံရေးသည်

www.burmeseclassic.com

www.burmeseclassic.com



အဲမလီကသူ့ကို အမြဲဘမ်းလက်မလွှတ်တမ်း အကူအညီတောင်း နေရသော ဆက်ဆံရေးမျိုးသာ ဖြစ်သည်ဟု သတိပြုမိသည်။

သူမသည် ပုလင်းအဖုံးလည်း မဖွင့်တတ်။ ကားသော့ ဘယ် ရှာလို့ရှာရမှန်းလည်း မသိ၊ အိမ်သုံးစာရင်းလည်း မမှတ်တတ်။

သူမသည် တချိန်လုံးတောက်တိုမည်ရပ္ပြုပြင်တတ်သူ၊ ပြဿနာ ဖြေရှင်းရသူ ဖြစ်နေရခြင်းကို သူ မကျေပ်ခဲ့။

တကိုယ်ထီးတည်း ၂ နှစ်လုံးလုံး နေလာတော့မှ အဲမလီ၏ သံယောဇဉ်အတွင်းစိတ်ကို တဖြည်းဖြည်း နားလည်လာခဲ့သည်။

ဆရာဝန်က ရောဂါကျွမ်းနေပြီဟု ပြောလိုက်သောဆုံးဖြတ် ချက်ကို မတုန်မလှုပ်ပဲ မျက်လွှာသေးတချက်လှန်ကြည့်ပြီး လက်ခံ လိုက်ပုံမျိုး၊ နာကျင်ကိုက်ခဲမှုများကို ဘေးလူမသိအောင်ကြိတ် မှိတ်ခံလိုက်ပုံများသည် သူမ၏ခွန်အားများဟု ဆိုနိုင်လောက် သည်။

ယခု ဒေါ်ရော်သီသည် အသံထွက်ပဲ အတွင်းစိတ်ထဲမှကြိတ် မှိတ်ခံနေပုံကိုကြည့်ပြီး သူမကို နှစ်သိမ့်ပေးချင်သော စိတ်ကလေး များ ပေါ်လာခဲ့သည်။

သူ့ စိတ်ကူးများသည် 'ရေး'၏ မေးခွန်းလေးတခုကြောင့် ပျက်သွားသည်။

"ဖုန်းခေါ်တာက ဘာလဲ"

"ရဲမှူးကော့ဖင် အပြင်ထွက်သွားတယ်"

ဂျိနသန်က မရေမရာဖြေလိုက်သည်။

"ကိစ္စမရှိပါဘူး။ ရော့လက်ဂလာကို ဒီအနားပတ်ဝန်းကျင် မှာ တွေ့ခဲ့တယ်ဆိုတာ နန်စီ သိပြီးပါပြီ"



"ဒါကြောင့်လဲ ရဲမှူးကြီးထွက်သွားတာ၊ လက်ဂလာကို ရဲတွေလိုက်ဖမ်းတော့ သူက ခိုးလာတဲ့ကားတစီးကို ၆ အေလမ်း ရဲ့ ဟို ၂ မိုင်လောက်မှာ ပစ်ပြီး ထွက်ပြေးသွားတယ်၊ စိတ်ပူ မနေပါနဲ့ ဒီချာသိဥ္စတုဘ်မှာ မြေကျင်ပြေးလို့ကတော့ ဝေးဝေး မရောက်နိုင်ပါဘူး"

"နန်စီ မင်း ဘယ်လိုနေသေးလဲ"

လင်ဒန်က သူမကို အနီးကပ်စေ့စေ့လလာကြည့်သည်။ သူ မျှော်လင့်ထားသည်ထက် နန်စီကပိုပြီး တည်ငြိမ်နေသည်ကိုတွေ့ ရသည်။

"ကျွန်မ နေကောင်းပါတယ်၊ ကျွန်မ ကာလ်အကြောင်း အများကြီးပြောတယ် မဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မကြိုးစားပြီး မှတ်မိချင်တာလေးတခု အရေးကြီးတာ တခု ကျွန်မ ပြောချင်တယ်"

လင်ဒန်က သူ့အသံကို တည်ဘည်ထားပြီး……

"ကျွန်မ မယုံဘူး….ကျွန်မ မယုံဘူးလို့ မင်း နှစ်ခါနှစ်ခါ ကောကောပြောတယ်၊ မင်း ဘာ ပြောချင်တယ်ဆိုတာ မင်း သိသလား"

နန်စီက ခေါင်းခါလိုက်သည်။

"ကျွန်မ မသိဘူး"

နန်စီက မတ်တတ်ရပ်လိုက်ပြီး မဘည်မငြိမ်ဖြင့် ပြတင်း ပေါက်ဆီ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု သိပ်မှောင်နေပြီ၊ တခုခုကိုဖြစ်ဖြစ်၊ တယောက်ယောက်ကိုဖြစ်ဖြစ် ဒီအချိန်မှာရှာဖို့ မလွယ်တော့ဘူးနော်"

လှုပ်ရှားမှုများသည် လိုလားအပ်သည်။ သူမသည် ငြိမ်းအောင် နိုင်အောင် သူမရဲ့ခေါင်းကိုရှင်းလင်းဖို့ ကြိုးစားချင်သည်။ သူမက အောက်ငုံ့ကြည့်လိုက်တော့ အဝတ်အစားလဲထားသည့် ဝတ်ရုံကြီး ဝတ်ထားသည်ကို ယခုမှ ပထမဦးဆုံး သတိပြုမိလိုက်သည်။

"ကျွန်မ အင်္ကျီသွားလဲလိုက်ဦးမယ်၊ အဝတ်အစား ပြည့်ပြည့်စုံစုံလေးနဲ့ နေချင်တယ်"

"နန်းစီ...."

ဒေါ်ရော်သီက သူ့နှုတ်ခမ်းကို ကိုက်လိုက်သည်။ သူမက နန်းစီကို အပေါ်ထပ်လိုက်ခဲ့ရမလားဟု မေးရန် ဟန်ပြင်လိုက်သည်။

"ရပါတယ်"

ဟု နန်းစီက ညင်သာစွာပြန်ပြောလိုက်သည်။

ရော့သက်ဂလာကို သူတို့ ရှာတွေ့တော့မည်။ ဒါကို သူမက ယုံကြည်သည်။ တွေ့ခဲ့လျှင် သူမက အဝတ်အစားလေး ပြည့်ပြည့်စုံစုံ ဝတ်ထားချင်သည်။ သူ့ရှိရာအရပ်သို့ သူမ သွားချင်သည်။ သူမက သူ့ကို ပြောလိုက်မည်။

"ရော့....၊ မင်းဟာ ကလေးတွေကို ထိခိုက်နစ်နာအောင် မလုပ်ဘူးဆိုတာ ငါသိတယ်၊ မင်း ပိုက်ဆံလိုချင်သလား၊ မင်း ဘာလိုချင်သလဲ၊ ကလေးတွေ ဘယ်မှာရှိတယ်ဆိုတာကိုသာ ငါတို့ကိုပြောပါ၊ မင်းလိုချင်တာကို ဘာပဲဖြစ်ဖြစ် ငါတို့ပေးပါ့မယ်"



အပေါ်ထပ်အိပ်ခန်းထဲမှာ ခြုံထည်ကြီးကိုချွတ်ပြီး ဗီရိုထဲမှာ တုံးစံအတိုင်းချိတ်ထားလိုက်သည်။ တခဏအတွင်း သူ့ခေါင်းထဲမှာ အင်မတန်နှုံးပါသွားသည်ဟု ထင်ရပြီး အေးနေသော အုတ်နံရံကို သူ့နဖူးနှင့်မှီလိုက်သည်။ အိပ်ခန်းတံခါးပွင့်လာပြီး 'ရေး'၏ခေါ်သံကို ကြားလိုက်ရသည်။

"နန်းစီ....နန်းစီ...."

သူ့အသံသည် ထိတ်လန့်သလိုနှင့် သူ့အနားကို အပြေးလေး ရောက်လာသည်။ သူမကို သူ့ဘက်ဆွဲလှည့်ပြီး အသာဖက်ထား လိုက်သည်။ သူ၏ကုတ်အင်္ကျီက သူမအသားကို ယားကျိကျိနှင့် နွေးသွားပြီး သူ့ရဲ့သက်မျှားကလည်း ဖက်ထားတာ ပို၍ထင်း လာသည်ဟု ထင်ရသည်။

"ကျွန်မ နေကောင်းပါတယ်၊ တကယ့်ကိုကောင်းတာပါ"

ဟု ပြောလိုက်သည်။

"နန်းစီ"

သူမ၏ခေါင်းလေးကို အပေါ်မော့လိုက်ပြီး သူက နမ်းလိုက်သည်။ သူမ၏ကိုယ်ကို သူ့ဘက်သို့ ဖိကပ်လိုက်သည်။

အစကတည်းက သူတို့ဟာ ဒီလိုပဲ။ ပထမဆုံးညက သူညစာ လာစားပြီး နှစ်ယောက်သား ရေကန်ဘက်ကို လမ်းလျှောက် ထွက်သွားပြီးကတည်းက သည်အတိုင်းနေခဲ့ကြသည်။

အဲဒီတုန်းက ရာသီဥတုကအေးသည်။ သူမ ကြက်သီးထနေ သည်။ သူသည် ကုတ်အင်္ကျီရင်ပတ်ဖွင့်ပြီး ရယ်ရယ်မောမောနှင့် သူမကို သူ့ဘက်ကိုဆွဲယူ၍ ကုတ်အင်္ကျီနှင့် ပတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကို ပထမဆုံးနမ်းသည့်အကြိမ်က စပြီး နောက်ပိုင်း ဖြစ်သင့်တာတွေ ဖြစ်သွားကြသည်။ သူ့ကို သူမက သိပ်အသိ ရှိသည်။ အစကတည်းက သိပ်ကိုလိုလားသည်။

ကာလ်နှင့်မတူဘူး။ သနားစရာ ကာလ်။ သူ့ကို သူမက အောင့်အည်းသည်းခံခဲ့ရသည်။ သူ့ကိုအသိမရှိသော စိတ်များ ကြောင့် ကိုယ့်ကိုယ်ကိုအပြစ်တင်မိသည်။ လီဇာကို မွေးပြီးသည့် နောက် သူသည် ခင်ပွန်းတယောက်သို့ မဟုတ်တော့။ သူမက သူ့ကို ရှုံမုန်းတာသိ သွားလို့များလား။ ဒါကို သူမက အမြဲတမ်း စိုးရိမ်ခဲ့သည်။ ယင်းမှာ သူမကိုယ်သူမ အပြစ်တင်သောအစိတ် အပိုင်းတခု ဖြစ်သည်။

"ရှင့်ကို ကျွန်မချစ်တယ်"

ဒီစကားလေးကို သူမ ပြောလိုက်သည်ကို မသိလိုက်ပါ။ ဟိုတုန်းက အမြဲပြောခဲ့သောစကားလုံးလေး။ အိမ်ထောင်ပျော်နေတုန်း ပြောသည့်စကားလုံး ဖြစ်သည်။

"ကိုယ်လဲ မင်းကိုချစ်ပါတယ် နန်စီ၊ အခုကိစ္စက မင်းအတွက် ဘော်တော်ဆိုးတယ်၊ ကိုယ်က ကိုယ်နားလည်ပြီလို့ထင်ခဲ့တာ၊ ကိုယ်နားမလည်ခဲ့ဘူး"

"ရေး....၊ ကျွန်မတို့ကလေးတွေကို ပြန်ရမှာလား"

သူမ၏အသံသည် တုန်ခနေသည်။ သူမတကိုယ်လုံးလည်း တုန် သွားသည်ဟု ထင်လိုက်သည်။

သူ့လက်တွေက ဗိုက်၌ တင်းကျပ်စွာဖက်ထားပြီး....



"ကိုယ်လဲမသိဘူးအချစ်ရယ်....ကိုယ်လဲမသိဘူး၊ မင်း ဒါကို မှတ်ထားပါ၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ကိုယ်နဲ့ အတူတူရှိနေကြဦး မှာပဲ၊ ဒါကို ဘယ်သူကမှ ပြောင်းလဲနိုင်မှာမဟုတ်ဘူး၊ သူတို့ ရဲမှူးကိုလာခေါ်သွားတယ်၊ ရှော့သက်ဂလာ စခန်းမှာရောက် နေပြီ၊ ဒေါက်တာမိုင်းစ် သူတို့နဲ့လိုက်သွားပြီ၊ ဂျိနသန်နဲ့ ကိုယ်လဲ သူတို့နဲ့လိုက်သွားမယ်"

"ကျွန်မလဲလိုက်ချင်တယ်၊ သူ ကျွန်မကို ပြောချင်ပြောမှာ"

"မဖြစ်ဘူး၊ ဂျိနသန်မှာ စိတ်ကူးတခုရှိတယ်။ အဲဒီစိတ်ကူး ဟာလဲ ဖြစ်နိုင်တယ်လို့ ကိုယ်ထင်တယ်။ အဲဒါကို ကိုယ်တို့ဖြစ်နိုင် မဖြစ်နိုင် လုပ်ကြည့်ရမယ်။ ရော့မှာ ကြံရာပါတယောက်ရှိပြီး အဲဒီကြံရာပါဆီမှာ ကလေးတွေ ရှိချင်ရှိနိုင်တယ်။ တကယ်လို့ သူ မင်းကိုမြင်ယင်း ပြောချင်မှ ပြောမှာ၊ အထူးသဖြင့် ဟိုအကြိမ် ကိစ္စ သူ့ကို ပတ်သက်ယင် ပိုပြီး နှုတ်ပိတ်သွားလိမ့်မယ်"

"ရေး...."

နန်စီက သူ့အသံထဲမှ စိတ်ပျက်သံပါသွားသည်ကို ကြား လိုက်ရသည်။

"အချစ်ရယ် ဆက်ထိန်းထားပါ၊ ခဏလေးရယ်။ ရေချိုး လိုက်ပြီး အင်္ကျီအဝတ်အစား လဲထားပါလား၊ ဒေါ်ခရော်သီလဲ ရှိနေမှာပဲ၊ မင်းအတွက် အသားညှပ်ပေါင်မုန့် လုပ်နေတယ်၊ ကိုယ် အမြန်ဆုံးပြန်လာခဲ့မှာပါ"

သူမရဲ့ဆံပင်လေးကို သူ အသာနမ်းပြီး ချက်ချင်းပဲထွက် သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းစီသည် အိပ်ခန်းထဲမှနေပြီး ရေချိုးခန်းထဲသို့ ဝင်သွားတော့သည်။ ရေပန်းကိုဖွင့်ပြီး လက်ဆေးကန်အပေါ်ကမှန်ထဲကို သူမ ကြည့်လိုက်သည်။

မှန်ထဲမှာ မြင်လိုက်ရသော သူ့မျက်နှာသည် ဖြူဖပ်ဖြူရော်နှင့် မျက်နှာထားတင်းပြီး မျက်လုံးကလည်း လေးလံထိုင်းမှိုင်းနေသည်။

ကာလ်နှင့် နေခဲ့ရသော နှစ်များအတွင်းက သူမ၏ပုံသဏ္ဍာန်အတိုင်းလို ဖြစ်နေသည်။ သတင်းစာဆောင်းပါးထဲမှာပါသော ဓာတ်ပုံထဲကပုံနှင့်လည်း တူနေသည်။

ဘေးဘက်သို့ မြန်မြန်လေး လှည့်လိုက်ပြီး ဆံပင်ကို အထုံးလေးထုံး၍ ရေပန်းအောက်သို့ ဝင်လိုက်သည်။ ရေပန်းမှ ရေနွေးနွေးလေးသည် သူ့ကိုယ်ပေါ်သို့ စူးရှူလေးပန်းနေပြီး တင်းမာနေသော ကြွက်သားဆိုင်များကိုလည်း တအားထိုးနှက်နေသည်။

သည်လိုခံရတာလေးက အင်မတန်မှ ကောင်းလှသည်။

ရေပန်းဘက်ကို ခေါင်းမော့လိုက်သည်။ အင်မတန်သန့်ရှင်းလတ်ဆတ်နေသည်ဟု ထင်လိုက်သည်။

သူမသည် ရေချိုးကန်နှင့် ရေမချိုးတော့ပေ။

ကာလ်နှင့်နေခဲ့ရသော နှစ်များကစပြီး အဲသည်လိုမချိုးခဲ့ခြင်းပါ။

သည်ရေကန်နှင့် ရေမချိုးတာကိုလည်းသူမ မစဉ်းစားတော့



သူမ၏ မျက်နှာကို ရေများပက်ဖျန်းနေခိုက် သူမမျက်စိထဲမှာ ရှေးကဖြစ်ရပ်တခုကို မြင်ယောင်မိသေးသည်။

ရေချိုးကန်။

ကာလ်က သူမကို ရေချိုးပေးမည်ဟု ငွတ်ပြောခဲ့သည်။ တကိုယ်လုံး ပွတ်သပ်တိုက်ချွတ်ပြီး အသေးစိတ် ကြည့်ရှုပုံက....။

တခါတော့ သူမက သူ့ကို တွန်းဖယ်ပစ်ဖို့ ကြိုးစားမိသည်။ သည်တော့ သူက သူ့မျက်နှာဟာ ရေထဲနစ်သွားသည်။ သူသည် လန့်သွားပြီး ရှက်တချက် ခေါင်းပြန်ဖော်မလာနိုင်ခဲ့ပါ။ ခေါင်းပြန်ပေါ်လာတော့ ကာလ်သည် ပါးစပ်မှရေများ ထွေးပစ်လိုက်ပြီး တုန်လှုပ်၍ ချောင်းဆိုးသွားခဲ့သည်။

သူသည် အလွန့်အလွန်စိတ်ဆိုးသွားခဲ့သည်။ ကြောက်တာက ပိုနေသည်။ သူ့မျက်နှာ ရေအောက်မြုပ်သွားသည်ကို အထူးကြောက်လန့်မိခဲ့သည်။

အဲဒါပဲ။

သူမ သတိရဖို့ကြိုးစားတာ အဲဒါပဲ။ ရေကြောက်တတ်တဲ့ သူ့ရဲ့လျှို့ဝှက်ချက်။ ကာလ်၏ လျှို့ဝှက်ချက်။

"အိုး.......ဘုရား.......ဘုရား...."

နန်းစီသည် ရေပန်းအောက်၌ဗယ်ညာယိမ်းဆိုးလာသည်။

အန့်ချင်တဲ့စိတ်က ဝမ်းထဲမှ လိမ့်၍လိမ့်၍ လည်ချောင်းထဲထိုးတက်လာသည်။

ရေချိုးခန်းထဲမှ ပြေးထွက်သွားပြီး မထိန်းနိုင်မသိမ်းနိုင်ပဲ တအား ထိုးအန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အနည်းငယ် ကြာသွားသည်။ သူမသည် အိမ်သာခွက်နှုတ်ခမ်းကို တွယ်ထားပြီး လိမ့်လိမ့်ဘက်လာသော အန်ချင်စိတ်များကို ထိန်းသိမ်းဖို့ မဘတ်နိုင်ခဲ့တော့ပါ။

နောက်ဆုံး အအန်ရပ်သွားချိန်မှာ သူမကိုယ်ထဲ၌ ကြောက်စိတ်များနှင့် တဆတ်ဆတ်တုန်ခနေလေတော့သည်။

* * *

## အခန်း ( ၂၉ )

'ရေး၊ သိပ်မျှော်လင့်ချက်မထားနဲ့''

ဟု ဂျိုနသန်က သတိပေးလိုက်သည်။

'ရေး'က ဂျိုနသန်ကို အရေးမစိုက်။ နှင်းရှိုက်ထားသော မှန်တံခါးမှတဆင့် ရဲစခန်းကို သူမြင်နေရသည်။ မှန်အိမ်မှ မီးရောင်လေးသည် တခြားရာစုနှစ် ရောက်နေသည်ဟု ထင်ရသည်။

ကားကို အမြန်ရပ်ပြီး ကားတံခါးကို ဆောင့်ဖွင့်လိုက်ကာ စခန်းထဲသို့ တန်းဝင်သွားသည်။ သူ့နောက်မှ ဂျိုနသန်က အသက်ပြင်းပြင်းရှူပြီး မီအောင်လိုက်လာသည်ကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲစာခရေးက မော့ကြည့်လိုက်ပြီး....

"ခင်ဗျားဒီည ဒီကိုလာမယ်လို့ ကျွန်တော်မထင်ဘူးမစ္စတာအဲဒရက်၊ ကလေးတွေအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

'ရေး'က စိတ်ရှည်စွာဖြင့် ခေါင်းညိတ်လိုက်၏။

"ရော့သက်ဂလာကို သူတို့ဘယ်မှာစစ်နေလဲ"

ရဲစာရေးက အလန့်တကြားဖြင့်.......

"မစ္စတာအဲဒရက် ဒီကိစ္စမှာ ခင်ဗျားဝင်လို့မဖြစ်ဘူး"

ဟု ပြောလိုက်သည်။

'ရေး'က အသံတည်တည်ဖြင့်....

"ဘာလို့ ဝင်လို့မဖြစ်ရမှာလဲ။ မင်းဆရာကို ငါ အခုချက်ချင်း တွေ့ချင်တယ်လို့ သွားပြောပါ"

ရဲစာရေးလေးသည် ကန့်ကွက်သလိုလုပ်ပြီးမှ စခန်းအတွင်းမှ ထွက်လာသော အခြားရဲသားတယောက်ကို ခေါ်လိုက်၏။

"ဆရာ့ကို ရေးအဲဒရက်က တွေ့ချင်တယ်လို့ သွားပြောလိုက်စမ်း...."

ဟု ခပ်ဆတ်ဆတ်လေး ခိုင်းလိုက်သည်။

'ရေး'က ဂျိုနသန်ဘက်ကို လှည့်လိုက်ပြီး မချိပြုံးလေးနှင့်....

"ဒီ အယူအဆဟာ သိပ် ဆက်စပ်မှုမရှိဘူးလို့ ထင်စရာအကြောင်းရှိတယ်"

"အေး....ဟုတ်တယ်"

ဂျိုနသန်က အလိုက်သင့် ဖြေလိုက်သည်။



'ရေး'သည် အခန်းကိုပတ်ပတ်လည် လှည့်ကြည့်မိလိုက်တော့ တံခါးပေါက်နားက တန်းလျားထိုင်ခုံပေါ်မှာ လူ ၂ ယောက် ထိုင်နေသည်ကို ပထမဦးဆုံးတွေ့လိုက်ရသည်။ သူတို့သည် သူနှင့် နန်စီတို့နှင့် အသက်တူတူလောက်ပဲရှိမည်။ ကြည့်ကောင်းသည့် မောင်နှံဖြစ်၏။

သူတို့ ဒီကို ဘာများလာလုပ်ကြသလဲဟု စဉ်းစားကြည့်မိသည်။

ယော ကျ်ားဖြစ်သူက အိုးတိုးအမ်းတမ်းနှင့်၊ မိန်းမဖြစ်သူက တခုခုဆုံးဖြတ်ထားသည့်ဟန်။ ဒီလိုည အချိန်ကြီးမှာ သူတို့ ဒီကို ဘာကြောင့်များလာရတာလဲ။

လင်မယားနှစ်ယောက် ရန်ဖြစ်ပြီး မယားက ဇွတ်အတင်း တိုင်ချက်ဖွင့်မလို့လား။

သည်လိုတော့လည်း ရယ်စရာကောင်းလောက်အောင် မဖြစ်နိုင်ပါဘူး၊

ဒီအခန်းအပြင်ဘက် တနေရာရာမှာ မယုံကြည်နိုင်လောက်အောင် ရာသီဥတုမကောင်းသောရက်များမှာ လူတိုင်း ကိုယ့်မိသားစုနှင့်အတူ အိမ်မှာရှိကြသည်။ ဖယောင်းတိုင်မီးရောင်အောက်မှာ ညစာချက်ကြမည်။ ကလေးတွေကို အမှောင်ကြောက်နှင့်ဟု ပြောကြမည်။ ရန်ဖြစ်ကြမည်။

ထိုမိန်းမသည် သူ့ကိုစိုက်ကြည့်နေသည်ဟု 'ရေး'က သတိပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက မတ်သတ်ရပ်နန် ကြိုးစားလိုက်၏။ ယောကျ်ား
သူမကို ဆွဲထားလိုက်သည်။ 'ရေး'က သူတို့ကို လျှင်မြန်စွာ
ကျော်ပေးလိုက်သည်။

သည်ကမ္ဘာမှာ သူ နောက်ဆုံးမှ လိုချင်သောအရာသည်
ထနားခြင်းပဲဖြစ်၏၊

စကြံ့ထဲမှ ခြေသံများ ကြားရသည်။ ရဲမှူးကောဖင်သည်
အခန်းထဲသို့ ဝင်လာပြီး.......

"ရေး....ဘာတုံး၊ ခင်ဗျား ဘာကြားခဲ့လို့လဲ"

"ခေါ့လက်ဂလာ ဒီမှာရှိတယ်မဟုတ်လား"

ဂျီနသန်က မေးလိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ သူ့ကို စစ်နေတယ်၊ ဒေါက်တာ
မိုင်းစ်လဲ ကျွန်တော်နဲ့အတူရှိနေတယ်၊ လက်ဂလာက ရှေ့နေ
တယောက်လိုချင်တယ်လို့ ပြောနေတယ်၊ ကျွန်တော်တို့ အေ
တာကိုမခဲ့ဖြဘူး"

"အဲဒီအထိတော့ ကျွန်တော်စဉ်းစားမိတယ်၊ ဒါကြောင့်မို့
ကျွန်တော် ဒီကိုလိုက်လာတာ"

ဂျီနသန်က လေသံတိုးတိုးဖြင့် သူ့အစီအစဉ်ကို ရှင်းပြ
ရဲမှူးက ခေါင်းခါလိုက်သည်။

"ဖြစ်မှာမဟုတ်ဘူး၊ ဒီငနဲက ခေါင်းအေးတဲ့ကောင်၊ ကား
မနက် အဲဒရက်အိမ်နားမှာ သူရှိနေတယ်လို့ ထွက်ဆိုအော
ခင်ဗျား သူ့ကို ဘယ်လိုမှမလုပ်နိုင်ဘူး"



"ကျွန်တော်တို့ စမ်းကြည့်ရအောင်၊ အချိန်ဟာ သိပ်အရေး
ကြီးတယ်ဆိုတာ ခင်ဗျားလဲ သတိပြုမိမှာပေါ့၊ သူ့မှာ ကြံရာပါ
တယောက်ရှိပြီး ကလေးတွေဟာ အဲဒီကြံရာပါနဲ့ ရှိနေမယ်ဆိုယင်
ခုအချိန်လောက်ဆို ဒီလူ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့
မယ်၊ သူ ဘာလုပ်လိုက်မယ်ဆိုတာ ဘယ်သူမှ ပြောနိုင်မှာ
မဟုတ်ဘူး"

"ကောင်းပြီ၊ ကျွန်တော်နဲ့လိုက်ခဲ့၊ သူနဲ့စကားပြောကြည့်ရ
အောင်၊ ဒါပေမယ့် သိပ်တော့မျှော်လင့်ချက်မထားနဲ့"

ရဲမှူးသည် ခေါင်းကို ဆတ်ကနဲလှည့်ပြီး စကြံ့အလယ်
လောက်ရှိ အခန်းထဲကို ညွှန်ပြလိုက်သည်။ 'ရေး'နှင့် ဂျီနသန်က
ရဲမှူးနောက်ကိုလိုက်ရန်ပြင်လိုက်စဉ် ခုံတန်းလျားပေါ်မှမိန်းမက
ထရပ်လိုက်သည်။

"ရဲမှူးကောဖင်ရှင့်၊ ကျွန်မကို တမိနစ်လောက် စကားပြော
ခွင့်ပြုပါရှင်"

တုံ့ဆိုင်းဆိုင်းနှင့် ခွင့်တောင်းလိုက်သည်။

ရဲမှူးသည် သူမကို ချိန်ဆသောမျက်နှာထားနှင့်ကြည့်ပြီး....

"အရေးကြီးလို့လား"

"ဟုတ်ကဲ့ရှင့်၊ သိပ်အရေးကြီးမယ်မဟုတ်ပါဘူး၊ ကျွန်မ
အနေနဲ့ မပြောရယင် ဘဝင်မကျလို့ ကျွန်မသားလေး...."

ရဲမှူးသည် သိသိသာသာကြီး စိတ်ပျက်သွားသည်။

"ကဲ ထိုင်ပါဦးခင်ဗျာ၊ ကျွန်တော် အားအားချင်း ခင်ဗျား
ဆီကို ပြန်လာပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



အယ်လင်ကိုနေသည် တန်းလျားပေါ်သို့ ပြန်ထိုင်ချလိုက်ပြီး သူတို့ ၃ ယောက် ထွက်သွားသည်ကို ကြည့်နေလိုက်မိသည်။ စားပွဲမှာထိုင်နေခဲ့သာရဲ့စာရေးလေးသည် သူမစိတ်ပျက်သွားပုံကို သတိပြုမိလိုက်သည်။

"ကျွန်တော် ခင်ဗျားကို ကူညီနိုင်မလားခင်ဗျာ"

ဟု မေးလိုက်သည်။

ဒါပေမယ့် အယ်လင်သည် ရဲစာရေးလေးကို မယုံပါ။

သူမနှင့် ပက်တို့ ပထမရောက်လာကတည်းက ဒီအဲဒရက်အမှုနဲ့ ပတ်သက်ပြီး သူ့သားလေးက နည်းနည်းပါးပါး သိမှာပဲဟု သူတို့ထင်ကြောင်း ဒီရဲစာရေးလေးကို ပြောပြခဲ့ဖူးသည်။

သည်တော့ ရဲစာရေးလေးက သူတို့ကို စိတ်မရှည်သော မျက်နှာထားနှင့်....

"ဒီမှာ....ဒီနေ့တနေ့လုံး ကျွန်တော်တို့ ဒီလိုဘယ်လီဖုန်းနဲ့ ခေါ်ပြောတာ ဘယ်နှစ်ကြိမ်လောက်ရှိမယ်လို့ ခင်ဗျားထင်သလဲ၊ ဒီသတင်းကို တယ်လီဖုန်းဌာနက ကြားသွားကတည်းက ကျွန်တော်တို့ကို တနေ့လုံးခေါ်နေတာပဲ၊ တချို့ တပ်စန်မြို့က စိတ်ရူးပေါက်တဲ့လူတယောက်က သူ့တိုက်ခန်းရှေ့မှာ ကလေးတွေ ကစားနေတာ သူ မြင်လိုက်ရတယ်လို့ ဖုန်းတောင် လှမ်းဆက်သေးတယ်၊ အဲဒီနေရာကို ကလေးတွေ ရောက်နိုင်စရာမရှိဘူး၊ အသံထက်မြန်တဲ့လေယာဉ်ပျံ စီးသွားတောင် မရောက်နိုင်ဘူး၊ ဒီတော့ ခဏဆိုင်းပါဦး၊ ကျွန်တော်တို့ဆရာ အားအားချင်း ခင်ဗျားတို့နဲ့ စကားပြောလိမ့်မယ်"



ပက်က....

"အယ်လင်၊ ငါတို့ အိမ်ပြန်ကြယင်ကောင်းမယ်၊ ငါတို့ဟာ သူတို့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေတယ်"

အယ်လင်က ခေါင်းယမ်းလိုက်သည်။

သူမက သူ့လက်ကိုင်အိတ်ကိုဖွင့်ပြီး ဟိုလူစိမ်းက နီးလ်ကို စာတိုက်မှ စာယူခိုင်းစဉ်က ပေးလိုက်သောစာရွက်ကလေးကို ထုတ်လိုက်သည်။

ဒီစာရွက်ကလေးကို နီးလ် ပြောပြခဲ့သော အကြောင်းအရာများအား မှတ်ထားသည့်စာရွက်နှင့် သူမက တွဲထားလိုက်သည်။

ချောစာသွားယူသည့် အချိန်အတိအကျ သူမ သိသည်။ အဲဒီလူ၏ပုံပန်းသဏ္ဍာန်ကို ရေးထားသည်။

အဲဒီလူဟာ တယ်လီဗီးရှင်းမှာ ပြတုန်းက နန်နီဟာမွန်၏ ပထမလင်ကြီးနှင့်တူသည်ဟု နီးလ် ပြောသည့်အတိုင်း ရေးထားသည်။

ဒီလူမောင်းလာသည့်ကားသည် အတိုးစီးသော စခအရှင် ဝက်ဂွန်ကားပေါင်လိုပဲ၊ ဒါဆိုယင် ဖို့ဒ်ဟုထင်သည်။

နောက်ဆုံး ဒီလူ၏ ကားရှေ့မှန်မှာ အဒမ်ပို့ဆိပ်ကမ်းမှာ ငါးမျှားခွင့်ပါမစ် ကပ်ထားသည်ကို တွေ့ခဲ့ကြောင်း ရေးထားသည်။

အယ်လင်က သူမ၏ဇာတ်သိမ်းကို ပြောပြဖို့ အခွင့်အရေးရမချင်း ဒီမှာထိုင်နေမည်ဟု ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်က သိပ်ပျင်းရိနေပုံရ၏၊ သူမက ပက်၏လက်ကို အသာလေး လှမ်းပုတ်လိုက်ပြီး....

"ကျွန်မနဲ့အတူ စောင့်ပေးပါ၊ ကျွန်မနဲ့အတူစောင့်ပေးပါရှင်"

ဟု လေသံလေးနှင့် ပြောလိုက်သည်။

"ဒီကိစ္စလေးဟာ သိပ်အဓိပ္ပာယ် မရှိဘူးလို့ ဆိုကြပါစို့၊ ဒါပေမယ့် ကျွန်မတို့စောင့်ရအောင်၊ တခုတော့ရှိတယ်၊ ရဲမှူးကလဲ ကျွန်မနဲ့တွေ့မယ်လို့ပြောသွားတယ်"

စခန်း၏တံခါး ပွင့်လာသည်။ လူ အတော်ပိုင်းအရွယ် စုံထောက်ဝင်လာ၏။ ယောကျ်ားဖြစ်သူက စိတ်ဆိုးနေဆဲ၊ မိန်းမဖြစ်သူကတော့ စိတ်လှုပ်ရှားနေတာ သိသိသာသာကြီး မြင်သာသည်။ ရဲစာရေးလေးက လှမ်းပြီး.......

"ဟာ မစ္စတာဝစ်ဂင်နဲ့ မစ္စက်ဝစ်ဂင်၊ ဘာများဖြစ်လာကြတာလဲ"

ဟု နှုတ်ဆက်ယင်း မေးလိုက်သည်။

"မင်း ယုံမှာမဟုတ်ဘူး"

ဝစ်ဂင်က ဆတ်ဆတ်ကလေးပဲ ပြောလိုက်သည်။

"ဒီသို့ညမျိုးမှာ ငါ့မိန်းမက ကနေ့မနက်က ဆိုင်ထဲမှာ ကလေးပေါင်ဒါပူးတဗူး လူသစ်သွားတာကို တိုင်ချင်လို့တဲ့ကွာ"

"ကလေးပေါင်ဒါ"

ရဲစာရေးလေး၏ အသံသည် မြင့်တက်သွားပြီး အံ့သြသည့် အသံ ဖြစ်သွားသည်။



မစ္စတာဝစ်ဂင်သည် ပို၍ မငြိမ်မသက်ဖြစ်လာပြီး....

"ဒါဟာ ဘယ်လောက်ပဲတုံးတယ်လို့ဆင်ထင် ငါ ဂရုမစိုက်ဘူး၊ ငါကတော့ ရဲမှူးကောဘ်နဲ့ တွေ့ရမှာပဲ"

"သူ မကြာခင်ထွက်လာတော့မှာပါခင်ဗျာ၊ ဟိုလူတွေလဲပဲ ရဲမှူးကိုတွေ့ဖို့စောင့်နေတာပါ၊ ကဲ ခဏထိုင်ပါဦးခင်ဗျာ"

ရဲစာရေးလေးက ကိနေတို့လင်မယားထိုင်နေသော ခုံတန်းလျားအောက်မှာ ကန့်လန့်ဖြတ်ထိုး ခုံကို ညွှန်ပြလိုက်သည်။

သူတို့လျှောက်လာပြီး တန်းလျားပေါ်မှာ ထိုင်ချလိုက်ရာ ယောကျ်ားဖြစ်သူက ဒေါသတကြီးနှင့် ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ဒီနေရာကို ငါတို့ ဘာကြောင့်လာရတယ်ဆိုတာ ငါခုအထိ မသိသေးဘူး"

အယ်လင်၏ ယိုဖိတ်လာသော ကရုဏာက စုံထောက်သို့ မျက်နှာမူစေခဲ့သည်။ တစုံတယောက်နှင့် စကားပြောရုံနှင့် ထို မိန်းမစိတ်လှုပ်ရှားနေတာကို ပြေပျောက်သွားနိုင်ပေလိမ့်မည်ဟု သူမက စဉ်းစားနေမိလိုက်သည်။ ဒီတော့ သူမက....

"အမှန်တော့ ကျွန်မတော့လဲပဲ ဒီကို ဘာကြောင့်ရောက်လာရတယ်ဆိုတဲ့ အကြောင်း မသိတော့ပါဘူးရှင်။ ဒါပေမယ့် ဟို ပျောက်သွားတဲ့ ကလေးတွေက သိပ် သနားစရာဖြစ်နေတာ"

ရဲရုံးခန်း၏ ပေ ၅၀ အကွာလောက်တွင် ရောလက်ဂလာသည် ရေးအဲဒရက်၏ရှန်လိုသော မျက်လုံးများကို စူးစိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လူသည် အဆင့်အတန်းရှိသူတယောက်ဟူ၍ ဆုံးဖြတ်လိုက်သည်။

နန်းစီအတွက် သည်တကြိမ်သည် ပခင်တကြိမ်ထက် ပို၍ကောင်းသွားသည်။

ဟို ကာလ်မွန်ဆိုသည့်လူကတော့ စိတ်နည်းနည်း မမှန်ဘူး။

'ရေဘ့'သည် အနည်းငယ် ကြောက်နေသည်။ အဲဒရက်ဆီ ကလေးတွေကို ရှာ၍မတွေ့သေးပေ။ သူတို့လေးတွေ တခုခုဖြစ်သွားလျှင် သည်လူတွေက သူ့အပေါ် ပုံချတော့မှာပဲ။ ဒါပေမယ့် အဲဒရက်အိမ်နားမှာ သူ့ကို မြင်လိုက်သောသူ ရှိ၏။

ဟိုစတေရှင်ဝက်ဂွန် အဟောင်းကြီးထဲက လူကြီးကလွဲလျှင် ဘယ်သူမျှ မမြင်ကြ။ အဲဒီလူဟာ ပစ္စည်းပို့သူဖြစ်ပြီး ရဲများခေါ်လာလျှင်တော့….။ အဲဒီလူကလည်း ကနေ့မနက် အဲဒရက်အိမ်နားမှာတွေ့သူ 'ရေဘ့' ကို ညွှန်ပြနိုင်ယင်ကော….။

ဒီအိမ်နားက သူ ဘာကြောင့်ရောက်ရတယ်ဆိုတာ ဘယ်လိုဆင်ခြေပေးမလဲ။

ဒီတိုင်းပြည်ထဲ တိတ်တိတ်ခိုးဝင်လာပြီး နန်းစီကို နှုတ်ဆက်ဖို့ လာတာဟု ပြောလျှင် မည်သူကများ သူ့ကိုယုံမှာလဲ၊ ဘယ်သူမှ ယုံမှာမဟုတ်ဘူး။

အဲဒီတော့ 'ရေဘ့' ကစိတ်ကူးထဲမှာ ဇာတ်လမ်းတခုကိုအပြေးအလွှား ရှာနေခဲ့သည်။ အဓိပ္ပာယ်ဆီလျော်ဆက်စပ်သည့် ဇာတ်လမ်းတခု မရခဲ့ပေ။



သည်တော့ ရှေ့နေမရမချင်း သူ နှုတ်ပိတ်ထားလိုက်ရုံပဲ။ သည့်နောက် ပိတ်ထားသင့်ပါက ဆက်၍ ပိတ်ထားလိုက်ရုံပေါ့။ ဟို အသက်နည်းနည်းကြီးသည့်လူကသူ့ကိုစကားပြောနေသည်။

"မင်းဟာ အင်မတန်မှ အရေးကြီးတဲ့ အခြေအနေထဲကို ရောက်နေတယ်"

ဟု ဂျိန်သန်ကပြောလိုက်သည်။

"မင်းဟာ အဖမ်းခံရတဲ့ တပ်ပြေးတယောက်ဖြစ်နေပြီ။ တပ်ပြေးတယောက်အနေနဲ့ ကျခံရမယ့်အပြစ်ဒဏ်ကို မင်းကို ငါ သတိပေးဖို့လိုဦးမလား။ မင်းရဲ့အခြေအနေဟာ ဒီနိုင်ငံထဲမှာနေပြီး စစ်ထဲမဝင်ရအောင် ရှောင်ပြေတဲ့လူထက် ပိုပြီးလေးနက်တယ်။ မင်းဟာ စစ်သားတယောက် ဖြစ်နေတယ်။ အဲဒရက်ကလေးတွေဟာ ဘာပဲဖြစ်ဖြစ် သူတို့ပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး မင်းဟာ ဘယ်လောက်ပဲ အပြစ်မဲ့မဲ့၊ ဘယ်လောက်ပဲ ရိုးသားရိုးသား နောင်လာမယ့် ၁၀ နှစ် အနှစ် ၂၀ လေးဂတေ့ ထောင်ထဲမှာ အချိန်ကုန်ရဦးမှာပဲ"

"အဲဒီလိုဖြစ်အောင် တို့ကတော့ လုပ်မှာပဲ"

'ရေဘ့'က ရေရွတ်လိုက်သည်။ ဒါပေမယ့် ဂျိန်သန်ပြောတာ မှန်သည်ဟု သူ သိလိုက်သည်။

"ဘုရားရေ"

"ဒါပေမယ့် မင်းသိဖို့ရာက တပ်ပြေးဆွဲချက်ဆိုတာဟာ လူသတ်မှုဆွဲချက်လောက် မပြင်းထန်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်သူ့ကိုမှ မသတ်ခဲ့ဘူး"

'ရော့'သည် သူ့ထိုင်ခုံမှ ခုန်ထလိုက်သည်။

"ထိုင်စမ်း"

ရဲမှူးကော့ဖင်က အမိန့်ပေးလိုက်သည်။

'ရေး'ကမတ်တတ်ရပ်ပြီး စားပွဲကိုကျော်၍ 'ရော့'၏မျက်နှာနှင့် တည့်တည့်ထိုင်ကာ....

"ငါ မင်းကို သေသေချာချာပြောပြမယ် နားထောင်။ မင်းလိုကောင်မျိုးကို အခကြေးငွေမရပဲနဲ့တောင် သတ်ပစ်လိုက်ချင်တာ။ လွန်ခဲ့တဲ့ ၇ နှစ်လောက်က မင်းရဲ့သက်သေ ထွက်ချက်ကြောင့် ငါ့မိန်းမ ကံသီလို့ ကြိုးစင်မတက်ရတာ။ အခုလဲပဲ မင်းဟာ ငါ့ကလေးတွေရဲ့အသက်ကို ကယ်ဆင်နိုင်တဲ့ အချက်အလက်ကလေးတွေ သိချင်သိမှာ။ မင်း သေသေချာချာနားထောင်၊ ငါ့မိန်းမဟာ မင်းကို ငါ့ကလေးတွေ နှစ်နာထိခိုက်အောင် လုပ်မယ့်သူမဟုတ်ဘူးလို့ ယုံကြည်ထားတယ်။ သူ့ယုံကြည်မှုကိုလဲ ငါက လက်ခံတယ်။ ဒါပေမယ့် ကနေ့မနက်မင်းကို သူမြင်လိုက်တယ်။ အဲဒီတော့ မင်းဟာ ဘာဖြစ်ခဲ့တယ်ဆိုတာကို မင်း သိရမယ်။ ငါတို့အိမ်နား မင်းမရောက်ဘူးလို့ဆိုပြီး ငြင်းနေပေမယ့် မင်းမှာ အကျိုးမရှိတော့ဘူး။ ဒါကို ငါတို့ သက်သေပြနိုင်တယ်။ တကယ်လို့ မင်းဟာ ငါတို့နဲ့အဆင်ပြေသို့ ငါ့ကလေးတွေ ပြန်တွေ့မယ်ဆိုယင် မင်းကိုတို့ပြန်ပေးမှုနဲ့ဘာရားမစွဲဘူး၊ အခုဒီမှာရှိတဲ့ မစ္စတာနိုးလ်ဟာ နာမည်ကြီး ရှေ့နေတစ်ယောက်ပဲ။ မင်းရဲ့စစ်ပြေးအမှုမှာ ရှေ့နေအဖြစ်ဆောင်ရွက်ပေးပြီး အသက်



သာခုဆုံ ဖြစ်အောင်ကြိုးစားပေးမယ်။သူဟာအထက်ကိုနည်းနည်း ပေါက်ရောက်တဲ့လူဖြစ်တယ်၊ အဲဒီတော့ ငင်း ဒါကိုလက်ခံမလား"

'ရေး'၏နှုတ်မှ အကြောစိမ်းများ ထင်းပြီး ထောင်ထလာသည်။ သူသည် နောက်ထပ်ရှေ့ကိုတိုးပြီး 'ရော့'၏ မျက်စိနှင့် ၃ လက်မအကွာအထိ တိုးသွားပြီး....

"တကယ်လို့ မင်း လက်မခံယင် မင်းက တခုခုကိုလဲ သိနေမယ်ဆိုယင် ငါ့ကလေးတွေပြန်ရအောင် မင်းကူညီနိုင်လျက်သားနဲ့ မကူညီခဲ့ယင် မင်း ဘယ်ထောင်ပဲကျကျ ငါ မင်းကိုလိုက်သတ်မှာပဲ၊ မင်း အဲဒါ ကောင်းကောင်းမှတ်ထား"

"ရေး...."

ချီနသန်က သူ့ကို ခပ်ဖြင်းဖြင်း ဆွဲထားလိုက်သည်။ 'ရော့'သည် အနားတွင်ရှိနေသော လူတွေ၏ မျက်နှာများကို တဦးစီမှ တဦးစီသို့ လှည့်ကြည့်နေသည်။

ရဲမှူး၊ ဆရာဝန်၊ ရေးအဲဒရက်၊ နိုးလ်ဆိုသည့် ရှေ့နေ။

အကယ်၍ အဲဒရက်အိမ်နား ရောက်ခဲ့သည်ဟုဝန်ခံခဲ့လျှင်....။

ဝန်မခံလျှင်ရော ဘာအကျိုးရှိမှာလဲ။ သက်သေတယောက်ရှိနေတယ်။ အဲဒီတော့ သူ့ရဲ့ အတွင်းစိတ်က ပေးလာသော အကြံအရေးကို လက်ခံဖို့ တိုက်တွန်းနေသည်။

သူ့မှာ သည်းနောက်ထပ် ဆင်ခြေပေးစရာမရှိတော့၊

www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်လျှင် စစ်ပြေးမှုကိစ္စမှာ အလျော့အတင်းလေး လုပ်နိုင်စရာ အခွင့်အရေးလေး ရှိနေသည်။

သည်တော့ သူက ဂျိုနသန်ကို ကြည့်ပြီး....

"ကျွန်တော့်အတွက် ရွှေ့နေလိုက်ပေးမှာလား"

"အေး....ဟုတ်တယ်"

"ပြန်ပေးမှုနဲ့ စွဲတာတော့ မခံနိုင်ဘူး"

"မင်းကို ဘယ်သူမှ ပြန်ပေးမှုနဲ့စွဲဖို့ ကြိုးစားနေတာမဟုတ်ဘူး။ မင်း သိသလောက် ငါတို့ အမှန်ကိုလိုချင်နေတာ။ အဲဒါကို မရယင် ငါတို့ ကမ်းလှမ်းချက်ကို ပြန်ရုပ်သိမ်းမှာပဲ"

ဂျိုနသန်က ပြောလိုက်သည်။

'ရော့'က ကုလားထိုင်နောက်မှီကို မှီလိုက်သည်။ 'ရေး'၏ အကြည့်ကို ရှောင်လိုက်ပြီး....

"ကောင်းပြီလေ၊ အခုလို စဖြစ်လာတာဟာ ကျွန်တော့် သူငယ်ချင်းနဲ့ ကနေဒါမှာ...."

သူပြောပြတာတွေကို သူတို့အားလုံး အာရုံစိုက်ပြီး နားထောင်နေကြသည်။ ရဲမှူးနှင့် ဂျိုနသန်ကသာ တခါတရံ မေးခွန်းများ ဝင်၍မေးသည်။

နန့်စီထံ ငွေတောင်းဖို့လာသည့်အကြောင်း ပြောသည့်အခါ 'ရော့'သည် စကားလုံးလေးများကို ပါးနပ်စွာ ရွေးချယ်၍ ပြောသည်။



"ကျွန်တော့် အနေနဲ့ နန်စီဟာ ဟာမွန် ကလေးတွေရဲ့ ခေါင်းကဆံပင်လေး တမျှင်လောက်တောင်မှ နစ်နာအောင် လုပ်မယ့်သူ မဟုတ်ဘူးလို့ ယုံကြည်တယ်။ သူဟာ ဒီလိုမိန်းမစား မျိုးမဟုတ်ဘူး၊ အဲဒီတုန်းက သူတို့က ကျွန်တော့်ကို လူသတ်မှုမှာ ကြံရာပါဆိုပြီး ဆွဲထည့်မယ်လို့ ပြောသံကြားတော့ ကျွန်တော့် အနေနဲ့ သူတို့မေးတဲ့ မေးခွန်းသာဖြေပြီး ကျွန်တော့် ထင်မြင်ချက်ကိုတော့ ရှောင်နေလိုက်တယ်။ သူ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော့် အနေနဲ့ ပြောရယင် နန်စီဟာ လုပ်ကြံသွားတဲ့ ဇာတ်လမ်းကြီးတခုထဲမှာ အချောင်ဆွဲထည့်ခံ ရပြီး ကြောက်လန့်နေတဲ့မိန်းကလေးတယောက်လို့ပဲမြင်ပါတယ်"

"ဒီလုပ်ကြံဇာတ်လမ်းကြီးဆိုတာ မင်းကြောင့်ဖြစ်တာ"

'ရေး'က ဝင်ပြောလိုက်သည်။

"မရေး၊ တိတ်စမ်း"

ရဲမှူးက လှမ်းပိတ်လိုက်ပြီး 'ရော့'ကို.......

"ကနေ့မနက်အကြောင်း ပြောစမ်း။ အဲဒရက်အိမ်ကို မင်း ဘယ်အချိန်ရောက်သလဲ"

"ကျွန်တော် ၁၀ နာရီမထိုးခင်လေးမှာ ရောက်ပါတယ်။ ကျွန်တော်က ကားကို ဖြည်းဖြည်းလေး မောင်းလာတာ၊ ကျွန်တော့် သူငယ်ချင်း ရေးပေးလိုက်တဲ့ မြေပုံထဲက မြေသမ်းခွေကို လိုက်ရှာနေတယ် ကျွန်တော်က ကျော်သွားမှသတိရလိုက်တယ်"

"မင်း ကျော်သွားတာ ဘယ်သိုလုပ်သိလိုက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း....ဟို....ကားဘစီး....။ ကျွန်တော် ဖရှိန်လျှော့လိုက်တယ်။ အဲဒီကားဟာ ကျွန်တော်ရှာနေတဲ့ လမ်းထဲက ထွက်လာတယ်၊ ဒီအခါမှ ကျွန်တော်က နောက်ပြန်ဆုတ်လိုက်တယ်"

"ဟိုကားတစီး"

'ရေး'က ဖြုန်းကနဲ ထလိုက်ပြီး.......

"ဘယ်ကားတုံး...."

စစ်ဆေးမေ မြန်းသည့် အခန်းတံခါး ဖြုန်းကနဲပွင့်လာသည်။ ရဲစာရေးက သုတ်သီးသုတ်ပြာ ဝင်လာပြီး....

"ဆရာ၊ ဝစ်ဂင်ဇနီးမောင်နှံနဲ့ ဟိုဝိုတဲ့ဟာတွဲတို့ကို အရေးတကြီးတွေ့ဖို့ လိုလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ သူတို့မှာ ဆရာ့ကိုပြောစရာ အရေးကြီးတဲ့ကိစ္စတွေ ရှိတယ်လို့ ကျွန်တော်ထင်တယ်ဆရာ"

## အခန်း ( ၃၀ )

နောက်ဆုံးတော့ နန်စီသည် မတ်တတ်ရပ်နိုင်ပြီး မျက်နှာသစ်၊ ပလုတ်ကျင်းနိုင်တော့သည်။ သူမအခံခဲ့သည်ကို သူတို့ မသိစေချင်။ ဒီအကြောင်းလည်း မပြောပြတော့ဘူး။

သူတို့က သူမကို စိတ်ဖောက်ပြန်သည်ဟု ထင်ကြဦးမည်။ သူတို့ ယုံလည်းယုံကြမှာ မဟုတ်ဘူး။ နားလည်းလည်ကြမှာ မဟုတ်ဘူး။ ဒါပေမယ့် မယုံကြည်နိုင်တာတွေ ဖြစ်နိုင်မယ်ဆိုယာ ကလေးတွေ၊ ဘုရား ဘုရား....။ ဒီလိုမဖြစ်ပါစေနဲ့။ သခင် တုန်းကအတိုင်း မဖြစ်ပါစေနဲ့.......။

ဘုရားသခင်......။

www.burmeseclassic.com

www.burmeseclassic.com



သူမသည်အိပ်ခန်းထဲသို့ အမြန်ဝင်သွားပြီး ဗီရိုထဲမှအောက်ခံအင်္ကျီ၊ ဘောင်းဘီရှည်၊ ဆွယ်တာအထူကို ထုတ်လိုက်သည်။

ရဲစခန်းကိုသူမသွားရလိမ့်မည်။ သူမယုံကြည်သည့်အကြောင်း 'ရှော့'ကို ပြောရလိမ့်မည်။ အမှန်ပြောစမ်းပါဟု 'ရှော့'ကို တောင်းပန်ရမည်။

သူ့ကို စိတ်ဖောက်ပြန်နေသည်ဟုထင်ရော ဘာထူးဦးမှာလဲ။

အဝတ်အစားကို အမြန်ဆုံးနှုန်းနှင့် ဝတ်၊ ဖိနပ်ကို အပြေးအလွှားစီး၊ တုန်တုန်ယင်ယင်နှင့်ဖိနပ်ကြိုးစည်းပြီး အောက်ထပ်ကို ဆင်းလာခဲ့သည်။

ဒေါ်ရှော်သီက ထမင်းစားခန်းထဲမှနေ၍ သူမကို စောင့်နေသည်။ အသားညှပ်ပေါင်မုန့်နှင့် လက်ဖက်ရည်ကရားလည်း အဆင်သင့် ပြင်ထားသည်။

"နန်းစီ၊ထိုင်ပါဦး၊ တခုခုသား ကြိုးစားပြီး စားလိုက်ပါဦး"

နန်းစီ သူမ၏ စကားကိုဖြတ်ပြီး....

"ကျွန်မ ရှော့ဂါလက်ကို သွားတွေ့ရမယ်၊ သူ့ကို ကျွန်မ မေးစရာတခုရှိတယ်"

သူမ၏အသံထဲမှာ သွေးလေချောက်ချားသံမျိုး ပါလာသဖြင့် သူမက အံကြိတ်ပြီးတင်းခံလိုက်သည်။

ဒီအချိန်မှာ ပေါက်ကွဲသွား၍ မဖြစ်သေး၊ မီးဖိုတံခါးပေါက်နား၌ရပ်နေသော အစောင့်ရဲသားလေးဘက် လှည့်လိုက်ပြီး......

"စခန်းကို ဖုန်းဆက်စမ်းပါ၊ ရဲမှူးကို ပြောလိုက်စမ်းပါ၊ ကျွန်မ စခန်းကိုလာခဲ့မယ်၊ ကလေးတွေနဲ့ပတ်သက်ပြီး ပြောစရာရှိတယ်လို့ ပြောပေးပါ"



"နန်းစီ...."

ဒေါ်ရှော်သီက သူမ၏လက်မောင်းကို ဆွဲကိုင်လိုက်ပြီး......

"နင် ဘာတွေပြောနေတာလဲ"

"ကျွန်မ ရှော့ကိုတွေ့ရမယ်။ ဒေါ်ရှော်သီ စခန်းကိုခေါ်ပေးပါ။ ကျွန်မ သူ့ကိုတွေ့ရမယ်"

နန်းစီက တယ်လီဖုန်းရှိရာသို့ ပြေးသွားသည်။ သူမက ဖုန်းကို ကောက်ကိုင်မည်အပြုတွင် တယ်လီဖုန်းက မြည်လာသည်။

တယ်လီဖုန်းကို ရဲသားလေးက မကိုင်ခင် သူမက အလျင် ကောက်ကိုင်လိုက်သည်။

"ဟလို......."

သူမ၏ အသံသည် မြန်သည်းမြန်သည်။ မဆိုင်းငံ့နိုင်သော ဟန်လည်း ပါသည်။

ဒီနောက် သူမ ကြားလိုက်ရသည်၊ အသံက တိမ်တိမ်တိုးတိုးလေး၊ သူ့ရဲ့ စကားလုံးလေးများကို တအား ဂရုစိုက်နားထောင်လိုက်ရာ....

"မေမေ...မေမေ....၊ကျွန်တော်တို့ကို လာခေါ်ပါ။ ကျွန်တော်တို့ကို လာကယ်ပါ။ မှုစ်စီချားနေတယ်၊ ကျွန်တော်တို့ကို လာခေါ်ပါ"

"မိုက်ကယ်....မိုက်ကယ်...."

သူမက တအားအော်လိုက်သည်။

"မိုက်ကယ်.... မိုက်ကယ်....၊ မင်းတို့ဘယ်မှာလဲ၊ မင်းတို့ ဘယ်မှာလဲ...၊ ငါ့ကိုပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ"

သူ့အသံဟာ တဖြည်းဖြည်းတိုးသွားပြီး တယ်လီဖုန်းလိုင်း ပြတ်သွားတော့သည်။

အလောတကြီးဖြင့် တယ်လီဖုန်းကို သူမက တဆက်ဆက် ခေါက်နေလေတော့သည်။

"အော်ပရေတာ"

ဟု သူမက အော်ခေါ်ပြီး....

"လိုင်းမပြတ်လိုက်ပါနဲ့၊ အော်ပရေတာ"

ဒါပေမယ့် နောက်ကျသွားပါပြီ။ တယ်လီဖုန်းထဲမှ တီတီ မြည်သံပဲ ကြားနေရသည်။

"နန်စီ၊ အဲဒါဘယ်သူလဲ"

ဒေါ်ရှော်သီက မေးလိုက်သည်။

"အဲဒါ မိုက်ကယ်ပဲ၊ မိုက်ကယ်က ဖုန်းဆက်တယ်၊ မင်းစီ နေမကောင်းဘူးလို့ သူကပြောတယ်"

ဒေါ်ရှော်သီ၏ မျက်နှာပေါ်မှ သံသယကို နန်စီ မြင်လိုက် သည်။

"ဘုရားစူရစေရဲ့၊ အဲဒါ မိုက်ကယ်ပါ"

တယ်လီဖုန်းကိုနောက်ထပ် တဆက်ဆက်နှိပ်လိုက်သေးသည်။ အော်ပရေတာကို ပြန်ခေါ်လိုက်သည်။ အော်ပရေတာ၏အသံ ကြား ရ၏။



"ခုနကဒီကိုဖုန်းဆက်လိုက်တာ ဘယ်ကဆက်တာလဲ။ ကျွန်မ ကို ပြောပြစမ်းပါ"

"ကျွန်မတို့မှာ သိနိုင်စရာအကြောင်း မရှိပါဘူး။ အခုဆိုယာဉ် ပျက်တဲ့ဘယ်လီဖုန်းတွေ အများကြီးပါပဲ။ အခု ဘာပြဿနာ ရှိနေလို့ပါလဲရှင်"

"ခုနက ဒီကိုခေါ်တဲ့တယ်လီဖုန်းဟာ ဘယ်ကဆက်တာလဲ၊ ကျွန်မ သိမှဖြစ်မယ်၊ ကျွန်မ သိမှဖြစ်မယ်"

"ကျွန်မတို့မှာ တယ်လီဖုန်းချသွားပြီးနောက်မှဘယ်နေရာက ဆက်တယ်လို့ရှာနိုင်စရာ နည်းလမ်းမရှိပါဘူးရှင်"

နန်စီသည် လက်လျှော့လိုက်ပြီး တယ်လီဖုန်းကို ပြန်ချလိုက် သည်။

"ဒီတယ်လီဖုန်းကို တယောက်ယောက်က ဖြတ်လိုက်တယ်၊ ကလေးတွေကိုခေါ်ထားတဲ့လူပဲဖြစ်မှာပဲ"

သူမက ပြောလိုက်သည်။

"နန်စီ၊ ညည်း သေချာလို့လား"

"မစွက်အဲဒရက်၊ ခင်ဗျားစိတ်ထင်လို့ဖြစ်မှာပါ"

ရဲသားသေးသည် သူ့အသံကိုနှစ်သိမ့်သည့်အမူအရာပုံချိုးနှင့် ပြောလိုက်သည်။

နန်စီက ရဲသားလေးကိုဂရုမပြုပဲ........

"ဒေါ်ရှော်သီ၊ မိုက်ကယ်က ကျွန်တော်တို့လို့ပြောတယ်၊ သူ ဘယ်မှာရှိတယ်ဆိုတာ သူ သိတယ်၊ သိပ်ခဝးခဝးမှာမဟုတ်ဘူး မှန်းကြည့်ယင်ရနိုင်တယ်၊ မင်းစီ နေမကောင်းဘူးလို့လဲ သူပြော တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုအဝေးကြီးကနေပြီး သူမသည် အခြားတစုံခုကို ကြား လိုက်ရသည်။

လီဇာက နေမကောင်းဘူး။ သူမ ဖျားနေတယ်၊ ကာလ်ဘို့ အဲဒါပြောခဲ့တယ်၊ ဟိုတချိန်တုန်းက....။

"ရဲစခန်းဖုန်းနံပါတ်က ဘယ်လောက်လဲ"

နန်းစီက ရဲသားလေးကိုမေးလိုက်သည်။

သူမ၏ခေါင်းထဲမှာ မြူများလိုအုံ့ဆိုင်းနေသည့် အားနည်း သောဒဏ်များကို တွန်းလှန်ပစ်လိုက်သည်။

သည်အချိန်မှာ အသားလေးလဲ့နေလိုက်လျှင် လွယ်လွယ်လေး သတိလစ်သွားနိုင်၏။

အခုအချိန်မှာ မိုက်ကယ်နှင့်မစ်စီကို လူတယောက်ယောက်က ခေါ်ထားသည်၊ အဲဒီလူက သူတို့ကို နှာကျည်းအောင်လုပ်နေ သည်၊ ဟိုတချိန်လုပ်ဖူးခဲ့သလို အခုလဲပဲ လုပ်များလုပ်နေသလား မသိဘူး။

မဖြစ်ဘူး၊ မဖြစ်ဘူး။ သူတို့ကို သူမ တွေ့အောင်ရှာရမည်။

နေမကောင်းနေ၍ မဖြစ်။ သူတို့ကို တွေ့အောင်ရှာရမည်။

စားပွဲစောင်းကို တအားကိုင်ထားပြီး သူ့ကိုယ်သူ တည်ငြိမ် အောင်ထိန်းလိုက်သည်။ သူမက လေသံခပ်မှန်မှန်လေးဖြင့်—

"ရှင်တို့ ကျွန်မကို စိတ်ဖောက်ပြန်နေတယ်လို့ ထင်ကြမှာပဲ ဒါပေမယ့် ကျွန်မ ရှင်တို့ကိုပြောပြမယ်၊ ခုနကဖုန်းဆက်တာ ကျွန်မသားလေးပါ၊ ရဲစခန်းဖုန်းနံပါတ် ဘယ်လောက်လဲ"

"ကေအယ်လ် ၅၃၈၀၀ ကိုဆက်ပါ"

ရဲသားလေးက မပြောချင်ပြောချင်နှင့် ပြောလိုက်သည်။



သူ့စိတ်ထဲမှာတော့ "ဒီမိန်းမဟာ စိတ်မမှန်ဖြစ်နေပြီ" ဟု ထင်လိုက်သည်။

ရဲမှူးက သူ့ကို ဖုန်းအလျှင်မကိုင်ရကောင်းလားလို့ ကြိမ်း တော့မှာပဲ။

သူမက ဖုန်းဆက်တာ သူ့သားလို့ ကယောင်ချောက်ချား ထင်လိုက်တာ။

အဲဒါဟာ ဘယ်သူဖြစ်ဖြစ်၊ ဖြစ်နိုင်သည်။ အရူးတယောက်က ဆက်တာ ဖြစ်ချင်လည်းဖြစ်မှာပဲ၊

တယ်လီဖုန်း တခါမြည်ပြီး တဘက်မှ လေသံပြတ်ပြတ်ဖြင့်....

"အဒမ်ပို့ရဲစခန်းမှ စကားပြောနေပါတယ်"

နန်စီက....

"ရဲမှူးတော့ဖင်ရှင်...."

ဟု စ ပြောလိုက်ပြီးသည့်နောက် သူမသည် လေဟာပြင်ထဲ မှာ စကားပြောနေရသည်ဟု ထင်မိလိုက်သည်။ တယ်လီဖုန်း ခွက်လေးကို နောက်ထပ် လေးငါးချက်နှိပ်လိုက်သည်။

ဖုန်းပြတ်သွားပြန်ပြီ။

သူမလက်ထဲမှစကားပြောခွက်ကို ရဲသားလေးက ယူလိုက်ပြီး နားထောင်ကြည့်သည်။

"ဟုတ်တယ်၊ ဖုန်းပျက်သွားပြီ၊ ဒီလောက်မုန်တိုင်းထဲမှာ ဆိုပေါ့က တယ်လီဖုန်းတွေ တဝက်လောက်ပျက်နေရောပေါ့"

"ကျွန်မကို ရဲစခန်းလိုက်ပို့ပေးပါ၊ မဟုတ်သေးဘူး၊ ရှင်ပဲ သွားလိုက်ပါ၊ မိုက်ကယ်က ဖုန်းတခါဆက်ချင်ဆက်ဦးမှာ။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းကို ကျေးဇူးပြုပြီး သွားပေးစမ်းပါ၊ ဒါမှမဟုတ်ယင် အပြင်က လူတယောက်ယောက်ကို ခိုင်းလို့ရယင် လွှတ်ပေးစမ်းပါ''

''လွှတ်ရမယ့်လူ ရှိမယ်မထင်ဘူး၊ တယ်လီဗီးရှင်းကားလဲ ရဲစခန်းကိုလိုက်သွားပြီ''

''ဒီလိုဆိုယင် ရှင်ပဲသွားပေးပါ၊ ကျွန်မတို့ ဒီကစောင့်နေပါ့မယ်၊ မိုက်ကယ်က တယ်လီဖုန်းဆက်တယ်လို့ ပြောပေးပါ၊ ရော့သက်ဂလားကို ဒီကိုခေါ်လာပါလို့လဲ ပြောပေးပါ၊ကျွန်မတို့ ဒီကစောင့်နေကြမှာပါ''

''ကျွန်တော် ဒီအိမ်ကထွက်သွားလို့မဖြစ်ဘူး''

''နန်စီ၊ မိုက်ကယ်ဖြစ်တယ်လို့ ညည်း ဘယ်လောက်များ သေချာလို့လဲ''

''ဒေါ်ရော်သီ၊ ကျွန်မ သေချာတယ်၊ ကျွန်မကို ယုံပါ၊ မိုက်ကယ်မှ မိုက်ကယ်အစစ်၊ ကျွန်မ သေချာပါတယ်၊ ဒီမှာ ရဲကြီးရှင့်၊ စခန်းကို ရှင့်ကားနဲ့သွားယင် ဘယ်လောက်ကြာမှာလဲ၊ ၅ မိနစ်ပေါ့၊ အသွားအပြန်ဆို အားလုံး ၁၀ မိနစ်ပဲ၊ ရော့လက်ဂလာကို ဒီခေါ်လာဖို့သဲ ပြောပေးပါ''

ရဲသားသည် ဂရုတစိုက်စဉ်းစားကြည့်မိသည်။

ရဲမှူးက သူ့ကို ဒီကစောင့်နေဖို့ မှာထားခဲ့သည်။ ယခုသို့ ဖုန်းပျက်နေလျှင်တော့ အတင်းလာမည်မဟုတ်။ တကယ်လို့ နန်စီ ကိုပါခေါ်သွားလျှင် ဆရာက ကြိုက်မည်မဟုတ်။



တကယ်လို့ သူ ထွက်သွားပြီးပြန်လာလျှင်.......

အားလုံးမှ ၁၀ မိနစ်ပဲကြာမည်။ ခုနက ဖုန်းဆက်တာဟာ မိုက်ကယ်အမှန်ဖြစ်နေခဲ့ပြီး သူက သတင်းမပို့ခဲ့လျှင်....။

သူက ဒေါ်ရော်သီကို ကားမောင်းခိုင်းမည်ဟု ပထမတော့ စိတ်ကူးမိသည်။ နောက်တော့ သည်စိတ်ကူးကို ပယ်လိုက်သည်။ လမ်းတွေက မိုးနှင်းတွေနှင့် ရွှဲနေသည်။ သူမ ကြည့်ရသည်မှာလည်း စိတ်မငြိမ်လှ။ သည်တော့ သူ့ ကားမောင်းလျှင် တခုခုဖြစ်နိုင်ဖို့က များနေသည်။

''ကျွန်တော်ပဲ သွားလိုက်ပါ့မယ်၊ ခင်ဗျားတို့ ဒီမှာစောင့်နေပါ''

ရဲသားလေးသည် သူ့ကုတ်အင်္ကျီကို ကောက်ယူပြီး နောက်ဖေးပေါက်မှ ရဲကားဆီသို့ ထွက်သွားတော့သည်။

နန်စီက.......

''ဒေါ်ရော်သီ၊ မိုက်ကယ်က သူဘယ်မှာရှိတယ်လို့သိတယ်။ သူက ကျွန်တော်တို့မှာလို့ ပြောတယ်။ အဲဒါ ရှင် ဘယ်လို ...ခိုပ္ပာယ်ကောက်မလဲ၊ တကယ်လို့ ရှင်ဟာ လမ်းမပေါ်မှာရှိမယ် ...ယင် ရှင်က ကျွန်မတို့ ၆ အေလမ်းပေါ်မှာရှိတယ်၊ သောင်ခုံ ...ရှိတယ်၊ ဒါမှမဟုတ် လှေပေါ်မှ ရှိတယ်လို့ပြောမယ်။ ဒါ ...မယ့် ရှင်ဟာ အိမ်မှာ ဆိုင်မှာ ရှိမယ်ဆိုယင် ကျွန်မတို့ ဒေါ် ...ော်သီအိမ်မှာ ရှိတယ်၊ အဖေ့ရုံးမှာရှိတယ်လို့ပြောမှာပဲ။ ကျွန် ...ဆိုလိုတာ ရှင် သဘောပေါက်တယ်မဟုတ်လား။အဲဒါကို ဆိုဖို့ ...ည်းလမ်းတခုခုတော့ ရှိရမှာပဲ ဒေါ်ရော်သီရဲ့၊ ဒါကြောင့် ထပ်

www.burmeseclassic.com

www.burmeseclassic.com



ခါတလဲလဲ စဉ်းစားနေမိတယ်။ အဲဒါကို သိဖို့နည်းလမ်းတခုခု တော့ ရှိရမှာပဲ။

"မစ်စီနေမကောင်းဘူးလို့လဲ သူ ပြောတယ်။ မနက်တုန်းက ကျွန်မ သူ့ကို အပြင်ထွက်ခွင့်မပေးပဲ နေလိုက်တော့မလို့ပဲ။ အဲဒီတုန်းက စဉ်းစားမိသေးတယ်၊ ရာသီဥတုက သိပ်အေးတယ် သေကလဲ တိုက်နေတယ်မဟုတ်လား၊ ဒါပေမယ့် ကျွန်မ သူ့ကို နေမကောင်းဘူးလို့ ခေါင်းထဲမှာ ခဏခဏ ထည့်မစဉ်းစားချင်ဘူး။ နောက်ပြီးတော့ ကလေးတွေ ဖျားနေမယ်ဆိုပြီး အကဲပိုမနေချင်ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ ကျွန်မ အခုမှသိတယ်။ ဘာလ်ဟာ ကလေးတွေကို စစ်ဆေးကြည့်ရှုပုံ၊ ကျွန်မကို ကြည့်ရှုပုံကြောင့် ဖြစ်ရတာ။ နေမကောင်းတာက အမှန်တော့ သူပဲ။ ကျွန်မ အခုသိပြီ။ ဒါကြောင့်မို့လဲ ကျွန်မ မစ်စီကို အပြင်ထွက်ခွင့်ပြုလိုက်တာ။ သမီးအတွက်တော့ ရာသီဥတုအေးလွန်းတယ်၊ ထိုင်းလွန်းနေတယ်။ နာရီဝက်လောက်ပဲဆိုပြီး ကျွန်မ တွေးမိတယ်။ ဒါကြောင့်မို့လဲ ကျွန်မက အပြုံးရုပ်ကလေးပါတဲ့ လက်အိတ်ကလေး စွပ်ပေးလိုက်တယ်။ သိပ်အေးလို့ လက်အိတ်ကလေး မကျွတ်စေနဲ့လို့လဲ ကျွန်မ မှာလိုက်သေးတယ်။ အဲဒီတုန်းက ကျွန်မက မစ်စီလက်အိတ်ကလေး ၂ ဘက်ကို ဒီတခါတော့ အတူတူဖြစ်သွားပြီလို့တောင် ပြောလိုက်သေးတယ်။ ဒါတောင်မှ မစ်စီဟာ တဘက်ကို ဒန်းနားမှာ ပျောက်ခဲ့သေးတယ်။ ဒေါ်ရော်သီ ကျွန်မ သူ့ကိုမလွှတ်လိုက်ယင်၊ သူ နည်းနည်းနေမကောင်းလို့ အိမ်ထဲခေါ်ထားလိုက်ယင်... ကျွန်မ မစဉ်းစားချင်တော့ဘူး၊ တွေးကိုမတွေးချင်တော့ဘူး ဒေါ်ရော်သီရဲ့"



နန်စီသည် ဒေါ်ရော်သီ၏ လန့်ပြီးအော်လိုက်သော အသံကြောင့် ဆတ်ကနဲ လှည့်ကြည့်လိုက်သည်။ ဒေါ်ရော်သီ၏ မျက်နှာသည် တက်တော့မတတ်ပုံစံမျိုး ဖြစ်နေသည်။ သူက....

"ညည်း ဘာပြောလိုက်တာလဲ၊ ညည်း ဘာပြောလိုက်တာလဲ။ လက်အိတ်ကလေး...."

"ကျွန်မ မသိလိုက်ပါဘူး။ ရှင် သိချင်တာက ကလေး လက်အိတ်တဘက် ပျောက်တာလား၊ ဒါမှမဟုတ် လက်အိတ် ၂ ဘက်ဘူဘာ သိချင်တာလား၊ ဒေါ်ရော်သီ....ရှင့် ဘာများ သိနေလို့လဲ"

ဒေါ်ရော်သီသည် သူ့မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"သူတို့ ဘယ်မှာရှိတယ်ဆိုတာ ငါ သိပြီ။ ငါ သိပြီ။ အမယ်လေး....ဘုရားရယ်၊ ငါသိပြီ၊ ငါ့နှယ် မိုက်လှချည့်လား။ နန်စီ....ငါ လုပ်မိလိုက်တာ၊ ငါ လုပ်မိလိုက်တာ"

သူ့ ကုတ်အင်္ကျီအိတ်ထဲမှ လက်အိတ်ကလေးကို နှိုက်ထုတ်လိုက်သည်။

"ဒီဟာလေးဟာ....ဟိုမှာ ကနေ့ညနေ ကားဂိုဒေါင်ထဲမှာ ငါက ငါ့ကားထဲက ကျန်ခဲ့တယ်လို့ ထင်တာ။ ဟိုရှုံ့စရာကောင်းတဲ့လူကြီး....၊ ဒီလူ့မှာ တခုခုလူမသိစေချင်တာရှိတယ်လို့ငါ သိတယ်။ သူကိုယ်က ချဉ်စုတ်စုတ် ဆိုးရွားရွား၊ ကစေ့ပေါင်ဒါ....၊ အမယ်လေး....ဘုရား....ဘုရား...."

www.burmeseclassic.com

www.burmeseclassic.com



နန်းစီက လက်အိတ်ကလေးကို ဆွဲယူလိုက်ပြီး........

"ဒေါ်ရော်သီ၊ ဒီလက်အိတ်ကလေးဘယ်ကရတာလဲ။ ကျွန်မကို ပြောစမ်းပါ"

ဒေါ်ရော်သီက....

"မျှော်စင်ကြီးမှာ ငါဒီနေ့ အိမ်သွားပြတုန်းက တွေ့ခဲ့တာ"

"မျှော်စင်ကြီး....! ဟိုပဲရစ်ဆိုတဲ့လူကြီး နေတဲ့နေရာမဟုတ်လား၊ ဒီလူ့ကို ကျွန်မ အခေါ်တလဲ့လို့ အနီးကပ်မမြင်ဖူးဘူးလို့ထင်တာ....အခယ်လေးတော်"

ရှုတ်တရက် သူမ၏ စိတ်ထဲမှာ ရှင်းလင်းထင်ရှားသွားသေသည်။

နန်းစီသည် အမှန်ကိုမြင်မိသိုက်၍ နောက်မျှားကျနေပြီသားဟု တွေးထင်မိသည်။

"ဒေါ်ရော်သီ၊ ကျွန်မ ဒီအိမ်ကြီးဆီသွားမယ်။ အခု သွားမယ်။ ကလေးတွေ အဲဒီမှာရှိမယ်။ ကျွန်မ အချိန်မီချင်မီဦးမှာ၊ ရှင်က ရေးနဲ့ရဲဆီကိုသွားပါ။ သူတို့ကိုလာဖို့ သွားခေါ်ခဲ့ပါ။ ကျွန်မ အိမ်ထဲကိုဝင်လို့ရပါ့မလား"

ဒေါ်ရော်သီ၏ တုန်လှုပ်ချောက်ချားမှုသည် ရပ်သွားတော့၏၊

သူ၏အသံကလည်း နန်းစီလိုပင် တည်ငြိမ်လာသည်။ သူမ၏နောင်တသက်တာပတ်လုံး ကိုယ့်ကိုယ်ကို အပြစ်တင်ဖို့အတွက် လုပ်ချင်လုပ်နိုင်ဦးမှာ။ ဒီအချိန်မှာတော့ မဖြစ်သေးဘူး။



"မီးဖိုဘက်ကတံခါးက အတွင်းဘက်က မင်းတုပ်ရှိတယ်။ ဒီမင်းတုပ်ကို သူက ထိုးထားလိုက်ယင် ညည်း ဝင်လို့ရမှာ မဟုတ်ဘူး။ ပင်လယ်ဘက်က ရှေ့တံခါးပေါက်ကို သူ အသုံးမပြုဘူး။ ငါ သူ့ကိုလဲ သော့ပေးမထားဘူး။ ရော့ ဒီသော့က သော့ ၂ ခုလုံး ဖွင့်လို့ရတယ်"

ဟု ပြောပြီး သူမအိတ်ထဲမှ သော့တွဲကိုထုတ်ယူပြီး သော့တချောင်းကို ထုတ်ပေးလိုက်လေသည်။

နန်းစီ ဘယောက်တည်းသွားမှာကို သူမက မေးမနေတော့ပဲ နစ်ယောက်သား အိမ်နောက်ဘက်ပေါက်မှ ကားဆီသို့ အမြန်ပြေးထွက်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃၁ )

နန်းစီက အလျှင်မောင်းထွက်သွားသည်။ နန်းစီ၏ကား ယိမ်းထိုးကာ နည်းနည်းလျှော့သွားပြီးနောက် ပြန်တည့်လိုက်သည်ကို ကြည့်ပြီး ဒေါ်ရော်သီက အသက်ရှူဖို့ မေ့သွားခဲ့သည်။

ဒီအချိန်ဟာ လမ်းကိုမြင်နိုင်ဖို့ မလွယ်ဘူး။ မိုးနှင်းတွေက ကားမှန်ပေါ်မှာ ရေခဲချပ်လိုဖြစ်ပြီး တင်နေသည်။

နန်းစီက ဘေးတံခါးကို လျှော့ချလိုက်ပြီး တံခါးပေါက်မှ ခေါင်းထွက်ကြည့်ရသည်။ ရိုက်ခတ်လာသည့် မိုးနှင်းများကို မျက်ခုံးရှုံ့ပြီး ၆ အေ လမ်းကြီးကိုဖြတ်၍ မျှော်စင်အိမ်ကြီးဘက်သို့ သွားရာလမ်းဆီသို့ တအားမောင်းသွားတော့သည်။



အမြင့်ဘက်သို့ စကွေ့တက်လိုက်သောအခါမှာ ကားသည် လမ်းတဖြည်းဖြည်းချော်လာသည်။

သူမက လီဗာကိုအားအားနင်းချလိုက်ရာ ရှေ့ဘီးက ချော်သွားသည်။ ကားသည် လမ်းမပေါ်မှာ လည်ထွက်သွားသည်။ နန်းစီသည် ဘရိတ်ကိုတအားဖိနင်းလိုက်ရာ ကားက ပြောင်းပြန်လည်သွားတော့သည်။

သူမက ပြန်တည့်ဖို့ကြိုးစားလိုက်တော့ နောက်ကျသွားပြီ။ သူ့ရှေ့မှသစ်ပင်ကြီးက ပြေးဝင်လာသည်။ လက်ကိုင်ဘီးကို တပတ်လောက်လည်အောင် ကြိုးစားပြီးလှည့်လိုက်သည်။ ကား၏ရှေ့ပိုင်းသည် ညာဘက်ကို တအားဆွဲဆင်းသွားပြီး သစ်ပင်ကို ဝင်တိုက်လိုက်လေသည်။

နန်းစီသည် အရှေ့ကိုယိမ်းထိုးသွားပြီးချက်ချင်းပဲ နောက်ကိုပြန်အားပြုမှီလိုက်သည်။

သူမက တံခါးကိုတွန်းဖွင့်လိုက်ပြီး ရေခဲပြင်ပေါ်ကို ဆင်းလိုက်သောအခါ ရှေ့ဘီးက လည်နေဆဲ ဖြစ်သည်။

သူမမှာ အပေါ်အင်္ကျီမပါသဖြင့် မိုးနှင်းများကြောင့် သူ့ဆွယ်တာနှင့် ဘောင်းဘီရှည်များ စိုသိုင်းသွားသည်ကို သတိမထားနိုင်တော့ပဲ တောင်ကုန်းပေါ်သို့ တအားကုန်ပြေးတက်သွားလေတော့သည်။

အိမ်ဝင်ပေါက်ကားလမ်း ရောက်တော့ သူမ ချော်ပြီးလဲကျသွားသည်။ ဒူးနာသွားသည်ကို ဂရုမစိုက်နိုင်တော့ပဲ အိမ်ကြီးဆီသို့ ဆက်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မကျပါစေနဲ့......။ နောက်မကျပါစေနဲ့.......။

သူမ၏ မျက်စိရှေ့က တိမ်သလ္လာများပျောက်ကွယ်သွားပြီး သူမကိုယ်သူမ လီဇာနှင့်ပီဘာတို့ တင်နေသောကျောက်ခုံကိုမြင်ယောင်မိသည်။ သူတို့ရဲ့မျက်နှာလေးတွေသည် ရေနှင့်မွပြီး ဖြူနေသည်။

ပလတ်စတစ်စလေးတွေက ကပ်လျက်သားရှိသေးသည်။ သူမက ဘုရားရေ....ဘုရားရေ....ဟု ဆုတောင်းလိုက်သည်။

သူမသည် အိမ်ကြီးဆီရောက်သွားပြီး အိမ်ဘေးဘက်ကနေပတ်၍ အရှေ့ဘက်ပေါက်ကိုတွေ့သွားသည်။

သူ့လက်ထဲ၌ ကိုင်ထားသောသော့က ရေစိုပြီး အေးနေသည်။ ဒါကို သူမက မြဲမြဲဆုပ်ကိုင်ထားသည်။

အိမ်ကြီးသည် အပေါ်ဆုံးထပ်မှလွဲ၍ လုံးဝမှောင်နေသည်။ ပြတင်းပေါက်တခုမှ အလင်းရောင်လေးကို သူမ မြင်ရသည်။ အိမ်ကြီးကိုပတ်တွေ့လိုက်တော့ ကျောက်ဆောင်များကိုတအား ရိုက်နေသော ပြင်းထန်သည့်လှိုင်းရိုက်သံတွေကို သူမ ကြားရသည်။

သောင်ခုံရှိဘူး။ ကျောက်ပုံကြီးပဲရှိသည်။ ဟိုဘက်ခပ်လှမ်းမှာမှ သောင်ခုံရှိသည်။

ဒီအိမ်ကြီး ဒီလေစက်မြင့်လိမ့်မည်ဟု သူမ မထင်ခဲ့။ နောက်ဘက်ပြတင်းပေါက်မှဆိုလျှင် တမြို့လုံးကို ကောင်းကောင်းမြင်နိုင်မှာပဲ။



သူမ၏ အသက်ရှူသံသည် ငိုရှိုက်သံလို ပြင်းပြင်းတက်လာသည်။ သူမ၏ နှလုံးခုန်သံက တအားခုန်နေသည်။ လေအေးထဲမှာ ပြေးရ၍ အသက်ရှူရတာလည်း မလွယ်ကူ။

ထုံနေသော လက်များဖြင့် သော့ကို စမ်း၍ဖွင့်လိုက်သည်။ ပထမတော့ ချေးကိုက်နေသောသော့ခလောက်သည် နည်းနည်းတင်းခံနေသည်။ နောက်မှ ပွင့်သွားတော့သည်။

နန်စီက တံခါးကိုတွန်းဖွင့်လိုက်သည်။

အိမ်ကြီးက မှောင်နေသည်။ ကြောက်စရာ ကောင်းလောက်အောင် မှောင်နေသည်။ သူမ ဘာကိုမှကြည့်လို့မမြင်ရချေ။

အောက်သိုးသိုးအနံ့လည်း ရနေသည်။ တိတ်ဆိတ်နေသည်။ အလင်းရောင်သည် အပေါ်ဆုံးထပ်မှလာနေ၏။ အပေါ်တက်ဖို့ လှေကားကိုရှာရမည်။

မိုက်ကယ်ကိုတအားအော်ခေါ်ချင်သည့်စိတ်ကို မနည်းထိန်းထားလိုက်ရ၏။

အိမ်ရှေ့အခန်းကြီး ကျော်သွားပြီး နောက်မှာ အပေါ်တက်သော လှေကား ၂ ခုရှိသည်ဟု ဒေါ်ရော်သီ ပြောဖူးသည်။

ဒါက အရှေ့ခန်းဖြစ်မည်။

နန်စီက မှန်းဆပြီး ရှေ့ကို ဆက်လျှောက်သွားသည်။ အမှောင်ထဲမှာ သူမလက်ကိုဆန့်တန်းပြီး တဖြည်းဖြည်းလျှောက်သွားသည်။

အသံထွက်၍ မဖြစ်။ သတိပေးသလို ဖြစ်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တခုခုကိုခလုတ်တိုက်ပြီး အရှေ့ဘက်သို့လဲအသွားမှာ တခုခုကို ကိုင်မိပြီး ပြန်ထိန်းမိသွားသည်။ ကုလားထိုင်လက်ရန်းတခုဖြစ်သည်။ ဒီကုလားထိုင်ဘေးက ပတ်ပြီး ရှေ့ကိုဆက်သွားသည်။

မီးခြစ်လေးများပါလျှင် ကောင်းမှာပဲ။

သူမက နားစွင့်လိုက်သည်။ တခုခုများ ကြားလိုက်သလား။

ငိုသံလေး....။ မီးလင်းဖိုထဲမှ လေဝင်လာသည့်အသံများဖြစ်နေသလား။

သူမ အပေါ်ထပ်ကိုအရောက်သွားရမည်၊ သူတို့ကို တွေ့အောင်ရှာရမည်။

သူတို့များ မရှိတော့လျှင်....။

အလျှင်တခါလိုမျိုး ဖြစ်နေလျှင်.......၊

သူတို့ရဲ့မျက်နှာလေးတွေ ရှုံ့တွပြီး၊ ငြိမ်နေလျှင်.......။

သူတို့ဟာ သူမကို ယုံကြည်ခဲ့သည်။ အဲဒီမနက်တုန်းက လီဇာက သူမကို တအားတွယ်ဖက်ပြီး.......၊

"ဖေဖေက ကျွန်မကို နာအောင်လုပ်တယ်"

ဟု သူမက ဒါပဲပြောသည်။ အိပ်ရာထဲသေးပါ၍ ကာလ်က သူမကိုရိုက်လိုက်တာ နန်စီ သိလိုက်သည်။

သူမကိုယ်သူမ အိပ်ရာကမနိုးနိုင်လောက်အောင် ပင်ပန်းနေရမလားဆိုပြီး အပြစ်တင်နေမိခဲ့သည်။

ကာလ်ကို ပြန်မပြောဝံ့ခဲ့။

နောက်နေ့ အိပ်ရာပြန်ခင်းတော့ အိပ်ရာကမစိုဘူး။ လီဇာ အိပ်ရာပေါ်မှာ သေးမပေါက်ဘူး။



ဒါကို အမှုစစ်တုန်းက သူ ပြောဖို့သင့်သည်။ ဒါပေမယ့် သူ မပြောနိုင်ခဲ့ဘူး။ မစဉ်းစားနိုင်ခဲ့ဘူး။ အဲဒီတုန်းက သူမက နုံးနေသည်။

ဒါတွေဟာ အခုအခါ အကြောင်းမထူးတော့ပါဘူး။

လှေကား....။ လှေကားလက်ရန်းကို သူမ ကိုင်မိလိုက်သည်။

လှေကား သုံးဆစ်ချိုးဘေးနားက တက်ရသည်။ အသံမမြည်စေနှင့်။

နန်စီသည် ကုန်းပြီး သူမ ဖိနပ်များချွတ်လိုက်သည်။ ရေတော့ သိပ်စိုနေ၍ လမ်းလျှောက်လျှင် အသံမြည်နိုင်သည်။ အသံမထွက်ဖို့ အရေးကြီးသည်။

အပေါ်ဆုံး ရောက်အောင် တက်ရမည်။ နောက်ကျလို့ မဖြစ်ဘူး။

ဟိုတုန်းကနောက်ကျခဲ့သည်။ ကလေးတွေကို ကားပေါ်မှာ ထားခဲ့သင့်ဘူးဟု သိရမည်။

လှေကားသည် သူမခြေထောက်အောက်မှ ကျွီကနဲမြည်၏။

ကယောင်ကတမ်းမဖြစ်စေနှင့်၊ ဟိုတချိန်က သူ ကယောင်ကတမ်း ဖြစ်ခဲ့သည်။

မိုက်ကယ် ခေါ်လို့ချာ၊ သူ ကယောင်ကတမ်း ဖြစ်သွားမလား။

ဟိုတချိန်က ကလေးတွေကိုသေပြီးမှ ရေထဲကိုပစ်ချသည်ဟု ပြောကြသည်၊ ခုနကတင်လေးပဲ မိုက်ကယ် အသက်ရှင်နေသေးသည်။ မိနစ် ၂၀ လောက်ပဲရှိဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



မစ်စီ နေမကောင်းဘူးဟု သူက ထင်သည်။ မစ်စီ နေမကောင်းတာ ဟုတ်ချင်ဟုတ်မှာ။ သူမဆီကို အရောက်သွားရမည်။

ပသမထပ်......။

အိပ်ခန်းတွေ အများကြီး၊ မီးမရှိဘူး၊ အသံလည်းမကြားရဘူး။

အပေါ်ထပ်လှေကားနှစ်ဆင့် ကျန်သေးသည်။ တတိယထပ်မှာလဲပဲ အသံမကြားရပါ။

နောက်ဆုံးလှေကားခြေရင်းရောက်တော့ နန်စီသည် ရပ်ပြီး သူမ၏အသက်ရှူပြင်းနေခြင်းကို ထိန်းလိုက်သည်။

လှေကားထိပ်က တံခါးက ဖွင့်ထားသည်။ လှုပ်ရှားနေသည့် မီးရောင်က နံရံပေါ်မှာ အရိပ်တခုထိုးကျနေတာ သူမ မြင်လိုက်ရသည်။

သည့်နောက် သူမ အသံလေးတခု ကြားလိုက်ရသည်။

မိုက်ကယ်၏အသံ....။

"အဲဒါမလုပ်နဲ့၊ အဲဒီလိုမလုပ်နဲ့"

သူမသည် ဘာမျှ ကြည့်မနေတော့ပဲ ဒေါသတကြီးဖြင့် လှေကားပေါ်သို့ တအားပြေးတက်သွားသည်။

မိုက်ကယ်....၊ မစ်စီ....။

သူမက အသံထွက်မှာကို ဂရုမစိုက်တော့ပဲ ပြေးတက်သွားသည်။ သူမ၏ ခြေအိတ်ထူထူကြီး ကြောင့် အသံမထွက်ပါ။ လက်ရန်းကိုကိုင်ထားသည့် သူမရဲ့လက်ကလည်း အသံမထွက်ပါ။



လှေကားထိပ်ရောက်သောအခါ သူမသည် တုံ့ကနဲရပ်လိုက်သည်။ အလင်းရောင်သည် အခန်းကြီးထဲမှလာနေသည်။ သူမသည် အသံမပြုပဲ ဧည့်ခန်းကို သွက်သွက်လေး ဖြတ်သွားလိုက်သည်။

အိပ်ခန်းထဲမှ ဖယောင်းတိုင် မီးရောင်မှ ထွက်လာသည့် မီးရောင်ဆီသို့ သူမ တန်းသွားသည်။

သူမဘက်ကို ကျောပေးထားပြီး လက်တဘက်က အိပ်ရာပေါ်မှ ရုန်းကန်နေသော ကလေးကို ဖိထားတာ ပါးစပ်မှ တခစ်ခစ်ရယ်ပြီး ကျန်လက်တဘက်က ပြောင်ပြောင်လက်လက် ပလတ်စတစ်အိတ်တခုကို ဆံပင်အဝါရှိသောခေါင်းလေးပေါ်ကို တအားဖိစွပ်နေသည့်လူကို ဘွားကနဲမြင်လိုက်မိသည်။

နန်စီသည် မိုက်ကယ်၏ ဆံပင်လေးများ သူ့နဖူးပေါ်မှာ ကပ်နေပြီး ပြူးနေသောမျက်လုံးပြာလေးတွေရယ်၊ နှာခေါင်းနှင့် မျက်လုံးတွေကို ပလတ်စတစ်အိတ်က တအားကပ်နေသည့်ပုံကို သူမမျက်စိထဲမှာ မြင်လိုက်သလိုလိုထင်မိသည့်အတွက်....

"ကာလ်....သူ့ကိုလွှတ်လိုက်...."

သူမက ကာလ်ကိုခေါ်လိုက်သည်ကို သူမနှုတ်မှထွက်သွားတာ ကြားလိုက်ရမှ သူမကိုယ်သူမ သိလိုက်သည်။

ထိုလူသည် နေ့ဒ်ဘက်ကို ဆတ်ကနဲလှည့်လိုက်သည်။

သူ၏မျှားပြားလှသော အသားဆိုင်များ၏ တနေရာရာမှာ စူးရှပြီး မီးတောက်နေသည့်မျက်လုံးများကို သူမ မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခုဘင်ပေါ်မှာ အနီရောင်အကျီအပုံးဘားမှ ပလတ်စတစ်စ ကပ်နေသော မစ်စီ၏ပုံသဏ္ဍာန်လေးကိုလည်း နန်စီဘ မြင်လိုက်သည်ဟု ထင်မိလိုက်သည်။

အံ့ဩသည့်မျက်နှာထားကို ကောက်ကျစ်သည့် မျက်နှာထားက နေရာပြောင်းယူသွားသည်ဟု သူမ မြင်လိုက်မိသည်။

"နင်...."

ဒီအသံကို မှတ်မိလိုက်သည်။ ၇ နှစ်လုံးလုံး သူမက မေ့ပစ်ဖို့ ကြိုးစားခဲ့သည့်အသံ ဖြစ်သည်။

သူက သူမဘက်ကို အန္တရာယ်ပြုမည့်ဟန်မျိုးဖြင့် လျှောက်လာသည်။

မိုက်ကယ် အသက်မရှူနိုင်ဘူး။ သူ့နား ကို ရောက်အောင် သွားရမည်။

သူက သူမကို ခုန်အုပ်လိုက်သည်။

သူမက ရှောင်လိုက်ပေမယ့် သူမ၏သက်ကောက်ဝတ်ကို သူ့လက်ကြီးနှင့် အဆုပ်ခံရသည်ဟု သတိပြုမိလိုက်သည်။

သူတို့နှစ်ယောက်သား လုံးထွေးပြီး လဲကျသွားကြသည်။ သူမ၏နံကို တံတောင်နှင့်ထောက်ထားသည်ဟု သူမ ထင်မိလိုက်သည်။ တအားကို နာကျင်သွားသည်။

သူ၏လက်က တဖြေးဖြေး လျော့သွားသည်ဟု ထင်လိုက်ရသည်။ သူ၏မျက်နှာကြီးက သူမမျက်နှာနားဆီ ရောက်လာ၏။

ထူလည်းထူသည်၊ ဖြူလည်းဖြူသည်။ ပွပွ ကျယ်ကျယ်၊ ဒါပေမယ့် ချဉ်စုတ်စုတ်၊ အောက်သိုးသိုးအနံ့။ ဟိုတုန်းက အတိုင်းပဲ။



မျက်စိနှစ်ဘက် တအားစုံမှိတ်ပြီး သူ၏တွဲကျနေသောပါးပြင်ကြီးကို သူမက တအားကိုက်ပစ်လိုက်သည်။

သူက ဒေါသတကြီးနှင့် အသံကုန်အော်လိုက်ပြီး သူမကို အားနှင့်ရိုက်ပစ်လိုက်သည်။သည်တော့ သူမကို လက်လွှတ်လိုက်၍ သူမက ကုန်းထလိုက်သည်။ နောက်က သူမကို သူက ဆွဲထားသည်ဟု ထင်ရသည်။

သူမက ခုတင်ပေါ်သို့ တအားကုန်ပစ်လှဲလိုက်ပြီး မိုက်ကယ်၏ မျက်လုံးတွေ ဖြူးနေအောင်၊ မျက်ခွက်လည်း ပြာနေအောင် တင်းကျပ်နေသောပလတ်စတစ်ကို သူမ၏သက်သည်းနှင့် တအားစုတ်ဖြဲလိုက်သည်။

နောက်ကနေ ကားလ်က သူမကို ရိုက်လိုက်သောအခါမှာ မိုက်ကယ်၏အသက်ရှူလိုက်သံကို သူမ ကြားလိုက်ရသည်။

သူက သူမကို သူ့ဘက်ရောက်အောင် ဆွဲလိုက်သည်။

သူမကို နောက်ပြန် အတင်းဆွဲလှန်နေသည်။ သူမက သူ့မျက်နှာကြီးကို တအားကုန်ဆောင့်တွန်းပစ်လိုက်သည်။

သူမ ရှုန်းကန်နေဆဲ မစ်စီ၏ခြေထောက်ကလေးသည် သူမအောက်မှာလှုပ်နေပြီး သူမကို လာထိတာ သတိပြုမိလိုက်သည်။

မင်္စီ အသက်ရှင်နေသေးသည်။ ဒါကို သူမ သိလိုက်သည်။

သူမက အကူအညီတောင်းဖို့ တအားကုန်အော်လိုက်သည်။ သည်တော့ ကားလ်၏လက်သည် သူမ၏ပါးစပ်နှင့် နှာခေါင်းပေါ် အတင်းလာပိတ်သည်။

သူမ၏အသက်ရှူပေါက်ကို ပိတ်ပြီး မျက်စိမျှားမှုန်လာသည် အထိ ပိတ်ထားသည့်လက်ကြီးကို ကိုက်ဖို့ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တဖြည်းဖြည်း သတိလစ်သွားမလို အသက်ရှူ ကျပ်နေဆဲမှာပဲ ရုတ်တရက် လက်များလွတ်သွားသည်။

သူမသည် ချောင်းတအားဆိုးတော့သည်။ တနေရာခပ်လှမ်းလှမ်းမှ တယောက်ယောက်က သူမနာမည်ကိုခေါ်သံ ကြားရလေသည်။

အဲဒါ 'ရေး'....။ 'ရေး'ဟု ခေါ်ဖို့ သူမ ကြိုးစားသည်။ ဒါပေမယ့် အသံက ထွက်မလာပါ။

သူမက ထပ်ဖို့ကြိုးစားပြီး ခေါင်းခါလိုက်သောအခါမှာ....

"မေမေ မေမေ၊ သူ မစ်စီကိုယူသွားပြီ"

* * *

## အခန်း ( ၃၃ )

မိုက်ကယ်က သူမကို အတင်းလှုပ်ယမ်းယင်း ပြောလိုက်သည်။

သူမ ထိုင်ဖို့ကြိုးစားနေဆဲမှာ ကာလ်သည် သူမ၏ဘေးမှ ဖွန်းကန်ပြီး အောင်ပိုင်နေသော ကလေးလေးကို လှမ်းဆွဲသွား၏။

"ကလေးကို မထိနဲ့၊ ကလေးကိုချထားလိုက်"

သူမ၏အသံက ပီပီသသထွက်မလာခဲ့။ သူသည် သူမကို အချက် လှည့်ကြည့်ပြီး မစ်စီ့ကိုပိုက်၍ ထွက်ပြေးတော့သည်။ ဟိုဘက်အခန်းမှောင်ထဲမှာ သူသည် ပရိဘောဂများကို လုတ်တိုက်သံ ကြားလိုက်ရသည်။ သူမက မူးဝေနေသည်ကို ခေါ်ထုတ်ပစ်လိုက်ပြီး ဒယီးဒယိုင်နှင့်လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လှေကားမှ တက်လာသော ခြေသံများကို ကြားနေရပြီ။ သူမက ကာလ်သွားရာဘက်သို့ အသံနားထောင်ပြီး လှမ်းကြည့်လိုက်ရာ ပြတင်းပေါက်တခုမှာ အရိပ်ထိုးသွားသည်ကို မြင်လိုက်ရသည်။

သူသည် ခေါင်မိုးပေါ်တက်သည့် လှေကားမှ တက်သွားလေတော့သည်။

နန်စီက သူ့နောက်မှ လိုက်သွားပြီး သူ့ခြေထောက်ကို ဆွဲဖို့ ကြိုးစားသည်။

ခေါင်မိုးထပ်သည် တွင်းကြီးသဖွယ်ဖြစ်၏။ စိုထိုင်းသည့်အနံ့လည်း နံသည်။ ခေါင်မိုးကလည်း နိမ့်သည်။ မှောင်လည်းမှောင်နေသည်။ သူ့နောက်ကို လိုက်ရန်လည်း မလွယ်ပါ။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး"

သူမက ဒီတခါ အသံထွက်ပြီး အော်နိုင်တော့သည်။

"ဒီအပေါ်မှာ၊ ဒီအပေါ်မှာ...."

ကာလ်၏ခြေသံကိုမှန်းပြီး သူမသည် အတင်းထိုးလိုက်သွားသည်။

သူ ဘယ်မှာလဲ။

သူသည် ခေါင်မိုးဆီထွက်သည့် လှေကားသေးသေးလေးကို တွယ်တက်နေပြီ။

'မုဆိုးမဝရန်တာ'လေးဆီ တက်သွားပြီး ခေါင်းတိုင်ကို ပတ်ခွေထားသည့် ဝရန်တာသေးသေးလေးကို သူမ စိတ်ကူးနှင့် ကြည့်မိသည်။



"ကာလ်၊ အဲဒီအပေါ် မတက်နဲ့။ သိပ် အန္တရာယ်များတယ်။ ကာလ်၊ ပြန်လာခဲ့၊ ပြန်ခဲ့...."

သူ၏ ပြင်းထန်သည့် အသက်ရှူသံကို ကြားနေရသည်။

အဲသည်အသံသည် ရှိုက်သံလိုလို၊ ရယ်သံလိုလို ဤ၂ခု ကြားမှလာသော အသံမျိုးဖြစ်သည်။

သူ့နောက်မှ တွယ်တက်သွားပြီး သူ၏ဖိနပ်ကို သူမက လှမ်းဆွဲဖို့ကြိုးစားလိုက်တော့ သူက သူမကို တအားဆောင့်ကန်လိုက်သည်။

သူမနဖူးကို ကန်မိသွားပြီး လှေကားလေးမှ ပြန်လျှောကျလာသည်။

နဖူးမှထွက်လာသည့် သွေးများကို ဂရုမစိုက်နိုင်ပဲ ထပ်မံ တွယ်တက်လိုက်ပြန်သည်။

"ကာလ်...၊ ကလေးကို ကျွန်မ ပြန်ပေးပါ"

ဟု အော်ပြောလိုက်သည်။

ဒါပေမယ့် သူဟာ လှေကားထိပ်ကို ရောက်သွားပြီ။

ခေါင်မိုးဆီသို့ ထွက်သည့်တံခါးလေးကို တွန်းဖွင့်လိုက်သည်။ တံခါးပွင့်သွားသည့်အခါမှာ မိုးနှင်းလေးများသည် အောက်သို့ သွန်ကျလာသည်။

"ကာလ်......၊ ရှင်ပြေးလို့ လွတ်ပါဘူး၊ ကျွန်မ ရှင့်ကို ကူညီမှာပါ။ ရှင်ဟာနေမကောင်းဘူး၊ ရှင်ဟာ နေမကောင်းဘူး ဆိုတာ ကျွန်မ သူတို့ကိုပြောပြပါမယ်"

သူမက တောင်းပန်တိုးလျှိုပြီး ပြောလိုက်သည်။

ခေါင်မိုးတံခါးပွင့်သွားပြီး အိမ်နံရံဘက်ကို ရိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်စီက ငိုနေပြီ။

"မေမေ...."

ကာလ်သည် ဝရန်တာလေးပေါ်ကို ရောက်သွားသည်။

နန်စီက သူ့နောက်မှ အတင်းတွယ်တက်သွားသည်။

သည်ဝရန်တာလေးက ကျဉ်းကျဉ်းလေး၊ ဝရန်တာအကာနှင့် ခေါင်တိုင်ကြားမှာ လူတယောက် နေသာရုံလေးပဲရှိသည်။

သူမသည် သူ့အဝတ်အစားများကို ရမ်းသမ်းပြီး တအား ကုတ်ဆွဲလိုက်သည်။ အကာယ်ရုံများ သူ လိမ့်ကျသွားလျှင်....၊ ဒါမှမဟုတ် မင်စီကို ပစ်ချလိုက်လျှင်....။

"ကာလ်....ရပ်လိုက်၊ ရပ်လိုက်...."

မိုးနှင်းများက သူ့ကို ရိုက်ခတ်နေပြီ။ သူက ပြန်လှည့်လိုက်ပြီး သူမကို ခြေထောက်နှင့်ကန်ဖို့ ကြိုးစားသည်။ ဒါပေမယ့် သူ နောက်ပြန်သန်ကျသွားသည်။

မင်စီကို သူ့ရင်ခွင်ထဲမှာ ပိုက်ထားသည်။

သူသည် လက်ရန်းကို အားပြုပြီး တခါ ပြန်မတ်လိုက်သည်။ သူ၏ခုယ်သံများသည် သည်အချိန်မှာ မနားတမ်း ကြို့ထိုးသံလို မြည်နေတော့သည်။

ဝရန်တာခြေနင်းခုံကလည်း ရေခဲလေးများ တထပ် ဖုံးနေသည်။

သူသည် မင်စီကို လက်ရန်းပေါ်တင်လိုက်ပြီး လက်တဘက်





"ကလေးမလေး၊ ရှေ့မတိုးနဲ့၊ မင်း နောက်ထပ် ရှေ့တိုးယင် ငါ သူ့ကိုပစ်ချလိုက်မယ်။ ငါ့ကိုလွှတ်ရမယ်လို့ သူတို့ကို ပြောလိုက်။ ငါ့ကို မထိရဘူးလို့ သူတို့ကိုပြောလိုက်...."

"ကာလ်၊ ရှင့်ကို ကျွန်မ ကူညီမယ်။ ကျွန်မကို ကလေးပေးပါ......"

"မင်း ငါ့ကိုမကူညီပါဘူး။ မင်း ငါ့ကိုနစ်နာအောင် သူတို့ကို လုပ်ခိုင်းမှာပဲ"

သူက လက်ရန်းပေါ်ကို ခြေတဘက်ထောင်ပြီး ခွလိုက်သည်။

"ကာလ်....၊ မလုပ်နဲ့။ အဲဒီလိုမလုပ်နဲ့လေ။ ရှင် ရေကြောက်တယ်မဟုတ်လား။ ရှင့်မျက်နှာကို ရေမြုပ်သွားတာ ရှင် မကြိုက်ဘူးမဟုတ်လား။ အဲဒါကို ရှင် သိတယ်။ ရှင့်ကိုယ်ရှင် သတ်မသေဘူးဆိုတာ ဒါကြောင့်မို့ ကျွန်မ သိတာ။ ရှင့်ကိုယ်ရှင် ရေနစ်မနိုင်ပါဘူး။ အဲဒါကို ရှင် သိတယ်မဟုတ်လား"

သူမက အသံကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားပြီး ပြောလိုက်သည်။ သူမက လက်ရန်းဘက်ကို ခြေတလှမ်းဆက်တိုးလိုက်သည်။ မင်စီက သူမဆီကို လက်ကလေး လှမ်းထားသည်။

သစ်သားကျိုးသည့်အသံ သူမ ကြားလိုက်ရသည်။

လက်ရန်းက ကျိုးလာပြီ။

သူမ ကြည့်နေဆဲမှာပဲ ကာလ်၏ကိုယ်အလေးချိန်ကို မခံနိုင်ပဲ သစ်သားတန်းက ကျိုးသွားပြီ။

ကာလ်ရဲ့ခေါင်းက နောက်ကိုလန်ကျသွားပြီး လက်က ရှေ့ဘက်သို့ မြောက်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းစီကိုကိုင်ထားသော လက်အလွတ်မှာ နန့်စီက ကလေးကို ဆတ်ကနဲ လှမ်းဆွဲလိုက်သည်။

နန့်စီ၏လက်က မင်းစီ၏ဆံပင်ကိုဆွဲမိပြီး လက်မှာ ခိုင်ခိုင်ပတ်မိသွားသည်။

သူမသည် ခြေနင်းခုံ အစွန်းနားမှာ မညီမ့်တညီမ်ထောက်ထားဆဲ။

လက်ရန်းက ပြုံကျသွားသည်။

ကားလ်သည် လဲကျသွားစဉ် အောဘ်ယင်းဟာစ်ယင်းနှင့် သူမခြေထောက်ကို လှမ်းဆွဲလိုက်သည်။

သူမသည် ခြေထောက်မှ တရှုတ်တိုက် အဆွဲခံရစဉ်မှာပင် သူမနောက်မှ သန်မာအားကောင်းသော လက်အစုံက သူမ၏ခါးကိုဖက်ပြီး ဆွဲဘင်လိုက်သည်။

မင်စီ ကိုလည်း လက်တဘက်က ဆွဲဘင်လိုက်သည်။

သူတို့နှစ်ယောက်သား 'ရေး'၏ရင်ခွင်ထဲသို့ရောက်သွားသည်။

နောက်ဆုံး အသံကုန် အောဘ်ဟာစ်သံနှင့်အတူ ကားလ်သည် ဝရန်တာမှ လျှောကျသွားပြီး ခေါင်းမိုးကိုဖြတ်၍ ဟိုးအောက်မှ ကျောက်ဆောင်တွေနှင့် ပြည့်နေသည့် ရေလှိုင်းများထဲသို့ ကျသွားလေတော့သည်။

✱ ✱ ✱

## အခန်း ( ၃၃ )

မီးလင်းဖိုထဲမှ ထင်းစကို မီးစွဲနေပြီ။

ထင်းစကို မီးစွဲနေသဖြင့် အနံ့ကလေးများသည် လေအလာ ဆယ်ဖျော်ထားသည့် ကော်ဖီနံ့များနှင့် ရောသွားယှက်တင်ဖြစ်နေသည်။

စစ်ဂင်တို့ကလည်း ဈေးဆိုင်ကို ပြန်ဖွင့်ပြီး အသားညှပ်ပေါင်မုန့်များနှင့် အစားအစာများကို ယူလာခဲ့သည်။ ပေါ်ရော်သီနှင့် သူတို့က နန့်စီ၊ 'ရေး' နှင့် ကလေးတွေ လေးရှိက ပြန်အလာမှာ စား ဖို့ အဆင်သင့်ပြင်ထားသည်။

သူတို့ အိမ်ရောက်လာသည့်အခါမှာ ရုပ်မြင်သံကြား အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



သားများကိုလည်း အစားအသောက်များ ကျွေးဖို့ နန်စီက တိုက်တွန်းလိုက်သည်။

ဂျိုနသန်ကလည်း သတင်းထောက် အဖွဲ့သားများကို သူ့အိမ်မှာ ညှော်ခံကျွေးမွေးလိုက်သေးသည်။

နန်စီနှင့် ကလေးတွေ အိမ်ပြန်လာသည့် ပုံများကိုလည်း တယ်လီဗီးရှင်းအဖွဲ့သားများက ဓာတ်ပုံရိုက်ယူကြသည်။

အင်တာဗျူး အမေးအဖြေခန်းကိုတော့ နောက်နေ့မှပဲလုပ်ကြစို့။

"လောလောဆယ်ဆယ်တော့ ကျွန်တော့်အနေနှင့် ကျွန်တော်တို့ကလေးများကို ဘေးမသီ ရန်မခအောင် ဝိုင်းဝန်းဆုတောင်းပေးကြတဲ့ လူအားလုံးကို ကျွန်တော်က ကျေးဇူးဥပကာရ တင်ရှိကြောင်း ပြောကြားလိုပါတယ် ခင်ဗျား"

ဟု 'ရေး'က စကားပြောခွက်ထဲသို့ ပြောလိုက်သည်။

ကီးနန်မိသားစုကလည်း လိုက်လာကြသည်။ ပျော်ရအောင် လိုက်လာကြပေမယ့်လည်း သူတို့နောက်ကျမှသည်ကိုတော့ စိတ်မကောင်းဖြစ်ခဲ့ရသေးသည်။

လူတိုင်းက မှားတတ်ကြတယ်။ 'ငါတို့လဲ မိုက်မဲတတ်ကြတာပဲ' ဟု အယ်လင်က တွေးမိသည်။

သူ့သား နီးလ်သည် ဒီလူရူးကြီးနှင့်စကားပြောမိတာကိုတွေးမိတော့ သူမ ကျောချမ်းမိသေးသည်။ အကယ်၍များ ဒဲဗီးနေ့က နီးလ်ကို 'ကားပေါ်တက်' လို့များ ခေါ်လိုက်လျှင်.......။

နန်စီက ဆိုဖာပေါ်မှာထိုင်ပြီး အိပ်နေသောမင်စီကို ဖက်ထားလိုက်သည်။



ကလေးမလေးသည် နို့နှင့်ဆေးသောက်ပြီး သူ့မိခင်ရင်ခွင်ထဲမှာ စိတ်ချလက်ချ အိပ်မောကျနေသည်။

မိုက်ကယ်က လင်ဒန်ကို သူ့အတွေ့အကြုံများကို ရှင်းပြနေသည်။ သူ့အသံဟာ စောစောပိုင်းက မြန်မြန်နှင့်စိတ်လှုပ်ရှားပုံပေါ်ပြီး နောက်ပိုင်းကျမှ နည်းနည်းတည်ငြိမ်ပြီ ခပ်ကြွားကြွားလေးဖြစ်လာသည်။

"ကျွန်တော်က မင်စီမပါပဲနဲ့အိမ်မပြန်ချင်ဘူး။ ဟိုလူကောင်းကြီးနဲ့ ဟိုလူဆိုးကြီး နပန်းလုံးပြီး ကျွန်တော့်ကိုအကူအညီသွားတောင်းလို့ အော်ပြောတဲ့အခါမှာ ကျွန်တော်က မင်စီဆီပြန်ပြေးသွားပြီး မေမေ့ဆီ ဖုန်းဆက်လိုက်တယ်။ ဒါပေမယ့် ဖုန်းက ချက်ချင်းပဲ ပျက်သွားတယ်။ ကျွန်တော်က မင်စီကိုချီပြီး အောက်ထပ်ကို ဆင်းအလာမှာ ဟိုလူဆိုးကြီးက အပေါ်တက်လာတယ်"

'ရေး'က သူ့သားကို ဖက်လိုက်ပြီး....

"တော်တော်သတ္တိကောင်းတာပဲ"

ဟု ပြောလိုက်သည်။

'ရေး'သည် နန်စီနှင့် မင်စီတို့မှ သူ့အကြည့်ကို မခွာနိုင်။

နန်စီ့မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေကြောင့်အညိုအမည်းစွဲနေပေမယ့် အင်မတန် ကျက်သရေရှိသော လှပခြင်းမျိုးနှင့် လှနေသည်ကို သူ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးဘောဖင်သည် ဘော်ဗီပန်းဂန်ကို ချလိုက်ပြီး သတင်းစာတိုက်များသို့ သူ့ပေးလိုက်သည့် သတင်းကို ပြန်စစ်ဆေးကြည့်နေသည်။

"ပါမောက္ခ ကာလ်ဟာဘွန် သို့မဟုတ် ကုတ်မနေပဲရစ်ဘီ အသက်ရှင်လျက် ရေထဲကပြန်ဆယ်လို့ရခဲ့တယ်။ သူမသေခင် သူ့ကလေးတွေ သူ သတ်ခဲ့တယ်ဆိုတဲ့အကြောင်း၊ နန်စီရဲ့အမေ သေရတာလဲ သူ တာဝန်ရှိတဲ့အကြောင်း ဖြောင့်ချက်ပေးသွားတယ်။ သူနဲ့နန်စီ လက်ထပ်ဖို့အရေးမှာ သူ့အမေက သဘောမတူဘူးဆိုတာသိလို့ ကားဘရိတ်ကို သူ ဖျက်ဆီးခဲ့တယ်လို့ ဝန်ခံခဲ့တယ်။ မစ္စတာဂျွန်ခရာကိုပေါ်သေစ်ဟာ ပါမောက္ခဟာဘွန်လက်ချက်နဲ့ ပြင်းထန်တဲ့ဒဏ်ရာရထားလို့ ဆေးရုံတင်ထားရတယ်။ မကြာမီ ကောင်းသွားမှာပါ။ အဲဒီရက်ကလေးတွေကို ဆေးရုံမှာ စစ်ဆေးကြည့်တော့ ထူးခြားတဲ့ ဒဏ်ရာဒဏ်ချက် မတွေ့ရပါဘူး။ မိုက်ကယ်ရဲ့ မျက်နှာမှာတော့ လက်နဲ့ရိုက်ထားလို့ အနည်းငယ် ပွန်းတာလေးပဲ တွေ့ရပါတယ်"

ရဲမှူးဘောဖင်သည် ယခုအချိန်ကျတော့မှပဲ သူ ပင်ပန်းနေပြီဆိုသည်ကို သတိပြုမိသည်။ သည်သတင်းကို သတင်းစာတိုက်များသို့ ပေးပြီး အိမ်ပြန်တော့မည်။

သူ့ဇနီး ဒေလီသာမှာ ဖြစ်ရပ်အကြောင်းစုံအား သူ့ထံ တိုက်ရိုက်နားထောင်ဖို့ စောင့်မျှော်နေတော့မည်။

ရဲဘယောက်အနေနှင့်ဆိုလျှင်သည်လိုနေ့များသည် အကောင်းဆုံးနေ့ရှိသည့် ရက်ပေါ်ကသားဟု သူ ထောက်မေ့မိလိုက်သည်။



သူတို့အလုပ်မျိုးမှာ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာပါ အများကြီးတွေ့ရသည်။

မိဘများကို သူတို့ရဲ့သားသမီးများသေသွားပြီဟု အကြောင်းကြားရသောနေ့များ ရှိခဲ့ဖူးသည်။ မျှော်စင်အိမ်ကြီးမှာ ကလေးတွေကို ဘေးမသီရန်မခပဲပြန်လည်တွေ့ရတာမျိုးကတော့ ဘုရားမ တာပဲဟု ယူဆရပေမည်။

မနက်ဖြန်ခါဆိုလျှင် ရဲမှူးသည် သူ့ကိုယ်သူ ပြန်လည်ဆန်းစစ်ကြည့်ရဦးမည်၊

ယနေ့မနက်မှာဆိုလျှင် နန်စီကို သူ တထစ်ချအပြစ်ရှိသည်ဟု ထင်ယုံကြည်ခဲ့သည်။ သည်လိုယုံကြည်လိုက်တော့ ဂျိုနသန်ရယ်၊ 'ရေး' ရယ်၊ ဆရာဝန်နှင့် နန်စီတို့က ဘာပြောတယ်ဆိုတာ သူ နားမဝင်ခဲ့။

တခုတော့ ပြောရမည်ဆိုလျှင် 'ရေး'ကို မျှော်စင်ကြီးအိမ် ခေါင်မိုးထိပ်က ဝရန်တာလေးဆီ ခေါ်ရာက် အချိန်မီ သူ ကားမောင်းပို့ခဲ့တာကိုပဲ သူ့ကိုယ်သူ နှစ်သိမ့်နေရပေတော့မည်။

သည်းသောက် နှင်းကျပြီး ချော်နေသောလမ်းမှာ ဘယ်သူမှ သူ့လောက် မြန်မြန်ကားမောင်းနိုင်မည် မဟုတ်။

လမ်းမှာ နန်စီ၏ကားကို သစ်ပင်နှင့် တိုက်ထားသည်ကိုတွေ့တော့ 'ရေး'က ဆင်းမည်ပြင်သေးသည်။ သူ့စိတ်ထဲမှာ နန်စီသည် အိမ်ကြီးဆီ အလျှင်ရောက်နေမှာပဲဟုတွေးထင်ပြီး ကားကို မရပ်ပဲ ဆက်မောင်းခဲ့သည်၊

သူထင်သည့်အတိုင်းပဲ နန်စီက အလျှင်ရောက်နှင့်နေသည်။ သူ ဝတ္တုရားကျေသည်ဟု လောကွတ်သဘောတော့ရလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လင်ဒန်၏ ကော်ဖီပန်းကန်ထဲကို ဒေါ်ရော်သီက ကော်ဖီ ထပ်ဖြည့်ပေးလိုက်သည်။ မိုက်ကယ်တို့မိသားစုကို သူ နောက် တခါ လာစတွေ့ဦးမည်။ ကလေးတွေနှင့် နန်စီကိုလည်း အတတ် နိုင်ဆုံး ကြိုးစားပြီး နန်စီ၏ နောက်ကြောင်းဘဝကို အမှန်ကို အမှန်အတိုင်း မြင်တတ်အောင်လုပ်ပြီးမှ အနာဂတ်ကို မျှော် ကြည့်နိုင်သည့်စိတ်ဓာတ် သွင်းပေးရမည်။

သည်ဖြစ်ရပ် ၂ ခုလုံးကို ဖြတ်သန်းလာရသည့် နန်စီသည် ချုံးချုံးကျမသွားသည်ကိုပဲ အံ့သြဖို့ကောင်းလှသည်။ အနာဂတ် မှာ သာမန်လူသားတယောက်လို နေထိုင်သွားနိုင်ဖို့ မခဲယဉ်း တော့ပေ။

လင်ဒန်သည် တချိန်က သူ မပြုခဲ့မိ၍ မှားခဲ့သော အမှား လေးကို အခု ပြန်ပြင်နိုင်သည့်အတွက် စိတ်အေးချမ်းသာရှိသွား သည်။ ပရစ်စီလာ ခေါ်စဉ်က သူသာသွားခဲ့လျှင် ဖြစ်ရပ်အတော် များများ လွှဲဖယ်ရှောင်တိမ်းနိုင်ခဲ့မည်ပင်ဖြစ်၏။

ကာလဟာမှန်သည် လူသားမှန်မဟုတ်ဆိုသည်ကို သူ သတိပြု မိလိုက်မည်ပင်။

သည်တော့ နန်စီကို သူ့ထံပါးမှ ခွဲထွက်လာအောင် သူမကို ပြောမိပေလိမ့်မည်။

သည်လိုဆိုတော့လည်း နန်စီသည် 'ရေး' လိုခင်ပွန်းကောင်း မျိုးနှင့် တွေ့ချင်မှတွေ့လိမ့်မည်။ အခု သူမရင်ခွင်ထဲမှ ကလေး များ ရှိချင်မှလည်း ရှိပေမည်။



သည်တော့မှ လင်ဒန်သည် အိမ်ကဇနီးသည် အယ်လီစန့်ထံသို့ ပြန်သွားချင်စိတ် ပေါ်လာတော့သည်။

ဂျိုနသန်ကို....

"ကော်ဖီလား...."

ဟု ဒေါ်ရော်သီက မေးခွန်းကို ပြန်ပြောလိုက်သည်။

"အေး၊ ကျေးဇူးတင်ပါတယ်၊ ဒီလောက်ညဉ့်နက်အချိန်မှာ ကော်ဖီသောက်လေ့သောက်ထတော့ ငါမှာမရှိဘူး။ ဒါပေမယ့် ကနေ့ညတော့ တို့ ဒီကလူတွေ အိပ်ရေးပျက်စရာ အကြောင်းမရှိ ပါဘူး"

သူက ဒေါ်ရော်သီဘက်လှည့်ပြီး....

"မင်းလဲ မင်ပန်းလှရောပေါ့"

သူမ၏ မျက်နှာမှာ အကောင်အထည်ဖော်မရသည့် ဝမ်း နည်းမှု အရိပ်အရောင်လေး မသိမသာ ယှက်သမ်းလာသည်။

ဘာကြောင့် ဖြစ်ရသည်ဆိုခြင်းကို သူ နားလည်လိုက်သည်။

"မင်း ကိုယ့်ကိုကိုယ် အပြစ်တင်မနေပါနဲ့တော့။ တို့ အား လုံးပဲ ဒုက္ခမဖြစ်ရအောင် ကာကွယ်နိုင်တဲ့ အကြောင်းအချက်လေး တွေကို ဂရုမပြုမိလိုက်ကြဘူး။ ငါ့အနေနဲ့ပြောရလို့ရှိယင် ငါ မနက်တိုင်း ဒီအိမ်ရှေ့က လမ်းလျှောက်သွားတဲ့အခါ ငါ့မျက်စိ ကို လာလာထိုးတဲ့ ဒီမှန်ရိပ်ကို တော်တော် မကျေမနပ်ဖြစ်ခဲ့ တာ။ ကနေ့မနက်ကတောင်မှ ရေးကို ဒီအကြောင်းပြောပြီး သူ့အိမ်ငှားကို ဒီပြတင်းပေါက်မှာ ဒီမှန်ကြီးမထားဖို့ပြောခိုင်း မယ်လို့တောင် စိတ်ကူးမိသေးတယ်။ ငါ ဒါကို သတိရမိဖို့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ တကယ်လို့ အဲဒီကိစ္စသွားစုံစမ်းလိုက်ယင် တို့ဒီနှပြဿနာ အခုထက်ကြီးပြီး သွားမှာပဲ။

"မဖြင်းနိုင်တဲ့နောက်တချက်ကို ပြောရမယ်ဆိုယင် တကယ်လို့ မင်းဟာ မစ္စတာ ခရာကိုပါလော့စ်နဲ့ ချိန်းထားချက်ကို ဖျက်ပြီး အိမ်သွားမကြည့်ဖြစ်ခဲ့ယင် ကာလ်ဟားမွန်ဟာ သူလုပ်ရမယ့်အယုတ်တမာလုပ်ငန်းကိုဘယ်သူကမှ အနှောင့်အယှက်ပြုမိတော့မှာမဟုတ်ဘူး။ ဒီကလေးတွေအပေါ် သူ လုပ်ချင်ရာ လုပ်တဲ့အချိန်မှာ အာရုံပြောင်းစရာအကြောင်း မရှိဘူး။ မင်းအဲဒီအိမ်ကြီးမသွားခင် ကလေးတွေကို ကာလ်ဟားမွန်က ဘာတွေလုပ်နေတယ်ဆိုတဲ့ အကြောင်း မိုက်ကယ်ဆီက နားထောင်ကြည့်ယင် မင်းသိနိုင်မှာပါပဲ"

ဒေါ်ရော်ဘီက သည်အကြောင်းများကို ပြန်စဉ်းစားမိတော့ သူ့ကိုယ်သူ အပြစ်တင်သည့် စိတ်မကောင်းဖြစ်မှုကြီး လျော့ပါးသွားပြီး သူ့စိတ်များ ပေါ့ပါးကာ ပျော်နိုင်တော့၏။

"ကျေးဇူးတင်ပါတယ် ဂျိန်သန်ရယ်၊ ကျွန်မ ဒီစကားမျိုး ကြားမှပဲ စိတ်သက်သာရာရမှာပါပဲရှင်"

သူမက ဂျိန်သန်၏လက်မောင်းသို့ အမှတ်တမဲ့ကိုင်လိုက်ရာ ဂျိန်သန်က သူမ၏လက်ကလေးတွေကို တခင်ဆုပ်ကိုင်လိုက်ပြီး—

"လမ်းတွေသိုးနေတယ်၊ မင်း အိမ်ပြန်မယ်ဆိုယင်တော့ ငါကားနဲ့ ခေါ်ပို့ပေးမယ်လေ"

နန်စီသည် အနားတွင် အိပ်မောကျနေသည့်မစ်စီကို အသာလေး ပွေ့ဖက်လိုက်သည်။ သူမစိတ်ထဲတွင် ကိစ္စတွေ ပြီးကုန်ပြီ ကိစ္စတွေ ပြီးသွားပြီဟု တွေးနေသည်။



မစ်စီက လူးလွန့်လာပြီး....

"မေမေ...."ဟု တခွန်းခေါ်ကာ ပြန်၍အိပ်ပျော်သွားသည်။

မိုက်ကယ်ကိုကြည့်မိလိုက်တော့ မိုက်ကယ်သည် 'ရေး'ကို မှီပြီး ထိုင်နေ၏။ 'ရေး'က မိုက်ကယ်ကို သူ့ပေါင်ပေါ် ချီတင်ပြီး....

"သား....၊ မင်းလဲ ပင်ပန်းလှပြီ၊ ဒီတော့ မင်း အိပ်ရာဝင်ဖို့ ကောင်းပြီ"

ဟု ပြောလိုက်သည်။

နန်စီသည် 'ရေး'၏ သန်မာသောလက်များက သူမနှင့်မစ်စီကို အောက်သို့ကျမသွားအောင် ဆွဲထားသည်ကို ပြန်၍သတိရမိလိုက်သည်။

'ရေး'သည် အမြဲတမ်း သူမကို လုံခြုံစိတ်ချအောင် ပွေ့ဖက်ထားမှာပဲ။ ကနေ့ဆိုလျှင် သည်လက်မောင်းများက သူ့ကို လုံခြုံအောင် ကယ်တင်လိုက်သည်ကို မြင်လိုက်ရ၏။

သူမ၏ ရင်တွင်းမှ အူလှိုက်သည်းလှိုက်နှင့် ဘုရားသခင်ကို ကျေးဇူးတင်လိုက်သည်။

"ဘုရား မ လို့သာ ဒီလိုချမ်းသာမှုကို ရခဲ့တာ"

ပြတင်းပေါက်ကို မိုးနှင်းများရိုက်လာသည့်အသံ တိတ်သွားသည်ကို သတိပြုမိလိုက်သည်။ ပြင်းထန်သောလေလည်းရပ်သွားခဲ့လေပြီ။

မိုက်ကယ်က အိပ်မှုန်စုံမွှားနှင့်.......

"မေမေ၊ မေမေ့မွေးနေ့ပါတီလဲ ကျွန်တော်တို့မလုပ်လိုက်ရဘူး။ လက်ဆောင်လဲ မဝယ်လိုက်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ကွာ၊ မေမေ့မွေးနေ့ကို တို့တွေ နှစ်ဖြန်ကျမှလုပ်မယ်။ မေမေ့အတွက်လက်ဆောင်လဲ စဉ်းစားပြီးပြီ။ မမေမေ့ဖို့ သားတို့က ဆရာကောင်းတယောက်ဆီမှာ ပန်းချီသင်တန်း သွားတက်ဖို့ လက်ဆောင်ပေးရမယ်။ ဖေဖေကတော့ သားတို့မမေမေကို ဆံပင်အလှပြင်ဆိုင်တခေါက်ခေါ်သွားဖို့ လက်ဆောင် ပေးရမယ်"

မိုက်ကယ်ကို ပေါင်ပေါ်မှ ကုလားထိုင်ပေါ်သို့ အသာချပြီး နန်စီ၏ ကုလားထိုင် နောက်ဘည့်ဘည့်မှ ရပ်၍ နန်စီ၏ဆံပင် အလယ်ခွဲကြောင်းကလေးကို သေသေချာချာကြည့်ကာ......

"ကိုယ် ထင်တယ်၊ အနီရောင်ဆံပင်ရှည်ရှည်နဲ့မိန်းမတွေထဲမှာ ဆိုယင်တော့ မင်းဟာ အလှဆုံးဖြစ်မှာပဲ...."

ပြီးပါပြီ။

တက္ကသိုလ်နေဝင်း၊ မင်းအောင်နိုင်

BURMESE CLASSIC .com

ဇော်မိုးချစ်စာပေမှ ထွက်တော့မည်။

တမူထူးခြားစွာ

ထွက်တော့မည်

မြည်တောင်စုမှ တိုင်းရင်းသားလေးတဦး ဖြစ်သော

# စိုင်းဆိုဟာထွန်း

၏

---

# နီကိုးမွဲအချစ်

---

အချစ်ဒဿန　　အချစ်ခံစားမှု　　အချစ်ဝတ္ထု

အချစ်သန့်သန့်

ကြိုတင်ခွင့်ပြုချက်အမှတ် (၀၄၃၀)

www.burmeseclassic.com